http://www.dhammadownload.com




ကျေးဇူးတော်ရှင်

မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်

ဟောကြားတော်မူသော

# သစ္စာ(၄)ပါး

## တရားတော်

အမှတ်စဉ် ၃၆

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ဖြန့်ပွားရေးအဖွဲ့မှ


ကမ္ဘာအပြည်ရှိ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် ဓာတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် –ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာ–သိကြား စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များမှာ၊ သတ္တဝါတို့ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော်၊

(လက်ဆောင်ပုဒ်) မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

အမရပူရမြို့ - မဂ်လာတိုက်ဟောင်း

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မဟာ့ဆရာ

# မိုးကုတ် ဆရာတော်ဘုရားကြီး

အမရပူရမြို့၊ မှော်ရုံ၌ ဟောကြားတော်မူသော

# ဝိပဿနာ လုပ်ငန်းစဉ်

# အလုပ်ပေးတရားတော်

အမှတ်စဉ် - (၄၆)

ပညာ့ဂုဏ်ရည် (၈)

http://www.dhammadownload.com


မိုးကုတ်ဆရာတော်ဘုရားကြီး၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ဖြန့်ပွားရေးအဖွဲ့၏

မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။



ပထမအကြိမ် .... အုပ်ရေ (၁၀၀၀)

၁၉၇၆-၊ ဇွန်လ .... တန်ဖိုး ၁၀ဝိ-ကျပ်

အဖုံးရိုက် .... ပညာ့ဂုဏ်ရည်

အဖွဲ့၏ ကိုယ်စား ထုတ်ဝေသူ

ဦးအောင်ချို၊ မှတ်ပုံတင်အမှတ် (မြ-၀၈၃၁)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ဖြန့်ပွားရေးအဖွဲ့ချုပ်

အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးစံကြည်၊ မှတ်ပုံတင်အမှတ် (မြ-၀၃၁၈၈)

ပညာ့ဂုဏ်ရည်ပုံနှိပ်တိုက်

၆၅၅၊ ဘောလိယလမ်း

၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

စာသစရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၇/၇၆) (၅)

အဖုံး ခွင့်ပြုချက် အမှတ် (၃/၇၆)(၅)

http://www.dhammadownload.com

# မာတိကာ


| ခေါင်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဗ္ဗာန်အကြောင်း၊ ဒုက္ခပျောက်ဆေး၊ မဂ်ရေအေး အလုပ်ပေးတရားတော် | ၁ |
| ၂။ | ကံကောင်းလို့ နိဗ္ဗာန်ရောက်တယ်လို့မယူပါနှင့် အလုပ်ပေးတရားတော် | ၃၇ |
| ၃။ | နိစ္စဒိဋ္ဌိပြုတ်ရန် စိတ္တာနုပဿနာတရားတော် | ၇၄ |
| ၄။ | ဇာတိထက် ကမ္မဘာဝအ ပိုပြီးကြောက်စရာ ကောင်းလှပုံ အလုပ်ပေးတရားတော် | ၁၂၃ |
| ၅။ | ဒုလ္လဘတရားငါးပါး အလုပ်ပေးတရားတော် | ၁၆၀ |
| ၆။ | အတ္တဒိဋ္ဌိ တန်းလန်းဆိုယင် နိဗ္ဗာန်ကိုမမြင်နိုင် အလုပ်ပေးတရားတော် | ၁၈၈ |
| ၇။ | ဥပနိဿယနှင့် မဂ္ဂပစ္စည်းဖြစ်လာအောင် ထောက်ပံ့ကျေးဇူးပြုပုံအလုပ်ပေးတရားတော် | ၂၃၇ |
| ၈။ | နိဗ္ဗာန်ဆိုတာဘာတဲ့တုံး ဝေးသလား၊ နီးသလား၊ အလုပ်ပေးတရားတော် | ၂၈၂ |
| ၉။ | ခန္ဓာထဲရှိကောင်းသောတရားနှင့် မရှိကောင်း သောတရား အလုပ်ပေးတရားတော် | ၃၁၇ |
| ၁၀။ | ဝိသာခနှင့် ဓမ္မဒိန္နာ အမေး၊ အဖြေ (၁) | ၃၅၄ |
| ၁၁။ | ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ(၂) အလုပ်ပေးတရားတော် | ၃၈၃ |
| ၁၂။ | နှလုံးသွင်းမှန်ယင် နိဗ္ဗာန်ရောက်တယ် အလုပ်ပေးတရားတော် | ၄၂၃ |
| ၁၃။ | မဂ္ဂသစ္စာမှ အရိယသစ္စာသို့ ကူးပြောင်းရေး အလုပ်ပေးတရားတော် | ၄၆၄ |

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြန်စိတ်
၂။ ကြွားစိတ်
၃။ နှံစိတ်
၄။ စားစိတ်
၅။ ယားနာကျောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

**အပြင်ဧည့်သည် ၆-ယောက်**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

**အတွင်းဧည့်သည် ၅-ယောက်**

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

**အိမ်သည်စိတ် ၂-ခု**

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

ငါး (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစဉ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။ အိမ်သည် မရှိပါက အပြင်ဧည့်သည်၊ အတွင်းဧည့်သည် ပေါ်ရာကို ရှုပါ။
ဧည့်သည် မပေါ်ပါက အိမ်သည်ကို အမြဲထား၍ရှုပါ။

http://www.dhammadownload.com



# အမှာစာ

ဆရာတော်ဘုရားစာ အသေအချာဟောကြားထားသည်မှာ "နိဗ္ဗာန်သဘောမကျဘဲ ဝိပဿနာ အားထုတ်နေလျှင်မရပါ" ဟု ဖြစ်ပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ နိဗ္ဗာန်နှင့်ပတ်သက်၍ နားလည်ထားသင့်ပါသည်။ သို့သော် သိရှိရန်မှာ သိမ်မွေ့နက်နဲ ခက်ခဲလှပါသည်။

ဥပမာ – နိဗ္ဗာန်ဆိုတာ ရုပ်နာမ်သိမ်းသွားသည်။ ကိလေသာ သိမ်းသွားသည်၊ ဘာမှမရှိတာနိဗ္ဗာန်ဟု ယူလိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားသည်။ နိဗ္ဗာန်ဆိုတာ ရွှေပြည်မြတ်ကြီး၊ ခိုင်မြဲသောမြို့ပြကြီးဟုယူလိုက်လျှင် သဿတဒိဋ္ဌိ ဖြစ်သွားသည်။ နိဗ္ဗာန်မဂ်ဖိုလ် ဝင်္ဂတိုတိုနှင့်ရလိုပါ၏ဟု ဆုတောင်းသူများသည် ရမ်းတောခင်းနေသူများသာ ဖြစ်သည်။ သို့ဖြစ်၍ ဆရာတော်ဘုရား၏ နိဗ္ဗာန်တရားတော်များကို စုပေါင်းပြုစုပြီး ရေးသားလိုက်ရပါသည်။

### နိဗ္ဗာန်ဆိုတာ ဘာတုံး

နိဗ္ဗာန်ဆိုဘာကတော့ အချားနဲ့ဆက်ဆံတဲ့တရားမျိုးမဟုတ်ပါ။ နိဗ္ဗာန်ဆိုတာ ထူးမှု၊ ထူးခြားတဲ့လူမှုရနိုင်-ရောက်နိုင်သည်။

http://www.dhammadownload.com



ထူးခြားတဲ့လူ ဖြစ်အောင်လုပ်ပြီး ရှာကြည့်ဖို့၊ စုံစမ်း စမ်းသပ်ကြည့်ဖို့ ကောင်းပါသည်။

**နိဗ္ဗာန်ဆိုတာ ရှိပါသလား**

ရှင်နာဂသိန်မထေရ်မြတ်ကို မိလိန္ဒမင်းကြီးက– အရှင်ဘုရား နိဗ္ဗာန်ဆိုတာ ရှိပါသလား ဟု မေးသဖြင့် မထေရ်မြတ်က – မင်းကြီး.... နိဗ္ဗာန်သည် ရှိသည် ဟု ဖြေကြားတော်မူသည်။ မင်းကြီးက ဆက်လက်၍ - အရှင်ဘုရား နိဗ္ဗာန်သည် ပစ္စုပ္ပန်လား၊ အတိတ်လား၊ အနာဂတ်လား၊ ဘယ်ကာလမှာ ရှိပါသလဲ ဟု မေးရာ မထေရ်မြတ်က "အားလုံးမဟုတ်ဘဲ နိဗ္ဗာန်ရှိသည်မှာ မှန်သည်၊ သို့သော် ကာလသုံးပါးက အလွတ် ဖြစ်သည် ဟု ဖြေဆိုတော်မူသည်၊

**နိဗ္ဗာန်ဟာ မရှိဘူးလို့ ဆိုရမှာလား**

မင်းကြီးက - "အရှင်ဘုရား၊ ဒါဖြင့် နိဗ္ဗာန်မရှိပါဟု ဆိုရမှာပေါ့ဘုရား" ဟု လျှောက်ထားပြန်ရာ မထေရ်မြတ်က ဥပမာပြု၍ ဖြေဆိုတော်မူပါသည်။

မင်းကြီး ဝါးစိမ်းနှစ်လုံးထဲတွင် နဂိုက မီးရှိနှင့်သလား– ဟု မေးရာ မရှိနှင့်ပါဟု ဖြေသဖြင့် ယင်းဝါးနှစ်လုံးကို အချင်းချင်း၊ ကြာကြာပွတ်တိုက်လိုက်လျှင် မီးရှိမလာပေဘူးလား ဟု မထေရ်မြတ်က မေးပြန်ရာ မင်းကြီးက မီးရှိလာပါတယ်ဘုရား ဟု ဖြေကြားတော်မူသည်၊ ဆက်လက်၍ မင်းကြီး ထိုဥပမာ

http://www.dhammadownload.com



အတိုင်းပင် နိဗ္ဗာန်သည် ကာလသုံးပါးက အလွတ်ဖြစ်သော်လည်း၊ အားထုတ်မှု လုံ့လဝီရိယ အစွမ်းကြောင့် ပေါ်ထာရသည်။ အားထုတ်သူအဖို့၌ နိဗ္ဗာန်သည် ရှိသည်ဟု မှတ်ရမည်ဖြစ်ကြောင်း မထေရ်မြတ်က ဖြေဆိုသဖြင့် မင်းကြီးက မှန်လှပါ သဘောကျ၊ ကျေနပ်ပါပြီဘုရား ဟု လျှောက်ထားတော်မူသည်။

## နိဗ္ဗာန်သည် လုံးရပ်သဏ္ဌာန်နှင့် ထင်ရှားရှိသလား

မိလိန္ဒမင်းကြီးက အရှင်ဘုရား နိဗ္ဗာန်ဟာ အထည်ဒြပ်သဏ္ဌာန်နဲ့ ထင်ရှားရှိပါသလား၊ ထင်ရှားမရှိဘူးလားလို့ မေးလျှောက်သဖြင့် ရှင်နာဂသိန်မထေရ်က – တကာတော်မင်းကြီး နိဗ္ဗာန်ဟာ ဒြပ်သဏ္ဌာန်နဲ့တော့ ထင်ရှားမရှိဘူးဟု ဖြေသဖြင့် မင်းကြီးက ဒါဖြင့်ဘုရား နိဗ္ဗာန်ဟာ ထင်ရှားမရှိဘူး ဆိုယင် နိဗ္ဗာန်ကို အာရုံပြုတယ် ဆိုတဲ့ စကားသည် အလကားမဖြစ်ပေဘူးလား ဟု မေးပြန်ပါသည်၊

ရှင်နာဂသိန်က ယခင်ဥပမာအတိုင်းဖြေဆိုရာ၌ – ဝါးနှစ်လုံးထဲမှာ နဂိုက မီးမပါသော်လည်း၊ ပွတ်ပါများလျှင် မီးထွက်လာပြီး မပွတ်လျှင် မီးမထွက်သကဲ့သို့ နိဗ္ဗာန်သည် အားထုတ်မှ ပေါ်လာသည်။ အားထုတ်တဲ့ပုဂ္ဂိုလ်မှသာ မြင်နိုင်သည်၊ တွေ့နိုင်သည်။ အားမထုတ်လျှင် မမြင်နိုင်ပေဘူးဟု မိန့်တော်မူသည်၊ နိဗ္ဗာန်သည် အားထုတ်သူများအတွက် ကိုယ့်အနားမှာပင်ရှိသည်။ မီးပွတ်ယောကျ်ားကဲ့သို့ မနေမနား အားထုတ်ရမည်ဖြစ်သည်။

http://www.dhammadownload.com

(၉)

## နိဗ္ဗာန်ဟာ တည်ရာရှိပါသလား

မိလိန္ဒမင်းကြီးက နိဗ္ဗာန်ဟာ တည်ရာရှိပါသလား၊ ဘယ်နေရာမှာ တည်နေပါသလဲ - လို့ မေးသဖြင့် ရှင်နာဂသိန်မထေရ်က မင်းကြီး နိဗ္ဗာန်ဟာ တည်ရာမရှိဘူး၊ ဘယ်နေရာမှာ တည်တယ်လို့မဆိုနိုင်ဘူးလို့ ဖြေဆိုသဖြင့် မင်းကြီးက အရှင်ဘုရား ဒါဖြင့် နိဗ္ဗာန်ဟာ မရှိတော့ဘူးလား၊ နိဗ္ဗာန်ရတယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲ၊

## နိဗ္ဗာန်ရတယ်ဆိုတာ ဘယ်လိုရနိုင်ပါသလဲ

ရှင်နာဂသိန်က မင်းကြီး နိဗ္ဗာန်ရှိတာ မှန်သည်၊ သို့သော်လည်း နိဗ္ဗာန်ကို ကံတိုက်လို့ဖြင့် ဘယ်နည်းနှင့်မှ မရနိုင်ပါ၊ ဉာဏ်ဖြင့်မှသာ ရနိုင်ပါသည်၊ ဒါန၊ သီလ၊ သမထမှုဖြင့် ရနိုင် ရောက်နိုင်ရန် အခွင့်မရှိပါ၊ ဝိပဿနာ ဘာဝနာကို အားထုတ်မှ ရနိုင်ရောက်နိုင်သည်၊ ဝိပဿနာဉာဏ်သက်သန်သဖြင့် တစ်ဆင့်တက်ပြီး မဂ်ဉာဏ်ရမှ နိဗ္ဗာန်ရနိုင်ကြောင်း ဖြေကြားတော်မူသည်၊

## နိဗ္ဗာန်ရချင်ယင် ဘာလုပ်ရမလဲ

နိဗ္ဗာန်ရချင်ယင် ရှေ့က ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ ကြိုးစားပြီး ခန္ဓာမှာပေါ်လာသမျှ ဖြစ်ပျက်ရှုရပါမည်။ ရှုအားများလာ၍ ဉာဏ်ရင့်လာသည်ရှိသော် ရှုနေရင်းနှင့် ဖြစ်ပျက်မှုရှိသောဘက်

http://www.dhammadownload.com



သို့ ဉာဏ်လှည့်သွားသည်၊ ထိုအခါ နိဗ္ဗာန်ပင် ဖြစ်ကြောင်း၊ ရှင်နာဂသိန်က အမိန့်ရှိပါသည်။

ဆရာတော်ဘုရားက နိဗ္ဗာန် ရလို၊ ရောက်လိုလျှင် ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံဆက်ပုံ နားလည်အောင်လုပ်ပါ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်လျှင် ဘယ်တော့မှမရဟု ဆုံးဖြတ်ချက်ချရန် မိန့်ကြားပြီး ပဋိစ္စသမုပ္ပါဒ် နားလည်အောင် ကြိုးစားအားထုတ်ရန် အကြိမ်ကြိမ်တိုက်တွန်းထားပါသည်။

အဂ္ဂိဝစ္ဆပုဏ္ဏား မေးသဖြင့် နိဗ္ဗာန်နှင့် ပတ်သက်၍ မြတ်စွာဘုရား ဟောကြားရာတွင် ဖြစ်ပျက် ရှုသောအယူ၊ ဖြစ်ပျက်မြင်သော အယူသည် ငါဘုရား၏ အယူဖြစ်သည်၊ ရရှိသော အကျိုးကျေးဇူးများမှာ ဖြစ်ပျက်ရှုသဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်ပြီး ကိလေသာချုပ်၊ ခန္ဓာချုပ်ပါသည်။ သမုဒယသစ္စာ ကိလေသာသည် မီးဖြစ်ပြီး၊ ခန္ဓာသည် ထောင်စာဖြစ်ရာ လောင်စာသိမ်း၍ မီးငြိမ်းသွားခြင်းသည် နိဗ္ဗာန်ဖြစ်ပါသည်။

ဝဋ်ကျွတ်ခြင်းသဘောဖြင့်ကြည့်ပါလျှင် ကိလေသာဝဋ် ဖြစ်သော တဏှာနှင့်ဥပါဒါန် ချုပ်ပျောက်ခြင်းကြောင့် ကမ္မဝဋ် ဖြစ်သောကံမလာတော့ပါ။ ဝိပါကဝဋ် ဖြစ်သော နောက်ခန္ဓာ ငါးပါးလည်း မဖြစ်သဖြင့် ဝဋ်သုံးပါး ကျွတ်သွားခြင်းသည် နိဗ္ဗာန်ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်သဘောမှာ တဏှာ၊ ဥပါဒါန်၊ ကံ အကြောင်း ချုပ်သဖြင့် အကျိုးခန္ဓာ ချုပ်ခြင်းသည် နိဗ္ဗာန်ဖြစ်သည်၊ သစ္စာအလိုမှာ သမုဒယသစ္စာသုံးပါး ချုပ်သဖြင့် ဒုက္ခသစ္စာ

http://www.dhammadownload.com



ခန္ဓာငါးပါး ချုပ်ခြင်းသည် နိဗ္ဗာန် ဖြစ်ပါသည်၊ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် တရားတော်အတိုင်း အကြောင်းချုပ်၍ အကျိုးချုပ်ခြင်းသည် နိဗ္ဗာန်ပင်ဖြစ်ပါသည်။

နိဗ္ဗာန်သည် ရှိပါသလား – မရှိဘူးလား ဟု မေးပါလျှင် မြတ်စွာဘုရားက ရဟန်းတို့ နိဗ္ဗာန်သည်ရှိသည် ဟု ဟောကြားထားပြီးဖြစ်သည်။ နိဗ္ဗာန်သည် နာမ်သဘော ရုပ်သဘော ရှိသလားဟုမေးပါလျှင် ငြိမ်းအေးသောသဘော ရှိပါသည်၊ အေးချမ်းသောနေရာလေးသည် ငြိမ်ငြိမ်သက်သက် သဘောသတ္တိရှိသည်၊ ရွေ့ပြောင်းသော သဘော မရှိ၊ လုံးရပ်သဏ္ဌာန် မရှိဟု မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ကိလေသာသိမ်း၊ ခန္ဓာသိမ်းသောပုဂ္ဂိုလ်သည် ငြိမ်းအေးသော သဘောသာ ရောက်သွားသည်၊ ဘယ်မှမသွားပါ။ လောင်စာသိမ်း၍ မီးငြိမ်းသောသဘောရှိသည်၊ နိဗ္ဗာန်သည် ရှုသောပုဂ္ဂိုလ်၌ ကိုယ်တိုင်မြင်ရသော တရားမျိုး ဖြစ်ပါသည်။

နိဗ္ဗာန်ကို အားလုံးသောပုဂ္ဂိုလ်များ ရနိုင်ပါသလား ဟု မေးပါလျှင် ရှင်နာဂသိန်မထေရ်မြတ် ဖြေကြားထားသည်မှာ အားလုံးသောပုဂ္ဂိုလ်တို့ မရနိုင်ပေဘူး ဟု မြွက်ကြားပါသည်။

**နိဗ္ဗာန်ကို ဘယ်လိုပုဂ္ဂိုလ်များ ရနိုင်ပါသလဲ**

မိလိန္ဒမင်းကြီးအား ရှင်နာဂသိန်မထေရ်က မိန့်ကြားရာတွင် – မင်းကြီး "အဘိညေယျ အဘိဇာနာတိ" ထိုး

http://www.dhammadownload.com



ထွင်းပြီးသိရမည့် တရားဖြစ်သဖြင့် ထိုးထွင်းပြီးသိသောပုဂ္ဂိုလ်မှသာ နိဗ္ဗာန်ကိုရနိုင်သည်ဟု ဖြေတော်မူပါသည်၊

**နိဗ္ဗာန်ချမ်းသာသည် ဘယ်ချမ်းသာနှင့် တူပါသလဲ**

မိလိန္ဒမင်းကြီးက အရှင်ဘုရား နိဗ္ဗာန်ချမ်းသာသည် ဘယ်ချမ်းသာနှင့်တူပါသလဲ - ဟု မေးမြန်းသဖြင့် ရှင်နာဂသိန်မထေရ်မြတ်က - မင်းကြီး ဥပမာအားဖြင့်ပြောရယင် ပဋိသန္ဓေအတည်းက ပင်မျက်စိမမြင်သောလူက အဖြူဆိုတာ ဘယ်လိုဟာတုံး၊ အနီဆိုတာ ဘယ်လိုဟာတုံး၊ နေဆိုတာ ဘာနှင့်တူသတုံးလို့မေးတာနှင့် တူနေပါသည်၊ သူ့မှာ မျက်စိ ပါမလာသဖြင့် လောက၌ရှိသောအရာဝတ္ထုများကို မည်သို့မျှ ခွဲခြမ်းပြီးသိနိုင်မည်မဟုတ်ပါ။

ဤဥပမာအတိုင်း လောက၌တွင်ရှိနေကြသော လောကသားများအဖို့ လောကနှင့်ဆိုင်တန်သော မျက်စိသာပါလာကြပါသည်။ လောကထက်လွန်သော၊ လောကမှာရှိသော ချမ်းသာမျိုးမျိုးနှင့်နှိုင်းယှဉ်မရသောလောကုတ္တရာနိဗ္ဗာန်ချမ်းသာသည်လောက၌မည်သည့် ချမ်းသာနှင့်မှ တူသည်ဟု မဆိုနိုင်ပါ၊ နိဗ္ဗာန်နှင့်တူသော ချမ်းသာသည် လောက၌မရှိ - ဟု မှတ်ရန် ဖြေဆိုတော်မူပါသည်။

**အကြောင်းသုံးပါးလွတ်သော နိဗ္ဗာန်**

မိလိန္ဒမင်းကြီးက အရှင်ဘုရား ကံအကြောင်းတရား၊ ဟေတုအကြောင်းတရား၊ ဥတုအကြောင်းတရား စသည်တို့နှင့် မပတ်

http://www.dhammadownload.com



သက်သေစာတရားကို ပြောကြားပါရန် လျှောက်ထားသဖြင့် ရှင်နာဂသိန်မထေရ်က — မင်းကြီး ဟာလာဟင်းလင်း ဖြစ်နေသော ကောင်းကင်ကြီးသည် ဘယ်သူမှ လုပ်ထားခြင်းမဟုတ်ပါ၊ အကြောင်းတရားသုံးပါးမှ လွတ်ပါသည်။ နိဗ္ဗာန်သည်လည်း ကံကလုပ်ထားခြင်းမဟုတ်ပါ။ ယောနိ အစရှိသည်တို့က လုပ်ထားခြင်းလည်းမဟုတ်သဖြင့် အကြောင်းသုံးပါး လွတ်ပြီး အမြဲတမ်းရှိသည်ဟု ဖြေဆိုတော်မူပါသည်။

နိဗ္ဗာန်သည် ကံအကျိုးမဟုတ်ပါ၊ အကြောင်းကံက လုပ်ထားခြင်းမဟုတ်ပါ၊ ဉာဏ်အကျိုးဖြစ်၍ နိဗ္ဗာန်သွားလိုလျှင် ဉာဏ်စခန်းအလုပ် လုပ်ရမည် ဖြစ်သည်။ ဉာဏ်နဲ့လုပ်ရမည် မှန်သော်လည်း နိဗ္ဗာန်သည် ဉာဏ်ကလုပ်ထားသော နိဗ္ဗာန်မဟုတ်ပါ၊ ဉာဏ်ကပို့မည့်နိဗ္ဗာန်သာဖြစ်ကြောင်း ဆရာတော်ဘုရားက ဟောပါသည်။

## ဉာဏ်၏လက္ခဏာနှင့် နိဗ္ဗာန်

မိလိန္ဒမင်းကြီးက အရှင်ဘုရား-ဉာဏ်၏လက္ခဏာကို ပြောကြားပါရန် လျှောက်ထားသဖြင့် ရှင်နာဂသိန်မထေရ်က — တကာကြီး၊ ဉာဏ်ဆိုသည်မှာ ထိုးထွင်းသိမြင်သော စွမ်းရည်သတ္တိရှိသည်၊ ဥပမာ-တကာကြီး မှောင်ထဲမှာမီးထွန်းလိုက်ပါ၊ အမှောင်ပျောက်ပြီး အလင်းရောက်ပါသည်။ သို့ဖြစ်၍ မီးသည် အလင်းပေးသည်၊ အမှောင်ပျောက်သည်၊ ရှိနေသော ပစ္စည်းကို မြင်အောင်ပြသည်။ ထို့အတူပင် ဉာဏ်၏ လက္ခဏာသည် အဝိဇ္ဇာမှောင်ကို ဖျောက်ပေးသည်၊ ပညာတည်းဟူသော

http://www.dhammadownload.com



အရောင်အလင်းလည်း ထွက်သည်၊ ရှိနေသောနိဗ္ဗာန်ကိုလည်း ပြပါသည်။

## နိဗ္ဗာန်ကို အဘယ်ကြောင့် မတွေ့မမြင်ကြသနည်း

နိဗ္ဗာန်ကို မတွေ့၊ မမြင်၊ မရောက်ကြခြင်းသည် အဝိဇ္ဇာ အမှောင်ထုကြီး ရှေ့ကခံနေ၍ ဖြစ်သည်၊ ပညာအလင်းရောင် မရှိသဖြင့် အမြဲတမ်းရှိသော နိဗ္ဗာန်ကို မတွေ့ရခြင်းဖြစ်သည်။ သို့ဖြစ်၍ နိဗ္ဗာန်တွေ့နိုင်ရန် ဉာဏ်ကိုအရေးထားရမည်၊ ဉာဏ်ကမှ နိဗ္ဗာန်ကိုမြင်နိုင်ကြောင်း ဟောကြားတော်မူသည်။

## နိဗ္ဗာန် ကိုယ်တိုင်ရအောင် လုပ်ထားကြပါ

ဆရာတော်ဘုရားက – ဒို့တကာတွေ အင်မတန်ကံကောင်းကြလို့ပဲ၊ ဘုရားဟောတော်မူတဲ့တရားတော်တွေ ဆရာကောင်း သမားကောင်းနဲ့ တွေ့ကြရလို့ သိကြရတာ၊ အကြောင်းအကျိုး နားလည်ကြရတာ၊ သစ္စမည မအောက်မေ့ကြနဲ့၊ နက်နက်နဲနဲ သိတဲ့ပုဂ္ဂိုလ်က သူသိသလို သိပါစေ ဆိုတဲ့ စေတနာနဲ့ တိုက်တွန်းတဲ့ ကိစ္စ ဖြစ်တယ်၊ ပြောပြတဲ့ပုဂ္ဂိုလ်ကလဲ သူ့ပါရမီနဲ့သူ လာပေလို့ ပြောပြနိုင်တယ်၊ လေးလေးစားစား လိုက်နာအားထုတ်ကြ၊ ကိုယ့်အနိစ္စ မကြုံခင် ကိုယ်မသေခင်မှာသာ ကိုယ့်သာသနာရှိတာပါ၊ အချိန်များများစားစား မရှိတော့ဘူး၊ ထမင်းမစားရချင်နေပါစေ၊ ဒီအလုပ်ကိုဖြင့် အလျင်ပြီးအောင် လုပ်လိုက်ကြပါလို့ လေးလေးနက်နက်ကြီး တိုက်တွန်းပါတယ်- ဟု ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



## နိဗ္ဗာန်ကို ဘယ်လိုတွေ့နိုင်မလဲ

နိဗ္ဗာန်သည် ဖြစ်ဆဲလဲမဟုတ်၊ ဖြစ်ပြီးလဲမဟုတ်၊ ဖြစ်လတ္တံ့တရားလဲမဟုတ်၊ သူ့ဘာစ်ပါးက ဖြစ်စေတဲ့ တရားလဲ မဟုတ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးက လွတ်သည်ဟု အုံမိန့်ရှိထားရာ မိလိန္ဒမင်းကြီးက – အရှင်ဘုရား နိဗ္ဗာန်ကို ဘယ်လိုတွေ့နိုင်မလဲ၊ တွေ့အောင် ဘယ်လိုရှာရမှာလဲ – ဟု မေးမြန်းသဖြင့် မထေရ်မြတ်အား အရှင်မင်းကြီး နိဗ္ဗာန်သည် ကာလသုံးပါးက အလွတ်ဖြစ်သော်လည်း နိဗ္ဗာန်ကို မနောနှင့်တွေ့နိုင်သည်၊ နိဗ္ဗာန်တွေ့လိုလျှင် မနောနှင့် ရှာရမည်၊ မနောမှာတွေ့နိုင်သည်ဟု ဖြေဆိုတော်မူသည်။

## နိဗ္ဗာန်ကို ဘယ်မနောနှင့် ရှာမလဲ

နိဗ္ဗာန်ကို စင်ကြယ်သောမနောဖြင့်ရှာရမည်၊ စင်ကြယ်သောမနောသည် ကိလေသာမရောသော မနောကို ပြောခြင်းဖြစ်ရာ နိဗ္ဗာန် မြင်လိုလျှင် စင်ကြယ်သောဉာဏ် ကိုယ်ပိုင်ရအောင်လုပ်ရပါမည်။ ကိလေသာနှင့်အဆက်အသွယ်ပြတ်သော မနောသည် မဂ်ဉာဏ်ဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြုနိုင်ပါသည်၊ သို့ရာတွင်ဝိပဿနာရှုခြင်းသည် အာသဝနယ်ထဲမှ စိတ်ကို ရှုနေခြင်းသာ ဖြစ်၍ ဝိပဿနာဉာဏ်နှင့်လည်း နိဗ္ဗာန်ကို အာရုံ မပြုနိုင် သေးပါ၊ နိဗ္ဗာန်ကို မမြင်နိုင်သေးပါ။

နိဗ္ဗာန်ရှာလိုလျှင် ကိုယ့်ကိုယ်ကို အဆင့်ဆင့်တက်ခြင်းဖြင့် စင်ကြယ်လာလျှင် ဉာဏ်ထက်လာမည်၊ ကိလေသာဝေးလေလေ ဉာဏ်ထက်လာလေလေ ဖြစ်သဖြင့် ဉာဏ် စင်ကြယ်လာမည်။

http://www.dhammadownload.com



စင်ကြယ်ယင် နိဗ္ဗာန်မြင်သည်ဟု မှတ်ရန် ဆရာတော်ဘုရား ဟောကြားပါသည်။

ယမကရဟန်း၏ နိဗ္ဗာန်ဖြေကြားပုံ

ယမက သောတာပန်တည်သွားသောအခါ ရှင်သာရိပုတ္တရာမထေရ်မြတ်က- ငါ့ရှင်ယမက ရဟန္တာသေယှင်ဘယ်သွားသလဲ ဟု မေးမြန်းရာ ယမကရဟန်းက ဖြေကြားသည်မှာ —

> အရှင်ဘုရား၊ ခန္ဓာငါးပါးသည် အနိစ္စတရားပါ၊ အနိစ္စတရားသည် ဒုက္ခတရား ဖြစ်ပါသည်။ အဲဒီ ဒုက္ခတရား၊တွေကုန်ဆုံးသွားသည် - ဟု ဖြေကြားသွားပါသည်။

<u>နိဗ္ဗာန်သည် ဒုက္ခသိမ်းသွားခြင်း</u> ဖြစ်သည်၊ ငြိမ်းအေးခြင်း၊ သဘော ရောက်သွားသည်။ နိဗ္ဗာန်သည် ဒုက္ခတွေကုန်ဆုံးသည့်နေရာ၊ ထိုသက်သက်နှင့်နေခြင်းဖြစ်သည်ဟု ဟောကြားတော်မူပါသည်။

မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်နှင့် ဖြန့်ပွားရေး အဖွဲ့ချုပ်
အမှတ်- ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၊
[ ၁၅-၈-၁၉၉၅ ]

http://www.dhammadownload.com

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော
ကံကောင်းလို့
နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မယူပါနှင့်
"နိဗ္ဗာန်အကြောင်း"

# ဒုက္ခပျောက်ဆေး မဂ်ရေအေး

# အလုပ်ပေးတရားတော်

[ ၆–၈–၁၉၆၁ ]

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

တရားနာတယ် ဆိုတာဟာ အသက်ရှင်တုန်း နာနိုင်ကြတယ် နော်.... ( မှန်ပါ )။ အသက်ရှင်တုန်း နာနိုင်ကြတော့ ဘာကို နာရမလဲ လို့ မေးလိုရှိယင်ဖြင့် သံသရာမှ ပြတ်စေတတ်တဲ့ တရားကို အသက်ရှင်တုန်းနာရမယ်.... (မှန်ပါ)။ နို့ မို့ ဓိခန္ဓာ ကြီးဟာ သံသရာလို့ မှတ်ထားကြပါ.... (မှန်ပါ)။

ခန္ဓာဟာ သံသရာပဲတဲ့။ ဘာတုံးဆိုတော့ ဒကာ ဒကာမ တို့၊ ဒီဘဝမှာ စုတိဆိုတဲ့ ခန္ဓာကြီးနဲ့ စုတိစိတ် ကျတယ်၊

http://www.dhammadownload.com



ဘာသစ္စာနဲ့လဲ- (ဒုက္ခသစ္စာနဲ့ပါ)၊ ဪ... စုတိဒုက္ခသစ္စာနဲ့ ဇီဝိတမှာ ဒကာ ဒကာမတွေ ဇာတိသိမ်းရတယ်....(မှန်ပါ)၊ စုတိပြီးတော့ကို သံသရာဆက်လာတော့မယ်ဆိုယင် ပဋိသန္ဓေ ဆိုတာ လာတော့မယ်....(မှန်ပါ)။ တစ်ခုခုသော ဝမ်းဗိုက် ထဲ၌ ပဋိသန္ဓေဆိုတာ နေကြရလိမ့်မယ်။ ကံပစ်ချသလို မနေ ရပေဘူးလား....(နေရပါတယ်)။

ကဲ....နေတာ နေရပါစေတော့ ဒီပဋိသန္ဓေဆိုတာလဲဇာတိ၊ 'ဇာတိပိ ဒုက္ခာ' လို့ဆိုတဲ့အတိုင်း သစ္စာတရားဖြစ်နေလေသော ကြောင့် ဒကာ ဒကာမတွေသည် ဘယ်သစ္စာနဲ့ တစ်ခါတွဲရ ပြန်သလဲလို့ မေးဖို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)၊ ပဋိသန္ဓေဆိုတာ ဘာသစ္စာ-(ဒုက္ခသစ္စာပါ)၊ ဪ...ဒုက္ခ သစ္စာနဲ့ တွဲနေရတယ်....(မှန်ပါ)။

သေတုန်းက ဘယ်သစ္စာနဲ့ သေခဲ့ကြသလဲ–(ဒုက္ခသစ္စာနဲ့ သေခဲ့ကြတယ်)၊ ပဋိသန္ဓေနေတယ်ဆိုတော့ နေတဲ့သစ္စာကသဲ တကာသစ်ရေ၊ ဘာသစ္စာပါလိမ့်-(ဒုက္ခသစ္စာပါ)။

တကာကြွယ်ရေ၊ ဦးလှဖူးရေ ဒုက္ခသစ္စာနဲ့ သေပြီး ဒုက္ခ သစ္စာနဲ့ နေရတယ်–(မှန်ပါ)၊ဘယ်မှာ ကံကောင်းအကြောင်း သင့်တယ် ဆိုတဲ့ စကား သုံးနိုင်စရာ မြင်သေးရဲ့လား–(မမြင် ပါဘုရား)။ သေတုန်းက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)၊ နေတော့-(ဒုက္ခသစ္စာပါ)။

နောက်ဘဝနေပြီးသည်၏ အခြားမဲ့၌ အိုတယ် ဆိုတဲ့ အိုတရားကြီးနဲ့ နေရပြန်တော့လဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာ

http://www.dhammadownload.com



ပါ)၊ ဇရာပိ ဒုက္ခာ–ဆိုတဲ့ ဒုက္ခာသစ္စာနဲ့ပဲ ဦးလှဖူးတို့၊ တကာ ကြွယ်တို့ နေကြရပြန်တယ်–(မှန်ပါ)။

တစ်ခါ နာကြ၊ကျင်ကြ၊ကိုက်ကြ၊ ခဲကြပြန်တော့ ဘယ် သစ္စာနဲ့ နေရသလဲ....(ဒုက္ခသစ္စာနဲ့ နေရပါတယ်)၊ ဩော်.... ဒီဝေဒနာက ဗီတောင်က မတက်ပြန်ဘူးဆိုတော့လဲ သေပွဲ့ ဝင်ရတယ် -(မှန်ပါ)၊ သေပွဲဝင်ရတော့လဲဘာသစ္စာပါလိမ့်– (ဒုက္ခသစ္စာပါဘုရား)၊ ဩော်....ဒါဖြင့် သေတာတော့ အထူး အဆန်း မဟုတ်ပါဘူး၊ သေရတာပါပဲဆိုပြီး စုတိပြီးနောက် တစ်ခုသော ဝမ်းခေါင်း ပဋိသန္ဓေနေရပြန်တော့ ဘာသစ္စာ တုံး (ဒုက္ခသစ္စာပါ)၊

အဲဒီမှာ တကာသစ်တို့ အားလုံးသော ဒကာ ဒကာမ တွေက စဉ်းစားကြပါတော့ ကျုပ်တို့ဖြင့် ဒုက္ခစက်ကြီးသာ လှည့်နေတော့တယ်-(မှန်ပါ)၊ ဘာလှည့်နေပါလိမ့်- (ဒုက္ခ စက်ကြီးသာ လှည့်နေပါတယ်)။

ဒုက္ခစက်ကြီးသာ လှည့်နေတော့တယ်ဆိုတဲ့ ဥစ္စာ ဒါကျုပ် တို့၏ ဖြစ်စဉ်အတန်းအဝိုင်းကြီးပေါ့ဗျာ-(မှန်ပါ)၊ကျုပ်တို့၏ ဖြစ်စဉ်အဝိုင်းကြီးဟာ ဒါပဲဆိုတာ ဒကာ, ဒကာမတွေက မှတ်ပြီးသကာလ ထားတော့ဩော်.... တို့လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝလို့ ပြောဆိုသံတော့ ကြားဖူးပါရဲ့၊ ခန္ဓာတွေ လှည့်နေပုံကြည့်ရဘာကတော့ အဲဒီပြောဆိုသံကြားတာနဲ့ ခန္ဓာ လှည့်နေပုံနဲ့ဖြင့်တခြားစီပဲ –(မှန်ပါ)၊ ခန္ဓာလှည့်နေပုံကတော့ ဘာစက်ကြီးလှည့်နေပါလိမ့်-(ဒုက္ခစက်ကြီးလှည့်နေပါတယ်)။

http://www.dhammadownload.com



ပြောသံကြားကတော့ လူခန္ဓာပြီး နတ်ခန္ဓာ,နတ်ခန္ဓာပြီး ဗြဟ္မာခန္ဓာ, ဗြဟ္မာခန္ဓာပြီး လူ့ခန္ဓာလို့ ပြောတော့ပြော နေကြတာပဲတဲ့၊ အပြောက တစ်မျိုး အတွေ့က တစ်မျိုး ဖြစ်နေတယ်-(မှန်ပါ)၊ အတွေ့က ဘာစက်ကြီး လည်နေ ပါလိမ့် (ဒုက္ခစက်ကြီး လည်နေပါတယ်)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ သတိပေး လိုက်ပါတယ်။ အပြောမယုံနဲ့ ဒကာ ဒကာမတွေ ကိုယ်တွေ့ ယုံကြ-(မှန်ပါ)။

အပြောကို... (မယုံရပါဘူး)၊ကိုယ်တွေ့ကို (ယုံရပါမယ်)။ ကိုယ်တွေ့ကတော့ ဘာစက်ကြီး လည်နေသတုံး-(ဒုက္ခစက်ကြီး လည်နေပါတယ်)၊ ဒုက္ခစက်ကြီး လည်နေတယ်ဆိုတာ ရှင်းကြ ပလား-(ရှင်းပါပြီ)

ဘယ်လောက်ကြာခဲ့ပလဲတဲ့၊ တကာသစ်, တကာကြွယ်တို့၊ ဦးလှဖူးတို့မေးယင် ဘယ့်နှယ်ဖြေပါ့လဲ.... (မရေတွက်နိုင်ပါ ဘူးရား)၊အရှင်ဘုရား....ဘုရားတောင်အစရှာမတွေ့ပါဘုရား.... (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်(ဘုရားတောင်အစရှာမတွေ့ပါဘုရား)၊ ဘာစက် လည်နေတာပါလိမ့်- (ဒုက္ခစက် လည်နေတာပါ)။ တကာကြွယ်ရေ ကြောက်စရာကြီး- (ကြောက်စရာကြီးပါ ဘုရား)၊ အင်မတန် ကြောက်စရာကောင်းပါလား-(မှန်လှပါ ဘုရား)။

ဒကာ ဒကာမတို့၊ ခင်ဗျားတို့ သူများ ပြောသံကြား မယုံနဲ့နော်၊ ကိုယ့်ခန္ဓာလည်နေတာ ယုံကြည်ကြပါ- (မှန်ပါ)၊ သူများကတော့ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ

http://www.dhammadownload.com



လို့ ချမ်းသာတွေကို တကာကြွယ် ဆိုင်းဘုတ်ဘော့ ဆွဲကြဦးမယ်-(မှန်ပါ)။ သူများဆွဲတာနဲ့ ခင်ဗျားတို့က နှိုင်းယှဉ်လိုက်ပြီးသကာလ လူချမ်းသာဖြင့် ရ,ရပါသို့၏ နတ်ချမ်းသာဖြင့် ရ,ရပါလို၏ ဗြဟ္မာချမ်းသာဖြင့် ရ,ရပါလို၏သို့ မယောင်လိုက်ပါနဲ့နော်၊ (မှန်ပါ)၊ ခန္ဓာ လှည့်ပုံကတော့ ဘာစက်ကြီး လည်နေပါလိမ့်-(ဒုက္ခစက်ကြီး လည်နေပါတယ်ဘုရား)၊ အဲ…ဆိုင်းဘုတ်ယုံမလား၊ ကိုယ်ကိုယ်ဘိုင် လည်ရတာ ယုံမလား-(ကိုယ်ကိုယ်ဘိုင် လည်ရတာ ယုံပါမယ်)။

ဩော်…. ဒါဖြင့် ဇီစက်ကြီးဟာလဲ အစရှာမတွေ့ဘူး၊ တစ်ဝိုင်းတည်းသာဝိုင်းပြီး တစ်လည်တည်းသာ လည်နေတော့တာပဲဆိုတဲ့ဥစ္စာ ရှင်းသွားပြီ….(ရှင်းပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီအလည်ကြီး ဒုက္ခစက်ကြီးသာလျှင် လည်နေရပါလိမ့်မလဲလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်မှ တွေးကြည့်ပြန်တော့လဲ ဩော်…. သစ္စာမသိလို့ လည်ရတဲ့ အဖြစ်ဆိုးပါလားလို့ ပေါ်လာတယ်-(မှန်ပါ)။ ဘယ်လို ပေါ်လာပါလိမ့် (သစ္စာမသိလို့ လည်ရတဲ့အဖြစ်ဆိုးပါဘုရား)။

ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ သစ္စာမသိခင်တုန်းက သူ့ဘိုလိုပဲ လည်ခဲ့ရတဲ့ အဖြစ်ဆိုးနဲ့ နေခဲ့ရတယ်-(မှန်ပါ)၊ ငါ၏ တပည့်သားတွေကိုလဲ ငါမှ တရားတည်းဟူသော ဆေးကို မကုလို့ရှိယင်ဖြင့် ဇီဝေဒနာစက်ကြီးသာ လည်နေတော့မှာဆိုတာသနားတော်မူတယ်- (မှန်ပါ)၊ ဇီဝေဒနာ ဒုက္ခစက်ကြီးသာ လည်နေတော့မှာပဲဆိုတာ တဏှာကြွယ် သနားတော်

http://www.dhammadownload.com



မှုတယ်-(မှန်ပါ)၊ ဒါကြောင့် ဆေးမီယင် လူနာသည် သက်သာပါလိမ့်မယ်လို့ မှတ်လိုက်စမ်းပါ- (မှန်ပါဘုရား)။ ဆေးမီယင်-(လူနာ သက်သာသွားမှာပါဘုရား)

အဲဒါကြောင့် ဒကာစ, ဒကာမတွေ၊ ဘုန်းကြီးသည် ယနေ့ သစ္စာဆေးကို တိုက်ကျွေးတော့မယ် ဆိုတာ မှတ်ရမယ်- (မှန်ပါဘုရား)၊ ဆေးမီသေးပါတယ်နော်-(မှန်လှပါဘုရား)

အခုသစ္စာဆေး တိုက်ကျွေးတာမှ မမီလိုက်လို့လွန်သွားတဲ့ ပုဂ္ဂိုလ်တွေ, တိုက်ပြောသော်လဲ မသောက်တဲ့ ပုဂ္ဂိုလ်တွေ အတွက်ဖြင့် ဘာများဖြစ်ကြမှာပါလိမ့်မလဲလို့ တကာသစ်တို့၊ တကာကြွယ်တို့က မေးလို့ရှိယင်ဖြင့် ဒုက္ခစက်သာ လည်ပတ်နေတော့မှာပဲ-(မှန်ပါ)။

သစ္စာဆေးမမီလိုက်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လို ဖြစ်ကြမယ်ထင်သတုံး- (ဒုက္ခစက်သာလည်ပတ်နေမှာပါ)။ သစ္စာနဲ့ တွေ့ပါလျက်သားနဲ့ သစ္စာနားထဲ မထောင်တဲ့ ပုဂ္ဂိုလ်, မကျင့်တဲ့ ပုဂ္ဂိုလ်များလဲ သူတို့သည် ဘာဖြစ်ကြမလဲဆိုတာ တွေးမိကြရဲ့လား-(တွေးမိပါတယ်)။ ဘယ်လို တွေးမိကြသလဲ.... (ဒုက္ခစက်သာ လည်ပတ်နေမှာပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အာဠာရ ရသေ့ကြီးများ ကျတော့ ဘုရားက သစ္စာသိပြီးလို့ သစ္စာဟောမယ်လို့ ဟောဖို့ရာလဲ ဉာဏ်လဲ့ရပါရော အဆောက စောသွားတယ်။ ကမ္ဘာပေါင်း ခြောက်သောင်း ဒုက္ခစက် လည်နေရတယ်-(မှန်ပါ)။ လူနာဆေးမမီလိုက်တာနဲ့ ကမ္ဘာပေါင်း များစွာဒုက္ခစက်လည်ရတယ် (မှန်ပါ)၊ နာလိုက်တဲ့ဖြစ်ခြင်း-(မှန်ပါ)။

http://www.dhammadownload.com



သစ္စာသေး တိုက်ကျွေးမှု မမီလိုက်တာနဲ့ အာဋ္ဌာရ ရသေ့ကြီး ဒါလောက်ထိအောင် ဒုက္ခတော်လည်ရပါဘယ်-(မှန်ပါ)။ ကမ္ဘာ့ပေါင်း သောင်းချီပြီး လည်ရတယ်။ နှစ်ပေါင်း မဟုတ်ဘူးနော်၊ ကမ္ဘာပေါင်းလည်ရတာဒကာ, ဒကာမတို့-(မှန်ပါ)။

ဥဒက ရသေ့ကြီးက ဘုရားက သစ္စာသိတဲ့ရက်နဲ့ သူက သေနှင့်တာတစ်ရက်တည်းစောသွားတယ်-(မှန်ပါ)၊ သေတာ တစ်ရက်တည်းစောသွားတာနဲ့ ဘုရားကဟောမယ်လို့စဉ်းစား၊ စဉ်းစားလိုက်တဲ့အခါ အသေ တစ်ရက်စောနေတာနဲ့ ကမ္ဘာပေါင်း ရှစ်သောင်းကျော် ဒကာ, ဒကာမတို့ ဒုက္ခစက်လည်ပြီး ကျန်ရစ်ရတယ်-(မှန်ပါ)။

ဦးဘအုန်း သွားရောပေါ့ဗျာ- (သွားပါပြီ ဘုရား)၊ တစ်ချက်တည်း ဆေးလွဲ သွားလိုက်တာ ကမ္ဘာပေါင်း ရှစ်သောင်း ဒုက္ခစက်လည်ရတယ်ဦးလှဖူးရေ။ဒီထက်အရှုံးများ ရှိသေးသလား-(မရှိပါဘုရား)။

အဲဒါကြောင့် တရားနာတဲ့ ဒကာ, ဒကာမတွေ, တရားအားထုတ်နေတဲ့ ဒကာ,ဒကာမတွေ သစ္စာမမီလိုက်လို့ အရှုံးခြင်းကြီး ရှုံးရတယ်- (မှန်ပါ)။ အာဋ္ဌာရက ဘယ်လောက်တဲ့- (ခြောက်သောင်းပါ)၊ ဥဒကက ဘယ်လောက်တဲ့- (ရှစ်သောင်းပါဘုရား)၊ ကမ္ဘာပေါင်း ခြောက်သောင်းနဲ့ ရှစ်သောင်းကျော် ရှုံးလိုက်ရတာ တကာသစ်ရေ ဒုက္ခစက်လည်နေရတယ်-(မှန်ပါ)၊ သူခ မပါဘူးနော်- (မှန်ပါ)၊ ခံနိုင်ရည် ရှိပါ့မလား-(မရှိပါဘူး ဘုရား)၊ ဘယ်သူမှ ခံနိုင်ရည်ရှိမယ်လို့ ဒီတရားပွဲထဲမှာသတ္တိကောင်း-(မပါပါဘူး ဘုရား)၊ ပါနိုင်စရာမြင်သေးရဲ့လား-(မမြင်ပါဘုရား)။

http://www.dhammadownload.com



ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်လာပြီး ဘယ်သူ့ကို သစ္စာဆေး အလျင်တိုက်ရပါမတုံးလို့ ရှာတဲ့အခါ ကျတော့ ပဉ္စဝဂ္ဂီငါးဦးကို သွားတွေ့တယ်-(မှန်ပါ)၊ သူတို့ ကျတော့ သစ္စာဆေး မိတဲ့အတွက် ခုနင်က ကမ္ဘာပေါင်း ရှစ်သောင်း သမားတွေလို မဟုတ်တော့ဘူး၊ ဒုက္ခစက်ပြတ်ပြီး သကာလ သုခကြီးသာ ရတော့တယ်ဆိုတာ အထင်အရှားပေါ့ ဗျာ-(မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ သစ္စာဆေးပဲ ယနေ့ တိုက်ကျွေးပါတော့မယ်ဆိုတာ မှတ်ချလိမ့်မယ်-(မှန်ပါ)။ သစ္စာဆေးပဲ တိုက်ကျွေးရလို့ရှိယင်ဖြင့်ကမ္ဘာပေါင်း ခြောက်သောင်းလဲ ဒုက္ခစက် မလည်တော့ပါဘူး- (မှန်ပါ)၊ ကမ္ဘာပေါင်းရှစ်သောင်းလဲ-(ဒုက္ခစက်မလည်တော့ပါဘုရား)၊

ဒုက္ခစက်ဆိုတာ တခြား မဟုတ်ပါဘူး ဒကာ, ဒကာမတွေ သူများပါးစပ်ထဲ သေရတဲ့ ဘဝတွေပြောတာပါ- (မှန်ပါ)၊ အပါယ်ငရဲမှာ သူများညှဉ်းဆဲတာ ခံနေရတဲ့ ဘဝတွေ ပြောတာပါ-(မှန်ပါ)။

ကိုင်း ဒါဖြင့် ဒကာ, ဒကာမတို့ ဒီကို တရားနာလာကြတဲ့ ဒကာ, ဒကာမတွေ၊ တရားအားထုတ်ကြတဲ့ ဒကာ, ဒကာမ တွေဟာ တကာကြွယ်ဆေးမမိသေးဘူးလို့ဆိုကြစို့- (မှန်ပါ)။ ဘယ်လောက် ကိုယ့်ကံထူးတယ် ဆိုတာပေါ်လာကြပလား-(ပေါ်လာပါပြီ)။

ကိုင်း ဒကာ, ဒကာမတွေ ဆေးမမိလို့ လွန်ကျွံကုန်တာ တွေ ကျုပ်တို့ ဝမ်းနည်းစရာမလိုပါဘူး-(မှန်ပါ)၊ ဆေးမိတဲ့ ပုဂ္ဂိုလ် မသောက်မိမှာ ဝမ်းနည်းစရာကောင်းတယ်-(မှန်ပါ)။

http://www.dhammadownload.com



ဆေးမမီလိုက်လို့ အခုသေသွားတဲ့ ပုဂ္ဂိုလ်တွေ အတွက်ဖြင့် လွမ်းနေစရာလဲ မလိုပါဘူး၊ တိုက်ကိုမတိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါသွားတယ်- (ပါသွားပါတယ် ဘုရား)။ ဆေးမီလျက်နဲ့ မသောက်လိုက်ရတဲ့ ပုဂ္ဂိုလ်အတွက်မှာ သာပြီး အရှုံးဆိုး အကျည်းတန်တော့တယ် ဆိုတာစ မှတ်လိုက်စမ်းပါ- (မှန်ပါ)။

ဒါကြောင့် ဒီဒကာ, ဒကာမတွေ ဆေးလဲ မီတယ် သောက်ဖြစ်အောင်လဲ သောက်ပါဆိုပြီး ဒီနေရာက စနေပြီး မေတ္တာရှေ့ထားပြီး ပြောကြားနေပါတယ်-(မှန်ပါ)၊

ကိုင်း.... ဒါဖြင့် ဒကာ, ဒကာမတို့ အချိန်ကြာပြီး သတ္တာသ မနေဘဲနဲ့ သစ္စာဆေးကိုတိုက်ကျွေးကြစို့- (မှန်ပါဘုရား)။ သစ္စာဆေးကို တိုက်ကျွေးကြစို့ဆိုတဲ့ ဥစ္စာ ဒကာ, ဒကာမတို့ သစ္စာဆိုတာ တခြားမဟုတ်ပါဘူး၊ နီးလျက်နဲ့လဲ မဝေးကြပါနဲ့ဆိုတာ သတိပေးလိုက်တယ်- (မှန်ပါ)။ ယခု တရားနာနေတဲ့ ခန္ဓာဟာ ငါးပါး စုံပါတယ်နော်- (မှန်ပါ)။ ငါးပါးစုံနေတဲ့ ခန္ဓာငါးပါးထဲက တစ်ပါးပါး ပေါက်မြင်တာဟာ သစ္စာသာ မှတ်ပေတော့-(မှန်ပါ)

ခန္ဓာငါးပါးထဲကဝေဒနာပေါ်ပြီးဝေဒနာ ပျောက်ဘာလဲ သစ္စာပဲ- (မှန်ပါ)။ စိတ်ပေါ်ပြီး စိတ်ကလေး ပျက်စီးသွားတာလဲ-(သစ္စာပါဘုရား)

ဩော်....တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သစ္စာသိရအောင် ကိုယ်ခန္ဓာထဲ ပေါ်လာတဲ့ ဖြစ်မှုကလေးတွေ, ပျက်မှုကလေး တွေကို ဘာခေါ်ကြမယ်- (သစ္စာပါဘုရား)၊ သစ္စာပဲနော် (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဒကာကြွယ်တို့က ကိုယ့်ခန္ဓာပေါ်၌ ဝေဒနာပေါ် ယင် ဝေဒနာကလေးဟာ ဖြစ်မှုလဲရှိတယ်၊ ပျက်မှု လဲရှိတယ်-(မှန်ပါ)။ စိတ်ကလေး ပေါ်လာယင်ကော-(ဖြစ်မှုလဲရှိတယ် ပျက်မှုလဲ ရှိပါတယ်)၊

စိတ်ကလေးပေါ်လာတာဟာ တကာသစ်ရာ ဖြစ်တာပါပဲ-(မှန်ပါ)။ စိတ်ကလေးသက်တမ်းစေ့လို့ ပျောက်သွားတာ (ပျက်တာပါဘုရား)။ အဲဒါဟာ ဒုက္ခသစ္စာ-(မှန်ပါ)။

ဩော်...ဒါဖြင့် ခုနင်က အာရုံ၊ ဥဒကတို့မှာ ဒီခန္ဓာ မရှိဘူးလား-ရှိသလားလို့ မေးကြလို့ရှိယင် ဒီခန္ဓာ ရှိပါရဲ့-(မှန်ပါ)။ တကာကြွယ်ရေ သစ္စာမှန်း သိမသွားရှာဘူး-(မှန်ပါ)၊ ဒါတွေ ဒုက္ခသစ္စာပါကလားလို့ သိမသွားရှာဘူး-(မှန်ပါ)။ သစ္စာသိတာသည်ကားလို့ဆိုယင် ဉာဏ်ပဲ-(မှန်ပါ)။ ဖြစ်ပျက်တာ ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ-(မှန်ပါ)။

အဲဒီမဂ္ဂသစ္စာကလေးနဲ့ သိသိ သိသိပြီးသကာလ ခန္ဓာကိုယ်မှာ ပေါ်တိုင်း ပေါ်တိုင်း၊ ဝိပဿနာခေါ်တဲ့ ပုဗ္ဗဘာဂ မဂ်ကလေးနဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက သိသိနေရ မနေဘ်- (မှန်ပါ)။ ဖြစ်ပျက်ကလေးဟာ- (ဒုက္ခသစ္စာပါ)။ သိတဲ့ဉာဏ်ကလေးက ဘာပါလိမ့်- (မဂ္ဂသစ္စာပါ)၊

ဒီလိုချည်း ဒကာ၊ ဒကာမတွေက ခန္ဓာကိုယ်ထဲမှာ ကြည့်ကြည့်ပြီးသကာလ နေလိုက်စမ်းပါဆိုတာကို ဘုန်းကြီးက သစ္စာရေ တိုက်ကျွေးမယ်-(မှန်လှပါ)။

ခန္ဓာကိုယ်ထဲ ဖြစ်မှုပျက်မှုက-(ဒုက္ခသစ္စာပါ)။ ဖြစ်မှုပျက်မှု ကလေး ကိုယ်တိုင် မြင်လိုက်တာကလေးက-(မဂ္ဂသစ္စာပါ)။ ကိုယ်ပိုင်ဉာဏ်ကလေးကလဲ မဂ္ဂသစ္စာကလေး ဖြစ်နေတော့

http://www.dhammadownload.com



ဒီဒကာ, ဒကာမတွေမှာ သံသရာ ကျင်လည်ခဲ့ရတယ်ဆိုတာ ဒီဉာဏ်ကလေးမပေါ်လိုက်တာပဲ-(မှန်ပါ)၊ သံသရာကျင်လည်ပြီးသကာလ အိုဘေး, နာဘေး, သေဘေးတွေနဲ့ သားကွဲ မျိုးကွဲ ဆွေကွဲ မျိုးကွဲ ရှုးလိုက် နှောက်လိုက် အဝတ်မကပ်တဲ့ ဘဝတွေ ဖြစ်လိုက်။ ဒယ်အိုးထဲ အောက်က ဟစ်ကာနဲ့ နေတဲ့ ဘဝတွေဖြစ်လိုက်၊ တိရစ္ဆာန်များလို လေးချောင်းထောက်, ကင်းခြေများလို ခြေတွေအများကြီးနဲ့ ထောက်သွားတဲ့ ဘဝတွေဖြစ်လိုက်၊သူများ ပါးစပ်ထဲ သေရတဲ့ ဘဝတွေဖြစ်လိုက်။ ခုနင်က သစ္စာမဂ် ရေစင်ကလေး မသောက်လိုက်ရလို့ပဲ-(မှန်ပါ)။

သစ္စာသိတဲ့ မဂ်ရေစင်ကလေး မသောက်လိုက်ရတဲ့အတွက် ဒီဥစ္စာ ဒကာ, ဒကာမတို့ ဒီဒုက္ခတွေဟာ စက်ရဟတ်လို လည်နေရတယ်ဆိုတာ တကာကြွယ် ရိမ်မိပြီ-(ရိမ်မိပါပြီဘုရား)။ ဦးလှဖူး ရိပ်မိပြီ-(ရိမ်မိပါပြီဘုရား)။ ဒီမဂ်ရေစင်ကလေး မသောက်လိုက်ရတဲ့အဖြစ်ဟာ တယ်ဆိုးပါကလား-(ဆိုးပါတယ်ဘုရား)။

ဒါကြောင့် ဒကာ, ဒကာမတို့၊ခင်ဗျားတို့ကို, ဆရာဘုန်းကြီးတွေက ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်ရှုပါ၊ ဖြစ်ပျက် ရှုပါလို့ ဆိုတာမဂ်ရေစင်သောက်ပါလို့ ပြောတာ-(မှန်ပါ)။

အဲဒီသစ္စာမဂ် ရေစင်ကလေးတစ်ခွက် သောက်လိုက်ရတော့ ဒကာ, ဒကာမတွေ ဘာဖြစ်သွားသလဲလို့ မေးဖို့မလိုဘူးလား-(လိုပါတယ်)။ ခြော်.... နောက်လာမည့် ဒုက္ခစက်ရဟတ်ကြီး-ကျွန်ရပ်စဲရတယ်-(မှန်ပါ)။

http://www.dhammadownload.com



နောက်လာမည့် စက်ရဟတ်ကြီးဟာ အကုန်ရပ်စဲရတယ် ဆိုတော့ ဒါကလေး သောက်ဖို့ရာဟာ ဒုက္ခပေါင်း ကမ္ဘာ များစွာ လည်ရဦးမှာ၊ ဒီမဂ်ရေစင်တစ်ခွက်နဲ့ အကုန်ပျောက် ပါတယ်- (မှန်ပါ)၊ မသောက်သင့်ဘူးလား- (သောက်သင့် ပါတယ်)။

ဒါကြောင့် ဘုန်ကြီးဆီမှာ နေကြတဲ့ တရားအားထုတ် နေကြတဲ့ ယောဂီတွေ၊ တရားနာပြီးနေကြတဲ့ ဒကာ ဒကာမ တွေ အချိန်တိုင်း သောက်ပေးစမ်းပါ-(မှန်ပါ)။ ဒုက္ခပျောက် ဆေး မဂ်ရေအေးဆိုတာ ဒါပါပဲ-(မှန်ပါ)။

ဒါဖြင့် တကာသစ်ရေ ဗီ.ပြင်ဟာ ထမင်းမစားရချင် နေ ပါစေ၊ ထမင်းမစားရလို့ ဟိုဘက်မှာ ခွေးလဲမဖြစ်နိုင်ပါဘူး၊ ငရဲသဲ မကျပါဘူး- (မှန်ပါ)၊ ဒါကလေး မသောက်ရလို့ရှိ ယင်ဖြင့် ဟိုဘက်ငရဲလဲ ကျရဦးမယ်၊ ခွေးတိရစ္ဆာန်, ဝက် တိရစ္ဆာန်တွေလဲ ဖြစ်ရဦးမယ်ဆိုတော့ အို...မစားရချင် နေ ပစေ၊ ဒီမဂ်ရေအေးပဲ သောက်နေတော့မယ်ဆိုလို့ ရှိယင် ဖြင့် ကျုပ်တို့သည် ဒုက္ခစက်ရဟတ်ကြီး ရပ်စဲသွားပါလိမ့်မယ်- (မှန်ပါဘုရား)

ဒါကြောင့် တကာကြွယ် ဘန်ကောက်ထည်တွေ မမြတ်တာ မပူစမ်းပါနဲ့၊ မိုးမရလို့ မခတ်ရယင် မပူစမ်းပါနဲ့။ တကာသစ် ကလဲ ဆိုင်မှာ ဘယ်သူမှ သာမဝယ်လို့ မရောင်းရမှာ မပူစမ်း ပါနဲ့- (မှန်ပါ)။ ဒီမဂ်ရေစင် အေးအေးကို မသောက်ရတဲ့ အရေးသာလျှင် ခက်ပါတယ်· (မှန်ပါ)။

ဒါကြောင့် ဒါကလေး ကြိုးစားကြစမ်းပါ ဆိုတော့ ဘုန်းကြီးက တစ်ဘက်သတ်တွန်းတယ်လို့ ခင်ဗျားတို့ ဒီအသံ

http://www.dhammadownload.com



မထွက်ပါနဲ့- (မှန်ပါ)။ တစ်ဘက်သတ် တွန်းတာ မဟုတ်ဘူး၊ ဒကာ ဒကာမတို့ရဲ့ နေ့ဘ်- (မှန်ပါ)။ ခင်ဗျားတို့ အမြင်က သေးလွန်းလို့ နှောင် ပြင်မရတဲ့ အချိန်မှ ပြင်မပေးနိုင်လို့ ဒါသာ သောက်ပါ။ မကြိုက်လဲ သောက်ပါ၊ ကြိုက်လဲ သောက်ပါလို့ ဇွတ်တိုက် နေတာပဲ- (မှန်ပါ)။ သဘော ပါကြပလား- (ပါပါပြီ)။

မကြိုက်လဲ ဒီဖြစ်ပျက်ရှုတဲ့ မဂ်ဟာ ဖြစ်အောင်လုပ်ရမှာပဲ- (မှန်ပါ)။ ကြိုက်လဲ ဖြစ်ပျက်ရှုတဲ့ မဂ်ကို ဒကာ ဒကာမတွေ အားထုတ်ရမှာပဲ ဆိုတာ မှတ်လိုက်စမ်းပါ- (မှန်ပါဘုရား)။ သဘောပါလား- (ပါပါပြီဘုရား)။

အဲဒီတော့ ဒီမဂ်ရေအေး သောက်လိုက်ရတဲ့ အတွက် ဒီ ကိလေသာ အပူဓာတ်တွေက အကုန်ငြိမ်းပြီး ရပ်သွားတယ်- (မှန်ပါ)။ ကိလေသာကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေက ကိလေသာမှ မရှိဘဲနဲ့ (ဝါ) သမုဒယသစ္စာနဲ့ မရှိဘဲနဲ့ နှောင် ခန္ဓာ ဒုက္ခစက်ရဟတ်ကြီး လည်နိုင်သေးရဲ့လား- (မလည်နိုင်ပါဘူးဘုရား)။

အဲဒါကြောင့် ဖြစ်ပျက်သည် ဘာသစ္စာ- (ဒုက္ခသစ္စာပါဘုရား)။ ရှုတဲ့မဂ်သည် (မဂ္ဂသစ္စာပါ)၊ အချိန်မှီသေးလို့ ခင်ဗျားတို့ ခြော်....ရှုလိုက်ယင် မဂ်ရသေးတယ်ဟာ- (မှန်ပါ)။

ရှုလိုက်ယင် မဂ်ရသေးတယ်ဟာ ဆိုတာ တကာကြွယ် အခါကောင်း အချိန်ကောင်း အသေမဦးလို့ ကြားရတာ (မှန်ပါ)။ အာဠာရမှာ ကမ္ဘာသောင်းချီပြီး ဒါကလေးတစ်လုံးမသောက်ရတာနဲ့ ဒုက္ခစက်ရဟတ် ခန္ဓာဇာတ်ကြီးသည် အိုဘေး၊ နာဘေး၊

http://www.dhammadownload.com



သဘောတွေနဲ့ တွေ့ကြုံလိုက်ရတာ ကမ္ဘာများစွာ (မှန်ပါ)။ ဦးဘအုန်း မနာလားဗျာ- (နာပါတယ်ဘုရား)။

ဖြစ်ပျက်သည့် ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာလို့ မှတ်ပါ၊ ရှုတဲ့ဉာဏ်ကလေး ကိုယ့်ဝမ်းထဲ မရောက်လိုက်တာနဲ့ ဥဒက ရသေ့ကြီးဟာ ကမ္ဘာပေါင်း ရှစ်သောင်းကျော် ဒုက္ခစက်ရဟတ်ကြီး လည်ရတယ်- (မှန်ပါ)။ မနာဘူးလား- (နာပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြိုက်လဲ သောက်ရမှာပဲ၊ မကြိုက်လဲ- (သောက်ရမှာပဲ)။

မကြိုက်လဲ သောက်ဆိုတော ဘုန်းကြီးက ဇွတ်တိုက်တာ လားဆိုတော့ ခင်ဗျားတို့ကို ပျောက်စေတတ်တဲ့ ဆေးပေးပြီးသော်လဲ ခါးသလား၊ အန်သလား၊ မအားဘူးဆိုတာ တွေဟာ ကလေး၊ ရှောင်—ရှောင်ပြီး ကလေးမိုက်—မိုက်နေလို့ မကြိုက်လဲသောက်ပေါ့- (မှန်ပါ)။ ဇွတ်တိုက်နေရတယ်ဆိုတာ သဘောပါပလား- (ပါပါပြီ)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ကမ္ဘာပေါင်း များစွာ ဒုက္ခကြီးကို ဒါကလေးတစ်စက်နဲ့ ပျောက်ပါတယ်ဆိုတဲ့ ဥစ္စာ ဦးဘအုန်း မသောက်ထိုက်ဘူးလားဗျာ-(သောက်ထိုက်ပါတယ် ဘုရား)။ ဒါဖြင့်၊ ပေပြီး သောက်ပါမှ တကာကြွယ်တို့ တောင်းပန်ပါတယ်- (မှန်ပါ)။ ရှင်းကြလား- (ရှင်းပါပြီ ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတွေ ကြိုးစား ကြပါစို့။ ကြိုးစားကြပါ ဦးနေဒ်—(မှန်ပါ)။

ကြိုးစားလိုက်တော့ဘုရားတဲ့၊ တပည့်တော်တို့ဘယ်အပေါ် မှာ ကြိုးစားရမှာလဲလို့ မေးတော့ ဒကာ ဒကာမတို့၊ မိမိ

http://www.dhammadownload.com



ခန္ဓာအပေါ်ကို မိမိဉာဏ်နဲ့ လျှောက်ပြေးပါ- (မှန်ပါ)။ မိမိခန္ဓာပေါ်ကို (မိမိဉာဏ်နဲ့ လျှောက်ပြေးရပါတယ်ဘုရား)။

မိမိခန္ဓာပေါ်ကို မိမိဉာဏ်နဲ့ လျှောက်ပြီး ပြေးတဲ့အခါကျတော့ 'အနိစ္စာ ဝတ သင်္ခါရာ' ကိုး၊ ဖြစ်လိုက်ပျက်လိုက်နေတာပဲ-(မှန်ပါ)။ ဝတ ကေန္တေန-စင်စစ်အားဖြင့်၊ သင်္ခါရာ-အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတဲ့ သင်္ခါရတရားတို့သည်၊ အနိစ္စာ- ဖြစ်ပြီး၍ မရှိကြတော့ဘူးကွတဲ့-(မှန်ပါ)။ ဖြစ်ပြီး၍ မရှိတာချည်းဘဲတဲ့၊ မင်းတို့ ခန္ဓာထဲမှာ-(မှန်ပါ)။ ဒါဖြင့် ခန္ဓာထဲမှာ ပေါ်လိုက် ပျက်လိုက် တရားနှစ်ခုသာ ရှိတော့တယ် ဆိုတာ ပေါ်လာကြပလား- (ပေါ်လာပါပြီ)။

မိမိခန္ဓာထဲ ဘာသာသျှင် ရှိပါလိမ့်-(ပေါ်လိုက် ပျက်လိုက်သာ ရှိပါတယ်)။ ပေါ်လိုက် ပျက်လိုက် ဆိုတာသာ တကာသစ်ရှိတယ်- (မှန်ပါ)။ အဲဒါအနိစ္စနဲ့ သင်္ခါရ လှည့်နေတာပဲ-(မှန်ပါ)။ သဘောကျပလား- (ကျပါပြီ)။

အနိစ္စနဲ့ သင်္ခါရ လှည့်နေတာ၊ သင်္ခါရဆိုတာသည် အခုပေါ်တာ၊ ပေါ်လာတဲ့တရားကလေး ပျက်သွားတော့ ဘယ်နှယ် ဆိုမယ်- (အနိစ္စပါ)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေး ပေါ်လိုက် ပျက်လိုက်။ စိတ်ကလေး ပေါ်လိုက်-(ပျက်လိုက်ပါဘုရား)။ သညာကလေး ပေါ်လိုက်-(ပျက်လိုက်ပါဘုရား)။ အဲဒါ တစ်ခုခုကိုမှတ်ပြီးသကာလ ဝေဒနာကြိုက်တဲ့လူက ဝေဒနာ ရှုလို့၊ စိတ်ကြိုက်တဲ့လူက စိတ်ရှုလို့၊ သစ္စာကြိုက်တဲ့လူက သစ္စာ နာမည်တပ်ပြီး ရှုလို့၊ ရုပ်ကြိုက်တဲ့လူက ရုပ်တွေကိုပဲ ဖြစ်ပျက်ရှုလို့

http://www.dhammadownload.com



ဖနဲ့ကြပါမူကား ရှုတဲ့ ဉာဏ်ဟာ မဂ်ရေသောက်နေတာပဲ– (မှန်ပါ)။

ရှုတဲ့ဉာဏ်ဟာ ဘာပါလိမ့်- (မဂ်ရေသောက်နေတာပါ ဘုရား)၊ သြော်....မဂ်ရေစင်အေးကိုဖြင့် သောက်သုံးပြီးသကာလ နေကြတာပဲဆိုတာ ဘယ်အခါ ကာလမဆို ယုံကြပါ- (မှန်ပါ)။ ရှင်းပြီနော်– (ရှင်းပါပြီ)။

ဇဲဒီကဲ့သို့ ရှုဖန်များလာတဲ့ အခါကျတော့ ဝိပဿနာမဂ် ဆိုတာကလေးဟာက ဝမ်းထဲရောက်ပြီး သကာလ လာတော့ ဒကာ ဒကာမတွေ ကိလေသာတွေဟာ ပါးသွားတာပဲ- (မှန် ပါ)။ သူလာတယ်ဆိုယင် တဏှာ ဉပါဒါန် ကံတွေ ဘယ့်နှယ် ဖြစ်သတုံး– (ပါးသွားပါတယ်)။

ဘယ့်နှယ်ကြောင့် ပါးရပါလိမ့်မတုံးလို့ မေးဖို့ မလိုဘူး လား- (လိုပါတယ်)။ ကိလေသာထုကြီး ဘယ့်နှယ်ကြောင့် ပါးရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒကာ, ဒကာမတို့ ခန္ဓာ ရှုတဲ့ ဉာဏ်က မဂ်ဓားကိုးဗျ–(မှန်ပါ)။ ရှုတဲ့ဉာဏ်က ဝိပဿနာ မဂ်ဓားကနေပြီး ကိလေသာထုတွေ ဆစ်သစ် ဆစ် ဆစ်ပြီး ပစ်လိုက်တဲ့အခါ ဝါးများ အပေါ်ယံတွေ ဆစ်လိုက် တော့ အောက်က အသားပါးသလို၊ ဒီမှာလဲ ရှုဖန်များလို့ ရှိယင်ဖြင့် ဒကာသစ်ရေ ကိလေသာထုဟာ ပါးရတာပဲ– (မှန်ပါ)။ ရှင်းပလား– (ရှင်းပါပြီ)၊

ကိုင်းဒါဖြင့် ဒီကိလေသာထု ပါးလာသည်လားလို့ ဆိုလို့ ရှိယင်ဖြင့် ကျုပ်တို့မှာ ဒုက္ခ ဇကြောင်းပါးခြင်းကြောင့် ဒုက္ခ ဇကျိုးပါးတာပဲလို့ ဆုံးဖြတ်ချက်ချပါ– (မှန်ပါ)။

http://www.dhammadownload.com



အကြောင်းပါးသောကြောင့်- (ဒုက္ခအကျိုးပါးပါတယ် ဘုရား)။ အကျိုးဒုက္ခပါးတယ်ဆိုတာ သေချာပလား- (သေချာပါပြီ)။ ဒါ့ကြောင့် တဏှာစရိုက်ပေါ်တဲ့ပုဂ္ဂိုလ် ဝေဒနာဖြစ်ပျက်ရှုပါ- (မှန်ပါ)။ ငါ...ငါလို့ အစွဲများတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ကိုရှုပါ-(မှန်ပါ)။ တဏှာများတဲ့ပုဂ္ဂိုလ်ဟာ-(ဝေဒနာကို ရှုရပါမယ်)။ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်ဟာ- (စိတ်ကို ရှုရပါမယ်)။ စိတ်ကို ကြင်ကြပ်ရှုပေးပါတဲ့။

ပညာဉာဏ်ကလေးက ပါလာတဲ့ ပုဂ္ဂိုလ်ဟာ၊ ပင်ကိုက ကတည်းက ဘယ်ဟာအဆင်လိုက်သင်လိုက် တတ်လွယ် သိလွယ်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် သစ္စာရှုပါ- (မှန်ပါ)။ သဘောကျပလား- (ကျပါပြီ)။ အင်မတန်ထိုင်းတဲ့ ပုဂ္ဂိုလ် ဉာဏ်အထိုင်းဆုံးပုဂ္ဂိုလ်ဆိုလို့ရှိယင်ဖြင့်ရုပ်ကိုရှုပါ-(မှန်ပါ)။ သဘောကျပလား- (ကျပါပြီ)။

ဉာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ် ဘာရှုရမယ်- (ရုပ်ကိုရှုရပါမယ်)။ တဏှာများတဲ့ ပုဂ္ဂိုလ်- (ဝေဒနာရှုရပါမယ်)။ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်- (စိတ်ကိုရှုရပါမယ်)။ ပင်ကိုက ဉာဏ်ကလေးပါလာတဲ့ ပုဂ္ဂိုလ်- (သစ္စာရှုရပါမယ်)။ ဒါဟာ အနာနဲ့ဆေး သင့်အောင် ပေးနေတယ်လို့ ဦးလှဖူး မှတ်လိုက်စမ်းပါ- (မှန်ပါ)။

ဘယ်လိုမှတ်ရပါမယ်- (အနာနဲ့ဆေးသင့်အောင် ပေးနေပါတယ် ဘုရား)။

ပညာဂုဏ်ရည်(၂)

ဟာ....ဒါဖြင့် အနာနဲ့ ဆေး သင့်အောင် ပေးလို့ရှိယင်ဖြင့် တိုဒကာ, ဒကာမတွေ သူ့အနာနဲ့ သူ့ဆေးနဲ့သာ အံကျဖြစ်နေလို့ရှိယင် ဒုက္ခစက်ကြီးလည်တဲ့ အနာကြီးဟာဖြင့် ငြိမ်းဘအုန်း ပျောက်မှာပါဘဲ (မှန်ပါ့ဘုရား)။ မပျောက်ရှိပါ့မလား- (မရှိပါဘူးဘုရား)။

ဒါ့ကြောင့် ရူပက္ခန္ဓာလဲ ခန္ဓာကိုယ်ထဲရှိတာပဲ၊ ဝေဒနာခန္ဓာလဲ ရှိတာပဲ၊ ဝိညာဏက္ခန္ဓာလဲ ရှိတာပဲ၊ ကျန်တဲ့ သင်္ခါရက္ခန္ဓာဆိုတဲ့ ဓမ္မာနုပဿနာတွေလဲ မရှိလားဗျာ-(ရှိပါတယ်ဘုရား)။ အဲဒီတော့ ကျုပ်တို့ ရှုနေတာ ဘယ်မှာ ရှုရမှာပါလိမ့်မလဲလို့ မေးတော့ ခန္ဓာဉာဏ်လှည့်-(မှန်ပါ)။

ဘယ်လိုမှာပါလိမ့်- (ခန္ဓာဉာဏ်လှည့်ရပါမယ်)။ ခန္ဓာကို ဉာဏ်လှည့်လိုက်ပါ- (မှန်ပါ)။ ခန္ဓာဉာဏ်လှည့်တော့ခန္ဓာက- ဝေဒနာက ထူးထူးခြားခြား ပေါ်တဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ဝေဒနာကိုလှည့်လိုက်တာပေါ့- (မှန်ပါ)။ စိတ်ထူးထူးခြားခြား ပေါ်လာတဲ့ ပုဂ္ဂိုလ်ကျတော့- (စိတ်လှည့်ရပါမယ်)။ စိတ်ပေါ်ကို ဉာဏ်လှည့်လိုက် တကာသပ်ရှု နေ- (မှန်ပါ)။ သဘောပါကြပလား-(ပါပါပြီဘုရား)။

အဲဒီကဲ့သို့ ဉာဏ်လှည့်လိုက်တဲ့ အခါကျတော့ဒီဉာဏ်သည် သစ္စာသိတဲ့ ဉာဏ် (မှန်ပါ)။ သစ္စာသိတဲ့ဉာဏ်ဘည်းဟူသော မဂ်ဆေးသောက်လိုက်ရတဲ့အတွက် သံသရာစက်ရဟတ်ကြီးမှာ လည်နေတဲ့ ကိလေသာတွေပါးသွားတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဝိပဿနာ မရှုဘဲနဲ့ တဲ့ကာကြွယ် ကိလေသာ ပါးပါ့မလား....(မပါးပါဘုရား)။ သမုဒယသစ္စာမပါးနိုင်ပါဘူး- (မှန်ပါ)။ သဘောပါကြပလား....(ပါပါပြီ)။

http://www.dhammadownload.com



ကဲ....တစ်ခါတည်း ဝေဒနာဖြစ်ပျက်တွေလဲဆုံးလို့၊ စိတ်ဖြစ်ချက်တွေလဲဆုံးလို့၊ ရုပ်ဖြစ်ပျက်တွေလဲဆုံးလို့၊ ကိုယ်ကြိုက်ရာကိုယ်ဆုံးကြပါစေ....(မှန်ပါ)။ အဆုံးလိုက်လိုက်ပြီ ဆိုမှဖြင့် တကယ့် မဂ္ဂသစ္စာကြီး ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်)၊ မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မဂ္ဂသစ္စာကြီး ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်)။

ပေါ်လာလို့ရှိယင်ဖြင့် တစ်မဂ်ပေါ်ယင် သောတာပန်....(မှန်ပါ)။ နောက်တစ်ခါ တစ်မဂ်ပေါ်ယင် သကဒါဂါမ်၊ နောက်တစ်ခါ တစ်မဂ်ပေါ်လာယင် အနာဂါမ်၊ နောက်တစ်ခါ တစ်မဂ် ပေါ်လာယင် ရဟန္တာပဲ....(မှန်ပါ)။ နောက်ခန္ဓာကြီး လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဒါဖြင့် ဒီရဟန္တာပုဂ္ဂိုလ် စုတေစိတ်ကျသွားပြီလို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်)။ ရဟန္တာပုဂ္ဂိုလ် စုတေစိတ်ကျသွားတာ၊ ခြော်....ရဟန္တာပုဂ္ဂိုလ် စုတေစိတ်ကျသွားတာ ဘယ်များကြွသွားပါလိမ့်မလဲလို့ မေးလို့ ရှိယင်တော့–ဒုက္ခတွေ သိမ်းသွား ရှာပြီ ...(မှန်ပါ)။

ဘယ်လိုဆိုကြပါ့မယ်....ဒုက္ခတွေသိမ်းသွားပါတယ်ဘုရား)။

လေးမဂ်ရတော့ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်သွားတော့ ရဟန္တာအဖြစ်နဲ့ပဲ တကာကြွယ်ပရိနိဗ္ဗာန်စံကြစို့ နော်....(မှန်ပါ)။ အဲဒီပရိနိဗ္ဗာန်စံတဲ့ ရဟန္တာသည် ဘယ်များကြွသွားသတုံးလို့ မေးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် လှည့်လိုက်ပါလား၊ ဇာတိဒုက္ခချုပ်ပြီး ချုပ်သွားတယ်.... (မှန်ပါ)။ ဇရာဒုက္ခ လာသေးရဲ့လား....(မလာပါဘုရား)။ ဗျာဓိ မရဏဒုက္ခ ...(မလာပါဘုရား)။ သောက ပရိဒေဝ ဒုက္ခဒေါမနဿ

ဥပါယ်ခသာ....(မလာပါ ဘုရား)။ ဩော်....ဒါဖြင့် ရဟန္တာ ပုဂ္ဂိုလ်ပရိနိဗ္ဗာန်စံတာသည်ဒုက္ခသိမ်းသွားတာကိုး–(မှန်ပါ)။ သေသေချာချာ မှတ်ပါ.... (မှန်ပါ)။

ရဟန္တာ ပုဂ္ဂိုလ်များပရိနိဗ္ဗာန်စံကာ ဘာပါလိမ့်.... (ဒုက္ခ သိမ်းသွားတာပါဘုရား)။ ပုထုဇဉ်တွေသေကြတာက ဘာပါ လိမ့်, ဒုက္ခဖြစ်တာပါ၊ ဒုက္ခဆက်သွားတာ.... (မှန်ပါ)။

ဩော်... ဒါဖြင့် ဒုက္ခသိမ်းတဲ့ ပုဂ္ဂိုလ်နဲ့ ဒုက္ခဆက်တဲ့ ပုဂ္ဂိုလ် နဲ့ တကယ်ကွယ်၊ တယ်ခြားနားပါလား.... (ခြားနားပါတယ် ဘုရား)။ ခြားနားအောင် ဘယ်သူ လုပ်သတုံးလို့ မေးတော့ မဂ်ကလုပ်တာ....(မှန်ပါ)။ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ရဟန္တာပုဂ္ဂိုလ်များသည် ဇီဝိတ စုတေစိတ်ကျသွားပြီ၊ မဂ်လေးတန်ရလို့ ရဟန္တာအဖြစ်သို့ ရောက်ပြီး အားလုံး တရားတစ်ပွဲလုံးက ဒကာ ဒကာမတွေ ရဟန္တာ စုတိစိတ် ပြီးတော့ကို နောက်ပဋိသန္ဓေစိတ်လာသေးရဲ့လား.... (မလာ ပါ ဘုရား)။ ပဋိသန္ဓေမလာတော့ အိုမှုကြီးရော.... (မလာ ပါဘုရား)။ နာမှု သေမှုရော.... (မလာပါဘုရား)။ ဩော်.... ဒါဖြင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတော့ ဘာတွေများ သိမ်း သွားပါလိမ့်....(ဒုက္ခတွေ သိမ်းသွားပါတယ်)။

ဩော်... ဒါဖြင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံတာဟာ ဒုက္ခ သိမ်းသွားတာကို ဆိုတာကိုးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။ ဘာမှမဖြစ်တာလား၊ ဒုက္ခသိမ်းတာလား.... (ဒုက္ခသိမ်းတာ ပါဘုရား)။

ရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခသိမ်းလို့ ဒုက္ခငြိမ်းတဲ့ သဘောသို့ မရောက်ဘူးလား.... (ရောက်ပါတယ်)။

http://www.dhammadownload.com



ပုထုဇဉ်များသေတဲ့ အခါကျတော့ တစ်ခုသော ဒုက္ခဝန် ချပြီး သကာလ ဒုတိယ ဒုက္ခဝန်ထမ်းတာပဲ.... (မှန်ပါ)။

ပုထုဇဉ်ကတော့ ပထမ ဒုက္ခချပြီးတော့- (ဒုတိယ ဒုက္ခဝန်ထမ်းပါတယ်)။ အင်း....ဒါပုထုဇဉ်တို့၏ အခြေအနေဖြစ်စဉ်ကဖြင့် ဒုက္ခပြောင်းထမ်းတာပဲ.... (မှန်ပါ)။ အသေဒုက္ခပြီး အနေဒုက္ခယူလိုက်ပြန်တာပဲ.... (မှန်ပါ)။

အသေဒုက္ခ ပြီးတော့.... (အနေဒုက္ခ ယူလိုက်တာပါပဲ)။ ဩော်....ပုထုဇဉ်သေတာကတော့ ဘယ်လို ဆက်သွားပါလိမ့် မတုံးဆိုတာဖြင့် ယနေ့ သဘောကျပါပြီ.... (ကျပါပြီ)။ ပုထုဇဉ်သေတဲ့အခါ အသေဒုက္ခ ချထားပစ်ခဲ့ပြီးတော့ အနေ ဒုက္ခထမ်းတယ်.... (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (အသေဒုက္ခချပစ်ခဲ့ပြီးတော့ အနေ ဒုက္ခထမ်းပါတယ်)။

ရဟန္တာ ပုဂ္ဂိုလ်များကတော့ အသေဒုက္ခလဲ ချပြီးတော့ သွားပါရော၊ အနေဒုက္ခလဲမထမ်းတော့ဘူး.... မှန်ပါဘုရား။

ရဟန္တာများကတော့.... (အသေဒုက္ခ ချပြီးတော့ အနေ ဒုက္ခမထမ်းတော့ပါဘူး ဘုရား)။ မထမ်းတော့ ဒီရဟန္တာ ပုဂ္ဂိုလ် ဘယ်များကြွသွားပါလိမ့်မလဲလို့ ဒကာ ဒကာမတွေ က မေးလို့ရှိယင်ဖြင့် ဘုရား၊ဘယ်ကြွသွားပါလိမ့်၊ ပရိနိဗ္ဗာန် စံပြီး ဘယ်ကြွသွားပါလိမ့် မေးလို့ရှိယင်ဖြင့် ဘယ်မှမကြွဘူး ဒကာ, ဒကာမတို့ သူ့ဒုက္ခဒီတွင်ထားပစ်ခဲ့ပြီး ဒုက္ခတွေသိမ်း သွားတဲ့ ပုဂ္ဂိုလ်လို့ ဆိုပါ.... (မှန်ပါ)။ ဒုက္ခသိမ်းသွားလေ ပေါ့ဆိုလိုက်တာပေါ့....(မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲ.... (ဒုက္ခသိမ်းတာပါ ဘုရား)။ ပေါ်လာပြီနော်.... (မှန်ပါ)။ ဒုက္ခသိမ်းတာဟာ နိဗ္ဗာန်.... (မှန်ပါ)။ ရှင်းကြပလား.... (ရှင်းပါပြီ)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်.... (ဒုက္ခသိမ်းတာပါဘုရား)။ အသေဒုက္ခတွေ သိမ်းပြီး အနေဒုက္ခတွေ မလာဘာဟာ နိဗ္ဗာန်.... (မှန်ပါ)။ သဘောပါကြပလား.... (ပါပါပြီ)။

ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်သည်ကားလို့ဆိုယင် ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ပုဂ္ဂိုလ်ပဲ၊ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်, ပုဂ္ဂိုလ်မွန်ပဲလို့ ဆိုထိုက်ကြပလား.... (ဆိုထိုက်ပါပြီ)။ တခြားသော ပုဂ္ဂိုလ်တွေကတော့ ဒီဒုက္ခပြီး ဟိုဒုက္ခတွေ ဆက်ထမ်းနေရတဲ့အတွက် လူတိုင်းထဲကပဲလို့ မဆိုနိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်)။ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ရဟန္တာပုဂ္ဂိုလ် သေလို့ရှိယင်ဖြင့် ဘာမှမဖြစ်ဘာလား၊ ဒုက္ခသိမ်းတဲ့ သဘောသို့ သက်ရောက်တာလား.... (ဒုက္ခသိမ်းတဲ့ သဘောသို့ သက်ရောက်တာပါ)။ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်.... ဒုက္ခသိမ်းဘာပါဘုရား)။ အဲ....နိဗ္ဗာန်ဆိုတာ ဒုက္ခသိမ်းတာပဲလို့ဆိုတာ ဦးဘာအုန်းတို့ သေသေချာချာမှတ်ပါတဲ့.... (မှန်ပါ)။

ကိုင်းဒါဖြင့် ဘာ့ကြောင့်တုံးလို့ မေးတော့ ခုနင်က တရားချီးကတည်းက ပါခဲ့ပြီ ဒကာ, ဒကာမတို့၊ ဒီဘဝမှာ ဒကာ, ဒကာမတို့၏ နောက်ဆုံးစိတ် ဒုက္ခ ဘယ်ဟာပါလိမ့် မတုံးလို့ ဆိုတော့ သေတဲ့ ဒုက္ခ.... (မှန်ပါ)။ ပုထုဇဉ်

http://www.dhammadownload.com



များကျတော့ သေတဲ့ဒုက္ခပြီးတော့ ဝမ်းခေါင်းထဲ ပဋိသန္ဓေနေရတဲ့ ဒုက္ခ ဆက်မလာဘူးလား- (ဆက်လာပါတယ်) အပါယ်ဖြင့် အပါယ်ရောက်ရတဲ့ ဒုက္ခဆက်မလာဘူးလား.... (ဆက်လာပါတယ်)။ ကြောင်.... ပုထုဇဉ်များတော့ ဒုက္ခပြီး ဒုက္ခဆက်တယ်-(မှန်ပါ)

ပုထုဇဉ်ကတော့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ.... (ဒုက္ခပြီး ဒုက္ခဆက်ပါတယ်)။

မှတ်ထား- မှတ်ထား—မှတ်ထား။ ပုထုဇဉ်ကတော့ တစ်ခုသော ဒုက္ခပြီးယင် တစ်ခုသော ဒုက္ခဆက်ပြီးသကာလ ထမ်းရပါတော့တယ်ဆိုတာ ငြင်းဖို့ လိုသေးသလား- (မလိုပါဘုရား)။

ကဲ....ဒါက ရဟန္တာပုဂ္ဂိုလ်၏ စုတိနော်.... (မှန်ပါ)။ နောက်ဆုံးပိတ်စိတ်၊ နောက်ဆုံးပိတ်စိတ်သည် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်ကျရော....ပဋိသန္ဓေစိတ်လာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် ဒီရဟန္တာပုဂ္ဂိုလ်သေပြီး ဘာဖြစ်သေးသတုံး မေးလို့ ဘာမှ ဘာဖြစ်ဘယ်လို့ မယူနဲ့ ဒကာ, ဒကာမတို့နော်.... (မှန်ပါ)။ ဖြစ်ဘယ်ဆိုယင် သဿတဒိဋ္ဌိဘက် သွားလိမ့်မယ်.... (မှန်ပါ)။

ဒါကြောင့် ဒီရဟန္တာပုဂ္ဂိုလ် ဘယ်များ ကြွသွားပါလိမ့်မလဲ— နောက်ဆုံးပိတ်ဘဝ ဘယ်များကြွသွားပါလိမ့်မလဲလို့— ကြွသွားပါလိမ့်မလဲကို မမေးနဲ့.... (မှန်ပါ)။ ကြွသွားတယ်ဆိုယင် သဿတဒိဋ္ဌိ.... (မှန်ပါ)။ ရှင်းပလား....(ရှင်းပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဒီပုဂ္ဂိုလ် ဘယ်မှ မကြွတော့ဘူးလားလို့ မေးသို့ ရှိယင်ဖြင့် ဘယ်မှမကြွဘူးဆိုလို့ ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားမယ်.... (မှန်ပါ)။ ရှင်းပြီနော်....(ရှင်းပါပြီ)။ နိဗ္ဗာန်ကြွသွားပြီဆိုတော့လဲ.... (သဿတဒိဋ္ဌိ ဖြစ်ပါတယ်)။

အဲဒါ ဓာ်ချို့က နိဗ္ဗာန်ကြွသွားပြီလို့ ဆိုချင်ဆိုဘတ်တယ်၊ ကြွသွားတယ်ဆိုတာ တစ်လမ်းပြီး တစ်လမ်း ကြွတာကို ဆိုပါတယ်...(မှန်ပါ)။ သဘောကျပါလား.... (ကျပါပြီ)။ အရှင်ဘုရားတို့တော့ အေးပြီ။ ဒီဘာ စုတေသေသွန်ယင် နိဗ္ဗာန်ကြွရိုးရှိတော့တယ်....(မှန်ပါ)။ ဟာ.... နိဗ္ဗာန်ကြွတဲ့ ပုဂ္ဂိုလ်ဖြစ်ရဦးတော့ မလိုလို....(မှန်ပါ)။

ဘယ်လောက် ဒီဟာအရုပ်ဆိုး အကျည်းတန်ပြီးသကာသမ့်သိမှုတွေကသဲ တကာကြွယ် များပြားနေတယ်... (မှန်ပါ)။ အခု သေသေချာချာ ရှင်းတော့မှ ရဟန္တာပုဂ္ဂိုလ် စုတိပြီးတော့ ဘာ့တွေသိမ်းသွားသည်....(ဒုက္ခသိမ်းသွားပါတယ်)။

ပုထုဇဉ် ပုဂ္ဂိုလ်များကတော့ ဒီဘဝစုတိပြီးသော့ နောက်ဘဝတွေ ဖြစ်သေးသတုံး ဆိုတော့ ဒီဘဝ ဒုက္ခပြီး နောက်ဘဝဒုက္ခ ပြန်ဖြစ်တာပဲ.... (မှန်ပါ)။ ဒုက္ခပြန်ဆက်တယ်.... (မှန်ပါ)။

ရဟန္တာ ပုဂ္ဂိုလ်ကတော့ ဒီဘဝဒုက္ခပြီးတော့ နောက်ဘာဒုက္ခတွေထမ်းပိုး နေသေးသလား.... (မပိုးပါဘုရား)။ ဒါဖြင့်သူက ဒုက္ခသိမ်းတဲ့ ပုဂ္ဂိုလ် (မှန်ပါ)။ ပုထုဇဉ်က ဒုက္ခဆက်တဲ့ ပုဂ္ဂိုလ်.... (မှန်ပါ)။ ရဟန္တာပုဂ္ဂိုလ်က.... (ဒုက္ခသိမ်းတဲ့ ပုဂ္ဂိုလ်ပါ)။

http://www.dhammadownload.com



ဟာ....ဒါဖြင့် အားလုံး တရားတစ်ပွဲလုံး မေးလိုက်ပါ တယ် ဒကာ, ဒကာမတို့၊ ရဟန္တာ ပုဂ္ဂိုလ်သေတဲ့အခါ ဘယ် များကြွသွားသတုံးမေးတဲ့အခါ ဘယ်နှယ်ဖြေမတုံး.... (ဒုက္ခ ချုပ်သွားပါတယ်ဘုရား)။ ဒုက္ခသိမ်းသွားပါတယ် ဆိုတာ သာ တစ်ပြိုင်နက်အသံထွက်ပါတော့....(မှန်ပါ)။ရှင်းပလား.... (ရှင်းပါပြီ)။

ဘယ်များ ကြွသွားပါလိမ့်.... (ဒုက္ခသိမ်းသွားတာပါ ဘုရား)။ ဘယ်မှမကြွဘူး၊ ဒုက္ခတွေသိမ်းသွားတာပဲ.... (မှန် ပါ)။ သူ့ဒုက္ခတွေ သူ့မဂ်ဉာဏ်နဲ့ သူသိမ်းသွားတော့ဘယ် ဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါ)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ဒုက္ခသိမ်းတာသည် ကျုပ်တို့ အခုမဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအောင် လုပ်နေကြတဲ့ ဒုက္ခ သိမ်းချင်လို့လုပ်တာ.... (မှန်ပါ)။ ရှင်းပလား....(ရှင်းပါပြီ)။

ကျုပ်တို့ အခု အလုပ် လုပ်နေကြတဲ့ ဒကာ, ဒကာမတွေ ဘယ်အကျိုးငှာ အလုပ် လုပ်နေကြတာပါလိမ့်.... (ဒုက္ခသိမ်း ချင်လို့ လုပ်တာပါဘုရား)။

ဪ...ဒါကြောင့် ဒကာ, ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဒုက္ခသိမ်းတာ နိဗ္ဗာန်ပဲ.... (မှန်ပါ)။

နိဗ္ဗာန်ဆိုတာ....(ဒုက္ခသိမ်းတာပါ ဘုရား)။ တကာကြွယ် တို့၊ ဦးလှဖူးတို့ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ဒကာ, ဒကာမတို့၊ ရဟန္တာ ပုဂ္ဂိုလ်သေတော့ ပြတ်သွားသလားတဲ့၊ ဒုက္ခသိမ်းခြင်းသို့ရောက် သွားသလား.... (ဒုက္ခသိမ်းခြင်းသို့ ရောက်သွားပါတယ်)။

http://www.dhammadownload.com



ဒါဖြင့် ပြတ်သွားတာကော ဟုတ်ကဲ့လား.... (မဟုတ်ပါ ဘုရား)။ သူသည်ကား ဒုက္ခဇာတ်သိမ်းသွားရှာပြီလို့ မဆို ထိုက်ဘူးလား... (ဆိုထိုက်ပါတယ်)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ရဟန္တာသေလို့ ရှိယင်ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်သဘော ရောက်သွားတယ်.... (မှန်ပါ)။ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒုက္ခသဘောမှ သုခသဘောသို့ သက်ရောက်သွားတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။ ဒုက္ခချုပ်၍ သုခပေါ်လာတာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

ဩော်.... နိဗ္ဗာန်ဆိုတာ ဘာမှ အထူးတလည် တွေးမနေကြပါနဲ့ ဒုက္ခခပ်သိမ်းငြိမ်းအေးတဲ့ သဘောဟာဘာပါလိမ့်.... (နိဗ္ဗာန်ပါဘုရား)။ ရှင်းပြီနော်.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်များသည် ဘာများဖြစ်သွားသတုံး လို့ မေးလို့ရှိယင် ဒုက္ခသိမ်းသွားတာပဲလို့ ဖြေရမယ်.... (မှန်ပါ)။ ရှင်းပလား.... (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ, ဒကာမတွေ၊ ဒီနိဗ္ဗာန်ကို ယှဉ်နေစပြီး ပြောရခြင်းဟာဏ မနေ့ကလဲ ကတိကဝတ် ထားခဲ့ရတယ်၊ နက်ဖြန် နိဗ္ဗာန်ပြောမယ်လို့ ဆိုတာ ဒီနိဗ္ဗာန်ဟာ ဝတ္ထုမပါဘဲနဲ့လဲ ရဟန္တာ ပရိနိဗ္ဗာန်စံတဲ့ အခါကျတော့ ဘာများ ဖြစ်သွားသတုံးလို့ မေးယင် ဘယ်နှယ်ဖြေကြမတုံး.... (ဒုက္ခသိမ်းသွားပါတယ်ဘုရား)၊ ပုထုဇဉ်များသေတဲ့ အခါကျတော့ ဘယ်လိုများ ခင်ဗျားတို့ မှတ်ကြမလဲ.... (ဒုက္ခ ဆက်ပါတယ်ဘုရား)။ ဒုက္ခဆက်တယ်....(မှန်ပါ)။ ရှင်းကြ

http://www.dhammadownload.com



ပလား.... (ရှင်းပါပြီ)၊ ဒုက္ခဆက်တာနဲ့ ဒုက္ခသိမ်းတာ မခြား နားဘူးလား.... (ခြားနားပါတယ်)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ရှင်သာရိပုတ္တရာသီတင်း သုံးနေတယ်၊ ရဟန်းငယ်တစ်ပါးကလဲ သူ့ဘွဲ့က ယမကတဲ့.... (မှန်ပါ)။

ယမကဟာ သူ့စိတ်ထဲမှာ အကြံ ပေါ်ပေါက်လာတယ်၊ သြော်....ရဟန္တာများ သေသွားတဲ့ အခါကျလို့ရှိယင် ဘာမှ မဖြစ်တော့ဘူးတဲ့ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ သူယူပစ်လိုက်တယ်.... (မှန်ပါ)။ မယူလိုက်ဘူးလား.... (ယူလိုက်ပါတယ်ဘုရား)။ ဘာဒိဋ္ဌိယူလိုက်ပါလိမ့်....(ဥစ္ဆေဒဒိဋ္ဌိယူလိုက်ပါတယ်)။

ဒုက္ခ သိမ်းသွားတယ်လို့ သူက မယူဘူး.... (မှန်ပါ)။ ရဟန္တာသေယင် ပျောက်သွားတာပဲ၊ ဆေးခိုးလို ပျောက် သွားတာပဲဆိုတော့ ဘာဒိဋ္ဌိထဲ သက်ရောက်သလဲ- (ဥစ္ဆေဒ ဒိဋ္ဌိထဲသက်ရောက်ပါတယ်)၊ သေသေချာချာမှတ်ပါ၊ ဒကာ၊ ဒကာမတို့နော်- (မှန်ပါ)။

ဥစ္ဆေဒဒိဋ္ဌိသက်ရောက်သွားတဲ့အခါကျတော့ သူက သူ့ဝမ်း ထဲတွင် ယူတဲ့လူက ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူး- (မှန်ပါ)။ ဟိုမှာ ဘာမှမဖြစ်တာ မဟုတ်ဘဲ ဒကာ၊ ဒကာမ တို့၊ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့ သဘော ဖြစ်သွားတာ ပေါ့-(မှန်ပါ)။

နဂိုက-ဥပမာ တကာကြွယ်က အနာကြီး ပေါက်နေတယ်။ နာလိုက်တာဘုရား၊ တပည့်တော်ဖြင့် ဒီဝေဒနာနဲ့ပဲ သေလိမ့် မယ်ထင်တယ်။ နောက်တော့ ဆေးကောင်း၊ ဝါးကောင်းနဲ့

http://www.dhammadownload.com



တွေ့တဲ့အခါကျတော့ တကာကြွယ် ဒီအနာကြီး ပျောက်သွားတယ်- (မှန်ပါ)။ ဒါဖြင့် အနာပေါက်တာနဲ့ အနာပျောက်တာဟာ မထူးခြားဘူးလား.... (ထူးခြားပါတယ်)။ အနာပေါက်တာသည် ဆင်းရဲတယ်-(မှန်ပါ)။ အနာပျောက်တာသည်-(ချမ်းသာပါတယ်)။

ဒီမှာလဲ ခန္ဓာဒုက္ခဖြစ်တာသည် ဆင်းရဲတယ်၊ ခန္ဓာဒုက္ခကြီးချုပ်ငြိမ်းသွားလို့ရှိယင်ဖြင့်ချမ်းသာဘယ်-(မှန်ပါဘုရား)။ အနာပေါက်တာနဲ့ အနာပျောက်တာလိုပဲ ကွာခြားပါတယ်-(မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီ)။

ကောင်းပြီ၊ ခန္ဓာဝန်ထမ်းသမားသည် ဒုက္ခနဲ့ မခွဲရသောကြောင့် ဒုက္ခတွေ ရှုပ်နေတယ်-(မှန်ပါ)။ နောက်ဒီဒုက္ခတွေ၊ ကိလေသာတွေ၊ ခန္ဓာတွေ ငြိမ်းသွားတော့ လောင်စာနဲ့ မီးသိမ်းတဲ့သဘောလောက် မရောက်ဘူးလား- (ရောက်ပါတယ်)။ ဒါဖြင့် ငြိမ်းအေးမှုငြိမ်းအေးပါ့မလား -(ငြိမ်းအေးပါတယ်)။

ဩော်.... ဒါဖြင့်ယင် ရဟန္တာ သေတာ ငြိမ်းအေးခြင်းသဘော ရောက်သွားတယ်- (မှန်ပါ)။ သဘောကျပလား-(ကျပါပြီ)။

အဲဒီလိုမယူတဲ့နဲ့ ယမက၊ က ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုပြီး သူက ဒီအယူဖောက်ပြန်သွားတယ်- (မှန်ပါ)။ ဖောက်ပြန်သွားတော့ ဘေးက ရဟန်းတွေက ဆုံးမကြတယ်။ ယမက သေယင် မင်းက ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဥစ္စာ မင့်အယူဟာ ဥစ္ဆေဒဒိဋ္ဌိပါကွ၊ ဒီအယူ မယူပါနဲ့ကွ ဆိုတော့ဟာ-မဟုတ်ဘူး တပည့်တော် ဒီလိုပဲ သဘောကျတယ်။ ဒီလိုယူရမှာပဲ၊ ရဟန္တာသေယင် ဘာမှမဖြစ်ဘူးတဲ့- (မှန်ပါ)။

http://www.dhammadownload.com



ဒီလိုယူတော့ ရဟန်းတွေက ပြောကြ ဆိုကြ ဆုံးမကြပြောသော်လဲ တကာကြွယ် သူ့အယူ မစွန့်ပါဘူး- (မှန်ပါ)။ မစွန့်တော့ ရဟန်းတွေက သူတို့ ပြောမရတာနဲ့ ရှင်သာရိပုတ္တရာ သွားပြောကြတယ်၊ အရှင်ဘုရား၊ ယမက တော့ ဥစ္ဆေဒ ယူနေပြီဘုရား၊ ရဟန္တာသေယင် ဘာမှမဖြစ်ဘူးချည်းတဲ့ ပြောနေတယ်- (မှန်ပါ)။ သြော်.... ဒီကိုယ်တော်ဟာ ဥစ္ဆေဒဒိဋ္ဌိ စွဲနေပါပေါ့လားလို့ ရှင်သာရိပုတ္တရာက သိတယ်–(မှန်ပါ)။

ထိုကဲ့သို့ သိတဲ့အခါကျတော့ ကဲကွာ ငါပဲ ဆုံးမပါမယ် ဆိုပြီး ရှင်သာရိပုတ္တရာက ညနေကျတော့ ယမကနေတဲ့ကျောင်း သို့ သွားတယ်- (မှန်ပါ)။ ယမက ရဟန္တာသေယင် ဘာဖြစ် သတုံးကွလို့ မေးတယ်- (မှန်ပါ)။ ဒီတော့ ယမက က ရဟန္တာ သေယင် ပျောက်ပျက်သွားတယ်၊ ဘာမှ မဖြစ်တော့ဘူးတဲ့။ ဒီတော့ ရှင်သာရိပုတ္တရာက သြော်.... မင့်ဟာ မိစ္ဆာဒိဋ္ဌိအယူ၊ ဥစ္ဆေဒဒိဋ္ဌိ အယူပါလား–(မှန်ပါ)၊ ဆိုပြီး သကာလ ဒကာ, ဒကာမတို့ ရဟန္တာ ဆိုတဲ့ ဥစ္စာ အခေါ်ပဲနော်- (မှန်ပါ)။ တကယ် ရှိတာလား၊ အခေါ်ပဲလား- (အခေါ်ပါဘုရား)။ ရှိတာ ပြောကြပါစို့ ဆိုတော့ ခန္ဓာငါးပါး- (မှန်ပါ)။

ရှိတာ ပြောကြပါစို့- (ခန္ဓာငါးပါး)။ အဲ-ဒကာ, ဒကာမ တို့ ရဟန္တာ ခေါ်လို့ရရဲ့လား-(မရပါဘူး)၊ ဝေဒနာကိုကော- (ခေါ်လို့မရပါဘုရား)၊ သညာကိုကော- (မရပါဘုရား)။ သင်္ခါရက္ခန္ဓာတွေကော- (မရပါ ဘုရား)။ စိတ်ကိုကော ရဟန္တာခေါ်လို့ကို ရရဲ့လား- (မရပါဘုရား)။ ဒါဖြင့် သူက ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူးဆိုတော့ သူ့စကားဟာ မရှိတာဟာ မရှိဘူးပြောတာနဲ့ တယ်တူနေတာပဲ- (မှန်ပါ)။

နဂိုကမှ မရှိတာ နောက်ဘာမှ မရှိဘူးပြောတော့ ဘာထူးသေးသတုံး-(ဘာမှမထူးပါဘုရား)။ နဂိုတုန်းက ရဟန္တာမှမရှိတာကို မရှိတာ ကိုထားတယ်-(မှန်ပါ)။ မရှိတဲ့ပစ္စည်းသည် ပျောက်ပျက်သွားတယ် ဆိုတော့ ဒီစကားဟာ မမှန်တဲ့ စကားဘဲ-(မှန်ပါ)။

**မရှိတဲ့ပစ္စည်း** ပျောက်ပျက်သွားတယ်ဆိုတော့ တကာသစ် **ကိုယ့်အိမ်ရှေ့မှာ** ကိုယ်သုံးကြည့်ပါ၊ ကိုယ့်အိမ်မှာ မရှိတဲ့ပစ္စည်း ပျောက်သွားတယ်ဟေ့၊ ဒီစကား သုံးထိုက်, မသုံးထိုက်-(မသုံးထိုက်ပါဘုရား)။

တကာကြွယ်တို့ အိမ်မှာ သုံးကြည့်စမ်း၊ ငါ့အိမ်မှာဟေ့ နဂိုကလဲ မရှိဖူးဘူး၊ ဒီပစ္စည်းဟာ အခုပျောက်သွားတယ်ကွလို့ ပြောယင် အဖေ ရူးသလား လို့တောင် မေးကြလိမ့်မယ်-(မှန်ပါ)၊ မေးမလား, မမေးဘူးလား - (မေးမှာပါ)။

ဒီမှာလဲ ဟူတာ အရူးသဘောက၊ ဥစ္ဆေဒဒိဋ္ဌိ အရူးသဘောက ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုတော့ ဒီထဲ ရဟန္တာဘော ပါရဲ့လား - (မပါပါဘုရား)။ နို့ ဘာမှမဖြစ်ဘူးဆိုတဲ့ စကား သုံးစရာဘော ရှိရဲ့လား - (မရှိပါဘုရား)။

အဲဒါကြောင့် ယမကကို ဥစ္ဆေဒဒိဋ္ဌိ အရူးထပြီကွဆိုတာ မပြောထိုက်ဘူးလား - (ပြောထိုက်ပါတယ်ဘုရား)။

ကိုင်း ယမက မင်းကို ငါမေးမယ်ကွာ၊ နားထောင်စမ်းပါဦး ဆိုပြီး ရုပ်တရားပဲ ရဟန္တာ ဆိုမလားလို့ မေးလိုက်တယ် - (မှန်ပါ)။ မဟုတ်ပါဘူးဘုရားဟု ယမကက ဖြေတယ်-(မှန်ပါ)။

http://www.dhammadownload.com



ဒီလိုဖြေတာနဲ့ပဲ သူသည်ကားလို့ဆိုယင် 'ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ဝေဒနာယပိ နိဗ္ဗိန္ဒတိ' ဆိုတဲ့ အတိုင်း သူဒီလိုပဲ မေးရင်း မေးရင်း ဝေဒနာက္ခန္ဓာပေါ်မှာ ဖြစ်ပျက်တွေ မြင်ပြီးတော့ မုန်းလာတယ် (မှန်ပါ)။ မုန်းပြီးတော့ ဝေဒနာက္ခန္ဓာတွေကို သူသည် ဒုက္ခသစ္စာပဲ မလိုချင်တော့ပါဘူးဆိုပြီး ဖြစ်ဒုက္ခ,ပျက်ဒုက္ခပါပဲဆိုပြီး ဆုံးဖြတ်ချက်ချပြီး ရှုလိုက်တော့ သူသောတာပန်တည်တယ်-(မှန်ပါ)။

ကိုင်း....ဒါဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ရှုပြီး သစ္စာမြင်လိုက်တာနဲ့ ယမက ဘာဖြစ်သွားသတုံး- (သောတာပန်တည်ပါတယ်)။

အဲဒါကြောင့် ခင်ဗျားတို့လဲ ဝေဒနာကို ဖြစ်ပျက်ရှုပါ- (မှန်ပါ)။ စိတ်ဖြစ်ပျက်ရှုပါ၊ ရှုကြဘာရှု (မှန်ပါ)။ ရှုလို့ ဖြစ်ပျက်မြင်ယင် ယထာဘူတဉာဏ်-(မှန်ပါ)။ ဖြစ်ပျက်မုန်းယင်- (နိဗ္ဗိန္ဒဉာဏ်ပါ)၊ ဟာ-ဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာတွေပဲလို့ ပိုင်ပိုင်နိုင်နိုင် သိလို့ ဆုံးသွားယင်- (မဂ်ဉာဏ်ပါ)။ ဆုံးသွားတာမြင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်မရပေဘူးလား- (ရပါတယ်ဘုရား)။

အဲဒါ ယမကလဲ ဒီအတိုင်းလာတာပဲ- (မှန်ပါ)၊ ရသွားတော့ ရှင်သာရိပုတ္တရာက ရပ်မိတယ်။ ငါ့ရှင် ယမကဟာ နဂိုတုန်းက ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်, ယခုအခါ သူသောတာပန်တည်သွားပြီဆိုတော့ သောတာပန်တည်ပြီးမှ မေးပြန်တယ်— (မှန်ပါ)။

ယမက ခန္ဓာငါးပါးရှိတယ်ကွ၊ အဲဒီမှာ ရုပ်တရားကို ရဟန္တာလို့ ဆိုမလားလို့ မေးလိုက်တယ်၊ မဆိုရပါဘူးဘုရား

http://www.dhammadownload.com



တဲ့-(မှန်ပါ)။ ဝေဒနာတရားကို ရဟန္တာလို့ ဆိုကြမလား-(မဆိုရပါဘူး ဘုရား)။ စိတ်တရားကိုရဟန္တာလို့ဆိုကြမလား-(မဆိုရပါဘုရား)၊ ခန္ဓာငါးပါးကို ရဟန္တာလို့ ဆိုနိုင်ကြပါ့မလား- (မဆိုနိုင်ပါဘုရား)၊ တစ်ခါသွားပါဦး၊ ခန္ဓာငါးပါးကို ကြည့်လို့ကော ရဟန္တာလို့ ဆိုနိုင်ပါ့မလား- (မဆိုနိုင်ပါဘုရား)၊ ခန္ဓာငါးပါး ကြည့်ပြန်တော့လဲ ရဟန္တာလို့ဆိုစရာရှိပါ့မလား- (မရှိပါဘုရား)၊ ဒါဖြင့်ကွာ မင်းသည်ကား လို့ဆိုယင် ခန္ဓာငါးပါး အပေါင်းကိုကော ရဟန္တာလို့ ဆိုမလားတဲ့- (မဆိုရပါဘုရား)၊ မဆိုနိုင်ဘူးလို့ ယမကက ဖြေတယ်၊ ဒီဒကာ၊ ဒကာမတွေအခုဖြေသလိုဖြေတာပဲ- (မှန်ပါ)။

ဒါဖြင့် ရူပက္ခန္ဓာမှ တစ်ပါးသော တရားကို ရဟန္တာ ဆိုမလားတဲ့- (မဆိုနိုင်ပါဘုရား)။ ဝိညာဏက္ခန္ဓာမှ တစ်ပါးသော တရားကို ရဟန္တာဆိုမလား- (မဆိုနိုင်ပါဘုရား)။

အဲ....ယမက ဒီအတိုင်း ဖြေတော့ ဩော်....ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားသာ ရှိတယ်လို့ သူသိမနေသေးဘူးလား-(သိပါတယ်)၊ ယမကဟာ သိနေပါပြီ ဒကာ၊ ဒကာမတို့-(မှန်ပါ)။

ဒါဖြင့်...ကွာတဲ့၊ မင်း၊ အခုယူတာတွေဟာ အကုန်မှန်ပြီး သကာလ နေတယ်၊ နဂိုတုန်းကတော့ မင်းဟာ ရဟန္တာသော ယင် ဘာမှမဖြစ်တော့ဘူး၊ ပျက်တာဖဲ့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူကြီးဟာ မင်းဘယ့်နှယ်ကြောင့် နဂိုအယူသတုံးတဲ့- (မှန်ပါ)။ အရှင်ဘုရားတည်းဟူသော သစ္စာဟောတတ်တဲ့ ဆရာသမား မတွေ့ခင်တုန်းက ယူတာပါဘုရားလို့လျှောက်တယ်-(မှန်ပါ)။ ရိပ်မိပလား-(ရိပ်မိပါပြီ)။

http://www.dhammadownload.com



အရှင်ဘုရား တည်းဟူသော အသံဥာဏ်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ မပေါင်းသင်းခင်တုန်းက နဂိုက ယူတဲ့ ဒိဋ္ဌိအယူပါဘုရားလို့ ဖြေလိုက်တယ်-(မှန်ပါ)။

ကိုင်း....ထာဝစ္ စ္ဘာဝရကြာ၊မင်းသည့်ကာ းလို့ဆိုယင်ဝိပဿနာ ရှုလိုက်တာနဲ့ အခု သောတာပန်တည်ပြီ၊ သို့သော်လဲ ငါ မကျေနပ်သေးဘူးကွ၊ မင်းကို မေးရဦးမယ်၊ 'ဖွတ်မြီးနဲ့ ဖွတ် ချည်' ဆိုတဲ့လောတီပုံပြင်အတိုင်းလိုပေါ့ဗျာ-(မှန်ပါ)။ အခုလဲ မင်းသောတာပန်တည်ပြီ၊ မင်းကို တခြားသော ပုဂ္ဂိုလ်များက ရဟန္တာသေယင် ဘယ်သွားသတုံးလို့ မင်းကိုမေးယင် မင်းက အဖြေထွက်စမ်းတဲ့-(မှန်ပါ)။

တတာကြွယ်တယ်အဖိုးတန်တဲ့ စကားပါလား-(မှန်ပါ)။ သူနဂိုတုန်းက မှားနေတာကိုး၊ သူ့အမှားကို သူ့အပြင်ခိုင်း တာပဲ-(မှန်ပါ)၊

အရှင်ဘုရားတဲ့၊ ရဟန္တာသေယင် ဘယ်သွားသတုံးလို့ မေးလို့ရှိယင် တပည့်တော်က ဝေဒနာတရားဟာ အနိစ္စဖဲလို့ တပည့်တော်ဆိုပါမယ်-(မှန်ပါ)။ ရဟန္တာ ဒိဝေဒနာကန္ဓာ စသည်တွေကို ဖြေရမှာပေါ့ဗျာ- (မှန်ပါ)။ ဝေဒနာတရား ဟာ အနိစ္စပဲ၊ ၎င်းအနိစ္စတရားဟာ ဒုက္ခပဲ၊ အဲဒီ ဒုက္ခ တရားဟာ ကုန်ပြီလို့ ဖြေရုံပါပဲ- (မှန်ပါ)။ ရိပ်မိပလား- (ရိပ်မိပါပြီ)။

http://www.dhammadownload.com



စိတ်တရားဟာ အနိစ္စပဲနော် (မှန်ပါ)။ အနိစ္စ တရားကို ဒုက္ခလို့ မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်)။

ဒါဖြင့် ရဟန္တာများ သေတဲ့အခါ ဘယ်သွားသတုံးဆို တော့ ဒုက္ခဆုံးသွားတယ်လို့ ဆိုရုံပါပဲ (မှန်ပါ)။ တပည့် တော် ဒီအတိုင်း ဖြေပါ့မယ်ဘုရားလို့ ယမကက ဖြေလိုက် တယ်- (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲ- (ဒုက္ခဆုံးတာပါ ဘုရား)။

အနိစ္စတရားဟာ ဒုက္ခ မဖြစ်ဘူးလား- (ဖြစ်ပါတယ်)၊ အဲဒီဒုက္ခတွေ ချုပ်ငြိမ်းသွားတာ ဘာခေါ်ကြမယ်- (နိဗ္ဗာန် ပါဘုရား)၊

ဩော်....နိဗ္ဗာန်ဆိုတာ ဒကာ, ဒကာမတို့၊ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတာ ဘာခေါ်ကြမယ်-(နိဗ္ဗာန်ပါဘုရား)၊

ဒါဖြင့် ယမက,က သူကိုယ်တိုင်၊ နိဗ္ဗာန်ကို သူကိုယ်တိုင် မဖြေဘူးလား- (ဖြေပါတယ်)၊ ခန္ဓာငါးပါးဟာ အနိစ္စ တရားပါဘုရား၊ ၎င်းအနိစ္စတရားဟာ ဒုက္ခပဲ၊ အဲဒီဒုက္ခ ကုန် ဆုံးသွားတယ်လို့ ဖြေရုံပါပဲတဲ့၊ ရဟန္တာသေသော် ဘာမှ မဖြစ်ဘူးလို့ မဖြေပါဘူးတဲ့- (မှန်ပါ)။ သဘောပါပလား- (ပါပါပြီ)။

ခန္ဓာငါးပါး တရားဟာ ဘာတရားတဲ့-(အနိစ္စတရားပါ)၊ ၎င်းအနိစ္စတရားဟာ ဒုက္ခသား, သူ့ခလား- (ဒုက္ခပါ)၊ ဒုက္ခ တွေဆုံး သွားတာသည် ရဟန္တာသေလို့ရှိယင်ဖြင့် ဒုက္ခဆုံးတာပဲ

http://www.dhammadownload.com



ဆိုရပါပဲ-(မှန်ပါ)၊ ခင်ဗျားတို့လဲ ဒီအတိုင်း အားထုတ်ယင် နုက္ခဆုံးတာ ရကြမှာပဲ- (မှန်ပါ)။ သဘောကျပလား- (ကျပါပြီ)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ဖြစ်ပျက် မြင်အောင်ရှု- (မှန်ပါ)။ ဖြစ်ပျက်မှုန်းအောင်- (ရှုရပါမယ်)၊ ဖြစ်ပျက်- (ဆုံးအောင် ရှုရပါမယ်)၊ ဖြစ်ပျက်ဟာ ဘာသစ္စာပါလိမ့်- (ဒုက္ခသစ္စာပါ)၊ အဲဒီဒုက္ခဆုံးယင်ဖြင့် ခင်ဗျားတို့ ရှုနေတဲ့ ဉာဏ်ဟာ ဘာတွေ့ရမတုံး- (နိဗ္ဗာန်တွေ့ရပါမယ်)၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မတွေ့ပေဘူးလား- (တွေ့ပါဘယ်)၊ ဒုက္ခအဆုံး မတွေ့ပေဘူးလား- (တွေ့ပါတယ်)၊ အဲဒီတွေ့သည့်အိုင်အောင် အားထုတ်လို့ ရှိယင်ဖြင့်ပထမတွေ့ယင်သောတာပန်-(မှန်ပါ)။ ဒုတိယတွေ့ယင် သကဒါဂါမ်၊ တတိယ တွေ့ပြန်လို့ ရှိယင် (အနာဂါမ်ပါ)။ စတုတ္ထတွေ့ပြန်ပြီဆိုယင်(ရဟန္တာပါဘုရား)၊ ရဟန္တာပဲဆိုတော့ ဒုက္ခ အဆုံးတွေ့အောင် လိုက်ဖို့ရာသည် ဒုက္ခရှိတဲ့နောက်လိုက်သွား-(မှန်ပါ)။

တုံးတွေ့တယ်ဆိုယင် တုံးနောက်ကို ထကာသစ်ကာ လိုက်သွားတာပေါ့၊ တုံးအရှည်အတိုင်း လိုက်သွားယင် တုံးအဆုံးကို- (တွေ့ရပါမယ်)၊ တုံးရှိနေယင် တုံးအဆုံး ရှိတာပေါ့- (မှန်ပါ)၊

ဒီမှာလဲခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ အဲ့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာ,ဒုက္ခသစ္စာလို့ ဉာဏ်နဲ့ကြည့်ပြီး

http://www.dhammadownload.com



တော့ လိုက်သွားယင် ဒုက္ခ ဆုံးတာတွေ့မှာပဲ- (မှန်ပါ)။ ဒုက္ခဆုံးတာတွေ့တော့ ဆုံးတာက နိရောဓသစ္စာ, တွေ့တာက မဂ္ဂသစ္စာ- (မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)၊ သေတာက သမုဒယ သစ္စာ, နောက် ခန္ဓာတွေ မလာတာကလဲ အနုပါဒိသေသ နိရောဓသစ္စာ- (မှန်ပါ)။ ရိပ်မိမလား- (ရိပ်မိပါပြီ)၊

ကိုင်း ယနေ့ ဒီတွင်တော်ကြစို့....

သာဓု ...သာဓု...သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့ - ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ကံကောင်းလို့ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ မယူပါနှင့်

# အလုပ်ပေးတရားတော်

[၆-၈-၁၉၆၁]

ဒကာ, ဒကာမတို့၊ သတ္တဝါဟာ မှားတာကို မှားမှန်း မသိလို့ ပြင်မယ်ဆိုတဲ့စိတ် ဘယ်တော့မှ မပေါ်လာဘူး- (မှန်ပါ)။

အဲဒါ ဘုရားတစ်ဆူ တစ်ဆူ ပွင့်တော်မူလို့ သာသနာ ထားခဲ့သို့ အားလုံးသော ပုဂ္ဂိုလ်တွေကို ကယ်တင် ညွှန်ပြတဲ့ ဟောတတ်တဲ့ ပုဂ္ဂိုလ်လဲ ပေါ်ပါမှ၊ သြော်.... မှားနေပါ ကလား၊ ပြင်မှတော်မယ်ဆိုတဲ့စိတ်ဟာ ပေါ်လာကြရတယ်- (မှန်ပါ)။

နို့မဟုတ်ယင်ဖြင့် သတ္တဝါတွေဟာ ရုပ်နာမ် ဓမ္မတွေကို နိစ္စတွေပဲ၊ သုခတွေပဲ၊ အတ္တတွေပဲ၊ သုဘတွေပဲလို့ အမှား တွေနဲ့သာ နှစ်မွန်းပြီး ဒီဟာတွေကို ကျော်မထွက်တော့ဘူး။

http://www.dhammadownload.com



ဒီဟာတွေဟာ အနိစ္စတွေပဲ၊ဒုက္ခတွေပဲ၊ အနတ္တတွေပဲ အသုဘတွေပဲလို့ လှည့်ကိုမသွားဘူး–(မှန်ပါ)၊ ဒီလိုနဲ့ပဲ အမှားနဲ့နေပြီး အမှားနဲ့ သေသွားကြတာပဲ-(မှန်ပါ)။

ဘယ်လိုပါလိမ့်.... (အမှားနဲ့နေပြီး အမှားနဲ့ သေသွားကြပါတယ်ဘုရား)။

ဘယ်လိုပါလိမ့်- (အမှားနဲ့နေပြီး အမှားနဲ့သေရပါတယ်ဘုရား)။ ဩော်....ဒါဖြင့် လူ့ပြည် လာလို့ရှိယင် ဒကာ၊ ဒကာမတို့၊ ခေါင်းဆောင်ကောင်းတစ်ယောက်နဲ့ မတွေ့ပြီဆိုမှဖြင့် မိဘရိုးရာ အတိုင်း အမှားနဲ့ နေသွားတာပဲ· (မှန်ပါ)၊ သေတော့လဲ အမှားနဲ့သေသွားတယ်– (မှန်ပါ)၊ ဒါဖြင့် အမှားနဲ့နေ အမှားနဲ့သေဆိုတော့ မှားသော ပုဂ္ဂိုလ်တို့၏ ရောက်ရာဌာနဖြစ်တဲ့ အပါယ်လေးပါးမှ တစ်ပါး လွတ်စရာ အကြောင်းမရှိဘူး- (မှန်ပါ)၊ တကာကြွယ် ရှိပါ့မလား- (မရှိပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ပြင်ပေးမည့်သူ ရှိတုန်းကို ခင်ဗျားတို့က အပြင်ခံကြလို့ရှိယင်ဖြင့် အမှန်နဲ့နေပြီးသကာလ အမှန်နဲ့ သေလို့ရှိယင်ဖြင့် အမှန်ဆိုတာ သမ္မာဒိဋ္ဌိပဲ-(မှန်ပါ)။ အမှန်နဲ့နေပြီး အမှန်နဲ့သေလို့ရှိယင်ဖြင့် အမြင်မှန်နဲ့ သေသွားသောကြောင့် အမြင်မှန် သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ကို ကျေးဇူးပြုတာပဲ–(မှန်ပါ)။

ဒါကြောင့် ယခုနေ့ထည့် ဒကာ, ဒကာမတို့ မနေ့က စ,ထားတဲ့ တရားအတိုင်းပဲ အမှားတွေကို မှားမှန်း သိပြီး သကာလ စိတ်ထဲမှာ ဩော်.... မှားတာဖြင့် ကောန်ပဲလို့ ဆုံးဖြတ်ချက်ချလို့ရှိယင်ဖြင့် အမှန်ကို ဆရာဘုန်းကြီးက တစ်ခါ

http://www.dhammadownload.com



ပြမယ်-(မှန်ပါ)၊ ထိုကဲ့သို့ပြတဲ့ အခါကျတော့ ဒီအမှန်ကိုဖြင့် မရောက် ရောက်အောင် ကြိုးစားမယ်ဆိုပြီး ကြိုးစားလိုက်လို့ ရှိယင်လဲ ဒကာ, ဒကာမတို့ အမည်းရှိယင် အဖြူရှိသလိုပဲ, အပူရှိယင် အအေးရှိသလိုပဲ၊ အမှားရှိယင်ဖြင့်အမှန်ရှိ, အမှန် ရှိလို့ရှိယင်ဖြင့် လမ်းကောင်းမြင်, လမ်းကောင်းမြင်လို့ရှိယင် ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို ဤလမ်းအတိုင်း လျှောက် သွားယင် ရောက်တာပါပဲ- (မှန်ပါဘုရား)၊ ရှင်းပလား- (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ,ဒကာမတို့ ဟောဒီက ယခု ရထားတဲ့ခန္ဓာငါးပါးလို့ မှတ်ထားလိုက်မေ်းပါ- (မှန်ပါ)။ ယခုရထားတာက ဘာပါလိမ့်-(ခန္ဓာငါးပါးပါဘုရား)။ ခန္ဓာငါးပါးမှာ ဒကာ,ဒကာမတို့ အမှတ်မှားဆိုတာက စိတ် ထဲမှာ မိဘရိုးရာက သင်ထားတဲ့ အမှတ်မှားကလဲ တစ်ချက်- (မှန်ပါ)။ အသိမှားကကော- (တစ်ချက်ပါဘုရား)။အယူ မှားကကော(တစ်ချက်ပါဘုရား)။ ဒါဟာ ဝိပလ္လာသသုံးချက်- (မှန်ပါ)။

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးကို ဒကာ, ဒကာမတွေသည်ဘာ လို့ဆိုယင်ဖြင့် တစ်ဘဝမှာလဲ အမှတ်မှား, အသိမှား, အယူ မှားနဲ့ပဲ ကိစ္စကုန်ခဲ့ရတယ်-(မှန်ပါ)၊ နောက်ဘဝကျလာပြန် တော့ ဘာလုပ်ကြပြန်ပါလိမ့်မတုံး မေးတော့ အမှတ်မှား, အသိမှား,အယူမှားတွေနဲ့ပဲ ထပ်ဆင့်တယ်- (မှန်ပါ)။

ဒါဖြင့် ဒကာ,ဒကာမတွေမှာ အမှတ်မှား, အသိမှား,အယူ မှားကိုဘယ်တော့မှချေဖျက်နိုင်မယ့်ဉာဏ်မရှိပါဘူး-(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဒီတံတိုင်းကြီး ဒကာ, ဒကာမတို့ စပြီးတည်ထောင်တာကလဲ အုတ်မြစ်ကလဲ ခိုင်မာလိုက်တာ- (မှန်ပါ)။ ဆင့်ဆင့်ပြီး တက်တဲ့ အုတ်တွေကလဲ အဆပ်မျှားလိုက်တာ- (မှန်ပါ)၊ ထုကြီးကလဲ ကြီးမားလိုက်တာ-(မှန်ပါ)။ ဆင့်လို့ မြင့်မားလိုက်တာကလဲ ပြဟ္မာ့ပြည် ဘဝဂ်တိုင်အောင် မကပါဘူး- (မှန်ပါ)။ ဒီ တံတိုင်းကြီးတွေက လေးဘက် လေးတန်က ဝိုင်းရံပြီး သကာလ နေတဲ့ ခန္ဓာငါးပါး ဆိုလို့ရှိယင် လွဲပါ့မလား- (မလွဲပါဘုရား)။

ဒါကြောင့် ဒီခန္ဓာငါးပါးမှာ အမှတ်မှား,အသိမှား,အယူမှား၊ တော်တော်ကြာ အမှတ်မှား, အသိမှား, အယူမှား၊ တော်တော်ကြာ ပတ်ပြန်ပြီ ဒကာ, ဒကာမတို့၊ အမှတ်မှား, အသိမှား,အယူမှားတွေနဲ့ဆိုတော့ ဒီခန္ဓာကြီးဟာ ဒကာ,ဒကာမတို့ သိတဲ့အတိုင်း ကဲ....ထွက်ပေါက်ကို ပါရဲ့လား- (မပါပါဘုရား)၊အမှတ်မှား,အသိမှား,အယူမှားတွေပဲသုပ်နေတယ်ဆိုယင် လွဲပါ့မလား- (မလွဲပါဘုရား)၊

ဒါဖြင့် ဒကာ,ဒကာမတွေ သေသေချာချာ ဉာဏ်နဲ့ စဉ်းစားကြည့်တော့ ခန္ဓာငါးပါးကြီးထဲမှာ ရှိတဲ့ အမှတ်မှား,အသိမှား, အယူမှားဆိုတဲ့ ဝိပလ္လာသ သုံးချက်ကို ငကာကြွယ်ရေ ဘယ်တော့မှလဲ မဖြိုဖျက်ခဲ့ဘူး- (မှန်ပါ)။ ဘယ်အခါ မဆို ထပ်ဆင့်တက်, ထပ်ထုကြီးအောင် လုပ်တယ် ဆိုယင် လွဲပါ့မလား- (မလွဲပါဘုရား)။ တစ်နေ့ တစ်နေ့မှာ ဒကာ,ဒကာမတွေ ဘယ်လောက်မျှား ထပ်လို့ ဘယ်လောက်မျှ၊ မြင့်မားအောင်လုပ်တယ်ဆိုတာ ဉာဏ်နဲ့ကြည့်ယင် မရေတွက်နိုင်ပါဘူး- (မှန်ပါ)။

http://www.dhammadownload.com



မယုံလို့ရှိယင် ဒါသည် ဘာလို့ဆိုယင်၊ သားကလေးဆိုလို့ရှိယင့် အမှတ်မှားပြီ- (မှန်ပါ)။ သားကလေးဆိုယင်ခင်ရမှာပဲ ဆိုတာက -(အသိမှားပါဘုရား)။ အားကိုးရမှာပဲဆိုယင်ဖြင့်- (အယူမှားပါဘုရား)။

ဒီသားကလေးတစ်ယောက်မှာပင် ဒကာ, ဒကာမတို့ တစ်နေ့မှာ အမှားသုံးချက် ဘယ်နှစ်ခါထပ်သတုံး- (မရေတွက်နိုင်ပါဘူးဘုရား)။ ဘဝများစွာကလဲ ချေဖျက်ခဲ့ ပါရဲ့လား- (မချေဖျက်ခဲ့ပါဘုရား)။ အခုလဲ ဘာလုပ်ကြသတုံး-(ထပ်ပြီး မှားပါဘယ်ဘုရား)။နောင်ကိုလဲဆရာကောင်းသမားကောင်းနဲ့ မတွေ့လို့ ရှိယင်ဖြင့် ဒီတံတိုင်းကို ထုထူအောင်လုပ်မယ်၊မြင့်မားအောင် လုပ်မယ်ဆိုတာ တကာသစ် ငြင်းဖို့ လိုသေးသလား- (မလိုပါဘူးဘုရား)။

ကိုင်း ဒါဖြင့် ဒကာ, ဒကာမတို့ ခင်ဗျားတို့ ဘယ်အထဲမှာ မွေးပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ထုကြီးမားတဲ့ တံတိုင်းသုံးထပ်, မြင့်မားတဲ့ တံတိုင်းသုံးထပ်၏ အလယ်မှာ မွေးဖွားတယ်- (မှန်ပါ)။ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ဒါ ခင်ဗျားတို့ကိုယ်တိုင်ပဲ၊ ကစ်နေ့မှ ခြေဘ်.... ဒါအမှတ်မှားပါကလား, ဒါ အသိမှားပါကလား, ဒါအယူမှားပါကလားလို့ မြင်ဖို့ ဆင်ဖို့ရာလဲ တစ်ခါမှ မပေါ်လာဘူး-(မပေါ်ပါဘူးဘုရား)။ ပေါ်လာကြရဲ့လား- (မပေါ်လာပါဘူးဘုရား)။ မပေါ်လာတော့ဘာလုပ်နေသတုံး မေးယင် ထပ်ဆင့်နေကြတယ် (မှန်ပါ)။

ဘယ်လိုဖြေကြမလဲ....(ထပ်ပြီး ဆင့်ပါတယ်ဘုရား)၊ ထပ်ပြီး ထုကြီးအောင် လုပ်တယ်ဘုရား၊ထပ်ပြီး ဆင့်တယ် ဘုရား

http://www.dhammadownload.com



လို့ ဆိုယင် ခင်ဗျားတို့ မုသားမဖြစ်ပါဘူး- (မဖြစ်ပါဘူး ဘုရား)၊

အဲဒီလောက်တောင် ဒကာ, ဒကာမတွေမှာ ဒီတံတိုင်းကြားထဲမှာ မှောင်လိုက်တာကလဲ ပိန်းလို့။ ဒီထဲမှာအဝိဇ္ဇာနဲ့နေတာကိုးဗျ- (မှန်ပါ)၊ ခန္ဓာငါးပါးသမားက ဘာနဲ့နေပါလိမ့်- (အဝိဇ္ဇာနဲ့ နေပါတယ်ဘုရား)။ အဝိဇ္ဇာနဲ့ နေတဲ့ အထဲ စိပ္ပလ္လာသ သုံးသပ်ချက်က စေ့နေအောင် ပိတ်လိုက်ပြန်တော့ မှောင်မဲတဲ့အထဲမှာ နေရတော့တာပဲဆိုတာ ငြင်းဖို့ လိုသေးသလား-(မလိုပါဘူး ဘုရား)၊

ဒါကြောင့် ဘုန်းကြီးက ပြောပါတယ် ဒကာ ဒကာမတို့၊ ဘုရားသခင်က ပြင်ဘက်က ဖွင့်ပါတယ်၊ ခင်ဗျားတို့က ဘုရားမလာနိုင်အောင်နေ့တိုင်း တံတိုင်းထပ်နေပါတယ်- (မှန်ပါ)။ ဘုရားမလာနိုင်အောင် တံတိုင်း သုံးထပ် နေ့တိုင်း အချိန်ရှိသလောက် ထပ်တယ်ဆိုယင် လွဲပါ့မလား-(မလွဲပါဘုရား)၊

ဘာဖြစ်လို့ ဒါလောက် အထပ်ထူပြီး ထုကြီးအောင်, မြင့်မားအောင် ထပ်ကြပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား-(လိုပါတယ်ဘုရား)၊ ဘုရားအဆူဆူ ပွင့်တာတောင် မကျွတ်အောင်လို့ဘုရား- (မှန်ပါ)။ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ကိုင်း....ဒကာ, ဒကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါသိသလို သိစေရမယ်။ 'တိဏ္ဏော တာရေယျံ'- ငါဘုရားသည် ကူးမြောက်သလို ဟိုမှာ ဘက်ကမ်း နိဗ္ဗာန်ကူးမြောက်ရအောင် သူတို့ကိုကယ်တင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးဟာ အင်မတန် ကြီးပါတယ်- (ကြီးပါတယ်ဘုရား)၊ 'မုတ္တော မောစေယျံ' တဲ့၊ ငါလွတ်သလို ဒီဆောင်ထဲက

http://www.dhammadownload.com



ဝိပလ္လာသ ဆောင်ကြီးထဲက လွတ်အောင် သူတို့ကို ငါကယ်မယ်ဆိုတဲ့ ကြိမ်းဝါးခဲ့တဲ့ ရည်ရွယ်ချက်ကြီးဟာ ဦးဇံရင် သေးသလား-(မသေးပါဘူး ဘုရား)၊ မသေးဘူးဗျ။ အလွန်ကြီးမားတယ်- (မှန်ပါ)။ 'ဗုဒ္ဓေါ ဗောဓေယျံ' - ငါသစ္စာလေးပါးသိသလို၊ ငါနိဗ္ဗာန်မြင်သလို သူတို့ကို မြင်စေအောင် ကြိုးစားမယ် ဆိုတဲ့ ကြိမ်းဝါးတဲ့ အသံကြီးဟာ ဒကာ၊ ဒကာမတို့ သုမေဓာ ဘဝကတည်းကစပြီး ကြိမ်းဝါးတော်မူခဲ့တာ (မှန်ပါ)၊ ဒီရည်ရွယ်ချက်အတိုင်းကော လုပ်မသွားဘူးလား- (လုပ်သွားပါတယ် ဘုရား)။

လုပ်သွားတော့ ဘုရားတစ်ဆူမှာ ဝေနေယျ လူနတ်ဗြဟ္မာ ပေါင်း နှစ်ဆယ့်လေးသင်္ချေ၊ ကုဋေရှစ်ဆယ်၊ ဗိုလ်ခြေတစ်သိန်း ကျွတ်လွတ်သွားတဲ့ သတ္တဝါတွေရှိတယ်- (မှန်ပါ)။ ကျုပ်တို့ ဘယ့်နှယ်ကြောင့် ကျန်ရစ်ပါလိမ့်မတုံး၊ ဒါလောက် ကြိမ်းဝါးပြီးလာခဲ့တဲ့ ကိုယ်တော်ကြီး ကျုပ်တို့ကို ကန်တော့ဆွမ်း လုပ်သွားတာ ဘာကြောင့်ပါလိမ့်မတုံးလို့ မေးခွန်းထုတ်စို့ မလိုဘူးလား-(လိုပါတယ်ဘုရား)။

ဘုရားကတော့ဖြင့် သူကြိမ်းဝါးတော်မူခဲ့တဲ့ ရည်ရွယ်ချက်ကို မစွန့်ပါဘူး-(မှန်ပါ)။ ကျုပ်တို့က မကြွလာနဲ့ မကြွလာလာနဲ့ ဆိုပြီး ကာရံထားတဲ့ ဝိပလ္လာသ တံတိုင်းကြီးက ကိုယ်တော်ကြီးကို ဝင်ခွင့်မရအောင် ကာလို့ ဆီးလို့လို့ မှတ်လိုက်စမ်းပါ-(မှန်ပါဘုရား)၊ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဘယ်လိုပါလိမ့် ကျုပ်တို့က- (ဘုရားဝင်ခွင့် မရအောင် ဝိပလ္လာသတံတိုင်းကြီး ကာဆီးထားပါတယ် ဘုရား)၊ ကာမှု ဆီးမှုက တစ်နေ့ကို ဘယ်နှစ်ခါ ကာဆီးပါလိမ့်- (မရေတွက်

http://www.dhammadownload.com



နိုင်ပါဘူးဘုရား)၊ မစရတွက်နိုင်အောင် ကာသီးထားဘော့ တကာကြွယ် ဘုရားဝင်ခွင့်ရသေးရဲ့လား-(မရပါဘူးဘုရား)။

ဪ....ကျုပ်တို့ ကံမကောင်း အကြောင်းမသင့်လို့ ကျိုန်ရစ်ရတာသား၊ ကိုယ့်ဟာကိုယ် ကာဆီးပြီး သကာလ ဘုရားကို ဝင်ခွင့်မပေးလို့ ကျန်ရစ်ရတာလား- (ဘုရားကို ဝင်ခွင့် မပေးလို့ ကျန်ရစ်ရတာပါ)။

တကာသစ်၊ မှတ်မိပြီနော် (မှတ်မိပါပြီဘုရား)၊ဪ.... တပည့်တော်တို့ သိပ်ပြီး ကံနည်းတဲ့ ပုဂ္ဂိုလ်တွေ ဘုရားလို့ ဆိုကြမလား၊ မိုက်လုံးသန် လွန်းလို့ပဲလို့ ဆိုကြမသာ၊- (မိုက်လုံးသန်လွန်းလို့ပါဘုရား)။

သေသေချာချာ စဉ်းစားကြပါ၊ သေသေချာချာစဉ်းစား ကြပါ။ တကာကြွယ် စဉ်းစားမိရဲ့လား၊ (စဉ်းစားမိပါတယ် ဘုရား)၊ ဦးဇံရင်တို့လဲ စဉ်းစားမိရဲ့လား- (စဉ်းစားမိပါတယ် ဘုရား)၊ တစ်နေ့ ဘယ်နှစ်ထပ် ကာသတုံး- (မရေတွက်နိုင် ပါဘုရား)၊ သားကလေး....သမီးကလေး.... ခင်မှုပဲ၊ အားကိုး ရမှာပဲ.... ဟော နေ့တိုင်း ကာနေတယ်- (မှန်ပါ)။ နေ့တိုင်း မကာဘူးလား- (ကာပါတယ်)။

ငါ့ကို ငါမခင် ဘယ်သူ ခင်မလဲ.... ငါ့ကိုယ်ငါအားကိုး တယ်၊ မလာဘူးလား- (လာပါတယ်)၊ ဒါကလဲ တစ်နေ့ ဘယ်နှစ်ခါလောက် ပေါ်ပါလိမ့်- (မရေတွက်နိုင်ပါဘုရား)၊ ဒီအလုပ် ငါသွားမှ ပြီးမယ်ဆိုယင်ပဲ ဒိဋ္ဌိသံကြိုး ကာပြီးမှ ထွက်တာပဲ- (မှန်ပါ)၊ သဘောကျကြပလား- (ကျပါပြီ)။

အဲဒါလောက်တောင် ဒကာ ဒကာမတွေ ဘုရားအဆူဆူ ပွင့်ခဲ့ပြီးသော်လဲ လွတ်ရေး ကျွတ်ရေး ကျုပ်တို့မပါတာဟာ

http://www.dhammadownload.com



ဖြင့် ဝိပလ္လာသတံတိုင်း သုံးထပ်ကြီးက ထူအောင်လုပ်၊ မြင့်မားအောင်လဲ နေ့တိုင်းလုပ်သောကြောင့်ဘုရား တရား သံဃာ ဝင်ခွင့်မရလို့ ဒါလောက်တောင်ဒုက္ခပင်လယ် ဝေရစ်ရတယ် ဆိုတာ မှတ်ပေတော့- (မှန်ပါဘုရား)၊ ပေါ်ကြပလား- (ပေါ်ပါပြီ ဘုရား)၊ တယ်မဆိုးဘူးလားဗျာ- (ဆိုးပါတယ် ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့၊ နာပရူပ ပရိစ္ဆေဒကျမ်းမှာ—အနေကဂမနပါကာရ-ဝိပလ္လာသ ပရိက္ခိတ္တံ၊ ခုန်ကျော်လွှား၍ သွားဖို့ မလွယ်၊ ကြီးကျယ်မြင့်ဆိုင်း၊ တံတိုင်းပမာ၊ ဝိပလ္လာဖြင့်၊ ကွယ်ကာရစ်သိုင်း၊ ဝန်းဝိုင်း၍ နေခြင်းကြောင့် လည်းကောင်း၊ ခန္ဓာကိုယ်ကြီး ဝိုင်းနေလိုက်တာ ဝိပလ္လာသ တွေ- ဒကာ ဒကာမတို့ တစ်ဆယ်ကြီး တစ်ပုံကြီးဆိုတာ သိပလား-(သိပါပြီ)။

ကိုယ့်ဟာကိုယ် ခုန်ထွက်ဖို့လဲ မလွယ်ဘူးဗျ- (မလွယ်ပါဘူး)၊ ကျော်လွှားသွားဖို့ရော-(မလွယ်ပါဘူးဘုရား)၊ မလွယ်ဘူးဆိုတာ သေချာကြပလား- (သေချာပါပြီဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော်....ကျော်ဖို့ လွှားဖို့ ဆိုတာ စိတ်ကူးမှ မထည့်ဘူးတာပဲ-(မှန်ပါ)၊ မထည့်ဘူးတဲ့ ပြင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီသားနဲ့ ဒီသမီးနဲ့ ဒီမြေးနဲ့ နိဗ္ဗာန် ဝင်တာတောင်မှ အစုံအလင် ဝင်ပါရစေ ဆိုပြီး ဆုတောင်းကြတယ်၊ နို့ နိဗ္ဗာန်ဝင်ယင် ဒီသား ဒီသမီးတွေ၊ ဒီအစုံနဲ့ ဝင်ရိုးထုံးစံမရှိဘူးဗျ- (မှန်ပါ)၊ ဒီအမှတ်တွေ ဖြစ်နေယင်ပဲ တံတိုင်းက ကားပြီးသား ဖြစ်နေတယ်-(မှန်ပါ)။

http://www.dhammadownload.com



ဝင်နိုင်ပါ့မလား- (မဝင်နိုင်ပါဘူး ဘုရား)၊ မဝင်နိုင်ဘူး ဆိုတာသေချာကြပလား- (သေချာပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေသည် ဒီတံတိုင်းကို ချိုးပေးမည့် ပုဂ္ဂိုလ်, ဖျက်ပေးမည့်ပုဂ္ဂိုလ်, ဖောက်ထွင်းပေးမည့်ပုဂ္ဂိုလ်...ဒီလိုဖောက်ပါဟ, ဒီလိုခုန်ပါဟ, ဒီလိုကျော်ပါဟ,...ဆိုတဲ့ပုဂ္ဂိုလ်မှ မပေါ်လာတော့ဘူးဆိုလို့ ရှိယင် မှောင်ထဲ မွေးပြီး, မှောင်ထဲသေ- (မှန်ပါ)။

ဘယ်လို မှတ်ကြမယ်- (မှောင်ထဲမွေးပြီး မှောင်ထဲသေပါ ဘုရား)၊ မှောင်ထဲမွေးပြီး မှောင်ထဲသေမှာ စိပ်ပါး ဘာရှိသေး သတုံး- (မရှိပါဘူးဘုရား)။

အဲဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ ဘုန်းကြီး ခဏ ခဏ ပြောပါတယ်၊ တီကောင်ဟာ မျက်လုံးပါပါရဲ့လား- (မပါပါဘူးဘုရား)။ မှောင်ထဲလဲ မမွေးဘူးလား- (မွေးပါတယ်)။ နောက်ကြတော့ ဘာတွေက စားတွင်းထဲ ဘာထဲ လိမ့်ကျ၊ သဲတွေ ဘာတွေနဲ့ ရစ်ပတ်ပြီး သေတော့ မှောင်ထဲပဲ သေရတယ်- (မှန်ပါ)။ ကဲ...ကျုပ်တို့သည်လည်း နေ့ယင်တုန်းက ဘယ်လို နေခဲ့ရတယ်ဆိုတာ တကာကြွယ် ရိပ်မိပလား- (ရိပ်မိပါပြီ)။ ဘယ်လိုရိပ်မိပါလိမ့်ဗျာ- (မှောင်ထဲပဲ မွေး, မှောင်ထဲပဲ သေပါတယ်ဘုရား)။ ဘယ့်နှယ်ကြောင့် မှောင်ပါလိမ့် မတုံး- တံတိုင်းကြီးက မြင့်မားလွန်းလို့-(မှန်ပါ)။ ထူကြီး ကတော (ထူပါတယ်ဘုရား)။

ကိုင်း...ဒီတစ်ခါပဲ ဆရာသမားနဲ့ တွေ့ကြလို့ပဲ ဦးဇင်းတို့ လူစု၊ တကာကြွယ်တို့ လူစု၊ တကာသစ်တို့ လူစု ဒီတံတိုင်းကို သညာ ဖျက်ချမကွ, စိတ်ကိုဖျက်ချမကွ, ဒိဋ္ဌိကို ဖြိုဖျက်ပစ်မကွ-

http://www.dhammadownload.com



ဆိုတာ မလာလို့ ရှုယင်ဖြင့် ဒီအခန်း အဝိုင်းကြီးမှာ ရှိတာဘာ သုံးဆယ့်ခြောက်ခုထဲ ဒီထဲမှာပဲ ခဲ့မှုပြီး၊ ဒီထဲမှာပဲ သွား၊ ဒီထဲမှာ ငရဲကျ၊ ဒီထဲမှာ အသုဘမြုပ်၊ ဒီမြေပေါ်မှာ လယ်ယာလုပ်စား- (မှန်ပါ)။ ဒါလောက်ထိအောင် ဆိုးပါတယ် ဆိုတာကော ရိပ်မိပလား- (ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟာ ဖြစ်ပျက် ဥဒယဗ္ဗယဉာဏ်များ အစားထုတ်လိုက်တဲ့အခါကျ တော့ ခန္ဓာကိုယ်တော်က အရောင်ထွက်လာတယ်- (မှန်ပါ)။ ငရဲတောင်ရောက်တယ်၊ ငရဲကိုအကုန်လင်းသွားတာပဲ။ အထက် လဲ ဗြဟ္မာပြည်ထိအောင် စကြဝဠာတစ်ခုလုံး အကုန် လင်း သွားတာပဲ- (မှန်ပါ)။ ဒါပေမယ့် ကျုပ်တို့တတိုင်းအတွင်းမှာ ဘုရား ရောက်မလာဘူး- (မှန်ပါ)။ ကိုင်း ဘယ်လောက်များ ကာထားတယ်ဆိုတာ- (မှန်ပါ)။

မြတ်စွာဘုရား ဥဒယဗ္ဗယဉာဏ်ရောက်လို့ ဩဘာသဆိုတဲ့ အရောင် ထွက်လာလိုက်တာ ဦးဇင်း အဝီစိငရဲများ အကုန် လင်းသတဲ့-(မှန်ပါ)။ လောကန္တရိက် ငရဲကြီးတွေဟာ လင်း သတဲ့။ အကနိဋ္ဌ ဗြဟ္မာတိုင်အောင်ကော- (လင်းပါတယ် ဘုရား)။ ဗြဟ္မာရောင်တွေ အကုန်ကျော်ဖြတ်ပြီး ဘုရားရှင်၏ ဥဒယဗ္ဗယ ဉာဏ်နှင်တွေသာလျှင် လွှမ်းမိုး သွားသတဲ့- (မှန်ပါ)။ ဘုရားပွင့်ပြီဆိုတာ သိကြတယ်-(မှန်ပါ)။ အဲဒီထဲ မှာ ကျုပ်တို့ဆီ အရောင်တောင်ဟပ်မလာဘူး၊ ဘယ်လောက် များ ကျုပ်တို့ကာချက် သန်တယ်၊ စူးချက်သန်တယ်၊ ထုကြီး ကျယ်မြင့်မားအောင် လုပ်နိုင်တဲ့စွမ်းရည်သတ္တိ၊ မိုက်မဲတဲ့ စိတ်

http://www.dhammadownload.com



တွေ့ ဘယ်လောက်များတယ်ဆိုတာဖြင့် တကာကြွယ် ပြောဖို့ လိုသေးသလား-(မလိုပါဘူးဘုရား)။ ဦးဇံရင်တို့ဒီတစ်ခါကျော် ယင် ကျော်ကြပါ၊ မကျော်ယင်တော့ သွားပြန်ပြီ- (မှန်ပါ)။ ရှင်းပလား- (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ, ဒကာမတို့ အမှားသုံးချက် ထပ်ပြီးသဘောလ တံတိုင်းဆိုတာတော ရိပ်မိပလား- (ရိပ်မိ ပါပြီ)။ အမှတ်မှား, အသိမှား, အယူမှား - (မှန်ပါ)။

ဒါဖြင့် ဒီအမှတ်မှား, အသိမှား, အယူမှားတွေ မစွန့်ဘဲနဲ့ သေသွားကြတယ်ဆိုကြပါစို့နော်- (မှန်ပါ)။ အယူမှားနဲ့သေ သွားတယ်လို့ ဘုန်းကြီးက စွဲချက်တင်တယ်၊ ဦးဇံရင်တို့ တကာ ကြွယ်တို့က ငြင်းဦးမလား— (မငြင်းပါဘုရား)။ ကြည့်လေ ဒိဋ္ဌိအယူမှားနဲ့ သေသွားတယ်ဆိုယင် အများအားဖြင့် အပါယ် သွားမှာက များပါတယ်-(မှန်ပါ)။ ရိပ်မိကြပလား— (ရိပ်မိ ပါပြီ)။

ဒါဖြင့် ဒကာ, ဒကာမတွေ လူတစ်သိန်းသေလို့ သုဂတိ တစ်ယောက် မရောက်ဘူးဆိုတဲ့ စကားကို ယုံကြ ပလား— (ယုံပါပြီဘုရား)။ ဘာနဲ့ သေသွားကြသလဲ- (အယူမှားနဲ့ သေသွားပါတယ်)။

မယုံယင် စဉ်းစားကြည့်ပါ၊ ငါ့အားကိုးရာဖြစ်တဲ့ ရွှေက လေး, ငွေကလေးနဲ့ဖြင့် ငါခွဲရတော့မယ်၊ အယူမှား မပါဘူး လား- (ပါပါတယ်ဘုရား)။ ငါ့သား, ငါ့သမီးက လေးတွေနဲ့ ဆိုတဲ့ အယူမှားကော— (ပါပါတယ်)။ ခင်လျက်,မင်လျက်နဲ့ မှတ်တတ်နိုင်လို့ သေရတော့မယ်ဆိုတာကော— (ပါပါတယ်)။

ဒါဖြင့် အမှတ်များနဲ့လဲသေ၊ အသိများနဲ့ကော– (သေပါတယ်)။ အယူများနဲ့ကော– (သေပါတယ်ဘုရား)။

တကာကြွယ် မသာပေါင်းဘယ်လောက်ပို့ဖူးသတုံးဆိုတော့ (များပါတယ်ဘုရား)။ ဦးဇော်ရင်တို့ ဘယ်လောက်ပို့ဖူးသတုံး (အများကြီးပါဘုရား)၊ အဲဒီမသာတွေဟာ ဘာမသာတွေတုံးလို့ ဆုံးဖြတ်ချက်ချစမ်းပါ- (အမှတ်များ, အသိများ, အယူများနဲ့ သေတဲ့မသာတွေပါ)။ ခင်ဗျားတို့ ဒီအထဲမှာ အရေးအကြီးဆုံး ပြောစမ်းပါဆိုတော့ အယူများနဲ့ သေသွားလေရဲ့– (မှန်လှပါ)။ ဒါငြင်းဖို့ လိုကြသေးသလား–(မလိုပါဘုရား)။

ဒိဋ္ဌိမစွန့်သရွေ့ ဘယ်နှယ်ဆိုကြမလဲ- (အယူများနဲ့ သေပါတယ်ဘုရား)။ ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူတစ်သိန်းသေလို့ သုဂတိတစ်ယောက် မရောက်ပါဘူးလို့ သစ္စသံယုတ် ပါဠိတော်ကြီးမှာ ဟောတော်မူတဲ့ အဖြစ်ကိုဖြင့် ဦးဇော်ရင် ယုံကြည်ကြပါတော့- (မှန်ပါ)။ ဘာအမှားနဲ့ သေသွားသတုံး–(အယူများနဲ့ သေသွားပါတယ်)။

အဲဒါ ခင်ဗျားတို့က မိစ္ဆာဒိဋ္ဌိမှ အယူမှားနဲ့ သေတာ၊ တို့ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိဝင်တွေက မှားဖို့ခဲယဉ်းတယ်လို့ ထင်နေကြတယ်၊ အဲဒါ ဒီအမှားကို နားမလည်ဘဲကိုး– (မှန်ပါ)။ ဒီအမှားဟာ အများကြီးမဟုတ်လား–(မှန်ပါ)။ ရှင်းပလား– (ရှင်းပါပြီ)။ ကျုပ်တို့မှာလဲ အမှတ်မှား, အသိမှား, အယူမှား ရှိတာပဲ- သဘောကျပလား- (ကျပါပြီ)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဒကာ,ဒကာမတို့ ပြောပ်....ဒီတစ်ခါကြုံကြိုက်တာဖြင့် ကောင်းသော ကြုံကြိုက်ခြင်းပဲ၊ ဒီအမှားသုံးချက်ကို ဖြင့် ဖြိုခွဲနိုင်တဲ့ဉာဏ်ကိုဖြင့် မရ ရအောင် နာပြီးသကာလ ဖြိုခွဲနိုင်တဲ့ ဉာဏ်နဲ့ပဲ တိုသည်ကားလို့ ဆိုလိုရှိယင်ဖြင့် နိဗ္ဗာန်သွားပါတော့မယ် ဆိုလိုရှိယင်လဲ ဂရုစိုက်မှတ်ပြီး ဂရုစိုက် လုပ်ကြပေတော့- (မှန်ပါ)။ နို့မဟုတ်လို့ရှိယင်ဖြင့် နေခြင်းဆိုးနဲ့ သေခြင်းဆိုးသာမှတ်-(မှန်ပါ)။ ရှင်းကြပလား-(ရှင်းပါပြီ)။

ဒီအမှားသုံးခု မကျော်နိုင်ယင် ဘယ့်နှယ်ဆိုကြမလဲ- (နေခြင်းဆိုးနဲ့ သေခြင်းဆိုးပါဘုရား)။ နေခြင်းဆိုးက သားဟူသော အမှတ်, သမီးဟူသော အမှတ် ဆိုယင် သူ့မှတ်သားကတည်းကိုက သူ့အဘွက် စိတ်မချတာ လာပြီ- (မှန်ပါ)။ သူ့အဘွက် ခင်လုံး, မင်လုံး ပိုဘာကော- (လာပါပြီ)။ သူ့ကိုပဲ အားကိုးလုံး ထားတာတွေကော- (လာပါပြီဘုရား)။ ဒါဖြင့် နေချိန်မှာလဲ ဒကာ,ဒကာမတို့ အောက်ကျ,နောက်ကျ နေရလိမ့်မယ်-(မှန်ပါ)။သေချိန်မှာလဲ အပါယ်ကျရလိမ့်မယ်— (မှန်ပါ)။ ဒါဖြင့် အနေ အောက်ကျ, အသေအောက်ကျ— (မှန်ပါ)။ ပေါ်ကြဖသလား— (ပေါ်ပါပြီ)၊

ကဲ....ဒါဖြင့် ခင်ဗျားတို့ လူ့ပြည်ကို ခဏ လာကြတာနော်- (မှန်ပါ)၊ လူ့ပြည် ခဏလာကြတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဉာဏ်တော်နဲ့ ချိန်လိုက်တယ်။ တကာကြွယ် ခဲတစ်ခူကို ကောင်းကင်မြောက်လိုက်စမ်းပါ၊ ကောင်းကင်မှာ ရပ်တဲ့ အချိန်ဘာ ဘယ်လောက်များ ကြာမတုံး- (မကြာပါဘူးဘုရား)။ အဲ....ခင်ဗျားတို့သည် ဒီအတိုင်းပဲ၊ လူ့ပြည် သာတာ ကောင်းကင် ရပ်သလောက်ရှိတယ်။ အပါယ် နေတာသာ

http://www.dhammadownload.com



ခဲမြေကြီးပေါ် နေသလောက် ကြာတယ်ဆိုတော့ တန်းကုန်ပြီ ဒကာ ဒကာမတို့- (မှန်ပါ)။ ရှင်းကြပလား- (ရှင်းပါပြီ)။

ဒါကြောင့် ဒကာကြွယ် စီးပွားရေး, ကြီးပွားရေးတွေ အသာ ချိတ်ထားစမ်းပါ။ ကိုယ့်ကိုယ် ကယ်တင် စမ်းပါ.... (မှန်ပါ)။

ဘယ်သိုပါလိမ့်- (ကိုယ့်ကိုယ် ကယ်တင်ရပါမယ်ဘုရား)။ စီးပွားရေး, ကြီးပွားရေး- (အသာချိတ်ထားရပါမယ်)။ ကိုယ့်ကိုယ် ကယ်တင်စမ်းပါ၊ စီးပွားရေး, ကြီးပွားရေးက ကိုယ့်နောက်ပါမှာ မဟုတ်လို့- (မှန်ပါ)။ သဘောကျပလား.... (ကျပါပြီ)။

ကိုယ့်ကိုယ် ကယ်တင်တဲ့ ဉာဏ်ကသာ ဒကာ, ဒကာမတို့ ကိုယ့်ကိုယ်ကို ချမ်းသာရာနိဗ္ဗာန်ဆောင်လိမ့်မယ်ဆိုတာ ငြင်းဖို့ လိုသေးသလား- (မလိုပါဘူးဘုရား)။ ဘုန်းကြီးပြော-ပြော နေတယ်လို့လဲ ဦးဇင်းရင်တို့က မယူလိုက်ပါနဲ့၊ တကယ် သနားလို့ တကယ်ပြောတယ်လို့ မှတ်ပါ- (မှန်ပါ)။ ရှင်းပလား- (ရှင်းပါပြီ)။

အခု တကာ မျက်လုံးနဲ့ ကြည့်နေတော့ စီးပွားရေးဘာ တောင့်တင်းမှ နေရာကျတယ်လို့ ထင်ကြတယ်၊ ဉာဏ်မျက်လုံး နဲ့ ကြည့်လိုက်တော့ နက်ဖြန် သေရမှာဟော့ ဆိုတော့ တောင့် တင်းတာ အလကား ဖြစ်သွားတယ်- (မှန်ပါ)။ တကာ ကြွယ် ဘာအသုံးကျပါဦးမလဲ- (ဘာမှ အသုံးမကျတော့ ပါဘူး ဘုရား)။ နက်ဖြန် ၁၂ နာရီနဲ့ ၅ မိနစ်မှာ ကြိုးဒဏ်ခံရမယ် ဆိုတော့ ၁၂ နာရီ အချိန်မှာ ထီပေါက်ယင် ဒီလူ ဝမ်းသာ မလား....မသာဘူးလား.... (မသာနိုင်ပါဘုရား)။ ဘာကြောင့်

မသာသတုံး ဆိုတော့ သေခြင်းဆိုးက နီးနေပြီ- (မှန်ပါ)။ သဘောကျပလား- (ကျပါပြီ)။ ခင်ဗျားတို့ ကျုပ်တို့မှာလဲ သေတတ်တဲ့ ခန္ဓာကြီး ရထားတာ၊ သူ့ကို နေ့တိုင်း အစားနဲ့ တောင်းပန်၊ အဝတ်နဲ့တောင်းပန်၊ ဆေးနဲ့တောင်းပန်၊ ဝါးနဲ့ တောင်းပန်လို့ ဖြုန်းခနဲ မလဲလိုက်တာကိုးဗျ- (မှန်ပါ)။ မတောင်းပန်ယင် ထိုးလဲမယ်- (မှန်ပါ)၊ မလဲပေဘူးလား- (လဲပါတယ်)။

အဲဒီတော့ ခင်ဗျားတို့မှာလဲ အောက်ကျ နောက်ကျနဲ့ ဒီခန္ဓာကြီး တောင်းပန်နေရတဲ့ အလုပ်လဲ မကောင်းပါဘူး.... (မှန်ပါ)။ ကိုယ့်စိုး ကိုယ်ပိုင် နေရယင် ကောင်းပါတယ်၊ တောင်းပန်နေရတဲ့ အလုပ်ဟာ- (မကောင်းပါဘုရား)။

ဦးဇော်ရင် ရိပ်မိပလား- (ရိပ်မိပါပြီ)။ တောင်းပန်နေရတဲ့ အလုပ်ဟာ ဂုဏ်ရှိသလားဗျာ.... (မရှိပါဘူး)။ အစားနဲ့ တောင်းပန်ရတာလဲ လေနာထ မသေပါနဲ့၊ အဝတ်နဲ့ တောင်းပန်ရတာလဲ အအေးအပူမိပြီးမသေပါနဲ့-(မှန်ပါ)။ သဘောကျပလား-(ကျပါပြီ)။ ဆေးကလေးနဲ့ တောင်းပန် ရတာလဲ ထိုနည်းအတူပဲ၊ လေနာ, ရင်နာတာလေး စသည်နဲ့ မဆက်ပါနဲ့ဆိုပြီး ပူဇော်တောင်းပန်ရတယ်- (မှန်ပါ)။ ခင်ဗျားတို့ ကြည်ကြည်သာသာနဲ့ မျက်နှာရွှင်ရွှင်ပျပျနဲ့ နေရတဲ့ အချိန်နဲ့ ခန္ဓာကိုယ် တောင်းပန်နေရတဲ့ အချိန်နဲ့ ဘယ်ဟာက များသတုံး- (ခန္ဓာကိုယ် တောင်းပန်နေရတဲ့ အချိန်က များပါတယ်)။ ဒါကို တကာကြွယ်တို့က ငါ့ အနှိပ်သည်တစ်ဆယ် တန် ခံနိုင်တယ်ဆိုပြီး ဂုဏ်များ ရှိကြသေးသလားဗျာ- (မရှိပါဘူးဘုရား)။

http://www.dhammadownload.com



တောင်းပန်ရတာကိုပင် တချို့က ဂုဏ်များယူနေလိုက်ကြသေးတယ်- (မှန်ပါ)။ အနှိမ်သည်ပေမယ့် ကျုပ်နှိပ်သည့် အနှိမ်သည်ဖြင့် တစ်ခါနှိပ်ယင် အစိတ်သုံးဆယ်တောင် ပေးရတယ်၊ ကျုပ်တို့မို့ပဲ တော်သေးရဲ့လို့ ဂုဏ်ယူနေလိုက်သေးတယ်- (မှန်ပါ)။ အံ့ဩလေး တောင်းပန်ရတာ ဂုဏ်ယူနေကြတယ်။ ဒါလောက်မျက်စိသည်ဘာ တွေ့ဖူးရဲ့လား၊ ဦးဇော်ရင် ခင်ဗျားတို့ အတော်မဆိုးဘူးလား - (ဆိုးပါတယ်ဘုရား)။ ပေါ်ကြပလား- (ပေါ်ပါပြီ)။

အဲဒါကြောင့် တောင်းပန်နေရတဲ့ခန္ဓာဝန်ကြီးသည် ဘယ်နှယ်ကြောင့် ရပါလိမ့်မှတ်ုးမေးဖို့ မလိုဘူးလား- (လိုပါတယ်ဘုရား)။ ဟောဒီအမှတ်မှားကြောင့်၊ ဟောဒီအသိမှားကြောင့်၊ ဟောဒီ အယူမှားကြောင့် ဒီခန္ဓာကြီး ရနေတာ- (မှန်ပါ)။ သဘောကျပလား.... (ကျပါပြီ)။ ခန္ဓာပြန်ရတဲ့ ပုဂ္ဂိုလ်များ အမှားသုံးချက်ကြောင့် ပြန်ရတဲ့....((မှန်ပါ)၊

ခန္ဓာပြန်ရတဲ့ ပုဂ္ဂိုလ်များ ဘာကြောင့်ပါလိမ့်.... (အမှားသုံးချက်ကြောင့်ပါ)။

အမှားသုံးချက် ကျော်လွန်လို့ရှိယင်ဖြင့် ဒကာ ဒကာမတို့၊ ရဟန္တာဖြစ်ပါတယ် (မှန်ပါ)၊ ၃ နံပါတ်အမှားကို ကျော်လွန်လို့ရှိယင်ဖြင့် ဒကာ ဒကာမတို့ သေသေချာချာ မှတ်ပါတော့။ ပထမ နိဗ္ဗာန်ရပါတယ်—(မှန်ပါ)။ ၃ နံပါတ်အမှားကျော်လွန်ယင် ဒိဋ္ဌိကွာပြီနော- (မှန်ပါ)။ ၁ နံပါတ် အမှားများကို ကျော်လွန်လို့ရှိယင်ဒုတိယ တတိယနိဗ္ဗာန်ရပါတယ်–(မှန်ပါ)၊ ၂ နံပါတ်အမှားများ ကျော်လွန်သွားနိုင်လို့ရှိယင်ဒကာ ဒကာမ

http://www.dhammadownload.com



တို့ စတုတ္ထနိဗ္ဗာန်ဆိုတာ အဆုံးဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန် ရပါတယ်....(မှန်ပါ)။

ဒါကြောင့် ဒီအမှားသုံးချက်ကို ဟောပြောမှုကလဲ့ရှား၊ ခင်ဗျားတို့ကလဲ ဘယ်အကျင့်နဲ့ ပယ်ရမယ်ဆိုတာလဲ မသိတော့ မှောင်ထဲမွေးပြီး မှောင်ထဲသေတဲ့ အမိပ္ပါယ်က ထင်ရှားတယ်-(ထင်ရှားပါတယ်ဘုရား)။

ဒါကြောင့် အားလုံး ဒကာ, ဒကာမတွေ ဒီလိုအခွင့်ကို ဆက်လွှတ်သွားလို့ရှိယင်ဖြင့် တို့ဖြင့် ကိုယ်ကျိုး နည်းပေါ့လို့ အောက်မေ့လိုက်စမ်းပါ-(မှန်ပါ)၊ တရားနာစေချင်လို့ ပြောတာလား, ခင်ဗျားတို့ သနားလို့ ပြောတာလား- (သနားလို့ ပြောတာပါဘုရား)။

စဉ်းစားကြည့်ပါ၊ ဘာလုပ်ကွာ၊ ဘာတန်းကွာ၊ ဒါ နိဗ္ဗာန်ရတာမဲဆိုတော့ ဦးဇာ်ရင် သာမညတော့ ဟုတ်နေတယ်၊ အမှားသုံးချက် မကျော်ဘဲနဲ့ ဘယ့်နှယ် နိဗ္ဗာန် ရနိုင်မတုံး-(မှန်ပါ)။ ဒိဋ္ဌိမကျော်ဘဲနဲ့ သောတာပန် တည်နိုင်ပါမလား....(မတည်နိုင်ပါဘုရား)။ ဆညာ မကျော်ဘဲနဲ့ သကဒါဂါမိ, အနာဂါမိ.... (မတည်နိုင်ပါဘုရား)။ စိတ္တဆိုတဲ့ သုခစိတ္တတို့, သုခစိတ္တတို့ ယူနေတာ မကျော်နိုင်လို့ရှိယင်လဲ ရဟန္တာဖြစ်ပါ့မလား.... (မဖြစ်နိုင်ပါဘုရား)။ ဒါကျော်နိုင်မှ ဖြစ်ကြရမှာ-(မှန်ပါ)၊ ဝိပလ္လာသ ဆယ့်နှစ်ပါးကို အသီးသီးပယ်နိုင်မှ ဖြစ်တာ၊ ပထမမဂ်က ရှစ်ပါး ပယ်တယ်၊ ဒုတိယမဂ်နဲ့ တတိယ မဂ်က နှစ်ပါးပယ်တယ်၊ စတုတ္ထမဂ်က နှစ်ပါးပဲ ပယ်တယ်။ အဲဒါတွေဝယ်ပြီးမှ ရဟန္တာဖြစ်တာ....(မှန်ပါ)။ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဘာပယ်မှ ကိစ္စပြီးမယ်ဆိုတဲ့ တရားကိုလဲ ခင်ဗျားတို့ သေသေချာချာ မှတ်ထားပါ....(မှန်ပါ)။ ဒါမပယ်သေးသရွေ့ ဘာလုပ်နေနေ မရသေးဘူး....(မှန်ပါ)။ ရပါ့မလား-(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ပယ်ရမှာဝေးလို့ ပယ်ကောင်းမှာ-ကာထားတယ်လို့တောင် မသိသေးတဲ့ ပုဂ္ဂိုလ်အတွက်မှာ ထကာကြွယ် ခက်ဂ ရော.... (ခက်ပါတယ်ဘုရား)။ ဒုကာဆစ် ဘယ့်နှယ်တုံး.... (ခက်ပါတယ်ဘုရား)။ သေသေချာချာ ခက်တယ်ဆိုတာ ဒကာ ဒကာမတွေ ယုံကြပလား- (ယုံပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီတရားလက်လွတ်ယင် ခင်ဗျားတို့ ဘယ့်နှယ်ထင်ကြသတုံး....(သွားပါပြီဘုရား)။ ဒီပယ်မှုတွေကို ဘုန်းကြီးက ဉာဏ်အသီးသီးနဲ့ ပယ်ခိုင်းတော့မှာကိုးဗျ....(မှန်ပါ)။ ဝိပဿနာရှုပြီး အပယ်ခိုင်းလိုက်တော့ ဒီတံတိုင်းတွေ ပွင့်မသွားပေဘူးလား.... (ပွင့်သွားပါတယ်)။ ဒါဖြင့် အမှောင်ခွင်းပြီး အလင်းရောက်မှာပဲ....-(မှန်ပါ)။ အဝိဇ္ဇာနယ်ကနေပြီး ဝိဇ္ဇာနယ်ရောက်ရမယ်....(မှန်ပါ)။ မရောက်ပေးဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီတော့ ဒါမပယ်ဘဲနဲ့ ဘယ်သူက ဘာပြောပြော ခင်ဗျားတို့ မှတ်ကြ၊ နိဗ္ဗာန်မရောက်နိုင်ဘူး.... (မှန်ပါ)။ ရှင်းပလား,...(ရှင်းပါပြီ)။

ဒိဋ္ဌိမပယ်ဘဲနဲ့ ပထမနိဗ္ဗာန်ကို-(မရောက်ပါဘုရား)၊ သညာမပယ်ဘဲနဲ့ ဒုတိယနိဗ္ဗာန်ကို-(မရောက်ပါဘုရား)၊ သုဘ, သုခ, စိတ္တတွေ မပယ်ဘဲနဲ့ ဒကာ ဒကာမတို့ စတုတ္ထ နိဗ္ဗာန်ကို....(မရောက်ပါဘူးဘုရား)။ ရကို မရဘူး စိတ်ချ.... (မှန်ပါ)။

အင်္ဂုတ္တိုရ်ပါဠိတော်မှာသေသေချာချာ ဘုရားဟောတယ်၊ ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒီတော့ အားလုံး ဒကာ၊ ဒကာမတွေ မေတ္တာရှေ့ထားပြီး ဘုန်းကြီး ပါးစပ် တစ်ပေါက်တည်းက ပြောရတာလဲ မလွယ်လှပါဘူး.... (မှန်ပါဘုရား)။ ပြောရတာ မလွယ်လှပါဘူး၊ ခင်ဗျားတို့ကလဲ နဂိုက ကိုယ်ခံပညာ ဘာမှ ပါလာတာ မဟုတ်ဘူး၊ ဒီကျမှ အသစ်ချည်းပဲဆိုတော့ ဒီတစ်လုံးတည်းကို မနည်း ရှင်းအောင် ပြောရတော့ ပယ်နည်း, ရှားနည်းသည်ကားလို ဆိုယင်ဖြင့် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်မှာ တစ်ပါးတကာ ကွယ် မရှိဘူးနော်.... (မှန်ပါ)။ ဒါဖြင့် သူ့ကို မလုပ်ယင် နိဗ္ဗာန်မရနိုင်၊ သဘောကျပလား.... (ကျပါပြီ)။

ဝိပဿနာအလုပ်၊ မဂ်ဉာဏ်အလုပ်ကို မလုပ်ယင်– (နိဗ္ဗာန်မရနိုင်ပါ)။ သူကမှ ဒိဋ္ဌိပယ်မယ်၊ သညာကိုပယ်မယ်၊ စိတ္တကို ပယ်မယ်–(မှန်ပါ)။ ဒီ့ပြင်ဟာ ပယ်လို့ရရဲ့လား.... (မရပါဘူးဘုရား)။ မယုံယင် ဒါနသက်သက် လုပ်ကြည့်ပါ၊ ပယ်လို့ မရဘူး၊ ရပါ့မလား.... (မရပါဘူး ဘုရား)။ သီလသက်သက် ဆောက်တည်ကြည့်ပါ....မရပါဘူးဘုရား)။ ဝိပလ္လာသကို ပယ်နိုင်ပါ့မလား.... (မပယ်နိုင်ပါဘူးဘုရား)။ သမထ သက်သက် လုပ်ကြည့်ပြန်တော့ကော ကသိုဏ်းရုပ်ကြီးတွေ ငါ့ဟာတောင် လုပ်နေလိုက်သေးတယ်. (မှန်ပါ)။ ကသိုဏ်းရုပ်ကြီးတွေ ကြည့်ပြီး၊ ကောင်းကင်ပျံ မြေလျှိုးနေတော့ ငါနေရာကျတယ် ဆိုတဲ့ဒိဋ္ဌိဝိပလ္လာသတောင် သူ့ကိုယ်မှာ ဖုံးနေလိုက်သေးတယ်. (မှန်ပါ)။ ရိပ်မိပလား....(ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဒီဝိပလ္လာသဲ သုံးချက်ဟာ အားလုံးပေါင်းလိုက်ယင် ဆယ့်နှစ်ပါး ရှိပါတယ်၊ ဆယ့်နှစ်ပါးကို ဒကာ ဒကာမတွေ မထမမဂ်ကို ရနိုင်တဲ့ နည်းလမ်း ဘုန်းကြီးကလဲ ဟောမယ်၊ ဒကာ ဒကာမတွေကလဲ ရအောင်ပဲ ကြိုးစားမယ်ဆိုယင် ရှစ်ပါး တစ်ခါတည်းပြုတ်တယ်- (မှန်ပါ)။ ရှင်းပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ခင်ဗျားတို့အမှားတော်ပုံကြီးဟာဖြင့် ယခုနသိကြပလား— (သိပါပြီဘုရား)။ တံတိုင်းကြီး ဘယ်လောက်မြင့်ပါလိမ့်— (အလွန်မြင့်ပါတယ်ဘုရား)။ ဘယ်လောက်များထူထပ်ပါလိမ့်- (အလွန်ထူပါတယ်)။ ဘယ်ဘဝကစပြီး တည်ထောင်လို့ ဘယ်ဘဝကျအောင် ဆင့်လာတာလဲဆိုတော့ ဘဝတိုင်း ဆင့်လာတာပဲ—(မှန်ပါ)။ ဘယ်တော့များ ဖြိုဖျက်ခဲ့တဲ့ဘဝ ပါရှိလား- (မပါပါဘူးဘုရား)၊

ဒါကြောင့် "ခုန့်ကျော့လွှားရှုသွားဖို့မလွယ်၊ ကြီးကျယ်မြင့်ဆိုင်း၊တံတိုင်းပမာ၊ဝိပလ္လာဖြင့်၊ ကွယ်ကာရစ်သိုင်း၊ ဝန်းဝိုင်း၍ နေခြင်းကြောင့်လည်းကောင်း...." ဆိုခဲ့ဘာ- (မှန်ပါ)။ ဘုရားဘယ်လိုဟောဟောသူတို့မှာသဘောမပါနိုင်ဘူး- တံတိုင်းကာနေလို့တဲ့-(မှန်ပါ)။ ရိပ်မိပလား — (ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ကြပါစို့တဲ့၊ အမှားသုံးချက်ကို သေသေချာချာ သရုပ်နဲ့ တကွ ရှင်းကြပါစို့နော်— (မှန်ပါ)။ အလုပ်နဲ့ရှင်းကြမယ်ဆိုတော့ အမှားကလေး ဆယ့်နှစ်ချက်ကို သေသေချာချာ မှတ်ပါဦး- (မှန်ပါ)။

ဒီအတိုင်း ပါးစပ်ကပြောသွားယင် ဦးမြ ဘယ်သူမှမမှတ်မိနိုင်လို့ ပုံစံချချ ပြနေရတယ်- (မှန်ပါ)။

http://www.dhammadownload.com



ဒကာ ဒကာမတွေ ဘယ်တော့ကမှ ဘုရားသာသနာတော်နဲ့ကလဲ ကောင်းကောင်း မကြုံခဲ့ရ၊ ကြုံပြန်တော့လဲ ကိုယ့်ဝိပလ္လာသ တံတိုင်းအတွင်းက မကြွားဘဲနေကြတယ်-(မှန်ပါ)။ ဤကဲ့သို့ အဖြစ်ဆိုးနဲ့ နေရသည်ဖြစ်လေသောကြောင့် ဒကာ ဒကာမတွေမှာ အမှားဘယ်နှစ်ချက်ဆိုတဲ့ ဥစ္စာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတဲ့ ဝိပလ္လာသတွေကို ရှင်းပြဦးမယ်နော်၊ ကျွတ်တမ်းမဝင်နိုင်တဲ့ အမှားတွေကို ရှင်းပြဦးမယ်-(မှန်ပါ)။

ပြီးတော့မှ ဆက်ပြပါမယ်၊ ဒီအမှားကို ပယ်နည်းပြမယ်-(မှန်ပါ)။

ဒီခန္ဓာကိုယ်ကြီးမှာ ရှိတာက 'သဗ္ဗေ သင်္ခါရာ အနိစ္စ' ဆိုတဲ့ အနိစ္စပဲ ရှိတယ်-(မှန်ပါ)။ သဘောကျပလား-(ကျပါပြီ)။ 'သဗ္ဗေ သင်္ခါရာ ဒုက္ခာ'ဆိုတဲ့ အတိုင်း ခန္ဓာကိုယ်ကြီးထဲမှာ ဖြစ်ပျက်ဒုက္ခပဲရှိတယ်-(မှန်ပါ)။'သဗ္ဗေ ဓမ္မာ အနတ္တာ' ဆိုသောကြောင့် ခန္ဓာကိုယ်ကြီးထဲမှာ ရုပ်ကြည့်ကြည့်, နာမ်ကြည့်ကြည့်, ကြည့်လိုက်ယင် အနတ္တထဲ ဝင်လာတာပဲ.... (မှန်ပါ)။ အသုဘာ-ဆိုတဲ့အတိုင်း ဒကာ ဒကာမတွေ သန္တာန်ရှိတာကတော့ သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘာပဲ ရှိတယ်.... (မှန်ပါ)။ သဘောပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဒီတော့ ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ ပင်ကိုရှိတာကဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ- (မှန်ပါ)။ ရှင်းပလား.... (ရှင်းပါပြီ)။

ပင်ကိုရှိတာက ဘာပါလိမ့်- (အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘပါ ဘုရား)။

http://www.dhammadownload.com



မှတ်ထားကြပါ၊ မှတ်ထားကြပါ။ ပင်ကိုရှိတာကတော့ ဒါပဲ၊ ဘုရားက ထုတ်ဖော် မဟောခင်လဲ ဒါပဲရှိနေနှင့်တာပဲ၊ ဘုရားက ထုတ်ဖော်ဟောလဲ–(ဒါပဲရှိပါတယ်ဘုရား)။ ဒါထက် တော့ ပြင်လို့ရသေးရဲ့လား.... (မရပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့အထင်က ဘယ့်နှယ် ဖြစ်နေသတုံးလို့ တကာသစ်တို့ ကျုပ်တို့ မေးဖို့ မလိုဘူးလား– (လိုပါတယ်ဘုရား)။ ကျုပ်တို့အထင်က မေးကတည်းက ပြသပေးမည့် ဆရာသမားနဲ့ကလဲ မတွေ့ခဲ့သေး။ ဘဝများစွာ သံသရာက ကြီးထွားခဲ့ဆိုတော့ သားကလေးတစ်ယောက် မွေးဖွားလာလို့ ရှိယင် ဒါခန္ဓာကိုယ် ထားပါတော့နော်....(မှန်ပါ)။ အနိစ္စကို နိစ္စလို့မှတ်တဲ့ သညာဝိပလ္လာသလာဘယ်· (မှန်ပါ)၊ အနိစ္စကို နိစ္စလို့ သိတဲ့ စိတ္တဝိပလ္လာသလဲ.... (လာပါတယ်)။ အနိစ္စကို နိစ္စလို့ယူတဲ့ ဒိဋ္ဌိဝိပလ္လာသကော–(လာပါတယ်ဘုရား)၊ ဒါဖြင့် အနိစ္စကို မသိလို့ ဝိပလ္လာသ ဘယ်နှစ်ချက်လာသတုံး·(သုံးချက် လာပါတယ်)။ ကြည့်စမ်း ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အနိစ္စ တစ်ချက်တည်းကို အမှား သုံးချက် လိုက်တယ်– (မှန်ပါ)။ မလိုက်ဘူးလား· (လိုက်ပါတယ်ဘုရား)။

ကဲ.... တစ်ခါသွားပါဦး၊ ခင်ဗျာ.တို့ ခန္ဓာကိုယ်ကြီးဟာ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ·'လို့ မဟောဘူးလား– (ဟောပါတယ်ဘုရား)။ ဟောပေမယ့် ကျုပ်တို့ စိတ်ထဲမှာ မထင်လာဘူး· (မှန်ပါ)။ မထင်လာတော့ ဒုက္ခကို သုခလို့ မှတ်တဲ့ သညာဝိပလ္လာသ လာပြန်တယ်.... (မှန်ပါ)။ ဒုက္ခကို သုခလို့သိတဲ့ စိတ္တဝိပလ္လာသ· (လာပါတယ်ဘုရား)။ ဒုက္ခကို

http://www.dhammadownload.com



သုခလို့ယူတဲ့ ဒိဋ္ဌိဝိပလ္လာသ-(လာပါတယ်ဘုရား)။ ဒါဖြင့် ဒုက္ခရောက်တာ အမှား ဘယ်နှစ်ချက်လိုက်လဲ- (သုံးချက်လိုက်ပါတယ်ဘုရား)။

တစ်ခါ တလေ ခင်ဗျားတို့က ယပ်တောင်ကလေးခတ်၊ ထမင်းအလေးများ စားကောင်းတဲ့အခါ ဩော်.... ချမ်းသာလိုက်တာ, ချမ်းသာလိုက်တာနဲ့ ဒီခန္ဓာကိုယ်ကြီး ယပ်တောင်ကလေးခတ်ပြီး ချမ်းသာရတာကို ခင်ဗျားတို့ တော်သေးရဲ့တော့ခင် ပြောချင် ပြောနေကြသေးတာ- (မှန်ပါ)။ အဘော် ဆိုးနေတာ -(မှန်ပါ)။ဘဝင်မြင့်စရာမရှိယင် အလကား ကြံဖန်ပြီးမြင့်နေတာအ ရှိသေးတယ်ဗျ-(မှန်ပါ)။

ကဲ....တစ်ခါသွားပါဦးတဲ့၊ ခန္ဓာကိုယ်ကြီးဟာ 'သဗ္ဗေ ဓမ္မာ အနတ္တာ' ဘယ်အခါမဆို ဦးဇံရင်ကြည့်ပါ၊ ဖျပ် ဖျပ် ဖျပ် ဖျပ် ပြောင်းလဲနေတာပဲ- (မှန်ပါ)။ အဲဒီ အနတ္တကို ငါလို့မှတ်တဲ့ ဥစ္စာက သညာဝိပလ္လာသ- (မှန်ပါ)။

အနတ္တကို အတ္တလို့ မှတ်ထားက- (သညာဝိပလ္လာသပါဘုရား)၊အနတ္တကိုအတ္တလို့သိတာက-(စိတ္တဝိပလ္လာသပါဘုရား)၊ အနတ္တကို အတ္တလို့ယူထားတာက- (ဒိဋ္ဌိဝိပလ္လာသပါဘုရား)။ ဒါဖြင့် အနတ္တနောက်က အမှားဘယ်နှစ်ချက်- (သုံးချက်ပါဘုရား)၊ ပေါ်ကြပလား-(ပေါ်ပါပြီ)။

ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ကြီးဟာ ဘယ်လို ဖျက်ကြည့်ကြည့် သုံးဆယ့်နှစ်ကောဋ္ဌာသထက် ပိုတဲ့အသုဘ ရှိသေးရဲ့လား-(မရှိပါဘူးဘုရား)။ အဒီအသုဘကိုပင်လျှင် ကိုယ်ခန္ဓာထဲ ရင်ကြည့်လိုက်, ကျောကြည့်လိုက်, ပေါင်ကြည့်လိုက်, လက်

http://www.dhammadownload.com



မောင်းတန်း ကြည့်လိုက်လို့ရှိယင်ဖြင့် ကြည့်ကောင်းပါသေးရဲ့-(မှန်ပါ)။ ဒကာ ဒကာမတွေက ကိုယ့်ဟာကိုယ် မှန်ကလေးများ ထောင်ကြည့်တဲ့အခါ တော်သေးရဲ့၊ အရွယ်နဲ့ ဆိုယင် တင်တာဏာတောင် များနေသေးတယ်၊ ပြောချင်လဲ ပြောနေကြတာ....(မှန်ပါ)။ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။ အဲဒါတွေ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)၊

ဒါဖြင့် အသုဘကို သုဘလို့ မှတ်တာ ဘာတုံး- (သညာဝိပလ္လာသပါ)။ အသုဘကို သုဘလို့သိနေတဲ့ဉစ္စာက.... (စိတ္တဝိပလ္လာသပါ)။ အသုဘကို သုဘလို့ တကယ် ယူနေတာက်....(ဒိဋ္ဌိဝိပလ္လာသပါ)။

အားလုံးပေါင်းလိုက်တော့ ဘယ်နှစ်ပါးရှိသတုံး.... (ဆယ့်နှစ်ပါးပါဘုရား)၊ အဲဒီ ဆယ့်နှစ်ပါးဟာ တစ်နေ့ ဘယ်နှစ်ခါ ဖြစ်သတုံးသာ မေးတော့.... (မရေတွက်နိုင်ပါဘူး ဘုရား)။ ဒါ ခန္ဓာကြီး ထွက်ပေါက်မပေးတဲ့ တရား ဆယ့်နှစ်ပါးဆိုတာ ရိပ်မိငလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကို ဦးဇင်းရင် အလုပ်နဲ့မှ သေသေ ချာချာ ကျုပ်တို့ ဖြစ်ပျက်ကို မကြည့်လို့၊ ဖြစ်ပျက်ကို မမုန်းလို့၊ ဖြစ်ပျက် မဆုံးခဲ့သော် ဖွင့်ပါ့မလား- (မဖွင့်ပါဘူးဘုရား)။ ဘယ်နည်းနဲ့မှ မဖွင့်ဘူး....(မှန်ပါ)။ ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ အလုပ် မလုပ်ဘဲနဲ့များ နိဗ္ဗာန်ရတယ်ဆိုတာများ ခင်ဗျားတို့ ယုံကြပါ့မလား.... (မယုံပါဘုရား)။ မယုံပါနဲ့၊ ဘယ်သူက ဘာပြောပြော မယုံနဲ့....(မှန်ပါ)။ ဒါတွေတာ လိုရင်းတရားတွေပဲ။

http://www.dhammadownload.com



ဒါတွေကိုမပယ်ဘဲနဲ့ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။ ပယ်ယင်လဲ အလုပ်လုပ်မှ ပဲရတယ်....(မှန်ပါ)၊ အသိနဲ့ ပယ်သို့လဲ မရသေးဘူး၊ အမှားနဲ့တောင် ကိစ္စမပြီးသေးဘူး။ နောက်ဆုံးပိတ် အပယ်နဲ့မှ ကိစ္စပြီးတယ်....(မှန်ပါ)။ ဒါကြောင့် ဉာတ-ပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ....လို့ ပရိညာသုံးပါးကို ဟောရပြန်တယ်....(မှန်ပါ)။

အဲဒါကို ခင်ဗျားတို့ ယူနေတာက တကာကြွယ် သိယင်ပြီးတာပဲတဲ့....(မှန်ပါ)။ ဒါဖြင့် ဉာတပရိညာနဲ့ နိဗ္ဗာန်ရောက်တယ်၊ ကိစ္စပြီးတယ် ပြောနေတာပေါ့....(မှန်ပါ)။ မှားမှုပါသေးရဲ့လား....(မပါပါဘူး)။ အဲဒီမှာ တချို့က သောတာပန်တည်တယ်ဆိုပြီး သကာလ တကာကြွယ် ဒကာ၊ ဒကာမတွေမှာ နဂိုက ပျင်းရတဲ့အထဲမှာ အဲဒါမျိုးတွေ သွားပြောလိုက်တော့ မြုပ်ပါရောလား....(မှန်ပါ)။ ဘစ်သံသရာလုံး နစ်နာသွားနိုင်တာပဲ....(မှန်ပါ)။

အဲဒါကြောင့် အပြောမှားနဲ့ တွေ့ရမှာလဲ အင်မတန်ကြောက်စရာ ကောင်းပါတယ်... (မှန်ပါ)။ ဒိဋ္ဌိ မပယ်ဘဲနဲ့ ဘယ်တော့မှ သောတာပန် မဖြစ်ဘူး၊ ခင်ဗျားတို့ မခေသမချင်း မှတ်ပါ....(မှန်ပါ)။ သဘောကျပလား....(ကျပါပြီ)။ သညာမပယ်ဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘူးဘုရား)။ စိတ္တဝိပလ္လာသ မပယ်ဘဲနဲ့ ရဟန္တာ ဖြစ်နိုင်ပါ့မလား.... (မဖြစ်နိုင်ပါဘူးဘုရား)။ ဖြစ်ကို မဖြစ်နိုင်ဘူး၊ သေသေချာချာ မှတ်ထားပါ- (မှန်ပါ)။ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတို့ အနိစ္စနောက်က အမှား ဘယ်နှစ်ချက်လဲ.... (သုံးချက်ပါဘုရား)။ ရေစမ်းပါ.... (သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသပါဘုရား)။

ဒုက္ခနောက်ကကော အမှားဘယ်နှစ်ချက်တုံး.... (သုံးချက်ပါ)။ ကဲ ...ရေစမ်းပါဦးဗျာ.... (သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသပါဘုရား)။

အနတ္တ နောက်ကကော အမှားဘယ်နှစ်ချက်တုံး.... (သုံးချက်ပါ)။ ကဲ....ရေစမ်းပါဦး.... (သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသပါဘုရား)။

အသုဘနောက်ကကော.... (သုံးချက်ပါဘုရား)။ ရေစမ်းပါဦး....(သညာ, စိတ္တ, ဒိဋ္ဌိ, ဝိပလ္လာသပါဘုရား)။

ဦးဇင်း ဘယ်နှစ်ချက် ရသတုံး....(အားလုံး ဆယ့်နှစ်ချက်ပါဘုရား)။ ဆယ့်နှစ်ချက်ဆိုတော့ ဒီဥစ္စာ ပထမမဂ်ရယင် ရှစ်ချက်ပယ်နိုင်တယ်၊ ဒုတိယ တတိယမဂ်ရလို့ရှိယင်ဖြင့် ကျန်သေးချက်ထဲက နှစ်ချက်ပယ်နိုင်တယ်·(မှန်ပါ)။ စတုတ္ထမဂ်ရလို့ရှိယင် ကုန်လိမ့်မယ်....(မှန်ပါ)။ သဘောပါပါလား.... (ပါပါပြီ)။

ဒီမဂ်တွေကလဲ မပွားတဲ့ နေရာမှာလား၊ ပွားရမှာလား.... (ပွားရမှာပါ)။ ဒါဖြင့် တကာကြွယ်တို့၊ ဦးဇင်းတို့ ရိပ်မိပြီ.... (မှန်ပါ)။ ဒီအလုပ် မလုပ်ယင်.... (မရပါဘူးဘုရား)။ သေချာကြပလား....(သေချာပါပြီ)။

ဒါဟာ ခက်အောင် ပြောနေတာလား၊ အမှန်ပြောနေတာလား.... (အမှန်ပြောနေတာပါ)။ ဒါကြောင့် အလွယ်ပြောတာကို မယုံကြနဲ့ ဒကာ ဒကာမတို့နော်၊ လုပ်မှ ရမည့်တရား လုပ်ရမှာပဲ.... (မှန်ပါ)။ လုပ်တာကတော့ဖြင့် ကိုယ့်

http://www.dhammadownload.com



ဉာဏ်စွမ်းကြည့်ပြီး ခုနစ်ရက်နဲ့ ပြီးတာလဲရှိတယ်၊ ညနေအား ထုတ်ယင် မနက်ရတာလဲရှိတယ်....(မှန်ပါ)။

ဒါကတော့ဖြင့် လုပ်တော့ လုပ်ရမှာပဲ။ ကိုယ့်ဉာဏ်စွမ်းရှိသလောက် ရနိုင်ကြမှာပဲ။ ကံစွမ်းတော့ ဒီနေရာမှာ မထည့်နဲ့၊ ကံမဆိုင်ဘူး ဒီနေရာမှာ....(မှန်ပါ)။ နိဗ္ဗာန်သွားတဲ့ နေရာမှာ ဉာဏ်က ဖို့တာ၊ ကံက တိုက်ရိုက်မပို့ပါဘူး.... (မှန်ပါ)။

နိဗ္ဗာန် ဘယ်သူကပို့သတုံး–(ဉာဏ်က ပို့ပါတယ်ဘုရား)။ မဂ္ဂင်ရှစ်ပါးထဲမှာ ကံပါရဲ့လား၊ ခေါင်းဆောင် အဖြစ်နဲ့ သေသေချာချာ စဉ်းစားကြည့်စမ်းပါ.... (မပါပါဘုရား)။ သမ္မာဒိဋ္ဌိ....(လ) သမ္မာ သမာဓိဆိုတော့ ဘယ်ကကြွယ် ကံပါရဲ့လား....(မပါပါဘုရား)။ အဲဒီတော့ ကံကောင်းလို့ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ မယူပါနဲ့....(မှန်ပါ)။ ဉာဏ်ကောင်းလို့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့တော့.... (ယူရပါမယ်)။ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီဟာတွေ ပယ်တာ ကံပယ်တာလား၊ ဉာဏ်ပယ်တာလား....(ဉာဏ်က ပယ်တာပါ)။ ဒါဖြင့် သူ့ကို ပယ်လိုက်ယင် ပထမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန် မရဘူးလား– (ရပါတယ်)။ ကံက ပယ်တာလား၊ ဉာဏ်ကပဲပယ်တာလား.... (ဉာဏ်က ပယ်တာပါဘုရား)။ နိဗ္ဗာန်သည် ကံလမ်းလား၊ ဉာဏ်လမ်းလား.... (ဉာဏ်လမ်းပါဘုရား)။ သေချာပလား....(သေချာပါပြီဘုရား)။ သေချာလို့ ရှိယင်ဖြင့် ဉာဏ်ကိုပြုပါတော့မယ်ဆိုတာ သေသေချာချာ မှတ်ကြစမ်းပါ.... (မှန်ပါ)။ ဦးဇင်း ဘာပြုမှာပါလိမ့်.... (ဉာဏ်ကိုပြုမှာပါဘုရား)။

http://www.dhammadownload.com



**ပညာ ဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ၊**
**ယာယ သမ္မာ ပဇာနာတိ၊ ဇာတိဘဝပရိက္ခယံ။** *

လို့-ဣတိဝုတ် ပါဠိတော်မှာ ဟောတယ်-(မှန်ပါ)၊ လောကမှာ ပညာသည်သာလျှင် မထိုးဖောက်နိုင်တဲ့ ဝိပလ္လာသတွေကို သူသာလျှင် ထိုးဖောက်နိုင်တယ်-(မှန်ပါ)။

အမှားတွေကို ပညာကမှ ဘာလုပ်နိုင်သတုံး-(ထိုးဖောက်နိုင်ပါတယ်ဘုရား)။ ထိုးဖောက်နိုင်တယ်၊ ပြင်ဆင်နိုင်တယ်ဆိုတာ့သဘောကျပလား-(ကျပါပြီ)။ယာယ သမ္မာပဇာနာတိ။ ယာယ-အကြင်ပညာဖြင့်၊ သမ္မာ-ကောင်းမွန်စွာ၊ ပဇာနာတိ-ဟုတ်တိုင်းမှန်စွာ အနိစ္စကို အနိစ္စလို့ သိ၏၊ ဒုက္ခကို ဒုက္ခလို့ သိ၏။ အနတ္တကို အနတ္တလို့သိ၏။ အသုဘကို အသုဘလို့ သိ၏ပေါ့ဗျာ-(မှန်ပါ)။ ဇာတိဘဝပရိက္ခယာ-အဲဒီပညာကသာလျှင် ဇာတိ,ဇရာ,မရဏတွေ ချုပ်အောင်, ငြိမ်းအောင်,သိမ်းအောင် လုပ်နိုင်တာ သူသာ ရှိသကွလို့ ဟောတော်မူတယ်-(မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီ)။

ဒါဖြင့် နိဗ္ဗာန်သည် ကံပို့လို့ ရောက်မှာလား-ဉာဏ်ပို့လို့ ရောက်မှာလား- (ဉာဏ်ပို့လို့ ရောက်မှာပါဘုရား)။ သေသေချာချာ မှတ်ပါ၊ ဗီဇစွာကိုနေ- (မှန်ပါ)၊ သေသေ ချာချာ မှတ်ကြပါတော့, ဒကာမတို့၊ ဉာဏ်နဲ့သွားရမှာပါ- (မှန်ပါ)။

---

* ဣတိဝုတ်ပါဠိတော်- ပညာပရိဟီနသုတ် (၂၁၉)။

http://www.dhammadownload.com



ဘုရားဖြစ်ချင်လို့ရှိယင်ဖြင့် ဒကာ,ဒကာမတွေ ဒါနပါရမီ ကာဆိုတာကိုလဲ လွန်ကဲအောင်ဖင် ဖြည့်ကျင့်ရပါတယ်၊ သီလ ပါရမီဆိုတာကော- (လွန်ကဲအောင်လုပ်ရပါတယ်)။ ကျုပ်တို့ ဗောဓိ ရှိရှိ သာဝကသမားတွေကတော့ ဉာဏ်တစ်လုံး ပါ ယင်ပင် ရောက်နိုင်ပါတယ်လို့ ဆုံးဖြတ်ချက်ချ-* (မှန်ပါ)။ ရှင်းပလား–(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ပြန်ပြီး တစ်ခေါက် ပြောပါဦးမယ် ဒကာ, ဒကာမတို့။ မှားချက်က သိပ်ပြင်းထန်ပါကလား- (မှန်ပါ)။ ဒါက အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ၊ ဒါခင်ဗျားတို့ ခန္ဓာ- (မှန်ပါ)။

ခန္ဓာထဲမှာ ဘာရှိသတုံး- (အနိစ္စ,ဒုက္ခ,အနတ္တပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဘယ်လိုများ မှောက်မှားနေတယ်ဆို တာ ရှင်းပေးပါမယ်။ အနိစ္စကို နိစ္စလို့မှတ်တဲ့ သညာဝိပလ္လာသ ဟုတ်လား-(မှန်ပါ)၊ အနိစ္စကို နိစ္စလို့ သိတဲ့ စိတ္တဝိပလ္လာသ- (မှန်ပါ)။ အနိစ္စကို နိစ္စလို့ ယူထားတဲ့ ဒိဋ္ဌိဝိပလ္လာသ-(မှန်ပါ)။ ဘယ်နှစ်ချက်ရသတုံး- (သုံးချက်ပါဘုရား)။

ဒုက္ခကို သုခလို့မှတ်ထားတာကဘာတုံး-(သညာဝိပလ္လာသ ပါ)။ ဒုက္ခကို သုခလို့သိနေတာက–(စိတ္တဝိပလ္လာသပါ)။ ဒုက္ခ ကို သုခလို့ ယူထားတာက-(ဒိဋ္ဌိဝိပလ္လာသပါဘုရား)။

---

* ဗာဟိယဒါရုစီရိယထေရ်၏ အဋ္ဌုပ္ပတ်သမိုင်း ကြည့်လျှင် ပင် အဘော် လုံလောက်ပါသည်။

http://www.dhammadownload.com



ကိုင်း.... ဒကာ, ဒကာမတို့ တစ်ခု တစ်ခုမှာ ဘယ်နှစ်ချက် ရပါလိမ့်- (သုံးချက်ရပါတယ်)၊ အားလုံး ပေါင်းလိုက်တော့ သုံးလေးလီ(၃×၄=၁၂) ဘယ်လောက်ပါလိမ့်-(ဆယ့်နှစ်ချက်ပါဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် ရိပ်မိပလား— (ရိပ်မိပါပြီ)။ တကာကြွယ်မှာ အမှားပေါင်း ဘယ်လောက်ရှိသတုံး- (ဆယ့်နှစ်ချက်ရှိပါတယ်)။ ထပ်တူတွေကို ထပ်လိုက်မယ် ဆိုယင်တော့ မရေတွက်နိုင်ဘူး-(မှန်ပါ)၊ ထပ်တူပေါင်းပြီး ထပ်လိုက်လို့ရှိယင် ဆယ့်နှစ်ခုပဲ ရှိတယ်- (မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)။ ဘဝများစွာ သံသရာက ဦးဇံရှင် ဘယ်တော့ ပြင်ခဲ့သတုံးမေးလိုက်တယ်-(ဘယ်တော့မှမပြင်လိုက်ပါဘုရား)။ နောက်က ဒကာ,ဒကာမတွေ ဘယ်တော့ ပြင်ခဲ့သတုံး- (ဘယ်တော့ကမှ မပြင်ခဲ့ပါဘုရား)။

ဒါဖြင့် မပြင်ခဲ့တော့ ဒီဘဝကျတော့ ဒီအမှတ်, ဒီအသိ, ဒီအယူတွေဟာ ပြန်ယူသလား၊ မယူဘူးလား— (ယူပါတယ်ဘုရား)။ ဒါဖြင့် ထပ်ပြီး ဆင့်တယ်—(မှန်ပါ)။ သဘောကျပလား....(ကျပါပြီ)။

ထပ်ဆင့်တော့ ထုသေးလို့လား၊ ကြီးပြီးသား ထပ်ဆင့်တာသား-(ကြီးပြီးသား ထပ်ဆင့်တာပါ)၊ နို့မို့လို ဆင့်တာလား၊ မြင့်တဲ့အပေါ်မှာ မြင့်သည့်ထက် မြင့်အောင် ဆင့်တာလား-(မြင့်သည်ထက် မြင့်အောင် ဆင့်တာပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဘုရား အဆူဆူမှာ ဒီတံတိုင်းကြီးတွေ ကာနေလို့ ဘုရားမဝင်နိုင်ဘူးဆိုတာ ရိပ်မိပလား- (ရိပ်မိ

http://www.dhammadownload.com



ပါပြီ)။ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။ အင်မတန် မဆိုး ဝါးဘူးလား-(ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒီတရားကို ပယ်ခြင်း၊ ဖျောက်ခြင်း မလုပ်ကြပါဘူး ဆိုယင် ခင်ဗျားတို့ ဘုရားမှာ ရှိခိုးကြတော့ 'အရှင်ဘုရား၊ ဒီတပည့်တော်တို့ ဤဆွမ်း၊ ဤကွမ်းကြောင့် ဝဋ္ဋဘေးတိုတို့နဲ့ မဂ်ဖိုလ်ရ၊ ရပါလို၏-' တဲ့၊ ဆုတောင်းရှိသာ တောင်းတယ်၊ ဒါကို ပယ်ဖို့တော့ မလုပ်ဘူး-(မှန်ပါ)၊ ဘယ်ကနေပြီး တောင်းသတုံးလို့ မေးတဲ့အခါ ကျတော့ ဝိပလ္လာသထဲက နေပြီး တောင်းတယ်-(မှန်ပါ)။ ဝိပလ္လာသစွန့်မှ တောင်းယင် ရတယ်-(မှန်ပါ)။ မစွန့်ချင်ဘဲနဲ့ တောင်းယင်-(မရပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့မှာ သွားနေတဲ့ ပုဂ္ဂိုလ်များ စွန့်ချင်တာလား၊ မစွန့်ဘဲနဲ့ အလုပ် မလုပ်ဘဲနဲ့ အလကား လိုချင်တာလား-(အလကားလိုချင်တာပါဘုရား)။ မလုပ်ဘဲနဲ့ အလကား လိုချင်ယင် ဘယ်သူ့မှ မပေးဘူး၊ စိတ်သာချ-(မှန်ပါ)။ ရနိုင်ပါ့မလား-(မရနိုင်ပါဘုရား)၊

ကိုင်း ဒါဖြင့် ဒကာ၊ ဒကာမတို့၊ လုပ်ယူရမည့် အလုပ်ကို လုပ်ယူပါ၊ တောင်းယူရမည့် အလုပ်ကို တောင်းယူပါ... (မှန်ပါ)။

ဒါ့ကြောင့်ဘုန်းကြီးတို့စာအုပ်ထဲမှာလဲ ပါတယ်၊နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို၊ နတ်ရွာသုဂတိကို ပန်းတစ်ပွင့်တည်းနဲ့ တောင်းယူဟေ့...ရတယ်-(မှန်ပါ)။ နိဗ္ဗာန်ကတော့ ဘာဝေတဗ္ဗကိစ္စနဲ့ ပွားယူရမယ်ဆိုတော့ လုပ်ယူရမှာ-(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်စစ်ကိုတော့ ဘာလုပ်ယူရမတုံး- (ပွားယူရပါမယ်)၊ လူ့ပြည်, နတ်ပြည်ကျတော့ (တောင်းယူရပါမယ် ဘုရား)၊ ဗြဟ္မာ့ပြည် ဆိုတာတောင် သမထ အားထုတ် ယူမှ ရတယ်-(မှန်ပါ)။ ဒါလဲ တောင်းရုံသက်သက်နဲ့ မရသေးဘူး-(မှန်ပါ)။

လူ့ပြည်, နတ်ပြည်ကတော့ဖြင့် ဆုမ်းနဲ့ ကုမ်းနဲ့ တောင်းယူယင်.... (ရပါတယ်ဘုရား)၊ နိဗ္ဗာန်ကျတော့ ဝိပဿနာ အလုပ်ကို မလုပ်ဘဲနဲ့ (မရပါဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အချောင်ကြိုက်သမားနဲ့ဖြင့် ဒီတရားပွဲ လာကို မလာနဲ့၊ ရကို မရဘူး၊ စိတ်သာချ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

သေသေချာချာလုပ်ယူရလိမ့်မယ်ဆိုတာသာ အောက်မေ့.... (မှန်ပါ)၊ သို့သော် အားမလျော့ပါနဲ့တဲ့၊ လုပ်ရမှာက တော်တော် များများ လုပ်ရမှာသာ ဘုရား၊ ဒီအသံမလာပါနဲ့-(မှန်ပါ)၊ ခင်ဗျားတို့ ဉာဏ်စွမ်းကြီးလို့ မနက်အားထုတ် ညနေ ရတဲ့နည်းလဲ ရှိတယ်- (မှန်ပါ)။ ခုနစ်ရက် အားထုတ်လို့ရတဲ့ နည်းကော- (ရှိပါတယ်ဘုရား)၊ ခုနစ်နှစ် အားထုတ်တဲ့နည်း ကော.... (ရှိပါတယ်ဘုရား)၊ အဲဒါက ကိုယ့်ဉာဏ်စွမ်းပေါ်မှာ မှီပါတယ်-(မှန်ပါ)

ဒါကြောင့် ဘုရားက- ယောဟိ၊ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဝေံ ဘာဝေယျ သတ္တဝဿာနိ။

http://www.dhammadownload.com



သတိပဋ္ဌာန် အားထုတ်လို့ရှိယင် အဖျင်းဆုံး ခုနစ်နှစ် အား ထုတ်ရတယ်ကွတဲ့... (မှန်ပါ)။ ဘစ်ခါ နောက်ဆုံးပိတ် ဟော ပြန်လိုက်ပြန်တော့ ခုနစ်ရက်နဲ့လဲ ရတယ်ကွ-(မှန်ပါ)။

ဒါ ဘယ်သူဟောတာတုံး- (ဘုရားဟောတာပါ)၊ ဘုရား ဟောတာ ဖြစ်နေတော့ တချို့ ခုနစ်နှစ် ဟောတယ်၊ တချို့ ခုနစ်ရက်ဟောတယ်လို့ တကာကြွယ်တို့တာ အမျိုးမျိုးပါလား လို့ ဆိုချင်သလား-(မဆိုချင်ပါဘူးဘုရား)၊ ခင်ဗျားတို့ ကိလေ ထု လူတဲ့ ပုဂ္ဂိုလ်မှာ ခုနစ်နှစ် အားထုတ်ရမယ်- (မှန်ပါ)၊ ကိလေသာအလတ်စားရှိတဲ့ပုဂ္ဂိုလ်မှာ ခုနစ်လအားထုတ်ရမယ်- (မှန်ပါ)၊ ကိလေသာပါးတဲ့ပုဂ္ဂိုလ် ခုနစ်ရက်နဲ့ရမယ်-(မှန်ပါ)၊ ကိလေသာပေါ် မှီတာပဲ- (မှန်ပါ)။

အဲဒီတော့ ခင်ဗျားတို့က ဘုန်းကြီးဆီမှာ အားထုတ်ရတာ ကြာပြီဘုရား၊ အခုအထက်တိုင်တိုင်ပဲ၊ဖြစ်ပျက်မတက်သေးဘူးတဲ့ - (မှန်ပါ)၊ ကိလေသာထုထူနေတယ်၊ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဘာဖြစ်လို့ ပြောတာတုံး- (ကိလေသာထု ထူနေလို့ ပြော တာပါ)။

အဲဒီတော့ အသာမြဲပြီး အားထုတ်ရမယ်၊ဒါ ကိလေသာထု ထူတယ်၊ ပြောလဲ မပြောချင်ဘူး၊ ကြိုးစားရမှာပဲ၊ မတတ်နိုင် ဘူး၊ ဒီလိုပဲ လုပ်ရမှာပဲဆိုတာ ရိပ်မိပလား- (ရိပ်မိပါပြီ)၊ သဘောပါပလား-(ပါပါပြီ)။

အဲဒီတော့ နောက်ကို ညည်းလဲ မညည်းကြနဲ့နော်-(မှန်ပါ)။ ညည်းလို့ရှိယင်ဖြင့် ကိုယ့်အပြစ်ကိုယ် ထုတ်ပြောတာနဲ့ အတူတူ

http://www.dhammadownload.com



ဖြစ်နေကြမယ်-(မှန်ပါ)။ တပည့်တော်ဖြင့် ဘယ်လောက်ကြာမြီ ဘုရား၊ အခုထက်ထိ ဖြစ်ပျက်ရှိသေးတယ်၊ မှန်းတောင်မမှန်း သေးဘူး၊ ဆုံးဖို့ရာအသာထားပါဦး- (မှန်ပါ)၊ မြုပြီးနေပါ၊ ကိလေသာထု ထူနေလို့- (မှန်ပါ)၊ ကိုယ့်အထုပ် ဖြည်ပြဿလို့ ဖြစ်နေတယ်- (မှန်ပါ)၊ မဖြစ်ပေဘူးလား- (ဖြစ်ပါတယ် ဘုရား)။

ကိုယ့်အထုပ်က သေးသေးသား၊ ကိလေသာထုပ်ကြီးက ကြီးကြီးလား- (ကြီးကြီးပါဘုရား)၊ ကြီးတဲ့ဥစ္စာ ဖြည်ပြနေ တယ်၊ ဖြည်ပြလေလေ အရှုပ်ဆိုးလေလေ နေမှာပဲ- (မှန်ပါ)၊ မဆိုးပေဘူးလား-(ဆိုးပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ,ဒကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက မရဘူးဟောသလား၊ ရမယ်ဟောသလား- (ရမယ် ဟောပါတယ်)၊ ရမယ် ဟောပါလျက်သားနဲ့ ကိုယ်က နုန့်နှေး လို့ရှိယင် ကိလေသာထု ထူလို့မှတ် (မှန်ပါ)၊ ရှင်းပလား-(ရှင်း ပါပြီ)။

ကိုင်း ဒါဖြင့် ဒကာ,ဒကာမတို့ လုပ်နည်း ပြမယ်နော်.... (မှန်ပါ)၊ လုပ်နည်း ကိုင်နည်း ပြမယ်ဆိုတော့ ဝိပလ္လာသက သညာဝိပလ္လာသက လေးခု၊ စိတ္တဝိပလ္လာသက လေးခု၊ ဒိဋ္ဌိ ဝိပလ္လာသက သေးခုစီ မရှိဘူးလား- (ရှိပါတယ်ဘုရား)။

အဲဒီတော့ 'အရှင်ဘုရား၊ အလုပ် ပေးပါတော့၊ တပည့် တော်တို့ ဒီတံတိုင်းလဲ ကျော်ချင်ပါပြီ၊ ဒီဒုက္ခကြီးလဲ သိမ်းချင် ပါပြီ....' ဆိုလို့ရှိယင်ဖြင့် သညာဝိပလ္လာသတို့ စိတ္တဝိပလ္လာသ တို့ကို ဘုန်းကြီးမဟောသေးပါဘူး၊ ဒိဋ္ဌိဝိပလ္လာသကို အလျင်

http://www.dhammadownload.com



ဖြုတ်ရမယ်-(မှန်ပါ)၊ ဒါမှ သောတာပန်တည်နိုင်မှာကိုး.... (မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဘာ အလျှင်ဖြုတ်ရမတုံး- (ဒိဋ္ဌိဝိပလ္လာသကို အလျှင်ဖြုတ်ရပါမယ်)၊ ဒါဖြင့် ဒိဋ္ဌိဖြုတ်ခန်း ဝိပဿနာဉာဏ်ကို ဟောရမှာပေါ့- (မှန်ပါ)၊ တရားရမ်းဟောလို့ရှိယင် ဦးဇံချင် အစဉ်လွဲနေမယ်- (မှန်ပါ)၊ ဒိဋ္ဌိ မဟောသေးဘဲနဲ့ သညာဝိပလ္လာသ အလျှင် ဟောလို့ ဖြစ်ပါ့မလား-(မဖြစ်ပါဘူးဘုရား)၊ ဒါတွေက သညာက ကျန်နေသေးတာဗျ၊ သကဒါဂါမ် အနာဂါမ်တောင်မှ အရှင်ဘုရား၊ ဆွမ်းဘုဉ်းပေးလို့ ကောင်းပါရဲ့လား ဆိုတော့ ကောင်းပါတယ်ဆိုယင် သုခသညာ ကျန်နေတယ်- (မှန်ပါ)၊ အဲဒီတော့ ဒါတွေ အလျှင်ဟောနေယင် တရားစဉ်လွဲနေဦးမယ်-(မှန်ပါ)၊

ဒါဖြင့် ဘာအလျှင်ဖြုတ်ရမလဲ- (ဒိဋ္ဌိဝိပလ္လာသကို အလျှင်ဖြုတ်ရပါမယ်)၊ ဒိဋ္ဌိဖြုတ်မယ်ကျန်တော့ ဒကာ, ဒကာမတို့၊ ပဋိစ္စသမုပ္ပါဒ် ပြန်ပြရမယ် -(မှန်ပါ)။

ဒိဋ္ဌိဖြုတ်ချင်ယင် ဘာနားလည်ရမယ် - (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ် ဘုရား)။

ဝိပလ္လာသ ဆယ့်နှစ်ပါးရှိတဲ့အနက်က ရှေးဦးစွာ ဝိပဿနာဉာဏ်နဲ့ ဖြုတ်ရမှာ၊ ဘယ်ဟာကို ဖြုတ်ရမတုံး- (ဒိဋ္ဌိအလျှင်ဖြုတ်ရပါမယ်၊ စိတ္တဝိပလ္လာသ၊ သညာဝိပလ္လာသတို့ကို အကုန်ဖြုတ်လို့ ရပါ့မလား-(မရပါဘုရား)၊ ဒါဖြင့် တရားဟောစဉ်မှာ အစဉ်တည့်ဖို့ မလိုဘူးလား- (လိုပါတယ်)၊ ဦးဇံရင် လိုပြီ- (မှန်ပါ)၊ ရမ်းဟောနေလို့ မကိုက်ဘူး၊ လိုပြီ-(မှန်ပါ)။

http://www.dhammadownload.com



ဒါဘာ့ ဒကာမတွေ ၁-နံပါတ် လှေကားထစ်က တက်မှ ၂-နံပါတ်ရောက်မယ်၊ ၂-နံပါတ်တက်ပြီးမှ ၃-နံပါတ် ရောက်မယ်၊ ၃ နံပါတ်ကတက်မှ ၄-နံပါတ်ဘက်ရမယ်- (မှန်ပါ)၊ ၁ နံပါတ် မတက်ဘဲနဲ့ ၂ နံပါတ်ခိုင်း၊ ၃ နံပါတ် အတက်ခိုင်း၊ အဘက်ခိုင်း ဆိုလို့ရှိယင် ချော်ကျချင်လဲကျ၊ အမေ့ယင်လဲ ဆိုက်ရမယ်၊ မတက်ဖြစ်ယင်လဲ မတက်ဖြစ်သူး ဆိုတာသေချာ ပါတယ် (မှန်ပါ)။

ဒါကြောင့် ခင်ဗျားတို့ ဝိပလ္လာသ ဆယ့်နှစ်ပါး ရှိတဲ့အနက် က ဘယ်ဟာကို အလျင်ဖြုတ်ရမတုံး- (ဒိဋ္ဌိအလျင်ဖြုတ်ရမါ မယ်)၊ သေသေချာချာ မှတ်ကြပါ.... (မှန်ပါ)၊ တရားကို အတွင်းသာ ဟောနေငြားသော်လဲ ဒါတွေ မဖြုတ်ယင် ဦးဇံရှင် ဘယ့်နှယ်လုပ်မလဲ မရဘူးဗျ.... (မှန်ပါ)၊ ဒါ ပယ်နည်းကိုပဲ ခန္ဓာကိုယ်ပေါ်မှာ ပြရဦးမယ်....(မှန်ပါ)၊ သဘောကျပ်သွား- (ကျပါပြီ)၊

ဒါဖြင့် ဝိပလ္လာသ ဆယ့်နှစ်ပါးရှိတဲ့အနက်က ဘယ်ဟာကို ပယ်မှ ပထမနိဗ္ဗာန်ရမတုံး— (ဒိဋ္ဌိပယ်မှ ရပါတယ်)၊ ဒါဖြင့် ဒိဋ္ဌိပယ်နည်း နိဿရည်းကို ရှေးဦးစွာ ဟောရမယ်....(မှန်ပါ)၊ ဒီဖြင်ဟာ ဟောယင်.... (လွဲနေပါဘယ်ဘုရား)၊ ရှေ့နောက် အစဉ်လွဲနေဖာယ် .. (မှန်ပါ)၊ သဘောပါကြပ်သား....(ပါပါပြီ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကမနာတတ်ပေမယ့် ဆရာဘုန်းကြီး အတော့ ပြင်ရေးရမှာပဲ- (မှန်ပါ)၊ ခင်ဗျားတို့ကတော့ တရားဆိုယင် ကုသိုလ်ရတာပဲ၊ ဒါလောက်သာ့ သူဿေ

http://www.dhammadownload.com



ထားစာကြတယ်- (မှန်ပါ)၊ ကုသိုလ် ဖြစ်ချင်လို့ ရှိယင် ခင်ဗျားတို့ စာအုပ်ဖတ်နေလဲ ကုသိုလ်ဖြစ်တာပဲ- (မှန်ပါ)။ ကုသိုလ်ဖြစ်တာလောက်နဲ့ မဂ်ရဘာနဲ့က တခြားစီ (မှန်ပါ)။ ကုသိုလ်ဖြစ်တာက လမ်းမှာ တံမြက်စည်းလှည်း၊ ရေအိုးစင် တည်တောင် ဖြစ်ပါတယ်- (မှန်ပါ)၊ မဂ်ရဖို့ကျတော့ ဖယ်စဉ်နားလည် မှန်ကန်ပြီး အားထုတ်ယူမှရမယ်-(မှန်ပါ)။ သဘောပါကြပလား- (ပါပါပြီ)၊ ဒါဖြင့် ကုသိုလ်ဖြစ်ရုံက တခြား မဂ်ရတာက တခြား-(မှန်ပါ)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လာဘ် ရတာက တခြား နိဗ္ဗာန်ရတာက တခြားလို့ ဟောတော် မူတယ်-(မှန်ပါ)။

အညာ ဟိ လာဘူပနိသာ၊ အညာနိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခုဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ၊

ဓမ္မပဒမှာပါတယ်- (မှန်ပါ)၊ လာဘူပနိသာ-လာဘ်ရတဲ့ အလုပ်က၊ အညာ-တစ်ပါးပဲ၊ ဒါနပြုဖြီး နောက်ဘဝကြီးပွား ချင်တာ အဲဒါက တခြားတဲ့-(မှန်ပါ)၊ အညာ နိဗ္ဗာနဂါမိနီ- နိဗ္ဗာန် ရောက်ကြောင်း အလုပ်က တခြားတဲ့- (မှန်ပါ)၊ ဧဝမေတံ အဘိညာယ-ဒီနှစ်ခုကို ခွဲသိမှတဲ့-(မှန်ပါ)၊ ခွဲမသိ ယင် တော်ပါ့မလား- (မတော်ပါဘူး)။

ဒါဖြင့် လာဘ်ရကြောင်းကတခြား၊ နိဗ္ဗာန်ရကြောင်းက တခြား- (မှန်ပါ)၊ ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ လာဘ် ရချင်တာလား, နိဗ္ဗာန် ရချင်တာလား- (နိဗ္ဗာန် ရချင်တာပါဘုရား)၊ မှုသားတော့ မပါစေနဲ့နော်။ ဗေဒင်မေးတော့ ဘယ်တော့များ လာဘ်ကလေး ရွှင်ပါ့မလဲ မေးနေကြတာ ခင်ဗျားတို့ဟာ ခက်လိုက်တာက- (မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းနဲ့ လာဘ်ရကြောင်း ဟာ တူတူလား၊ တခြားစီလား-(တခြားစီပါဘုရား)၊ ဒါဖြင့် ဒကာ, ဒကာမတို့၊ နိဗ္ဗာန်ရောက်ကြောင်းပဲ ကြိုးစားပါ- (မှန်ပါ)။

'အာရောဂျပရမာ လာဘာ'–လာဘ်ထဲမှာ အနာကင်း ခြင်းဟာ အကြီးဆုံး-(မှန်ပါ)၊ 'နိဗ္ဗာနံ ပရမံ သုခံ'–အဲဒီ လာဘ်ဘေးထက်လဲ နိဗ္ဗာန်ဟာ အကြီးဆုံးချမ်းသာပဲ-ဆိုတော့ မပေါ်လာဘူးလား-(ပေါ်လာပါတယ် ဘုရား)၊

ဒါဖြင့် ဒကာ, ဒကာမတို့၊ လာဘ်ရချင်လို့ရှိယင် လာဘ် ရချင်တဲ့ အလုပ်ကို လုပ်ပါ-(မှန်ပါ)၊ နိဗ္ဗာန်လိုချင်ယင် နိဗ္ဗာန် ရတဲ့ အလုပ်ကို လုပ်ပါ- (မှန်ပါ)၊ တခြားစီဆိုတာ ပေါ် ပလား-(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ပဌမ နိဗ္ဗာန်လိုချင်ယင် ဘာပယ်ရ မတုံး- (ဒိဋ္ဌိကိုပယ်ရပါမယ်)၊ ဒိဋ္ဌိ ပယ်ရတော့မယ်ဆိုတော့ ဒိဋ္ဌိခန္ဓာပြုရလိမ့်မယ်- (မှန်ပါ)၊ အနိစ္စဖြစ်တဲ့ခန္ဓာကိုယ်ကို အနိစ္စ ပေါ်အောင် ဘုန်းကြီး ဟောရလိမ့်မယ်- (မှန်ပါ)၊ ဒုက္ခ ဖြစ်တဲ့ခန္ဓာကိုယ်ကို (ဒုက္ခပေါ်အောင်ဟောရပါမယ်)။ အနတ္တ

ဖြစ်တဲ့ ခန္ဓာကိုယ်ကို အနတ္တဖြစ်အောင် ဟောရပါမယ်။ အသုဘ ဖြစ်တဲ့ ခန္ဓာကိုယ်ကို-(အသုဘပေါ်အောင်ဟောရပါမယ်)။

အဲဒါပေါ်အောင် ဟောလိုက်တော့မှ အားကိုးလုံး မရှိတော့မှ ဒါတွေ ဒိဋ္ဌိပြုတ်မယ်-(မှန်ပါ)၊ ဒီဒိဋ္ဌိပြုတ်မှ ပဌမ နိဗ္ဗာန် ရမယ်ဆိုတာ သေချာပလား-(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိပြုတ်နည်း နိဿရည်၊ ဒီနေ့နာရီစေ့ပြီး၊ နက်ပြန်မှ ဒိဋ္ဌိပြုတ်မယ်။

သာဓု ... သာဓု.... သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့ - ဓမ္မာရုံ၌ ဟောကြားတော်မူသော

နိဗ္ဗာန်မြင်အောင် ကြည့်ရန်

# နိဗ္ဗာန်မြင်အောင် ကြည့်ရန်

# စိတ္တာနုပဿနာ

# အလုပ်ပေးတရားတော်

[၈-၁၂-၁၉၆၁]

အားလုံး ဒကာ, ဒကာမတွေ တရားကို နှလုံးသွင်းကြပါလို့ သတိပေးလိုက်ပါတယ်၊ တရားနှလုံးသွင်းဆိုတာ အမိမိတို့၏ ခန္ဓာကိုယ်ထဲမှာ တရားရှိတယ်-(မှန်ပါ)။

ဘယ်မှာ တရားရှိပါလိမ့်- (မိမိတို့ ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)၊ မိမိတို့ ခန္ဓာထဲမှာ ရှိတယ်လို့ သေသေချာချာ မှတ်ထားကြပါ။

တရားရှာ ခန္ဓာထဲမှာ တွေ့ရမယ်ဆိုတဲ့အတိုင်း ခန္ဓာထဲမှာ ကြည့်ပါလို့ သတိပေးလိုက်တယ်-(မှန်ပါ)၊

http://www.dhammadownload.com



အဲဒီတော့ ဇီခန္ဓာကြီးကို စောင့်ပြီး ကြည့်စမ်းပါလို့လဲ သတိပေးပြန်တယ်နော်-(မှန်ပါ)။

ဦးခင်မောင်ဘယ်လို ကြည့်ရမလဲ.... (စောင့်ပြီးကြည့်ရပါမယ် ဘုရား)၊ စောင့်ပြီးကြည့်ရမယ်လို့ ဒကာ, ဒကာမတွေ သေသေချာချာ မှတ်ပါ....(မှန်ပါ)၊ စောင့်ပြီး သကာလ အသက်ကလေး မှန်မှန်ရှုပြီးတော့ကြည့်ပါ-(မှန်ပါ)၊အသက် ကလေး မှန်မှန်ရှုပြီး သကာလ ကြည့်တော့ အာရုံတွေက တိုက်ချင်ရာက တိုက်လိမ့်မယ်ဆိုတာမှတ်ထားရမယ်-(မှန်ပါ)။

အာရုံတွေက တိုက်ချင်ရာက တိုက်တော့ ဖျမ်ခနဲမျက်လုံး ဖွင့်လိုက်တယ် ဆိုလို့ရှိယင်ဖြင့် ဒကာ, ဒကာမတွေ မှတ်ထား ပါ၊ ညွှ်သည်ဖြစ်တဲ့ မြင်စိတ်ပေါ်တယ်လို့ မနေ့က ပြောတာ မှတ်မိကြတယ် မဟုတ်လား-(မှန်ပါ)။

မျက်လုံးဖွင့်လိုက်တဲ့ အခါကျတော့ ဘယ်စိတ်ပေါ်လာ သတုံး....(မြင်စိတ်ပေါ်လာပါတယ်)၊ညွှ်သည်ဖြစ်တဲ့ မြင်စိတ် ပေါ်လာတယ်-(မှန်ပါ)။

ကောင်းပြီ ဇီညွှ်သည်ဖြစ်တဲ့ မြင်စိတ်ဟာ အိမ်ကပါလာ တာလား–ယခုမှ ဒီနားရောက်မှ ဇီအဆင့်နဲ့ တွေ့လို့ ယခုမှ ပေါ်လာတာလားမေးယင် ဘယ့်နှယ်ဖြေကြမလဲ-(အခုမှပေါ် လာတာပါဘုရား)၊ ဒါဖြင့် ပစ္စုပ္ပန်စိတ်ပဲ ဆိုတာ, မှတ်လိုက် တာပေါ့-(မှန်ပါ)။

အဲဒါကြောင့် ဘဒ္ဒေကရတ္တသုတ်မှာ လာထားတာက ပစ္စုပ္ပန်တည့်တည့်ရှုကြပါ ဆိုတာကို ရှင်းပြပါတယ်။

အဲဒီတော့ ဒကာ,ဒကာမတွေ သန္တာန်၌မျက်လုံးကလေး ဖွင့်လိုက်ယင် မြင်စိတ်ပေါ်တယ်၊ မြင်စိတ် ပေါ်သည်နဲ့

http://www.dhammadownload.com



ဘာစ်ပြိုင်နက်တည်း စောင့်နေတဲ့ သတိ, သမာဓိ, ပညာက ဒကာ, ဒကာမတွေ ချက်ချင်း လိုက်ပါ၊ ဪ.... မြင်စိတ်ကလေးပေါ်ပြီး မြင်စိတ်ကလေး မရှိဘူးဆိုတာ ချက်ချင်း လိုက်ပါ။ သဘောကျကြပလား-(ကျပါပြီ)။

ဒါ အလုပ်သင်နေတယ်လို့ သေသေ ချာချာ မှတ်ပါ.... (မန်ပါ)၊ မျက်လုံး ဖွင့်လိုက်တော့ ဘာစိတ် ပေါ်သတုံး.... (မြင်စိတ် ပေါ်ပါတယ်ဘုရား)၊ မြင်စိတ် ပေါ်တာကလေးကို ဦးခင်မောင်တို့ လူစုက ဒီအတိုင်း မနေလိုက်ပါနဲ့၊ စောင့်နေတဲ့ သတိ,ပညာက လိုက်လိုက်ပါ။ လိုက်လိုက်တဲ့ အခါကျတော့ ရှိသေးရဲ့လား.... (မရှိပါဘုရား)၊ မရှိတော့ 'စက္ခုဝိညာဏံ အနိစ္စံ' ဆိုတဲ့အတိုင်း မြင်စိတ်ကလေးကို ဖြစ်ပြီးပျက်တဲ့ ဓမ္မကလေးရယ်လို့ စောင့်နေတဲ့ တရားက မမြင်ပေဘူးသား.... (မြင်ပါတယ်)၊ စောင့်နေတဲ့ဘရားကမြင်တော့ ငါမြင်,သူမြင် လားလို့ မေးတဲ့အခါကျတော့ ငါမြင်, သူမြင်ဆိုဘာ မဟုတ်ပါဘူး၊ မြင်စိတ်ကလေးကမြင်ပြီးသကာလ မြင်စိတ်ကလေးက မမြင်ဘဲနဲ့ပဲ ချုပ်သွားဘယ်ဆိုတာ ဒကာ, ဒကာမတွေ မှတ်လိုက်တာပေါ့....(မှန်ပါ)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်က ဖြစ်ပျက်၊ ရှုဘာက မဂ်ဆိုဘာလဲ ဒကာ,ဒကာမတွေ မှတ်မိကြပါလိမ့်မယ် နော်... (မှန်ပါ)။

မြင်စိတ်က ဘာလဲ....(ဖြစ်ပျက်ပါဘုရား)၊ ရှုတာက.... (မဂ်ပါဘုရား)၊ ရှုတာက ဝိပဿနာဖြစ်နေတော့ ဒီဟာမလာဘူး၊ ဒကာ,ဒကာမတွေက စောင့်ကြည့်နေပြီး ပေါ်တဲ့ ဓမ္မကို မလိုက်တော့ပါဘူးလို့ ဒကာ, ဒကာမတွေက ခပ်ပေပေနဲ့ နေ

http://www.dhammadownload.com



ကြမယ်ဆိုလို့ ရှိယင်ဖြင့် မြင်ယင် လိုချင်တယ်ဆိုတာ မလာဘူးလား....(လာပါတယ်)၊ စွဲလမ်းတယ်ဆိုတဲ့ဥစ္စာကော.... (လာပါတယ်)၊ အားထုတ်မယ် ဆိုတာကော.... (လာပါတယ်)၊ ဒါဖြင့် တဏှာ ဥပါဒါန် ကံ မလာပေဘူးလား - (လာပါတယ်ဘုရား)။

အဲဒါကြောင့် တုန်းကြီးတို့ ဒကာ ဒကာမတွေ မြင်စိတ်ကလေးကို ပထမ ရှုမှု ရှုကြမှုနဲ့သာ စိုက်ပြီးသကာလ ကြည့်နေတုန်း ဖျတ်ခနဲ မြင်စိတ်ကလေး ပေါ်ယင် မြင်စိတ်နောက်ကို တစ်ခါတည်း စောင့်နေတဲ့ ဓမ္မတွေက ချက်ချင်းလိုက်လိုက်ပါ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အာယတ်၍ မလိုက်ဖြစ်တော့ပါဘူး ဆိုယင်ဖြင့် မြင်တာကို လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ် ဆိုတဲ့ အနာဂတ် အကြောင်းသုံးခု တစ်ခါတည်း ပေါ်လာတယ်လို့ မှတ်စမ်းပါနော်....(မှန်ပါ)။

ဘာ ပေါ်လာပါလိမ့်....(အနာဂတ်အကြောင်းသုံးခု တစ်ခါတည်း ပေါ်လာပါတယ်)၊ အနာဂတ် အကြောင်း သုံးခု ပေါ်လာလို့ ရှိယင် အနာဂတ် အကျိုးသုံးခုဆိုတဲ့ ဇာတိ ဇရာ မရဏ ဒုက္ခသစ္စာသုံးခု လာမလား မလာဘူးလား.... (လာပါတယ်ဘုရား)၊ လာမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ စောင့်ပြီး သကာလ ပေါ်ရာကို အနိစ္စရှုပါ၊ (ဝါ)ဖြစ်ပျက်ရှုပါဆိုတဲ့ ဥစ္စာ ဘာကို ခိုင်းတာတုံး မေးတဲ့အခါကျတော့ ဦးခင်မောင် မှတ်လိုက်

http://www.dhammadownload.com



စမ်းပါ၊ အခု ရှေ့ကပြထားတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေ ဆက်နေတာလို့ မှတ်လိုက်....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်-(တဏှာ၊ ဥပါဒါန်၊ ကံ၊ ဆက်နေတာပါဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံတွေ ဆက်လိုက်တော့ အကြောင်းသုံးခု ဆက်လိုက်တဲ့အတွက် ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ အနာဂတ်ဘဝ အကျိုးသုံးခုလာရဲ့လား-(မလာပါဘူး)၊ ဒါဟာ ခေါင်းပြီးရှုလို့နေ၁်-(မှန်ပါ)။

ဒါဖြင့် ခေါင်းပြီး မရှုတဲ့ပုဂ္ဂိုလ်များအတွက်မှာဖြင့် ခြင်-ဘာများ ဖြစ်ရှာမှာပါလိမ့်မလဲလို့ ဒကာ၊ ဒကာမတွေက မေးလို့ရှိယင် မြင်တဲ့စိတ် ဖြစ်ပျက်မရှုတဲ့ အတွက် လိုချင်တယ်၊ စွဲလမ်းတယ်၊ မရရအောင် အားထုတ်မယ် ဆိုတဲ့ တရား သုံးခု မလာပေဘူးလား-(လာပါတယ်)၊ ဒါ အနာဂတ်အကြောင်း မဟုတ်ဘူးလား-(မှန်ပါ)၊ အနာဂတ် အကြောင်းဆိုတာ အခု အကြောင်းတော့ လုပ်ထားတာပဲ၊ ဧကန္တ အခြားမဲ့၌ ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား-(လာပါတယ်)၊ ဇာတိ၊ ဇရာ၊ မရဏဟာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)၊ အဲဒီဒုက္ခသစ္စာတွေ လာမှာစိုးလို့ ဘုန်းကြီးက ဒကာ၊ ဒကာမတွေ မြင်စိတ်ပေါ်လို့ရှိယင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါ၊ ညွှန်ကြားစိတ်ကလေးပါ။ ငါမြင်၊ သူမြင် မဟုတ်ပါဘူး၊ အခုမှ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာပါ၊ အဲဒီ အာရုံဒွါရ တိုက်ဆိုင်လို့ ပေါ်လာတာကလေးကို ခင်ဗျားတို့ ငါလဲ မထင်ပါနဲ့၊ သူလဲမထင်ပါနဲ့၊ အနိစ္စကလေးလို့ မထင်ထင်အောင်လိုက်ပါ။ အနိစ္စမို့

http://www.dhammadownload.com



အနိစ္စလို့သိအောင် လုပ်ပါလို့ ဆိုတာဟာ အလုပ်သင်တာပဲလို့ ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါ—(မှန်ပါ)။

ဒါဟာ အလုပ်သင်နေတာနော် ဒကာ၊ ဒကာမတို့-(မှန်ပါ)၊ မြင်ယင် မြင်စိတ်ကလေး ဘာလုပ်ရမလဲ-(ဖြစ်ပျက်ရှုရပါမယ်)၊ မရှုယင် ဘယ်သူလိုက်လာမယ်- (တဏှာ၊ ဥပါဒါန်ကံ လိုက်လာပါမယ်)၊ သေသည်၏အခြားမဲ့၌ ဘာတွေများ အခမဲ့ရမလဲလို့ မေးလို့ရှိယင် ဇာတိ၊ ဇရာ၊ မရဏရမယ်-(မှန်ပါ)။

ဘာတွေရမယ် ထင်သတုံး- (ဇာတိ၊ ဇရာ၊ မရဏရပါတယ်)။

ဪ....ဒါဖြင့် ဒကာ၊ ဒကာမတို့ မြင်ရုံကလေးပဲ၊ ဘာအပြစ်ရှိသတုံးလို့ ဒီစကားမျိုးကို မသုံးလိုက်ပါနဲ့လို့ တကာသစ်တို့ကို သတိပေးလိုက်ပါတယ်-(မှန်ပါ)၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီစိတ်ကလေးဟာ ညှိသည်လား၊ အိမ်သည်လား ဆိုတော့ ယခု ဒီနောက်မှ ပေါ်တာပဲ ဆိုကြပါစို့- (မှန်ပါ)၊ ဒါဖြင့် ညှိသည်စိတ်ကလေး ဘာလုပ်ရမယ်- (ဖြစ်ပျက်ပဲ ရှုရမှာပါဘုရား)၊ ထိုင်ရင်း မတ္တာနဲ့ စောင့်နေရင်း မတ္တာနဲ့ ဟိုကအုန်းခနဲ ဒိုင်းခနဲ အသံလေးက ကြားပြန်တယ်ဆိုတာက ဒကာ၊ ဒကာမတို့ ဘာစိတ် ပေါ်သတုံး- (ကြားစိတ် ပေါ်ပါတယ်ဘုရား)၊ ကြားစိတ်ပေါ်လို့ ဪ.... ကြားရတာ လန့်သွားတယ်ဆိုတော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အာဝိဇ္ဇာ မလိုက်ပေဘူးလား-(လိုက်ပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ကြားစိတ်ကလေးလာလဲ ဒကာ၊ ဒကာမတွေ စောင့်ပြီး ရှုပါဆိုတာကို မရှုလိုက်မိတဲ့အတွက် ဒီကနေပြီး ဒေါသ သောက

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ ကျအောင် ပဋိစ္စသမုပ္ပါဒ် အဆုံးက ဆက်မလာဘူးလား- (ဆက်လာပါတယ်)၊ ဆက်လာတာတွေကို ဒါလဲ အနာဂတ် အကြောင်း ဖြစ်ထိုက်၊ မဖြစ်ထိုက်-(ဖြစ်ထိုက်ပါတယ်ဘုရား)၊ အဝိဇ္ဇာ သင်္ခါရ ပြီးတော့ ဝိညာဏ်မလာပေဘူးလား-(လာပါတယ်)၊ ဝိညာဏ်ဆိုတော့ ပဋိသန္ဓေလာခဲ့သော် ဒကာ ဒကာမတို့ ဇာတိထဲက ဇရာ ဗျာဓိသွားတဲ့ ပုဂ္ဂိုလ်ပဲ ကျုပ်တို့ အပါအဝင် မဖြစ်ပေဘူးလား-(ဖြစ်ပါတယ်)။

အဲဒါ စိုးရိမ်တဲ့အတွက် ဒကာ ဒကာမတွေ ဒါကလေးဟာ အိမ်သည်လား၊ ညှော်သည်လား စဉ်းစားစမ်းပါ၊ ကြားစိတ်ကလေးဟာ- (ညှော်သည်ပါဘုရား)၊ အခုမှ ပေါ်လာတဲ့ ညှော်သည်ကလေး ဆိုတာကော ကျေနပ်ပလား-(ကျေနပ်ပါပြီ)။

ကောင်းပြီ၊ ဒါကို ဆရာ ဘုန်းကြီးသည် ဒီဒကာ ဒကာမတွေကို စိတ္တာနုပဿနာ သင်ရပါသလဲလို့ ဦးခင်မောင် မေးဖို့ မလိုဘူးလား- (လိုပါတယ်)၊ ဒကာ ဒကာမတို့ ယခု ဘာဟောနေပါလိမ့်- (စိတ္တာနုပဿနာ ဟောပါတယ် ဘုရား)၊ စိတ္တာနုပဿနာကို မနေ့က စပြီး ယနေ့ ဆက်ဟောပြန်တယ်ဆိုတာ ဒကာ ဒကာမတွေက သိထားတော့မှ စိတ္တာနုပဿနာကို သမ္မောဟအဋ္ဌကထာ စသည်မှာ ညာဏ်ဘာလဲ နဲ့ကြတယ်၊ ဒိဋ္ဌိကလဲ များကြတယ်။ ငါ့စိတ်လို့ထင်တယ်၊ ငါကြားတယ်လို့ ဒီဥစ္စာထင်လို့ရှိယင် ဒိဋ္ဌိမဖြစ်ဘူးလား- (ဖြစ်ပါတယ်ဘုရား)၊ ငါမြင်တယ်ဆိုယင်ကော- (ဒိဋ္ဌိပါဘုရား)၊ အဲဒီတော့ ညာဏ်နဲ့တဲ့ပုဂ္ဂိုလ်တွေလဲ ဖြစ်ပြန်တယ်၊ စိတ်ပေါ်မှာလဲ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်များ ဖြစ်လေသောကြောင့် အပါယ်လေးပါး သွားမှာ

http://www.dhammadownload.com



အင်မတန်မှ နီးကပ်တဲ့ တရား ဖြစ်နေသောကြောင့် ဒကာ, ဒကာမတို့ စိတ္တာနုပဿနာကို အလျင်ရှုပါ-(မှန်ပါ)။ သဘော ပါကြပလား-(ပါပါပြီ)။

ဘာရှုရမလဲ- (စိတ္တာနုပဿနာကိုအလျင်ရှုရပါမယ်ဘုရား)။ စိတ္တာနုပဿနာကို အလျင်ရှုတော့ ဒိဋ္ဌိ အပြုတ် မြန်တယ်လို့ ဒကာ, ဒကာမတွေက မှတ်ထားစမ်းပါ-(မှန်ပါ)။

ဒီလိုမှတ်ထားလိုက်တော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ၌ ကြည့်.... ဒိဋ္ဌိတည်းဟူသောအနှောင်အဖွဲ့ကြောင့်အပါယ်ရောက် နေတဲ့ ဥစ္စာဖြင့် တို့ဝိပဿနာ ရှုတာ ဘာပါလိမ့်မတုံးလို့ မေး မနေနဲ့၊ ဒိဋ္ဌိသက်နေတာလို့ မှတ်ပါ-(မှန်ပါ)။ သဘောကျ ပလား-(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် စိတ် နှစ်စိတ် ပြီးသွားပြီနော်- (မှန်ပါ)။ ညွှန့် သည် နှစ်ခု ပြီးသွားပြီ-(မှန်ပါ)။ အနံ့ကလေးတစ်ခု နံလာ တယ်၊ လူတွေထဲမှာ နေကြတဲ့အတွက် နံတော့ နှာခေါင်းထဲ မှာ နံစိတ်ကလေး မပေါ်ပေဘူးလား-(ပေါ်ပါတယ်)။ ချက် ချင်းလိုက်ပြီး ဖြစ်ပျက်ရှုယင် ရှုပါ ဒကာ, ဒကာမတို့နော်.... (မှန်ပါ)။ မရှုလို့ရှိယင် ဘယ်သူက နံတယ်, ဘယ်ဝါက နံတယ် ဆိုလို့ရှိယင် ဒေါသ သောက ပရိဒေဝ မလိုက်ပေဘူးလား- (လိုက်ပါတယ်)။

လိုက်လို့ရှိယင် အဝိဇ္ဇာ ပါမလာဘူးလား- (ပါလာပါ တယ်)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံနဲ့ အနာဂတ် ဘဝတွေ မလာပေဘူးလား- (လာပါတယ်)။ ဒါ ကြောင့် နံတဲ့စိတ်ကလေး နှာခေါင်းထဲ ညွှန့်သည်စိတ်ကလေး

http://www.dhammadownload.com



ပေါ်လဲ ဘာလုပ်ရမယ်-(ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ ဒီက ဒုက္ခ ဒေါမနဿတွေ ဒကာ,ဒကာမတွေ မသေဘူးလား-(သေပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ နောက်ကလာမည့် ဒုက္ခ ဒေါမနဿ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရတွေ မသေကြပေဘူးလား- (သေပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ,ဒကာမတို့ ဒီစိတ်တွေ ပေါ်လာသင်နာစိတ်ပေါ်လဲ ဖြစ်ပျက်ရှုပါ ဆိုတာ သဘော ကျပလား....(ကျပါပြီ)၊ဘာဖြစ်လို့ သဘောကျကြသတုံးလို့ မေးတဲ့အခါ ကျတော့မှအနာဂတ်အကြောင်းတွေပြတ်လို့ အနာဂတ် အကျိုးတွေ မပေါ်တာပါဘုရားလို့ ဆိုတာ ခင်ဗျားတို့ အကျိုးခံစားရတာပဲ—(မှန်ပါ)။ ရှင်းပလား—(ရှင်းပါပြီဘုရား)၊

အနာဂတ် အကြောင်းတွေ ဘာဖြစ်သွားသတုံး- (ပြတ်သွားပါတယ်)၊ ဒါဖြင့် အနာဂတ် အကျိုးတွေ ဘယ့်နှယ် နေသတုံး- (မပေါ်ပါဘူး)၊ ဒါဖြင့် ဒကာ, ဒကာမတို့ ဒီဟာသည် အဝိဇ္ဇာသင်္ခါရတွေ ဆက်နေတဲ့ တရားပဲ ဆိုယင်အော လွဲပါ့မလား-(မလွဲပါဘူးဘုရား)။

ဒါကြောင့် ဝိပဿနာဆိုတာသည် နောက်ခန္ဓာ အစဉ်ပြတ်သွားအောင် ရှုတာပါပဲ ဆိုတာ ရိပ်မိကြပလား-(ရိပ်မိပါပြီ)။ နောက်ခန္ဓာ အစဉ် ပြတ်သွားအောင် ရှုတော့ နောက်ခန္ဓာ အစဉ်ဟာ ဘာသစ္စာပါလိမ့်-(ဒုက္ခသစ္စာပါ)၊သြော်-ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များ ဒုက္ခပြတ်ပါလား ဆိုတာ တစ်ပွဲလုံး မှတ်ရလိမ့်မယ်-(မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် လျှာပေါ်မှာ ကိုယ့်တံတွေးကလေးမျိုး ကိုယ့်သလိပ်ပဲ ကိုယ်မျိုမျိုစားစား စိတ်ကလေးတွေ မပေါ်ဘူးလား-(ပေါ်ပါတယ်)၊ ရှေးက ပေါ်တာလား၊ အခုမှ ပေါ်တာလား- (အခုမှ ပေါ်တာပါ)၊ ဒါဖြင့် ပစ္စုပ္ပန် စိတ်ပဲ၊ အဲဒီပစ္စုပ္ပန်စိတ်ကို ဒကာ ဒကာမတွေက ဖြစ်ပျက်ပဲ ဆိုတဲ့ အနိစ္စကို ရှုဖြစ်အောင် ရှုပါ၊ မရှုလို့ရှိယင်ဖြင့် စားရတာကောင်းယင် တဏှာ ဥပါဒါန် က လိုက်ပါလိမ့်မယ်၊ သဘောကျပလား-(ကျပါပြီ)။ စားရတာ မကောင်းဘူးလို့ ခင်ဗျားတို့ ထင်လို့ရှိယင် ဒေါသ သောက ပရိဒေဝကော- (လိုက်ပါတယ်ဘုရား)။ စားတဲ့စိတ်ကလေးပေါ်မှန်းမှ မသိလို့ရှိယင် အဝိဇ္ဇာ သင်္ခါရလိုက်တယ်-(မှန်ပါ)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တွေချည်း ဆက်လိုက်နေတော့ ဒကာ ဒကာမတို့ အကြောင်းတွေချည်း ဆက်လိုက်နေတဲ့ အတွက် အကျိုးဒုက္ခတွေ မရပေဘူးလား-(ရပါတယ်)၊ အဲဒါဟာ ဘုရားဟောနည်းအတိုင်း ဘုန်းကြီးက စိတ္တာနုပဿနာ အရှုခိုင်းနေတာဟာ ဒိဋ္ဌိသတ်နိုင်လို့၊ ဒိဋ္ဌိသတ်ပြီးယင် သောတာပန် တည်နိုင်တယ်လို့ မှတ်ပါ-(မှန်ပါ)။ ဆက်လက်ပြီး ကျန်တဲ့ တဏှာ မာနတွေ သတ်နိုင်ပြန်လို့ရှိယင်လဲ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်တယ်လို့ မှတ်ပါ-(မှန်ပါ)။ ဒါကြောင့် သောတာပန် အလျင်တည်နိုင်အောင်လို့ စိတ္တာနုပဿနာကို စပြီး ဟောနေပါတယ် ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် စိတ္တာနုပဿနာ ဟောရပါလိမ့်မတုံး ဆိုတော့ ဒါ ငါစားတယ်ဆိုတော့ ဒကာ ဒကာမတွေ စားစိတ်က စားအစာကို ခင်ဗျားတို့က ငါစားကောင်းလိုက်တာလို့ မထင်

http://www.dhammadownload.com



ဘူးလား- (ထင်ပါတယ်)၊ ဒါဖြင့် စားစိတ်ပေါ်မှာ ဒီဋ္ဌိပါ-မပါ-(ပါပါတယ်ဘုရား)။

ငါစားကောင်းလို့၊ ငါ့သားကလေး, ငါ့သမီးကလေးလဲ ငါကျွေးချင်လိုက်တာ ဆိုတော့ အတ္တနိယ-ကော မလာပေဘူးလား-(လာပါဘယ်)၊ အဲ....အတ္တလာလို့ရှိယင် အတ္တနိယ လာမှာစိုးတဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက စိတ္တာနုပဿနာ အရှုခိုင်းပါဘယ်၊ ဆိုတာကော ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကိုင်း....ခန္ဓာကိုယ်မှာ ယားတယ်,နာတယ်ဆိုတော့ ဒုက္ခ, ဒုက္ခမဲ့တို့ ဒီယားတဲ့စိတ်ဟာ အိမ်ကပါလာတာလား၊ ဒီကျမှပေါ်တာလားဆိုယင် ဘယ့်နှယ်ဖြေမလဲ-(ဒီကျမှပေါ်တာပါ)။ ဒါဖြင့် ပစ္စုပ္ပန်ယားနာတဲ့ စိတ်-ဒုက္ခသဟဂုဏ် ကာယဝိညာဏ်စိတ်ပဲ-(မှန်ပါ)၊ သေချာ၂လား-(သေချာပါပြီ)။

အဲဒါ ပေါ်ရာကို လိုက်ပါဆိုတော့ တကာသစ်တို့က ဖြစ်ဖြစ် ဦးခင်မောင်တို့ကဖြစ်ဖြစ် လိုက်ပြီး ရှုလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်ဟာ တန်းမသွားဘူးလား-(တန်းသွားပါတယ်)၊ အကယ်၍ မရှုတော့ပါဘူး ဆိုတော့ နာတာကို မခံချင်စိတ်လာတဲ့ အခါကျတော့ ဒေါသ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ နောက်က လိုက်မလား မလိုက်ဘူးလား-(လိုက်ပါတယ်)။ လိုက်ပြန်လို့ရှိယင်လဲ အဝိဇ္ဇာ သင်္ခါရနဲ့ တကွ တွဲပြီး သကာသ အနာဂတ် အကျိုးတွေ ကိုယ်ပိုင် မရပေဘူးလား-ရမလား- (ရပါတယ်)။ အဲဒါ လိုက်မှာစိုးတဲ့အတွက် ဒုက္ခ, ဒုက္ခမတွေ နောက်ဒုက္ခတွေ ဖြတ်နေတာ ဆိုတာကော ကျေနပ်နပ် သဘောကျပလွှား-(ကျပါပြီ,၊

http://www.dhammadownload.com



ဘာဖြစ်နေတာတုံး- (နောက်ဒုက္ခ ဖြတ်နေတာပါ)၊ ခင်များတို့ ရပြီးသား ဒုက္ခကို မမြင်တဲ့ပုဂ္ဂိုလ်ဟာ နောက်ဒုက္ခ ဘယ်တော့မှ မဖြတ်နိုင်ဘူး၊ ရှင်းပသား-(ရှင်းပါပြီ)။

ရပြီးသား ဒုက္ခ မမြင်တဲ့ ပုဂ္ဂိုလ်များဟာ-(နောက်ဒုက္ခကို မဖြတ်နိုင်ပါဘူး)၊ ဟော.... ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ မှတ်ထားပါ-(မှန်ပါ)။

ဖြစ်ပျက်ဟူသရွေ့ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာလဲ ဖြစ်ပြီး ပျက်တဲ့ ဓမ္မတစ်ပါး ဘာရှိသေးသတုံး- (ဘာမှမရှိပါဘူး)။ ဘာမှ မရှိတော့ တစ်ကိုယ်လုံး ဘာသစ္စာ ဖွဲ့မတုံး- (ဒုက္ခသစ္စာ ဖွဲ့ပါမယ်)။ အဲ....တစ်ကိုယ်လုံး ဒုက္ခသစ္စာကြီးကို ဉာဏ်တစ်ခါတည်း လှည့်ထား၊ ပေါ်ရာ ဒုက္ခသစ္စာချည်းပဲ့ မှတ်ထား- (မှန်ပါ)။

ပေါ်တဲ့ ဓမ္မဟူသရွေ့ ဘယ်နှယ် ဆိုကြမလဲ- (ဒုက္ခသစ္စာချည်းပါဘုရား)၊ အဲ....ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း နောက်က ဝိပဿနာ ရှုလိုက်တော့ ပေါ်မလာဘူးလား- (ပေါ်လာပါမယ်)၊အဲဒါ ရှုတဲ့မဂ် ပေါ်တာပဲ၊မဂ်ပေါ်လာတော့ မဂ်သည် ဘာလုပ်ပါလိမ့်မတုံး ဆိုတော့ ဒုက္ခ,ဒုက္ခမတို့၊ အနာဂတ် အကြောင်းတွေလဲ ဖြတ်သောကြောင့် အနာဂတ် အကျိုးတွေ လာသေးရဲ့လား-(မလာပါဘူး)၊အဲဒီကျအောင် ဒုက္ခ,ဒုက္ခမတွေ ရှုပါ။ ဒါဟာ တစ်ဘဝနဲ့ ကိစ္စပြီးနိုင်တဲ့ တရားဆိုတာ ကော ရိပ်မိကြပလား-(ရိပ်မိပါပြီဘုရား)။

တစ်ဘဝနဲ့ ကိစ္စပြီးနိုင်တဲ့ တရား ခင်ဗျားတို့ ဒုက္ခကို တာရှည် ခံချင်သလား၊ ဒီဘဝတွင်ပဲ ကိစ္စတုံးသွားယင် မကောင်းလား ဗျာ- (ကောင်းပါတယ်ဘုရား)၊ အဲဒါ မကြိုးစားယင်တော့

မရှားဘူးဆိုတာကော ရိပ်မိကြပလား-(ရိပ်မိပါပြီ)၊ ကြိုးစားကြ
ပါ ဆိုတဲ့ ဘုန်းကြီးက ဒီကနေပြီး သေးသေး နက်နက်ပဲ
ခင်ဗျားတို့ကို တိုက်တွန်း နှိုးဆော်ပြီး သကာလ ကိုယ့်အနေရေး
ကိုယ်သိကြပါဆိုတာကိုလဲ သေသေချာချာ ပြောပေးနေတယ်
ဆိုတာ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကိုယ့်နေရာမှာ တစ်ခါတလေကျတော့
သေတာလေးတိုက်၊ မီးကလေးလှုံတဲ့အခါကျတော့ ကောင်းတဲ့
စိတ်ကလေး၊ ချမ်းသာတဲ့စိတ်ကလေး မပေါ်ဘူးလား-(ပေါ်
ပါတယ်)၊ ပေါ်သည်နဲ့ တစ်ပြိုင်နက်တည်း ချမ်းသာတဲ့ စိတ်
ကလေးဟာ ချမ်းသာလိုက်တာ သဘောကျလိုက်တာ နှစ်သက်
လိုက်တာ မီးဖိုနား တိုးရဦးမယ်ဆိုတဲ့ သဘောမျိုးဆိုလို့ရှိယင်
တဏှာ ဥပါဒါန် ကံမလာပေဘူးလား- (လာပါတယ်)။ အဲဒီ
အနာဂတ်အကြောင်းတွေ လာမှာစိုးတဲ့အတွက် ဦးခင်မောင်
သုခစိတ်ကလေး လာယင်လဲ ဘာလုပ်ရမလဲ- (ဖြစ်ပျက်ရှုရပါ
မယ်)၊ သုခစိတ်ကဲ ဖြစ်ပျက်ရှုတာကမဂ်-(မှန်ပါ)။

ဒီလိုသံသရာပြတ်သွားမယ်ဆိုလို့ရှိယင်ဖြင့် ဒကာ ဒကာမတွေ
ဒီဘက်က ပေါ်လာတာ သမုဒယသစ္စာကလေး ရှိသေးရဲ့လား-
(မရှိပါဘူး)၊ သူက လုပ်မှုဖြစ်မည့် နောက် ဇာတိ ဇရာ မရဏ
ဒုက္ခသစ္စာတော -(မရှိပါဘူး)၊ မရှိတော့ ဒကာ ဒကာမတို့
သစ္စာနှစ်ခု သမုဒယနဲ့ ဒုက္ခကို ခင်ဗျားတို့ ဖြတ်ပေးနေတဲ့
အလုပ်ဆိုတာ သေသေချာချာ မှတ်ပါ (မှန်ပါ)။ ဒီသုံးခုက
သမုဒယသစ္စာ၊ နောက်လာမှာက -(ဒုက္ခသစ္စာပါ)။ ယခု တွေ့
နေတာ မရှုယင် နောက်ဆက်လာမှာက ဘာဆိုကြမယ်- (ဒုက္ခ
သစ္စာပါ)။ မရှုယင် ဆက်လာမယ်ဆိုတာ မသေချာဘူးလား-

(သေချာပါတယ်)၊ တဏှာ,ဥပါဒါန် ကံ မလာပေဘူးလား- (လာပါတယ်)၊အဲဒါက ဘာသစ္စာတုံး- (သမုဒယသစ္စာပါ)။ သေသည်၏ အခြားမဲ့၌ ဇာတိ ဇရာ မရဏ မလာပေဘူး လား- (လာပါတယ်)၊ အဲဒါတွေကတော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ)။ ဒါဖြင့် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များမှာ သမုဒယ သစ္စာနဲ့ ဒုက္ခသစ္စာ ပြတ်တယ်-(မှန်ပါ)။

ဦးခင်မောင် ဘာပြတ်ပါလိမ့်- (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ပြတ်ပါတယ်)။

နောက်က ဒကာ,ဒကာမတွေ သေသေချာချာ မမြင်,မြင် အောင် ပြနေတယ်။ဒီရှုလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း တဏှာ, ဥပါဒါန် ကံဆိုတဲ့ သမုဒယ သုံးခုကော လာသေးရဲ့လား.... (မလာပါဘူး)။ သမုဒယဆိုတာ ဒုက္ခဖြစ်ကြောင်း သုံးခု၊ ဖြစ်ကြောင်းသုံးခု မလာတော့ ဖြစ်ကျိုး သုံးခုဆိုတဲ့ ဇာတိ ဇရာ မရဏကော လာသေးရဲ့လား....(မလာပါဘူး)။

ဪ....ဒါဖြင့် တို့ကို စိတ္တာနုပဿနာ ပေးထားတာသည် ကားလို့ ဆိုယင်ဖြင့် သမုဒယနဲ့ ဒုက္ခချုပ်အောင် လုပ်တာပါ လား ဆိုတာကော ပေါ်လာကြပလား- (ပေါ်လာပါပြီ)၊ ဒါဖြင့်ယင် လုပ်ဖြစ်အောင် လုပ်ပါလို့ အားလုံးကို တိုက်တွန်း ရတယ်နော်-(မှန်ပါ)။ မလုပ်ယင်ဖြင့် တကာသစ် ဖြစ်ကိုမဖြစ် ဘူး-(မှန်ပါ)၊ ရှင်းကြပလား-(ရှင်းပါပြီ)။

ကောင်းပြီ၊ဒါဖြင့် အပြင်ညွှတ်သည် ခြောက်စိတ်ပြီးသွားပြီ- (မှန်ပါ)။ အတွင်းညွှတ်သည်စိတ် ငါးခုရှိတယ်ဆိုတာလဲ ရှင်းပြ ပါမယ်။ အတွင်းညွှတ်သည်က တစ်ခါ တလေတောင် မဟုတ် ပါဘူး၊ လေခဘတှာ များများ ပေါ်တတ်ပါတယ်။ ဆိုင်

http://www.dhammadownload.com



လောဘကလေး ပေါ်လာလို့ ရှိယင်လဲ ဒကာ, ဒကာမတွေ ဘာလုပ်ကြမယ်– (ဖြစ်ပျက်ရှုရပါမယ်)။ ဖြစ်ပျက်ရှုလိုက်လို့ ရှိယင် လောဘဟာ သောဘ အတိုင်း ချုပ်သွားပြီးတော့ တကျော ချုပ်သွားတော့ ဥပါဒါန် ကံတွေ လာသေးရဲ့လား- (မလာပါဘူး)။ မလာတော့ အနာဂတ်အကြောင်းတွေ ဘယ့်နှယ်နေသတုံး- (ချုပ်ပါတယ်)၊ အနာဂတ်အကြောင်း ချုပ်တော့ အနာဂတ်အကျိုးတွေကော လာနိုင်သေးရဲ့လား-(မလာနိုင်ပါဘူး)။

ဪ....ဒါဖြင့် တို့လောဘလာလဲ ဖြစ်ပျက်ရှုဖို့ပဲ ဆိုပြီး သကာလ 'သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ' လုပ်ရမှာပေါ့ဗျာ–(မှန်ပါ)။ ရှင်းကြပလား–(ရှင်းပါပြီဘုရား)။

အကယ်၍ အကြောင်းမညီညွတ်တဲ့ အခါကျတော့ ခန္ဓာကိုယ်ထဲမှာ ဒေါသကလေး ပေါ်လာတဲ့အခါကော မရှိဘူးလား - (ရှိပါတယ်ဘုရား)၊ အဲဒါကလေး ဦးခင်မောင် သတိထားပြီး သကာလ စိုက်ပြီးရှုလိုက်တာပေါ့–(မှန်ပါ)။ ဒေါသစိတ်ကလေး ရှုလိုက်တော့ ဒေါသသွား,ဖြစ်ပျက်လား– (ဖြစ်ပျက်ပါဘုရား)။ ရှုတာကဲ- (မဂ်ပါဘုရား)။ ဒီလိုဆိုတော့ ပရိဒေဝနောက်က ချုပ်–မချုပ်-(ချုပ်ပါတယ်ဘုရား)။ ချုပ်ခြင်းကြောင့် ဒကာ,ဒကာမတို့ နောက်ဘဝဆိုတဲ့ အဝိဇ္ဇာသခါရ ပေါ်သေးရဲ့လား....(မပေါ်ပါဘူး)။

ဪ....ဒါဖြင့် မဂ်တစ်ခုသည် ငါတို့ကို ကယ်မည့် ယူမည့်တရားပဲဆိုတာ သေချာပလား-(သေချာပါပြီ)။

မဂ်တစ်ခုဟာ ဘာပါလိမ့်- (ကယ်မည့် ယူမည့် တရားပါဘုရား)။ အဲဒီတော့ ကယ်မည့် ယူမည့် တရားကို ဘုန်းကြီးတို့

ဧကာ, ဒုကာမတွေ မလုပ်ဖြစ်ကြဘူးဆိုယင် ခင်ဗျားတို့ကယ်မည့် ယူမည့် တဲ့ရားမရှိတဲ့ ပုဂ္ဂိုလ်ဘဲဖြစ်- (မှန်ပါ)၊ ရေထဲနစ်နေတဲ့ ပုဂ္ဂိုလ်ဟာ လှေကလဲ မလာ၊ သင်္ဘောကလဲ မလာ၊ ကူးပြီး ဆယ်မည့်သူကလဲ မပါဆိုတော့ ဒီရေနစ်သမားသောက် ကုံဆိုးတာ ရှိသေးရဲ့လား--(မရှိပါဘူး)၊ ဘာကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ ဒုကာ,ဧကာမတွေ ရေထဲနစ်နေတဲ့ ပုဂ္ဂိုလ်ဖြစ် နေတော့ ကယ်မည့် ယူမည့်သူ မပေါ်သေးရဲ့လား-(မပေါ်ပါ ဘူး)။ ခင်ဗျားတို့မှာလဲ ဇာ ကပစ်ချလိုက်တဲ့ အခါကျတော့ အခု တဏှာရေထဲမှာ မျောနေကြတယ်၊ တဏှာခိုင်းတာ အကုန် လုပ်နေကြတယ်--(မှန်ပါ)။ သဘောကျပလား--(ကျပါပြီ)။

ခင်ဗျားတို့ ကံပစ်ချလိုက်တာက ဘယ်ရေထဲမှာ ပစ်ချလိုက် ပါလိမ့်-(တဏှာရေထဲမှာပါ)၊ တဏှာရေထဲမှာ ခင်ဗျားတို့ တောင်ရောက်သွား, မြောက်ရောက်သွား၊ ဘာဖြစ်လို့ သွားတာ တုံး၊ လိုချင်,ရချင်ကြလို့၊ မြောက်ကလူက တောင်သွားတာ ကော--(လိုချင်,ရချင်လို့ပါ)၊ အရှေ့ကလူက အနောက် သွား တာကော- (လိုချင်,ရချင်လို့ပါ)၊ အနောက်ကလူက အရှေ့ သွားတာကော- (လိုချင်,ရချင်လို့ပါ)၊ ဘယ်ထဲမှာ မျောနေ သတုံး-(တဏှာထဲ မျော်နေပါတယ်ဘုရား)။

ကြြော်....ကံကဲ့ ပစ်ချလိုက်တာ ဒုကာ, ဒုကာမတို့၊ တဏှာ ရေထဲ မျောနေတော့ တဏှာဆိုတာ ကာမာသဝ, ကာမောဃ် ပဲ.ဩဃဆိုတာ စဲပဲ၊ ဒီဘော့ တဏှာရေက လည်ပါ မျှား လေလှေ နောက်ဆုံးမိတ် ကျတော့ တစ်ခါတည်း မြုပ်သွား တာပဲ။ ဩဃကိုး ဦးခင်မောင်-(မှန်ပါ)။

http://www.dhammadownload.com



တာမောလာဆိုတော့ ဒုက္ခ, ဒုက္ခမတွေ့ ပြုပ်မသွားပေဘူးလား—(ပြုပ်သွားပါတယ်)၊ သေသည်၏ အခြားမဲ့၌ တဏှာရေထဲ မျောပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ လုပ်ရင်း ကိုင်ရင်း သေတဲ့ ပုဂ္ဂိုလ်ဟာ အားလုံး ဒီဘက်က ဒုက္ခ,ဒုက္ခမတွေ့ ပြုပ်ဖို့ရာ အကြောင်း မသေချာလား-(သေချာပါတယ်)၊ ဒါ ဃံ့နှယ် ကြောင့်တုံး....လူက မျောနေတာကိုးဗျ။ သေတော့ မပြုပ်ပေဘူးလား—(ပြုပ်ပါတယ်ဘုရား)၊

အဲဒီတော့ခင်ဗျားတို့ တဏှာရေက ပစ်ချလိုက်တာ တဏှာရေထဲမှာ ဝဲဩဃထဲမှာ လည်စေပြီးသကာလ နောက်ဆုံးပိတ် ပြုပ်စေတဲ့တရားကို ကယ်မည့် ယူမည့်သူ ယခု တွေ့ပါပလား-(တွေ့ပါပြီဘုရား ။ ဟောဒီ ဝိပဿနာရှုတဲ့မဂ်ဟာ ကယ်မည့် ယူမည့်သူပဲ-(မှန်ပါ)။ သဘောပါကြပလား-(ပါပါပြီ)။

အဲဒီတော့ ခင်ဗျားတို့မှာ ဘုန်းကြီးက သတိပေးနေတယ်၊ ဦးခင်မောင်တို့,တကာသစ်တို့ ခင်ဗျားတို့ ကယ်မည့် ယူမည့်သူကို ဘုန်းကြီးပေးထားတယ်၊ ခင်ဗျားတို့က အဲဒါ ကယ်မည့် ယူမည့်သူကို ရန်သူထင်နေလို့ရှိယင် ခင်ဗျားတို့ လှည့်လည်ပြီး သကာလ ပြုပ်ပါ လိမ့်မယ်လို့ ပြောရတယ်- (မှန်ပါ)။ ဝဲထဲလည်ပြီး သကာလ ပြုပ်သွားလိမ့်မယ်ဆိုတာ မသေချာဘူးလား—(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် တရားတစ်ပွဲလုံးကို ဒုက္ခ,ဒုက္ခမတွေ့ လေးလေးနက်နက် သတိပေးနေပါတယ်၊ ခင်ဗျားတို့က က ပစ်ချလိုက်တာက လုပ်စားရမည့်ဘဝ, ရှာစားရမည့်ဘဝထဲ ရောက်နေကြတယ်၊ တဏှာရေထဲ လှည့်နေရတယ်။မလည်ရဘူးလား-(လည်ရပါတယ်)။

http://www.dhammadownload.com



လည်တော့ သူလည်သလောက်သာ ကျုပ်တို့က လိုက်နေတော့ ခင်ဗျားတို့မှာ လည်နေတဲ့ ဥစ္စာ ကယ်မည့် ယူမည့်သူ တည်းဟူသော မဂ္ဂင်ဖောင်ကြီးကိုလဲ ခင်ဗျားတို့က ကိုယ်တိုင်လဲ မလုပ်တတ်၊ လုပ်ပေးတဲ့ ပုဂ္ဂိုလ်က လုပ်ပေးပြန်တော့လဲ ကိုယ်တိုင် ဖောင်ကို မဆင်ဘဲနဲ့ ခင်ဗျားတို့က နေလိုက်မယ်ဆိုလို့ရှိယင် လည်ပြီး မြုပ်ပါလိမ့်မယ်၊ ဒီ ဒကာ ဒကာမတွေဆိုယင် လွဲပါ့မလား- (မလွဲပါဘူး)၊ သဘော ပါကြပလား- ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ယခု ကယ်မည့် ယူမည့် တရားဆိုတာ သဘောပါကြပလား-(ပါပါပြီ)။ ဘယ်တရားပါလိမ့်-(မဂ်တရားပါဘုရား)။ မဂ်တရား ဆိုတော့ ရှုတဲ့မဂ္ဂင်တရားသည် မဂ္ဂင်ငါးပါး မဂ္ဂင်ရှစ်ပါးသည် ဒကာ ဒကာမတို့ကို ကယ်မည့် ယူမည့်တရား-(မှန်ပါ)။

ခင်ဗျားတို့ သေလမ်းကို သားက တားနိုင်ရဲ့လား-(မတားနိုင်ပါဘူး)၊ သမီးကကော (မတားနိုင်ပါဘူး)၊ အပါယ်သွားတာကိုကော သားက သမီးက ပစ္စည်းက-(မတားနိုင်ပါဘူး)။ ဒါဖြင့် ဟိုဟာတွေဟာ ကယ်မည့် ယူမည့်လူ မဟုတ်ဘူးဆိုတာ သေချာပလား-(သေချာပါပြီ)။

ဟောဒီ မဂ္ဂင်ကတော့ တစ်ခါတည်း ခင်ဗျားတို့ ယခုလည်နေတဲ့ ဝဲသြဃကြီးဆိုတဲ့ ကာမောဃကြီးကိုလဲ ဦးခင်မောဇ် လာခွင့်ပေးသေးရဲ့လား-(မပေးပါဘူး)၊ တဏှာလာခွင့် ပေးသေးရဲ့လား-(မပေးပါဘူး)၊ အဲဒီတော့ ဝဲသြဃကိုလဲ မလည်အောင် သူလုပ်ပေးနေတယ် မဂ္ဂင်က-(မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီ)။ နောက် သေသည်၏ အခြားမဲ့၌ မြုပ်ဖို့ရာ ဆို

http://www.dhammadownload.com



တာဆော သူက မကျန်ကွက်ဘူးလား- (ကန်ကွက်ပါတယ်)။ ဒါဖြင့် ဒကာ, ဒကာမတို့ အားကိုးရာအစစ်သည် မဂ္ဂင်ဖြစ်တာပဲ- (မှန်ပါ)။ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

အားကိုးရာ အစစ်က ဘာတုံး- (မဂ္ဂင်ပါဘုရား)။ မဂ္ဂင်ပဲ ရှိတော့တယ် ဒကာ, ဒကာမတို့၊ တခြားသော တရားကဖြင့် အားကိုးရာ ဒါလောက်မဟုတ်ဘူး ဆိုတာကော ယနေ့ ရှင်းရှင်း လင်းလင်း သဘောကျပါပလား- (ကျပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ, ဒကာမတို့၊ ဒေါသလာလဲ ဖြစ်ပျက်ရှုပါနော်—(မှန်ပါ)၊ စိတ်ထဲမှာ သံသယကလေး ရှိနေယင်လဲ ဘုရားကို ဘုရားမှ ဟုတ်ပါရဲ့လား, တရားကို တရားမှ ဟုတ်ပါရဲ့လား, သံဃာကို သံဃာမှ ဟုတ်ပါရဲ့လား- ဆိုတဲ့ သံသယ ဝိစိကိစ္ဆာ လာယင်လဲ ဘာလုပ်ကြမယ်-(ဖြစ်ပျက်ရှုရပါမယ်)၊ မရှုလို့ရှိယင် သံသယဝိစိကိစ္ဆာဆိုတာ ဦးခင်မောင် အဝိဇ္ဇာပဲ။ ဒီတော့အဝိဇ္ဇာပစ္စယာ-(သင်္ခါရာပါဘုရား)။ သင်္ခါရပစ္စယာ- (ဝိညာဏ်ပါ)၊ အဲ...ဒုတိယဘဝ ကူးမသွားပေဘူးလား-(ကူးသွားပါတယ်)။

ဒါ့ကြောင့် ဝိစိကိစ္ဆာဆိုတဲ့ မောဟလာယင်လဲ ဘယ်နှယ်လုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်)။ အဲ....သံသယဖြစ်တဲ့စိတ်ကလေး ဝမ်းထဲ ပေါ်လာလဲ အနိစ္စပဲလို့သာ ရှု- (မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)။ ပျံ့လွင့်တဲ့စိတ်ကလေး လာယင်လဲ- (အနိစ္စပဲရှုရပါမယ်)။ အနိစ္စလို့ပဲ ဖြစ်ပျက်လို့ပဲ ရှုပါ ဆိုတော့ ဒကာ, ဒကာမတို့၊ သမောဟစိတ္တံ သမောဟစိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ-ဆိုတဲ့

http://www.dhammadownload.com



အတိုင်း စိတ္တာနုပဿနာမှာ အဖိုးတန်သွားတော့တယ်ဆိုတာ သေချာပလား-(သေချာပါပြီ)။

ဒါဖြင့် ဒကာ့ ဒကာမတို့ အတွင်း ညှော်သည်လဲ ရှုတတ်ပြ လားလို့ မေးလိုက်ပါတယ်-(ရှုတတ်ပါပြီ)။

ကဲ....ဒါဖြင့် အလောဘဆိုတဲ့ မလိုချင်တဲ့ စိတ်လာယင်လဲ မလိုချင်ရုံနဲ့ ရပ်မနေပါနဲ့၊ မလိုချင်တဲ့စိတ်လာယင်လဲ ဘာလုပ် ရမယ်-(ဖြစ်ပျက်ရှုရပါမယ်)။ မေတ္တာမို့တဲ့ အဒေါသ စိတ်က လေး လာယင်လဲ နောက်ဆုံးပိတ် ဘာလုပ်ရမလဲ- (ဖြစ်ပျက် ရှုရပါမယ်)။ အဒေါသစိတ်လဲ ဖြစ်ပျက်ရှုပါဆိုသဖြင့် ဒကာ့ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာ ပေါ်ရာစိတ်ကိုပဲ ဖြစ်ပျက်ရှုရ ပါလိမ့်မယ်-(မှန်ပါ)။ ရှင်းကြပလား-(ရှင်းပါပြီဘုရား)၊

ဘယ်ဟာ ရှုကြမလဲ-(ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရပါမယ်)၊ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရပါမယ် ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဘာမှ မရှိတော့ဘူး၊ အလောဘ အဒေါသလဲ မရှိတော့ ဘူးဆိုယင် ဒကာ့ ဒကာမတို့ ခင်ဗျားတို့မှာ သက်စောင့်စိတ်က လေးရှိပါတယ်လို့ မှတ်လိုက်စမ်းပါ။ ဘာရှိသတဲ့-(သက်စောင့် စိတ် ရှိပါတယ်)၊ သက်စောင့်စိတ်ကလေး ရှိတယ်တဲ့၊ခင်ဗျားတို့ ပုန်းခနဲ ပိုင်းခနဲ လဲပြီး မသေရအောင် ခင်ဗျားတို့ကို စောင့်နေ တဲ့ လေ့ကလေး အပြင်သက်ထုတ်တဲ့ စိတ်ကော မရှိဘူးလား- (ရှိပါတယ်)၊ လေကလေး အတွင်းပြန်ရှိုက်တဲ့ စိတ်ကော.... (ရှိပါတယ်)၊ အဲဒီစိတ်နှစ်ခုကို ဒကာ့ ဒကာမတို့ သက်စောင့် စိတ်လို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)၊ အိမ်သည်စိတ်လို့လဲ မနေ့ က ပြောခဲ့တယ် မဟုတ်လား-(မှန်ပါ)။

http://www.dhammadownload.com



အဲဒါကလေး ထွက်စိတ်ပေါ်လာယင်လဲ ထွက်အောင် လုပ်တဲ့ စိတ်ကလေးကို ရှင်ထဲမှန်းပြီး သကာလ ဩော်....သူပေါ်လို့ လေထွက်လာဘာပဲဆိုပြီး သကာလ သူ့ကို မှန်းပြီးတော့ ဒကာ ဒကာမတွေက ဖြစ်ပျက်ရှုပေးပါ·(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီဘုရား)၊ ဖြစ်ပျက်ရှုပေးလိုက်တော့ ထွက်စိတ်ကော ဖြစ်ပျက်၊ ရှုတာက မဂ်သွားဖြစ်တာပဲ....(မှန်ပါ)။

ဝင်အောင်ရှိုက်တဲ့ စိတ်ကလေး လာပြန်တော့လဲ ပစ်မထားလိုက်ပါနဲ့၊ ဒီစိတ်ကလေးကိုလဲ ဘာလုပ်ရမလဲ- (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဝင်စိတ်က ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လာသေးရဲ့လား·(မလာပါဘူး)။

အဲဒီတော့ အခုပြောခဲ့တာလဲ တော်တော်စုံပါပြီ။ ဒကာ ဒကာမတွေ သန္တာန်လဲ ပေါ်ရာစိတ်ကို အကုန်သာ ဖြစ်ပျက်ရှုပါတော့ ဆိုတာဖြင့် ကျေကျေနပ်နပ် သဘောကျပလား.... (ကျပါပြီ)၊ ဒါဖြင့်နည်းပေးနေတာလို့ မှတ်လိုက်စမ်းပါနော်- (မှန်ပါ)။

ဘာပေးနေတာပါလိမ့်- (နည်းပေးနေတာပါ ဘုရား)၊ စိတ္တာနုပဿနာ နည်းပေးနေတာဆိုတာ သေချာကြပလား- (သေချာပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒီစိတ္တာနုပဿနာ ဘာကျေးဇူးများပါလိမ့်မတုံး ဆိုတော့ ဒါတွေက အနိစ္စတရား၊ ရှေ့ပိုင်းက ဖြစ်ပျက်ချည်းမဲ ဆိုတော့ အနိစ္စလား—နိစ္စလား....

http://www.dhammadownload.com



(အနိစ္စပါဘုရား)။ ဒါဖြင့် နိစ္စဒိဋ္ဌိဆိုတာ ကွာသွားတယ်...(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

နိစ္စဒိဋ္ဌိ ကွာသွားပြီဆိုလို့ရှိယင်ဖြင့် ဒကာ, ဒကာမတို့ အတ္တဒိဋ္ဌိကော မကွာဘူးလား-(ကွာပါတယ်ဘုရား)၊ ငါ-ငါ့ဥစ္စာလို့ ထင်သေးရဲ့လား-(မထင်ပါဘူး)၊ အဲ...နိစ္စဒိဋ္ဌိတို့, အတ္တဒိဋ္ဌိတို့ဆိုတဲ့ ဒိဋ္ဌိတွေ အကုန်ပြုတ်သို့ရှိသင်ဖြင့် သောတာပန် တည်တယ်လို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)။

ဒိဋ္ဌိပြုတ်ယင်- (သောတာပန်တည်ပါတယ်ဘုရား)၊ သောတာပန် တည်ချင်ယင် ဒိဋ္ဌိကို အလျင် စပြုတ်ရမယ်ဆိုတာ သေသေ ချာချာ မှတ်ပါ-(မှန်ပါ)။

သောတာပန်တည်ချင်ယင်-(ဒိဋ္ဌိကို အလျင်စပြီး ပြုတ်ရပါမယ် ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ယနေ့ကစပြီး မှတ်တဲ့ခါ၊ စိတ္တာနုပဿနာ ကြပ်ကြပ်ရှုကြ၊ စိတ်မှာဒိဋ္ဌိစွဲနေတာ ပြုတ်သွားယင် သောတာပန်တည်နိုင်အောင်လို့နော်-(မှန်ပါ)၊ သောတာပန်မတည်သေးတဲ့ သကဒါဂါမ်, အနာဂါမ် တည်ချင်လို့ကော- (မဖြစ်နိုင်ပါဘူးဘုရား)၊ ကျော်တက်လို့ ရပါမလား-(မရပါဘူး)၊ မရဘူးဆိုတာ သေချာပလား-(သေချာပါပြီ)။

အဲဒါကြောင့် သောတာပန် တည်ချင်ယင် ဒိဋ္ဌိပြုတ်ပါ။ ဒိဋ္ဌိပြုတ်အောင် စိတ္တာနုပဿနာ ရှုပါ။ ပေါ်ကြ လား-(ပေါ်ပါပြီဘုရား)။

သောတာပန် တည်ချင်ယင်- (ဒိဋ္ဌိပြုတ်ရပါမယ်)၊ အပါယ်လေးပါး လွတ်ချင်ယင်- (ဒိဋ္ဌိပြုတ်ရပါမယ်)၊ ရပ်ပြစ်ရှစ်ပါး

http://www.dhammadownload.com



လွှတ်ချင်ယင် (ဒိဋ္ဌိဖြုတ်ရပါမယ်)၊ ဒိဋ္ဌိဖြုတ်ချင်ယင်- (စိတ္တာနုပဿနာရှုပါ)။

စိတ္တာနုပဿနာ ရှုပါဆိုတော့ ရှင်သာရိပုတ္တရာ ဟောထားတာကလေး ဒကာ ဒကာမတွေကို ယနေ့ ထူးထူးလည်လည် ပြောပေးရမယ်။(မှန်ပါ)၊ ထူးထူးလည်လည်ပြောတော့ ဦးခေါင်မောင် သေသေချာချာ မှတ်ပါ။

ဒကာ ဒကာမတွေ သူများ ဝမ်းထဲမှာ ကိုယ့်ဆိုင်ပေါ်လာ ပြွးသော်လည်း ဝယ်ချင်တာလား၊ ဈေး စုံစမ်းတာလား.... ဒါကို အကဲခတ်ဖို့ အခေါ် မခက်ဘူးလား။ (ခက်ပါတယ်)၊ တကယ် ဝယ်ချင်လို့လား၊ ဈေးစုံစမ်းတာလား၊ ကောင်းအောင် ပြောနေတဲ့ စကားလားဆိုတာ အကဲခတ်ယင် အတော် ခက်ပါလိမ့်မယ်-(မှန်ပါ ဘုရား)။

လူတစ်ယောက် ကိုယ့်ဆိုင်လာပြီဆိုတော့ သူ့စိတ်ကို အကဲခတ်ဖို့ ဘယ့်နှယ် နေကြသတုံး-(ခဲယဉ်းပါတယ်ဘုရား)။

ဒါကြောင့် သူတစ်ပါးစိတ်ကို အကဲခတ်ရတာ အင်မတန် ခက်တယ်လို့ ရှင်သာရိပုတ္တဆုက ဟောပါတယ်၊ ကိုယ့်စိတ်ကို အကဲခတ်ပါတဲ့-(မှန်ပါ)၊

ဒကာ ဒကာမတို့ ဘာတဲ့တုံး....(ကိုယ့်စိတ်ကို အကဲခတ်ရပါမယ်)၊ သူများ့စိတ် အကဲခတ်ရတာကတော့ မှန်ဖို့မလွယ်ပါဘူး။ ရှင်းကြပလား-(ရှင်းပါပြီ)။ သူများစိတ် အကဲခတ်ရတာကတော့ မမှန်နိုင်ဘူးတဲ့၊ ကိုယ်က အဘိညာဉ် မရတဲ့ကိုး-(မှန်ပါ)။

ဒါဖြင့် ဘယ်ဟာ အကဲခတ်ရမတုံး-(ကိုယ့်စိတ်ကိုယ် အကဲခတ်ရပါမယ်)။

http://www.dhammadownload.com



ဒါဖြင့် ကိုယ့်စိတ်ကို အကဲခတ်ပါဆိုတဲ့ စကားကလေး တစ်လုံး မှတ်ထားကြပါ-(မှန်ပါ)။

စိတ္တာနုပဿနာ ဆိုတာ ဘာပါလိမ့်မတုံး မေးလို့ရှိယင် ကိုယ့်စိတ်ကိုယ် အကဲခတ်တာလို့ မှတ်လိုက်ကြပါ-(မှန်ပါ)။

ဒါကို မမေ့နေနဲ့၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်ပါ.... (မှန်ပါ)။

ဒကာ, ဒကာမတို့ သူများ အကဲခတ်ရမှာလား၊ ကိုယ့် စိတ်ကို ကိုယ် အကဲခတ်ရမှာလား.... (ကိုယ့် စိတ်ကို ကိုယ် အကဲခတ်ရမှာပါ)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တော့ လွဲများ သွားဦးမှာလား ဒကာ, ဒကာမတို့.... (မလွဲပါဘူးဘုရား)။

ထည့်ပြီ၊ ဒီကျတော့ ကိုယ့်စိတ်ကိုယ် အကဲခတ်ယင် သေသေ ချာချာတည့်တယ်....(မှန်ပါ)၊ သဘော ပါပလား... (ပါ ပါပြီ)။

လိုချင်တဲ့ စိတ်ကလေး၊ လာတယ်ဆိုယင် လိုချင်တဲ့စိတ် ကလေး ရှိ-မရှိသာ အကဲခတ်။ ဘယ့်နှယ်ပြောမယ် ထင် သတုံး....(မရှိပါဘူး ဘုရား)၊ ဒါဖြင့် မရှိတာက အနိစ္စ၊ အကဲ ခတ်တာက မဂ္ဂပဲ....(မှန်ပါ)။

မရှိတာက .... (အနိစ္စပါဘုရား)၊ အကဲခတ်တာက.... (မဂ္ဂပါဘုရား)။

ဩော်....ဒါဖြင့် ဒီနည်းရလို့ရှိယင် တို့ သေပျော်ပြီလို့ အောက်မေ့ပါ....(မှန်ပါ)။

ဦးခင်မောင်....သူများစိတ် အကဲခတ်ရတာကတော့ အကဲ ခတ် ခက်တယ်၊ မမှန်နိုင်ဘူး၊ ကိုယ့်စိတ်ကို အကဲခတ်လိုက်တဲ့ အခါကျတော့ ဘယ့်နှယ် နေကြသလဲ- (မှန်ပါတယ်ဘုရား)။

http://www.dhammadownload.com



မှန်တာက ဘယ်လိုမှန်သတုံး မေးတော့ စားချင်တဲ့စိတ်ကလေး ဖျောက်ခနဲ ပေါ်လာတယ်၊ ထမင်းဆာတဲ့စိတ်ကလေး ပေါ်လာတယ်။ ဒီက ဘုန်းကြီးက ဒကာ၊ ဒကာမတွေကို ဘုရားဟော အတိုင်း သင်ထားတယ်၊ ဒီစိတ်ကလေး အကဲခတ်သိုက်စမ်းပါ ဆိုတော့ အကဲခတ်တဲ့မဂ် ပေါ်နေပေါ့- ဒီစိတ်က ရှိဦး မှာလား....(မရှိပါဘူး)၊ မရှိတော့ မရှိတာက ဘယ်လိုဆို မလဲ-(အနိစ္စပါ)၊ အကဲခတ်တာက....(မဂ္ဂပါဘုရား)၊ အကဲ ခတ် ခံရတာက-အနိစ္စ၊ အထဲခက်တဲ့ဉာဏ်က–မဂ္ဂ ...(မှန်လှပါ ဘုရား)၊ ပေါ်ကြပလား-(ပေါ်ပါပြီ)။

အဲဒီတော့ အခု တစ်လုံးတည်း ပေးလိုက်ပါတယ်၊ ရှင်သာရိ ပုတ္တရာ ဟောနဲ့ ဘုရားဟောကို ပေါ်လွင်အောင် ဘုန်းကြီးက တဆင့် နည်းပေးပါတယ်၊ စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့် မတုံးလို့ မမေးနဲ့၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာ၊ ရှင်း မလား-(ရှင်းပါပြီ)၊ ဒါဖြင့် မူလ ပေါ်တာက ရှေ့စိတ်၊ အကဲခတ်တာက နောက်စိတ်....(မှန်ပါ)။

စိတ်ဘာ နှစ်စိတ် ပြိုင်ပေါ်ကောင်းသလား လို့မေးယင် ဘယ့်နှယ် ပြောမတုံး .... (မပေါ်ကောင်းပါဘူး)၊ မဖြစ် ကောင်းတော့ တစ်စိတ်ချုပ်ပြီးမှ တစ်စိတ်က ချုပ်ရတယ်။ ဒါလဲ စိတ်ပါပဲ-(မှန်ပါ)။

ဒါလဲ ဘာခေါ်ကြမလဲ.... (စိတ်ပါပဲဘုရား)၊ စိတ်ပါပဲ ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ)၊ ကောင်းပြီ၊ ဒါဖြင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာ.... (မှန်ပါ)၊ ၁-နံပါတ် ကိုယ့်စိတ်ကို ၂-နံပါတ်နဲ့ အကဲခတ်

http://www.dhammadownload.com



ပါ-(မှန်ပါ)၊ ဒါဖြင့် ၁-က အနိစ္စ၊ အကဲခတ်တဲ့ ၂-က မဂ္ဂပဲ....(မှန်ပါ)။

၁-က....(အနိစ္စပါ)၊ အကဲခတ်တာက (မဂ္ဂပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ, ဒကာမတွေ သန္တာန်မှာ ပေါ်မည့် စိတ်တွေက သိပ်လဲ မများပါဘူးလို့ ပြောထားခဲ့ပါတယ်။ ဦးခင်မောင်တို့, ဒကာသင်တို့ ကာမစိတ် ၅၄-ဆိုတာ ကြားဖူးကြမှာပေါ့-(ကြားဖူးပါတယ်)၊ အဲဒီ ကာမစိတ် ၅၄-ခုထဲမှာပဲ ဒကာ, ဒကာမတို့....ဘုရား ရဟန္တာများသာ ဖြစ်တဲ့ စိတ်က မဟာကြိယာစိတ် ၈-ခုနဲ့၊ ဟသိတုပ္ပါဒ်စိတ် ဆိုတာ ရှိတယ်။ အဲဒီ ၉-ခုကို ပြန်ပြီး နုတ်လိုက်စမ်းပါ....(၅၄-၉= ၄၅)၊ ၄၅-ပါးပဲ ကျန်တယ်၊ ခင်ဗျားတို့ သန္တာန်မှာ သေသေချာချာသာမှတ်၊ ကာမစိတ်ထဲက ၄၅-ပါးပဲ ပေါ်လိမ့်မယ်၊ လောဘပေါ်မယ်, ဒေါသ ပေါ်မယ်, မောဟပေါ်မယ်၊ မြင်စိတ်ပေါ်မယ်, ကြားစိတ်ပေါ်မယ်....(မှန်ပါ)။ ခင်ဗျားတို့ အကဲခတ်ရမည့် စိတ် ဘယ်လောက်ပါလိမ့်မတုံး ဆိုတာတော့ သေချာပလား....(သေချာပါပြီ)၊ ဘယ်လောက်ပါလိမ့်....(၄၅-ပါး ပါ ဘုရား)၊ အဲဒီ ၄၅-ပါ လှည့်ပေါ်နေမှာပဲ၊ (မှန်ပါ)၊ အဲဒါ ပေါ်တိုင်းပေါ်တိုင်းသာ ရှိ-မရှိ အကဲခတ်....(မှန်ပါ)၊

ဒါဖြင့် ပေါ်တဲ့စိတ်ဟာ အကဲခတ်တဲ့စိတ်လာယင် အားလုံး ဆားနာတဲ့ ဒကာ, ဒကာမတွေ ပေါ်တဲ့စိတ် ရှိသေးရဲ့လား.... (မရှိပါဘူး)၊ အကဲခတ်တာက နောက်မှ အကဲခတ်ရမှာကိုး-(မှန်ပါ)၊ နောက်မှ အကဲခတ်ရမှာ ဓာန် ဖြစ်ပြီးသကာလ နေတော့ ရှေ့ပေါ်တဲ့စိတ်က ချုပ်ပြီးမှ နောက်မှ အကဲခတ်တဲ့

http://www.dhammadownload.com



စိတ်က လာရတာကိုးဗျ....(မှန်ပါ)၊ ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ရှေ့စိတ်က အနိစ္စ၊ အကဲခတ်တဲ့စိတ်က—(မဂ္ဂပါဘုရား)၊ အဲဒီ မဂ္ဂကတော့ဖြင့် ဒကာ, ဒကာမတွေ၊ နောက်ကိလေသာတွေ အဆက်ခံသေးရဲ့လား (မခံပါဘူး)၊ မခံလို့ရှိယင် အနာဂတ် အကြောင်းတွေ ဘယ့်နှယ်နေသတုံး-(ပြတ်ပါတယ် ဘုရား)၊ အနာဂတ်အကြောင်းတွေ ပြတ်ဘယ်ဆိုတော့ အနာဂတ် အကျိုးတွေ လာသေးရဲ့လား-(မလာပါဘူး)၊ ဒါကြောင့် စိတ္တာနုပဿနာဆိုတာ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာ ဆိုပါသည် ရှင်းကြလား....(ရှင်းပါပြီ ဘုရား)။

ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်တော့ ဒကာ်ာသစ်တို့, ဦးခင်မောင်တို့က စဉ်းစားကြည့်၊ ရှိတာတွေသလား, မရှိတာတွေသလား-(မရှိတာ တွေ့ပါတယ်)၊ မရှိတာကို ဘာခေါ်ကြမယ်...(အနိစ္စပါ)၊ အကဲခတ်တဲ့ စိတ်က...(မဂ္ဂပါဘုရား)၊ အဲ...အကဲသာ ခတ်နေကြပါ၊ ကိုယ့်စိတ်ကိုယ်သာ နောက်စိတ်နဲ့ အကဲခတ်နေကြမယ်ဆိုယင် လောကီမဂ် ရနေတယ် မှတ်ပါ၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဝိပဿနာမဂ် ရတယ်ဆိုတာ ဘာခေါ်လဲမိ ဒကာ, ဒကာမတို့....(ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာပါ)၊ ကိုယ့်စိတ်ကိုယ်အကဲခတ်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် မဂ်ရတာပဲ....(မှန်ပါ)၊

ဒါဖြင့် မဂ်ရဖို့အရေးဟာ ဆုတောင်းနေရမှာလား၊ ဆုတောင်းနေရမှာလား၊ အကဲခတ်ရမှာလား....(အကဲခတ်နေရမှာပါဘုရား)၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

http://www.dhammadownload.com



ဒီနေ့ ဒီဓာစ်လုံးကို တိုးပေးလိုက်သဖြင့် တပည့်တော်တို့ စိတ္တာနုပဿနာကို မရှုတတ်သေးပါဘူးဘုရားလို့ တစ်ပွဲလုံး ပြန်လျှောက်စရာအကြောင်း ကုန်သွားပြီ-(မှန်ပါ)၊ အဲဒါကြောင့် ကုန်သွားသတုံး မေးလို့ရှိယင် ခုနင်က ၄၅-စိတ် ရှိတဲ့ အနက်က တစ်ခုခုက လှည့်ပေါ်နေမှာပဲ၊ အဲဒီ ပေါ်တဲ့စိတ်ကို ရှိ,မရှိ အကဲခတ်ရုံပဲဆိုတာ ရှင်းကြပလား-(ရှင်းပါပြီဘုရား)၊ ရှိ-မရှိ အကဲခတ်တဲ့ အခါကျတော့ မရှိတာက အန်စွ၊ အကဲ ခတ်တဲ့စိတ်က-(မဂ္ဂပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အကဲခတ်များတဲ့ ပုဂ္ဂိုလ်ဟာ မဂ် ရမှာပဲ-(မှန်ပါ)၊ အကဲမခတ်တဲ့ပုဂ္ဂိုလ်ဟာ-(မဂ်မရပါဘူး)။

အဲဒီတော့ သတိထား ပညာနဲ့ကြည့်တဲ့ပုဂ္ဂိုလ်ကျတော့ မဂ်ရနိုင်တယ်၊ သတိထား ပညာနဲ့ကြည့်တဲ့ပုဂ္ဂိုလ်ဆိုတာ အကဲ ခတ်တဲ့ ပုဂ္ဂိုလ်ကို ဆိုဘာပါ-(မှန်ပါ)၊ ရှင်းကြပလား (ရှင်း ပါပြီဘုရား)၊

ကဲ....ဒါဖြင့် သစ္စာထဲ သွင်းကြပါစို့ ဦးခင်မောင်တို့၊ တကာသစ်တို့နော်-(မှန်ပါ)၊ သစ္စာထဲသွင်းလိုက်တော့ ကိုယ့် စိတ်ကို ကိုယ်အကဲခတ်ပါ ဆိုသဖြင့် စိတ်ကလဲ ကာမစိတ်ထဲမှာ ၄၅-ပါးပဲ ပေါ်နိုင်တယ်၊ ဒီဖြင်ဟာတွေက ဘုရားရဟန္တာ-သန္တာန်မှာသာဖြစ်လို့ ကိုယ့်ထံမှာမပေါ်လို့ အကဲခတ်စရာ လိုသေးလား-(မလိုပါဘူး)၊ ဒါဖြင့် ကိုယ်သန္တာန်ပေါ်တဲ့ ခုနင်ကပြောခဲ့တဲ့ ၄၅-စိတ်ကလေးဟာ လှည့်ပြီး မပေါ်ပေ ဘူးလား - (ပေါ်ပါတယ်)။

ပေါ်တဲ့အခါကျလို့ရှိယင် ဒီစိတ်ကလေးကို ဒကာ,ဒကာမ တွေက ပေါ်တိုင်းပေါ်တိုင်း အကဲခတ်မယ် ဆိုလို့ရှိယင်ဖြင့်

http://www.dhammadownload.com



ကြာတော့ အကဲခတ်ပါများတော့ ဩော်....ဒီဥစ္စာသည် စိတ်ကလေး ဒုက္ခရောက်တာကို အကြည့်ခိုင်းတာပါကလားဆိုတာ ပေါ်လာလိမ့်မယ်-(မှန်လှပါဘုရား)။

ပထမပေါ်တဲ့ စိတ်ကလေးဟာ ဘာဖြစ်သွားပါလိမ့်-(ဒုက္ခရောက်သွားပါတယ်)၊ ဒါဖြင့် ပထမပေါ်တဲ့စိတ်ကလေးဟာ ဒုက္ခရောက်တာကို ဒုက္ခရောက်-မရောက် အကဲခတ်ခိုင်းတာပဲ-(မှန်ပါ)။

ဒုက္ခသစ္စာ ဟုတ်-မဟုတ် အကဲခတ်ခိုင်းတော့ ဒကာ ဒကာမတို့ ဒုက္ခသစ္စာ ဟုတ်-မဟုတ် ကြည့်စမ်း၊ ကိုယ့်သန္တာန်ပေါ်လာတယ်ဆိုယင် မျက်လုံးထဲ ပေါ်တဲ့စိတ်ဖြစ်ဖြစ်၊ ဝမ်းထဲမှာ ဟဒယဝတ္ထုပေါ် ပေါ်တဲ့စိတ် ဖြစ်ဖြစ်၊ နားထဲမှာ ပေါ်တဲ့စိတ်ဖြစ်ဖြစ် ဒီနေရာကနေပြီး ဟိုနေရာ ရွှေ့သေးသလား၊ ဒီနေရာမှာပဲ သေသွားကြသလား - (ဒီနေရာမှာပဲ သေသွားကြပါတယ်)၊ ဒီနေရာမှာပဲ သေသွားတော့ သေမလို့ ပေါ်တာရယ်၊ သေတာရယ် နှစ်ခု မတွေ့ရပေဘူးလား-(တွေ့ရပါတယ်)၊ နှစ်ခုတွေ့ရတော့ သေမလို့ ပေါ်တာလဲ ဒုက္ခသစ္စာ၊ သေသွားတာကော-(ဒုက္ခသစ္စာပါ)။

ဒါဖြင့် ခင်ဗျားတို့ကို အကဲခတ်ခိုင်းတော့ ကိုယ့်ဒုက္ခကို ကိုယ်အကဲခတ်ခိုင်းတာပါလားဆိုတာ နောက်တော့ ဉာဏ်တက်လာလိမ့်မယ်-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊

ဘာကို အကဲခတ်ခိုင်းပါလိမ့်-(ကိုယ့်ဒုက္ခကို ကိုယ်အကဲခတ်ခိုင်းပါတယ်ဘုရား)၊ ကိုယ့်ဒုက္ခကို ကိုယ်အကဲခတ်ခိုင်းတာ နဂိုကတော့ ကိုယ့်မှာ ပစ္စည်းကလေးရတယ်၊ သားကလေး၊ သမီးကလေးတွေက လိုလောက်နေတဲ့အခါကျ လိုရှိယင်ဖြင့် ကိုယ့်မှာ

ဒုက္ခ မရှိဘူး ထင်လိုက်တယ်-(မှန်ပါ)၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်လိုက်တဲ့ အခါကျတော့ ခဏခဏ ကိုယ်သေနေတာ တွေ မတွေ့ရဘူးလား-(တွေ့ရပါတယ်)၊ ဒါဖြင့် ကိုယ်သေနေတာတွေ ကိုယ်တွေ့ရတဲ့အဘွက် ဒကာ၊ ဒကာမတို့ ဖြစ်ပေါ် လာတာလဲ ဒီစိတ်ကလေးဟာလဲ ဒီစိတ်ကလေးဟာ သေမလို့ ပေါ်လာတာ-(မှန်ပါ)၊ သေဘာကျပသွား-(ကျပါပြီ)၊ အကဲ ခတ်လိုက်တော့ သေသွားတာကော မတွေ့ရဘူးလား -(တွေ့ရ ပါတယ်)။ ဒါဖြင့် ပေါ်ကတည်းက သူဟာ ဒုက္ခသစ္စာ၊ ပျက် သွားတော့ကော-(ဒုက္ခသစ္စာပါပဲ)၊ အဲ....ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တဲ့အခါကျတော့ ကိုယ့်ဒုက္ခ ကိုယ်သိတယ်ဆိုပြီး ဉာဏ် တက်လာမါလိမ့်မယ်-(မှန်ပါ)။ အနိစ္စမဟုတ်တော့ဘူး၊ ဒုက္ခ သစ္စာထဲ ရောက်သွားပြီ-(မှန်ပါ)။

အကဲခတ်ပါများတော့ ဘယ်အထဲရောက်ပါလိမ့် - (ဒုက္ခ သစ္စာထဲရောက်ပါတယ်ဘုရား) ၊ ဒါဖြင့် အကဲခတ် ခံရတဲ့ဟာက ဒုက္ခသစ္စာ၊ အကဲခတ်ဘာက (မဂ္ဂသစ္စာပါ)။

ဩော်....မှက်တွေဖြစ်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ ဒီထဲမှာ အပါယ် လေးပါး သွားရမည့် တရားတွေဟာ ပေါ်နိုင်သေးရဲ့လား- (မပေါ်နိုင်ပါဘူး)၊ ဒါဖြင့် အပါယ်လေးပါးတွေကော ကျုပ်တို့အတွက် ပြုတ်မသွားပေဘူးလား-(ပြုတ်သွားပါတယ်)၊ ဒီတော့ အပါယ်လေးပါး လွတ်ချင်လို့ရှိယင် ကိုယ့်စိတ်ကို အကဲခတ်ပါ၊ ဒုက္ခသစ္စာလား၊ သုခသစ္စာလားလို့ အကဲခတ် ပါ - (မှန်ပါ)၊ ဦးခင်မောင် ပေါ်ပလား—(ပေါ်ပါပြီ ဘုရား)။

http://www.dhammadownload.com



ဒီနေ့ အလုပ်တရားချည်းပဲ ပြောနေတယ်ဆိုတာ ဒကာ, ဒကာမတွေ ကျေကျေနပ်နပ် သဘောကျပလား-(ကျပါပြီ)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ပါဆိုတော့ ကိုယ့်စိတ်ဆိုတာ ကိုယ် သေတာ အကဲခတ်ခိုင်းတာ-(မှန်ပါ)။

ဘာကို အကဲခတ်ခိုင်းပါလိမ့်— (ကိုယ်သေတာ ကိုယ်အကဲ ခတ်ခိုင်းပါတယ်ဘုရား)၊ ကိုယ်သေတာကို ကိုယ်အကဲခတ်ခိုင်း တာပါ၊ ခင်ဗျားတို့က မသေဘူး ထင်နေလို့နော်-(မှန်ပါ)၊ ကျုပ်ကတော့ ဗေဒင် မေးထားတာပါ၊ ၅၀-ကျော်မှ သေ မယ်၊ ၇၅-နှစ် နေရလိမ့်မယ် စသည်နဲ့ အဲဒါတွေ ယုံမနေနဲ့၊ အဲဒါတွေကို မယုံပါနဲ့၊ ဒကာ, ဒကာမတွေက ဒီကိုယ့်စိတ် ကလေး ခဏလေး ပေါ်လာပြီး အခုချုပ်သွားတာသည် ကားလို့ ဆိုယင် ကိုယ်သေတာလို့ မှတ်ပါ (မှန်ပါ)၊ ရှင်း ပလား-(ရှင်းပါပြီဘုရား)။

ကိုယ့်စိတ် အခုပေါ်ပြီး အခုချုပ်သွားတာကို ဘာဆိုကြ မလဲ - (ကိုယ်သေတာပါဘုရား)၊ ကဲ....နောက် စိတ်သာ မလာဘူးဆိုယင် ဦးခင်မောင် ကိုယ်သေတာ ဟုတ်, မဟုတ်- (ဟုတ်ပါတယ်ဘုရား)၊ အကဲခတ်တဲ့စိတ် မလာတော့ပါဘူးလို့ ဒကာ, ဒကာမတွေများ စိတ်စဉ် ပျက်သွားယင် ဘယ့်နှယ် ဆိုကြမလဲ—(သေပါတယ်ဘုရား)၊ ဒါဖြင့် ဒီတစ်စိတ်ကသေပြီး နောက် တစ်စိတ်ပေါ်လို့ ရှင်နေတာပေါ့ဗျ-(မှန်ပါ)၊ ဒီ တစ်စိတ်ပေါ်ပြီး နောက်တစ်စိတ်ရှုတဲ့စိတ် မလာယင်-(သေပါ တယ် ဘုရား)။

ဒါဖြင့် ကိုယ်အသေဟာဘာသစ္စာ- (ဒုက္ခသစ္စာပါ)၊ ရှေ့က သေတာက မွေးပြီးသေလိုက်, မွေးပြီးသေလိုက်က ဘာသစ္စာ-

http://www.dhammadownload.com



(ဒုက္ခသစ္စာပါ)၊ အဲဒါကို မြင်အောင်ကြည့်တဲ့ ဉာဏ်က-(မဂ္ဂသစ္စာပါ)၊ ဒါဖြင့် သစ္စာကို မြင်အောင် အကြည့်ခိုင်းတာလို့လဲ မှတ်လိုက်စမ်းပါ-(မှန်ပါ)၊

ဘာအရှုခိုင်းပါလိမ့်-(သစ္စာကို မြင်အောင် အရှုခိုင်းပါတယ်)။

ဒီနေ့ တရားဟာ ဒကာ, ဒကာမတို့ အလုပ်ခွင်မှာ အကောင်းဆုံးလို့မှတ်စမ်းပါ-(မှန်ပါ)။ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှာဖြင့် အကောင်းဆုံးလို့ ဒကာ, ဒကာမတွေ မှတ်စမ်းပါ-(မှန်ပါ)။

ဖြစ်ပျက်ဆိုတာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)၊ သူများ ဒုက္ခသစ္စာလား၊ မိမိ ဒုက္ခသစ္စာလား-(မိမိ ဒုက္ခသစ္စာပါ ဘုရား)၊ အဲဒီလို သိလာတဲ့ အခါကျတော့ ကိုယ့်စိတ်ကလေးနဲ့ အသက်ရှင်နေတာ ဒီစိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့ ဒုက္ခသစ္စာတဲ့၊ ဒီကဲ့သို့သိပြီးသကာလ သွားတဲ့ အခါကျလို့ရှိယင် ကြည့်....အဖြစ်ကလဲ ဒုက္ခသစ္စာ၊ အပျက်ကလဲ (ဒုက္ခသစ္စာပါ ဘုရား)၊ အကဲခတ်တဲ့စိတ်က ဘာသစ္စာတုံး-(မဂ္ဂသစ္စာပါ)။

အကဲခတ်တဲ့စိတ်ဟာ မဂ္ဂသစ္စာတဲ့၊ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင် ဒုက္ခသိလို့ သူ မဂ္ဂ ဖြစ်တာ-(မှန်ပါ)။

ဦးခင်မောင် ဘုသိလို့ ဘာဖြစ်တာပါလိမ့်-(ဒုက္ခသိလို့ မဂ္ဂဖြစ်တာပါ)၊ ဒုက္ခသိလို့ မဂ္ဂ ဖြစ်တာ ဆိုတော့ ဒကာ, ဒကာမတွေ ဝမ်းထဲမှာ ဒီမဂ္ဂသစ္စာက ဒုတိယစိတ် မလာဘူးလား-(လာပါတယ်)၊ ဒီမဂ္ဂသစ္စာလာဖို့ရာ ခင်ဗျားတို့ ဘုရားရှိခိုးတာလဲ ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရ ပါလို၏ဆိုတာ သူ ဝမ်းထဲ ရောက်ရပါလို၏ ပြောတာပဲ-(မှန်ပါ)၊ သဘော

http://www.dhammadownload.com



ကျပလား-(ကျပါပြီ)၊ အလှူပေးနေတာလဲ ထို့အတူပဲ ဝင်္ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏ဆိုတော့ ဒီမဂ် ဝမ်းထဲ ရောက်ရပါလို၏ ဆိုဘာပဲ-(မှန်ပါ)၊ သဘောကျငလား-(ကျပါပြီ)၊ အဲ....ဟိုဟာတွေကတော့ဖြင့် ခင်ဗျားတို့ ဆရာကောင်း၊ သမားကောင်းနဲ့ တွေ့ဖို့ စသည်ဖြင့် အကူညီပေးတယ်၊ အကူအညီပေးတော့ အခု ခင်ဗျားတို့ ဒီဉာဏ် မရဘူးလား-(ရပါတယ်)၊ ရတဲ့အခါကျတော့ အစစ်ရတာကဖြင့် ကိုယ်တိုင်ရှုမှ ကိုယ်ပိုင်မဂ်ရမယ်-(မှန်ပါ)။

ကိုယ်တိုင်ရှုမှ-(ကိုယ်ပိုင်မဂ် ရပါမယ်)၊ ဒါဖြင့် မဂ် ရချင်ယင် ရှုကြ-(မှန်ပါ)၊

မဂ် ရချင်ယင် ဘာလုပ်ကြရမလဲ-(ရှုကြရပါမယ်)၊ မရှုယင် ရလိမ့်မယ်လို့ ဘယ်အခါကာလမှ ဒကာ,ဒကာမတွေက စိတ်မညပါဒ်ပါနဲ့၊ ရနိုင်ပါ့မလား-(မရနိုင်ပါဘူး)၊ ဒုက္ခသစ္စာမှ မဖြစ်ဘဲနဲ့ မဂ္ဂသစ္စာ ဝမ်းထဲ ဝင်လာပါ့မလား-(မလာပါဘူး)၊ မဝင်နိုင်ဘူး ဆိုတာ သေချာပလား-သေချာပါပြီ)။

အဲဒီတော့ ဒကာ, ဒကာမတို့ မဂ်ပုဂ္ဂိုလ်ဆိုတာ ဝမ်းထဲမှာ ဒီမဂ် ရောက်လာတာ-(မှန်ပါ)၊ ဖိုလ်ပုဂ္ဂိုလ်ဆိုတာလဲ ဒီမဂ်ပြီး ဖိုလ်ဝင်လာလို့ ဖိုလ်ပုဂ္ဂိုလ် ဖြစ်လာတာပဲ-(မှန်ပါ)၊ ရှုတဲ့ ပုဂ္ဂိုလ်မှ ဝင်လာတယ်ဆိုတာ သေချာပလား-(သေချာပါပြီ)၊ မရှုတဲ့ပုဂ္ဂိုလ်ဝမ်းထဲ ရောက်ပါ့မလား-(မရောက်ပါဘူး)။

အဲဒီတော့ မဂ်ပုဂ္ဂိုလ် ဖြစ်ချင်ယင်လဲ မဂ် ဝမ်းထဲရောက်အောင် လုပ်ပါ၊ ဖိုလ်ပုဂ္ဂိုလ် ဖြစ်ချင်ယင်ကော-(ဖိုလ်ဝမ်းထဲ

http://www.dhammadownload.com



ရောက်အောင် လုပ်ရပါမယ်)၊ မဂ်ရောက်ယင် ဖိုလ်ရောက်မှာလဲ ကြေနပ်ပါပဲ- ဘာမှ သံသယ မရှိပါနဲ့၊ ရှင်းပလား၊-(ရှင်းပါပြီ)။

'ဒါဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာ-(ဒုက္ခသစ္စာပါ)၊ ရှုတဲ့ ဉာဏ်က-(မဂ္ဂသစ္စာပါ)၊ အကဲခတ်တဲ့ ဉာဏ်-(မဂ္ဂသစ္စာပါ)၊ ဝမ်းထဲ မရောက်သေးဘူး၊ ရောက်ပလား-(ရောက်ပါပြီ)၊ အဲဒီမဂ်သည် ငါးပါးက ရှစ်ပါး ဖြစ်သွားတဲ့တစ်နေ့မှာ သောတာပန် အစစ်ဖြစ်ဘာပဲ-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဒါဖြင့် မဂ်ရဖို့ အရေးဟာ ဒကာ ဒကာမတို့ အကဲခတ်တဲ့ အရေးပါလား-(မှန်ပါ)၊ ဘယ်သူ့ကို အကဲခတ်ရမှာပါလိမ့်-(ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ရမှာပါ)၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်ယင် မဂ် ရနိုင်ပါတယ် ဒကာ ဒကာမတို့-(မှန်ပါ)၊ ဘာကြောင့် မဂ် ရသတုံးလို့ ဆရာဘုန်းကြီး ထပ်ပြီး ရှင်းရ ပြန်သတုံးလို့ မေးတဲ့အခါကျတော့ ပဌမ ဒီဥစ္စာက မိမိ စိတ်၊ ဒါလဲ မိမိစိတ်ပဲဆိုတော့ နှစ်စိတ်က ပြိုင်ပြီး ပေါ်ကောင်း ရဲ့လား-(မပေါ်ကောင်းပါဘူး)၊ ဒါဖြင့် ဒီစိတ်ချုပ်ပြီးမှ ဒီရှုတဲ့စိတ် မပေါ်ပေဘူးလား-(ပေါ်ပါတယ်)၊ ဒီတော့ အရှုခံရတဲ့စိတ်သည် ဒကာ ဒကာမတို့၊ ဒုက္ခရောက်တာမှ ဟုတ်ကဲ့လား - (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် အရှုခံရတဲ့ စိတ်က ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခနဲ့ ချုပ်သွားသေရဲ့-(မှန်ပါ)၊ သူ့ကို ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)၊ ရှုတဲ့ ဉာဏ်က ဘာဆိုကြမလဲ၊(မဂ္ဂသစ္စာပါ)။

http://www.dhammadownload.com



အဲဒီတော့ ဒါရဖို့ အရေးကြီးနေပြီပဲ၊ သံသရာပြတ်တယ်ဆိုတာ မဂ်က သူ့ဟာသူ ပြတ်သွားမှာပဲ၊ ခင်ဗျားတို့က ဖြတ်မပါဆိုရုံနဲ့ ပြတ်မှာ မဟုတ်ဘူး-(မှန်ပါ)။ သဘောကျလား-(ကျပါပြီ)။

ဒါဖြင့် အကဲခတ်ခံရမည့် စိတ်ပေါင်းတာ ဘယ်လောက်တဲ့ ဒကာ ဒကာမတို့-(၄၅-ပါး)၊ အဲ...ပုထုဇဉ်မှာ ဒီ ၄၅-ပါးပဲ လာမယ်၊ ဒါတောင် တိဟိတ်မှ ၄၅-ပါး လာမှာနော်၊ ဒွိဟိတ်ဆိုယင် ၄၅-ပါး မရှိဘူး-(မှန်ပါ)၊ ဒွိဟိတ်ဆိုယင် ၃၇-လောက်သာရှိဘယ်-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ ဘုရား)။

ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်ဆိုယင် တိဟိတ်မှပဲ ဖြစ်နိုင်လို့ ၄၅-ပါးလို့ ဘုန်းကြီးက ပြောလိုက်ပါတယ်၊ အဲဒီတော့ ကိုယ့်သန္တာန် ၄၅-ပါးထဲက လာတာကို နောက်က မဂ္ဂင် ငါးပါးနဲ့ အကဲသာခတ်နေယင်ဖြင့် ဒကာ ဒကာမတို့၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟာ အိမ်ပေါ်တွင်လဲ ရနိုင်ပါတယ်၊ ဟင်းချက်ရင်းလဲ ရနိုင်ပါတယ်၊ ထမင်းချက်ရင်းလဲ ရနိုင်ပါတယ်၊ အပ်ချုပ်ရင်းလဲ ရနိုင်ပါတယ်၊ ရောင်းရင်းဝယ်ရင်းလဲ ရနိုင်ပါတယ်ဆိုတာ သဘောကျလား-(ကျပါပြီဘုရား)။

အကဲသာ ခတ်နေပါ၊ ဘယ်စိတ် ပေါ်လာတယ်ဆိုယင်လဲ အကဲခတ်နေပါ၊ ရှိသေးသလား, မရှိတော့ဘူးလားဆိုတာ အကဲခတ်ပါ၊ နောက်က ဒကာ ဒကာမတွေ ရှိ မရှိ အကဲခတ်နော်-(မှန်ပါ)၊ ၁-ကို ၂-နဲ့ အကဲခတ်ပါ-(မှန်ပါ)။

http://www.dhammadownload.com



ဘယ်လို မှတ်ကြမယ်-(၁-ကို ၂-နဲ့ အကဲခတ်ပါ)၊ ၁-ကို ၂-နဲ့ အကဲခတ်တော့ ၁-က မရှိဘူး ပြောတော့ ၂-က မရှိမှန်း သိတာပဲ ပါပဲ-(မှန်ပါ)။

၁-က-(မရှိဘူး ပြောပါတယ်)၊ ၂-က-(မရှိမှန်း သိပါတယ်)။

ဒါဖြင့် မရှိတာက ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခမို့ ရှိသေးရဲ့လား-(မရှိပါဘူး)၊ မရှိတာက ဒုက္ခသစ္စာ၊ အကဲခတ်တာက-(မဂ္ဂသစ္စာပါ)။

ဒါဖြင့် မဂ် ရတာသည် ဒကာ, ဒကာမတို့၊ အကဲမခတ်တဲ့ ပုဂ္ဂိုလ်မှာ ရသလား၊ အကဲခတ်တဲ့ပုဂ္ဂိုလ်မှာ ရသလား-(အကဲခတ်တဲ့ပုဂ္ဂိုလ်မှာ ရပါတယ်)။

ဒါဖြင့် ကျေနပ်ပြီ ဒကာ, ဒကာမတို့၊ ဒီဟာ အလုပ်တရား ပေးပြီးပြီ၊ အဲဒီတော့ ဟိုဝတ္ထုကို ပြန်ပြီးဆက်ကြပါစို့ဆို တော့ ဒကာ, ဒကာမတွေ ဒီအထဲသွင်းရမှာပဲ ဦးခင်မောင်တို့, တကာသစ်တို့-(မှန်ပါ)။

၁-နံပါတ် ဝစ္ဆပရိဗိုဇ်က မေးလိုက်ပါတယ် ဒကာ, ဒကာမတို့၊ ပထမနေ့ကဟာပဲ ပြန်ပြောပါတယ်၊ ဒီနေ့ ဝတ္ထု သိမ်းမလို့...၊ ရှင်ကြီးဂေါတမတဲ့၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရနိုင်ပါ့မလားလို့ ဝစ္ဆပရိဗိုဇ်က မမေးလား ဦးခင်မောင်-(မေးပါတယ်ဘုရား)။

ဒကာ, ဒကာမတွေ ဘယ်နှယ် မေးပါလိမ့်-(လူဟာ လူ့ သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရနိုင်ပါ့မလားတဲ့)၊ ဘုရားက ဘယ်နှယ် ဖြေပါလိမ့်-(မရနိုင်ဘူးလို့ ဖြေပါတယ်၊ ဘယ်မှာ ရနိုင်မှာတုံး ဒကာ, ဒကာမတို့၊ ဒီစိတ်ကလေးကို ဒီကနေပြီး

http://www.dhammadownload.com



သကာလ ကိုယ့်စိတ်ကလေးကို၊ ကိုယ့်ခန္ဓာကလေးကို ကိုယ်ခင်မယ်၊ ကိုယ်စွဲလမ်းမယ်၊ ကိုယ်အားထုတ်မယ်ဆိုယင် ရနိုင်ပါ့မလား-(မရနိုင်ပါဘူး)။

ဒါကလူ၊ လူဆိုတာက ခန္ဓာငါးပါးကို လူခေါ်တာပဲ၊ သဘောကျကြပလား-(ကျပါပြီ)၊ အဲဒီတော့ ခန္ဓာငါးပါးကို လူခေါ်တော့ ဒါဟာ ဝိညာဏက္ခန္ဓာဆိုတာ မသေချာဘူးလား-(သေချာပါတယ်)၊ အဲဒါကို ခင်နေယ်၊ စွဲလမ်းမယ်၊ အားထုတ်နေမယ် ဆိုလို့ရှိယင် လူဟာ လူ့သံယောဇဉ်သုံးခု စွန့်သေးရဲ့လား-(မစွန့်ပါဘူး)၊ မစွန့်တော့ မဂ်ရနိုင်ပါမလား-(မရနိုင်ပါဘူး)၊ မရနိုင်ဘူးတဲ့၊ ကံလာလို့ရှိယင် ဇာတိဇရာ မရဏသာ ရမယ်၊ မဂ်တော့ မရဘူး-(မှန်ပါ)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နေကြလို့ရှိယင် ဒကာ၊ ဒကာမတို့ဘာရမလဲ-ဇာတိဇရာမရဏကော-(ရပါမယ်ဘုရား)။

ကြည့်....ရှင်းပြတယ်၊ ဒါကလူ၊ ကိုယ့်ခန္ဓာကို ကိုယ်ခင်တယ်၊ ကိုယ် စွဲလမ်းတယ်၊ ကိုယ်အားထုတ်တယ် ဆိုလို့ရှိယင် သံယောဇဉ်ဟာ သုံးခု မလာဘူးလား-(လာပါတယ်)၊ ရှင်းပြီနော်-(ရှင်းပါပြီ)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရပါ့မလားဆိုတော့ မရဘူး၊ ဇာတိဇရာမရဏသာ ရမယ်-(မှန်ပါ)၊ နိဗ္ဗာန်တော့-(မရနိုင်ပါဘူး)၊ သဘော ပါကြလား-(ပါပါပြီ)၊ ကဲ....အခု အမြင်အားဖြင့်ကော သေချာကြလား-(သေချာပါပြီ)။

ဉာဏ်ရှုကွက်ရည်(၈)

ဒါဟာ ကိုယ်ခန္ဓာ၊ ဟောဒါ ဒကာ၊ ဒကာမတွေရဲ့ခန္ဓာ၊ ကိုယ်ခန္ဓာ အတူတူပဲ-(မှန်ပါ)၊ သမုတိသစ္စာနဲ့ ပြောတော့ လူကော မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်)၊ ပရမတ္ထသစ္စာနဲ့တော့ ခန္ဓာပေါ့ဗျာ-(မှန်ပါ)၊ သူသည် ကိုယ့်စိတ်ကလေး ကိုယ်ခင်နေတဲ့အခါကျလို့ရှိယင် တဏှာ ဥပါဒါန် ကံ လာ မလာ-(လာပါတယ်)၊ ဒါဖြင့် သံယောဇဉ် စွန့်မစွန့်-(မစွန့်ပါဘူး)၊ သံယောဇဉ် မစွန့်သောကြောင့် နိဗ္ဗာန် ရပါ့မလားဆို ဘုယ်နှယ်တုံး-(မရပါဘူးဘုရား)၊ ဒါဖြင့် နိဗ္ဗာန်မရတော့ ဘာရမှာတုံးဆိုတော့ ဒီဘက်ကြည့်လိုက်-(ဇာတိဇရာ မရဏ ရမှာပါဘုရား)၊ ပေါ်ပြီ-(မှန်ပါ၊ ပေါ်ပါပြီဘုရား)၊ မပေါ်သေးဘူးလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီသိုလုပ်ကြ၊ လူဟာ လူ့သံယောဇဉ်စွန့်လို့ ဟောဒီသုံးခု မလာလို့ရှိယင် ဒီသုံးခုကော လာပါ့မလား-(မလာပါဘူး)၊ ဒါဖြင့် ဒီလို လုပ်လိုက်တာ ပေါ့ ဒကာ၊ ဒကာမတို့၊ ပေါ်တဲ့စိတ်ကလေး၊ ပေါ်တဲ့ စိတ်ဟာ လူပါပဲ၊ လူ့သန္တာန်ပေါ်တဲ့စိတ်ပဲ၊ သဘောကျပလား-(ကျပါပြီ)၊ သမုတိသစ္စာနဲ့ရောပြီး ပြောသွားလို့၊ ဒါကလေး ဖြစ်ပျက် ရှုလိုက်တဲ့ အခါကျတော့ ဒကာ၊ ဒကာမတို့ မဂ် ပေါ်မလာဘူးလား-(လာပါတယ်)၊ ခုနင်ကပြောတဲ့ တဏှာ ဥပါဒါန် ကံ ဆိုတဲ့ လူ့သံယောဇဉ်တွေ လာသေးရဲ့လား-(မလာပါဘူး)၊ လူ့သံယောဇဉ်မှ မလာတာနဲ့ ဇာတိ ဇရာ မရဏ နောက်ဆက်တွဲကကော-(မလာပါဘူး)။

http://www.dhammadownload.com



ဒါဖြင့် လူဟာ လူ့သံယောဇဉ် ရှိသင်သာ မရတာ၊ မရှိလို့ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်ယင် ရရမယ်-(မှန်ပါ)၊ ပေါ်ကြ ပလား-(ပေါ်ပါပြီဘုရား)။

ဒီအဖြေကို သုံးရက်ရှိပြီ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ရှင်းပြီး ပြော လိုက်တဲ့အတွက် တရားတစ်ဖွဲလုံး ဒကာ၊ ဒကာမတွေ ကျေကျေ နပ်နပ် သဘောကျကြပလား - (ကျပါပြီဘုရား)၊ ရှုလိုက်တော့ သံယောဇဉ် လာသေးရဲ့လား - (မလာပါဘူး)၊ မလာယင် နိဗ္ဗာန်ရမယ်၊ ဒီဇာတိဇရာမရဏ လာသေးရဲ့သား - (မလာ ပါဘူး)၊ ဇာတိချုပ်တာ ဘာခေါ်မယ်-(နိဗ္ဗာန်ပါ)၊ ဇရာ ချုပ်တာ-(နိဗ္ဗာန်ပါ)၊ မရဏချုပ်တာ-(နိဗ္ဗာန်ပါ)။

အဲ....ဒါဟာ ကိုယ့်စိတ်ကို အကဲခတ်လိုက်တာနဲ့ သံယော ဇဉ်တွေက နောက်က ချုပ်သွားတယ်-(မှန်ပါ)၊ သံယောဇဉ် တွေက နောက်က ချုပ်သွားတော့ စုတိမနေ သေလွန်တော့ ဇာတိဇရာမရဏတွေလဲ မချုပ်ဘူးလား - (ချုပ်ပါတယ်)၊ လာသေးရဲ့လား-(မလာပါဘူး)၊ မလာတော့ ဇာတိချုပ်ရာ နိဗ္ဗာန်, ဇရာချုပ်ရာ နိဗ္ဗာန်, မရဏ ချုပ်ရာ - (နိဗ္ဗာန်ပါ)။

ဩော်....နိဗ္ဗာန်သည် ဒကာ၊ ဒကာမဘို့ မဂ် ဝင်မှ ရတယ် ဆိုတာ သေချာပလား-(သေချာပါပြီ)၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်ယင် နိဗ္ဗာန် ရနိုင်တယ် ဆိုတာကော ယနေ့ ရှင်းပါ ပလား-(ရှင်းပါပြီ)၊ သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာ အတော် အရေးကြီးပါတယ်-(မှန်ပါ)။

ကိုင်း....ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ရွာ သုဂတိ ရောက်နိုင်ရဲ့လားတဲ့- ဒုတိယ မေးခွန်း-(မှန်ပါ)

http://www.dhammadownload.com



ဒကာ ဒကာမတွေ ဘာတဲ့တုံး ဒုတိယမေးခွန်းက-(လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ပြည် ရောက်နိုင်ရဲ့လား)၊ အဲဒီကျတော့ ဘုရားက ဘယ့်နှယ် ဖြေသတုံး - (ရောက်နိုင်ပါတယ်)၊ ရောက်နိုင်တယ်တဲ့။

လူဟာ ဥပမာမယ်....ဆွမ်းလှူလိုက်တယ်၊ ကွမ်းလှူလိုက်တယ်၊ ဒကာ ဒကာမတွေက ဘုရားကို လှူလိုက်တယ်၊ ရှိခိုးလိုက်တယ်၊ ဒီရှိခိုးရတဲ့ အကြောင်းကြောင့် စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ လူချမ်းသာ, နတ်ချမ်းသာ ရရပါလို၏ ဆိုတော့ လူချမ်းသာ, နတ်ချမ်းသာ လိုချင်တဲ့ တဏှာ ဆန္ဒ မလာဘူးလား-(လာပါတယ်)၊ မရမရှိပါရစေနဲ့ ဆိုတဲ့ ဥပါဒါန်ကော-(လာပါတယ်)၊ ခုနင်က အားထုတ်တဲ့ ဒါနသီလတွေ အားထုတ်တဲ့ ကာယကံ, ဝစီကံ တွေကကော နိဗ္ဗာန်ကက မလာဘူးလား-(လာပါတယ်)၊ ဒီတဏှာ ဥပါဒါန်ကံတွေကြောင့် စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ နတ်ကောင်ကြီး လူကောင်ကြီး ပေါ်လာမှာပဲ၊ မပေါ်ပေဘူးလား-(ပေါ်ပါတယ်ဘုရား)။

ဒါက ဒကာ ဒကာမတွေ ဒီကံက တဏှာတော့ အုပ်ချုပ်တယ်၊ တဏှာ ဥပါဒါန် အုပ်ချုပ်တယ်၊ ကံကတော့ ကံတောင်း ဖြစ်နေတယ်၊ သမ္မုတိသစ္စာ-ကံဖြစ်နေတယ်- (မှန်ပါ)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီ)။

ဒါဖြင့် လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိ ရောက်နိုင်ပါ့မလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ- (ရောက်နိုင်ပါတယ်)။

http://www.dhammadownload.com



ကြည့်ပါ ဒီမှာ...ဟောဒါ ခင်ဗျားတို့လူပဲ၊ ကိုယ့်ကိုယ်ကို ခင်တဲ့အတွက် နောက်ဘဝမှာလဲ ကိုယ့်ကိုယ် ကောင်းစားတာ ကိုသာ သဘောကျတဲ့အတွက် ဆိုတော့ ဒီဘဝလဲ ကိုယ့်ကိုယ် ခင်တဲ့ တဏှာ မလာဘူးလား- (လာပါတယ်)၊ စွဲသမ်းတဲ့ ဥပါဒါန်ကော-(လာပါတယ်)၊ ကိုယ့်ကိုယ်အတွက် အားထုတ်တဲ့ ဒါန သီလ-(လာပါတယ်)၊အဲဒါတွေကြောင့် သေသည်၏ အခြားမဲ့၌ ဟောဒီမှာ လူကောင်နှ့ာကောင်တွေ ဖြစ်ထိုက်-မဖြစ်ထိုက်- (ဖြစ်ထိုက်ပါတယ်ဘုရား)၊ သံယောဇဉ်ကြောင့်ပဲ ဖြစ်သွားတယ်-(မှန်ပါ)၊သဘောကျပလား- (ကျပါပြီဘုရား)၊

သံယောဇဉ်ကြောင့် မဖြစ်ဘူးလား- (ဖြစ်ပါတယ်)၊ သံယောဇဉ်ဆိုပေမယ့်လဲ ဒီကံက သံယောဇဉ်အုပ်ချုပ်တဲ့ ကံသာဖြစ်နေတော့ ကံကတော့ ကုသိုလ်ကံပဲ၊ ဒါန သီလ ကုသိုလ်ပြုလုပ်တဲ့ ကံဆိုတာ သဘောကျပလား- (ကျပါပြီ)၊ ရှင်းပြီနော်-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ဘုရားကို ဒုတိယ အချက် ဝစ္ဆပရိဗိုဇ်က မေးတော့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ ရောက်နိုင်သလားလို့ မေးတော့ ဘုရားက ဖြေလိုက်တယ်၊ တစ်ရာမကဘူး, တစ်ထောင်မကဘူး, တစ်သိန်းမကဘူး, တစ်သန်းမကပါဘူးရောက်တဲ့လူတွေ- (မှန်ပါ)၊ရှင်းကြပလား- (ရှင်းပါပြီ)။

ဘုရားဖြေပုံကော သဘောကျပလား- (ကျပါပြီ)၊ ဘယ်လောက် ရောက်နိုင်သတဲ့တုံး- (မရေတွက်နိုင်ပါဘူးဘုရား)၊ ရာပေါင်း, ထောင်ပေါင်း, သိန်း, သန်းပေါင်းမက ရောက်နိုင်ပါတယ်ဆိုတာကော သေချာကြပလား- (သေချာပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် သံယောဇဉ်ဆိုတဲ့ တရားဟာ တဏှာ ဥပါဒါန် ကံ ဆိုတဲ့ တရားတွေဟာ ဒကာ့ ဒကာမတို့ နိဗ္ဗာန်တော့ တားတယ်၊ သုဂတိတော့ မတားဘူး၊ရောက်အောင်တောင် ပို့သေးတယ်- (မှန်ပါ)၊ နှစ်ချက်ယူပါ-(မှန်ပါ)၊ နိဗ္ဗာန်ကျတော့-(တားပါတယ်)၊ သုဂတိကျတော့-ရောက်အောင် ပို့ပါတယ် ဘုရား)၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဒါကို သေသေချာချာ သိထားတော့မှ ဘာလုပ်လုပ် ခင်ဗျားတို့ ဒီတဏှာ ဥပါဒါန် မပါဘဲနဲ့ ကံတွေကိုလုပ်လို့ရှိယင် ဒီဒါနအလှူပွဲကြီးလှူရတဲ့အတွက်,ကျောင်းဆောက်ရတဲ့အတွက်, ဘုရားတည်ရတဲ့အတွက် ဇာတိ, ဇရာ, မရဏတို့၏ ချုပ်ရာ သိမ်းရာ ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်သို့သာ နေ့က်ရပါလို၏ ဆိုတော့ ဝိဝဋ္ဋကံတွေ လုပ်လိုက် ပြန်တော့လဲ ဒီတဏှာ ပါသေးရဲ့လား-(မပါပါဘူး)။ အဲ....ဝိဝဋ္ဋကံ လုပ်လိုက်ပြန်လို့ရှိယင်လဲ သူသည် ဥပနိဿယ သတ္တိနဲ့ အားကြီးသော အကြောင်းနဲ့ ကျေးဇူးပြုလိုက်တော့ နောင်ဝိပဿနာတွေလဲ ရှုလိုက်တော့ ရောက်သွားနိုင်တယ်- (မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီ)၊ ဒါဖြင့် ဥပထမ္ဘက သေသေချာ မဖြစ်ဘူးသား- (ဖြစ်ပါတယ်)၊ တဏှာ ဥပါဒါန် မပါယင်တော့ ရောက်ပါတယ်၊ ဒါန သီလ ကံတွေလဲ-(မှန်ပါ)၊ ရှင်းကြပလား- (ရှင်းပါပြီ ဘုရား)၊ တဏှာ ဥပါဒါန် အုပ်ချုပ်နေယင်တော့ မရောက်ပါဘူး)၊

ဒါကြောင့် ဝစ္ဆပရိဗိုဇ်က ဘုရားကို မေးတဲ့အခါကျတော့ လူဟာ လို့ သံယောဇဉ် မစွန့်ဘဲနဲ့၊ နိဗ္ဗာန်ရပါ့မလား ဆိုတုန်းက

http://www.dhammadownload.com



ဘုရားက ဘယ့်နှယ်ဖြေသလဲ- (မရပါဘူး)၊ လူဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ သုဂတိရောက်နိုင်ပါမလားဆိုတော့- (ရောက်နိုင်ပါတယ်)၊ ဒါဖြင့် ပုစ္ဆာနှစ်ချက် ပြီးသွားတာပေါ့ဗျာ-(မှန်ပါ)။

ကိုင်း....ဒီနေ့တော့ နောက်နှစ်ချက်ကိုပါ ရှင်းပေးပါမယ်။ ဒါ ဗဟုသုတဖြစ်အောင် သေသေချာချာ မှတ်ပါ၊ နောက်နှစ်ချက်က ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ အဝတ်မဝတ်တဲ့ ပုဂ္ဂိုလ်တွေ ဦးခင်မောင်တို့ မြင်ဖူးမှာပေါ့၊ တရားကျင့်နေတာ အဝတ် မဝတ်ဘဲ ပုဂ္ဂိုလ်တွေ-(မှန်ပါ)၊ ဣန္ဒိယကို ချောက်ဖူးတဲ့ပုဂ္ဂိုလ်တွေဆိုယင် တွေ့ဖူး မြင်ဖူး ရှိကြမှာပေါ့- (မှန်ပါ)၊ အဲ့ဒီလို အကျင့်သမားတွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီတော့ ဒကာ ဒကာမတွေ ဝစ္ဆပရိဗိုဇ်က အရှင်ဘုရားတဲ့၊ ဒီအဝတ်မဝတ်ဘဲနဲ့ ကိုယ့်ကိုယ် အဆင်းရဲခံပြီး ကျင့်နေကြတဲ့ အစေလကတို့၊ အာဇီဝကတို့ဆိုတာတွေ နိဗ္ဗာန်များ ရောက်နိုင်ပါရဲ့သလားတဲ့- (မှန်ပါ)၊ အာဇီဝကပရိဗိုဇ် အကျင့်စသည်တွေဟာ နိဗ္ဗာန်ရောက်နိုင်ရဲ့လားလို့မေးတော့ ဘုရားက မရောက်နိုင်ဘူးလို့ဖြေလိုက်တယ်-(မှန်ပါ)၊သဘောကျပလား-(ကျပါပြီ)။

ဒါဟာ မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်နေတာပဲ ဒကာ ဒကာမတို့၊ သူတို့ နိဗ္ဗာန်ရောက်နိုင်ပါမလား—(မရောက်နိုင်ပါဘူး)၊ ဒိဋ္ဌိက နိဗ္ဗာန်ကို အမြဲတားတဲ့ တရားဆိုတာ ပေါ်ကြပလား- (ပေါ်ပါပြီ)။

ကောင်းပြီ....ဒါဖြင့် အာဇီဝက အကျင့်တွေ နိဗ္ဗာန်ရောက်နိုင်ပါမလားလို့မေးတော့ ဘုရားက ဘယ့်နှယ် ဖြေသတုံး— (မရောက်ပါဘူး)။

http://www.dhammadownload.com



ဒါက ၃-နံပတ်အဖြေ၊ ဒါကို မရောက်ဘူးဆိုတာ ဘုန်းကြီးက အကျယ်ပြောဖို့ လိုသေးသလား-(မလိုပါဘူးဘုရား)၊ မလိုတော့ပါဘူး ရှင်းနေပါတယ်။ မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်နေတာကိုး-(မှန်ပါ)။

ဒါနဲ့ တစ်ခါဆက်ပြီး မေးပြန်တယ်၊ အဲဒီ အာဇီဝက အကျင့်တွေကော သုဂတိမျှားကော မဆောက်နိုင်ဘူးလားတဲ့-(မှန်ပါ)၊ လိုရင်းတော့ မရောက်နိုင်ဘူးတဲ့(မှန်ပါ)။

အာဇီဝက မိစ္ဆာအကျင့်တွေ သုဂတိ ရောက်နိုင်ပါ့ရဲ့လားလို့ မေးတော့ ဘယ်နှယ်ဖြေသလဲ- (မရောက်နိုင်ပါဘူး)၊ တစ်ယောက်တော့ ရှိတယ်တဲ့၊ တစ်ယောက်က ဒကာ,ဒကာမတို့ သူကိုယ်တိုင် နုစဉ်အခါတုန်းက မှားပြီးကျင့်ဖူးတယ်၊ ဘုရားအလောင်းတော်ဟာ.... (မှန်ပါ)၊ သဘောကျကြပလား.... (ကျပါပြီ)။

သူကတော့ဖြင့် အာဇီဝက အကျင့်တော့ ကျင့်တာဖွဲ့သို့သော်လဲ သူဟာ ကောင်းတာလုပ်ယင် ကောင်းကျိုး ပေးတယ်ဆိုတဲ့ ကမ္မဿကတဉာဏ်ကရှိတယ်၊ ဒါကြောင့် သူဖိပြီး လုပ်တာပဲ၊ သဘောကျပလား-(ကျပါပြီ)၊ ချီးခြံတယ်၊ချီးခြံတာ ဟူသရွေ့ အကောင်းချည်းပဲလို့ သူ့စိတ်ထဲမှာဖြင့် ယူတဲ့အတွက် ကမ္မဿကတဉာဏ် ယူသောကြောင့် သူတစ်ယောက်တော့ဖြင့် သုဂတိ ရောက်ဖူးတာပဲ၊ ကမ္ဘာပေါင်းမျှားစွာ ပြန်ကြည့်တာ ဒီတစ်ယောက်ပဲ တွေ့ဖူးသတဲ့-(မှန်ပါ)၊သဘောပါကြပလား-(ပါပါပြီ)။

သူကတော့ ကမ္မဝါဒီ အယူ ကျန်နေတယ် ဦးခင်မောင်၊ ကမ္မဿကတာဉာဏ်ကလေးနဲ့ အားထုတ်တယ်–(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

တာနဲ့ အားထုတ်တာပါလိမ့်–(ကမ္မဿကတာဉာဏ်နဲ့ အားထုတ်တာပါ)၊ ကမ္မဿကတာဉာဏ်နဲ့ အားထုတ်လိုက်တော့လဲ ကောင်းတာလုပ်၊ ကောင်းကျိုးပေးတယ်ဆိုတဲ့ဉာဏ်ကြောင့် သူ တစ်ယောက်တော့ဖြင့်ရောက်ဖူးတယ်တဲ့၊ ကျန်တဲ့ မိစ္ဆာအယူတွေ ဟာဖြင့် တစ်ယောက်မှ မတွေ့ဘူးတဲ့-(မှန်ပါ)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ ပုစ္ဆာတွေ ရှင်းသွားပြီ မဟုတ်လား-(မှန်ပါ)၊ မိစ္ဆာဒိဋ္ဌိဦးစီးပြီး လုပ်နေတဲ့ အလုပ်ဟူသမျှ သည် နိဗ္ဗာန်မဆိုထားနဲ့ သုဂတိတောင် မရောက်နိုင်ပါဘူး ဆိုတဲ့ပုစ္ဆာ ဒကာ, ဒကာမတော့ ရိပ်မိပလား-(ရိပ်မိပါပြီ)။

မိစ္ဆာဒိဋ္ဌိ အုပ်ချုပ်တဲ့ အလုပ်ဟူသမျှ ဒကာ, ဒကာမတို့ တစ်ခါတည်း စဉ်းစားလိုက်ပါတဲ့၊ နိဗ္ဗာန်မဆိုထားနဲ့ သုဂတိ တောင်-(မရောက်နိုင်ပါဘူးဘုရား)၊ ရှင်းပလား-(ရှင်းပါပြီ)။ အဲဒါက သက္ကာယဒိဋ္ဌိလောက်ကို ဆိုတယ်လို့ မမှတ်ကြပါနဲ့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

သက္ကာယ ဒိဋ္ဌိကို ရှင်းပြ လိုက်ပါဦးမယ်၊ သက္ကာယဒိဋ္ဌိ ရှိလျက်နဲ့ ဒါန, သီလတွေ လုပ်တယ်၊ သုဂတိတော့ ရောက်တယ် ဒကာ, ဒကာမတို့၊ နိဗ္ဗာန်သာ မရောက်တာ-(မှန်ပါ)၊ ရှင်းပ လား-(ရှင်းပါပြီ)။

http://www.dhammadownload.com



ခုနင်က ပြောခဲ့တဲ့ အာဇီဝက စတဲ့ မိစ္ဆာဒိဋ္ဌိတွေကတော့ ဒကာ,ဒကာမတို့ ဒီသက္ကာယ ဒိဋ္ဌိလောက် မဟုတ်တော့ဘူး။ ကံရော,ကံ၏အကျိုးရော အကုန်ပယ်ချတဲ့ ဒိဋ္ဌိတွေ-*(မှန်ပါ)။ အဲဒါကြောင့် ကံ....ကံ၏အကျိုးကို အကုန် ပယ်ချတဲ့အတွက် သူတို့ကတော့ နိဗ္ဗာန် ဆိုတာ မပြောနဲ့တော့ သုဂတိ တောင်မှ မရောက်နိုင်ဘူး- (မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)။

ဒါဖြင့် ဒကာ,ဒကာမတွေ သတိပေးချင်တာက ဒြော်..... ငါလုပ်ယင် ငါရတာပဲဆိုတဲ့ သက္ကာယဒိဋ္ဌိနဲ့ လုပ်ကြလို့ ရှိယင် သုဂတိတော့ ရောက်ပါတယ်၊ နိဗ္ဗာန်တော့ဖြင့်- (မရောက်ပါ ဘူးဘုရား)။

အဲဒီတော့ ဒကာ,ဒကာမတို့၊ သက္ကာယဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒါန,သီလတွေလုပ်ယင်ရပါတယ်၊ လုံးဝမရဘူးဆိုတဲ့ အဓိပ္ပါယ် မျိုး မယူဘဲနဲ့ သုဂတိလောက်တော့ သေသေချာချာ ရတယ်ဆို တာတော့ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။ သက္ကာယဒိဋ္ဌိ ပြုတ်ပြီး သက်သာလ လုပ်မယ် ဆိုယင်ဖြင့် နိဗ္ဗာန် ရပါတယ်- (မှန်ပါ)။ သဘောပါကြပလား- (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ, ဒကာမတို့ နိဗ္ဗာန်တားတာ ဘယ်သူတုံးဆို တာ ပေါ်လာပြီ.... (ပေါ်ပါပြီဘုရား)၊ ဘယ်သူပါလိမ့်.... (သက္ကာယဒိဋ္ဌိပါဘုရား)။

---

* အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိ,နတ္ထိကဒိဋ္ဌိ - များကို ဆိုလိုသည်။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရင်ဝ လှံစူး၊ ဦးခေါင်း မီးလောင်တာထက် အရေးတကြီး နှုတ်ပယ် ပစ်ရမယ်ဆိုတာကော ဦးခင်မောင် ကျေကျေနပ်နပ် သဘော ကျပလား-(ကျပါပြီဘုရား)။

ဒါဖြင့်ဒကာ၊ ဒကာမတို့၊ သက္ကာယဒိဋ္ဌိဆိုတာ တခြားမဟုတ် ဘူးတဲ့၊ ဒိဋ္ဌိသံယောဇဉ်ပဲ-(မှန်ပါ)။

ဒိဋ္ဌိဟာ ဘာပါလိမ့်- (ဒိဋ္ဌိသံယောဇဉ်ပါဘုရား)၊ ဒိဋ္ဌိသံ ယောဇဉ်ဖြစ်နေတဲ့အတွက် သံယောဇဉ်ဆိုတာက ဒကာ၊ ဒကာ မတွေ သိပြီးသားအတိုင်း ဘုန်းကြီးပြောရလို့ရှိယင်ဖြင့် သမုဒယ သစ္စာ ဖြစ်နေတယ်၊ မဂ္ဂါဓိဂမသာ နိဝါရဏံပဲ၊ မဂ်တားတာ ဟာ ဒိဋ္ဌိက တားတာပဲ- (မှန်ပါ)။

အဲဒါကြောင့် စိတ်ပေါ်မှာ ဘာအများဆုံးတုံး- (ဒိဋ္ဌိ အများဆုံးပါ)။ ဒိဋ္ဌိအများဆုံးဖြစ်သောကြောင့် စိတ်ဖြစ်ပျက် မြင်ယင် ဒိဋ္ဌိပြုတ်—မပြုတ် — (ပြုတ်ပါတယ်)၊ ပြုတ်လို့ရှိယင် ဒီဝိပဿနာသည် သောတာပန် အမြန်ဆုံး တည်နိုင် တယ်လို့ ဆိုတာကော ကျေနပ်ပလား-(ကျေနပ်ပါပြီ)။

ဒါဖြင့် တရားပွဲ သိမ်းပါတော့မယ် ဒကာ၊ ဒကာမတို့ အချိန်စေ့နေပြီ၊ ဘာရှုကြမှာတုံး - (စိတ္တာနုပဿနာရှုကြရပါ မယ်ဘုရား)၊ ဘယ်သူ့စိတ်ရှုရမှာတုံး-(မိမိစိတ် ရှုရမှာပါ)။ အဲ....ကိုယ့်စိတ်ကိုယ်ရှုပြီးသာသွားလ နေပါဆိုတော့ ၁-နံပါတ် ကို ၂ နဲ့ရှုပါ- (မှန်ပါ)။

၁-နံပါတ်ကို- (၂-နဲ့ရှုရပါမယ်ဘုရား)၊ ၁-က ဖြစ်ပျက်၊ ၂-က-(မဂ်ပါဘုရား)။

ဒီအတိုင်းသာ သွားနေလို့ရှိယင် ဦးခင်မောင် ဒိဋ္ဌိတွေ လာ နိုင်သေးရဲ့လား-(မလာနိုင်ပါဘူး)၊ ဒိဋ္ဌုပါဒါန်ကော လာနိုင် သေးရဲ့လား-(မလာနိုင်ပါဘူး)၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကော-(မလာနိုင်ပါဘူး)၊ မကြာခင် သောတာပန် တည်နိုင်ပါတယ် ဆိုတာ ဒကာ ဒကာမတို့၊ ဒီအတိုင်းသာလုပ် ညနေ အားထုတ် မနက် ရနိုင်ပါတယ်-(မှန်ပါ)၊ သဘောပါကြပလား- (ပါ ပါပြီ)၊ ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ဇာတိထက် ကမ္မဘဝက ပိုပြီး

# ကြောက်စရာကောင်းလှပုံ

# အလုပ်ပေးတရားတော်

[၇၁-၁၂-၁၉၆၁]

ဒီအပိုင်းကြီးဟာ ဒကာ,ဒကာမတွေ မိမိတို့ ခန္ဓာကိုယ်ကြီး သေလိုက်,ဖြစ်လိုက်တွေ ပြောနေတာပဲဆိုတာ မှတ်ရမယ်နော်-(မှန်ပါဘုရား)။

ဒီအပိုင်းကြီးဟာ မိမိခန္ဓာကိုယ်ကြီး၏ သေပုံကိုလဲ ပြတယ်၊ သေပြီးသည်၏ အခြားမဲ့၌ ဆက်ပြီးသကာလ ဓမ္မတစ်ခု ဖြစ်ပေါ်လာတယ်ဆိုတာကိုလဲ ပြတယ်-(ပြပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာအစဉ်ကို ပြတာပေါ့။ ခန္ဓာတို့၏ ဖြစ်စဉ်ကို ပြတယ်လို့ မှတ်ထားကြပါ-(မှန်ပါ)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ရင်းမှာ ရှေးဦးစွာ ဆင်ခြင်လိုက်တဲ့အခါ သတ္တဝါတွေမှာ ခဏ

http://www.dhammadownload.com



ခဏ အိုပြီး ခဏ ခဏ သေနေတာ ဘယ်သူ့ကြောင့် ပါလိမ့်မလဲလို့ လက်သည်ရှာလိုက်တယ်နော်- (မှန်ပါ)၊ လက်သည်ရှာလိုက်တော့ ဒီ....အိုသေဆိုတဲ့ တရားနှစ်ခုဟာ ဘယ်ကများလာပါလိမ့်မလဲ၊ သတ္တဝါတွေကြည့်ရတာအိုလိုက်၊ တော်တော်ကြာ သေလိုက်၊ ပြန်ပြီး ဖြစ်လိုက်၊ အိုလိုက် သေလိုက် ပြန်ဖြစ်လိုက်နဲ့ မြင်ရတဲ့ သနားတော်မူတယ်-(မှန်ပါ)။ အို့သေ၏ အဆုံးမရှိဘူးလား၊ အို့သေ၏ အစမရှိဘူးလား၊ အို့သေ၏ အစ ဖြတ်ရလို့ရှိယင်ဖြင့် အိုသေဟာ လာမှာ မဟုတ်တော့ဘူး- (မှန်ပါ)။ မြတ်စွာဘုရားတိုင်းပဲ ဒီဥစ္စာကို တွေးတော ပူကြ ဘယ်-(မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတွေလဲ ဒီဥစ္စာကိုတွေးပါဆိုတာ သတိပေးလိုက်တယ်နော်-(မှန်ပါ)၊ ဒီမှာကြည့်ပါ၊ ဇရာ မရဏ ဆိုတာ ဝိပါကဝဋ်၊ ဒါဟာ အိုတာနဲ့ သေဘာပဲ-(မှန်ပါ)။

အခု ဒကာ ဒကာမတွေလဲ ရှိတာပေါ့၊ ကိုယ့်ခန္ဓာထဲမှာ အခုအိုပြီး မကြာခင်သေတော့မှာပဲ။ အဲဒါလူတိုင်းပါးစပ်မှာ ဒကာကြွယ် ထွက်နေရတယ်- (ထွက်ပါတယ်ဘုရား)၊ မထွက် ရဘူးလား-(ထွက်ရပါတယ်)။

လူတိုင်းပါးစပ်မှာပဲ ဒီ အို့သေဆိုတာ ထွက်ပြီးနေရတော့ နောက်ဘဝကျတော့သဲ ဒီအထွက်က လွတ်မှာ မဟုတ်ဘူး- (မှန်ပါ)၊ ဟိုဘက်ဘဝတွေ ကျပြန်တော့လဲ- (မလွတ်ပါဘူးဘုရား)၊ ဩော်....ဒါနဲ့ပဲ ဒကာ ဒကာမတွေ အိုရချည်သေး, သေရချည်သေး- (မှန်ပါ)၊ တစ်ဘဝ လာပြန်လဲ မလွတ်လို့ အိုရချည်သေး, သေရချည်သေး-(မှန်ပါ)၊ ဒါနဲ့ပဲ တကာကြွယ်တို့ ဦးလှဖူးတို့ အချိန်ကုန်နေတယ်- (ကုန်နေပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါကို သေသေချာချာ တွေးပါလို့ ဘုန်းကြီးများက သတိပေးတယ်နော်- (မှန်ပါ)၊ မြတ်စွာဘုရားလဲ ဒီအတိုင်း တွေးပါတယ်၊ ဒီလို တွေးဖို့လဲ ဟောထားတော် မူခဲ့တာပဲ.... (မှန်ပါ)။

ကဲ....ဒီလို တွေးလိုက်တော့ ဒကာ, ဒကာမတွေ ပေါ်လာတယ်နော်-(မှန်ပါ)၊ အို့သေ ဘယ်ကလာသတုံးလို့ မေးတော့ အလယ်ဘန်းမှာ ၁။၂။၃-အို့သေ တွေ့ထားတယ်-(မှန်ပါ)၊ သူ့ အတန်းတိုင်း လျှောက်ပြီး နောက်ဆုတ်တွေးတာပေါ့.... (မှန်ပါ)၊ နောက်ဆုတ်တွေးတော့ ဒီဘက်မှာ ဘာလာပြီး တွေ့သတုံး- (ဇာတိ ဇရာ မရဏ တွေ့ပါတယ်)၊ သြော်....ဒါဖြင့် ဇာတိဖြစ်လို့....(ဝါ) ပဋိသန္ဓေ နေရလို့ သေတာပဲ-(မှန်ပါ)။

ဒကာကြွယ် ဘယ်လိုဆုံးဖြတ်ချက် ချမတုံး-(ပဋိသန္ဓေ နေမိလို့ သေရပါတယ်ဘုရား)၊ ပဋိသန္ဓေ နေမိလို့ သေရတယ်၊

အို့သေ ဘယ်က လာပါလိမ့်- (ပဋိသန္ဓေနေမှုက လာပါတယ်)၊ ဇာတိ ပဋိသန္ဓေက လာတယ်။ အို့သေရဲ့ လက်သည်ကို ဖမ်းလိုက်တော့ သူ့ကို လာတွေ့တယ် ဒကာကြွယ်ရေ- (မှန်ပါ)။

ဒါကြောင့် အို့သေသည်ကားလို့ ဆိုလိုရှိယင်ဖြင့် ဇာတိ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်၏ ကိုယ်ပိုင် ပစ္စည်းလို့ မောင်ဘသော်တို့က မှတ်ရမယ်-(မှန်ပါ)၊

အို့သေ ဘယ်က လာပါလိမ့်- (ဇာတိက လာပါတယ်)၊ ဒကာ, ဒကာမတွေ ဘယ်က လာလို့ ဒီ အို့သေကြီးကို ခဏခဏ နှုတ်ထဲမှာ ကျုပ်အိုပြီ မကြာခင် သေတော့မှာပဲလို့ ညည်းလုံး ထုတ်နေတာ၊ ဒီညည်းလုံးဟာလဲ ကျက်သရေမင်္ဂလာ မရှိဆုံး

http://www.dhammadownload.com



ညည်းလုံးပဲ-(မှန်ပါ)၊ ဘယ်ကများ လာပါလိမ့်မလဲလို့ ဒကာ၊ ဒကာမတွေက နောက်ဆုတ်တွေးပါ- (ဇာတိကလာပါတယ်)။

ဇာတိ ပဋိသန္ဓေက လာတယ်။ ဩော်....သူ့ကြောင့် သေရတာပဲ၊ သူ့ကြောင့် အိုရတာပဲဟော့၊ သူ့ကြောင့် သေရတာပဲဟော့ ဆိုတာ တကာကြွယ် ပေါ်လာတယ်-(မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးက ဒီနားမှာ ကြားဖြတ်ကလေး စကားပြောလိုက်ပါတယ်။ ဒကာ၊ ဒကာမတို့ ဘယ်ဘဝကိုမှ ဆုမတောင်းနဲ့နော်၊ ပဋိသန္ဓေကစပြီး ရလိမ့်မယ်- (မှန်ပါ)။ ဘယ်ဘဝမှ မတောင်းကြနဲ့၊ ဘယ်ကစပြီး ရမယ်ထင်သလဲ- (ပဋိသန္ဓေကစပြီး ရမှာပါ)။ ပဋိသန္ဓေကစပြီး ရလာမှာကိုးဗျ။ ဒါကစပြီး ရလာတော့ ခင်ဗျားတို့က အိုရချည်သေး၊ သေရချည်သေး လာတော့မှာပဲ-(မှန်ပါ)။

အဲဒီမှာ ဒကာ၊ ဒကာမတွေက ယောင်ခြောက်ဆယ်ဖြစ်ပြီး မသိကြတော့ အို့၊ သေ ဆိုတာ ဘယ်က လာမှန်း မသိတော့ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆိုတော့ ဒကာ၊ ဒကာမတို့၊ ပဋိသန္ဓေ မပါဘဲနဲ့ ဘယ်မှာဖြစ်နိုင်လိမ့်မလဲ- (မဖြစ်နိုင်ပါဘူး ဘုရား)၊ ဖြစ်နိုင်ပါ့မလား- (မဖြစ်နိုင်ပါဘူးဘုရား)။

မဖြစ်နိုင်တာ ဒကာ၊ ဒကာမတို့ဒါ ရရပါလို၏လို့ ဆုတောင်းကြတယ်- (မှန်ပါ)၊ လူဖြစ်ရပါလို၏၊ နတ် ဖြစ်ရပါလို၏ ဆိုတာ ဇာတိ ရရပါလို၏- (မှန်ပါ)၊ ဒါဖြင့် ခင်ဗျားတို့ ဟာက ခင်ဗျားတို့ လိုချင်လို့ ယူတာပဲ ဒီဥစ္စာ.... (မှန်ပါ)၊ ခင်ဗျားတို့ လိုချင်လို့ယူတဲ့ ပစ္စည်းဖြစ်နေတယ်-(မှန်ပါ)၊ အခု တော့ ဒကာ၊ ဒကာမတွေ ရပြန်တော့လဲ ညည်းလုံးထုတ်ကြတယ်၊ ဩော်....ဒီလိုဖြစ်လိမ့်မယ် မထင်ဘူးတဲ့....(မှန်ပါ)။

http://www.dhammadownload.com



ဒီလိုဖြစ်လိမ့်မယ်မထင်ဘူးဆိုတော့ ခင်ဗျားတို့ဟာက ဆင်မတန်ဆိုးဝါးနေတယ်–(မှန်ပါ)၊ ဇာတိဆုတောင်းယင် ဒါရမှာပဲ-(မှန်ပါ)။ သဘောကျပလား- (ကျပါပြီဘုရား)။

ဩော်....ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မျက်စိက တယ်ပြီးလည်တာကိုး-(လည်ပါဘယ်ဘုရား)။

ဦးဘအုန်း ဘယ့်နှယ်ဆိုမလဲ-(မျက်စိလည်ပါတယ်ဘုရား)၊ မျက်စိက သိပ်ပြီးလည်နေတယ်တဲ့၊ အိုသေတော့ကြောက်တယ်။ ဇာတိတော့ ကြိုက်တယ်-(မှန်ပါ)၊ ဒါလေသက် ရှုဘာတော့ ရှာလို့ကို မတွေ့တော့ဘူး- (မှန်ပါ)၊ တစ်ခု ကြိုက်လို့ရှိယင်လဲ ဟိုနှစ်ခုကို မုချ ရတော့မှာပဲ–(မှန်ပါ)။ ဇာတိကြိုက်ယင် ဇရာမရဏဟာ-(ရမှာပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက ကြိုက်တာက တစ်မျိုး၊ ရတာက တစ်မျိုး–(မှန်ပါ)၊ ကြိုက်တာကလဲ ဇာတိ ကြိုက်တယ်-(မှန်ပါ)၊ ဒါလဲ မသိလို့ ကြိုက်တာ။ သူ့ကို ကြည့်ပါ၊ ဘာတဲ့တုံး-(ဒုက္ခသစ္စာပါဘုရား)၊ ဒါတွေ ကြိုက်လိုက်ပြန်တော့ ကော- (ဒုက္ခသစ္စာပါဘုရား)၊ ဒါကို ခင်ဗျားတို့က ရမ်းပြီး ကြိုက်နေကြတယ်- (မှန်ပါ)။ ဘာကို ရမ်းပြီး ကြိုက်နေကြသလဲ- (ဒုက္ခကိုရမ်းပြီးကြိုက်ပါတယ်)။ ဩော်....သစ္စာ မသိတာလောက် ဆိုးတာတော့ဖြင့် ဦးဘအုန်း မရှိတော့ဘူး.... (မှန်ပါ)။

ဘာကို ရမ်းကြိုက်နေကြတာတုံး–(ဒုက္ခကို ရမ်းကြိုက်နေကြတာပါ)၊ ဒုက္ခသစ္စာကို ရမ်းကြိုက်တာ။ ဒုက္ခရယ်- သစ္စာရယ်-

http://www.dhammadownload.com



(မှန်ပါ)၊ ဒီအကွက်ထဲပါတာ ဒုက္ခသစ္စာချည်းကိုး- (မှန်ပါ)၊ အဲဒီတော့ ခင်ဗျားတို့ ဆုတောင်းယူတာ ဒုက္ခရောက်ရပါလို၏- (မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဘာကို ဆုတောင်းယူကြသတုံး- (ဒုက္ခရောက်ရပါလို၏ ဆုတောင်းပါတယ်)၊ ခင်ဗျားတို့ ပါးစပ်က မိုး ထွက်ရဲကြပါပေဗျာ- (မှန်ပါ)၊ တကာကြွယ် နတ်ဖြစ်ရပါလို၏ ဆိုယင် ဇာတိဖြစ်ရပါလို၏- (မှန်ပါ)၊ ကဲ....ထည့်ပါဦး၊ နောက်ကျတော့ နတ်ဖြစ်ရပါလို၏ဆိုယင် ဒုက္ခရောက်ရပါလို၏ ထည့်ထည့် ပေးပါ။ ဒီလိုဆိုယင် မတောင်းရဲတော့ဘူး- (မှန်ပါ)၊ တောင်းရဲပါ့မလား- (မတောင်းရဲပါဘူး)၊ အဲဒါကြောင့် သစ္စာသိမှ သံသရာ ပြတ်တယ်ဆိုတဲ့ စကားဟာ ဦးဘအုန်းတို့ မောင်ဘသော်တို့ ရှင်းသွားပြီ-(ရှင်းပါပြီဘုရား)၊

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတွေက လူဖြစ်ရပါလို၏ ဆိုတော့ ဒါတောင်းတာ-(မှန်ပါ)၊ နတ်ဖြစ်ရပါလို၏ ဆိုတော့ကော-(ဒါပဲ တောင်းတာပဲ)၊ ဗြဟ္မာဖြစ်ရပါလို၏ ဆိုယင်တော့- (ဒါပဲတောင်းပါတယ်)၊ ဒါဖြင့် ဒါကို ရတာပေါ့- (မှန်ပါ)၊ ဘာရသတုံး- (ဒုက္ခသစ္စာရပါတယ်)။

ဒီလိုရလိမ့်မယ်လို့ စောစောစီးစီး သိလို့ရှိယင်လဲ ဦးဘအုန်း တောင်းမည်မဟုတ်ပါဘူး- (မတောင်းပါဘူး ဘုရား)၊ ဆရာတော့သစ္စာမသိတော့ တောင်းတယ်၊ သစ္စာမသိတာအဝိဇ္ဇာပဲ၊ သူက အတောင်းခိုင်းတာ-(မှန်ပါ)။

ဘယ်သူက အတောင်းခိုင်းတာတုံး- (အဝိဇ္ဇာက အတောင်းခိုင်းတာပါ)။

http://www.dhammadownload.com



ခင်ဗျားတို့ အရှင်သခင် လုပ်နေတဲ့ အဝိဇ္ဇာကိုက သစ္စာ သိရှဲလား- (မသိပါဘူး)၊ မသိတဲ့သူက ခိုင်းတာများ ခင်ဗျား တို့ ပါးစပ်က ရက်ရက်စက်စက် ထွက်ကြတာများ တော်တော် မသိလို့ဘဲ-(မှန်ပါ)၊တော်ရုံတန်ရုံနဲ့ဆိုယင်တကာကြွယ် မထွက် ဘူးနော်-(မှန်ပါ)၊ အလွန်အလွန် မိုက်လုံးသန်၊ မသိလုံးသန် လွန်းလို့ ထွက်လာတာ-(မှန်ပါ)။ ပေါ်ကြပလား- (ပေါ်ပါပြီ ဘုရား)။

ဦးဘအုန်း၊ သာမညမိုက်ယင်ဘယ့်နှယ်တုံး- (မပေါ်ပါဘူး ဘုရား)၊ အဲဒါများ ကိုယ့်အိမ်မှာတောင် မဟုတ်သေးဘူး၊ ဘုရားရှေ့မှာတောင် သွားပြီး လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါ လို၏ စသည်နဲ့ လုပ်လိုက်ကြသေးတယ်-(မှန်ပါဘုရား)။

ဒီ့ပြင်နေရာမှာ လုပ်တာက အရေးမကြီးလှပါဘူး၊ ဘုရား ရှေ့မှာ ဒီလိုအဝိဇ္ဇာနဲ့ မိုက်မဲတာမျိုး မလုပ်သင့်ဘူး-(မှန်ပါ)၊ လက်အုပ်လဲ ချီသေးတယ် တကာကြွယ်၊ ပြီးတော့ ဘာလုပ် သေးသတုံး-(မိုက်ပါတယ်ဘုရား)၊ ဘယ်ရှေ့မှာတုံး- (ဘုရား ရှေ့မှာပါ)၊ ဩော်....ဘုရားရှေ့မှာ ဘုရားက မချီးမွမ်းတာ သွားပြီး လုပ်ကြပါပေတယ်-(မှန်ပါ)၊ ဘုရားက ဘုံဘဝထဲ မှာ ကျင်လည်မှုဆိုယင် လက်ဖျစ်တစ်တွက်ခန့် နေရဖို့တောင် ချီးမွမ်းတာ မဟုတ်ဘူး-(မှန်ပါ)၊ သဘောပါကြပလား- (ပါ ပါပြီဘုရား)။

စဉ်းစားကြည့်ပါ၊ ဒီဇာတိကို မသိလို့တောင်းတာ။ မသိ တာက အဝိဇ္ဇာ၊ အဲ....သူက အတောင်းခိုင်းတာ- (မှန်ပါ)။ ဘယ်သူက အတောင်းခိုင်းတာတုံး- (အဝိဇ္ဇာက အတောင်း ခိုင်းတာပါ)။

http://www.dhammadownload.com



တကာကြွယ် ပေါ်ပလား-(ပေါ်ပါပြီဘုရား)။ ဒီ့ပြင်နေရာသွားပြီး မိုက်မိသလား၊ ဆုတောင်းပြည့် ဘုရားရှေ့မှာ မိုက်မိသလား-(ဘုရားရှေ့မှာပါဘုရား)၊ ဆုတောင်းပြည့်ထည့်ပါဦးကွ မောင်ဘသော်ရ—(မှန်ပါ)။ ဒီ့ပြင် ဘုရားရှေ့တောင်းသူတို့ ဒါလောက် တောင်းချင်တာမဟုတ်ဘူး၊ ရွှေကြက်ယက်တို့လို၊ မဟာမြတ်မုနိတို့လို ဒီလိုမှ တောင်းချင်တာ။ ပြည့်မှ ပြည့်ပါ့မလားလို့ ကျောက်တုံးမ,ရသေးတယ်-(မှန်ပါ)။ လေးတာ အဖတ်တင်မှာပေါ့။ ကျောက်တုံးကလဲ လေးလေးနဲ့၊ ဒုက္ခသစ္စာကလဲ လေးလေးနဲ့တော့ ပြည့်ပြီ—(မှန်ပါ)။

တကာကြွယ် ပြည့်မှ ပြည့်ပါ့ မလားတောင် စိုးရိမ်သေးတယ်-(မှန်ပါ)။ ဘာသစ္စာ တောင်းယူတာတုံး— (ဒုက္ခသစ္စာ တောင်းယူတာပါ)၊ ဟာ...ဒုက္ခဆိုတာ မတောင်းဘဲနဲ့တောင် ရနေသေးတဲ့ဥစ္စာ ခင်ဗျားတို့ တောင်းယူတော့ အပြည့် အစုံရတာပေါ့-(မှန်ပါ)။

ဦးတာအုန်း မလွန်ဘူးလား- (လွန်ပါတယ်ဘုရား)၊ ခင်ဗျားတို့ ပြောသံကြားတိုင်း မယုံနဲ့၊ ဒီဟာကို ကြည့်ပါ ပဋိစ္စသမုပ္ပါဒ်ကို-(မှန်ပါ)၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောလဲ ရှိတာပဲ၊ မဟောလဲ ဒီလမ်းစဉ်က ရှိတာပဲ-(မှန်ပါ)။ အဲဒီတော့ လူဖြစ်ရပါလို၏ဆိုတော့ ဇာတိတောင်းတာ- (မှန်ပါ)၊ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)။ ဒါဖြင့် သိလို့ တောင်းတာလား၊ မသိလို့ တောင်းတာလား- (မသိလို့ တောင်းတာပါဘုရား)၊ မသိတာ ဘယ်သူတုံးဆိုတော့-(အဝိဇ္ဇာပါဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဘယ်သူနဲ့ တောင်းတာတုံး— (အဝိဇ္ဇာနဲ့ တောင်းတာပါဘုရား)၊ အဝိဇ္ဇာဟာ ကုသိုလ်လား-အကုသိုလ်

http://www.dhammadownload.com



လား-(အကုသိုလ်ပါဘုရား)၊ ဘုရားရှေ့သွားပြီး အကုသိုလ်နဲ့ ဖုံးပြီး တောင်းမနေပါနဲ့-(မှန်ပါ)။

တကာကြွယ် ခင်ဗျားတို့မို့ ထွက်ရက်ပါပေ့ ခင်ဗျာ.... (မှန်ပါ)၊ ဒီလိုထွက်တာ ဒကာ ဒကာမတွေ အတော်ဆိုးတယ်နော်-(မှန်ပါ)၊ အခု သေသေချာချာ ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နဲ့ အကျက်ကျကျ ဖော်ပြောလာတော့မှ ဩော်....တို့ပါးစပ်နှုယ် အရှက်မရှိလိုက်တာ-(မှန်ပါ)၊ ဆိုထိုက် မဆိုထိုက်-(ဆိုထိုက်ပါဘယ်ဘုရား)။

အရှက်ကို မရှိဘူး- (မှန်ပါ)၊ ဘယ်မှာ ရှိလိမ့် မတုံး၊ အဝိဇ္ဇာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အရှက်အကြောက် မရှိ ပါဘူး-(မှန်ပါ)၊ ရှိသေးရဲ့လား (မရှိပါဘူး)၊ ဒါကြောင့် ခင်ဗျား တို့ ဘုရားရှေ့ လက်အုပ်ချီပြီး သကာလ အဝိဇ္ဇာစခန်း သွားဖွင့်တာပေါ့-(မှန်ပါ)။

တကာကြွယ် ကဲ....ကိုယ်မိုက်တာ ပေါ်ပလား- (ပေါ်ပါပြီဘုရား)၊ ဒီ့ပြင်နေရာ မိုက်တာဟာ လူမသိ သူမသိ အရေးမကြီးပါဘူး- (မှန်ပါ)၊ ဒီဟာက လူပုံ အလယ်မှာ ပြည့်မှပြည့်ပါ့မလားလို့ အော်များ အော်လိုက်သေးတယ်-(မှန်ပါ)။ တချို့ ဘုရားရှိခိုးနေလိုက်တာများ ဆူညံနေတာပဲ- (မှန်ပါ)၊ ရှိခိုးတာကတော့ နည်းနည်းပါ။ ရှိခိုးပါ၏ဆိုယင် ပြီးတာပဲ-(မှန်ပါ)၊ ဆုတောင်းကြီးတ တစ်ခါတည်း အော်ပြီး တောင်းကြတယ်-(မှန်ပါ)၊ ပန်းလိုလှချင်လို့- (မှန်ပါ) ပန်းလိုလှချင်လို့ဆိုတော့ ဒါဖြစ်ပါရစေပဲ- (မှန်ပါ)။ ရေလိုအေးပါရစေဆိုတော့လဲ ဒါဖြစ်ပါရစေပဲ- (မှန်ပါ)၊ အဆင်းလှ ဆိုတာလဲ ဒီဒုက္ခတောင်းတာပဲ၊ အနာမဲ့ပါရစေဆိုတာကော (ဒါပဲတောင်း

http://www.dhammadownload.com



တာပါပဲ)၊ ဒါတောင်းတာပဲ ခင်ဗျားတို့ဟာ ဇာတိကို တောင်းတာပဲ - (မှန်ပါ)၊ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါဘုရား)၊ သိလို့တောင်းတာလား၊ မသိလို့တောင်းတာလား - (မသိလို့တောင်းတာပါ)၊ မသိယင် ဘယ်သူ့နဲ့တောင်းသလဲ....(အဝိဇ္ဇာနဲ့တောင်းပါတယ်ဘုရား)၊ အဝိဇ္ဇာဟာ ဘုရားရှေ့မှာ တော်မတော်....(မတော်ပါဘူးဘုရား)၊ မတော်ပေမယ့် ခင်ဗျားတို့က ခက်နေတယ်။ ဒီ့ပြင့်လူတွေလဲ ဒီလိုပဲတောင်းတယ်၊ တို့လဲ ကောင်းရမှာပဲ။ တောင်းယင် ကောင်းတယ်လို့ ထင်တာပဲ (မှန်ပါ)။

တောင်းတဲ့တရားကိုလဲ သေသေချာချာစစ်ပါဦး။ မင်းဟာ သူတော်ကောင်းလား- သူယုတ်မာလား၊ ငါကို အတောင်းခိုင်းနေတာလို့လဲ မတွေးမိပါဘူး- (မတွေးမိပါဘူးဘုရား)၊ သတ်မည့် သူကို အတောင်းခိုင်းတယ် (မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)၊ အသေပေးမည့်သူကို (အတောင်းခိုင်းပါတယ်ဘုရား)၊ ကဲ.... ဦးလှဖူးတို့လောက်မိုက်တာ ဦးဘအုန်းတို့လောက်မိုက်တာတော့မရှိပါဘူး-(မရှိပါဘူးဘုရား) ဟာ.... ဘာမသိလို့ ဒါလောက်မိုက်နေတာတုံးလို့ အပြစ်ရှာပါဦး - လက်သည်ရှာပါဦး၊ - (သစ္စာမသိလို့ပါဘုရား)၊ သစ္စာမသိတော့ ဘယ်သူတုံး-(အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့်ဘာနဲ့တောင်းသတုံး-(အဝိဇ္ဇာနဲ့တောင်းပါတယ်ဘုရား)၊ ဟာ....ဘုရားရှေ့သွားပြီး မိုက်လုံးသန်နေလိုက်တာ- (မှန်ပါ)၊ ဒါပဲဆိုဖို့ ရှိတော့တယ်၊ ဦးဘအုန်းရေ....(မှန်ပါဘုရား)၊ ဒီ့ပြင် ဆိုစရာ ရှိသေးရဲ့လား- (မရှိပါဘူး)၊ တကာကြွယ်တို့နောက်ကို မမိုက်ကြနဲ့တော့- (မှန်ပါဘုရား)၊ ဘာဖြစ်လို့တုံး အသက်ကကြီး

http://www.dhammadownload.com



ပြီ။ ဆရာကောင်းတပည့်တွေလဲ ဖြစ်ကုန်ပြီ-(မှန်လှပါ)၊ ဒီပဋိစ္စသမုပ္ပါဒ်ကဘုရားမပွင့်လဲရှိတယ်၊ ဘုရားပွင့်လဲရှိတယ်၊ မဟုတ်ဘူးလား....(မှန်ပါ)။

ကိုင်း....ဒါဖြင့်- ဇရာမရဏ ဘယ်ကလာသတုံး-(ဇာတိကလာပါဘယ်)၊ဪ....ဇာတိကလာဘယ် သိပြီ၊ ဒါဖြင့် ကောဒကာမတွေ ဇာတ်ကလာတယ်ဆိုတာ။ဒါဖြင့် ဘယ်ဇာတိမဆိုခင်ဗျားတို့ မခံဘာင်းလေနဲ့-(မှန်လှပါ)၊ တောင်းယင် အိုသေရမယ်-(မှန်ပါ)၊ သီလရင်တွေဘက်ကလဲ ရှာမရှည်ကြနဲ့နေဘ်ဆုတောင်းမှုကို-(မှန်ပါ)၊ တစ်ချို့သီလရင်တွေများ ရှာရှည်နေလိုက်တာတွေ ဘုရားကြီးထဲမှာမျှား မနည်းပါဘူး- (မှန်ပါ)၊ သူတို့ရှာရှည်တ၈ ကြည့်ပြီး နောက်ကလူတွေက လိုက်ပြီး ရှာရှည်နေယင် သာပြီးခက်ကုန်ဦးမယ်- (မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ကဲ-ဒါဖြင့် သွားကြပါစို့၊ ဒီတရားကို ဟောဇီအဆက်ကလေးက ပြတယ်ခနဲ-(မှန်ပါ)၊ သူနဲ့သူ ဆက်ပါသေးတယ်လို့ပြောတာ (မှန်ပါ)၊ မပြောဘူးလား— (ပြောပါတယ်)၊ ဇာတိနဲ့ ဘာနဲ့ဆက်သတုံး....ကမ္မဘဝနဲ့ ဆက်ပါဘယ်။ ဪ ဇီဇာတိ ဘယ်ကလာပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ခင်ဗျားတို့ ကာယကံ ဝစီကံနဲ့ ဆုတောင်းတာက လာတယ်—(မှန်ပါ)၊ မပေါ်သေးဘူးလား-(ပေါ်ပါပြီ)။

ကမ္မဘဝဆိုတာ ကာယကံ ဝစီကံ-(မှန်လှပါ)၊ ကာယကံနဲ့လက်အုပ်ချီတယ်၊ ဝစီကံ ဆုတောင်းတယ်-(မှန်ပါ)၊ အဲ....သူတောင်းလို့သူရတာ- (မှန်ပါ)၊ ဒါဖြင့် ဇာတိလက်သည်တွေပြန်ပြီ-(မှန်ပါ)၊ ဘာတုံး-(ကမ္မဘဝပါဘုရား)၊ ကမ္မဘာ

http://www.dhammadownload.com



ဆိုတော့ စသံပါနေတယ်-(မှန်ပါ)၊တပည့်တော်တို့ ကာယကံနဲ့လက်အုပ်ချီပြီး၊ ဝစီကံနဲ့ ဆုတောင်းတာပါဘုရား-(မှန်ပါ)။ ဦးဘအုန်း၊ ပေါ်ပလားဗျ- (ပေါ်ပါပြီဘုရား)။

ကာယကံနဲ့တော့-(လက်အုပ်ချီပါတယ်ဘုရား)၊ ဝစီကံနဲ့တော့-(ဆုတောင်းပါတယ်ဘုရား)။ အဲ....သူကလာတာ သူကလာတာ-(မှန်ပါ)၊ ဇာတိ၏လက်သည်တွေပြန်ပြီ- (မှန်ပါ)၊ ဘာတွေသတုံး- (ကမ္မဘဝတွေပါတယ်)၊ အကျယ်ချဲ့လိုက်တော့ ဒုကာ ဒကာမတွေ ကာယကံနဲ့ရှိခိုးပြီး၊ ဝစီကံနဲ့တောင်းတာ—(မှန်ပါဘုရား)၊ တပည့်တော် ရိုသေစွာရှိခိုးပါ၏ဘုရား။ တောင်းတဲ့ဆုလဲပြည့်ရပါလို၏....(မှန်ပါ) ရိုသေစွာကလဲ ပါသေးတယ်-(မှန်ပါ)၊ တောင်းတဲ့ဆုလဲ ပြည့်ရပါလို၏တဲ့ (မှန်ပါ)၊ အံမာ ဒုက္ခသစ္စာများမပြည့်မှာ အတောင်စိုးရိမ်တယ်- (မှန်ပါ)၊ အနာမပေါက်မှာကို စိုးရိမ်နေတယ်-(မှန်ပါ)။

ခင်ဗျားတို့ပြောတယ်၊ အနာပေါက်သွားလို့ရှိယင် မဖျားဘူးတဲ့- (မှန်ပါ)၊ ဒါကို ကြိုက်သလို ဖြစ်နေတယ်- (မှန်ပါ)။ အနာ ပေါက်နေပေါ့ဗျာ ယဉ်း သေရုံ ရှိတော့ တာပေါ့-(မှန်ပါ)၊ရိပ်မိပလား -(မှန်ပါ)။

ခင်ဗျားတို့ ပြောပုံက တစ်ဘက်စွန်းကနေသွားက တော်တော်ပါတယ်-(ပါပါတယ်)၊ အနာပေါက်တာဟာ အပူတွေ ထွက်တာတဲ့၊ အဖျားအနာကင်းသတဲ့၊ အနာကြီး ပေါက်နေတာတောင် အဖျားအနာကင်းတယ် ပြောချင် ပြောနေကြတာ-(မှန်ပါ)၊ ဦးဘအုန်း တော်တော် ဆိုးဝါးတယ်နော်- (ဆိုးဝါးပါတယ်ဘုရား)၊ မိတ်က တစ်ကိုယ်သုံး ပေါက်နေတာ

http://www.dhammadownload.com



မိတ်နာတွေပေါက်နေတာဟာ ဒီကလေး ကျန်းမာတော့မှာပဲ-(မှန်ပါ)၊ ဘယ်မှာ မှာရမှာတုံး၊ အခုကို မမာလို့ခက်နေတာ-(မှန်ပါ)။ အခုကို မာကြရဲ့လား-(မမာပါဘူး)။

အဲဒီလို ခင်ဗျားတို့ဟာက ဘောင်လှည့်, မြောက်လှည့်နဲ့ တစ်ခုမှလဲ မှန်တာကမပါ- (မှန်ပါ)၊ တကာကြွယ်ဒီလိုများ ပြောမိသလား- (ပြောမိပါတယ်ဘုရား)၊ ခင်ဗျားတို့ အဲဒီ အထဲက လူဘစ်ခယောက်ပါပဲ- (မှန်ပါ)၊ ဘယ်မှာ အနာ ပေါက်နေတဲ့အထဲ ဖျားရဦးမယ်ဆိုတော့ မောင်ဘသော် သေ ရုံကျန်တော့တယ် မဟုတ်ဘူးလား- (ဟုတ်ပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့၊ ဇာတိဘယ်ကလာသတုံး-(ကမ္ဘာဝက လာပါတယ်)၊ ဒါဖြင့် ဇာတိလက်သည် ယခုနေ့ တွေ့ပြီ။ ကာယကံ ဝစီကံ ကမ္ဘာဝ သွားတွေ့တယ်- (မှန်ပါ)။

ဦးဘဲအုန်း ဘာတွေ့သလဲ- (ကာယကံ, ဝစီကံသွားပြီး တွေ့ ပါတယ်) ခင်ဗျားတို့အလုံကာယကံနဲ့ရှိခိုး၊ ဝစီကံနဲ့ ဆုတောင်း ပြီးသကာလဟောဒီဒုက္ခမှ လွတ်ရပါလို၏ဆိုယင် ဘယ်လောက် များ ကောင်းမတုံး-(ကောင်းပါတယ်ဘုရား)။

ဒီလိုတော့ မထည့်ကြဘူး- (မှန်ပါ)၊ ကာယကံနဲ့ ရှိခိုး၊ ဝစီကံနဲ့ ဆုတောင်းပြီး လူဇာတိ,နတ်ဇာတိ၊ လူ့ဘဝ,နတ်ဘဝ ဖြစ်ရပါလို၏....(မှန်ပါ)၊ ဒီဟာကို သွားပြီး မကြည့်ကြဘဲကိုး-(မှန်ပါ)၊ ဒကာကြွယ်၊ ဒီဟာကြည့်စမ်းပါဦး ဘာသစ္စာတဲ့တုံး-(ဒုက္ခသစ္စာပါဘုရား)၊

ဒကာ, ဒကာမတွေ ဒါကြည့်ပြီးလို့ သိသွားကြမယ်ဆိုယင် တော့မကောင်းတော့ပါဘူး-(မှန်ပါဘုရား)၊ တစ်ခုတော့ အဲဒီ သစ္စာက မသိခဲ့ကြဘူး-(မှန်ပါ)၊ သစ္စာ မသိခဲ့တော့ ကိုင်း....

http://www.dhammadownload.com



သူများတကာတွေလဲ ဒီလိုပဲ ရှုတ်တာပဲကွ၊ ငါတို့လဲ ရှုတ်ရဦးမယ် မတတ်သာဘူး။ သူတို့လဲ ဘယ်သွား မှားမှန်း မသိဘူး၊ ငါလဲ ဘယ်သွားမှန်းမသိဘူး။ ဒီကို ရောက်တာပဲ- (မှန်ပါ)၊ မရောက်ဘူးလား-(ရောက်ပါတယ်သုရား)။

အဲဒါကြောင့် အတုခိုးသင့်တာမှ ခိုးရတယ်၊ မခိုးသင့်တာကိုတော့ တကာကြွယ်-(မခိုးရပါဘူးဘုရား)၊ ခင်ဗျားတို့ဟာက အကုန်ခိုးချနေဘယ်- (မှန်ပါ)၊ အကုန် ခိုးချနေတော့ ရှေ့သွားက မမှန်တော့ နောက်ကလူကလဲ ချောကျကုန်တာပေါ့- (မှန်ပါ)။

ကိုင်း....ဒါဖြင့် ကမ္မဘဝဟာ ဇာတိထက် ကြောက်စရာကောင်းတယ်-(မှန်ပါ)၊ မကောင်းဘူးလား- (ကောင်းပါတယ် ဘုရား)။

ကာယကံ, ဝစီကံတွေဟာ ဘယ်သူ့ထက် ကြောက်စရာကောင်းသတုံး- (ဇာတိထက် ကြောက်စရာကောင်းပါတယ်)၊ ဘုံဘဝလိုချင်တဲ့၊ ဒုက္ခသစ္စာလိုချင်တဲ့ ကာယကံ, ဝစီကံဟာ ဇာတိထက် ကြောက်စရာကောင်းတယ်-(မှန်ပါ)၊ ဘာ့ကြောင့်တုံး သူလုပ်မှ ဇာတိပေါ်မှာ-(မှန်ပါ)၊ သူမလုပ်ယင်- (ဇာတိ မပေါ်ပါဘူး)။

ဦးဘအုန်း ရိပ်မိပြီနော်- (မှန်ပါ)၊ တကာစကြွယ်ကော- (ရိပ်မိပါပြီဘုရား)၊ ဇာတိနဲ့ ကမ္မဘဝတော ဘယ်ဟာကြောက်စရာ ကောင်းသတုံး- (ကမ္မဘဝ, ကြောက်စရာ ကောင်းပါတယ်)၊သူလုပ်မှ ဇာတိ ဖြစ်တာကိုး- (မှန်ပါ)၊ သူမလုပ်လို့ရှိယင်-(ဇာတိမဖြစ်ပါဘူး)။

http://www.dhammadownload.com



တကာကြွယ်တို့ဏ ဒိဥစ္စာတောင် အားပေးလိုက်သေးတယ်-(မှန်ပါ)၊ ကာယက နဲ့ စင်စင် ကြွယ်ကြွယ် ကောင်းကောင်း မှန်မှန်လုပ်ကြကွ။ ဝစီကံ ကလဲကွာ၊ဒီအချိန်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဆွမ်းကျွေးတယ်ဆိုတာ လုပ်ကြကိုင်ကြပေါ့ကွ၊ကာယကံ ဝစီကံ ဆိုတာ အတော် အရေးကြီးတယ်။ ကာယကံ ညံ့နေယင် နောင်ဘဝ မင်းအရုပ်ဆိုးမယ်။ လာပြီ.... လာပြီ၊ ဘဝ တကျော ဘဝပဋ္ဌနာ အားပေးမှုတွေကို-(မှန်ပါ)၊ ကာယကံ က မင်းညံ့ဖျင်းလို့ရှိယင် ပန်းကန် စင်စင်ကြွယ်ကြွယ် မဆေးလို့ရှိယင် မင်းအရုပ်ဆိုးမယ်-(မှန်ပါ)၊ ဝစီကံ က ညံ့ပြီဆိုမှဖြင့် လဲ မင်းသည်ကားလို့ ဆိုယင် နောက်ဘဝမှာ ဘယ်လိုဖြစ်တတ်တယ်....စသည်နဲ့ နောက်ဘဝကတော့ ပါဘာချည်းပဲ (ပါပါ တယ်ဘုရား)၊ နောက်ဘဝဆိုတာ ဒါကို ဆိုတာ။ ဘာကို ဆိုတာတုံး-(ဒုက္ခသစ္စာကို ဆိုဘ်ပါ)၊ အဲ.... ဒုက္ခသစ္စာဆိုတော့ ဒါဟာ တူတူပေါ့-(မှန်ပါ)၊ နောက်ဘဝ မင်း ဒုက္ခသစ္စာဖြစ်တော့ မင်းနည်းနည်းညံ့မယ်။ ဒုက္ခသစ္စာ ကြီးကြီးဖြစ်ရတာ ကောင်းတယ်- (မှန်ပါ)၊ ဦးဘအုန်းတို့ ဟောနည်းတွေကလဲ နိကိုသ္ဘားတာပါပဲ၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

အဲဒါခင်ဗျားတို့ သားသမီးတွေများ ဒီအမွေဖြင့်မပေးကြပါနဲ့။ ကလေးတွေ မသိလို့ ဒုက္ခသစ္စာထဲက မထွက်နိုင်ဘဲ ရှိကုန်ရော့မယ်-(မှန်ပါ)၊ အခု အချို့ ပေးတုန်းရှိသေးတယ်-(ပေးတုန်းပါဘုရား)၊ တော်တော့် ကြောက်စရာကောင်းတယ်နော်-(မှန်ပါ)၊ ချစ်လို့ပေးတာလား၊ နောက်ထပ် သေအောင်လို့ ပေးတာလား- (နောက်ထပ်သေအောင်လို့ ပေးတာပါဘုရား)။

http://www.dhammadownload.com



ဩော်....ကိုယ့်ကိုယ်တိုင်ပဲ တစ်ခါငိုလို့မပြီးဘူး နှစ်ခါငိုချင်သေးတယ်- (မှန်ပါ)၊ ဒီအဓိပ္ပာယ်မရဘူးလား- (ရပါတယ်ဘုရား)။

ကိုင်း - ဒါဖြင့် ဒကာ ဒကာမတို့၊ ဒီနေ့ပဋိစ္စသမုပ္ပါဒ်ကို ပဋိလောမဟောတယ်လို့ မှတ်ပါ-(မှန်ပါ)၊ ပဋိလောမဆိုတာ အကြောင်းရင်းလက်သည်ကို ပြန်ရှာတာ-(မှန်ပါ)။

ဒကာ ဒကာမတွေ ခင်ဗျားတို့ ပါတဲ့စာရွက်ကိုလဲ ကြည့်ပေါ့ဗျာ။ ဘုန်းကြီးပြတာကိုလဲ နှလုံးသွင်း ဂရုစိုက်ကြပေါ့-(မှန်ပါ)၊ ဒီ [illegible]မ္မဘဝဟာ ကြောက်စရာကောင်းတာပေါ်ပြီ-(မှန်ပါ)၊ ဒီကံမ္မဘဝကို ဘယ်သူ လုပ်ပါလိမ့်မတုံး ဆိုတော့ နောက်ဆက်တွဲ ရှာပါဦး-(ဥပါဒါန်ကြောင့်ပါဘုရား)၊ ဥပါဒါန်ရှိလို့ဖြစ်တာ- (မှန်ပါ)၊ ဒါကြောင့် ဥပါဒါန်မစွယာ ပါထားတယ် ကမ္မဘဝေါဆိုပြီး-(မှန်ပါ)။

တကာကြွယ် ကံနဲ့ ဥပါဒါန် ဘယ်ဟာ ကြောက်စရာကောင်းသတုံး-(ဥပါဒါန်က ကြောက်စရာကောင်းပါတယ်)။

ဒီ ကလေး ကလေးကို လှစေချင် ပ စေချင် နောက်ဘဝ-စေချင်ဆိုတဲ့ သဘောကလေး စေတနာရောက်လာလို့ရှိယင် ဒီကလေးအပေါ်မှာ မစွဲလမ်းဘဲနဲ့ ဒီအသံမထွက်ဘူး-(မှန်ပါ)၊ ထွက်ပါ့မလား-(မထွက်ပါဘူးဘုရား)။ မထွက်ပါဘူး၊ ဒကာ-ဒကာမတို့၊ အဲဒီတော့ ဥပါဒါန်ရှိတယ်-(မှန်ပါ)၊ ဒါကြောင့် ဥပါဒါန်နဲ့ ကမ္မဘဝ ဘယ်ဟာ ကြောက်စရာကောင်းသတုံး-(ဥပါဒါန်က ကြောက်စရာကောင်းပါတယ်)၊ ကြည့်ကြည့်၊ ဘာသစ္စာတုံး-(သမုဒယသစ္စာပါ)၊ သူလဲ သမုဒယသစ္စာပဲ၊ သူကော-(သမုဒယသစ္စာပါ)၊ ဒါဖြင့် သမုဒယသစ္စာလုပ်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



တော့၊ ဒီဒုက္ခကတော့မလွတ်တမ်းပဲ- (မလွတ်ပါဘူးဘုရား)၊ ဒကာ ဒကာမတွေ ရှင်းပလား- (ရှင်းပါပြီ)။

ဩော်..... ခင်ဗျားတို့ မသိလို့ နေ့တိုင်းပဲ ဒီအဝိုင်းကြီးကို ထောက်ပြီးသကာလ ဦးဘအုန်းပြနေရတယ်- (မှန်ပါ)၊ မပြ ယင် ဦးဘအုန်း ရှင်းကိုမရှင်းဘူး။ ရှင်းပါမလား- (မရှင်းပါ ဘူးဘုရား)၊ ဒီအထဲကတောင်မှ မွေ့က ဖောက်ချင်သေးတယ်- (မှန်ပါ)။ အိမ်ရောက်လို့ရှိယင် တကာကြွယ်တို့ကဲ့ ရွှေရိုး ကလေးမစွန့်ချင်သေးဘူး။ ပြောနေကျ အသံကလေးက လာ သေးတာဗျ-(မှန်ပါ)၊ အို....ဒီလိုသာ မင်းတို့နေယင် နောက် ဘဝမင်းတို့ သွားရာပေါ့ကွာ... တဲ့- (မှန်ပါ)၊ နောက်ဘဝ သွားရာပေါ့ကွဆိုတော့ နောက်ဘဝမှာ မင်းသည်ကားလို့ ဆိုယင် ဆိုးဝါးလိမ့်မယ်၊ ဒါကလေးတောင်ကောင်းကောင်း လုပ်ဆိုတော့ ဒါကလေးတောင် ပါပါသွားသေးတယ်၊ နှုတ် ကတက်နေတာကိုးဗျ- (မှန်ပါ)၊ မပြောကြဘူးလား ဒကာ ဒကာမတို့- (ပြောပါတယ်ဘုရား)၊ ကိုယ့်အိမ်က သားသမီး ကလေးတွေ မလိမ္မာလို့ ဘုရားရှေ့သံဃာရှေ့မှာ ကုန်းကွ မသွားလို့ လူကြီးသူမရှေ့မှာ ကုန်းကွမသွားလို့ရှိယင် ကောင် ကလေး ခက်လိုက်တာ နောက်ဘဝမှာ ဒီကောင်ကလေး ဒီ-ထက်ဆိုးလိမ့်မယ်တဲ့။ တစ်ခါတည်းဆုံးမတာပဲ- (မှန်ပါ)၊ ဆုံးမတော့ဆုံးမတာပဲ၊ ဒါပေမယ့် ဆုံးမသလိုလိုနဲ့ ဒီကောင် ကလေးကို နောက်ဘဝ ကောင်းစားရေးလောက်ကိုသာ ရည် ရွယ်တဲ့ ဘဝတဏှာနဲ့ ဒုက္ခသစ္စာပေးတာပဲ-(မှန်ပါ)။

ကုန်းကွသွားကွ ဟုတ်လား၊ လူကြီးရှေ့ဆိုတာ ရှိသေရ တယ်။ ကိုင်းရှိုင်းရတယ်၊ မင်းတို့ကတော့ ဝတ္တရားတွေက

http://www.dhammadownload.com



တယ်ပျက်တာကို။ ဘဝကူးတော့ ခက်ပါသေးတယ်-(မှန်ပါ)၊ ဟာ ဒါလဲ ဘဝကူးတော့ ခက်ပါသေးသတဲ့....။ အခုပြော ရွားသွားပြီ- (မှန်ပါ)၊ နဂိုက ဘဝကူးယင် ဒုက္ခသစ္စာရနေ တာ ခက်စရာ ထူးပြီးမလိုတော့ပါဘူး- (မှန်ပါ)၊ လိုသေး သလား-(မလိုပါဘူး)။

အဲဒါတွေလဲ တကာကြွယ်တို့က နှုတ်တက်မနေပါနဲ့နော်- (မှန်ပါ)၊ နှုတ်တက်မနေပါနဲ့ သစ္စာသိအောင်သာ ပြောပေး ကြပါ-(မှန်ပါ)။

အခု တရားပွဲမှာ မနည်းပါဘူး လူဦးရေ-နော်- (မှန်ပါ)၊ တကာကြွယ် လူကြီးတွေကို မြင်နေရတာလား ကလေးတွေကို မြင်နေရတာလား- (လူကြီးတွေကို မြင်နေရတာပါဘုရား)၊ ဟာ.... ဦးဘအုန်း မရှက်နဲ့နော် – (မှန်ပါ)၊ မရှက်နဲ့ မရှက်နဲ့ အရွယ်တွေလဲ မသေးပါဘူး၊ ဘုန်းကြီးက ဘာဖြစ်လို့တုံး၊ ပိုရှက် သွားမှာစိုးလို့-(မှန်ပါ)၊ အခုဟာက လူကြီးတွေကို မြင်နေရ တာ-(မှန်ပါ)၊ လူကြီးတွေကို မြင်ပြီးသကာလ နေ့ရတာ ဘုန်း ကြီးက သက်သက်မြင်ပေးနေရတာလား လူကြီးတွေ၏လမ်းစဉ် က လွဲနေလို့လားဆိုတာ မောင်ဘသော်တို့က အကဲခတ်- (လူ ကြီးတွေကလွဲနေလို့ပါဘုရား)။

လွဲနေတယ်။ ဘဝကောင်းစားရေးကိုသာ ပြောတတ်တယ်၊ ဘဝပြတ်ရေးကို- (မပြောတတ်ပါဘူးဘုရား)၊ မပြောတတ် တော့ သစ္စာမသိတော့ဘူး- (မှန်ပါ)၊ သစ္စာသိသေးရဲ့လား- (မသိပါဘူးဘုရား)။

အဲဒါကြောင့် တကာကြွယ် ကလျာဏမိတ္တ ဆိုတဲ့ ဆရာ

http://www.dhammadownload.com



သမားဟာ အင်မတန် အရေးကြီးတယ်ဟောတာ-(မှန်လှပါ)။ မကြီးဘူးလား-(ကြီးပါတယ်)။

တချို့ ဘိုးတွေဘွားတွေ ဦးဘအုန်းတို့ ဘိုးတွေ ဘွားတွေ ဟာ ဒီအတိုင်း သေသွားလိမ့်မယ်ဆိုတာ ဘယ်သူမှ ငြင်းနေဖို့ မလိုဘူး- (မလိုပါဘူးဘုရား)၊ ဘဝကောင်းစားရေးဆိုတာ လောက်နဲ့ပဲ သေသွားတာပဲ- (မှန်ပါ)၊ ဘဝကောင်းစား ရေးဆိုတော့ ဒါက ဘဝကောင်းစားရေးဆိုတာက-(ဒုက္ခသစ္စာ ပါပဲဘုရား)၊ ကောင်းစားရေး ပါကိုမပါဘူး-(မှန်ပါ)၊ ဒီဘက် မှာ ဒါ ဘဝပါပဲ။ နတ်ဘဝ လူ့ဘဝပါပဲ ဇာတိဆိုတာ- (မှန်ပါ)၊ ကောင်းစားရေးလား ဆင်းရဲရေးလား- (ဆင်းရဲ ရေးပါဘုရား)၊ အဲဒါ မသိရှာကြဘူး- (မှန်ပါ)၊ မသိတော့ ဘဝကောင်းစားရေးပဲ ပြောကြတယ်- နင်တော့ ဘဝကူး ခက်လိမ့်မယ်။ ဒီ ဘဝမှာ နင့်စိတ်ကလဲကြမ်း နင်အရုပ်ဆိုးသလို ပဲ နောက်ဘဝ နင်တော့ ဒီ့ထက်ဆိုးဦးမှာပဲ.... အစရှိသည်နဲ့ ကလေးတွေအပေါ်များ တကာကြွယ်တို့က အဖေလုံးပေါ့ဗျာ လူကြီးတွေက ဆုံးမသွန်သင်နေလိုက်တာ ဘဝနဲ့ ဆုံးမကြတာ ပါပဲ-(မှန်ပါ)။

ကိုင်း- ဒါတွေတော့ ပြင်ပါတော့ တကာကြွယ်နော်.... (မှန်ပါ)၊ အားလုံး ဒကာ ဒကာမတွေ ပြင်ကြပါတော့- (မှန်ပါ)၊ ခင်ဗျားတို့ ဆုံးမတဲ့အတိုင်း ကလေးတွေက ဘဝ နှစ်သက်သွားလို့ရှိယင်ဖြင့် ဆုံးမတဲ့ ပုဂ္ဂိုလ်ကလဲ သစ္စာမသိလို့ သံသရာလည်၊ နားထောင်တဲ့ပုဂ္ဂိုလ်ကလဲ သစ္စာမသိလို့ သံသရာ လည်-(မှန်ပါ)၊ ဒီအတိုင်းမနေပေဘူးလား- (နေပါတယ်)။

http://www.dhammadownload.com



နှစ်ဦးနှစ်ဝကျေးဇူးမရှိပါဘူး-(မှန်ပါ)။ ရှိသေးရဲ့လား- (မရှိပါဘူးဘုရား)၊ ဒါကြောင့် ပြင်ကြပါဦး-(မှန်ပါ)။

ဒကာ ဒကာမတွေ ဘုန်းကြီးတစ်ခါတစ်ခါပြောတဲ့ အခါ နားထောင်ဖို့ သိပ်ကောင်းတယ်၊ ခင်ဗျားတို့ အချိန်မီသေး တယ်ပြောတာ-(မှန်ပါ)။

ဦးဘအုန်းဘယ့်နှယ်ပြောသတုံး- (အချိန်မီသေးတယ် ပြောပါတယ်) ပြင်ချိန်ကလေးရသေးတယ်- (မှန်ပါ)၊ ပြင်ချိန်မရမည့် နောက် သားနောက်မြေးတွေ ရှေ့က သေသွားနှင့်တာ တွေကျတော့ ငါးပါးမှောက်ကုန်တယ်-(မှန်ပါ)၊ တကာကြွယ် တွေးချင်တိုင်းတွေးတော့ သေသေချာချာပဲ-(မှန်ပါ)။

ပြင်ချိန်မရမည့် မမီလိုက်တဲ့ကလေးတွေပေါ့ဗျာ-(မှန်ပါ)၊ ပြင်ချိန်မမီတဲ့ ခုနင်က ပြောတဲ့ သက်ကြီးအိုမတွေ။ ပြီးတော့ ကျောင်းကန်ဘုရားလဲ မလာနိုင်, သေမည့်ဘက်ကိုလဲ ရှေးရှု နေပြီ-(မှန်ပါ)၊ ဤအထဲကလဲ ပြင်ပေးမည့်သူဆီကိုလဲ သူက မလာနိုင်၊ ဒီလိုနဲ့ ဇွတ်မှိတ်ပြီးသကာလ ပြောချင်ရာပြော၊ဆို ချင်ရာဆို-ဆိုပြီးသကာလ ဆွမ်းကလေးလောင်းပြီး သကာလ ကဲ....ကျုပ်တို့တော့ သေတဲ့အခါ ရိက္ခာယူဖို့ပဲ၊ ဒါမှပဲ ကျုပ် တို့ နောက်ဘဝလဲ ခံသာသည်ရှိမှာပဲတဲ့- (မှန်ပါ)၊ ဒါနောက် ဘဝပါပဲ ဒကာ ဒကာမတို့။ ဘယ်မှာတုံး ခံသာရည်တဲ့လား- (မဟုတ်ပါဘူးဘုရား)၊ ဘာတဲ့တုံး- (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာကို ခံသာရည်လုပ်နေလို့ရှိယင် ဦးဘအုန်း သေသေ ချာချာလွဲတာပေါ့-(မှန်ပါ)၊ ဒီဒုက္ခသစ္စာက လွတ်တဲ့လမ်းကို သွားပါ-(မှန်ပါဘုရား)။

http://www.dhammadownload.com



ကိုင်း....ဒါဖြင့် ဒကာဒကာမတွေကမှတဝနဲ့ ဥပါဒါန်ဘယ် ဟာကြောက်စရာကောင်းသတုံး— (ဥပါဒါန်က ကြောက်စရာ ကောင်းပါတယ်ဘုရား)၊ သူကအကြောင်း၊ သူရှိမှသူလာမှာ- (မှန်ပါဘုရား)၊ ဒီဥပါဒါန်ကလဲ သမုဒယသစ္စာပဲ- (မှန်ပါ)။

တစ်ခါသွားပါဦး၊ ဥပါဒါန်ထက် တဏှာကကြောက်စရာ ကောင်းတယ်- (မှန်ပါ)၊ တဏှာမရှိတဲ့နေ့ ဥပါဒါန် ဖြစ်ပါ့ မလား-(မဖြစ်ပါဘူးဘုရား)၊ဒါဖြင့် တဏှာသည်ဒကာဒကာမ တို့ ဥပါဒါန်ထက် ကြောက်စရာ ကောင်းတယ်– (မှန်ပါ)၊ မဆိုးဝါးဘူးလား-(ဆိုးဝါးပါတယ်ဘုရား)၊ သူတို့သုံးခုလုံး ဘာသစ္စာတုံး-(သမုဒယသစ္စာပါ)၊ ဒါဖြင့် သူတို့ သုံးခုရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒီဒုက္ခသစ္စာသုံးခုကိုရတယ်- (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ- ဒါဖြင့် ဒကာဒကာမတို့၊ ဒီတဏှာဟာလဲ သူ့ ကို ကျေးဇူးပြုတဲ့ လက်သည်မရှိဘဲနဲ့ အရမ်းပေါ်တာမဟုတ် ဘူး၊ သဘောကျပလား-(ကျပါပြီ)၊ အရမ်းပေါ်တာ မဟုတ် တော့ ဒီမှာဆက်ပြတယ် ဘာတဲ့တုံး– (ဝေဒနာပါဘုရား)၊ ဒါကြောင့် ဝေဒနာပစ္စယာ တဏှာ-(မှန်ပါ)။

တဏှာနဲ့ ဝေဒနာ ဘယ်ဟာ ကြောက်စရာ ကောင်းသ တုံး- (ဝေဒနာပါဘုရား)၊ ဝေဒနာကြောင့် တဏှာဖြစ်ရ မယ်-(မှန်ပါ)။

ဒါကြောင့် ဘုန်းကြီးများက ဦးဘအုန်းတို့ တကာကြွယ်တို့ ကို ဝေဒနာဖြစ်ပျက်ရှုပါလို့ပြောရတာ- (မှန်ပါ)၊ ဝေဒနာကို

http://www.dhammadownload.com



ဖြစ်ပျက် ရုပ်ပါဆိုတဲ့ ဥစ္စာ တကာကြွယ်တို့ စကားသည်းကဲ ဒါကိုပေးတယ်-(မှန်ပါ)၊ ပေးသင့်-မပေးသင့် - (ပေးသင့်ပါတယ်ဘုရား)။

သူ့ကို ဖြစ်ပျက် ရှုလို့ရှိယင် ဖြစ်ပျက် — မဂ်ဆိုပြီး ဒီဘာကလေးဟာ ပြတ်သွားမယ်-(မှန်ပါ)၊ ဒီဘက်ကူးသေးရဲ့လား-(မကူးပါဘူး)၊ အဲဒါကြောင့် သင်ပေးနေတာ- (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

ကဲ.... တစ်ခါသွားကြဦးစို့ ဒကာဒကာမတို့၊ ဝေဒနာနဲ့ တဏှာဘယ်ဟာက ကြောက်စရာ ကောင်းသတုံး- (ဝေဒနာကြောက်စရာကောင်းပါတယ်)၊ ဝေဒနာသုံးမျိုးစလုံးကြောက်စရာ-(မှန်ပါ)။ ဘာ့ကြောင့် ကြောက်စရာကောင်းသတုံးလို့ မေးတဲ့အခါကျတော့မှ ဝေဒနာကြောင့် တဏှာ ဖြစ်ရတယ်-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဝေဒနာကြောင့် တဏှာဖြစ်ရတယ်ဆိုတာ ဒကာဒကာမတွေ မှတ်ကြပါနော်—(မှန်ပါ)၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်လဲ ချမ်းသာခြင်းကို အလိုရှိတယ်-(မှန်ပါ)၊ ဆင်းရဲတာက ဒုက္ခဝေဒနာ။ အလိုရှိတာက- (တဏှာပါ)၊ ကိုင်း ဆင်းရဲတာကလဲ သူသာတာပဲ—(မှန်ပါ)။

တကာကြွယ် ချမ်းသာတဲ့ပုဂ္ဂိုလ်ကလဲ ချမ်းသာသည်ထက် ချမ်းသာ ချမ်းသာချင်တာပဲ-(မှန်ပါ)၊ ချမ်းသာတာက ဘာဝေဒနာ-(သုခဝေဒနာ)၊ သိပ်ပြီး ပိုပြီး ချမ်းသာချင်တာက— (တဏှာပါဘုရား)၊ အဲ. ဒါကြောင့် ဝေဒနာကလာတာ - (မှန်ပါ)၊ ဒါဖြင့် ဒုက္ခဝေဒနာပစ္စယာ- (တဏှာပါဘုရား)၊ သုခဝေဒနာပစ္စယာ- (တဏှာပါဘုရား)။

http://www.dhammadownload.com



ချမ်းသာလဲ မဟုတ်.... ဆင်းရဲလဲမဟုတ်တဲ့ အလယ်ကနေတဲ့ အလတ်စား ဥပေက္ခာ ဝေဒနာကလဲ ဘာဖြစ်ချင် သတုံး.... (ချမ်းသာချင်တာပါပဲ ဘုရား)၊ ကျုပ်တို့ အလယ် အလတ် တော်ပါပြီလို့ ဘယ်သူမှ ရပ်မနေဘူး-(မှန်ပါ)၊ ချမ်းသာလိုချင် တာက ဘာတုံး- (တဏှာပါဘုရား)၊ ဥပေက္ခာ ဝေဒနာ ပစ္စယာလဲ တဏှာပဲ-(မှန်ပါ)၊ ဒါကြောင့် ဝေဒနာနဲ့ တဏှာ ဘယ်ဟာက ကြောက်စရာ ကောင်းသတုံး- (ဝေဒနာက ကြောက်စရာကောင်းပါတယ်ဘုရား)။

ဒကာ ဒကာမတွေက ဝေဒနာကို မကြောက်ဘူး၊ ပြောသာ ပြောနေကြတာ ဝေဒနာကို မကြောက်ဘူး-(မှန်ပါ)၊ စင်စစ် တော့ ဦးဘအုန်း ဝေဒနာကို ကြောက်ရမှာ- (မှန်ပါ)၊ အခု သေသေချာချာ ကြည့်တော့ ဝေဒနာမရှိတဲ့နဲ့ ဓိတဏှာမလာ ဘူး-(မှန်ပါ)၊ ဓိတဏှာမရှိတဲ့နဲ့ ဒကာ ဒကာမတွေ ဓိဒုက္ခသစ္စာ တွေ လာပါ့မလား-(မလာပါဘူး)။

ဒါဖြင့် ပြောပြစမ်းပါ၊ ဝေဒနာနဲ့တဏှာ ဘယ်ဟာကြောက် စရာ ကောင်းသတုံး-(ဝေဒနာက ကြောက်စရာ ကောင်းပါ တယ်ဘုရား)၊ သို့သော် ချမ်းသာတဲ့ ပုဂ္ဂိုလ်က ချမ်းသာကို ကြောက်သလားလို့မေးယင် ဘယ့်နှယ်ပြောမလဲ– (မကြောက် ပါဘူးဘုရား)၊ ဒါဖြင့် ဝေဒနာ ကြောက်စရာ ကောင်းတယ်လို့ မောင်ဘခေသော် ပါးစပ်က ပြောတာနဲ့ လိုက်သေးရဲ့လား.... (မလိုက်ပါဘူးဘုရား)၊ ဝေဒနာ အကြောင်းကို မသိတော့ တဏှာဖြစ်မယ်၊ တဏှာဖြစ်ယင် သမုဒယ သစ္စာ လာမယ်.... (မှန်ပါ)၊ သမုဒယသစ္စာ လာယင် ဒုက္ခသစ္စာ လွတ်ပါ့မလား- (မလွတ်ပါဘူး)။

အဲဒီတော့ ချမ်းသာတဲ့ပုဂ္ဂိုလ်မှာ၊ ချမ်းသာစကို ကြောက်တယ်လို့ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရှာမှရှား- (ရှားပါတယ်ဘုရား)၊ ချမ်းသာဖို့ပဲ လိုက်ရှာနေကြတာပဲ-(မှန်ပါ)။

ဒါဖြင့် ဝေဒနာကို ခင်မျာတို့က ကြိုက်တဲ့တရား ဖြစ်နေသလား၊ ကြောက်တဲ့တရား ဖြစ်နေသလား- (ကြိုက်တဲ့တရား ဖြစ်နေပါတယ်)၊ ဝေဒနာဟာ ဦးဘအုန်း လူကြိုက်များတယ်- (မှန်ပါ)၊ သုခဝေဒနာဟာ ဘာစားး- (လူကြိုက်များပါတယ်)၊ ကဲ-ဒါဖြင့် သုခဝေဒနာပစ္စယာ- (တဏှာပါဘုရား)၊ ဒါကြောင့် လူကြိုက်များလို့ပေါ့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ချမ်းသာတာကို ကြိုက်တယ်၊ မကြိုက်တယ်ဆိုတာ ခင်မျာတို့ အသက်အရွယ်ကြီးလို့ အလုပ်အကိုင်မရှိဘဲနေတဲ့ ပုဂ္ဂိုလ်တွေထဲမှ သူနဲ့တန်မည့် အလုပ်ကိုပေးမယ်၊ စီးပွားရေးလဲ ဖြောင့်မယ်ဆိုယင် အသက်ထွက်ခါနီး ငါးဉာဏ်ချုပ်ခါနီးတောင်မှ လုပ်ဦးမလို့လို့ပဲ- (မှန်ပါ)၊ မလုပ်ပေဘူးလား- (လုပ်ပါတယ်ဘုရား)၊ ဘယ်လောက် သုခဝေဒနာ ကြိုက်တယ်ဆိုတာ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြီးတို့၊ အခု အချိန်တိုင်တိုင် အလုပ်အနားမယူနိုင်သေးတဲ့ ကိုယ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းနဲ့ လုပ်နေသေးတာ ဘာကြိုက်လို့တုံး-(သုခဝေဒနာကြိုက်လို့ပါဘုရား)၊ ဝေဒနာပစ္စယာ- (တဏှာပါဘုရား)။

ဘာမှမလုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေကတောင်မှ အင်း... တို့တော့ဖြင့် မျက်စိကလဲ မှုန်ပြီ၊ ခါးကလဲကိုင်း၊ နားကလဲထိုင်းနဲ့ အိမ်စောင့်ပဲ ခိုင်းကြတော့ဟေ့၊ ဒီဖြင်မှာတော့မတတ်နိုင်တော့

http://www.dhammadownload.com



ဘူးတဲ့-(မှန်ပါ)၊ ဘာဖြစ်လို့တုံး၊ ဒီအိမ်က ပစ္စည်းပျောက်မှာ စိုးလို့၊ ပျောက်ခြင်းကို သူမကြိုက်ဘူး ရှိခြင်းကိုသာ သူကြိုက် တယ်-ဒါကြောင့် ဒရဝမ်ဆုတောင် သူက တောင်းလိုက်သေး တယ်-(မှန်ပါ)၊ တကာကြွယ် ဒရဝမ်ဆုတောင်းပြီး အိမ်မှာ ပျော်နေတဲ့ လူတွေတစ်ပုံကြီး.... (ရှိပါတယ်ဘုရား)၊ မြေးတွေ ကလဲ မလိမ္မာသေးဘူး၊ သမီးအကြီးတွေ့ သမီးအငယ်တွေ ကလဲ သော်လော်ကန့်လန့်တွေ၊ အသုံးအဖြုန်း မသေချာဘူး၊ ရှေ့ရေးနောက်ရေး မသိဘူး၊ တို့ကလဲ ရှေ့ရေး နောက် ရေးသိခဲ့ပြီကွ။ အဲဒီတော့ ငွေဝင်မရှိဘြားသော်လဲ စောင်မဘဲ့ သဘောနဲ့ နေရဦးမယ်ဘဲ- (မှန်ပါ)၊ နှင်ထုတ်တာတောင် မသွားဘူး -(မှန်ပါ)၊ သူ ဘာကြိုက်နေတုံး - (ဝေဒနာကြိုက် နေတာပါ)၊ ဝေဒနာပစ္စယာ -(တဏှာပါဘုရား)၊ တဏှာပဲ။ ခင့်လို စောင့်ပေးနေတာ- (မှန်ပါ)၊ မခင်ယင် နင်တို့အိမ် ခြေဦး မလှည့်ဘူး ပြောလိမ့်မယ်- (မှန်ပါ)၊ ပေါ်နေပြီ.... (မှန်ပါ)။

ဒါဖြင့် တကာကြွယ်၊ တဏှာက မင်စင်ပေးတယ်လို့ ရှိရဲ့ လား—(မရှိပါဘူးဘုရား)၊ တဏှာသည် သတ္တဝါတစ်ဦး တစ် ယောက်ကို သနားလို့ ကဲ....မင်းလွတ်တော့ ကျွတ်တော့။ မင်းကိုဖြင့် မခိုင်းတော့ဘူး၊ ခိုင်းလို့လဲ မကောင်းတော့ဘူး ဆိုပြီး ပင်စင်ပေးလိုက်တာများ ကြားဖူးရဲ့လား- (မကြားဘူး ပါဘူးဘုရား)။ အဘော်အခိုင်းရက်စက်ပါတယ်- (မှန်ပါ ဘုရား)၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ခြေထောက် ထော့နင်း ထော့နင်းနဲ့ ပေမယ့်လဲ တကာ ကြွယ် သော့နင်းအလိုက် ခိုင်းသေးတယ်- (မှန်ပါ)၊ ချိုး

http://www.dhammadownload.com



ထောက်ကလေးရှာပြီး သွားပါလား–တဏှာက ခိုင်းတာလေ-(မှန်ပါ)၊ ရိပ်မိပသား-(ရိပ်မိပါပြီဘုရား)၊ ဘယ်သူ့ကိုများ သူလွှတ်သတုံး - (ဘယ်သူ့မှ မလွှတ်ပါဘူးဘုရား)၊ လေး ဘက်သွားကလေး ကလေးများ ခိုင်းထားလိုက်တာ- ဟိုနား မှာ ထမင်းရှိတယ် သွားတဲ့။ တဏှာက ခိုင်းတာ၊ ကဲ့လေး ကလေးက ဟပ်ထိုးလဲရှာတယ်-(မှန်ပါ)၊ လဲမေမယ့် မလျော့ ဘူး၊ တဏှာကတော့ ခိုင်းတာပဲ-(မှန်ပါ)။

ကလေးလဲ သူခိုင်းတယ်ဟုတ်လား-(မှန်ပါ)၊ လူလတ်ပိုင်း လဲ-(ခိုင်းပါတယ်ဘုရား)၊ လူကြီးပိုင်းလဲ(ခိုင်းပါတယ်ဘုရား)၊ ဒါဖြင့် တကာကြွယ် ခင်ဗျားတို့အပေါ် ဘယ်သူအုပ်ချုပ်နေ သတုံး–(တဏှာအုပ်ချုပ်နေပါတယ်ဘုရား)၊ ကြည့်ပါ ကြည့် ပါ၊ ဒါဖြင့် ဘာသစ္စာတုံး.... (သမုဒယသစ္စာပါဘုရား)၊ သူ အုပ်ချုပ်နေတယ်-(မှန်ပါ)။

တကာကြွယ်တို့၏ ခေါင်းဆောင်ကြီးတွေပြီ- (မှန်ပါ)၊ ဘာပါလိမ့်-(သမုဒယသစ္စာပါဘုရား)။

အဲဒါကြောင့် တစ်နိုင်ငံလုံး ကမ္ဘာတစ်ဝန်းလုံး နတ်ပြည် ခြောက်ထပ် ဗြဟ္မာပြည်ပါ သူတစ်ယောက်တည်း အုပ်ချုပ် နေတာ- (မှန်ပါ)၊ ဦးဘအုန်းတို့ အမတ်မများဘူးနော်....။ အမတ်ပေါင်းတစ်ရာနှစ်ရာအုပ်ချုပ်နေတာ မဟုတ်ဘူး၊ တစ် ယောက်တည်း တစ်ယောက်တည်း အုပ်ချုပ်နေတာ- (မှန်ပါ)၊ တစ်ယောက်တည်း အုပ်ချုပ်တာနဲ့ အကုက်စေ့နေတာပဲ– (မှန်ပါ)၊ တစ်အိမ်တစ်အိမ်မှာ မင်းတို့ အိမ်မှာ လူစေ့တက် စေ့ အလုပ်ရှိရဲလားလို့ မေးလို့ရှိယင် မြိုင်ဆိုင်လှပါဘုရား

http://www.dhammadownload.com



တောင် ပြောလိမ့်ဦးမယ်- (မှန်ပါ)၊ ထစ်ယောက်တည်းပဲ။ ဘယ်သူတုံးဗျ အုပ်ချုပ်တာ·(တကာ့ပါဘုရား)။

ဘယ်သူ့ကိုများ လွှတ်သေးသတုံး- (ဘယ်သူ့မှမလွှတ်ပါဘူး)၊ ကလေးကို ကလေးနေရာနဲ့၊ အဘိုးကြီးကို အဘိုးကြီး နေရာနဲ့ ခိုင်းပြီးသကာလ ထားလိုက်ဘာ နောက်ဆုံးမိတ် တစ်နေ့ကျတော့ ဒုက္ခသစ္စာပေးလိုက်ဘယ်- (မှန်ပါ)၊ ခိုင်းနိုင်သ သလောက်ခိုင်းပြီး ဘာသစ္စာပေးလိုက်သတုံး— (ဒုက္ခသစ္စာပေး ပါတယ်)၊ တကာက ခိုင်းနိုင်သလောက် ခိုင်းပြီးတော့ကို သူ့ အကြောင်းကြောင့် သူ့အကျိုး ဒုက္ခသစ္စာပဲ ပေးတယ်ဆိုတာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒါတောင်ပဲ တကာကြွယ် သစ္စာမသိတဲ့ပုဂ္ဂိုလ် မရိပ်မိဘူး- (မှန်ပါ)၊ ငါ့ကို တကာကခိုင်းနေပါးပါ့သား၊ သူ ခိုင်းလို့ ဒုက္ခ ရောက်တော့မှာပဲလို့ ညည်းတာများ တွေ့ဖူးရဲ့လား- (မတွေ့ဘူးပါဘူးဘုရား)၊ ကိုယ့်အိုးနဲ့ ကိုယ့်ဆန် တန်ရုံတော့ လုပ်ရသေးတယ်ဘုရား) တကာကိုတောင် ဂုဏ်ယူလိုက်သေး တယ် (မှန်ပါ)၊ ကိုယ်လုပ်မှလဲ ကိုယ်မျက်နှာကောင်း ရထယ် ဘုရားတဲ့။

အင်း....တကာကြွယ်၊ ဒီအတိုင်း ထိုင်စားနေလို့ ရှိယင် ဘယ့်နှယ်တုံး - (မျက်နှာကောင်း မရပါဘူးဘုရား)၊ အဲဒါ မျက်နှာကောင်းရအောင် နည်းနည်း သူက ဦးထထမ်းတော့ ကိုယ်ကလဲ ပဲ့ကထမ်းမှပေါ့-(မှန်ပါ)၊ ဘယ်သူက ခိုင်းတာ တုံး -(တကာကခိုင်းတာပါ)။

မအားဘူး....ကျုပ်ကြီးလှပြီလို့ဆိုတော့ အို....ကြီးပေမယ့်လဲ ကိုယ်၏ စောင်မခြင်း, နှုတ်၏ စောင်မခြင်း ရှိသေးတယ်လို့

http://www.dhammadownload.com



တဏှာ ချော့ပြီး ခိုင်းတာ.... (မှန်ပါ)၊ တကာကြွယ်တို့က တဏှာကများ ချော့လိုက်ပြီဆိုမှဖြင့်မေ့လို့ပေါ့ဗျာ-(မှန်ပါ)၊ ဘယ်ဟာ လုပ်ရမတုံး၊ ဘယ်ဟာကိုင်ရမတုံး ငါနဲ့ တန်ဘာ ငါ့ကိုခိုင်းပေါ့-(မှန်ပါ)၊ ဘယ့်နှယ်ဖြစ်သာဘာတုံး-ငါနဲ့ တန်တာ ငါ့ကို ခိုင်းပေါ့ဆိုတော့ ဘာဖြစ် လာသတုံး၊ မြုံး မြုံးပဲလား- (မြုံးမြုံးပါဘုရား)။ ဘယ်သူက ခိုင်းတာတုံး-

(တဏှာက ခိုင်းတာပါဘုရား)။ ဘာသစ္စာတုံး-(သမုဒယ သစ္စာပါဘုရား)၊ ဘာရချင်လို့ ခိုင်းတာပါလိမ့်-(ဒုက္ခရချင်လို့ ခိုင်းတာပါ)၊ သူ ခိုင်းတာကို မြုံးသွားမနေနဲ့- (မှန်ပါ)၊ ရိပ်မိလား-(ရိပ်မိပါပြီဘုရား)။

မိုးလင်းယင် သူက အလျင်လာတတ်တယ်နော်၊ ဝိပဿနာ ဉာဏ်က အလျင်မလာတတ်ဘူး- (မှန်ပါ)။ ဘယ်သူက အလျင် လာတတ်သတုံး.... (တဏှာက အလျင် လာတတ်ပါတယ်)။ တဏှာက အလျင်လာတတ်ယင် ဒီနေ့ဂိုဟ်ဝင်ပြီ အောက်မေ့ပါ- (မှန်ပါဘုရား)။ ဒီနေ့အမောဆိုက်မည့်နေ့ပဲ-(မှန်ပါ)။

တဏှာက အလျင်ဝင်လာယင် ဘယ့်နှယ်အောက်မေ့လဲ- (အမောဆိုက်မည့်နေ့ပါဘုရား)၊ စောစောစီးစီးကိုက သူက လာတတ်တယ်- (မှန်ပါ)၊ သူဝင်လာလို့ရှိယင် ဒီနေ့တော့ ပြဿဒါး မှတ်ပေတော့-(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်- (ပြဿဒါးပါဘုရား)၊ ရက်ရာဇာ့ ပြဿဒါးဆိုတာ မကြောက်ပါနဲ့ ဦးဘအုန်း၊ ဒီပြဿဒါးကို ကြောက်ပါ-(မှန်ပါ)၊ တဏှာက စောစောစီးစီး ဝင်လာလို့ ရှိယင် တစ်ခုပြီး တစ်ခု ခိုင်းမှာပဲ-(မှန်ပါ)၊ ပြီးတယ်လို့ကော ရှိပါ့မလား-(မရှိပါဘူး)၊ နက်ဖြန်ဖို့ ချန်ထားခဲ့ဦး၊နက်ဖြန်မှ

http://www.dhammadownload.com



ထလုပ်-(မှန်ပါ)၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး-(ကောင်းပါတယ်ဘုရား)၊ အဲဒီတဏှာ ဘယ်ကလာသတုံးဆို တော့ ဝေဒနာကြောင့်လာတာ-(မှန်ပါ)၊ ဒါဖြင့် ဝေဒနာ ပစ္စယာ- (တဏှာပါဘုရား)၊ ပေါ်ပလား- (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဝေဒနာနာနဲ့ တဏှာ ဘယ်ဟာက ကြောက်စရာ ကောင်းသတုံး- (ဝေဒနာကြောက်စရာကောင်းပါတယ်)။

ဒါဖြင့် ဝေဒနာကို ဝေဒနာအဖြစ် မကြည့်စေနဲ့ အနိစ္စ အဖြစ် ကြည့်ပေးစမ်းပါ- (မှန်ပါ)၊ အနိစ္စအဖြစ်နဲ့ ကြည့်ပေး လိုက်တဲ့အခါကျတော့ ဖြစ်ပျက် မဂ်လာဖြစ်တယ်- (မှန်ပါ)၊ အနိစ္စဆိုတာ ဖြစ်ပျက်ပဲ- (မှန်ပါ)၊ ဖြစ်ပျက် မဂ်ဆိုတဲ့အခါ ကျတော့ ဒီတဏှာက မော့ပြီး ပြန်သွားရတယ်၊ မလာနိုင် တော့ဘူး-(မှန်ပါ)။ လာနိုင်သေးရဲ့လား-(မလာနိုင်ပါဘူး)၊ မလာနိုင်လို့ရှိယင် ဒီဒုက္ခတော-(မလာပါဘူး)- ဒီ သမုဒယမှ မရှိဘော့ဘဲ ဦးဘအုန်း ၄-နံပါတ်ဒုက္ခ ဘယ့်နှယ်တုံး- (မလာ ပါဘူး)၊ အဲဒါ မနက်စောစော သတိထားကြစမ်းပါ.... (မှန်ပါ)။

တကာကြွယ်၊ ဘယ်အချိန်သတိထားရမတုံး-(မနက်စော စော သတိထားရပါမယ်)၊ ဘယ်သူ့လာမှာ စိုးရိမ်လို့တုံး- (တဏှာလာမှာစိုးရိမ်လို့ပါ)၊ သူလာလို့ရှိယင် တကာကြွယ်က ဒီနေ့တော့ ပြဿဒါးဟော.... ဒီလိုအောက်မေ့ ပစ်လိုက်ပါ- (မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ပြဿဒါးရက်ပဲ....။ ငါတို့တော့ဖြင့် သူ့အောင်က ခေါင်းမြှုနိုင်မှာ မဟုတ်ဘူး၊ သူခိုင်းသရွေ့ လုပ်ရုံပဲရှိတော့တယ်-(မှန်ပါ)။

http://www.dhammadownload.com



တော်တော်ကြာ တကာကြွယ်တို့က သူ့အကြောင်းမသိ ပြီဆိုမှဖြင့် ဒီနေ့ စောစောစီးစီးကလဲ သူလာလို့ အလုပ်တွေ ထလုပ်ရသေးတယ်၊ ညနေကျတော့လဲ အကြောင်းညီညွတ် တော့ ပိုက်ဆံရချင်လဲရတော့ မောကျိုးနပ်တယ်လို့ ဖြေမပစ် လိုက်နဲ့- (မှန်ပါ)၊ ဖြေပစ်မှာလဲ ကြောက်ရသေးတယ်- (မှန် ပါ)။ ပဋိစ္စသမုပ္ပါဒ်ကတော့ ဘယ်နှစ်ပတ်လည်လို့ ဘယ် လောက်ဆက်သွားမှန်းတောင် မသိဘူး။ သူက မောကျိုးနပ် တယ် ပြောတုန်းရှိသေးတယ်-(မှန်ပါ)၊ ကိုယ့်ဖြင့် ဒယ်အိုးကို ဘယ်နှယ်လုံး ဒိကနေပြီး လုပ်တယ်လို့ မသိဘူး။ သူက မော ကျိုးနပ်တယ်လို့ထင်တုန်းရှိသေးတယ်- (မှန်ပါဘုရား)၊ ဘယ် လောက်ဆိုးဝါးသတုံး- (ဆိုးဝါးပါတယ်ဘုရား)။ ပေါ်ကြ ပလား-(ပေါ်ပါပြီဘုရား)။

ကိုင်းဒါဖြင့်.... ဝေဒနာ ကြောက်စရာကောင်းတယ်နော်- (မှန်ပါ)၊ ဝေဒနာဟာ ဘယ်ကလာသတုံး- (ဖဿကလာပါ တယ်ဘုရား)၊ ဒါဖြင့် ဝေဒနာထက် ကြောက်စရာကောင်း တာလဲ တွေ့ပြန်ပြီ-(မှန်ပါ)၊ ဘာကိုတွေ့သတုံး (ဖဿတွေ့ပါ တယ်)။

အဲဒါကြောင့် ခင်ဗျားတို့ ဖဿကိုလဲ ဖြစ်ပျက်ရှုနိုင်ယင် အလွန်ကျေးဇူးများတယ်-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီ ဘုရား)။

ဦးဘအုန်း ဘာရှုရမယ် - (ဖဿကို ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ကဲ.... ဒါဖြင့် ဖဿကို ရှုချင်ရှု၊ သဠာယတနထဲက ပါတဲ့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန-ပေါ့ဗျာ.... အဲဒါ

http://www.dhammadownload.com



တွေလဲ ကြိုက်ရာနှစ်သက်ရာကို ရှုပါ- (မှန်ပါ)၊ နာမ်ယင်လဲ ရှု၊ ရုပ်ယင်လဲရှုရတာပါပဲ။ သူ့အကြောင်းနဲ့ သူ့အကျိုးတွေပဲ၊ ရှုတာချည့်ပဲ-(မှန်ပါ)။

ကဲ.... သွားကြပါစို့....။ ဝိညာဏ် ဘယ်ကလာသတုံး- (သင်္ခါရက လာပါတယ်)၊ သဘောကျပြီနော်- (ကျပါပြီ)၊ သင်္ခါရဆိုတာလဲ ကုသိုလ်စေတနာနဲ့ အကုသိုလ်စေတနာပဲ- (မှန်ပါ)၊ ဒီသင်္ခါရက ဘယ်ကလာသတုံး- (အဝိဇ္ဇာကလာ ပါတယ်)၊

ကိုင်း တကာကြွယ်ရေ၊ ဇာတိဇရာမရဏ၏ လက်သည်ကို အရင်းကျကျ တွေးလိုက်တော့ သူပဲ တွေ့တယ်၊ မတွေ့သေး ဘူးလား- (တွေ့ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ်မှ တကာကြွယ်ရေ.... တစ်တန်းလုံးပြုတ် မယ်-(မှန်ပါ)၊ တစ်ဝိုင်းလုံး ပြုတ်မယ်- (မှန်ပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ အဝိဇ္ဇာဆိုတာက သစ္စာမသိ တာ-(မှန်ပါ)၊ တကာကြွယ်က ကိုယ်စိတ်ကလေး တစ်ခုကို မနာယတနထဲ ပါတဲ့ စိတ်ကလေးတစ်ခုပေါ့ဗျာ- (မှန်ပါ)၊ လောဘစိတ်လာလဲ တကာကြွယ်က ဖြစ်ပျက် ရှုလိုက်ပါ- (မှန်ပါ)၊ လောဘစိတ်ဖြစ်ပျက်က ဘာသစ္စာတုံး- (ဒုက္ခ သစ္စာပါ)၊ ရှုတာက မဂ္ဂသစ္စာပါ- (မှန်ပါ)။

ဒီပဋိစ္စသမုပ္ပါဒ်ထဲမှာ မဂ္ဂသစ္စာ တစ်လုံးမှ မပါဘူး၊ ခင်ဗျားတို့ အခုဆရာသင်ပေးလို့ ပြောင်.... မဂ္ဂသစ္စာကလေး ဆိုတာ ပါးစပ်ထဲ ရောက်လာတယ်-(မှန်ပါ)၊ဖြစ်ပျက်က ဘာ သစ္စာတုံး-(ဒုက္ခသစ္စာပါ)၊ မြင်တာက-(မဂ္ဂသစ္စာပါ)၊ အဲဒါ ဒီတစ်ခါပဲရှုတာ-(မှန်ပါ)၊ ဒီအထဲမှာ ပဋိစ္စသမုပ္ပါဒ်ထဲမှာ

http://www.dhammadownload.com



နောက်ဘဝတွေတုန်းကတော့ ပါကိုမပါခဲ့ဘူး-(မှန်ပါ)၊ ပါသေးရဲ့လား-(မပါ ပါဘူး)။

အဲ....ဒီဘဝကျမှ တကာကြွယ်တို့ ဖြစ်ပျက်ရှုပေး ဘုန်းကြီးက- (မှန်ပါ)၊ ဘယ်တရားကို ရှုရမှာလဲ ဝေဒနာတွေလဲ ဖြစ်ပျက်ရှု၊ စိတ်တွေလဲ (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်က ဘာသစ္စာ-(ဒုက္ခသစ္စာပါ)၊ ရှုတာက-(မဂ္ဂသစ္စာပါ)၊ အခု ပါဖူးတာပဲ၊ ဒါ မဂ်ရလိုက်တာပဲ။ ပုဗ္ဗဘာဂမဂ်ဘော့ ရသွားပြီ မဟုတ်လား-(မှန်ပါ)။

ရှေးကတော့ဖြင့် တကာကြွယ် ပါဖူးရဲ့လား- (မပါဖူးပါဘူး)၊ ရှေးက ဘာဖြစ်နေသတုံး- ပဋိစ္စသမုပ္ပါဒ်မှာ - သမုဒယ+ဒုက္ခ၊ သမုဒယ+ဒုက္ခ....၊ သမုဒယ+ဒုက္ခ.... ဒါပဲ ဖြစ်နေတယ်။ မဂ္ဂမပါဘူး-(မှန်ပါ)၊ ပါသေးရဲ့လား- (မပါပါဘူး)။

ဒါ့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရခဲ့ဘာ တကာကြွယ် သေချာတယ်-(မှန်ပါဘုရား)၊ ဘာ့ကြောင့်တုံးဆိုတော့ ဖြစ်ပျက်ဆိုတဲ့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကို ဘယ်တော့မှ မရှုဘူး-(မှန်ပါ)၊ ဘယ်တော့မှ မရှုခဲ့တော့ ဖြစ်ပျက်ကလဲ ဉာဏ်ထဲမှာ မရှိဘူး၊ ဖြစ်ပျက်မရှိဘော့ သိတဲ့ မဂ်ကလဲ မလာဘူး-(မှန်ပါ)၊ အဲဒီတော့ မဂ္ဂသစ္စာဟာ ဘယ်အခါမှ မကြုံဘူးခဲ့-ကြဘူး- (မကြုံဘူးခဲ့ကြပါဘူးဘုရား)၊ရှင်းပလွှား-(ရှင်းပါပြီ)။

ဒါဖြင့် ဒါကြီးဟာ သမုဒယကလဲ အမှောင်၊ ဒုက္ခကလဲ အမဲ-(မှန်ပါ)၊ အမှောင်ရယ်—အမဲရယ်, အမှောင်ရယ်- အမဲရယ်ပဲ လှည့်နေခဲ့တယ်-(မှန်ပါ)။

http://www.dhammadownload.com



တစ်သံသရာလုံး ဘာတွေလှည့်နေသတုံး-(အမှောင်နဲ့ အမဲ ပဲ့ လှည့်ပါတယ်)၊ အမှောင်နဲ့ အမဲထဲတော့ ဘုရားဝင်လို့ မရဘူး-(မှန်ပါ)။

ဒကာ ဒကာမတို့၊ အမှောင်နဲ့ အမဲထဲမှာ- (ဘုရားဝင်လို့ မရပါဘူး)၊ ဘုရားမှ ဝင်လို့မရယင် ဘုရားဟောမည့် တရားလဲ မဝင်နိုင်ဘူး-(မှန်ပါဘုရား)၊ သဘောပါပလား— ပါပါပြီဘုရား)၊ ဘာတွေပဲ လှည့်နေသတုံး- (အမှောင်နဲ့ အမဲ လှည့်နေပါတယ်)၊ တကာကြွယ်ပေါ်လောက်ပါပြီ- (ပေါ်ပါပြီဘုရား)။

ဒီက အဝိဇ္ဇာကအမှောင်၊ ဒီက ဒုက္ခသစ္စာကအမဲ-(မှန်ပါ)၊ သမုဒယသစ္စာကအမှောင်၊ ဒုက္ခသစ္စာက-(အမဲပါဘုရား)။

ကြွင်... တပည့်တော်တို့ တစ်သံသရာနေခဲ့ရပုံကလေး အမိန့်ရှိစမ်းပါဦးဘုရားဆိုလို့ရှိယင် မောင်ဘသော် ဒါပဲ ပြောရမှာပဲ-(မှန်ပါ)၊ အမှောင်နဲ့ အမဲ လှည့်နေတယ်၊ ဘယ်အခါ ကာလကမှ မျက်စိနှစ်ကွင်း အလင်းမရခဲ့ဘူး....၊ အမှောင်နဲ့ အမဲထဲပဲ နေခဲ့ရတယ်- (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီ)။

ဘယ်အထဲ နေခဲ့ရသတုံး-(အမှောင်နဲ့ အမဲထဲချည့်နေခဲ့ရပါတယ်)၊ ဘယ်တုန်းကမှ မျက်စိနှစ်ကွင်းအလင်းကဖြင့်- (မရခဲ့ပါဘူး)၊ မရခဲ့ဘူးဆိုတော့ မင်္ဂအလင်းဘယ်တော့ကမှ မပါခဲ့ဘူးလို့ ပြောတာ-(မှန်ပါ)။

တကာကြွယ် ဘာတဲ့-(မဂ်အလင်း ဘယ်တော့ကမှ မပါခဲ့ပါဘူးဘုရား)၊ သေချာကြပလား-(သေချာပါပြီ)။

http://www.dhammadownload.com



ကိုင်း၊ဒါဖြင့် ဒကာ့ဒကာမတို့ ဒုက္ခသစ္စာရှုဖြစ်အောင် ရှုပါ- (မှန်ပါ)၊ ဖြစ်ပျက်ကိုသာရှု၊ ဒါ ဒုက္ခသစ္စာရှုတာပဲ- (မှန်ပါ)၊ ကိုယ့်သန္တာန်ဝေဒနာတွေလဲ ဝေဒနာကို ဖြစ်ပျက်ရှု။ စိတ်တွေလဲ- (စိတ်ကို ဖြစ်ပျက်ရှုရပါတယ်)၊ သို့သော် ရောပြီး မရှုနဲ့။ ဘာဖြစ်လို့တုံး- စိတ္တာနုပဿနာလို့ သီးသန့်ရှိတယ်- ဝေဒနာနုပဿနာလို့လဲသီးသန့်ရှိတယ်- (မှန်ပါ)၊ သီးသန့်ရှိတော့ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က ဝေဒနာ ငါးမျိုးလှည့်ရှု-(မှန်ပါ)၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်က စိတ်တွေကို လှည့်ရှုပါ- (မှန်ပါ)၊ ဒါတော့ ခင်ဗျားတို့ ပုံစံနဲ့တကွ အလျှော်ပြောခဲ့ပြီးပါပြီ-(မှန်ပါ)၊ စိတ္တာနုပဿနာမှာပါဠိတော်က ၁၆ မျိုးလာတယ်။ ဒါခပမယ့် ခင်ဗျားတို့ရှု တ်မည့် ၁၃ မျိုးကိုရှု၊ ဝေဒနာရှုယင် ၅ မျိုးရှုဖို့ ဦးဘာအုန်းပြောခဲ့ပြီ-(မှန်ပါ)။

အဲဒါတွေကို ဖြစ်ပျက် ရှုနေလို့ရှိယင်- ဖြစ်ပျက်၊ မဂ်....ဆိုတာ လာတာပဲ- (မှန်ပါ)၊ ဖြစ်ပျက်နဲ့မဂ်နဲ့ တည့်သွားတော့ ဒီတစ်ခါ မဂ်ပေါ်တာပဲ။ ဒီမဂ်ကို ဝိပဿနာမဂ်လို့ မှတ်ပါ- -(မှန်ပါ)၊ ဒီဝိပဿနာမဂ် ရင့်သွားလို့ရှိယင် လောကုတ္တရာမဂ်....(မှန်ပါ)။

ကောင်းပြီ။ ဒါဖြင့် ဒီနှစ်မဂ် ဘာထူးသတုံးလို့ မေးဖို့ သိဖို့ အရေးကြီးတယ်-(မှန်ပါ)၊ ဖြစ်ပျက်ကိုမြင်တဲ့ မဂ်သည်လော ကီမဂ်- ဝိပဿနာမဂ်- (မှန်ပါ)၊ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကို မြင်တဲ့ မဂ်သည် လောကုတ္တရာမဂ်- (မှန်ပါ)၊ ဒါကို သေသေချာချာမှတ်ကြပါ- (မှန်ပါ)။

http://www.dhammadownload.com



ဖြစ်ပျက် မြင်တဲ့မဂ်က ဘာတုံး- (ဝိပဿနာမဂ်ပါဘုရား)၊ ဖြစ်ပျက်ဆုံးသွားတဲ့ နိဗ္ဗာန်ကိုမြင်တဲ့ မဂ်က ဘာတုံး- (လောကုတ္တရာမဂ်ပါဘုရား)၊ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဝိပဿနာမဂ် ရှဖန်များလို့ ရင့်သန်လာပြီဆိုယင် လောကုတ္တရာမဂ် ကူးပြောင်းတာပဲ- (မှန်ပါ)။ သဘောကျပလား- (ကျပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ၊ ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့-မင်္ဂလာရာမတိုက်၌ ဟောကြားတော်မူသော

# ဒုလ္လဘတရား ငါးပါး

# အလုပ်ပေးတရားတော်

[၁၂-၁၂-၁၉၆၁]

ဒုလ္လဘ တရား ငါးပါး ရှိကြတယ်ဆိုတာ အားလုံးပဲ ခဏခဏ ကြားဖူးကြပါလိမ့်မယ်-(မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး နေ့တိုင်း ခြေဆေးတိုင်း ဒီ ဒုလ္လဘတရား ငါးပါးကို ဟောကြားသတိပေးတော်မူတယ်-(မှန်ပါ)။ ဆွမ်းခံပြန်လာပြီဆိုမှဖြင့်ခြေဆေးမယ့်ကျောက်ပြင်မှာ ခြေဆေးတိုင်း ခြေဆေးတိုင်း ခြေဆေးပြီးတော့ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ....။ လောကမှာ ဘုရားပွင့်တော်မူဖို့ရာ ခဲယဉ်းတယ်။ ဒါကို ရှေးဦးစွာ ရွတ်ဆိုတော်မူတာပဲ-(မှန်ပါ)၊ မနုဿတ္တဘာဝေါ ဒုလ္လဘော.... လူ့ဘဝ ရဖို့ရာလဲ အင်မတန် ခဲယဉ်းတယ်။ သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံဖို့လဲ အင်မတန် ခဲယဉ်းတယ်-(မှန်ပါ)။ သူတော်ကောင်းတရားနာဖို့လဲ ခဲယဉ်းတယ်။ ရဟန်းဖြစ်ရဖို့လဲ ခဲယဉ်းတယ်-(မှန်ပါ)၊ ဒါကို နေ့တိုင်း သတိပေးတယ်။

http://www.dhammadownload.com



ဘာဖြစ်လို့ သတိပေးရသလဲလို့ မေးလိုရှိယင်ဖြင့် ရခဲလို့.... မှတ်ရမယ်–(မှန်လှပါဘုရား)။

အဲဒီ ရခဲတာကြီးကို ဘုန်းကြီးတို့ ဧကာ ဒကာမတွေက ကြောင့်....ရခဲတဲ့ အခါမှာ အင်မတန်မှ ရခဲတဲ့အလုပ်ကြီးတစ်ခု ကို ငါတို့ရပြီးသကာလ လာကြတယ်ဆိုတာ ဘုန်းကြီးက ရှင်း ပြပါမယ်တဲ့၊ ဒကာ ဧကာမတွေ သေသေချာချာ မှတ်ပါ.... (မှန်ပါ)၊

ပုရွက်ဆိတ်ကလေးတစ်ကောင်ဟာ မောင်ဘသော် ဘယ့် နှယ်လုပ်ပြီး လူ့ဘဝ ရနိုင်မတုံး၊ စိတ်ကူးကြည့်ကြစမ်းပါ။ ပုရွက်ဆိတ်ကလေးတစ်ကောင်ဟာ လူ့ဘဝကို ဘယ်လိုတက် မလဲဆိုတာ– (တက်နိုင်ဖို့ အင်မတန် ခဲယဉ်းပါတယ်ဘုရား)၊ မရနိုင်လောက် အောင်ပဲ ရှိတယ်လို့ ဆုံးဖြတ်ချက်ချပါတော့- (မှန်ပါ)။ သန်းကလေးတစ်ကောင်တကာကြွယ်အကဲခတ်ကြည့် စမ်း လူ့ဘဝရဖို့ ဘယ့်နှယ်တုံး- (အလွန်ခဲယဉ်းပါတယ်ဘုရား)။

ဒါကြောင့် လူ့ပြည်က အပ်တစ်စင်း ထောင်ထားပြီး ဗြဟ္မာ့ ပြည်က အပ်တစ်စင်းကို အသွားအောက်သို့ လှည့်ပြီးချလိုက် ပါ။ အပ်သွားချင်း ထိဖို့ရာဆိုတာ ဝေးပါတယ်၊ လေတွေက လဲ အမျိုးမျိုးတိုက်နေတယ်။ ဝေးကွာတာကလဲ လွန်လို့–နေဘ်- (မှန်ပါဘုရား)၊ အဲဒါ ထိဖို့ရာရှိသေးသကွာ၊ လူ့ဘဝရဖို့ရာ အရေး ဒီ့ထက် ကွာဝေးပါတယ် ဆိုတာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥပမာပြုသုံးစွဲပြီး ဟောတော်မူ သွား တယ်-(မှန်ပါ)၊ခဲယဉ်းကြောင်းကို နှိုင်းယှဉ်ပြတာပဲ-(မှန်ပါ)။

http://www.dhammadownload.com



ဒါတွင် မကပါဘူးကွာတဲ့ မင်းတို့သည်ကားလို့ ဆိုယင် ပင်လယ်ထဲမှာ အပေါက်ဖောက်ပြီး ထမ်းပိုးတုံး တစ်တုံးကို မျှောလိုက်တာပေါ့၊ လိပ်ကန်းကြီးတစ်ကောင်ဟာ အနှစ်တစ်ရာမှ တစ်ခါပေါ်တဲ့ လိပ်ကန်းကြီးနဲ့ ပင်လယ်ထဲမှာ ဒီထမ်းပိုးထွန်းတုံးပေါက်နဲ့ လိပ်ကန်းကြီးခေါင်းလျှိုမိပြီး အာနန်းဖြေဖို့အရေးဟာလဲ နဂိုကလဲ လိပ်ကန်းမို့ သွားချင်ရာစွပ်မိရာသွား၊ ထမ်းပိုးတုံးကလဲ သွားချင်သလို သွားဆိုတော့ တွေ့ဖို့ ကြုံဖို့ အတော်ခဲယဉ်းတယ်- (ခဲယဉ်းပါဘယ်ဘုရား)။

အဲဒါခဲယဉ်းတာက တစ်ခါတလေ ကြုံဖို့ ဆုံဖို့ရာက တစ်ခါတလေ ရှိသေးတယ်၊ လူ့ဘဝရဖို့ရာက ဒီ့ထက် ခဲယဉ်းတယ်လို့ ဟောလိုက်တယ်-(မှန်လှပါ)။

အဲဒီတော့ ဒကာ၊ ဒကာမတွေက ဩော်.... တို့သည်ကား- အဖိုးတန်ဘဝကြီး ရထားပါကလား- (မှန်ပါ)၊ သတောပါ ပလား-(ပါပါပြီ)၊ အဖိုးတန်တဲ့ ဘဝကြီးမို့ အဖိုးတန်တဲ့ အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ချက်ချပြစမ်းပါ-(မှန်ပါ)။

ဒီဘဝကို မရစဖူးအရထူးပြီး တက်လာခဲ့ဘယ် ဆိုတာလဲ မေ့ာင်ဘာသေဘ်တို့ သိပြီ- (မှန်ပါ)။ ဒီအထဲကနေပြီး သကာလ လူ့ပြည်ရောက်ပြီး ကဲ...ဒုက္ခတော့ သိမ်းအောင်လုပ်မယ်၊ ရခဲတဲ့ ဘဝကနေပြီး သိမ်းအောင်လုပ်ပြီး သကာလ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်၊ ကိလေသာမီးတို့ သိမ်းတဲ့နိဗ္ဗာန်ကိုပဲ အေးအေးချမ်းချမ်းပဲ ဘာပူညာပူမှ မရှိတဲ့ ဘေး ပျက်စီးမှုမှ မရှိတဲ့ နိဗ္ဗာန်ကိုပဲ ရောက်အောင် ရအောင် ကြိုးစားပါတော့မယ် ဆိုတဲ့ စိတ်ကို တစ်ခုတည်း

http://www.dhammadownload.com



မွေးဖို့ကောင်းတယ်-(မှန်ပါ)၊ ဟာ....သောကကြီး လှည့်စား တာနဲ့၊ သူများပြောသံကြားနဲ့၊ နတ်ပြည် ကောင်းသလေး၊ ဗြဟ္မာ့ပြည်ကောင်းသလေးနဲ့ စင်စစ်တော့ သေပွဲနွှဲဖို့ရာ အလုပ်တွေကို ဦးဘအုန်း အားကျနေဖို့ မလိုပါဘူး-(မှန်ပါ)၊ မလိုပါဘူး၊ ဒါတွေက သေပွဲလမ်းညွှန်တာတွေပဲ-(မှန်ပါ)၊

တကာကြွယ်တို့ကလဲ အခုတော့ သေပွဲဆိုတာ မရဏမှိ ဒုက္ခံ-မဲ။ အဲဒီ ဒုက္ခသစ္စာ သေပွဲ အနွှဲခိုင်းတဲ့ ဥစ္စာ တကာကြွယ်တို့က မြိုင်းမြိုင်းရွှင်ရွှင်နဲ့များ ဒီအလုပ်ကို လုပ်ယူဦးမယ် ဆိုလို့ရှိယင် ဦးဘအုန်းတို့လူလိမ္မာထဲ သွင်းလို့မရဘူး-(မှန်ပါ)၊ ဒါဟာ တစ်ယောက်တင် မဟုတ်ပါဘူး၊ အားလုံးလဲ ဒီအတိုင်းပဲ ဆုံးဖြတ်ချက်ချပါ-(မှန်ပါ)၊ သေပွဲသွားရတဲ့ အလုပ်ပဲ ဝမ်းမြောက်စရာလားလို့ မေးလို့ရှိယင် မောင်ဘသော်တို့ ဘယ့်နှယ်ဖြေကြမလဲ-(ဝမ်းမြောက်စရာ မဟုတ်ပါဘူးဘုရား)၊ သေပွဲသွားတဲ့ အလုပ်ဟာ ဘယ်နည်းနဲ့မှ ဝမ်းမြောက်စရာ မဟုတ်ဘူး-(မှန်လှပါဘုရား)။

အဲဒီတော့ တကာကြွယ်တို့၊ ဦးလှဖူးတို့က မယောင်နဲ့တော့-(မှန်ပါ)၊ မယောင်ကြပါနဲ့တော့လို့ သတိပေးလိုက်ပါတယ်-(မှန်ပါ)၊ ရခဲတဲ့ ဘဝတွေ အဖြစ်တွေဟာ အင်မတန် ကြုံနေပါပြီ....။ သဒ္ဓမ္မသဝနံ အဘိဒုလ္လဘံ- ဆိုတဲ့ အတိုင်း သစ္စာတရားတွေကို နာခဲရတဲ့ ဘဝမှာ နာကြရပြီဆိုပါလျက်နဲ့ ဒီ-အထဲမှာ သစ္စာမထိုက်တာတွေ တကာကြွယ်တို့က သွားပြီး ယူကြဦးမယ် ဆိုလို့ရှိယင် ဒုလ္လဘကြုံရကျိုး မနပ်ဘဲရှိပါလိမ့်မယ်-(မှန်ပါ)။

ဒီအထဲမှာ နိဗ္ဗာန်တစ်ခုသာလျှင် မအိုရှာ မနာရှာ မသေရှာရှိပါတယ်၊ ကျန်တာတွေက အိုတာ နာတာ သေတာချည်းမဲ့လို့ ဆုံးဖြတ်ချက်ချမ ါ-(မှန်ပါ)။

တော်တော် ပျောက်တဲ့ နေရာကျမှ အို...ကိုယ်ကျိုးနည်းပြန်ပြီ...၊ နတ်ဘဝရောက်တယ်ဆိုလို့ ရှိယင်ဖြင့် နတ်ဟာ ဇကာကြွယ် အများအားဖြင့် သေခြင်းဆိုးလို့ မှတ်ကြစမ်း-(မှန်ပါ)၊ နတ်ဟာ သေခြင်းဆိုးဆိုတာ ဒကာ ဒကာမတွေကို ရှင်းပြပါ့မယ်- (မှန်ပါ)၊

နတ်ဆိုတာဟာ အလွန် သိမ်မွေ့တဲ့ရုပ်လို့ မှတ်ထားကြစမ်းပါ။ ဒီအထဲမှာ လောဘ ပါတဲ့မီး၊ ဒေါသပါတဲ့မီး၊ မောဟပါတဲ့မီးတွေက သိမ်မွေ့တဲ့ အခိုးရုပ်ကို လောဘမီးကလောင်လိုက်၊ ဒေါသမီးကလောင်လိုက်၊ မောဟမီးက လောင်လိုက်လို့ ရှိယင် အလောင်းတောင် ရှာမတွေ့ဘူး။ နတ်များလောဘ, ဒေါသ, မောဟ ခက်ထန်လာပြီဆိုယင် အတွင်းကလောင်လိုက်တာ မောင်ဘသော် နဂိုကသိမ်မွေ့တဲ့ အခိုးရုပ်ဆိုတာ အထည်ကြမ်းကြီးမှ မရှိဘဲ။ အဲဒီ သိမ်မွေ့တဲ့ ရုပ်ကိုပြင်းထန်တဲ့ မီးနဲ့သွားတွေ့ယင် ဦးဘအုန်း ဘယ်လိုငြိမ်းစားလဲ-(ပျောက်သွားမှာပါ)။

ဒါ့ကြောင့် နတ်မှာ မှတ်ကြစမ်းပါ ဒကာ ဒကာမတို့၊ အလောင်းချရာ နေရာမရှိဘူး။ လူကမှ အလောင်း ကျန်နေသေးတယ်-(မှန်ပါ)၊ လူသေတယ်ဆိုယင် ဘယ် သုသာန်ပို့၊ ညာသုသာန်ပို့နဲ့ ဒီလို ပို့ရ အထည်ကျန်နေရစ်တယ်-(မှန်ပါ)၊ နတ်ကတော့ အထည်ကိုမကျန်ဘူး-(မှန်ပါ)။

ဒါဖြင့်- ဒကာ ဒကာမတို့၊ ဒါလောက်တောင် နူတဲ့ ရုပ်ဟာ ပြင်းထန်တဲ့ မီးနဲ့ တွေ့သွားမယ်ဆိုယင် ဦးဘအုန်းက စဉ်းစားတာပေါ့၊ ဪ...အသေဟာ တိုထက်ပြင်းထန်ပါလားဆိုတာ ပေါ်လာတယ်-(မှန်ပါ)၊ မပြင်းထန်ဘူးလား-(ပြင်းထန်ပါတယ်)။

ဒါဖြင့် နတ်ဆုတောင်းတဲ့ ပုဂ္ဂိုလ် အသေဆိုးသေချင်လို့ပဲ-(မှန်ပါ)၊ ဗြဟ္မာဆုဆိုတော့ ဒီ့ထက်နူတဲ့ ရုပ်သွားဖြစ်တယ်-(မှန်ပါ)၊ တိုတိုပဲပြောပါမယ် ဒကာဒကာမတို့၊ ဗြဟ္မာတစ်ဦး လူ့ပြည် ဆင်းလာတယ် ဆိုလို့ရှိယင် တစ်ခါတည်း တန်းခိုးနဲ့ သူ့စိတ်ကို သူပြင်းထန်အောင် လုပ်ပြီး ကြမ်းတမ်းတဲ့ ရုပ်ကို မဖန်ဆင်းတော့ဘူးဆိုယင် ယိုင်ရင်း မြေကြီးထဲပျောက်သွားတယ်၊ ဝင်သွားတယ်-(မှန်ပါဘုရား)၊ မြေကြီးကြားတွေထဲမှာ သူ့ အသားအရိုးဆိုတဲ့ ရုပ်တွေ အကုန်ဝင်သွားတာပဲ-(မှန်ပါ)၊ တယ်လောက်နူတယ်ဆိုတာတော့ ဒကာ ဒကာမတို့ ပြောဖို့လိုသေးသလား-(မလိုပါဘူး)၊ ထိုင်လို့ကို မဖြစ်ပါဘူး-(မှန်ပါ)၊ ထိုင်လို့ မဖြစ်တာက ဦးဘအုန်း ဘာဖြစ်လို့တုံးဆိုတော့ ရုပ်တွေနူလွန်းလို့-(မှန်ပါ)၊ မြေကြီး အမှုန်တွေကြားထဲမှာ သူ့ရုပ်တွေက အကုန်ဝင်သွားတယ်-(မှန်ပါ)၊ တကာကြွယ် ဘယ်လောက်ကြောက်စရာကောင်းသတုံး- (ကောင်းပါတယ်ဘုရား)။

ကဲ—ဒီထဲမှာ လူ့ဘဝ့ဒေါသ့မောဟတွေက ကျော့ရှိလျက်ဖြစ်နေတော့ သူတို့မှာ ဒါတွေက ထကြီး မ ပေါင်လိုက်တဲ့အခါကျတော့ သူတို့လဲ ပြောင်တာပဲ၊ နတ်ထက်တောင် မြန်ဦးမယ်-(မှန်ပါ)၊ ဒါဖြင့် သူတို့လဲ သေခြင်းဆိုးပဲဆိုတဲ့ ဥစ္စာ

http://www.dhammadownload.com



တကာကြွယ်တို့ အခု ရှင်းပြတယ်- (မှန်ပါ)၊ နတ်ဖြစ်ချင်လို့ သေခြင်းဆိုးသေချင်လို့၊ ဗြဟ္မာဖြစ်ချင်လဲ— (သေခြင်းဆိုးသေချင်လို့ပါဘုရား)။

ဒီလို မသိတော့ နတ်ဖြစ်ရတာ ကောင်းနိုးနိုး၊ ဗြဟ္မာဖြစ်ကောင်းနိုးနိုးနဲ့ စင်စစ်အခုလို သူတို့အခိုးရုပ်တွေကို လောဘ၊ ဒေါသ၊ မောဟကတော့ ပုထုဇဉ်နတ်တွေကတော့ ရှိတာပဲ- (မှန်ပါ)၊ ရှိတော့ တစ်ဦးနဲ့တစ်ဦး ဘုံချင်းပြိုင်၊ အရောင်အဝါချင်းပြိုင်၊ ဇနီးအရံပြိုင်ကြနဲ့ ဒေါသ များဖြစ်လိုက်လို့ နှစ်ဦးစလုံး ဒေါသဖြစ်ယင် နှစ်ဦးစလုံး သေဆုံးရတယ်- (မှန်ပါ)၊ သိပ် ကြောက်စရာကောင်းပါတယ်- (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ အသေဆိုးသေချင်လို့ရှိယင် နတ်ဆုတောင်း၊ ဗြဟ္မာဆုတောင်း-(မှန်ပါ)၊ ဘာတောင်းတာလို့ ဆိုကြမလဲ- (အသေဆိုး သေချင်လို့ပါဘုရား)၊ အသေဆိုးတောင်းတဲ့ အစီပွါယ် မရဘူးလား-(ရပါတယ်)၊ မသိသေးတော့ သူများပြောသံကြားနဲ့ ဘုန်းကြီးတို့ဒကာ ဒကာမတွေက ဆရာသမား မှန်မှန်မြတ်မြတ် တစ်ခါတည်း အမြစ်အရင်းနဲ့ ပြောတဲ့စကားများ မတွေ့သေး၊ မကြားသေးတော့ ဦးဘအုန်း....နတ်ပြည်မှာ ပဒေသာပင်တွေ ဥယျာဉ်တွေနဲ့ ချောလိုက်တာ လှလိုက်တာလဲ လွန်လို့၊ အစားအသောက်ဆိုတာလဲ အလွန်ကောင်း အလွန်ပေါ၊ ဒါတွေကို မက်မောမိကြပေမှာပဲ- (မှန်ပါ)။

ဒါပေမယ့်လဲ ဒီရုပ်တွေက ခိုင်ခံ့တဲ့ ရုပ်လား၊ မခိုင်ခံ့တဲ့ရုပ်လား စဉ်းစားပါဦး.... (မခိုင်ခံ့တဲ့ ရုပ်ပါဘုရား)၊ မခိုင်

http://www.dhammadownload.com



ခံ့တဲ့ ရုပ်မှာလဲ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ မီးကလဲ လွတ်ကဲ့လား-(မလွတ်ပါဘူး)။

ဒါဖြင့် ကိလေသာမီးက လောင်ချလိုက်တဲ့အခါကျတော့ ဒကာ, ဒကာမတွေ လူများမှာတော့ အသားအရိုးတွေက ကြမ်းတမ်းလို့ အလောင်ခံနိုင်သေးတယ်။ သူတို့မှာတော့ အလောင်လွယ်ပါတယ်-(မှန်ပါ)။

ဒါဖြင့် ဒကာ, ဒကာမတို့၊ နတ်ဖြစ်ချင်လဲ အသေဆိုး သေချင်လို့-(မှန်ပါ)၊ ဗြဟ္မာဖြစ်ချင်လဲ-(အသေဆိုးသေချင်လို့ပါဘုရား)၊ သူများပြောသံကြားနဲ့ တကာကြွယ်တို့က အို....လူ့ပြည်ထက် နတ်ပြည်သာတယ်။ ဒါတွေက သစ္စာဉာဏ်နဲ့ ကြည့်ယင် အပြောသာရှိတယ်- (မှန်ပါ)၊ နတ်ပြည်ထက် ဗြဟ္မာ့ပြည်သာတယ်။ ဒါလဲ သစ္စာဉာဏ်နဲ့ကြည့်ယင် အပြောသာ ရှိဘာပါ-(မှန်ပါ)၊ စင်စစ်တော့ ဒီအသေမျိုး¹ သေချင်တဲ့ သဘောမျိုး မရောက်ဘူးလား-(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘာမှ မဖြစ်ချင်ကြပါနဲ့လို့ ဒကာ, ဒကာမတွေ သဘောပေါက်စေချင်ပါတယ်။ မီးလောင်စာ ဖြစ်ယင် မီးလောင်မှာချည်းပဲ-(မှန်ပါ)။

ဒကာ, ဒကာမတို့၊ မီးလောင်စာဖြစ်ယင်ဖြင့်-(မီးလောင်မှာပါဘုရား)။

ဒါဖြင့် လောင်စာ သိမ်၍ မီးငြိမ်းမှ နိဗ္ဗာန်.... (မှန်ပါဘုရား)။

နတ်ဖြစ်တော့လဲ လောင်စာနဲ့မီး၊ ဗြဟ္မာ ဖြစ်ပြန်တော့ကော-(လောင်စာနဲ့မီးပါဘုရား)၊ ဦးဘာအုန်း လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နေရာ ဟုတ်ကဲ့လား-(မဟုတ်ပါဘူး)။

http://www.dhammadownload.com



အဲဒါ ဦးဘအုန်းတို့ လူစုတွေက ကြိုးလဲကြိုးလှုပြီး တကာ ကြွယ်တို့၊ မောင်ဘသော်တို့လဲ ကြိုးကုန်ကြပါပြီ၊ သူများပြော သံကြားနဲ့ ကောင်းနိုးနိုးဆိုတဲ့ဥစ္စာ၊ သူများ ပါးစပ်မှာ လမ်း ဆုံးနေတယ်- (မှန်ပါဘုရား)။ အခု ဆရာသမားက သေသေ ချာချာ အစစ်အဖြစ်ကို ပြောလိုက်တော့ ရချင်စရာ ယူချင် စရာ တကာကြွယ် ရှိသေးရဲ့လား- (မရှိပါဘူး)၊ ဒါဟာ အခု တော့ မရဏမှိ ဒုက္ခ–ကို မြင်သွားတယ်- (မှန်ပါ)၊ မရဏ ဒုက္ခသစ္စာကို မြင်သွားတယ်၊ မရဏမ္ပိ– ဖျတ်ခနဲ သေရခြင်း သည်လည်း၊ ဒုက္ခံ- ဒုက္ခသစ္စာပဲလို့ ဆိုတာ သိသွားတယ်.... (မှန်ပါ)။

လူကမှ ကစီရေကလေး တိုက်လို့ ဟောလစ်ကလေးတိုက် လို့ ကြာသေးတာကိုးဗျ-(မှန်ပါ)၊ သူတို့ကတော့ မကြာဘူး၊ ဖျတ်ခနဲဆိုယင် အထည်ပါ ပျောက်တာပဲ-(မှန်ပါ)။

ဒါဖြင့် တကာကြွယ် အထည် ပျောက် ကြိုက်သလား.... (မကြိုက်ပါဘူး)။ မချိမဆံ့ ခံပြီးသေရတယ်ဆိုတာကော ရိပ် မိသလား–(ရိပ်မိပါပြီ)၊ထက်လှစွာသော သင်ခုန်းနဲ့ လည်ပင်း လှီးလိုက်တာကမှ ကြာသေးတာကိုး– (မှန်ပါ)၊ သူတို့သေရ တာက ဒါလောက်ကြာရဲ့လား- (မကြာပါဘူး)၊

အဲဒီတော့ နတ်ဖြစ်ရပါလို၏- ဆိုယင် မြန်မြန် သေရပါလို ၏-(မှန်ပါ)၊ ဗြဟ္မာ ဖြစ်ရပါလို၏- (မြန်မြန်သေရပါလို၏)၊ ဒီအဓိပ္ပါယ်ပဲမကျဘူးလား- (ကျပါတယ်)၊ ခြောင်- ခင်ဗျား တို့ ပါးစပ်ထဲ မတောင်းသင့်တာကို တောင်းတယ်-(မှန်ပါ)၊ မသိလို့ တောင်းမိကြတာ- (မှန်ပါ)၊ ဘာမသိပါလိမ့်မတုံး

http://www.dhammadownload.com



မေးတော့ သေခြင်း ဒုက္ခသစ္စာကို မသိဘူး-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

မရဏမှိ ဒုက္ခံ လို့ ဘုရားက ဟောပါလျက်သားနဲ့ သေတဲ့ ဒုက္ခကြီးသဟော့၊ သေတဲ့ဒုက္ခကြီးသဟော့ ဆိုတာ သိလျက်သားနဲ့ ဒကာ ဒကာမတွေက နတ်ဖြစ်ချင်တယ်ဆိုပြီး နတ်ဘဝ တောင်းလိုက်လို့ရှိယင် ဇာတိဒုက္ခကို စပြီး ရမယ်လို့ မနေ့က ပြောခဲ့ပြီ-(မှန်ပါ)၊ ဇာတိရယင် ဇရာမရဏ ဘယ့်နှယ်တုံး-(ရမှာပါဘုရား)။

ဒါဖြင့် တကာကြွယ် ဘာ စပြီး ဖြစ်ချင်သတုံး-(မဖြစ်ချင်ပါဘူးဘုရား) ဖြစ်သင်ဘော့ဖြင့် အိုမှုသေမှုနဲ့ မီးလောင်မှုဘ တော့ဖြင့် မချောင်သာ မလွဲသာ ခံရဦးမယ်ဆိုတာ ပေါ်ပါပြီ-(ပေါ်ပါပြီဘုရား)၊ ဦးဘဲအုန်း ဘာမျှား ဖြစ်ချင်သေးသတုံး-(ဘာမှမဖြစ်ချင်ပါဘူးဘုရား)၊ဖြစ်ချင်လို့ရှိယင်ဖြင့် လောင်မီး သေလောင်စာဖြစ်ရပါလို၏ဆိုတာနဲ့ အတူတူပဲ-(မှန်ပါ)၊ ဖြစ်ချင်တဲ့ပုဂ္ဂိုလ်မှ ဒါပဲရတယ်-(မှန်ပါ)။ သဘောကျပများ- (ကျပါပြီ)။

နောက်က ဒကာ ဒကာမတွေ ဘာမျှား ဖြစ်ချင်ကြသတုံး-(ဘာမှမဖြစ်ချင်ပါဘူး)၊ ဘာမှမဖြစ်ချင်နဲ့ လောင်စာသိမ်းတဲ့ မီးငြိမ်းတဲ့ နိဗ္ဗာန်ကိုသာလျှင် အရောက် သွားနိုင်ရပါလို၏- ဒါပဲကောင်းတော့တယ်-(မှန်ပါ)၊ နို့မဟုတ်ယင် မျက်စိ လည်ပြီးသကာလ ပြောသံကြားနဲ့ တကာကြွယ် မယောင်နဲ့ နေဘ်-(မှန်ပါ)။

အဲဒီပြောသံကြားနဲ့ ယောင်ပြီဆိုမှဖြင့် ကိုယ်ယောင်အာဏ ဘာတုံး ဆိုလို့ရှိယင် မသိလို့ယောင်တာ- (မှန်ပါ)၊ မသိသာ

http://www.dhammadownload.com



ဘယ်သူတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က သက်သေခံတယ်၊ မသိတာဟာ သူပဲ-(မှန်ပါ)၊

ခင်ဗျားဘို့ နတ်ပြည်တောင်းတာဟာ ဘယ်သူနဲ့ တောင်းတာတုံး- (အဝိဇ္ဇာနဲ့ တောင်းတာပါ)၊ ကဲ.... အဝိဇ္ဇာက ဒကာ ဒကာမတွေ ဘာကို မသိတာတုံး- (ဒုက္ခသစ္စာမသိတာပါ)၊ လေးပါးလုံးဆိုလိုက်ပါတော့ (မှန်ပါ)၊ ဘာကို မသိတာတုံး- (သစ္စာလေးပါးကို မသိတာပါ)။

ကဲ.... မသိတဲ့လူဏ အတောင်းခိုင်းတာ ခင်ဗျားတို့က တောင်းနေရတာ-(မှန်ပါ)၊ နိဗ္ဗာန်လဲ သူမသိလို့ မသွားပါဘူးတဲ့-(မှန်ပါ)၊ ဒုက္ခသစ္စာကိုလဲ သူမသိလို့ တိုးပါသတဲ့-(မှန်ပါ)။ ဒါတွေကို ခင်ဗျားတို့က တောင်းယူကြမှယ် ဆိုလို့ ရှိယင်ဖြင့် အတောင်းခိုင်းတဲ့ အရှင်သခင်က သူတော်ကောင်းလား၊ သူယုတ်မာလား ကြည့်ပါဦး- (သူယုတ်မာပါဘုရား)၊ ဘာတွေ လို့သူယုတ်မာလို့ ပြောကြသတုံး- (အဝိဇ္ဇာတွေလို့ပါဘုရား)။ ကဲ....အဝိဇ္ဇာ၊ တဏှာကြွယ်.... ပါးစပ်ထဲထည့်ပြီး တောင်းရတာ သူက အထည့်ခိုင်းတာ-- (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

အဝိဇ္ဇာက ခင်ဗျားတို့ ကျေးဇူးရှင်လား.... ခင်ဗျားတို့ ဒုက္ခရောက်တာ ကြိုက်သလား-(ဒုက္ခရောက်တာ ကြိုက်ပါတယ်ဘုရား)၊ သူ့စကားနားထောင်ယင် ဒုက္ခရောက်မှ ရောက်ပါ့မလားလို့ သံသယ ရှိစရာ လိုသေးသလား.... ( မလိုပါဘူးဘုရား)၊

အဲဒါကို နားမထောင်ကြနဲ့ဗျ၊ အခု ဆရာသမားကလဲ ရှိတုန်းသာ ပြောနိုင်တာ။ ဒီလိုပြောပြမည့် ဆရာသမားတွေ

http://www.dhammadownload.com



ကွယ်လွန်ပြီးသကာလ သွားကြမယ်ဆိုယင် သူ ခိုင်းတာကို အကုန် ကျွန်သပေါက် လုပ်ပြီးသကာလ တောင်းနေကြမယ်-(မှန်ပါ)၊ မတောင်းပေဘူးလား- (တောင်းမှာပါဘုရား)။ ဒါတောင်းလို့ရှိယင်ဖြင့် သူက စ လိုက်တာ ဒီမှာအဝိုင်းကြီး ဆက်ပြီး ဇာတိဇရာမရဏ-မှာ လမ်းဆုံးတယ်-(မှန်ပါ)၊ သူက စပြီး လုပ်လိုက်တာ ဇာတိ ဇရာ မရဏမှာ လမ်းမဆုံးဘူးလား- (ဆုံးပါတယ်ဘုရား)၊ ဆုံးတော့ ဝိပါကဝဋ် ရှစ်ပါးတဲ့၊ ဝဋ်သင့်တာပဲ-(မှန်ပါ)၊ ဝိပါကဝဋ် ရှစ်ပါးလို့ ပါနေတယ်။ ဒီက ငါးခု- ဒီက သုံးခုဗျား-(မှန်ပါ)။

ဘာရှစ်ပါးတဲ့လဲ-(ဝိပါကဝဋ်ရှစ်ပါးပါဘုရား)၊ ဟော-အနာဂတ် အကျိုးခြင်းရာတဲ့၊ အနာဂတ်မှာ ဒါတွေရမယ်ပြောတာ-(မှန်ပါ)၊ သူ့စကားနားထောင်ယင် ၄-နံပါတ်ရမယ်- (မှန်ပါ)၊ ၄-နံပါတ်က ဇာတိ ဇရာ မရဏ-(မှန်ပါ)၊ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)၊ ကဲ...ဒကာဒကာမတို့၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒီ ဒုက္ခသစ္စာ ရလေသမျှတော့ ထကာကြွယ် ဘယ်သူ့စကားနားထောင်လို့တုံး- (အဝိဇ္ဇာစကား နားထောင်လို့ပါ)၊ သူက ဘာသစ္စာတုံး-(သမုဒယသစ္စာပါ)၊ သူ့စကားနားထောင်လို့ဒုက္ခသစ္စာဖြစ်တယ်-(မှန်ပါ)။*

ဒါဖြင့် ခင်ဗျားတို့သည် ယနေ့ကစပြီး မင်းကိုတော့ နားမထောင်တော့ဘူးဟေ့....မျက်လုံးဖွင့်ပေးမည့် ပုဂ္ဂိုလ်တွေကိုလဲ

---

* ပဋိသမ္ဘိဒါမဂ်နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားကို သမုဒယသစ္စာ ဟောသည်။

တွေ့ပြီ- (မှန်ပါ)၊ မင်းကို နှားထောင်ခြင်းကြောင့် ငါတို့သည် ဘာလို့ဆိုယင် တစ်သံသရာလုံး သေပွဲချည်း ဝင်ခဲ့ရတယ်။ မရှုမလှ သေပွဲချည်း မင်းတွန်းချနေတာ၊ အခု တို့မျက်မြင်ကို ပြုပြီပော....ပြောသံကြား မဟုတ်တော့ဘူး– (မှန်ပါ)၊ ဒီလို.... တကာကြွယ်တို့က သူ့ကို တစ်ခါတည်း တွန်းလှန်ပစ်ပါ–(မှန်ပါ)၊

မင်းက တောင်းဆိုပေမယ့် မတောင်းဘူးကွာ– (မှန်ပါ)၊ ဘာဖြစ်လို့ မတောင်းသတုံး၊ မင်းလုပ်သားတာ ဒီမှာတွေ့ပြီ၊ ဝိပါကဝဋ်တဲ့၊ မှုဟုတ်ဘူးလား- (မှန်ပါ)၊ ဘာသစ္စာတုံး– (ဒုက္ခသစ္စာပါ)၊ ဝဋ်ဒုက္ခသစ္စာဆိုတော့ ဦးဘာအုန်းကောင်းသေးရဲ့လား-(မကောင်းပါဘူးဘုရား)။

ဒကာ ဒကာမတွေ ဘာတဲ့တုံး–(ဝဋ်ဒုက္ခသစ္စာပါဘုရား)၊ ဝဋ်လဲသင့်တာတဲ့၊ ဒုက္ခသစ္စာလဲ ဖြစ်တာ-(မှန်ပါ)၊ ဘာ့ကြောင့် ဝဋ်လဲ သင့်သတုံးလို့ မေးတဲ့အခါကျတော့ ဒါ ဝိပါကဝဋ်ကိုး– (မှန်ပါ)၊ သူတို့က အကျိုးပေးလိုက်တာ ဒီလာပြီး ဝဋ် သင့်တယ်–(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)၊ ဒီမှာ အရှင်....၊ ရှင်တုန်းက အားထုတ်။ ဒီမှာ လာပြီး သေတယ်–(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ဘယ်သူ့စကား နားထောင်လို့ ယခုတောင် သေပွဲကြီးရှိတဲ့ဆီကို ပြေးသွားလို့ မရပ်ရသေးပါလိမ့်-(အဝိဇ္ဇာစကား နားထောင်လို့ပါ)၊ အခုကို ဒကာ ဒကာမတွေ မရပ်ရသေးပါဘူး- (မှန်ပါ)၊ ဘယ်နေ့ကျတော့ ငါ့ဇတော့မှဖြင့် ဒုက္ခရောက်ဦးမှာပဲ....၊ မသာဇတော့ဖြင့် လူဝိုင်းပြီး ပို့ကြဦးမှာပဲ....၊ မချိမဆံ့လို့ ခံချင်ခံရဦးမှာပဲ-(မှန်ပါ)။

http://www.dhammadownload.com



ဘယ်သူ့ကြောင့် နားထောင်ခဲ့သို့ အခု ဒါကြီး သိကို အရောက်သွားနေရသတုံး- (အဝိဇ္ဇာစကား နားထောင်ခဲ့လို့ ပါ)၊ ကြည့်....ဒီအထဲက နောက်တစ်ဖန် နားထောင်ဦးမယ် ဆိုယင် ဉီးဘအုန်း ဒီ့ထက်မိုက်ပြီ-(မှန်ပါ)။

အဲဒါ သေသေချာချာ ပြောနေပါတယ် ဒကာ ဒကာမ တွေက ဘယ်မှာ သွားသွားပြီးသကာလ ဆုတောင်း၊တာက တစ်မျိုး၊ ဆုမတောင်းဘဲနဲ့ အလုပ် လုပ်တာက တစ်မျိုး- (မှန်ပါ)၊ မသိတော့ ဒီအကုသိုလ်တွေ လုပ်လိုက်တာပဲ.... (မှန်ပါ)၊သူ မသိလို့ လုပ်တာပဲ ဒါ ရတာပဲ (မှန်ပါ)၊ သူက တစ်ခါ နတ်ပြည်ရောက်ကြောင်းတွေ လုပ်ပြန်တော့လဲ ဒီမှာ အသေတွေချတယ်-(မှန်ပါ)၊ မရဘူးလား-(ရပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ သူဟာ အကြီးဆုံးသောရန်သူ- (မှန်ပါ)၊ အတွင်းရန်လား၊ အပြင်ရန်လား မေးပါဦး- (အတွင်းရန်ပါ ဘုရား)၊ အတွင်းရန်ပဲ၊ ဝမ်းတွင်းကပေါ် တယ်-(မှန်ပါ)၊ ကဲ....တကာကြွယ် ဘယ်လောက် ကြောက် စရာကောင်းသတုံး-(ကောင်းပါတယ်ဘုရား)။

အဝိဇ္ဇာဟာ ဒကာ ဒကာမတို့၊ အပြင်ဘက်က နေလို့ရှိ ယင်လဲ သေနတ်နဲ့ စိထုတ်၊ အိမ်ကို လုံအောင် ကာရလို့ရှိ ယင် တော်သေးတယ်-(မှန်လှပါ)၊ သူက အတွင်းသူ အတွင်း သား အဖြစ်နဲ့ နှိပ်စက်နေတာ-(မှန်ပါ)။

ဘယ်လိုဆိုကြပါမလဲ.... (အတွင်းသူ အတွင်းသားအဖြစ်နဲ့ နှိပ်စက်နေတာပါဘုရား)၊ ဒါဖြင့် အပြင်လူ နှိပ်စက်ယင်တော့ ရှောင်လို့ ကွင်းလို့ ပြေးသာတယ်၊ အတွင်းလူက နှိပ်စက် ယင်တော့ မရဘူး- (မရပါဘူး)၊ အဲဒီတော့ အတွင်းလူကို

http://www.dhammadownload.com



အတွင်းလူချင်း သတ်ပါ-(မှန်ပါ)၊ အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်လိုက်-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အတွင်းလူကို- (အတွင်းလူချင်းသတ်ရပါမယ်)၊ အဝိဇ္ဇာကို ဘာနဲ့ သတ်ရမလဲ -(ဝိဇ္ဇာနဲ့သတ်ရပါမယ်)၊ ဝိဇ္ဇာဆိုတာက ခန္ဓာကြီး ဖြစ်ပျက် မြင်တာက ဝိဇ္ဇာ- (မှန်ပါ)၊ သူက ကျုပ်တို့ ဝမ်းထဲရောက်တော့ အဝိဇ္ဇာက နေခွင့်ရှိသေးရဲ့လား-(မရှိပါဘူးဘုရား)၊ အဲ....သူ့ကို သတ်တာ ဒါပဲ တကာကြွယ်-(မှန်ပါ)၊ ပေါ်ကြပလား -(ပေါ်ပါပြီ)။

အဲဒီတော့ ယခု နေ့တိုင်းပဲ ဆရာဘုန်းကြီးက ဆုံးမသွန်သင်ပြီးသကာလ ခင်ဗျားတို့ ဖြစ်ပျက်ရှုပါ။ စိတ်ကလေးတွေ ဖြစ်ပျက်ရှုပါ၊ ရှုပါဆိုတာ ဦးဘအုန်း ရိပ်မိပလား- (ရိပ်မိပါပြီ)၊ အတွင်းရန်ကို သတ်နေတာ- (မှန်ပါ)၊ အတွင်းရန် အဝိဇ္ဇာကို သတ်နေတာ၊ ဓမ္မာယာဆိုတာသဲ သူပဲ- (မှန်ပါ)၊ အဝိဇ္ဇာဆိုတာလဲ- (သူပါပဲ)။

အဲ-သူ့ကို သေစေချင်လို့ရှိယင် ခင်ဗျားတို့ ဒါနပြုလုပ်ရုံနဲ့လဲ မသေဘူး၊ သီလဆောက်တည်ရုံနဲ့လဲ- (မသေပါဘူး)၊ သမထကို ကြိုးစားရုံနဲ့လဲ- (မသေပါဘူး)။ တစ်ခါတည်း အပြီးအပိုင် မသေနိုင်ဘူးတဲ့၊ ကဲ.... ဘယ်လောက်ခဲယဉ်းသတုံး -(မှန်ပါ)၊ ခန္ဓာကြီးကို အဖြစ်အပျက် မြင်မှလဲ ဝိဇ္ဇာကလဲဖြစ်တယ်-(မှန်ပါ)၊ ခန္ဓာ- ဒုက္ခသစ္စာမြင်မှ ဝိဇ္ဇာဖြစ်တယ်၊ ဝိဇ္ဇာဖြစ်မှ အဝိဇ္ဇာသေတာ - (မှန်ပါ)၊ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် အတွင်းရန်ကို သတ်တတ်ပလား၊ (သတ်တတ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒြည့်....ရှေးတုန်းက ဘယ်တော့ကမှ မသတ်ခဲ့, သတ်နည်းလဲ ဘယ်တော့ကမှ မရခဲ့တဲ့အတွက် ဒကာ ဒကာမတွေမှာ သူသတ်လို့ သေခဲ့ရတဲ့ဘဝပဲဆိုတာ ဘဝပေါင်းများစွာမှာ ရန်သူဟာ သူပဲ- (မှန်ပါ)၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ဘဝပေါင်းများစွာ တစ်ခါတလေကျတော့ သူများက လာသတ်တဲ့ဥစ္စာလဲ အဝိဇ္ဇာနဲ့ ဖုံးလွှမ်းပြီး ဆုတောင်းမိလို့ သူများက အသတ်ခံရတာ-(မှန်ပါ)၊ ကိုယ့်ဟာကိုယ် ရောဂါဝေဒနာနဲ့ သေဘာလဲ အဝိဇ္ဇာက ဆုတောင်းပြီး အသေခိုင်းတာ-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီ)။

အဲဒီတော့ အသေထက်ကြီးတဲ့ ဒုက္ခကလဲ တကာကြွယ် ရှိသေးရဲ့လား- (မရှိပါဘူးဘုရား)၊ ဒါ ဘယ်သူ သတ်တာပါလိမ့်-(အဝိဇ္ဇာသတ်တာပါ)၊ ကြည့်လေ သူက စလို့ ဒါတွေ ဖြစ်လာတာ-(မှန်ပါ)။

သူက မစလို့ရှိယင်- (မဖြစ်ပါဘူး)၊ ဒီမှာ ကြည့်ပါလား၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးဟာ သူလုပ်လိုက်တာ-(မှန်ပါ)၊ ခင်ဗျားတို့ စာရွက်ထဲမှာ အင်္ဂါ ၁၂-ပါးဆိုတာ ပါတယ်၊ အင်္ဂါ ၁၂-ပါးဆိုတာ အဝိဇ္ဇာက စတာ-(မှန်ပါ)။

ဒါဖြင့် အသေကို မကြောက်ပါနဲ့။ အဝိဇ္ဇာ ဖြစ်မှာ ကြောက်ပါ-(မှန်ပါ)၊ ဝိဇ္ဇာအစားဖြစ်လာလို့ရှိယင် မသေရာရောက်ပြီ၊ မသေတော့ဘူး- (မှန်ပါ)၊ အဝိဇ္ဇာဖြစ်နေယင်တော့-(သေရမှာပါပဲ)။

တကာကြွယ်၊ ဒါဖြင့် ဒီနေ့ ခင်ဗျားတို့ အကြီးဆုံးရန်သူ ပမ်းပြီးပြီ.... (မှန်ပါ)၊ သူ့ကို သတ်နည်းကိုလဲ ပေးပြန်ပြီ....

http://www.dhammadownload.com



(မှန်ပါ)၊ ခန္ဓာကိုယ်ကြီးထဲမှာရှိတဲ့ ဒုက္ခသစ္စာ ဖြစ်ပျက်တွေကို မြင်လိုက်လို့ရှိယင် အဝိဇ္ဇာက အနားမှာ မသိဘူးတော့ဘူး.... (မှန်ပါ)၊ သူက ဒါကို မသိတာကိုး။ ကျုပ်တို့က ဒါကို သိသွားတော့ ကျုပ်တို့က ဝိဇ္ဇာဖြစ်သွားတော့ ဦးဘအုန်း နှင်ပြီး သား ဖြစ်သွားတယ်-(မှန်ပါ)။

သူက ဒုက္ခသစ္စာမသိဘူး- (မှန်ပါ)၊ ကျုပ်တို့က သိလိုက်တယ်-(မှန်ပါ)၊ သိလိုက်တော့ သိတဲ့တရားက မသိတဲ့တရားကို သတ်ပစ်လိုက်တယ်....(မှန်ပါ)။

ဒီတော့ အဝိဇ္ဇာ မချုပ်ဘူးလား- (ချုပ်ပါတယ်ဘုရား)၊ အဝိဇ္ဇာချုပ်ယင် သူက ဆက်သွယ်မှာတွေ အကုန်မချုပ်ဘူးလား-(ချုပ်ပါတယ်)၊ ဒါတွေကော မချုပ်ဘူးလား- (ချုပ်ပါတယ်)၊ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

ဩော်.... ဒါဖြင့် ဦးဘအုန်း အဝိဇ္ဇာချုပ်ဖို့ အရေးကြီးတယ်-(မှန်ပါ)၊ အဝိဇ္ဇာက သူ့ဟာသူ မချုပ်ဘူး၊ သူမသိတဲ့နေရာ ကိုယ်က သိယင် ချုပ်တယ်-(မှန်ပါ)၊ သူက ဘာကို မသိသတုံး....(သစ္စာလေးပါး မသိတာပါဘုရား)၊ အဲ... ဒီနေရာကျတော့ ဒီလိုယူလိုက်ပါ။ ဒုက္ခသစ္စာကို သူ မသိဘူး.... (မှန်ပါ)။

ဖြစ်ပျက်ဟာ ဘာသစ္စာတုံး--(ဒုက္ခသစ္စာပါဘုရား)၊ အဲ.... ကျုပ်တို့က ဉာဏ်နဲ့ သာ ခန္ဓာထဲမှာ မြင်ပေစေ....။ မြင်ယင် သူချုပ်ပြီ-(မှန်ပါ)၊ သူချုပ်လို့ရှိယင်ဖြင့် သူလုပ်လိုက်တဲ့သူနဲ့ တကွ ၁၂-ပါးတွေ အကုန်သွားပြီ- (မှန်ပါ)၊ အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက် ရှုတာဟာ ဝိဇ္ဇာ ဖြစ်တာ.... (မှန်ပါ)။

http://www.dhammadownload.com



အဝိဇ္ဇာက မသိတာကို ဝိဇ္ဇာကသိတာ-(မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)၊

ဒါဖြင့် ခင်ဗျားတို့ ဘာဖြစ်ဖို့ အရေးကြီးသတုံး- (ဝိဇ္ဇာဖြစ်ဖို့ အရေးကြီးပါတယ်ဘုရား)၊ ဝိဇ္ဇာဖြစ်ဖို့ သိပ်အရေးကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား- (ပေါ်ပါပြီ)၊ ဝိဇ္ဇာလဲဖြစ်ကရော အဝိဇ္ဇာနဲ့ပတ်သက်တဲ့ သင်္ခါရလဲ လာဦးမလား- (မလာပါဘူး)၊ ဒီဘက်က ငါးခုကော.... (မလာပါဘူး)၊ ဒီဘက်သုံးခုကော....(မလာပါဘူး)၊ ဒီက နှစ်ခုကော-(မလာပါဘူး)၊ ဘယ်နှယ်ကြောင့်ပါလိမ့်-(ဝိဇ္ဇာဖြစ်လို့ပါဘုရား)။

အဲ... အဝိဇ္ဇာကြောင့် ဖြစ်တဲ့ တရားတွေဆိုတော့ အဝိဇ္ဇာမှုရင်းကို ကျုပ်တို့က သတ်ပစ်လိုက်တယ်-(မှန်ပါ)၊ သတ်ပစ်လိုက်တော့ ကျုပ်တို့မှာ ဒီဒုက္ခသစ္စာလဲ မရှိဘူး၊ ဒီသမုဒယသစ္စာကော- (မရှိပါဘူး)၊

ဒီဒုက္ခသစ္စာကော-(မရှိပါဘူး)၊ ဘာဖြစ်လို့တုံး၊ ဒီသမုဒယသစ္စာ ချုပ်သွားတယ်- (မှန်ပါ)၊ အဝိဇ္ဇာဟာ သမုဒယသစ္စာပဲ-(မှန်ပါ)၊ ဒီအဝိဇ္ဇာ သမုဒယ သစ္စာချုပ်လို့ ဒီဒုက္ခလဲ မရှိ၊ ဒီသမုဒယမရှိ-(မှန်ပါ)၊ ဩော်... ဒါဖြင့် ဖြတ်တတ်တော့လဲ လွတ်နိုင် ပါကလား....ဆိုတာ ပေါ်လာတယ်- (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ့ဒကာမတွေ သူမသိတာကို သိအောင်လုပ်- (မှန်ပါ)၊ အဝိဇ္ဇာမသိတာကို သိအောင်လုပ်ပါ၊ အဝိဇ္ဇာက ရှုမည့်နေရာမှာ ဘာကို မသိသတုံး- (ဒုက္ခ

http://www.dhammadownload.com



သစ္စာမသိပါဘူးဘုရား)၊ ခင်ဗျားတို့အာ ခန္ဓာကြည့်လိုက်တော့ ဖြစ်မှု ပျက်မှုကလေးတွေ တွေ့လိမ့်မယ်-(မှန်ပါ)၊ တွေ့တော့ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တကာကြွယ်ကပဲ ဉာဏ်ပိုင်ပိုင်နဲ့ စဉ်းစားလိုက်တော့ ဟာ....သူမရှိတော့ဘူး—(မှန်ပါ)၊ ဘာကြောင့်တုံး၊ သူမသိတာကို တပည့်တော်တို့ သိတယ်(မှန်ပါ)၊ သူမသိတာကို သိတယ်ဆိုတော့ ဝိဇ္ဇာဖြစ်လာတယ်· (မှန်ပါ)၊ မဖြစ်သေးဘူးလား-(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ အဝိဇ္ဇာချုပ်တော့ သင်္ခါရချုပ်တယ်--(မှန်ပါ)၊ ဝိညာဏ်,နာမ်ရုပ်တွေ-(ချုပ်ပါတယ်ဘုရား)၊ တဏှာ, ဥပါဒါန်ကော....(ချုပ်ပါတယ်)၊ ဇာတိ,ဇရာ,မရဏ-(ချုပ်ပါတယ်)။ သဘောပေါ်ပလား-(ပေါ်ပါတယ်)၊ သူများ ပြောလား ဉာဏ်မြင်လာလဲ ကြည့်ဦး-(ဉာဏ်မြင်ပါဘုရား)၊

ကဲ...ဉာဏ်မျက်မြင် အကဲခတ်လို့မှ ခင်ဗျားတို့က အဝိဇ္ဇာချုပ်အောင် မလုပ်ချင်ဘူးဆိုယင် သေချင်သေးလို့ပဲ- (မှန်ပါဘုရား)၊

သေချင်တာမှ မောင်ဘသော်ရဲ့ တစ်ချီဘည်း သေချင်တာမဟုတ်ဘူး၊ အဖန်ဖန် သေချင်သေးလို့- (မှန်ပါဘုရား)၊

ဒါဖြင့် အဖန်ဖန် မသေချင်ယင်, အဖန်ဖန် သားသမီးနဲ့ ခွဲရတဲ့ ဒုက္ခစသည်မျိုးတွေ မခံချင်, အဖန်ဖန် ငရဲမကျချင်ဆိုယင် တကာကြွယ် ဘာချုပ်အောင်လုပ်ရမလဲ.... (အဝိဇ္ဇာချုပ်အောင် လုပ်ရပါမယ်)။

ကဲ.... တကာကြွယ် လုပ်တတ်ပလား.... (လုပ်တတ်ပါပြီဘုရား)၊ ခန္ဓာကိုယ် ဖြစ်ပျက် ရှုလိုက်တော့ကို ဘယ်နှယ်နေ

http://www.dhammadownload.com



သတုံး-(အဝိဇ္ဇာချုပ်ပါတယ်)၊ ဘာဖြစ်လို့ချုပ်သတုံး ဆိုတော့ အဝိဇ္ဇာမသိတဲ့နေရာမှာ ဝိဇ္ဇာကဲ့ သိသကိုး- (မှန်ပါ)၊ ဝိဇ္ဇာက သိတယ်ဆိုတော့ ဦးဘာအုန်း သက်သေခံကော လုံလောက် ပလား-(လုံလောက်ပါပြီ)၊

အဝိဇ္ဇာမသိတဲ့ နေရာကို ဆရာသမားများဆီက နည်းရလို့ ဝိဇ္ဇာရပြီး သိလိုက်တယ်-(မှန်ပါ)၊ သိလိုက်တယ်ဆိုကတည်းက သူမချုပ်ချင်လို့ နေနိုင်သေးရဲ့လား- (မနေနိုင်ပါဘူး)၊ ပေါ် ကြွပလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လက်နက်ကောင်း ဖြင့် ရပြီ-(မှန်ပါ)၊ ဘယ်သောက်ကောင်းတဲ့ လက်နက်လဲလို့ မေးတော့မှ အသေလွတ်တဲ့ လက်နက်ဗျ- (မှန်ပါ)၊ အသေ လွတ်ဆိုကတည်းက ဒီအအိုကော-(လွတ်ပါတယ်)၊ ဒီပဋိသန္ဓေ နေမှုကော-(လွတ်ပါတယ်)၊ ဒီကံတွေကော-(လွတ်ပါတယ်)၊ ဒီတဏှာ,ဥပါဒါန်မီးတွေကော-(လွတ်ပါတယ်)၊ ဒီ ဒုက္ခသစ္စာ တွေကော-(လွတ်ပါတယ်)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူက မဂ္ဂသစ္စာ။ ရှင်ပလား- (မှန်ပါ)၊ အဝိဇ္ဇာ ချုပ်သွားတော့ သူက ဘာဖြစ်သွားသတုံး- (မဂ္ဂဖြစ်သွားပါ တယ်)၊ သမုဒယသစ္စာ မရေးနဲ့တော့ သူ ချုပ်သွားယင် သူ့ ကို ဘာရေးမတုံး (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာ ရေးလိုက်တော့ ဒီဘက်ကဲ့ ဒုက္ခတွေ မချုပ်ဘူးလား- (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သူ့ကိုတော့ နိရောဓသစ္စာရေး- (မှန်ပါ)၊ ရှင်း ပလား-(ရှင်းပါပြီ)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်များတော့ ဒီနေရာမှာ ဘာရေးမတုံး- (မဂ္ဂရေးပါမယ်)၊ ဒီနေရာမှာ

http://www.dhammadownload.com



ဘာရေးမတုံး-(နိရောဓပါဘုရား)၊ ကဲ- အကုန် ပြောင်းသွား တယ်--(မှန်ပါ)၊ ဦးဘအုန်း ပြောင်းသွားတယ်- (မှန်ပါ)။

၁-နံပါတ်က မဂ္ဂသစ္စာ။ ၂-နံပါတ်က နိရောဓသစ္စာ.... (မှန်ပါ)။

တစ်ခါ ဒီ ဥစ္စာကြည့်ပြန်တော့လဲ သိတဲ့ပုဂ္ဂိုလ်ကျတော့ သူ့ကို ဘာရေးမတုံး- (မဂ္ဂသစ္စာပါ)၊ ဒီအဝိဇ္ဇာ ချုပ်သကိုးဗျ၊ ဒါဘာသစ္စာရေးမတုံး-(နိရောဓပါ)၊ အဲဒီတော့ မဂ္ဂနဲ့ နိရောဓ ချည့် ဖြစ်နေတယ်-(မှန်ပါ)။

တကာကြွယ်....ဒါက အလုပ်သဘောပါတဲ့ ပုဂ္ဂိုလ်အတွက် မှာဖြင့် အလွန် ကျေးဇူးများသကော-(များပါတယ်ဘုရား)၊ အအို ဇာတ်သိမ်း၊ အနာ ဇာတ်သိမ်း၊ အသေ ဇာတ်သိမ်း၊ သားကျွန်၊ မယားကျွန်ခံမှု အလုံးစုံ အကုန် ဘာဖြစ်သွား သတုံး-(ဇာတ်သိမ်းသွားပါတယ်)၊ ဘယ်သူက သိမ်းပေးသတုံး မေးလို့ရှိယင် အဝိဇ္ဇာသိမ်းလို့ သိမ်းတာပေါ့- (မှန်ပါ)။

ဦးဘအုန်း အလုပ်တော့ မလုပ်ဘဲနဲ့ ဒီအတိုင်း ဆုတောင်း ရှိတောင်းနေလို့... အရှင်ဘုရား ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး မြန်မြန်ကြီး ရောက်ရပါလို၏လို့.... တောင်းပင် တောင်းငြားသော်လဲ အဝိဇ္ဇာကဝမ်းထဲမှာ မချုပ်လို့ရှိယင် တော့ နေမှာပဲ (မှန်ပါ)၊ ဒုက္ခပဲ ရမှာပဲ- (ရမှာပါဘုရား)၊ သူ့ဝမ်းထဲမှာ ချုပ်သွားယင်တော့ဖြင့် မတောင်းနဲ့တော့ ခင်ဗျားတို့ မြန်မြန်ကြီးရနိုင်ပြီလို့ ဆုံးဖြတ်ချက်သာ ချလိုက် ပါတော့-(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက် ရှုလိုက်လို့ရှိယင် ဉာဏ်ဟာ ဘာဖြစ် သတုံး....(ဝိဇ္ဇာဖြစ်ပါတယ်)၊ ဝိဇ္ဇာဉာဏ်ဖြစ်တယ်- (မှန်ပါ)။

http://www.dhammadownload.com



ဖြစ်ပျက်မှုန်းတဲ့ ဉာဏ်ဟာလဲ ဘာဉာဏ်တုံး-(ဝိဇ္ဇာဉာဏ်ပါပဲ)၊ ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်ကော- (ဝိဇ္ဇာဉာဏ်ပါ)၊ အဲ... ဝိဇ္ဇာချည်းပဲ တကာကြွယ်။ သဘောပေါက်ကြပလား- (ပေါက်ပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒီဘာဒကာမတွေမှာ ရှေးတုန်းက တောဖြင့် ကယ်မည့်, ယူမည့်, ဌာနရှာတာ မှားနေကြတယ်။ ဪ... လူ့ပြည်မှာ ရန်သူမျိုးငါးပါးတွေနဲ့ အမျိုးမျိုး ကြောက်စရာတွေနဲ့ နတ်ပြည်များ သွားနေရယင် လွတ်မလား ဆိုပြီး ချမ်းသာ ရှာလိုက်တာ နတ်ပြည်ကျတော့လဲ ဒီလို ဘေး ရန်ဘေး ချုပ်ချယ်မှုတွေရှိလျက်ပဲ....(မှန်ပါ)။

ထန်းခိုးကြီးတဲ့နတ်က တန်ခိုးမကြီးတဲ့နတ်ကို နိုင်တာပဲ.... ချုပ်ချယ်မှုမလွတ်နိုင်ဘူး- (မှန်ပါ)၊ ဗြဟ္မာပြည်သွားပြန်လဲ ဗြဟ္မာကြီး၏ အခြံအရံတွေ သွားဖြစ် သူခိုင်းရာလုပ်- ဆိုတော့ ချမ်းသာ ရှာလိုက်တာ ချမ်းသာကို မတွေ့ဘူး-(မှန်ပါ)၊ ချမ်း သာရှာပေမယ့် ချမ်းသာမတွေ့တာချည်းပဲ-(မှန်ပါ)၊

အခုတော့ဖြင့် ဒကာဒကာမတွေမှာ ချမ်းသာရှာလို့ရှိယင် ချမ်းသာ တွေ့ပါပြီ- (တွေ့ပါပြီဘုရား)၊ သဘောကျပလား- (ကျပါပြီ)၊

အခု အချို့မှာ သူခိုး ဓားပြ သူပုန် သူကန် ထူပြောတဲ့ နေရာတွေမှာ နေရတဲ့ လူတွေက ဪ....ရန်ကုန်ဆီသွားနေ ရ ဘယ်လောက်များ အေးမလဲ- (မှန်ပါ)၊ ဒီမှာလဲ ကိုယ့်မှာ က မပြည့်စုံတော့ ရှာရ ဖွေရ လုပ်ရ ကိုင်ရတော့ ဪ.... ဒီမှာလဲ ဆင်းရဲတာပဲကိုး- (မှန်လှပါဘုရား)၊ မလှပေဘူး လား -(လှပါတယ်)၊ ဒီ့ပြင် တောရွာ ဇနပုဒ်ပြေးပါတော့

http://www.dhammadownload.com



မယ်ဆိုတော့ တောရွာကျတော့လဲ ထို့အတူပဲ ဒကာ ဒကာမ ဓာတ်တို့ ငွေကြေးရှာ:ပါးတဲ့အရပ် အလုပ်အကိုင် ရှားပါးတဲ့ အရပ် ရောက်သွားပြန်တော့လဲ ရှားပါးတဲ့ ဒုက္ခတွေ မတွေ့ရဘူး လား-(တွေ့ရပါတယ်)၊ အဲ....ချမ်းသာ ရှာလိုက်တာ တကာ ကြွယ် ဘယ်သွားသွား မတွေ့ဘူး-(မှန်ပါ)။

ချမ်းသာ ရှာတာဟာ သွားရှာလို့မတွေ့ဘူး။ အလုပ် လုပ် ပြီး ရှာလိုက်တော့ တွေ့ဘယ်...(မှန်ပါ)၊ ဖြစ်ပျက်ကို မြင် အောင် အလုပ် လုပ်လိုက်တော့ ချမ်းသာကို တစ်ခါတည်း တွေ့ပါတယ်-(မှန်ပါ)။

ဒါ့ကြောင့် ခြေကျင်သွားရှာလို့ ချမ်းသာ တွေ့သလား၊ အလုပ် လုပ်ပြီးရှာမှ တွေ့သလား- (အလုပ်လုပ်ပြီး ရှာမှတွေ့ ပါတယ်ဘုရား)။

ဒါဖြင့်.... တကာကြွယ် ချမ်းသာရှာယင် ဘာလုပ်ရမယ်.... (အလုပ် လုပ်ရပါမယ်)၊ ရှင်းပြီနော်....(မှန်ပါ)။

အခု ဒကာ ဒကာမတွေက ဆင်ခြေ လဲနေတယ်၊ ဦးဘ အုန်းတို့ မောင်ဘသော်တို့.... နော်- (မှန်ပါ)၊ အရှင်ဘုရား ဒွါချည်း အားထုတ်နေလို့လဲ တပည့်တော်တို့အစားအသောက် ဆင်းရဲမှာ ကြောက်ရသေးတယ်-(မှန်ပါ)၊ ရော.... ခက်နေပြီ ကော။ ချမ်းသာစစ်နဲ့ ချမ်းသာတုကို သူတို့က လဲ နေပြန်ပြီ- (မှန်ပါ)၊ ချမ်းသာတုနဲ့ လဲနေတဲ့ အဓိပ္ပါယ်မရောက်ဘူးလား- (ရောက်ပါတယ်ဘုရား)။

ဟိုဟာက မပြီးနိုင်တဲ့ဥစ္စာ ခဏလေး လျှာပေါ်မှာ ချို ဆလို ချဉ်သလိုနဲ့ ပြီးတော့ ကျင်ကြီး ကျင်ငယ်ဖြစ်တာပဲ.... (မှန်ပါ)၊ ချမ်းသာလိမ် ချမ်းသာကောက်ကို ဒါနဲ့ ဆင်ခြေ

http://www.dhammadownload.com



လဲပြီး ချမ်းသာစစ်ကို စွန့်ပစ်ပြီး တပည့်တော်တို့ မပြည့်စုံသေးလို့ ဒီအလုပ်ကလေး ချိတ်ထားပြီးတော့- ဝိဇ္ဇာဖြစ်တဲ့ အလုပ်ကို ချိတ်ထားပြီးတော့ အဝိဇ္ဇာဖြစ်တဲ့ အလုပ်ကို လုပ်ပါရစေဦး.... ဆင်းရဲကို ရှာပြန်ပြီ-(မှန်ပါဘုရား)။

ဘာရှာတာတုံး.... (ဆင်းရဲ ရှာတာပါ)၊ တစ်ဖက်သတ်ဟောနေတယ်လို့ တကာကြွယ်က ဒီလိုမယူနဲ့- (မယူပါဘူး)။ မယူနဲ့တဲ့၊ ခင်ဗျားတို့ ချမ်းသာ ရှာလို့ရှိယင်ဖြင့် အဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်မှ ချမ်းသာရမယ်- (မှန်ပါဘုရား)။ ဒီအတိုင်းလည်းပြီး ရှာလို့တော့ ချမ်းသာကို ဘယ်နည်းနဲ့မှ မရနိုင်ဘူး.... (မှန်ပါ)၊ ဒီ အတိုင်း ရှာရင်းမတွေ့နဲ့ အိုနာသေမှာပဲ-(မှန်ပါ)။ ရှာရင်း မတွေ့နဲ့ နာတဲ့ အဖြစ်ကြုံဦးမှာပဲ- (မှန်ပါ)၊ ရှာရင်း မတွေ့နဲ့ လမ်းမှာ မော်တော်ကားတိုက်လို့, မီးရထားကြိတ်လို့, လေယာဉ်ပျံပျက်ကျလို့ ဦးဘအုန်း ရှာရင်း မတွေ့နဲ့ သေကြတယ်- (မှန်ပါဘုရား)၊ အဲဒါ ဘာရှာသွားတဲ့ လူတွေတုံး မေးစမ်းပါ....(ချမ်းသာ ရှာသွားတဲ့ လူတွေပါ)။

ချမ်းသာ ရှာသွားတဲ့ ဒကာ, ဒကာမတို့ ချမ်းသာ တွေ့သလား- ဆင်းရဲနဲ့ ကြုံရသလား- (ဆင်းရဲနဲ့ ကြုံရ ပါတယ်ဘုရား)၊ ချမ်းသာအရှာသွားရင်း မတွေ့နဲ့ အိုပွဲကြီးက ခဏခဏ အိုရတယ်—(မှန်ပါ)၊ နာပွဲကြီးကကော - (ခဏ ခဏ နာရပါတယ်)၊ သေပွဲနဲ့ကော ကြုံရတဲ့အခါ မဖြစ်ဘူးလား- (ဖြစ်ပါတယ်)၊ သူ ဘာရှာသွား တာတုံး- (ချမ်းသာရှာ သွားတာပါဘုရား)၊ ချမ်းသာအရှာသွားတာ၊ ဆင်းရဲပွဲချည်း နွှဲရတယ်.... (မှန်ပါ)။

http://www.dhammadownload.com



အဲဒါ ထောက်ကြည့်တော့မှ တကာကြွယ်တို့ ဆင်ခြေလဲတာ လွဲတယ်- (လွဲပါတယ်ဘုရား)၊ တပည့်တော်တို့ဘုရား ဒီအလုပ်ချည်းပဲ လောကုတ္တရာ အလုပ်ချည်းပဲ လုပ်နေလို့ ရှိယင်လဲ မဟုတ်သေးဘူးဘုရား- (မှန်ပါ)၊ ဒီအလုပ်ချည်း လုပ်နေလို့ ဘုရား ဘယ့်နှယ် လုပ်မလဲ၊ စားဖို့ သောက်ဖို့ နေဖို့ ထိုင်ဖို့နဲ့ မင်းရေး စိုးရေး တွေကလဲ ရှိသေးတယ် ဘုရာ့၊ အဲဒီတော့ ဟိုဘက်လဲ လှည့်လိုက်ရသေးတယ်-(မှန်ပါ)၊ ဘယ်ဘက် လှည့်လိုက်တာတုံး.... ဆင်းရဲဘက် လှည့်လိုက်တာ- (မှန်ပါ)၊ ဒါ ဆင်ခြေလဲတာ ဦးဘအုန်း မှန်-မမှန်(မမှန်ပါဘုရား)။ မမှန်ပေမယ့် ခင်ဗျားတို့ အဝိဇ္ဇာက ဝင်လာတဲ့ အချိန် ကျတော့ ဩော်....ဒီဘက်လဲ ကြိုးစားရမှာပဲ၊ ဟိုဘက်ကလဲ မကင်းသေးဘူး-(မှန်ပါ)။

ဒီဘက်လဲ ဘာတဲ့-(ကြိုးစားရမှာပဲ)၊ ဟိုဘက်လဲ- (မကင်းသေးပါဘူး)၊ မကင်း သေးယင်တော့ သေဦးမေါ့ဗျာ... (မှန်ပါ)၊ ရိုပ်မိပလား- (ရိပ်မိပါပြီ)၊ သေရဦးမှာပဲ ဆိုတာ ပေါ်ကြပလား- (ပေါ်ပါပြီ)။ ဩော်.... ဒကာ, ဒကာမတွေ မျက်စိဖွင့်ပေးတာတောင် တစ်ဖန်ပြန်ပြီးလည်တဲ့လူကလဲ ရှိသေးတယ်-(မှန်ပါ)၊ တယ်လဲ အလှည့်ကောင်းပါလား- (မှန်ပါ)။

ဘုရားဟောတာကတော့ကွာ မှန်တော့ မှန်ပါရဲ့တဲ့၊ အဝိဇ္ဇာက ဝင်ပြီး တရားဟောဆရာ လုပ်မစ်တယ်-(မှန်ပါ)၊ သို့သော် လဲ မင့်မှာ သား, သမီးနဲ့ အခြားကိစ္စတွေနဲ့ အမျိုးမျိုးဆိုတော့ စိဇ္ဇာချည်း လုပ်နေလို့ မဖြစ်သေးဘူး- ရှာဦးမှပေါ့။ ရှာဦးမှ ဆိုတော့ တဏှာ-(မှန်ပါ)၊ တဏှာကအဝိဇ္ဇာရဲ့လက်အောက်ခံ-

http://www.dhammadownload.com



(မှန်ပါ)။ သူကိုယ်တိုင် မလျှည့်စားချင်ထာနဲ့ တဏှာကို လွှတ်လိုက်တာ- (မှန်ပါ)။ ရိပ်မိပလား-(ရိပ်မိပါပြီ)။

တဏှာ လွှတ်လိုက်တော့ တဏှာက သွားကသေးခင်တဲ့စိတ်က- သမီးကလေး ခင်တဲ့စိတ်က အေးလေ.... ရှာဦးမှပေါ့။ မရှာယင် ဘယ့်နှယ်သုံးမလဲ- (မှန်ပါ)၊ တကာကြွယ် ဒါ့ကြောင့် လေးဟာ အဝိဇ္ဇာကနေပြီး တရားဟော လွှတ်လိုက်တာ.... (မှန်ပါ)၊ ဘယ်သူက လွှတ်လိုက်တာတုံး-(အဝိဇ္ဇာက လွှတ်လိုက်ပါတယ်)၊ အဝိဇ္ဇာက တဏှာကို ကိုယ်စားလှယ်အဖြစ်နဲ့ လွှတ်လိုက်တယ်၊(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက ဘာတဲ့- (တဏှာကို ကိုယ်စား လွှတ်လိုက်ပါတယ်)၊ သူက အချော့ကောင်းသကိုးဗျ- (မှန်ပါ)၊ အဝိဇ္ဇာကတော့ ဖုံးသာ ထားတာ ဒါလောက် မချော့တတ်ဘူး.... (မှန်ပါ)၊ တဏှာကတော့ တကာကြွယ်တို့ ချော့တတ်တယ်- (မှန်ပါ)။ ဟော-အခု သွားလိုက်ပြီး နောက်ထပ် အားထုတ်၊ အခုသွားလိုက်လို့ရှိယင် ဘယ်သောအခါရမှာတဲ့- (မှန်ပါ)၊ နက်ဖြန်သေနိုင်တာဘော့ သူထည့်မတွက်ဘူး-(မှန်ပါ)၊ ပါသေးရဲ့လား-(မပါပါဘူး)၊ မပါတော့ တဏှာက ဒီလိုလှည့်စားတတ်တော့ တကာကြွယ်ဘို့က မေ့ပြီး ထွက်သွား တတ်တယ်- (မှန်ပါ)၊ ဘယ်သူက လိမ်လိုက်တာတုံး- (တဏှာက လိမ်တာပါ)၊ ဘယ်သူ့ လက်အောက်ခံ ပါလိမ့် - (အဝိဇ္ဇာရဲ့ လက်အောက်ခံပါဘုရား)၊ တဏှာ လွှတ်လိုက်တော့ တကာကြွယ်တို့က တဏှာနဲ့တော့ ငယ်ပေါင်းဖြစ်နေတယ်-(မှန်ပါ)။ ငယ်ပေါင်း ဖြစ်နေတော့ ဦးဘအုန်းကြီးတို့ပြောတာ ရန်ကုန်-.... (မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)၊ ပြန်လာတာ

http://www.dhammadownload.com



မန္တလေး-(မှန်ပါ)၊ ဘာလုပ်တာတုံး ဦးဘအုန်းတို့ ဘယ့်နှယ် ပြောမလဲ- တဏှာခိုင်းရာ သွားတာပေါ့-(မှန်ပါဘုရား)။

ဘာတဲ့တုံး-(တဏှာ ခိုင်းရာ သွားရပါတယ်)၊ ဘယ်သူ့ကို ကိုယ်စားလှယ်ပါလိမ့်-(အဝိဇ္ဇာ၏ ကိုယ်စားလှယ်ပါဘုရား)၊ အဝိဇ္ဇာ၏ ကိုယ်စားလှယ်ဆိုတော့ ခင်ဗျားတို့ အဝိဇ္ဇာ၏ လက်အောက်ခံ လွှတ်လိုက်တဲ့အတွက် ဒါလဲ သေပွဲ တွန်းတာပဲ..... (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီ)။

ဒါတောင် ခင်ဗျားတို့ကလဲ တကာကြွယ်တို့က ဟုတ်သင့်မှ ပါရဲ့ဆိုတာ ယောင်များ ပြောလိုက်သေးတယ်၊ မယောင်ဘူးလား တစ်ခါ ကစ်ခါ-(ယောင်ပါဘယ်ဘုရား)။

နောက်က ဒကာ, ဒကာမတွေ သေသေချာချာ စဉ်းစားပါ။ ခင်ဗျားတို့ ဝမ်းထဲကိုက တစ်ခါတည်း အဝိဇ္ဇာက ကောင်းကောင်း မချုပ်သေးတော့ ယောင်ပြေးလာတယ် မောင်အသော်ရဲ့-(မှန်ပါ)၊ အဝိဇ္ဇာ ကိုယ်စားလှယ် တဏှာလွှတ်လိုက်တယ်.....(မှန်ပါ)၊ တဏှာလွှတ်လိုက်တဲ့ အခါကျတော့ တဏှာက ဟိုတိုက်ကြီးတွေ ကြည့်ပါလား.....ဟိုကားကြီးတွေ ကြည့်ပါလား..... ဟိုမှာဝတ်ထားတာတွေ ကြည့်ပါလား၊ အဲဒါတွေက ဘယ်လို ရှာလို့ ရတာ၊ အဲဒါတွေ ရတဲ့ တစ်နေ့ကျတော့ ကိုယ်အေး ထိုင်နေတာပေါ့၊ ထိုင်ပြီး ဝိဇ္ဇာဆီ လုပ်တာပေါ့။ အခုတော့ ဝိဇ္ဇာလုပ်ချိန် မဟုတ်သေးဘူး၊ ဝမ်းရေးက လိုသေးတယ်-(မှန်ပါ)၊ ဘယ်သူ လာဝင်ဟောနေသတုံး-(တဏှာကဝင်ဟောနေပါတယ်ဘုရား)၊ ဘယ်သူ့ လက်အောက်ခံတုံး..... (အဝိဇ္ဇာလက်အောက်ခံပါဘုရား)။

http://www.dhammadownload.com



အဲဒီမှာ တကာကြွယ်တို့ထဲလဲ တဏှာရဲ့တရားကို နာနေကျ ဖြစ်နေတယ်- (မှန်ပါ)၊ တဏှာတရားနာနေကျ ဖြစ်လို့ပေါ့- ခင်ဗျားတို့ ထစ်ခါတဲလေကျတော့ ဟော....နိဗ္ဗာန်မရမီ စပ်ကြား မတော်လို့များ ဆင်းရဲနေယင် ခက်ချေရဲ့ဆိုပြီး နိဗ္ဗာန်မရမီ စပ်ကြားကလေးများ ထည့်လိုက်သေးတယ်- (မှန်ပါ)၊ ဘယ် သူက အထည့်ခိုင်းတာတုံး- (တဏှာက အထည့်ခိုင်းတာပါ)၊ အဲဒါကို ခင်ဗျားတို့က တဏှာကျွန်တော်မျိုးပီပီ ထည့်ဦးမှ ထည့်ဦးမှ- (မှန်ပါ)၊ တကာကြွယ် မသာဘူးလား၊ (လာပါ တယ်ဘုရား)၊ ဒါဘယ်သူ့လက်အောက်ခံထိုးဗျ-(အဝိဇ္ဇာသက် အောက်ခံပါဘုရား)။

တဏှာက ဆုတောင်းတော့ ဘာသစ္စာရသတုံး- (ဒုက္ခ သစ္စာချည်း ရပါတယ်)၊ အို....ဒုက္ခသစ္စာလို့ မင်းက မပြောနဲ့ မင်းကကောင်းဘယ်ချည်းပြော၊ ငါက ဖုံးထားမယ်- အဝိဇ္ဇာ က-(မှန်ပါ)၊ အဝိဇ္ဇာက ဖုံးထားတယ်၊ တဏှာကို မင်းက ကောင်းတယ်သာပြော၊ သူတို့ ဘယ်လိုသိရိပ်ရှိလာယင် ငါက ဥစ္စာကို ဖုံးထားမယ်။ ကောင်းတဲ့ဘက်ကိုသာ ပြထား မယ်။ ဆိုးတဲ့ သေတဲ့ဘက်တွေကို မပြဘူး.... (မှန်လှပါ ဘုရား)၊ သဘောကျပလား-(ကျပါပြီဘုရား)။

နိုင်ငံခြားများ သွားသလိုပေါ့ဗျာ၊ တစ်ချို့ နိုင်ငံခြား- မြန်မာ ဧည့်သည်တွေသွားတော့ ကောင်းတာတွေချည်းကို ပြတယ်၊ နောက်ပိုင်း ငတ်ပြတ်နေတာတွေကျတော့ ထည့်မှ မထည့်တော့ဘဲ၊ အဲဒီလိုဖြစ်နေတာ- (မှန်ပါဘုရား)၊ ရိပ်မိ ပလား-(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီလို ဖြစ်နေတဲ့ဥစ္စာ ခင်ဗျားတို့က ရှေ့ပိုင်းကလေးကြည့်ပြီး ဟုတ်တယ်ထင်နေတယ်၊ တော်တော်ကြာ မသာပို့ရတာတော့ သိတာမဟုတ်ဘူး-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ တော်တော်ကြာကျလို့ရှိယင် ဘယ်သူ့မှာ တိုက်ကြီးနဲ့ တာကြီးနဲ့ သိန်းပေါင်း ဘယ်လောက်ချမ်းသာတယ်။ တော်တော်ကြာတော့ မသာဖိတ်စာရောက်လာပြီ- (မှန်ပါ)၊ မသာဖိတ်စာ ရောက်လာတော့ တကာကြွယ်တို့က ဖြစ်မှ ဖြစ်ရပလေသူနဲ့ တပည့်တော်နဲ့ သိပ်ခင်တာ-(မှန်လှပါ)၊ ခင်တာ မခင်တာလိုရင်း မဟုတ်ဘူး- သေဘာဟာ သေဘာပဲ-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

အဲဒါတွေဟာ ခုနင်က ပြောခဲ့တဲ့ မသာခန်းကို ကိုယ်က ဖွင့်ထားလို့ မသာဖြစ်ရတာ-(မှန်ပါ)၊

ဒါဖြင့် မသာအလုပ်ဟာ ဒကာ ဒကာမတို့ ဘယ်သူ၏အလုပ်လဲ—(အဝိဇ္ဇာ တဏှာတို့၏ အလုပ်ပါဘုရား)။ ရှင်းပလား....(ရှင်းပါပြီ)။

မသာဖြစ်လေသမျှ-(အဝိဇ္ဇာတဏှာပါ)၊ မသာ သိမ်းချင်ယင်-(အဝိဇ္ဇာတဏှာ ချုပ်အောင် လုပ်ရပါမယ်)၊ အဝိဇ္ဇာ တဏှာချုပ်ယှင် ပြီးတာပေါ့-(မှန်ပါ)။

ဒါကြောင့် ဓိမ့်ာကြည့်ပါလား နှစ်ခုပါတယ်။ အဝိဇ္ဇာနဲ့ တဏှာ -(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။ ဒါဝင်ရိုးပေါ် မှာ နေတယ်။ တို့က လှည့်ပေးမယ်လို့ မပြောလို့ ဒါတွေ လှည့်သွားတာ-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

အဝိဇ္ဇာနဲ့ တဏှာက ဝင်ရိုး။ သတ္တဝါတွေကို တစ်ခါတည်း သေလမ်းချည်း လှည့်လှည့်ပေးတယ်- (မှန်ပါ)၊ ဓိအလှည့်

http://www.dhammadownload.com



ကြည့်ပါလား ဒကာ, ဒကာမတို့၊ သေလမ်းတွေ ခဏခဏ တွေ့ရတယ် ဆိုတာ သူကလှည့်တယ်။ သူက ဝင်ရိုးကြီးဗျ-(မှန်ပါ)။

သူက ဘာပါလိမ့်- (ဝင်ရိုးပါ)၊ ဘာတွေ လှည့်ပေးနေသတုံး-(သေလမ်းချည်း လှည့်ပေးနေပါတယ်)၊ သေပွဲတွေ လှည့်ပေးလိုက်၊ သမုဒယသစ္စာ လှည့်ပေးလိုက်၊ ဒုက္ခသစ္စာ-(လှည့်ပါတယ်)၊ ဒီအဝိဇ္ဇာနဲ့ တဏှာက ဝင်ရိုးလုပ် လှည့်နေတယ်-(မှန်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ အသေထပ် ဆင်းရဲထပ်နေတယ်-(မှန်ပါ)၊ သဘောကျပလား- (ကျပါပြီဘုရား)။

ဒါဖြင့် အာသဝ ဝင်ရိုးဆိုတာ တအားကြွယ် ပေါ်ပလား-(ပေါ်ပါပြီ)၊ ဒါက ကာမာသဝ, ဘဝါသဝလေ၊ ဒါက ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ရှင်းပလား- (ရှင်းပါပြီ)။ အာသဝ ဝင်ရိုး လှည့်လိုက်ပြီ ဆိုမှဖြင့် မှောင်ဘသော် ဒါကြီးဟာ ဒီအတိုင်းနေသေးသလား—လှည့်နေသလား-(လှည့်နေပါတယ် ဘုရား)၊ အသေတွေ ဆက်နေတယ်- (မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ ။

ကိုင်း.... သူလှည့်လိုက်ပြီဆိုမှဖြင့် ဘာသစ္စာတွေချည်း တွေ့နေရသတုံး—(သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာတွေချည်း တွေ့နေရပါတယ်)၊ သမုဒယနဲ့ဒုက္ခကို သူလှည့်ပေးနေတာ— (မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီဘုရား)။

သမုဒယနဲ့ ဒုက္ခကို အာသဝ ဝင်ရိုးက လှည့်ပေးနေတာ။ သူသာ ဒီဝင်ရိုးကြီးသာ လှည့်မပေးမယ်ဆိုလို့ ရှိယင် ဒကာ, ဒကာမတို့၊ ဒါကြီးဟာ ဒီလို သွားနိုင်ပါမလား- (မသွားနိုင်ပါဘူး)။ သူက လှည့်ပေးနေတာ—(မှန်ပါ)၊ ဒီအသေကြီးဟာ ဒီဘက်ရောက်လိုက်, ဒီဘက်ရောက်လိုက်နဲ့ အသေတွေ လှည့်

http://www.dhammadownload.com



ရောက်နေတာ-(မှန်ပါ)၊ မရောက်ဘူးလား- (ရောက်ပါတယ် ဘုရား)၊ ဘယ်သူက လှည့်တာပါလိမ့်- (အာသဝဝင်ရိုး လှည့် တာပါ)၊ ဒါကြောင့် ဒီဥစ္စာ ပါလာတာ တကာကြွယ်ရဲ့ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ခင်ဗျားတို့ အခုတော့ ဥပမာ ဖြတ်ပွဲ့ပြည်မှာ သေတယ် ဆိုပါဦးတော့ တော်တော်ကြာကျတော့ လူ့ပြည်မှာသေတယ်-(မှန်ပါ)၊ တော်တော်ကြာ ကျတော့ သူ့ကို လှည့်လိုက်လို့ ရှိယင် ငရဲပြည်သေတယ်၊ အောက်ရောက်သွားမှာပဲ-(မှန်ပါ)၊ မရောက်ပေဘူးလား- (ရောက်ပါတယ်)။ တော်တော်ကြာ ကျတော့တိရစ္ဆာန်ဘုံဆိုပြီးတော့ ဒီရောက်လာဦးမှာပဲ။မရောက် ပေဘူးလား-(ရောက်ပါတယ်)၊ ဘယ်သူက လှည့်ပေးတာတုံး-(အာသဝ ဝင်ရိုးကပါဘုရား)။ အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ အာ သဝက လှည့်လိုက်တာ-(မှန်ပါ)၊ ကဲ....သူတို့ လှည့်လိုက်တာ ဘကာကြွယ် သေတာကိုပဲ နေရာ ထပ်နေတယ်- (မှန်ပါ)၊ သူက စီစီပါအောင် လှည့်နေလို့ရှိယင် အသေ မထပ်ပေဘူး လား-(ထပ်ပါတယ်)၊ သဘောပါကြပလား- (ပါပါပြီ)။

ဒါဖြင့် သူတို့မချုပ်သရွေ့ ကျုပ်တို့ လှည့်ပြီး အသေခိုင်းဦး မှာပဲ-(ခိုင်းမှာပါဘုရား)။

ဦးဘအုန်း ဘယ်လိုမှတ်မလဲ- (သူတို့မချုပ်သရွေ့ လှည့်ပြီး အသေခိုင်းဦးမှာပါဘုရား)၊ သူတို့က ဝင်ရိုးဗျ။ အာသဝ ဝင်ရိုးဆိုတာ ဒါပဲ-(မှန်ပါ)၊ ဘေးမှာလဲ အသေခိုင်းတယ်၊ အထက်မှာလဲ- (အသေခိုင်းပါတယ်)၊ အောက်လဲ-(အသေ ခိုင်းပါတယ်)၊ သေတဲ့နေရာကို ကျုပ်တို့ထပ်နေပြီ- သူတို့ လှည့် လိုက်တာ၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

http://www.dhammadownload.com



တကာကြွယ် ဒါဖြင့် ဒီ အာသဝ ဝင်ရိုး မကျိုးသရွေ့ ကာလမတ်လုံး တော်မါ့မလား- (မတော်ပါဘူး)၊ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာ ချုပ်ရလိမ့်မယ်။ အဝိဇ္ဇာနဲ့ တဏှာ ချုပ်ယင် ဝင်ရိုးကျိုးပြီးယင် ဒါကြီးဟာ အောက်မှာ ပြားသာ နေစရာ ရှိတော့တယ်။ ဒီလိုတော့ မလည်တော့ဘူး- (မှန်ပါ)၊ လည်နိုင်ပါ့မလား-(မလည်နိုင်ပါဘူး)။

ကဲ....ဒါဖြင့်တကာ့ကြွယ် အလုပ်လုပ်ကြစို့နော်-(မှန်ပါ)။ အလုပ်မလုပ်ယင် ဒီဝင်ရိုး မကျိုးဘူး- (မှန်ပါ)၊ ဒါကြောင့် ဦးဘအုန်းတို့ အလုပ်လုပ်ပါ-(မှန်ပါ)၊ ဥပမာမယ် ခင်ဗျားတို့ ငိုက်တဲ့စိတ်ကလေး ပေါ်လာဘယ်၊ ကဲ.... တကာကြွယ်တို့က ဖြစ်ပျက်ရှုလိုက်။ ဖြစ်ပျက်ရှုလိုက်တော့ကို ငိုက်တဲ့စိတ်ကလေး ဟာလဲ ငိုက်တဲ့ ယောကျ်ားဖြင့် ယောကျ်ား၊ မိန်းမဖြင့် မိန်းမ ပေါ့ဗျာ.... ဖြစ်ပျက်ရှုလိုက်တော့ကို တစ်ယောက်သေပြန်ပြီသို့ မသိဘူးလား-(သိပါဘယ်)၊ သိရတယ်ဆိုဘာ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)၊ ဘာနဲ့ ကြည့်သတုံးဆိုတော့ ဝိဇ္ဇာနဲ့ ကြည့်တယ်-(မှန်ပါ)။ ဒါဖြင့် ဒီအသေမျိုးကို လိုချင်သေးသလားလို့ မေးတော့-(မလိုချင်ပါဘူး)၊ မလိုချင်တော့ အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်တယ်၊ တဏှာက အလောဘ ဖြစ်တယ်၊ ဝင်ရိုး ကျိုးပြီ.... (မှန်ပါ)၊ မကျိုးသေးဘူးလား-(ကျိုးပါတယ်)၊ ဖြစ်ပျက်မြင်ဘဲ့ပုဂ္ဂိုလ် ဝင်ရိုးကျိုးဘယ်-(မှန်ပါ)။

တကာကြွယ် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်- (ဝင်ရိုးကျိုးပါဘယ်)။ ဘာဖြစ်လို့တုံးဆိုတော့ တကာကြွယ်၏ အသေကို တကာကြွယ် မြင်ပေါ့ကိုး- (မှန်ပါ)၊ တကာကြွယ် ကုသိုလ်စိတ်ကလေးနဲ့ နေတယ်၊ ကုသိုလ်စိတ်ကို တကာကြွယ်က ဖြစ်ပျက်ရှုလိုက်စမ်း။

http://www.dhammadownload.com



ကုသိုလ်လုပ်နေတဲ့ တကာကြွယ် ရှိသေးရဲ့လား- (မရှိပါဘူး)၊ မရှိတော့ တကာကြွယ် သေတယ်-(သေပါတယ်)။

ဩြော်....ဒါဖြင့် အခုသိမြင်တာက ဝိဇ္ဇာ။ နောက် ဒီလို အသေမျိုး လိုချင်သေးရဲ့လား-(မလိုချင်ပါဘူး)၊ မလိုချင်တာ ဟာ အလောဘ- (မှန်ပါ)၊ ဒါဖြင့် ဒကာ, ဒကာမတွေ ကြည့် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီ။ တဏှာက အလောဘဖြစ်ပြီ။ ဝင်ရိုး နေရာမှာ ပြောင်းသွားပြီ- (မှန်ပါ)။ မပြောင်းဘူးလား.... (ပြောင်းပါတယ်)။

အဝိဇ္ဇာက ဘာဖြစ်သတုံး- (ဝိဇ္ဇာဖြစ်ပါတယ်)၊ တဏှာက ဘာဖြစ်သတုံး-(အလောဘဖြစ်ပါတယ်)၊ အလောဘဆိုတာက မလိုချင်တာ-(မှန်ပါ)။ အဲဒီတော့ ဝင်ရိုးကြီး ဘယ့်နှယ်နေ သတုံး တကာကြွယ်ရဲ့-(ကျိုးပါတယ်ဘုရား)၊ ဝင်ရိုးကျိုးသွား ယင် လှည့်ပေးမည့်သူ ရှိသေးရဲ့လား-(မရှိပါဘူး)၊ ကဲ... ဒါဖြင့် ဒီကလဲ မစတော့ဘူး.... ဒီကလဲ မစတော့ဘူး။ သဘောကျ ပလား-(ကျပါပြီ)။

ဒီသမုဒယ သစ္စာကော စသေးရဲ့လား- (မစပါဘူး)၊ ဒီသမုဒယ အစကော စနိုင်သေးရဲ့လား.... (မစနိုင်ပါဘူး)၊ ဘာဖြစ်လို့တုံး- ဒီဝင်ရိုးဟာ သူတို့ နှစ်ခု လှည့်ပေးနေတာ.... (မှန်ပါ)။ သူတို့နှစ်ခုက ဒီမှာဝင်ပြီး လှည့်နေတာ- (မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ ဘာတရားနာရသတုံး မေးတော့ ဩြော်....သံသရာမှာ တို့ကို အသေနေရာ မရွေးနိုင်အောင် လှည့် ပေးနေတဲ့ ဝင်ရိုးဖြင့် ပြုတ်ပေပေါ့- (မှန်ပါ)၊ ဦးဘာအုန်း သဘောကျပလား-(ကျပါပြီ)၊ ဒီနေ့ ဘာတရား ဟောသတုံး-

http://www.dhammadownload.com



ဇင်ရိုးကျိုးတဲ့ တရားကို ဟောစတယ်- (မှန်ပါ)၊ ဘာဝင်ရိုး ပါလိမ့်တုံး-- (အာသဝဝင်ရိုးပါဘုရား)၊ ဘာနဲ့ ချိုးကြ သတုံးဆိုတော့ ဖြစ်ပျက်မြင်တဲ့ဝိဇ္ဇာနဲ့ ချိုးလိုက်တယ်-(မှန်ပါ)။ ဖြစ်ပျက်ကို မလိုချင်တဲ့ အလောဘနဲ့ ချိုးလိုက်တယ်-(မှန်ပါ)၊ လောဘတဏှာကို အလောဘနဲ့ သတ်လိုက်တယ်၊ မသိတာကို သိတာနဲ့ သတ်လိုက်တယ်-(မှန်ပါဘုရား)၊ တကာကြွယ် ရှင်းပ လား-(ရှင်းပါပြီ)။

မလိုချင်တဲ့ အလောဘနဲ့ သတ်လိုက်တော့ ဖြစ်ပျက် ရှုတဲ့ ပုဂ္ဂိုလ်များမှာ ဒုက္ခသစ္စာကိုလဲ သိသွားပြီ၊ သိတော့ အဝိဇ္ဇာ ရှိသေးရဲ့လား-(မရှိပါဘူး)၊ ဒုက္ခသစ္စာမှန်း ဆေသေချာချာ သိတောလဲ သူ့ကို လိုချင်သေးရဲ့လား- (မလိုချင်ပါဘူး)။ မလိုချင်တော့ လိုချင်တဲ့ လောဘကလဲ ရှိသေးရဲ့လား.... (မရှိပါဘူး)၊ ဒါဖြင့် ဒီနေရာမှာ အဝိဇ္ဇာက ဘာဖြစ်သတုံး- (ဝိဇ္ဇာဖြစ်ပါတယ်)၊ တဏှာကဘာလဲဖြစ်သတုံး-(အလောဘ ဖြစ်ပါတယ်)၊ ဒါဖြင့် သူတို့ လှည့်မှုဖြစ်တာ၊ သူတို့က လှည့်မှု မလှည့်တော့ဘဲ-(မှန်ပါ)၊ ဒီတရားတွေက နိဗ္ဗာန်ကိုသာ သွား တယ်-(မှန်ပါ)၊ ဝိဇ္ဇာကလဲ နိဗ္ဗာန်ကိုသာသွားတယ်။ သဘော ကျပလား-(ကျပါပြီ)၊ အလောဘကလဲ နိဗ္ဗာန်ပဲပို့တယ်- (မှန်ပါ)၊ အဲဒီလို ပို့လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ မှာ ဝင်ရိုးကျိုးလို့သံသရာမလည်ရတော့ဘူး-(မှန်ပါ)၊ အသေ မထပ်ရတော့ဘူးဟော့.... (မှန်ပါ)။ သဘော ပါပလား.... (ပါပါပြီ)။

ပညာ့ဂုဏ်ရည်(၁၃)

http://www.dhammadownload.com



ကဲ....ဒါဖြင့် တကာကြွယ်တို့ ဒီအလုပ်မှာစပ်ပါး ကျုပ်တို့မှာ အသေဓာတ်သိမ်းတဲ့နည်း, အအိုဓာတ်သိမ်းတဲ့နည်း, ဆင်းရဲဓာတ်သိမ်းတဲ့နည်း, သမုဒယဓာတ်သိမ်းတဲ့နည်း, ဒုက္ခဓာတ်သိမ်းတဲ့နည်း မရှိပါဘူး–(မှန်ပါ မရှိပါဘူးဘုရား)။ ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ဘို၊ ဦးဘအုန်းတို့–ဘာသုံပ်ကြမှာဘုံး-(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက် မြင်အောင် ရှုရမယ်....(မှန်ပါ)။

ဖြစ်ပျက် ဆိုတာ ဘယ်သူ့ အသေတုံး - (ကိုယ့်အသေပါဘုရား)၊ အဲ....ကိုယ့်အသေကို ကိုယ်မြင်အောင်ကြည့်၊ လူဟာ စိတ်တစ်ခုတည်းနဲ့ အသက်ရှင်တာကိုး(မှန်ပါ)၊တစ်စိတ်တည်းနဲ့ အသက်ရှင်တော့ ကဲ...တကာကြွယ် စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ တကာကြွယ်က ဖြစ်ပျက်ရှုလိုက်၊ စားချင်တဲ့ တကာကြွယ် တစ်ယောက် သေတာပဲ-(မှန်ပါ)၊ သေလိုက်တယ် ဆိုတော့ ဒုက္ခဆုတ်သေတာ-(မှန်ပါ)၊

ဒါဖြင့် ရှိတဲ့ဉာဏ်ကလေးက ဘာကိုမြင်သတုံး–(ဒုက္ခသစ္စာကို မြင်ပါတယ်)၊ဒုက္ခဆုတ်တဲ့ ဒုက္ခသစ္စာပဲ သွားပြီးမြင်တယ်-(မှန်ပါ)၊ ဒီဒုက္ခချိ၊ တကာကြွယ် နောက်ရချင်သေးသလား-(မရချင်ပါဘူး)၊ မရချင်တော့ လောဘကလဲ သေသွားတယ်-(မှန်ပါ)၊ ရချင်တာက လောဘကိုး၊ မရချင်တော့ဘူးဆိုတော့ အလောဘ ဖြစ်သွားတယ်-(မှန်ပါ)၊

ဒါဖြင့် ဝင်ရိုး ဘယ့်နှယ်နေသတုံး- (ကျိုးပါတယ်ဘုရား)၊ ဝင်ရိုးကျိုးတယ်ဆိုလို့ရှိယင် ဘီးများ ဝင်ရိုးကျိုးယင် သွားလို့

http://www.dhammadownload.com



ဖြစ်သေးရဲ့လား- (မဖြစ်ပါဘူး)၊ အဲ...သံသရာဘာ သွားလို့ လှည့်လို့ မဖြစ်ခတော့ဘူး(မှန်ပါ)။

ဦးဘာအုန်း သံသရာလှည့်လို-(မဖြစ်ပါဘူးဘုရား)၊ အဝိဇ္ဇာနဲ့ တဏှာ ဆိုတဲ့ ဝင်ရိုးက ဝိဇ္ဇာဖြစ်သွားပြီ၊ အလောဘဖြစ်သွားပြီ- (မှန်ပါ)၊ အဲဒီတော့ ဝင်ရိုးကြီး ကျိုးသွားတယ်- (မှန်ပါ)၊ လှည့်ပေးမယ့်သူ ရှိသေးရဲ့လား-(မရှိပါဘူး)။

ဒါဖြင့် သံသရာ ခရီးသည်ဘဝမှာ ဟိုဆောက် ဒီဆောက်နဲ့ အသေ လှည့်ရသေးရဲ့လား- (မလှည့်ရပါဘူး၊) အထက်မှာ ဗြဟ္မာကြီးအဖြစ်နဲ့ကော- (မရောက်တော့ပါဘူး)၊ အောက်မှာ လူ့ပြည် လူအဖြစ်နဲ့သေလိုက်ကော- (မရောက်ပါဘူး)၊ နတ် ပြည် နတ်အဖြစ်နဲ့ သေလိုက်ကော- (မရောက်တော့ပါဘူး ဘုရား)၊မရောက်တော့ပါဘူး လှည့်ပေးမည့်သူကုန်ပြီ-(မှန်ပါ)။

အလျှင်တော့ သူလှည့်...လို့ ကျုပ်တို့မှာ သေဘဲ့နေရာတွေ ဟာ မမြဲဘူး၊ ဟိုသွားသေလိုက်ရ၊ ဒီသွားသေလိုက်ရ၊ လေး ဘက် လှည့်သေနေရတာပဲ-(မှန်ပါ)။ ဘယ်သူကလှည့်ပေးနေလို့ ပါလိမ့်-(အဝိဇ္ဇာနဲ့ တဏှာပါဘုရား)၊ အာသဝ ဝင်ရိုးက လှည့် ပေးနေတယ်-(မှန်ပါ)၊ ရှင်းကြပြီလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် အသေ မချတာလဲ ဘယ်သူတုံး-(အာသဝဝင်ရိုးပါ ဘုရား)။ အခုနမချဘာသဲ-(အာသဝ ဝင်ရိုးပါဘုရား)၊ ရှင်းပြီ နော်- (ရှင်းပါပြီဘုရား)၊ ဝင်ရိုးကျိုးသွားတော့ ဦးဘာအုန်း စိတ်ချရပေါ့-(မှန်ပါ)၊ ဒီတစ်ခါဖြင့် ဘယ်နေရာမှ မရောက် တော့ဘူး ဆိုတဲ့ နိဗ္ဗာန်ရောက်တယ်- (မှန်ပါ)၊ ဘာ့ကြောင့် ပါလိမ့်-(အာသဝဝင်ရိုးကျိုးလို့ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ ဒုက္ခ ဒုက္ခမတွေမှာ ယနေ့ ဘာအားမျှ နှာရသေးတုံး မေးယင် ဘယ့်နှယ်ပြောကြမတုံး- (ဝင်ရိုးကျိုးတဲ့ တရားပါ)။

ကဲ....ဒီဝင်ရိုးကျိုးတော့ ဒီဒေါက်တွေကော ဒုက္ခ ဒုက္ခမ တွေ ဘာအသုံးကျသေးတုံး.... (ဘာမှ အသုံးမကျပါ ဘုရား)။ ဒီဒေါက်တွေကော-(မကျပါဘူးဘုရား)၊ ဒီဒေါက်တွေကော- (မကျပါဘူးဘုရား)။ ဒေါက်လေးဒေါက် အကုန်ဘာမှအသုံး မကျတော့ဘူး- (မှန်ပါ)။ ဒီအကွပ်ကြီးဟာလဲ ဘာအသုံး ကျသေးသတုံး- (ဘာမှ အသုံးမကျပါဘူး)၊ ဒီဝဋ်တွေလဲ အကုန် ကျွတ်သွားတယ်။ ဝင်ရိုးသာ လိုရင်း....(မှန်ပါ)၊ ရှင်း ပလား-(ရှင်းပါပြီဘုရား)။

ဘာလိုရင်းပါလိမ့်- (ဝင်ရိုးလိုရင်းပါဘုရား)၊ ဒါကြောင့် ဝင်ရိုးကျိုးလို့ရှိယင် လှည်းမျှားမှာ ဒီဒေါက်တွေလဲ အလကား၊ ဒေါက်လေးဒေါက် အလကား ဖြစ်သွားတယ်- (မှန်ပါ)၊ ဒေါက်လေးဒေါက် အုပ်ချုပ်ထားတဲ့ ဒီက သံပတ်ခွေကြီးဟာ ကော-(အလကားပါဘုရား)။

ဒါကြောင့် ငဝ်ဗျားတို့ ဘုရားဟောတဲ့အတိုင်း ဘုန်းကြီး ပြောသလို ဝင်ရိုးကျိုးတဲ့နည်းကို လုပ်ကြမယ်ဆိုလို့ရှိယင် အသေ လဲ နေ့နိုင်တော့ပါဘူး-(မှန်ပါ)၊ အနေ့ဆင်းရဲကော- (မရှိ နိုင်ပါဘူး)၊ သောကပရိဒေဝ အပူဆင်းရဲ- (မရှိပါဘူးဘုရား)၊ ဘာဖြစ်လို့ မရှိပါလိမ့်မတုံး- (ဝင်ရိုးကျိုးလို့ပါဘုရား)၊ လှည့် ပေးမည့် အာသဝဝင်ကျိုး သွားတယ်-((မှန်ပါ)။

ဦးဘအုန်း ဘယ်သူကျိုးသွားသတုံး– (လှည့်ပေးမည့်ဝင်ရိုး ကျိုးသွားပါတယ်)၊ အာသဝဝင်ရိုး ကျိုးတယ် ဆိုကတည်းက

ဒုက္ခ ဒုက္ခမတွေ ပူစရာ ရှိသေးရဲ့လား-(မရှိပါဘူး)။ ဪ...
ဒါကြောင့် ဝိဇ္ဇာဥဒပါဒိ။ ဝိဇ္ဇာ-ဝိဇ္ဇာသည်၊ ဥဒပါဒိ- ဖြစ်
ပေါ်လာ၏-(မှန်ပါ)၊ အာလောကော ဥဒပါဒိ- အခုမှပဲ
အလင်းရပေတော့တယ်-(မှန်ပါ)၊ ဉာဏံ ဥဒပါဒိ- အခုမှပဲ
အသေလွတ်တဲ့နေရာ မြင်ရပေတော့တယ်- (မှန်ပါ)၊ ရှင်းပ
လား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခ ဒုက္ခမတို့မှာ ဖြစ်ပျက်ရှုမှုမှတစ်ပါး ထကာ
ကြွယ်၊ အားထားစရာမရှိဘူး- (မရှိပါဘူးဘုရား)၊ ဖြစ်ပျက်
ရှုတော့ ဘာကျေးဇူးရှိသတုံးဆို ဘာ ယနေ့ ပေါ်လာတယ်-
(ပေါ်လာပါတယ်ဘုရား)၊ အာသဝ ဝင်ရိုးကျိုးတယ်ဘုရား-
(မှန်ပါ)၊ ဘာရှုလိုက်လို့လဲ....- (ဖြစ်ပျက်ရှုလိုက်လို့ပါ)၊ ဖြစ်
ပျက် ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ အဲ....ဒုက္ခသစ္စာကို ဒုက္ခ
သစ္စာမှန်း သိတာက ဝိဇ္ဇာ- (မှန်ပါ)၊ ဒုက္ခသစ္စာမှန်း သိသို့
မိမိအသေမှန်းသိလို့ မလိုချင်တာက အလောဘ- (မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာချုပ်တယ်။ ဝိဇ္ဇာနဲ့ အလောဘ
ရောက်လာတယ်-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝင်ရိုးကျိုးတဲ့ ဘီးသည် ဘယ်မှ မလိမ့်တော့ပါ
ဘူး-(မှန်ပါ)၊ ဦးဘအုန်း ဘယ်လိမ့်သေးသတုံး- (ဘယ်မှ
မလိမ့်တော့ပါဘူး၊ ဘယ်မှ မလိမ့်တော့ဘူးဆိုသဖြင့် နိစ္စနိဗ္ဗာန်၊
ဓုဝနိဗ္ဗာန်ကို အမြဲတမ်းရသွားတယ်၊ ဘယ်မှ မရွှေ့ရတော့
ဘူး-(မှန်ပါ)။

အခုတော့ ဒုက္ခ ဒုက္ခမတွေ ဒီနေရာက ရွှေ့ကြရ၊ ဟိုနေ
ရာက တစ်ဖန်ကော- (ရွှေ့ရပြန်ပါတယ်)၊ ဦးဘအုန်း ခင်ဗျား
တို့ နေရာမြဲသလား- (မမြဲပါဘူးဘုရား)- အနေမှမမြဲယင်

http://www.dhammadownload.com



တော့ အသေကော– (မမြဲပါဘူးဘုရား)၊ အနေလဲ ဘယ်နေရာရယ်လို့ မသိဘူး၊ ရေထဲသေရမလား.... ကုန်းပေါ်သေရမလား မပြောတတ်သေးဘူး– (မှန်ပါ)၊ ဒါဖြင့် အနေမမြဲ အသေမမြဲဆိုတာ ဒိဝင်ရိုးလှည့်ပေးနေတာ– (မှန်ပါ)၊ ရှင်းပလား–(ရှင်းပါပြီ)။

အခုတော့ ဒိဝင်ရိုးကျိုးသွားတဲ့ အလုပ်ကို ခင်ဗျားတို့ဆ လုပ်ကြလို့ ရေးပေါက်သွားပြီဆိုယင် အနေကော.... (မြဲပါတယ်ဘုရား)၊ အသေကော....(မရှိပါဘူး)။

ဒါဖြင့် အနေမြဲ အသေမရှိအောင် ဒဏာ ဒကာမတို့ ဝင်ရိုးကျိုးအောင်လုပ်– (မှန်ပါ)၊ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဦးဘအုန်း ဘာလုပ်မယ်- (ဝင်ရိုးကျိုးအောင် လုပ်ရပါမယ်၊ အဲ....ဝေဒနာ ကြိုက်ယင် ဝေဒနာဖြစ်ပျက်ရှု–(မှန်ပါ)၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်ဖြင့်–(စိတ်ကို ဖြစ်ပျက်ရှုရပါမယ်)၊ အဲ.... ရှုနေတဲ့ဉာဏ်သည် ဝင်ရိုးကျိုးအောင် လုပ်နေတာပဲ (မှန်ပါ)။ ပေါ်ပလား... (ပေါ်ပါပြီ)။

ကဲ....နာရီစေ့ပြီ၊ ယနေ့ ဒီတွင် တော်ကြစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# အဘိဓမ္မာ ဒိဋ္ဌိတန်းလန်းဆိုယင် နိဗ္ဗာန်မမြင်နိုင်

# အလုပ်ပေးတရားတော်

[၁၄-၁၂-၁၉၆၁]

[ ယမက နှင့် ရှင်ဆန္နဝတ္ထုပြပါသည် ]

အားလုံး ဒကာ ဒကာမတွေ နိဗ္ဗာန်တားမြစ်တာ ဘယ်သူတုံးလို့ မေးလိုက်ယင်ဖြင့် ဒိဋ္ဌိလို့ မှတ်ထားကြပါနော်-(မှန်ပါ)၊ နိဗ္ဗာန်မရောက်အောင် တားမြစ်ထားတာ ဒိဋ္ဌိဆိုတာ သေသေချာချာမှတ်ထားကြပါ၊

နိဗ္ဗာန်ကို အနီးကလေးနဲ့မရောက်နိုင်တာလဲ ဒိဋ္ဌိပဲ-(မှန်ပါ)။ ဒိဋ္ဌိရှိပြီဆိုမှဖြင့် တကာကြွယ် မှတ်ပေတော့ ဘယ်တော့မှ နိဗ္ဗာန်မရဘူးလို့-(မှန်ပါ)၊ ဒိဋ္ဌိရှိနေယင် ဘယ်အခါကာလမှ နိဗ္ဗာန်မရ။ ဒိဋ္ဌိကို မခွါနိုင်ယင် ဘယ်လို ဆုတောင်းဆုတောင်း ဘယ်လိုဒါနတွေ လှူဒါန်းလှူဒါန်း မရပါဘူး-(မှန်ပါ)။

http://www.dhammadownload.com



ကောင်းပြီ ရင်း ဒိဋ္ဌိသည် ဘယ်နှယ်ကြောင့် တပည့်တော်တို့ ဝမ်းထဲမှာ ကိန်းပါလိမ့်မလဲလို့ ဆိုတော့ လက်သည်ကို ရှာကြစို့နော်—(မှန်ပါ)၊ အဲဒီလက်သည်ရှာတဲ့ အခါကျတော့ ကို ပဋိစ္စသမုပ္ပါဒ် အခုပြထားတဲ့ ခန္ဓာပုံစံကြီးကို (ဝါ) ခန္ဓာဖြစ်စဉ်ကို နားမလည်လို့...လို့မှတ်ပါ-(မှန်ပါ)၊ ဒိဋ္ဌိ ဘယ်က လာသတုံးဆိုလို့ရှိယင်ဖြင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားမလည်မှုက လာတယ်- (မှန်ပါ)၊ ကိုယ့်-ခန္ဓာ့ဖြစ်စဉ် ကိုယ်မသိမှုက လာတယ်လို့ တကာကြွယ်မှတ်ရလိမ့်မယ်- (မှန်ပါ)၊ ကိုယ့်-ခန္ဓာ့ဖြစ်စဉ်မသိမှုက လာတော့ တဘ်နိုင်လို့ အနိစ္စ ဒုက္ခ အနတ္တတော့ ဘယ်လိုပဲ အားထုတ် အားထုတ် ဒိဋ္ဌိမကွာသယ် မရပါဘူး.... (မှန်ပါ)၊ ဘယ်လိုပဲ မြှင်မြှင် ဒိဋ္ဌိမပြုတ်သင် ရကိုမရဘူးလို့ မှတ်စမ်းပါ-(မှန်ပါ)၊ ဒိဋ္ဌိကို အသိဉာဏ်နဲ့ ဖြုတ်ထားမှုမရှိလို့ရှိယင်ဖြင့် အနိစ္စ ဒုက္ခ အနတ္တတော့၊ ဆရာသမားတွေက ပြောလို့ ဖြစ်ပျက်တွေ မြင်စေကာမူ ဒိဋ္ဌိကိုဉာဏ်ထဲမှာ မပြုတ်သဲနဲ့- ဖြုတ်ပြီးတော့ မကျင့်လို့ရှိယင်ဖြင့် မောင်ဘ်နသင်တို့ မရဘူးလို့မှတ်ပါ--(မှန်ပါ)၊ ရှင်းပြီနော်-(ရှင်းပါပြီ)။

ဒါဖြင့် ခဏခဏ သတိပေးရတယ်တကာကြွယ်၊ ဝိပဿနာရှုမှု ရှေ့ထားမလား၊ ဒိဋ္ဌိဖြုတ်မှု ရှေ့ထားမလား ဆိုတာ မေးခွန်းမေးရတယ်-(မှန်ပါ)၊ မေးတော့ စကာ ဒကာမတွေ ဘယ်လို အဖြေပေးရသတုံး- (ဒိဋ္ဌိကို အလျင် ဖြုတ်ရပါမယ်)၊ ဒိဋ္ဌိဖြုတ်ဖို့ကို ရှေ့ထားပြီးမှ ဝိပဿနာအားထုတ်ပါ-(မှန်ပါ)၊ ဘာနဲ့ သွားကိုက်သတုံးလို့ မေးတော့ ဉာဏပရိညာ- သိမှုရှိမှ တီရဏပရိညာ-ပွားများလို့ရပါတယ်- (မှန်ပါ)၊ ပွားမှုရှိမှ ရှင်၊တရားတွေ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေပယ်မှု ဖြစ်နိုင်တယ်-(မှန်ပါ)၊

http://www.dhammadownload.com



သိမှုမရှိလို့ရှိယင် ပွားမှုတွေ ခရီးမရောက်ဘူးလို့ မှတ်လိုက် ခမ်းပါ–(မှန်ပါ)။

ဒါကြောင့်မြင်းမြီးဆွဲ မောင်ဆန်လို....ခင်ဗျားတို့ ပြောခန ကြတဲ့ ဆန္ဒမထေရ်တို့မျှား ပွားလိုက်တာ နှစ်ပေါင်းသေး ဆယ်ကျော် အနိစ္စ အနတ္တတွေ ပွားတယ်၊ ဉာဏ်ပရိညာ မစင်ကြယ်ဘော့ တစ်ခါတည်း ဒိဋ္ဌိမကွာတဲ့အတွက် တဲကာ ကြွယ် နိဗ္ဗာန်ကိုမရနိုင်ဘူး--(မှန်ပါ)၊ နောက် ရှင်အာနန္ဒာက ဒိဋ္ဌိခွါတဲ့နည်းကို ပေးလိုက်တော့မှ ဖြစ်ပျက် အားထုတ်တော့ သူ နိဗ္ဗာန်ရတယ်–(မှန်ပါ)၊

အဲဒီလို ဝတ္ထု သက်သေ သာဓကတွေ အသေအချာရှိနေ တော့ ဒကာဒကာမတွေ ဒိဋ္ဌိရှေ့ထားပြီး ခွါရမယ်ဆိုတာ မှတ် ရမယ်–(မှန်ပါ)။

ဝိပဿနာ -အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုမှု ဒိဋ္ဌိခွါမှုရယ်လို့ နှစ်မှု ရှိတယ်နော်-(မှန်ပါ)၊ အဲဒီနှစ်မှုရှိရာတို့တွင် ဒိဋ္ဌိခွါမှုကို ရှေ့ ထားပြီးမှ အနိစ္စ၊ ဒုက္ခ၊အနတ္တ ရှုမှုကို နောက်ထားလို့ယင်ဖြင့် လမ်းစဉ်မှန်ပြီလို့မှတ်ပါ–(မှန်ပါ)၊ နို့မဟုတ်ယင် ဘယ်လိုပဲ အားထုတ် အားထုတ် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒိဋ္ဌိ မကွာလို့ရှိယင် နှစ်ပေါင်းသေးဆယ်ကျော် အားထုတ်တဲ့ ရှင် ဆန္ဒမထေရ်ဘာ မရပါဘူးဆိုဘာ ကျမ်းဂန်တွေမှာ ရှိနေပါ တယ်- -(မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အားထုတ်မှု ဖြင့်မလွဲပါစေနဲ့ ရှေ့ထားရမှာကို ရှေ့ထားပါ၊ နောက်ထားရ မှာကို.... (နောက်ထားရပါမယ်) ဒီဟာ မလွဲပါစေနဲ့ဆိုတာကို ဦးဘာအုန်းတို့မောင်ဘသော်တို့သတိပေးရတယ်-(မှန်ပါဘုရား)။

http://www.dhammadownload.com



ရှေ့နောက် လွဲနေပြီဆိုယင်ဖြင့် မောရုံပဲ ရှိမယ်။ မဂ်ဖိုလ်ရဖို့ မလွယ်ဘူး-(မှန်ပါ)။

ဒါ့ကြောင့် ဆရာသမား ကောင်းကောင်းတွေနဲ့ တွေ့ဖို့ အရေးကြီးပါတယ်၊ ဘုရားဟောကျမ်းဂန်တွေနဲ့ မညီမညွတ် တာတွေ ပြသပြောဟောနေကြတဲ့ ဆရာတွေနဲ့ တွေ့မယ်ဆို ယင် ဒကာ ဒကာမတွေအားလုံးပဲ အလိုရှိလို့ ဆန္ဒကောင်း ကောင်းနဲ့ ကြိုးစားသော်လဲ ဆရာလိမှုကြောင့်လဲ ကိုယ့်မှာ ခရီးမရောက်ဘဲဖြစ်တတ်တယ်- (မှန်ပါ)၊ ဒါ့ကြောင့် ရွေးရ မယ် ချယ်ရမယ်ဆိုတာလဲ သေသေချာချာမှတ်ပါ-(မှန်ပါ)။

ကိုင်းဒါဖြင့် ဒီဥစ္စာ ဒိဋ္ဌိ ဘယ့်နှယ်ကြောင့်မကွာနိုင်သတုံး လို့မေးတဲ့ အခါကျတော့မှ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့.... (မှန်ပါ)၊ ခန္ဓာဖြစ်စဉ် အကြောင်းအကျိုးကို နားမလည်လို့ ဖြစ်ရပါတယ် ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပါနော်.... (မှန်ပါ)၊ ခန္ဓာဖြစ်စဉ် အကြောင်းအကျိုးကို နားမလည်လို့ရှိ ယင်လဲ ဒိဋ္ဌိဖြစ်တာပဲ-(မှန်ပါ)။

ကဲ....ဒါဖြင့် တရားကြွယ်တို့ နာပြီးသားပဲ ဝတ္ထုတစ်ခုကို ထုတ်ကြည့်ပါနော်....(မှန်ပါ)၊ ဘုရားလက်ထက်က ဇေတဝန် ကျောင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ ရှင်သာရိပုတ္တရာ တို့ သီတင်းသုံး နေထိုင်ကြပါတယ်-- (မှန်ပါ)၊ ယမကဆိုတဲ့ ရဟန်းက ပဋိစ္စသမုပ္ပါဒ်ကို သူနားမလည်ဘူး။ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ သစ္စာလဲ နားမလည်တော့ဘူး- (မှန်ပါ)၊ ဘာ့ကြောင့်တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာက အဝိဇ္ဇာ ကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုတာက ပဋိစ္စသမုပ္ပါဒ်.... (မှန်ပါဘုရား)၊ နောက်ဆုံးပိတ် ကျတော့

http://www.dhammadownload.com



ဝေမေတဿ လော်ဝလုဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ ဆိုတော့ ဒုက္ခသစ္စာကို တစ်ခါဟောလိုက်တယ်– (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် တစ်ခုလုံးဟာ ဒုက္ခသစ္စာလို့ ဟောလိုက်တယ်။

အဲဒါ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ ဒကာဒကာမတွေ အကြောင်းအကျိုး ဆက်တာလဲ မသိသောကြောင့် ဒိဋ္ဌိဖြစ်ရတယ်–(မှန်ပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ တစ်ခုလုံး ဒုက္ခသစ္စာလို့ မသိသောကြောင့်လဲ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်နေတယ်–(မှန်ပါ)၊ ရှင်းပလား -(ရှင်းပါပြီ)။

အဲဒါ သေသေချာချာမှတ်ပြီး ကြည့်တဲ့ အခါကျတော့မှ ယမက က ဘယ့်နှယ်ဖြစ်နေသတုံးဆိုတော့ မောင်ဘသော်တို့ သေသေချာချာမှတ်ရမယ်နော်–(မှန်ပါ)၊ ဘုရားဟောတော်မူတာ သူသိပါတယ်တဲ့၊ ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူးလို့ ယူလိုက်တယ်–(မှန်ပါ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အကဲခတ်ဖို့ လိုလာတာပေါ့၊ ရဟန္တာ ပရိနိဗ္ဗာန်စံယင် ဘာမှမဖြစ်တော့ဘူး ဆိုယင် ဘာလုပ်ဖို့တုံး– ကိုယ် - ခန္ဓာအဆုံးအရှုံးခံတာ ဘာလုပ်ဖို့တုံး–ပင်ပန်းလိုက်တာ အားထုတ်လိုက်ရတာလဲ မနည်းလှဘူး။ နောက်ရဟန္တာဖြစ်ပြီး သေကာလ ပရိနိဗ္ဗာန်စံတော့ ဘာမှ မဖြစ်တော့ဘူးလို့ ယူလိုက်သဖြင့် ဘာမှ အကျိုးမရှိဘူး ဆိုတဲ့ အဓိပ္ပါယ် ဝင်မလာဘူးလား– ( ဝင်လာပါတယ် )၊ သဘောကျပလား-(ကျပါပြီဘုရား)။

သူက ဘယ့်နှယ်ယူပါလိမ့် မောင်ဘသော်– (ရဟန္တာသေယင် ဘာမှ မဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ် ယူထားပါတယ်)။

http://www.dhammadownload.com



ဦးဘဲအုန်း....ဒါမျိုးကို ဥစ္ဆေဒဒိဋ္ဌိဘက်ရောက်သွားတယ် ခေါ်တယ်-(မှန်ပါ)။

အဲဒီတော့ ဒကာဒကာမတို့ ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုတဲ့ ဥစ္စာသည်ကားလို့ဆိုယင် ပြုတ်သွားတော့တာပဲ၊ ဘာမှမရှိတော့ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးကို ယမက ရဟန်းက ယူထားတယ်နော်-(မှန်ပါ)၊ ဘာဒိဋ္ဌိယူထားပါလိမ့်- (ဥစ္ဆေဒဒိဋ္ဌိ ယူထားပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက ဒီယမကဆိုတဲ့ ရဟန်းဟာ ဘယ့်နှယ်ကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါလိမ့်မတုံးလို့ မေးဖို့လိုလာတယ်-(လိုပါတယ်ဘုရား)၊ လိုတော့ ဘုန်းကြီးတို့ဟာ ဒီဥစ္စာကို ရှင်းပေးရမယ်နော်-(မှန်ပါ)၊ ဘယ်သို ရှင်းပေးရမလဲလို့ မေးတဲ့ အခါကျတော့ ဥပမာမယ်-ရဟန္တာမှာလဲ ဝိညာဏ် နာမ်ရုပ် သင်္ခါရသတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးပဲ ရှိတယ်-(မှန်ပါ)၊ ရဟန္တာဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝိပဿနာဉာဏ်နဲ့ ဒီဟာတွေကို သူ ရှုရမှာပဲ တကာကြွယ်-(မှန်ပါ)၊ ဒီ ခန္ဓာငါးပါးကို ဘယ့်နှယ်တုံး- (ရှုရမှာပါဘုရား)၊ ၂-နံပါတ်ထဲမှာ ပါတဲ့ ခန္ဓာငါးပါးကို သူ ရှုရမယ်၊ ရှုတဲ့အခါကျတော့ အနိစ္စတွေ သူမြင်မှာပေါ့။ ဒုက္ခတွေမြင်၊ အနတ္တတွေမြင်ဆိုတာတော့ သူမြင်မှာပဲ-(မှန်ပါ)။

အာနဲ့ မြင်သတုံးဆိုတော့ မဂ်နဲ့မြင်ရမယ်၊ မဂ်နဲ့မြင်တော့ ဒီဟာတွေ ဒုက္ခသစ္စာတွေ တစ်ခါသုံးသွားတော့ တစ်မဂ်ရ။ လေးခါထိအောင် ဆုံးသွားတော့ ရဟန္တာဖြစ်တယ်-(မှန်ပါ)၊ဒီနေရာမှာ မဂ်ကလေးထားပြီး ရှုပေါ့ဗျာ၊ ရှုလိုက်

http://www.dhammadownload.com



တဲ့အခါ လေးခါဆုံးသွားတဲ့ အခါကျတော့ ရဟန္တာဖြစ်တယ်-(မှန်ပါ)၊

ရဟန္တာဖြစ်သွားတော့ သူ့ရှုတဲ့ ဉာဏ်သည် ဒုက္ခ ရှုစရာမရှိဘူး။ ဒုက္ခဆုံးသွားတယ်။ သူ ဘာနဲ့ နေတုံးလို့ မေးတော့ ကော ဒကာမတို့ ဒီမှာကြည့်၊ ဝေဒနာနိရောဓ၊ တဏှာနိရောဓော နိဗ္ဗာနံ-ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ထွက်လမ်း- (မှန်ပါ)၊ ဝေဒနာချုပ်လို့ တဏှာချုပ်သွားတဲ့အခါကျတော့ နိဗ္ဗာန်ဆိုတာ မပေါ်လာဘူးလား-(ပေါ်လာပါတယ်)။

ဒါဖြင့် တကာကြွယ်က စဉ်းစား၊ မောင်ဘာသော်က စဉ်းစား ဒုက္ခရှုရာမရှိတော့ ဘယ်ဟာတွေ သူမြင်နေမလဲ မေးလို့ရှိယင် နိဗ္ဗာန်မြင်နေမှာပဲ- (မှန်ပါ)၊ ဒါဖြင့် ဒုက္ခချုပ်လို့ရှိယင် နိဗ္ဗာန်ရှိတယ်-(မှန်ပါ)။

ဒုက္ခချုပ်လို့ရှိယင်-(နိဗ္ဗာန်ရှိပါတယ်ဘုရား)။

ဒါကို သေသေချာချာမှတ်ကြပါနော်- (မှန်ပါ)၊ ရှုလို့ မဂ်ပေါ်လာတော့ ဒုက္ခမရှိတော့ဘူး၊ မရှိတော့ ဒီဉာဏ်ဟာ ဘယ်ကိုလှည့်သွားသတုံး- (နိရောဓသစ္စာဘက် လှည့်သွားပါတယ်)၊ ဒါဖြင့် ဒုက္ခချုပ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်တွေ့တာပဲ။ နိဗ္ဗာန်ရှိတာပေါ့နော်-(မှန်ပါ)။

အဲဒါ ဒီပုဂ္ဂိုလ်သေသွားတဲ့ အခါကျတော့ မဂ်လေးပါး ပြီး ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်စံတဲ့ အခါကျတော့ နိဗ္ဗာန်ရောက်တာပေါ့-(မှန်ပါ)။ ရှိတဲ့ နိဗ္ဗာန်ကို ရောက်တယ်- (မှန်ပါ ရောက်ပါတယ်ဘုရား)၊ မသေခင်ကတော့ မြင်ရော....၊ အမြင်နဲ့ ရောက်သွားတယ်- (မှန်ပါ)၊ နောက် ရဟန္တာသေသွားတဲ့ အခါကျတော့ နိဗ္ဗာန်ကို သူကိုယ်တိုင် သန္တိသုခ

http://www.dhammadownload.com



သဘောရသွားတယ်- (မှန်ပါ)၊ မဆိုနိုင်ဘူးလား- (ဆိုနိုင်ပါတယ်)။

ဒါဖြင့် ရဟန္တာသေယင် ဘာမှမဖြစ်ဘူးလား- (မဟုတ်ပါဘူး)၊ ဘာမှ မဖြစ်တော့ဘူး....ယူတာ လွဲတယ်။ ဘယ့်နှယ့်ကြောင့် လွဲသတုံးလို့ မေးတဲ့ အခါကျတော့ ပဋိစ္စသမုပ္ပါဒ်ဝင်္ဒုက္ခ ပြတ်သွား–ချုပ်သွားလို့ရှိယင်နိဗ္ဗာန်ပဲလို့ သူမသိဘဲကိုး-(မှန်ပါ)။ ပဋိစ္စသမုပ္ပါဒ်က ဒုက္ခသစ္စာ–(မှန်ပါ)။ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံး ဒုက္ခသစ္စာ။ မယုံရှုတ်ကြည့်ပါ ဒုက္ခက္ခန္ဓဿလို့ ပါလိမ့်မယ်–(မှန်ပါ)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ–ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ–ဆိုတော့ ဩော်.... တစ်ခုလုံး ဒုက္ခသစ္စာပါကလား– (မှန်ပါဘုရား)၊ တဘာကြွယ် ရှင်းသွားပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ဒုက္ခတွေဆုံးအောင် ရှုနိုင်တဲ့ ဒဘာ့ဒဘာမတွေသည်ကားလို့ဆိုယင် ၂-နံပါတ်ကို ဆုံးအောင်ရှုလိုက်တော့ ဉာဏ်ဘယ်ရောက်သွားပါလိမ့်....(နိဗ္ဗာန်ကို အာရုံပြုရောက်သွားပါတယ်)။ ဒါဖြင့် ဒုဟာ လေးခါဆုံးတော့ ရဟန္တာဖြစ်တယ်....(မှန်ပါ)။ ရဟန္တာဖြစ်သွားတော့ နိဗ္ဗာန်အာရုံပြုသွားတယ်။ အာရုံပြုသောအားဖြင့် သူမြင်နေရပြီ၊ ရှင်းပလား.... (ရှင်းပါပြီ)၊ ဒါဖြင့် နိဗ္ဗာန်ဟာ ရှိ-မရှိ အကဲခတ်စမ်း-(ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ဟာ ရှိပြီးသကာလနေတယ်ဆိုတာ ပေါ်နေပြီ.... (ပေါ်ပါတယ်)။ ဒုက္ခ မဆုံးသေးတဲ့ ပုဂ္ဂိုလ်တော့ မတွေ့သေးဘူးပေါ့ဗျာ.... (မှန်ပါ)၊ ဒုက္ခလဲ ဆုံးသွားရော....(နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ရဟန္တာသေလို့ရှိယင် ဘာမှမဖြစ်ဘူးဆိုတဲ့ ဥစ္စာ နိဗ္ဗာန် မရှိဘူး ယူရာ မကျဘူးလား- (ကျပါတယ်)၊

http://www.dhammadownload.com



ရဟန္တာသေသယင် ဘာမှမဖြစ်တော့ဘူး၊ ယမကာယူတဲ့ အယူဟာ နိဗ္ဗာန်မှမရှိဘူးလို့ ယူလိုက်တယ်- (မှန်ပါ)၊ ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်-(မှန်ပါ)။ သဘောပေါက်ပါပလား-(ပေါက်ပါပြီ)

ဒါဖြင့် ယမက ရဟန်းမှာ ဥစ္ဆေဒဒိဋ္ဌိ ရှိနေတော့ ဘုရားလက်ထက် ရှင်သာရိပုတ္တရာတို့လက်ထက်မှာပဲ သူ့မှာ နိဗ္ဗာန်မရဘဲ ဖြစ်နေတယ်-(မှန်ပါ)၊ ရဟန္တာ သေယင် ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ခံနေဘာနဲ့ သူ့မှာ မရနိုင်ဘဲ ဖြစ်နေတယ်-(မှန်ပါ)၊ ဘယ်သူ တားပါသိမ့်မလဲ၊ နိဗ္ဗာန်မရအောင် ဘယ်သူက ကန့်ကွက်ပါလိမ့်မလဲလို့မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ-(ဥစ္ဆေဒဒိဋ္ဌိက ကန့်ကွက်တာပါဘုရား)၊ အဲ....ဒိဋ္ဌိကန့်ကွက်တယ်-(မှန်ပါ)။

ဒါ့ကြောင့်ဒကာ ဒကာမတွေ ဒိဋ္ဌိအလျင်ခွာပြီးမှ ဝိပဿနာရှုပါ-(မှန်ပါ)၊ သူ့မှာ ဝိပဿနာတော့ ရှုပါရဲ့၊ ဒိဋ္ဌိမခွာမိလို့ တကာကြွယ်ရေ ကိုယ်ကျိုးနည်းနေတယ်.... (မှန်ပါ)၊ သဘောပါလား....(ပါပါပြီ)။

ဒါဖြင့် ဝိပဿနာရှုမှုနဲ့ ဒိဋ္ဌိခွာမှု ၁-နံပါတ် ဘယ်သူ့ထားပါ့မယ်....(ဒိဋ္ဌိခွာမှု ၁-နံပါတ်ထားရမှာမယ်ဘုရား)။ အေး....ပြီးတော့မှ ရှုမှုကို ၂-နံပါတ်ထားပါ....(မှန်ပါ)။

ဒီအစဉ်ကိုဖြင့်နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်, ဒုက္ခသိမ်းချင်တဲ့ပုဂ္ဂိုလ်မှန်ပါက ဘယ်တော့ မဖျက်ပါနဲ့ဆိုတာသတိပေးလိုက်ပါတယ်-(မှန်ပါ)၊ အလကား ခင်ဗျားတို့ တောင်လုပ်, မြောက်လုပ်လုပ်မနေပါနဲ့။ ဒီပဋိစ္စသမုပ္ပါဒ် နားလည်အောင် နားထောင်ပါ။ ဒါဟာ ဒိဋ္ဌိစွဲတာပဲ-(မှန်ပါ)၊ ကွာသွားပြီဆိုတော့ ရှုပါ-(မှန်ပါ)။

http://www.dhammadownload.com



ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဒီမှာ ပဋိစ္စသမုပ္ပါဒ် ရှိပါတယ်။ အတိတ်က အဝိဇ္ဇာသင်္ခါရ-(မှန်ပါ)၊ ဒီနေရာမှာ သေတယ်၊ အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရသမားဟာ ဒီနေရာမှာ မသေဘူးလား-(သေပါတယ်)၊ သေပြီးတော့ နိဗ္ဗာန်မရသေးတဲ့အတွက် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒုတိယဘဝ ပေါ်လာတယ်- (ပေါ်ပါတယ်ဘုရား)၊ အဲဒါကို ပစ္စုပ္ပန်အကျိုးတင်လို့ ခေါ်တာပေါ့ဗျာ၊ ပစ္စုပ္ပန်ခန္ဓာကြီး ပေါ်လာတယ်-(မှန်ပါ)၊ မပေါ်လာဘူးလား- (ပေါ်လာပါတယ်ဘုရား)။ ဘယ့်နှယ်ကြောင့် ပစ္စုပ္ပန်ခန္ဓာကြီး ပေါ်ရပါလိမ့်မတုံးဆိုတော့ အတိတ် အကြောင်းတွေကြောင့်- (မှန်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီဘုရား)-

အတိတ် အကြောင်း တွေကြောင့် ဘာပေါ်လာသတုံး.... (ပစ္စုပ္ပန်ခန္ဓာကြီး ပေါ်လာပါတယ်ဘုရား)၊ ပြတ်ကဲ့လား.... (မပြတ်ပါဘူးဘုရား)။ ဟာ.... အကြောင်းရှိလို့ အကျိုးဖြစ်တာပဲ-(မှန်ပါ)၊ ဒီနှစ်ခုက အကြောင်းပေါ့ဗျာ၊ ဒီငါးခုက-(အကျိုးပါဘုရား)၊ အကျိုး ဟုတ်တယ်....မဟုတ်တယ်လဲ ဒကာဒကာမတို့ ဒီမှာ အပြသားပဲ။ ဒီမှာ ပစ္စုပ္ပန်အကျိုးလို့ ပြထားတယ်-(မှန်ပါ)။ ဒါက အတိတ် အကြောင်း၊ ဒါက ပစ္စုပ္ပန်အကျိုးဆိုတာ မထင်ရှားဘူးလား-(ထင်ရှားပါတယ်)၊ ပြတ်ကဲ့လား-(မပြတ်ပါဘူး)၊ အကြောင်း အကျိုးတော့- (ဆက်နေပါတယ်ဘုရား)။

အဲ....ယမက- က ဒီလိုယူတာ မဟုတ်ဘူး၊ ပြတ်တယ်ပဲ ယူလိုက်တော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ဘာဒိဋ္ဌိဖြစ်သွားသတုံး....(ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာအားမထုတ်လို့ရှိယင် ပစ္စုပ္ပန် ဘဝမှာလဲ တဏှာဥပါဒါန် ကံတွေ ပြန်ပေါ်တယ်-(ပေါ်ပါတယ်ဘုရား)၊ ပေါ်တော့ ဒီအနာဂတ်နဲ့ သွားဆက်တယ်-(မှန်ပါ)၊ ဇာတိ ဇရာ မရဏတွေနဲ့ ဘယ့်နှယ်နေသတုံး- (ဆက်ပါတယ်ဘုရား)။ ကဲ....ဒါဖြင့် အဆက်ပြတ်ကဲ့လား-(မပြတ်ပါဘူး)၊ မပြတ်လို့ ဒကာဒကာမတွေ ဒီမှာ အစပ်ကလေးတွေ အစပ်ကလေးတွေ ဆက်စပ်တာပြထားတယ်- (မှန်ပါ)၊ ဒီ ဆက်စပ်တာ ပြလိုက်သဖြင့် ဥစ္ဆေဒဒိဋ္ဌိမဖြစ်အောင်လို့ ပြလိုက်တာ-(မှန်ပါ)၊ ရှင်းရဲ့လား....(ရှင်းပါပြီ)။

တကာကြွယ် ဥစ္ဆေဒဒိဋ္ဌိဖြစ်သေးသလား- (မဖြစ်ပါဘူး)၊ ဪ....ဒီအကြောင်းနဲ့ ဒီအကျိုးဟာ ဘယ့်နှယ်တုံး- (ဆက်ပါတယ်ဘုရား)၊ ဒီလိုဆက်နေလို့ရှိယင် ဒီလိုပဲ ပြန်ဆက်မှာပဲ-(မှန်ပါ)။

ဒီ လို သိထားတော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကြီးဟာ ဒီလိုပါလားလို့ သိထားတော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်- (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။ ဥစ္ဆေဒဒိဋ္ဌိစင်လို့ ကျေနပ်မလား-(ကျေနပ်ပါပြီ)၊ အကြောင်းအကျိုးတွေ ဆက်နေတယ်။ အတိတ်နဲ့ ပစ္စုပ္ပန်-(ဆက်ပါတယ်)၊ ပစ္စုပ္ပန်နဲ့ အနာဂတ်- (ဆက်ပါတယ်ဘုရား)၊ ဆက်မယ်ဆိုတာသိသဖြင့် ဘယ်ဒိဋ္ဌိ စင်သွားသတုံး-(ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ စင်သွားတယ်ဆိုတော့ ဒါဟာ ဘယ့်နှယ်ကြောင့် တကာကြွယ်တို့ မောင်ဘဆော်တို့ နားလည်ပါလိမ့်မတုံး ဆို

http://www.dhammadownload.com



တော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နားလည်လို့-(မှန်ပါ)၊ ခန္ဓာ့ ပဋိစ္စ သမုပ္ပါဒ်ကို ကျေပွန်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိ မရှိပါဘူး.... (မှန်ပါ)။

တစ်ခါ- သဿတဒိဋ္ဌိလဲ နည်းနည်းချဲ့ပေးလိုက်ပါဦးမယ် ကြုံကြိုက်တဲ့ အချိန်မှာ တဏှာကြွယ်နေဘ်....-(မှန်ပါ)၊

အတိတ်ဘဝက ခန္ဓာကိုယ်ထဲမှာ အဝိဇ္ဇာသင်္ခါရတွေ ပြု လုပ်တယ်-(မှန်ပါ)၊ ဒီဘက်မှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာသာ ပါလာတယ်။အဝိဇ္ဇာ သင်္ခါရက ပါသေး ရဲ့လား-(မပါ့ပါဘူးဘုရား)၊ မပါတော့ ဒီဘက်က တရား ဟာ ဒီဘက်မှာပဲ နေရစ်တယ်၊ ဒီဘက်ဘဝကို လိုက်သေးရဲ့ လား- (မလိုက်ပါဘူးဘုရား)၊ ဒီဘက်က တရားကလိုက်လာ တယ်ဆိုယင် သဿတဒိဋ္ဌိဖြစ်မယ်- (မှန်ပါ)၊ တရားအထည် ကိုယ်ဒြပ်ကြီးတော့ လိုက်ကဲ့သား-(မလိုက်ပါဘူး)၊အကြောင်း အကျိုးတော့ဆက်တယ်-(မှန်ပါ)၊ ဒီလို တရားဒြပ်ကြီး မလိုက် ဘူးလို့ ယူဆသဖြင့် ဘယ်ဒိဋ္ဌိ စင်သွားသတုံး— (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)၊ သဿတဒိဋ္ဌိစင်သွားတယ်နော်— (မှန်ပါ)။ ဒီတရားက အဘိဘ်ဘဝက အတိတ်မှာပဲ ချုပ်ခဲ့တယ်။ ပစ္စုပ္ပန် ဘက်ကို လိုက်လာသေးရဲ့လား- (မလိုက်ပါဘူး)၊ ဒီလိုသိလိုက် ပြန်တော့လဲ တကာကြွယ် ဘာစင်သတုံး-(သဿတဒိဋ္ဌိ စင်ပါ တယ်)၊ သဘောပေါက်ပလား-(ပါပါပြီ)။

ကာလသုံးပါး— ဘဝသုံးပါး အစပ်တွေ ကြည့်လိုက်ပြန် တော့လဲ ဥစ္ဆေဒဒိဋ္ဌိစင်တယ်- (မှန်ပါ)၊ အတိတ်ကတရားတွေ အဝိဇ္ဇာသင်္ခါရတွေဟာ ပစ္စုပ္ပန်မှာဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် ထဲမှာ ပါလာသေးရဲ့လား-(မပါ့ပါဘူး)၊ မပါတော့ ဒကာ

http://www.dhammadownload.com



ဒကာမတို့ ဒီဥစ္စာသည် လိုက်တယ်လို့ ဆိုမလား.... ဘယ့်နှယ် ပြောကြမတုံး- (မလိုက်ပါဘူးဘုရား)၊ မလိုက်ပါဘူး။ ဒီလိုသိ လိုက်တော့၊ မလိုက်ဘူးလို့ သိတော့ ဘယ်ဒိဋ္ဌိ စင်သတုံး.... (သဿတဒိဋ္ဌိစင်ပါတယ်)၊ သဿတဒိဋ္ဌိ စင်သွားတယ်၊ ဒီတရား က ဒီကို လိုက်လာတယ်ဆိုယင်တော့ ခိုင်တယ် မြဲတယ် ယူ မယ်-(မှန်ပါ)၊ ဒီတရားမပျက်စီးဘူး ယူမှာပေါ့လေ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

အဲဒါတွေ မသိဘဲနဲ့ အားထုတ်ပြီးသကာလ နေကြမယ်ဆို ယင် တကာကြွယ် ဒိဋ္ဌိမကွာယင် မဂ်ဖိုလ်မရနိုင်ဘူး၊ ပင်ပန်းရုံ ပဲ့-(မှန်ပါ)၊ ကုသိုလ်တော့ ရတာပေါ့လေ- (မှန်ပါ)၊ အခု ယမကမှာ ဥစ္ဆေဒဒိဋ္ဌိရှိတာနဲ့ မဂ်ဖိုလ်ရသေးရဲ့လား- (မရပါ ဘူး)၊ ရှင်ဆန္ဒကတော့ သဿတဒိဋ္ဌိရှိတာနဲ့ မရနိုင်ဘူး- (မှန် ပါ)၊ သဘောကျပလား-(ကျပါပြီ)။

အဲဒါကြောင့် ဒီ ဒိဋ္ဌိတွေ မစင်ဘဲနဲ့ ခင်ဗျားတို့ ဘယ်လိုပဲ အားထုတ် နေ့ရော ညရော အားထုတ် မောရုံပဲ.... (မှန်ပါ)၊ ကုသိုလ်တော့ရမါရဲ့ နိဗ္ဗာန်တော့ မရဘူး....--(မှန်ပါ)၊ အဲဒါ သေသေချာချာမှတ်ပါ-(မှန်ပါ)။

ပါဠိတော် လိုချင်လို့ရှိယင်လဲ- ကိဉ္စိ သင်္ခါရံ နိစ္စတော ပဿတော အနုလောမ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ဆိုတဲ့ ဒေသနာတော် အင်္ဂုတ္တိုရ်ပါဠိတော် မှာရှိတယ်နော်-(မှန်ပါ)၊ တစ်စုံတစ်ခု သင်္ခါရကို နိစ္စလို့ယူ နေယင်(ဝါ)- သဿတ ဒိဋ္ဌိရှိနေယင် သောတာပတ္တိမဂ် မပြော ပါနဲ့ သစ္စာအနုလောမိက ဉာဏ်တောင် မရပါဘူးတဲ့- (မှန်ပါ)။ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ခင်ဗျားတို့အတွက်မှာဖြင့် ကိုယ်တာလဲ ဘဝမှာ မပါတော့ တကာကြွယ် ဆရာတော်တော့ဖို့ သိပ်အရေးကြီး ပါတယ်- (ကြီးပါတယ်ဘုရား)၊ ကိုယ်က ဘဝမှ မပါတော့ ဘယ်သူပြောတာ ဟုတ်နိုးနိုး၊ ဟိုလူပြောတာ ဟုတ်နိုးနိုး၊ ဒီလူပြောတာဟုတ်နိုးနိုးထင်နေယင်တော့ လွဲကုန်ပြီ-(မှန်ပါ)၊ မလွဲပေဘူးလား.... ( လွဲပါတယ် )၊ ဒီ အလွဲတွေကြောင့်လဲ ဆုံးရာ သိပ်ရှည်ပါတယ်-(မှန်ပါ)။

ကိုင်းဒါဖြင့် ယမက်-က ရဟန္တာသေယင် ဘဝမှမဖြစ်တော့ ပါဘူးလို့ ယူလိုက်တယ်။ ဘာဒိဋ္ဌိပါလိမ့်.... (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

ဒကာဒကာမတွေ ရှုကြည့်ပါ၊ ခန္ဓာငါးပါးကို ခင်ဗျားတို့ ဉာဏ်နဲ့ ဖြစ်ပျက်ရှုကြည့်ပါ။ ဖြစ်ပျက် ဆုံးသွားယင် ဘယ် ရောက်မယ်ထင်သတုံး-(နိဗ္ဗာန်ရောက်ပါမယ်)၊ ဒါဖြင့် နိဗ္ဗာန် ရှိတာပေါ့၊ ဖြစ်ပျက် ဒီဘက်မှာ--(မှန်ပါ)၊ ဝေဒနာနိရောဓ ဓာတ္တာနိရောဓော နိဗ္ဗာန်– (မှန်ပါ)၊ မရှိဘူးလား.... (ရှိပါ တယ်ဘုရား)၊ ကိုင်း ရဟန္တာသေယင် ဘဝမှ ဖြစ်မသွားဘူး လား....ဒုက္ခချုပ်လို့ ချမ်းသာတဲ့သဘော ဖြစ်မသွားဘူးလား- (ချမ်းသာတဲ့သဘောဖြစ်သွားပါတယ်)၊ ဒါဖြင့် နိဗ္ဗာန်ရှိတာ ပေါ့–(မှန်ပါ)။

ရဟန္တာ သေယင် ဘဝမှ မဖြစ်တော့ဘူးဆိုတော့ နိဗ္ဗာန် မရှိတဲ့ အဓိပ္ပါယ်ယူလိုက်တယ်-(မှန်ပါ)၊ သူ့ကို ဘာဒိဋ္ဌိခေါ် ကြမတုံး--(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊ ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ဒါဟာ ဘုရားလက်ထက်တော်မှာ ဦးဘအုန်း ရှိခဲ့တဲ့အယူ- (မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီ)။

http://www.dhammadownload.com



ဒါနဲ့ သူက ရဟန္တာသေယင် ဘာမှမဖြစ်ဘူး။ ဘုရား ဟောတော်မူတာ သူသိပါရဲ့နဲ့ ဟိုပြော ဒီပြောနဲ့ ဝါဒဖြန့်သလို ဖြစ်နေတာပေါ့·(မှန်ပါ)၊ အဲဒီကဲ့သို့ ဝါဒတွေ ဖြန့်တော့ ရဟန်းတွေက....ငါ့ရှင် ပြောနေတာတွေ အလွဲတွေပါ။ ဘုရား ဒီလို မဟောပါဘူး။ ခန္ဓာဆုံးလို့ နိဗ္ဗာန်။ ဘဏ္ဍာဆုံးလို့ နိဗ္ဗာန် ဆိုတော့ နိဗ္ဗာန်ရှိနေတဲ့ဥစ္စာ၊ ခန္ဓာ့ တဏှာဆုံးတဲ့ဥစ္စာ နိဗ္ဗာန် ပဲ။ ငါ့ရှင်ဟာက ဘာမှမဖြစ်တော့ဘူးဆိုတာ နိဗ္ဗာန်မရှိဘူး ယူရာရောက်ပါတယ်၊ အဲဒါကြောင့် ဒီ အယူကိုစွန့်ပါ။ မတော်ပါဘူး၊ ဒါဟာ ဥစ္ဆေဒဒိဋ္ဌိခေါ်ပါတယ်- အဓိပ္ပါယ်မျိုးကို ဝိုင်းပြီး ပြောကြတော့ သူဟာ မစွန့်နိုင်ဘူးတဲ့။ ဘုရားဟောတာလဲ ဒီ အတိုင်းပဲဟောတာ၊ သူ့ အသိသာပဲ ဆိုတဲ့သဘောနဲ့ အတင်းပဲ ခံနေတယ်-(မှန်ပါ)။

ဒါနဲ့ ဘေးက ရဟန်းတွေက ရှင်သာရိပုတ္တရာကို သွား လျှောက်ကြတယ်၊ "အရှင်ဘုရား....ယမကတော့ဖြင့် ဒီလိုဒီလို ယူနေပါတယ်၊ အဲဒါကြောင့် အရှင်ဘုရား ညနေကျလို့ရှိယင် ဘုရား၊ သနားသောအားဖြင့် ယမကရှိရာ သွားပေးပါဆို တော့ ရှင်သာရိပုတ္တရာက ဆိတ်ဆိတ်နေပြီး ဝန်ခံလိုက်တယ်- (မှန်ပါ)။

ဒါနဲ့ ညနေကျတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး က ယမက နေတဲ့နေရာဌာနကို ကြွသွားပါတယ်- (မှန်ပါ)၊ ယမက....မင်း အယူကို ပြောစမ်းပါဦးလို့ မေးတော့....

'တထာဟံ' ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ။ ယထာ ခီဏာသဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊ န ဟောတိ ပရံ မရဏာ။

http://www.dhammadownload.com



ဘုရားဟောထား သူသိပါရဲ့တဲ့။ ရဟန္တာသေယင် ပြတ်တာပဲ၊ ဘာမှ မဖြစ်တော့ဘူးတဲ့....။ ဒီလို သူက ပြောလိုက်တယ်-(မှန်ပါ)။

သူက ရဟန္တာကို ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ယူထားတာ-(မှန်ပါ)၊ ဒီမှာကြည့်၊ ဒကာ, ဒကာမတို့၊ စောစောရှင်းပြထားမယ်။ ဒီအထဲမှာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ရဟန္တာရယ်လို့ အတ္တအနေဖြင့် ယူစရာမပါဘူး (မှန်ပါ)၊ဝိညာဏ်, နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား တွေပဲရှိတယ်၊ ချုပ်တော့လဲ ဒါတွေပဲချုပ်သွားတာပဲ-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဒါတွေဟာ ရဟန္တာကော ဟုတ်ကဲ့လား- သတ္တဝါအနေအားဖြင့်.... (မဟုတ်ပါဘူးဘုရား)၊ ဒကာ,ဒကာမတွေကော ဟုတ်ကဲ့လား- (မဟုတ်ပါဘူးဘုရား)။ ရုပ်နဲ့နာမ်- ခန္ဓာငါးပါးပဲ-(မှန်ပါ)၊ မဇ္ဈိမသမုပ္ပါဒ်အလိုလဲ ငါးပါးပဲ။ ခန္ဓာအလိုအားဖြင့်လဲ ငါးပါးပဲ။ ရဟန္တာရယ်လို့ ပါရဲ့လား- (မပါပါဘူး)။ အဲဒီတော့ မပါတော့ သူက ပုဂ္ဂိုလ်သတ္တဝါ လုပ်ပြီး ဦးဘုအုန်း-ပြောနေတာ-(မှန်ပါ)၊ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကဲ....ဒါနဲ့ ရှင်သာရိပုတ္တရာက.... ရဟန္တာသေယင် ဘာမှ မဖြစ်ဘူးဆိုတဲ့ ဥစ္စာ ယူသလား....၊ ယူပါတယ် ဘုရား.... (မှန်ပါ)။

ဒီပုဂ္ဂိုလ်ဟာ တော်တော်ခက်နေပါပေါ့လား.... ဥစ္ဆေဒဒိဋ္ဌိ ယူနေပြီ။ ဒီတော့ ရှင်သာရိပုတ္တရာက မေးစိစစ်တော်မူရရှာတယ်-(မှန်ပါ)။

http://www.dhammadownload.com



ကဲ.... ဒါဖြင့် ယမက.... ခန္ဓာငါးပါးရှိတယ်၊ ရူပက္ခန္ဓာတစ်ခုကိုပဲမေးတယ်-(မှန်ပါ)၊ ရုပ်ဟာ အနိစ္စလား- နိစ္စလား-လို့ မေးလိုက်တယ်။ ဒီလိုတော့လဲ သူက နဂိုက အားထုတ်သိရှိထားတော့ အနိစ္စလို့ ဖြေတာပဲ- (မှန်ပါ)၊ ဒုက္ခသား သုခလားလို့ မေးလိုက်ပြန်တော့ကော.... (ဒုက္ခပါဘုရား)၊ သူက အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ကိုဖြေတာပေါ့-(မှန်ပါ)၊ သို့သော် ခုနင်က ပြောသလို ဒိဋ္ဌိခံနေလို့သာ မဂ်ဖိုလ်မရတာ-(မှန်ပါ)။ အနတ္တလား....အတ္တလား-လို့ မေးလိုက်တယ်.... (အနတ္တပါဘုရား)။

ဒီလိုနဲ့ မေးရင်းမေးရင်းနဲ့ ခန္ဓာဉာဏ်စိုက်ပြီး ကြည့်ရာက သောတာပန်တည်တယ်။ သောတာပန်တည်သွားတော့မှ ရှင်သာရိပုတ္တရာက ဆက်လက်ပြီး မေးတော်မူတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးအောင် ရှုလိုက်တာကိုး-(မှန်ပါ)၊ သုံးအောင် လုပ်လိုက်တဲ့အခါကျတော့ သောတာပန်တည်ပြီး နိဗ္ဗာန်ကို ကိုယ်တိုင်မြင်လာပြီကိုး....(မှန်ပါ)။

ဒီတွင်မှ ရှင်သာရိပုတ္တရာက— ယမက.... မင်းဟာ ရုပ်ကို ရဟန္တာလို့ ဆိုမလားတဲ့....။ မဆိုပါဘူးဘုရားလို့ ဖြေတယ်။ ရှင်းသွားပြီ။ ဒီကျတော့ ဒုက္ခသစ္စာမှန်း သိပြီ · (မှန်ပါ)။ ဝေဒနာကို ရဟန္တာလို့ဆိုမလား- (မဆိုပါဘူးဘုရား)၊ သညာသင်္ခါရကော....(မဆိုပါဘူးဘုရား)၊ ဝိညာဏ်ကော- (မဆိုပါဘူးဘုရား)၊ ဒါဖြင့်.... ရူပက္ခန္ဓာမှ တစ်ပါးကို ရဟန္တာဆိုမလားလို့ မေးပြန်တယ်။ ဘယ်နှယ် ပြောကြမလဲ· (မဆိုပါဘူးဘုရား)၊ ဝေဒနာက္ခန္ဓာမှတစ်ပါး ရဟန္တာဆိုမလား-(မဆို

http://www.dhammadownload.com



ပါဘူးဘုရား)။ ဒီလိုနဲ့- ခန္ဓာငါးပါးကို အကုန် မေးလိုက်တယ်-(မှန်ပါ)။

ဒါဖြင့် ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး အပေါင်းကို ရဟန္တာ ဆိုမလားလို့ မေးပြန်တယ်-(မှန်ပါ)၊ မေးတော့ သူ ဘယ်နှယ်ဖြေသတုံး- (မဆိုပါဘူးဘုရား)၊ အဲ....ရဟန္တာရယ်လို့ မတွေ့ဘူး။ ခန္ဓာငါးပါးသာ ရှိတာကို သောတာပန် ဖြစ်လို့ သိသွားပြီ။ ဖြစ်ပျက် သိသွားပြီ-(မှန်ပါ)၊ ဒါဖြင့်.... ရုပ်မှတစ်ပါး ဝေဒနာမှ တစ်ပါးတွေကို ရဟန္တာဆိုမလားလို့.... မေးတော့ မဆိုပါဘူးဘုရားလို့ ဖြေတယ်။ ဒီကျတော့ တကယ်စကြွယ် တည့်သွားပြီ-(မှန်ပါ)။

ဒါဖြင့်.... မင်းသည် ကားလို့ ဆိုလို့ရှိယင် ရဟန္တာသေလို့ရှိယင် ဘာမှမဖြစ်ဘူးဆိုတာ မင်း နဂိုက ပြောတာ ကလေးဟာ ဘယ်နှယ်တုံး....။ ဒီ အဓိပ္ပါယ်မျိုးတွေ ပြန်ပြီး မေးပြန်တယ်-(မှန်ပါ)၊ ရဟန္တာ သေယင် ဘာမှမဖြစ်တော့ဘူး ဆိုတဲ့ အဓိပ္ပါယ်ကလေးဟာ ဘာတုံးလို့ မေးလိုက်ပါတယ် ....(မှန်ပါ)။

အဲဒီလို မေးလိုက်တဲ့ အခါကျတော့ အလျှင်တုန်းကတော့ ဒီလို ဒိဋ္ဌိ ဖြုတ်ပေးမည့်သူကလဲ မတွေ့ခဲ့တော့ ဝိပဿနာသာ ရှုနေရတယ်၊ သူ့မှာ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်နေတယ် ...(မှန်ပါ)၊ အခုတော့ဖြင့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိတော့ ရဟန္တာရယ်လို့လဲ မရှိဘူး။ ရဟန္တာဆိုတဲ့အခါဟာ ပုဂ္ဂိုလ်သတ္တဝါထဲကကိုး....(မှန်ပါ)။

ပုဂ္ဂိုလ်သတ္တဝါ နဂိုကမှ ရှိရင်းစွဲ မဟုတ်တော့ မရှိပါဘူးလို့ ဖြေရမှာပဲ- (မှန်ပါ)၊ အရှင်ဘုရား တည်းဟူသော ဆရာ

http://www.dhammadownload.com



ကောင်းနဲ့တွေ့လို့ တပည့်တော်မှာ ကောင်းကောင်း မှန်မှန် အယူမှန်ကနီပြီး သောတာပန်အဖြစ်သို့ ရောက်မပါဘူး ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ သူ ကျေးဇူးတင်တယ်.... (မှန်ပါ)၊ ရှင်းပြီ နော်-(ရှင်းပါပြီဘုရား)။

ဒါဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး အရှုခိုင်း လိုက်တော့ သူ့မှာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ရဟန္တာဆိုတဲ့ သမုတိဏ ပျောက်သွားတယ်။ ပျောက်ကဲ့တည်းက ဉစ္ဆေဒ ဒိဋ္ဌိက လွတ်နေပြီ- (လွတ်ပါတယ်ဘုရား)၊ မလွတ်သေးဘူး လား- (လွတ်ပါတယ်ဘုရား)၊ ရဟန္တာသေစရာလဲ မရှိတော့ ဘူး-(မှန်ပါ)။

ရဟန္တာရယ်လို့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ မရှိအောင် ဟော ထားတော့ ရဟန္တာသေစရာကော- (မရှိပါဘူးဘုရား)၊ အဲဒီ ဏတည်းက လွတ်သွားတယ်- (မှန်ပါ)၊ တကာကြွယ် ရိပ်မိ ပလား-(ရိပ်မိပါပြီ ဘုရား)၊

အဲဒီတော့ အားလုံးသော ရဟန်းတွေကလဲ နဂိုတုန်းက ယမကဟာ ဒိဋ္ဌိယူနေတယ်လို့ ပြောကြတယ်။ ဇီတော့ မင်းကို ဘေးက ရဟန်းတွေက မေးကြလိမ့်မယ်.... ငါ့ရှင် ယမဏ.... ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတဲ့ဥစ္စာ ရှင်ယမက နဂိုတုန်းက- (ပြောဖူးပါတယ်)၊ အခုမျာ မေးခဲ့ယင် ဘယ့် နှယ်ဖြေမတုံး-(မှန်ပါ)၊

ဒီလို မေးခဲ့ယင် တပည့်တော် ဒီလို ဖြေပါမယ်ဘုရားလို့ လျှောက်ဘယ်-(မှန်ပါ)၊ မေးလို့ရှိယင် တပည့်တော် ဒီလိုဖြေ ပါမယ်ဆိုတော့ မသိခင်က ဖြေမှာလား....အခု နိဗ္ဗာန်သိပြီးမှ ဖြေမှာလား.... (နိဗ္ဗာန် သိပြီးမှ ဖြေမှာပါ)၊ ခန္ဓာငါးပါး

http://www.dhammadownload.com



ဟာ အနိစ္စတရားလို့ တပည့်တော်သိပါပြီတဲ့။ အဲဒီ အနိစ္စ တရားဟာ ဒုက္ခပါပဲတဲ့-(မှန်ပါ)၊အဲဒီတော့ဒုက္ခတွေချုပ်သွား ပြီ၊ ဒုက္ခတွေကုန်သွားပြီလို့ တပည့်တော် ဖြေရုံမှတစ်ပါး ဘာမှ မရှိဘူးတဲ့- (မှန်လှပါဘုရား)။

ရဟန္တာ သေယင် ဘယ်သွားသတုံးမေးယင်ဖြင့် ဒုက္ခချုပ် သွားပြီ ဒုက္ခကုန်သွားပြီ....။ ဒါပဲ ဖြေမယ်... (မှန်လှပါ ဘုရား)။

ပျောက်သွားတယ်၊ ပြတ်သွားတယ်လို့ ဖြေသလား- ဒုက္ခ ချုပ်သွားပြီ ဒုက္ခကုန်သွားပြီလို့ ဖြေသလား- (ဒုက္ခကုန်သွား ပြီလို့ ဖြေပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခချုပ်သွားပြီ ဒုက္ခကုန်သွားပြီဆိုတော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ဒုက္ခချုပ်တာဘာခေါ်မတုံး- (နိဗ္ဗာန် ပါဘုရား)၊အဲ....သူက နိဗ္ဗာန်ကိုဖြေတယ်- (မှန်ပါ)၊ နိဗ္ဗာန် ရှိတဲ့အကြောင်း ဖြေလာတယ်-(မှန်ပါ)၊ ဒီ အချိန်မှာ သူဟာ သောတာပန်တည်ပြီးပြီလို့ မှတ်လိုက်ကြစမ်းပါ .... (မှန်ပါ ဘုရား)။

ဒါကြောင့် အလျင်တုန်းကတော့ဖြင့် ပုဂ္ဂိုလ်သတ္တဝါလို့ ယူနေတဲ့ ဒိဋ္ဌိရှိနေလို့- (သက္ကာယဒိဋ္ဌိ)၊ ခန္ဓာငါးပါးကို ရဟန္တာလုပ် ယူနေတယ်-(မှန်ပါ)။

ခန္ဓာငါးပါးကို ဘာလုပ်ယူနေသတုံး— (ရဟန္တာလုပ်ပြီး ယူနေပါတယ်ဘုရား)၊ ခန္ဓာငါးပါးကို ရဟန္တာလုပ်နေတော့ ပုဂ္ဂိုလ်ဖြစ်နေတယ်။ အတ္တစွဲ သက္ကာယစွဲဖြစ်နေတယ်-(မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ နဂိုကမရှိတော့ ရဟန္တာသေယင် ဘာမှ မဖြစ်တော့ဘူးဆိုတာ နဂိုက မရှိတာကို မရှိသလို ပြောနေ

http://www.dhammadownload.com



တယ်-(မှန်ပါ)၊ နဂိုက ပုဂ္ဂိုလ်ရယ်လို့ မရှိတာကို ရှိသလို ပြောနေတယ်။ အဓိပ္ပာယ်မပါလှတဲ့ စကားတွေပေါ့ဗျာ.... (မှန်ပါ)၊ သဘောပါပါလား-(ပါပါပြီ)။

ကိုင်း ဒါဖြင့် တကာကြွယ်.... သေသေချာချာ စဉ်းစားတော့ ပုဂ္ဂိုလ်သတ္တဝါဆိုတာ နဂိုကရှိရဲ့လား- (မရှိပါဘူး)- နဂိုက မရှိတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိတယ်လို့ ယူလိုက်လို့ရှိယင်ဖြင့် ဒါဟာ သဿတဒိဋ္ဌိဖြစ်စေ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်စေ တစ်ခုခုလာတော့မယ် - (မှန်ပါ)၊ မလာပေဘူးလား- (လာပါတယ်ဘုရား)။

ခင်ဗျားတို့တွင်ပဲ ကြည့်ကြပါဦး.... အင်း.... မည်သူဖြင့် အသက်ထွက်သွားပြီ....။ ပုဂ္ဂိုလ်သတ္တဝါယူထားတော့ အသက်ထွက်သွားပြီတဲ့-(မှန်လှပါဘုရား)၊ တကာကြွယ် သဿတဒိဋ္ဌိသူပြောနေတယ်- (မှန်ပါ.... ပြောပါတယ်ဘုရား)၊ ဘယ်သူတုံးဆိုတော့ အို....ဘယ်သူဘယ်ဝါပေါ့တဲ့- (မှန်ပါ)၊ ဒါဟာ ဘယ်ကလာတာပါလိမ့်-(သဿတဒိဋ္ဌိက လာတာပါဘုရား)၊ သဿတဒိဋ္ဌိက လာတာတော့ဟုတ်ပြီ။ ဒီ သဿတဒိဋ္ဌိဘယ်က လာသတုံးလို့ မေးယင် ပုဂ္ဂိုလ်သတ္တဝါက လာတယ်-(မှန်ပါ)။ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ် သတ္တဝါက လာတာ ဖြစ်နေတော့ ဘယ်သူဖြင့် အသက်ထွက်သွားပြီတဲ့၊ အသက်က ထွက်သွားတဲ့ အဓိပ္ပာယ် ပြောနေတာ သူသဿတဒိဋ္ဌိသုံးတယ်၊ (သုံးပါတယ် ဘုရား)၊ မသုံးဘူးလား-(သုံးပါတယ်ဘုရား)၊ ဘယ်သူတုံးလို့ မေးလို့ရှိယင် မည်သူမည်ဝါလို့ သူ နာမည် တပ်လာတယ်-(တပ်ပါတယ်ဘုရား)၊ တပ်တော့ ပုဂ္ဂိုလ်ထွက်လာတယ်....(မှန်ပါ)။

http://www.dhammadownload.com



ပုဂ္ဂိုလ်ရှိလို့ အသက်ထွက်တယ်ဆိုတဲ့ ဒိဋ္ဌိလာတယ်- (လာပါတယ်ဘုရား)။

အဲဒါမျိုးကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်ခါတော့မှ မသုံးပါလေနဲ့-(မှန်ပါ)၊ အသက်ဟာ ထွက်သွားတယ်လို့ ထုံးစံမရှိ၊ ဇီနေရာဖြစ်၍ ဇီနေရာချုပ်တယ်မှ တစ်ပါး ဘာမှ မရှိ-(မှန်ပါ)၊ အသက်ဆိုတာသည် ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေတို့ကိုခေါ်တယ် ဦးဘအုန်း-(မှန်ပါ)၊ ဇီဝိတရုပ်နဲ့ ဇီဝိတိန္ဒြေနာမ်ကို ခေါ်ပါတယ်။ အဲဒါလေးက ဇီနေရာဖြစ်၍ ဇီနေရာမှာ ချုပ်တာ တကာကြွယ် ဘယ်မှာ ထွက်သွားရမလဲ-၊ ထွက်စရာရှိရဲ့လား- (မရှိပါဘူး)၊ သူလဲ ဖြစ်ပျက်ပဲ မဟုတ်လား (မှန်ပါ)၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စကြီးဟာ ဘယ်မှာထွက်မတုံး-(မှန်ပါ)၊ အဲဒါ တကာကြွယ်တို့ လူစုတွေက ပုဂ္ဂိုလ်သတ္တဝါ ပေါ်လာယင် အသက်ထွက်ပြီဆိုတာ လာတာပဲ- (မှန်ပါ)၊ ဘယ်သူ အသက်ထွက်သွားသလဲ ဆိုတော့ ဘယ်သူဆိုကတည်းက ပုဂ္ဂိုလ်ဇာပေါ်လာတယ်· (ပေါ်လာပါတယ်ဘုရား)၊ ပေါ်လာလို့ရှိယင်ဖြင့် ပုဂ္ဂိုလ်ပေါ်ယင်ဖြင့် အသက်ထွက်တယ်ဆိုတာလာမှာပဲ-(မှန်လှပါဘုရား)။ သဘော ကျပလား-(ကျပါပြီ)၊ အဲဒါ ဘာဒိဋ္ဌိတုံး- (သဿတဒိဋ္ဌိပါ)။ ဒီမှာ ကြည့်ပါလား - ဒကာ ဒကာမတို့ အတိတ် ဘဝက အဝိဇ္ဇာသင်္ခါရဆိုတဲ့ ဒီဟာ နှစ်ခုကြောင့် ဒီဘဝမှာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်တယ်....(မှန်ပါ၊) မပေါ်ဘူးလား-(ပေါ်ပါတယ်)၊ ဘယ်မှာတုံး-(အသက်ရယ် လို့ ပါရဲ့လား - (မပါပါဘူး)၊ မပါ-ပါဘူးတဲ့၊ ဒါဟာ အတိတ်ဘဝဇာနေပြီးအကြောင်းဆိုက်လိုက်လို့ ဝိညာဏ်နာမ်ရုပ်

http://www.dhammadownload.com



ဆဠာယတန ဖဿ ဝေဒနာစသိုတဲ့ ခန္ဓာငါးပါး ပေါ်တာပဲ-(မှန်ပါ)။ အသက်ဆာ ဒီဘက်ကို ပြောင်းလာတယ်လို့ ရှိရဲ့လား....(မရှိပါဘူးဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ပြောနေကြတာ ဘဝပြောင်းတယ်ဆိုတာ သေသေချာချာလွဲတယ်-(မှန်ပါ)၊ ဘဝပြောင်းတယ်ဆိုကတည်းက ဆထုပ်ထမ်းပြီးပြောင်းတယ်လို့ယူတာ-(မှန်ပါ)၊ အထုပ်ထမ်း ပြောင်းတယ်ဆိုကတည်းက ဒီလူပဲ ဟိုဘက်သွားတဲ့ အဓိပ္ပါယ်ရနေတယ်- (မှန်ပါ)၊ အဲဒါကြောင့် ဘဝတည်းမကျ တဲ့ဝတစ်ပါးသို့ပြောင်းသွားတယ် ဆိုတာလဲ သဿတဒိဋ္ဌိပဲ....(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဲဒီ ဒိဋ္ဌိတွေသာ ရှိနေလို့ မခွာနိုင်ယင် ခင်ဗျားတို့ အာပေါက်အောင် အားထုတ် မင်္ဂဖိုလ်တော့ မရဘူး- (မှန်ပါ)၊ အဲဒီတော့ ဒီ ဒိဋ္ဌိတွေခွာရန် ဒီပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်-(မှန်ပါ)၊ အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရကို အားထုတ်ခဲ့တဲ့အတွက် ဇီဘဝမှာ ဘာပေါ်သတုံး - (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ပေါ်ပါတယ်)၊ ဇီတဝမှာလဲ ဒကာ့ ဒကာမတွေက အငြိမ်မနေသောကြောင့် ဘာတွေ အားထုတ်နေပြန်သတုံး....(တဏှာ ဥပါဒါန်ကံ တွေ အားထုတ်ပါတယ်)၊ ဒါတွေ အားထုတ်လိုက်တော့ စုတေ မနေ သေလွန်တဲ့အခါမှာ အနာဂတ်မှာ ဘာဖြစ်သတုံး- (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပါတယ်)၊ ဒါလဲ အကြောင်းအကျိုး ဆက်တာပဲ မြားက ပြတယ်-(မှန်ပါ)၊ ဘဝပြောင်းဆိုတာ ပါသေးရဲ့လား-(မပါပါဘူး)၊ဘဝ ပြောင်းပါလို့ရှိယင် သဿတဒိဋ္ဌိ-(မှန်ပါ)။

http://www.dhammadownload.com



အဲဒါကြောင့် ခင်ဗျားတို့ ဒီအသုံး အစွဲ ဒီအယူကို ဖြုတ်ပစ်ကြပါ-(မှန်ပါ)၊ ဘဝပြောင်း ဆိုတာ ဝိပဿနာ အရာမှာ မင်္ဂဖိုလ်ရအောင် လုပ်တဲ့နေရာမှာ သိပ်ဆိုးပါတယ် ဘာဒိဋ္ဌိ ပါလိမ့်-(သက္ကာယဒိဋ္ဌိပါဘုရား)၊ အဲဒီဘဝပြောင်း အယူမစွန့်နိုင်လို့ ပြောင်းတယ်လို့ တကယ် ယူနေယင်တော့ ခင်ဗျားတို့ ဝိပဿနာအလုပ်ကို အဒုပေါက်အောင်အားထုတ် ဘယ်တော့မှ နိဗ္ဗာန်မရလို့ မှတ်ပါ-(မှန်ပါ)။ ဘာဒိဋ္ဌိခံနေလို့လဲ- (သက္ကာယဒိဋ္ဌိခံနေပါတယ်ဘုရား)၊ ဦးဘာအုန်း ရှင်းပလား- (ရှင်းပါပြီ)၊ အတော်အရေးကြီးကယ်၊ လူအများနဲ့ကော မဆက်ဆံဘူးလား- (ဆက်ဆံပါတယ်ဘုရား)၊ဆက်ဆံဆို အကုန်လိုလိုပဲ ဘဝပြောင်း သွားလေပြီလို့ ယူကြတယ်-(ယူကြပါတယ်ဘုရား)။

ဘဝ ပြောင်းသွားသလား ဆိုတော့ ဒီမှာကြည့်ပါလား.... အတိတ် ဘဝက ဘာတုံး-(အဝိဇ္ဇာသင်္ခါရပါ)၊ ဒီဘဝ စုတေတော့ ဒီဘက်ဘဝမှာ ဘာပေါ်သတုံး- (ခန္ဓာငါးပါး ပေါ်ပါတယ်)၊ အဲ-ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးပေါ်တယ်-(မှန်ပါ)၊ ဘယ်မှာတုံး ဒီဘက် ဘဝကဟာတွေ လိုက်ကဲ့လား- (မလိုက်ပါဘူးဘုရား)၊ ဒါ လိုက်ယင် ပြောင်းတယ်လို့ ဆိုမှာပေါ့-(မှန်ပါ)၊ ပြောင်းနိုင် ရဲ့သား-(မပြောင်းနိုင်ပါဘူး)၊ မပြောင်းနိုင်ဘူးဆိုတာ သေသေ ချာချာ မှတ်ပါ-(မှန်ပါ)။

တစ်ခါ ဒီဘဝမှာလဲ ခင်ဗျားတို့ကဲ ခန္ဓာ ငါးပါး ဆိုတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတထဲက တဏှာ ဉပါဒါန် ကံတွေက ပေါ်ကြပြန်တယ်-(ပေါ်ပါတယ်ဘုရား)၊ ပေါ်ပြန်တော့ စုတိမနေ သေလွန်သွားတဲ့အခါ ဇာတိ ဇရာ

http://www.dhammadownload.com



မရဏာ ရဘယ်ဆိုတော့ သူတို့ လိုက်သေးသလား- (မလိုက်ပါဘူးဘုရား)၊ မလိုက်ပါဘူး၊ သူတို့က ဖြစ်တဲ့နေရာမှာ ချုပ်ကြတာပဲ....(မှန်ပါ)။ တဏှာက တဏှာဖြစ်တဲ့ နေရာမှာချုပ်၊ ဥပါဒါန်ကလော- (ဥပါဒါန်ဖြစ်တဲ့နေရာမှာ ချုပ်ပါတယ်)၊ ကံကလော-(ကံဖြစ်တဲ့နေရာမှာပဲချုပ်ပါတယ်ဘုရား)၊ဒီတော့ လိုက်သေးရဲ့လား.... (မလိုက်ပါဘူး)၊ ဒီဘက် လိုက်လို့ရှိယင် ဒီထဲမှာပဲ ရေးရဦးမှာပဲ၊ တဏှာ,ဥပါဒါန် ကံလို့ ရေးရမယ်- (မှန်ပါ)၊ ရေးဖို့ လိုသေးသလား- (မလိုပါဘူး)၊ ဒီဘက်ပေါ်တာက ဇာတိ ဇရာ မရဏာမဲ ပေါ်ပါတယ်- (မှန်ပါ)၊ ဒါကြောင့် ဒီမှာကြည့်ပါ ဝိပါကဝဋ် ရှစ်ပါးဆိုပြီး ဒီက ငါးပါးနဲ့ ဒါပဲ ရေးတယ်-(မှန်ပါ)၊ ရှင်းပသလား-(ရှင်းပါပြီ)။

ဒါဖြင့် ယမကယူတာ ဦးဘအုန်း လွဲ-မလွဲ - (လွဲပါတယ်ဘုရား)၊ ဘယ့်နှယ်ကြောင့် လွဲရပါလိမ့်မတုံးဆိုတော့ ပုဂ္ဂိုလ်သတ္တဝါနဲ့ ယူထားလို့- (မှန်ပါဘုရား)၊ နဂိုက ပုဂ္ဂိုလ်သတ္တဝါဆိုတာ အတိတ်ဘဝကကော ပါရဲ့လား-(မပါပါဘူး)၊ ယခုဘဝမှာကော-(မပါပါဘူး)၊ ယခုဘဝ အားထုတ်တဲ့အထဲမှာကော.... (မပါပါဘူး)၊ နောက်ပေါ်တဲ့ ဘဝထဲမှာကော.... (မပါပါဘူး)။ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး....(မှန်ပါ)။

အဲ....ပုဂ္ဂိုလ်သတ္တဝါမရှိဘဲနဲ့ ရဟန္တာသေယင် ဘာမှမဖြစ်ဘူးဆိုတော့ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ သက္ကာယဒိဋ္ဌိက လာနေတယ်- (မှန်ပါ)။ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူးဆိုတာ အ ဥစ္ဆေဒဒိဋ္ဌိ.... (မှန်ပါ)၊ဘဝ ပြောင်းသွားတယ်ဆိုတာက.... (သဿတဒိဋ္ဌိပါ)။ သေယင် ဘာမှမဖြစ်ဘူးယူတာက....(ဥစ္ဆေဒ

http://www.dhammadownload.com



ဗိဋ္ဌိပါဘုရား)။ အဲဒီ ဒိဋ္ဌိနှစ်ခု တစ်ခုခု ရှိနေယင် ခင်ဗျားတို့ နိဗ္ဗာန်မရနိုင်ဘူး....(မှန်ပါ)၊တရားအစားထုတ်လို့ မဂ်ဖိုလ်တော့ မရနိုင်ပါဘူး ရှင်းပလား....(ရှင်းပါပြီဘုရား)၊

ကမ္ဘာမျိုးစွာက ဘုရားအဆူဆူ ပွင့်တော်မူကြတာ ဂင်္ဂါသဲမှုန့်နဲ့အမျှ ပွင့်သွားတော်မူကြတယ်– (မှန်ပါ)၊ ဒီအထဲမှာ ကျုပ်တို့မပါတာ ဒိဋ္ဌိနှစ်ခု တစ်ခုခုခံနေလို့- (မှန်ပါဘုရား)။ ဒီဘဝမှာလဲ ဆရာသမားများက ကောင်းကောင်း မှန်မှန် ရှင်း မပေးသေးလို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ပြောမပေးယင် တကာကြွယ် ဒီ ဒိဋ္ဌိဟာ ရှိနေသေးတာပဲ– (ရှိပါတယ်ဘုရား)၊ ဘဝပြောင်းဆိုတဲ့ အယူ ရှိနေတယ်-(မှန်ပါ)။

အခု သိရတော့ ဘဝပြောင်းသလားဆိုတော့ ဒကာ ဒကာမတို့ ကြည့်ပါလား ပြောင်းနိုင်သေးရဲ့လား- (မပြောင်းနိုင်ပါဘူး)၊ ဒါ ဘာဘဝတုံး- (အတိတ်ဘဝပါ)၊ အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရ- (မှန်ပါ)၊ ဒီဘက်မှာ ဝိညာဏ်နာမ်ရုပ် ပေါ်တယ်-(မှန်ပါ)၊ ဒါတွေ အတိတ်ကဟာတွေ လိုက်လာသေးသလား-(မလိုက်ပါဘူး)၊ လိုက်လာယင်တော့ ပြောင်းတယ်ဆို ရမှာပေါ့-(မှန်ပါ)၊ မလိုက်ယင်တော့- (မပြောင်းပါဘူး)၊ မပြောင်းပါဘူးဆိုတာ သဘောကျပလား- (ကျပါပြီဘုရား)။

တစ်ခါ တကာ့ ဥပါဒါန်ကံတို့ကြောင့် အနာဂတ် ဘဝ လေးဘူးလား-(လာပါတယ်)၊ ဒီကဟာတွေ ပြောင်းသေးရဲ့လား–(မပြောင်းပါဘူး)၊ မပြောင်းယင် ဒီတွင် ချုပ်ရမယ်- (မှန်ပါ)၊ နာမ်ရုပ်တွေ မဟုတ်လား၊ နာမ်ရုပ်ဆိုတာ ဖြစ်တဲ့ နေရာမှာပဲ ချုပ်တယ်- (မှန်ပါ)၊ ဘယ်မှ မပြောင်းနိုင်ဘူး- (မှန်ပါ)၊ သေတဲ့နေရာမှာချုပ်၊ ဖြစ်တဲ့နေရာမှာပျက်၊ဘယ်မှ

http://www.dhammadownload.com



မပြောင်းဘူးဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ဝိပဿနာလုပ်ကြည့်တော့ တကာကြွယ်တို့ ဗီနားမှာ ပေါ်တဲ့ ဝေဒနာကလေးဟာ ဟိုနေရာ ရွေ့ပြီးများ ပျက်သေးသလား-(မပျက်ပါဘူးဘုရား)၊ ဒီနေရာဖြစ်ပြီးတော့ ဒီနေရာတွင်ပဲ ပျက်ထာပဲ-(မှန်ပါ)၊ စိတ်ကလေးကြည့်လိုက်ပြန်တော့-(ဒီနေရာဖြစ်ပြီး ဒီနေရာပျက်ပါတယ်)၊ ရုပ်ကလေး ကြည့်လိုက်ပြန်တော့- (ဒီနေရာဖြစ်, ဒီနေရာမှာ ပျက်ပါတယ်)၊ ဒီခန္ဓာငါးပါးရှိတာပဲ၊ အခု ပျက်တာတွေ ကြည့်တော့ ဘယ်မျိုးပြောင်းထေးသတုံး-(မပြောင်းပါဘူးဘုရား)၊ ဟို ဘဝကနီဘာကို ပြောင်းနိုင်ရဲ့လား- (မပြောင်းနိုင်ပါဘူး)။ ပြောင်းနိုင်လို့ရှိယင် အနိစ္စတရားလို့ ဟောဖို့ တောင် မလိုဘူး-(မှန်ပါ)၊ ဒုက္ခသစ္စာတရားလို့ကော- (ဟောဖို့-မလိုပါဘူး)၊ အနတ္တတရားလို့ကော-(ဟောဖို့ မလိုပါဘူး)၊ အဲဒါ- အနိစ္စ ဒုက္ခ အနတ္တ ဆန့်ကျက်တဲ့ ဒိဋ္ဌိ—(မှန်ပါ)၊ သဘောပါပလား- (ပါပါပြီ)။

ဘယ်သူ့ကို ကန့်ကွက်ပါလိမ့်-(အနိစ္စ ဒုက္ခ အနတ္တကို ကန့်ကွက်ပါတယ်)၊အနိစ္စ ဒုက္ခ အနတ္တဟာ နိဗ္ဗာန်ရောက်ကြောင်းတရား၊ အဲဒါကို သူက ကန့်ကွက်လိုက်တယ်.... (မှန်ပါ)၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိက ကန့်ကွက်ခြင်းကြောင့် ခင်ဗျားတို့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝိပဿနာကို ရှေ့ထား မရှုပါနဲ့ဦး။ ဒိဋ္ဌိခွါမှု ပဋိစ္စသမုပ္ပါဒ်နားလည်မှုကို ရှေ့ထားပါဆိုတာ ပြောရတယ်—(မှန်ပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါကလဲ တကာကြွယ် မလွယ်ဘူးနော်....။ မလွယ်ဘူး.... မလွယ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာလဲ ခင်ဗျားတို့ ဒီအဝိုင်းကြီးကို ယူမနေနဲ့ဦး၊ ခင်ဗျားတို့ ခန္ဓာဟာ အတိတ်က ဒီလို ဖြစ်ခဲ့တယ်၊ ယခု ဒီအထဲမှာလို့ သိရမယ်-(မှန်ပါ)၊ ဒီ အထဲမှာ ယခု ဝိပဿနာ အားမထုတ်တဲ့ ပုဂ္ဂိုလ် ဒါခတွေ ပေါ်နေတယ်-(မှန်ပါ)၊ စုတေလို့ရှိယင် ခင်ဗျားတို့ ဒါခတွေရသိမ့်မယ်--(မှန်ပါ)။ ဒါ ခင်ဗျားတို့၏ ခန္ဓာထဲမှာ ဒီအစဉ်တွေ ရှိနေတယ်လို့ ပြောတာ.... (မှန်ပါ)၊ သဘော ပါပါလား.... (ပါပါပြီ)။

ကိုင်း ဒါဖြင့် ယမကကို ရှင်သာရိပုတ္တရာက မေးလိုက်ကတည်းက ရုပ်ကို ပုဂ္ဂိုလ်ခေါ်မလား၊ မခေါ်ပါဘူးလို့ သူ ဖြေတယ်၊ ဝေဒနာကို ရဟန္တာခေါ်မလား-(မခေါ်ပါဘူး)၊ အဲဒါ ပုဂ္ဂိုလ်သတ္တဝါ ပျောက်အောင် လုပ်ပစ်လိုက်တယ်... (မှန်ပါ)။

ဦးဘအုန်း ဘာလုပ်ပစ်လိုက်သတုံး .... ပုဂ္ဂိုလ် သတ္တဝါ ပျောက်အောင် လုပ်ပစ်လိုက်တဲ့ အခါကျတော့ ရဟန္တာကို ပုဂ္ဂိုလ်စွဲထားတာ ပျောက်သွားတယ်-(မှန်ပါ)၊ အဲဒီ ပျောက်တဲ့ အချိန်ကျတော့မှ အနိစ္စ ဒုက္ခ အနတ္တ ဟောချလိုက်တာ။ သဘောကျပလား-(ကျပါပြီဘုရား)။

အနိစ္စ ဒုက္ခ အနတ္တ ဟောလိုက်တော့ သူက နဂိုကလဲ ကျင့်သားရပြီးသားဖြစ်တော့ ဒိဋ္ဌိအလျင်ဖြုတ်ပြီး ဟောလိုက်တော့ကို သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ထိအောင် ဖြစ်သွားတာ-(မှန်ပါ)။

ဒီတော့မှ....ယမကာ....နဂိုက ရဟန္တာသေယင် ဘာမှမဖြစ်တော့ဘူး။ ဘုရားဟောတာ ပေါ်သိပါတယ်လို့ ပြောခဲ့တာဟာ အခုမင်းကို မေးယင် ဘယ့်နှယ်ဖြေမတုံး.... ဆိုတော့– ဦးဘအုန်း ပုဂ္ဂိုလ်သတ္တဝါကိုထည့်ပြီး ဖြေသေးရဲ့လား– (မဖြေပါဘူး)၊ အကြောင်း ရုပ်တရားဟာ အနိစ္စပါ၊ အကြောင်း ဝေဒနာတရားဟာ အနိစ္စပါ။ ထို အနိစ္စဖြစ်တဲ့ ရုပ်ဝေဒနာတို့ ခန္ဓာငါးပါးတို့ဟာ ဒုက္ခပါ။ အနိစ္စဖြစ်တဲ့ တရားဟာ ဒုက္ခပါပဲ–(မှန်ပါ)၊ အဲဒီ ဒုက္ခတွေ ချုပ်သွားတယ်– ကုန်သွားတယ်လို့ တပည့်တော် ဖြေမှာပါဘုရားတဲ့–(မှန်ပါဘုရား)။

ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ အသေကိုဖြုတ်ပြီးတဲ့ အခြားမဲ့မှ အမှန်ပြောလာတယ် ဒုက္ခချုပ်သွားပြီလို့ ပြောလိုက်တယ်–(မှန်ပါ)၊ ဒုက္ခချုပ်သွားတော့ ဒုက္ခနိရောဓ ခေါ် နိဗ္ဗာန်ပေါ့-(မှန်ပါ)၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာ မလုပ်ခင် ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်-(မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ် နားလည်ရသိမ့်မယ် ဆိုတာ အခု ခန္ဓာကိုယ်ထဲမှာ ဥပမာ-ဝေဒနာ ပေါ်တယ်။ ဘယ်ဝေဒနာပေါ်တယ်၊ ဘယ်ဝေဒနာ ပေါ်တယ် ဆိုတာကို ကိုယ့်ဟာကိုယ် သိပြီး ဖြစ်ပျက်ရှုပါ-(မှန်ပါ)၊ စိတ်ပေါ်တယ်၊ ဘယ်စိတ် - ဘယ်စိတ်ပေါ်တယ်ဆိုသင်ကော- (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ပေါ်တယ်လို့သာ သိရမယ်။ ပုဂ္ဂိုလ်သတ္တဝါပေါ်တာမဟုတ်ဘူး။ ရုပ် ပေါ်ယင်လဲ ရုပ် ပေါ်တယ်လို့ သိပါ။ နာမ်ပေါ်လာယင်....(နာမ်ပေါ်တယ်လို့ သိရပါတယ်)၊ အဲ.... တစ်ခုခုဘာ့ဖြင့် သတိပဋ္ဌာန် လေးပါးထဲက တစ်ပါးပါး တော့ ရှုရလိမ့်မယ်– (မှန်ပါ)၊ ရှုလိုက်တဲ့ အခါကျတော့

http://www.dhammadownload.com



ရဟန္တာတို့ ပုဂ္ဂိုလ်တို့, ယောကျ်ားတို့, မိန်းမတို့ ထင်ထင်ရှားရှား ပျောက်-မပျောက်....(ပျောက်ပါတယ်ဘုရား)၊ အဲ...ဒါတွေ ဟာ မွေ့ယာကလေးပဲဆိုပြီး သတ္တဝါနဲ့ ပျောက်ပြီးသည့် နောက်မှ ခင်ဗျားတို့ ဓာတ်ကလေးတွေကို ဖြစ်ပျက် ရှုပါ.... (မှန်ပါ)၊ ဒါ ပုဂ္ဂိုလ်သတ္တဝါဟုတ်သေးရဲ့လား- (မဟုတ်ပါ ဘူး)၊ မဟုတ်တော့ ဒါတွေသည်ကားလို့ ဆိုယင်ဖြင့် သင်္ခါရ တရားဖြစ်သွားတယ်-(မှန်ပါ)၊ အဲဒီ ကျတော့မှ သဗ္ဗေ သင်္ခါ ရာ အနိစ္စာနဲ့ ဦးဘအုန်း သွေးပြီးတိုက်တယ်-(မှန်ပါ)။

ဘာတရားတွေများ ပေါ်နေသတုံး— (သင်္ခါရ တရားတွေ ပေါ်ပါတယ်ဘုရား)။ စိတ်ပေါ်လဲ သင်္ခါရ၊ ဝေဒနာပေါ် လဲ-(သင်္ခါရပါဘုရား)၊ သင်္ခါရတရားတွေက ဘယ်မှာ လှမ်း ဆုံးသတုံး- (အနိစ္စလမ်းဆုံးပါတယ်)၊ သင်္ခါရတရားတို့ မည် သည်မှာ သင်္ခါရ တရားဖြစ်ယင် ပျက်မှာပဲ ဆိုပြီး အကာလ ဉာဏ်တည့်ထားပါ- (မှန်ပါ)၊ ဉာဏ်တည့်ထားသည်နဲ့ တစ် ပြိုင်နက်တည်း သင်္ခါရတရားကလေးက ဖြစ်လိုက် ပျက်လိုက်နဲ့ လာတော့တာပဲ....(မှန်ပါ)၊ မလာဘူးလား.... (လာပါတယ် ဘုရား)။

အဲဒီတော့ ခန္ဓာငါးပါးပဲ ဒကာ ဒကာမတွေက ဝေဒနာ ကြိုက်ယင် ဝေဒနာပေါ့ဗျာ၊ စိတ်ကြိုက်ယင် စိတ်ရှုပေါ့။ ငါး ပါးစလုံးတော့ ပေါင်းမရှုနဲ့ပေါ့- (မှန်ပါ)၊ ငါးပါးစလုံး တော့ ပေါင်းမရှုနဲ့ မဖြစ်ဘူးတဲ့ ဉာဏ်က မနိုင်ဘူး-(မှန်ပါ)၊ ကဲ....ဒါဖြင့် တစ်ခုခုသင်္ခါရကလေး ကြည့်လိုက်တော့ ထင်ထင် ရှားရှား ဘာတွေ တွေ့သတုံး-(အနိစ္စတွေ့ပါတယ်)၊ အဲ....အနိစ္စ တွေ့တယ်၊ ဖြစ်တာ ပျက်တာ တွေ့တယ်ဆိုတာ မသေချာဘူး

http://www.dhammadownload.com



သွား-(သေချာပါတယ်)၊ ကြောင်….ဒါဖြင့် ဖြစ်တာ ပျက်တာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)။

ဒါဖြင့် အဆောက်အဦမတွေ ဒုက္ခသစ္စာတွေပြီ–(မှန်ပါ)၊ ဖြစ်တာပျက်တာ ဘာသစ္စာတုံး–(ဒုက္ခသစ္စာပါ)၊ နဂိုက ပုဂ္ဂိုလ် သတ္တဝါရှိရဲ့သား–(မရှိပါဘူးဘုရား)၊ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)။

အဲ…. ယခုဘာဝရထားတဲ့ ဝိညာဏ် နာမ်ရုပ် သင်္ခါယတန အာယဝေဒနာတွေဟာ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ ဒါဖြင့် တကာကြွယ်တို့ရှိတဲ့ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲ…. (မှန်ပါ)၊ ဝေဒနာတွေလဲ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)၊ သညာတွေလဲ- (ဒုက္ခသစ္စာပါ)၊ ရုပ်တွေလဲ- (ဒုက္ခသစ္စာပါ)၊ အဲ…. တွေ့ဘာကို သတိပဋ္ဌာန် လေးပါးထဲက တစ်ပါးပါးကို တစ်ခုတည်း မှတ်ပြီး ရှုပါ-(မှန်ပါ)၊ အဲ….တစ်ခုတည်း ရှုလိုက်တဲ့ အခါကျတော့ ဒုက္ခသစ္စာဖြစ်ပျက်သွားတွေ့တယ်- (မှန်ပါ)၊ အဲဒီ…. ဖြစ်ပျက်တွေ့တဲ့အခါကျမှ ဒီ ဖြစ်ပျက်တုန်းပဲ ဉာဏ်လာအောင် ထပ်ပြန်တလဲလဲ ကြိုးစား–(မှန်ပါ)၊ ကြိုးစားလိုက်တဲ့ အခါ မှန်းလာပြီဘုရား…. ဒီ ဖြစ်ပျက်တွေမှန်းလာပြီ….။ မှန်းသာလို့ ရှိယင်ဖြင့် သူမလိုချင်တဲ့ ဉာဏ်လာလိမ့်မယ်–(မှန်ပါ)၊မလိုချင်တဲ့ဉာဏ်ဟာ အလိုလိုလာမှာ မဟုတ်ဘူး၊ ဒါတွေဟာ ဒုက္ခသစ္စာလို့ မှန်မှန်ကြီး သိလာမှ လာမယ် ….(မှန်ပါဘုရား)။

ကြောင်…. ဖြစ်ပျက်တွေဟာ ဘာတွေပါလိမ့်- (ဒုက္ခသစ္စာတွေပါ)၊ ခဏခဏ ဒုက္ခရောက်နေတာကိုး- (မှန်ပါ)၊ သူများ ဒုက္ခလား၊ မိမိဆုတောင်းပြည့်လို့ ရထားတဲ့–ဒုက္ခလား–မိမိဆု

http://www.dhammadownload.com



တောင်းပြည့်လိုရထားတဲ့ (ဒုက္ခပါ)၊ မိမိဆုံတောင်းပြည့်လို့ ရထားတဲ့ ဒုက္ခဆိုတာ သေချာပါတယ်....(မှန်ပါ)။

အဲဒီ - ဒုက္ခတွေကို ရှုဖန်များလာတဲ့အခါ ဒုက္ခသစ္စာပဲ၊ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့ ရှုဖန်များလာတဲ့ အခါ တကာ ကြွယ်ရေ ကိုယ့် ဒုက္ခဟာ ကိုယ့်ဉာဏ်ထဲမှာ သိတယ်-(မှန်ပါ)၊ သိတဲ့အခါကျတော့ ဒီဒုက္ခကြီးနဲ့ မနေချင်တဲ့စိတ် ပေါ်လာ တယ်၊မပေါ်လာဘူးလား- (ပေါ်လာပါတယ်ဘုရား)၊ မလို ချင်တဲ့ စိတ်ပေါ်လာတဲ့ အချိန်မှာ မလိုချင်တာ မဂ်ဉာဏ်ပဲ- (မှန်ပါ)၊မပျော်မွေ့ဘူး၊ မနေချင်တော့ဘူး၊ မလိုချင်တော့ ဘူး-(မှန်ပါ)။

အဲဒီမှာ ဒုက္ခသစ္စာချုပ်သွားပြီး ဒုက္ခနိရောဓ နိဗ္ဗာန် ဆိုတဲ့ နိဗ္ဗာန်ဟာ မျက်မှောက်ပြုသောအားဖြင့် မြင်လာတယ်။ ပေါ်လာတယ်ဆိုကြပါစို့ - (မှန်ပါ)၊ မပေါ်ဘူးလား .... (ပေါ်လာပါသယ်ဘုရား)။

ဦးဘအုန်း၊ ဘာပေါ်လာသတုံး.... (နိဗ္ဗာန် ပေါ်လာပါ တယ်)၊ ဒါကြောင့် ဒုက္ခသစ္စာမမြင်ဘဲနဲ့တော့ နိဗ္ဗာန်မပေါ် ဘူး-(မှန်ပါ)။

ဖြစ်ပျက် ဒုက္ခသစ္စာကို မမြင်ဘဲနဲ့.... (နိဗ္ဗာန်မပေါ်နိုင်ပါ ဘူးဘုရား)၊ သေချာပလား-(သေချာပါပြီ)။

ဒါဖြင့် ဒီ ပုဂ္ဂိုလ်ဟာ စုတိစိတ်ကျတဲ့ အခါကျတော့ ဒုက္ခ လဲချုပ်သွားရော နိဗ္ဗာန်ပေါ်လာတယ်.... (မှန်ပါဘုရား)၊ ရဟန္တာသေတာလား- ဒုက္ခဆုံးသွားတာလား- (ဒုက္ခဆုံးတာ ပါဘုရား)၊ သတ္တဝါ သေတာလား - ဒုက္ခ ဆုံးတာလား.... (ဒုက္ခဆုံးတာပါဘုရား)။

http://www.dhammadownload.com



အဲ.... ဒုက္ခဆုံးတာကို ခင်ဗျားတို့က မသိတော့ ဒီအာ ဒကာမတို့က ရဟန္တာအသေယင် နိဗ္ဗာန်ရောက်တယ်ဆိုတာ ဘာမှ မရှိဘူး ယူမှတ်လိုက်တယ်--(မှန်ပါ)၊ ဒုက္ခဆုံးတာ ဦးဘအုန်း-သုခနိဗ္ဗာန်- သန္တိလက္ခဏာ ဘာဘာက ပေါ်လာတယ် .... (မှန်ပါ)။

ဒါကြောင့် နိဗ္ဗာန်ကို မသိလို့ရှိယင် ခင်ဗျားတို့ ဥစ္ဆေဒ ဒိဋ္ဌိ အစွန်းရောက်သွားတတ်တယ်-(မှန်ပါ)။

နိဗ္ဗာန်ရှိတယ်လို့ မသိလို့ရှိယင်- (ဥစ္ဆေဒဒိဋ္ဌိ အစွန်းရောက် သွားတတ်ပါတယ်)၊ သဘောပါပါလား -(ပါပါပြီ)။

ဒုက္ခချုပ်သွားလို့ သုခဖြစ်ပျက်တာကို လောကီ ဥပမာ ကလေးနဲ့ နှိုင်းယှဉ်သိကြရအောင် ပြောပြပါဦးမယ်- (မှန်ပါ)။ ဒါမှ နိဗ္ဗာန်ရဲ့ သန္တိသုခလက္ခဏာကို သဘောကျမယ် .... (မှန်ပါ)၊ တကာကြွယ် ခန္ဓာကိုယ်ထဲမှာ အပ်သွားချစရာမရှိ အောင် ကျောက်ကြီး ပေါက်တယ် ဆိုကြပါစို့ — (မှန်ပါ)၊ တစ်ကိုယ်လုံး အပ်သွားချရော မရှိအောင်ဘဲ ကျောက်ကြီး ပေါက်တယ်ဘုရား၊ ခေါင်းရော ဘာရော အဆက်ရော မြင် ဘက်ရော ဝမ်းထဲရော ဆိုတော့ ဟာ....တကာကြွယ် ဘာဖြစ် ချင်သတုံးလို့ ဘုန်းကြီးကပဲ ဆရာဒကာပဲ မေးတယ်ထားပါ တော့- (မှန်ပါ)၊ တပည့်တော် ဒါပျောက်ချင်တာပေါ့ဘုရား-ဒီပြင်တော့ ဘာမှ အရေးကြီးပါဘူး၊ ဒါပဲ ဖြေမှာပဲ .... (ဖြေမှာပါဘုရား)၊ ရှင်းပြီးနော်- (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဘုန်းကြီးကလဲ ဆေးကောင်း ဝါကောင်း ရှိတယ်၊ ဝိဇ္ဇာဓိုရ်ဆေးမျိုး သိကြားဆေးမျိုး ဆိုကြပါစို့- (မှန်ပါ)။ အဲဒီဆေးမျိုးနဲ့ ကုလိုက်တဲ့အခါ တကာကြွယ်ရဲ့- ကျောက်

http://www.dhammadownload.com



တွေ အကုန်ပျောက်သွားတယ်၊ သဘောကျပလား- (ကျပါပြီ)။

ပျောက်သွားတဲ့ အခါကျတော့ တကာကြွယ် နဂိုတုန်းက ဒုက္ခရောက်နေတယ်။ အခုတော့ ဒုက္ခ ချောက်သေးသလား - မေးယင် ဘယ့်နှယ်ဖြေမလဲ - (မရောက်တော့ပါဘူး)၊ မရောက်တော့ဘူး။ သဘောပါပလား-(ပါပါပြီ)။

ဒါဖြင့် ဒုက္ခရောက်တဲ့ နေရာမှာ သုခပေါ်တာပဲ-(မှန်ပါ)၊ ဒုက္ခချုပ်တဲ့ နေရာမှာ- (သုခ ပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် သုခ - ရှိ - မရှိ - (ရှိပါတယ်ဘုရား)၊ အဲဒါသိုပဲ နိဗ္ဗာန်ဟာ သန္တိလက္ခဏာသဘော-ဒုက္ခချုပ်ငြိမ်းတဲ့ သဘောရှိတယ် ယူမှ - ဥစ္ဆေဒဒိဋ္ဌိလွတ်တယ် -(မှန်ပါ)၊ ရှိတယ်လို့မယူယင်- (ဥစ္ဆေဒဒိဋ္ဌိမလွတ်ပါဘူးဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိ မလွတ်ပါဘူးဆိုတော့ တဆုးအားထုတ်မယ်ကြံယင် နိဗ္ဗာန်ရှိတယ် ဆိုတာကိုသဲ ခပ်ဗျား တို့အခုလို ရှင်းရှင်းလင်းလင်းသိထားမှ အားထုတ်တော့ ရနိုင်တယ်-(မှန်ပါ)၊ နို့မဟုတ်လို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိခံနေယင် ရကို မရနိုင်ဘူးလို့ တကာကြွယ် ဆုံးဖြတ်ချက်ချပါ-(မှန်ပါဘုရား)၊ သဘောပါပလား-(ပါပါပြီဘုရား)၊

ဒါဖြင့် - တစ်ကိုယ်လုံး အနာပေါက်နေတာ ဘာသစ္စာ— (ဒုက္ခသစ္စာပါ)။ အဲဒီ အနာတွေ ပျောက်သွားပြီ ဒကာသစ် ဘာသစ္စာတုံး— (သုခသစ္စာပါ)၊ ဒါဖြင့် ဒုက္ခသစ္စာချုပ်ဖြီး ယင် သုခသစ္စာရမြဲပဲ- (မှန်ပါ)၊ ဒါဖြင့် နိဗ္ဗာန် ရှိ - မရှိ… (ရှိပါတယ်ဘုရား)၊

ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ ဒုက္ခ တွေများ အကုန်ချုပ်သွားယင် ဘာပေါ်မတုံး- (နိဗ္ဗာန်ပေါ်

မှာပါ)၊ ဘာသစ္စာတုံး- (သုခသစ္စာပါ)၊ အဲ....အခုနိုင်ကာ ကျောက်ပေါက်တာ ပျောက်သလိုမှတ်ပါ- (မှန်ပါ)၊ ရှုပ်စီး ပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန် ရှိ၊ မရှိ- (ရှိပါတယ် ဘုရား)။

ယမက-ရှိတယ်လို့ ယူသလား.... မရှိဘူးလို့ ယူသလား.... (မရှိဘူးလို့ ယူပါတယ်)- ဘယ့်နှယ်ကြောင့် မရှိဘူး ယူပါ လိမ့်မတုံး မေးတော့ သူ့မှာ ဉစ္ဆေဒဒိဋ္ဌိရှိနေတယ် - (မှန်ပါ)၊ ဘယ့်နှယ်ကြောင့် ဒီဉစ္ဆေဒဒိဋ္ဌိက လာပါလိမ့်မတုံး မေးတော့ ရုပ်နာမ်ကိုပုဂ္ဂိုလ်သတ္တဝါ သက္ကာယစွဲနဲ့ တကယ်ရုပ်နာမ်လို့ ထင် နေတာ။ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့တော့ ဘယ်မှာ ရုပ်နာမ်ရယ် လို့ ရှိပါ့မလဲ ဒကာ ဒကာမတို့၊ ဒါတွေဟာ ကြည့်ပါလား- ခန္ဓာငါးပါးပဲ။ ရုပ်နာမ်လဲ ခန္ဓာငါးပါးပဲ၊ ပဋိစ္စသမုပ္ပါဒ် အလို ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာပဲ-(မှန်ပါ)၊ ခန္ဓာကိုဖွဲ့လိုက်တော့- (ခန္ဓာငါးပါးပါဘုရား)၊ ခန္ဓာငါးပါး ပဲရှိတယ်၊ ဒီ အကြောင်းဘောကြောင့် ဒီ ခန္ဓာငါးပါး ပေါ် တယ်-(မှန်ပါ)၊ ဒီ ခန္ဓာငါးပါးကို မဂ်ဉာဏ်နဲ့ ရှုလိုက်တော့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ-(မှန်ပါ)၊ ဒုက္ခသစ္စာမှန်းသိတော့ သူ ပျောက်သွားတယ်၊ သူ ပျောက်သွားတဲ့အခါ ဒုက္ခတွေ ပျောက်ပြီး ဒီနေရာ ဘာအစားထိုးမလဲ- (သုခ အစားထိုး ပါတယ်)။

ဒါဖြင့်— ဒုက္ခမှန်းသိတဲ့ ပုဂ္ဂိုလ်ကတော့ သုခ အစားထိုး တယ်- (မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ခိုင်တယ်ယင်လဲယူလိမ့်မယ် -(မှန်ပါ)၊ ပြတ်တယ်ဆိုယင်ကော—

http://www.dhammadownload.com



(ယူမှာပါဘုရား)၊ အဲ.... ပုဂ္ဂိုလ်သတ္တဝါ သက္ကာယ စွဲနေယင် တော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ တစ်ခုခုလာလိမ့်မယ်-(မှန်ပါ)၊ တကာကြွယ် သိပ်ကြောက်စရာကောင်းပါလား- (ကောင်းပါ တယ်ဘုရား)၊ ပေါ်ကြပလား-(ပေါ်ပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခင်ဗျားတို့ ကို သနားလို့ ဟောပေးနေတာ-(မှန်ပါ)၊ ခင်ဗျားတို့ လုပ် တာတွေ ဒီအတိုင်း မတည့်မှာစိုးလို့- (မှန်ပါ)။

ဒီ ဒိဋ္ဌိတွေ မကွာဘဲနဲ့ သဿတကလဲ ခင်ဗျားတို့က သဘော မကျ၊ ဥစ္ဆေဒလဲ သဘောမကျ၊ ပုဂ္ဂိုလ်သတ္တဝါ အဖြစ်နဲ့လဲ ယူနေမယ်ဆိုယင် ဘယ်လို အားထုတ်ထား ထုတ် ဖြစ်ပျက်တွေ မြင်ထားဦး ဒိဋ္ဌိ အပွင့်ခံနေယင် မရနိုင်ဘူး- (မှန်ပါ)၊ ဦးဘအုန်း သဘောပေါ်ပလား- (ပေါ်ပါပြီဘုရား)။ ဘာအပင်း ခံနေသလဲ (ဒိဋ္ဌိအပင်းခံနေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ရောက်လာယင် အားထုတ်တာ များတော့ ခေတ္တဆိုင်းပါဦး၊ ဝမ်းထဲမှာ ဒိဋ္ဌိ ရှင်းပါဦး၊ ရှင်းပြီးတော့မှ ရုပ်နာမ်ပေါ်အောင်ပြော။ ဒိဋ္ဌိကို အလျှင် ရှင်း ပါ။ သက္ကာယ, သဿတ, ဥစ္ဆေဒ သုံးခုကို အလျှင်ရှင်းပါ။ ရှင်းပြီးသည်နောက် ရုပ်နာမ်တွေကို ခွဲပေး၊ ခွဲပြီးတော့မှ ဆစ်ခုနသော ရုပ်နာမ်ကို အရှုခိုင်း....။ ဒီလိုဆိုယင် အစဉ်တည့် မတ်သွားပြီ။ ကြိုးစားကြပါ-(မှန်ပါ)၊ ရောက်လာရှုဟဲ - ရှုဟဲ့ ဆိုတာမျိုးတော့ ရမ်းပြီးတော့ လုပ်မနေပါနဲ့။ ဒိဋ္ဌိမကွာဘဲ ဖြစ်နေယင် ကျေးဇူးရှိတန်သလောက် မရှိဘဲ နေပါဦးမယ်- (မှန်ပါ)၊ သဘောပေါ်ပလာ-(ပါပါပြီ)။

http://www.dhammadownload.com



ဘာ့ကြောင့်တုံး ဆိုတော့ ဒိဋ္ဌိ အပင်းခံနေလို့ ရှိယင်ဖြင့် တကာကြွယ် ဘယ်တော့မှ မရနိုင်။ ရှင်ဆန္နနှစ်ပေါင်း လေးဆယ်ကျော်- (မှန်ပါ)၊ ရှင်ယမကလဲ ဒိဋ္ဌိ ခံနေတော့ မမြင်ဘူး၊ ရှင်သာရိပုတ္တရာက ဒိဋ္ဌိခွါပေးမှ သူဟာ ရဟန္တာဖြစ်တယ်- (မှန်ပါ)၊ ဒီဝတ္ထုတွေက မသင်ရှားဘူးလား- (ထင်ရှားပါတယ်)။

ဒါဖြင့် အားထုတ်မှုနဲ့ ဒိဋ္ဌိခွါမှုကို ရှေ့နောက် ဘယ်ဟာ ထားမယ်.... (ဒိဋ္ဌိခွါမှုကို ရှေ့ထားရပါမယ်)၊ ဘုရားကလဲ ပရိညာသုံးပါးမှ သိမှုပြီးတော့ ပွားမှုကို လုပ်ဖို့ ချပေးပါတယ်။ ဉာတပရိညာပြီးမှ တီရဏ ပရိညာလုပ်၊ တီရဏ ပရိညာပြီးမှ ပဟာနဆိုတဲ့ ပယ်တဲ့ ပရိညာလုပ်ရတယ်-(မှန်ပါ)၊ ဘုရားကလဲ ပရိညာသုံးပါး အစဉ်ကို ဟောတော် မူခဲ့တော့ တကာကြွယ် ဒိဋ္ဌိခွါမှုကို အလျင်ရှေ့ထားပါ-(မှန်ပါ)၊ ဒိဋ္ဌိခွါတဲ့နည်းကို ရှေ့ထားပြီးသည့်နောက်မှ အားထုတ်မှုကို နောက်လုပ်ပါ-(မှန်ပါ)၊ ဒိဋ္ဌိခွါပြီးလို့ အားထုတ်၊ အားထုတ်ပြီးတော့မှ အားထုတ်ဖန်များတော့ ပယ်မှုဆိုတာ လာပါလိမ့်မယ်- (မှန်ပါ)၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်မှုဆိုတဲ့ သောတာပန်ကိစ္စဟာ လာပါလိမ့်မယ်—(မှန်ပါ)။

ကဲ....ယမကမှာ နဂိုက အားထုတ်ထားတော့ အနိစ္စ- ဒုက္ခ- အနတ္တ တည့်အောင် မြေတတ်သားပဲ-(မှန်ပါ)၊ မြေပေမယ့်လဲ ဘယ့်မှာ ဘာခံနေသလဲ-(ဒိဋ္ဌိခံနေပါတယ်)၊ နောက်တော့ ရှင်သာရိပုတ္တရာက ပုဂ္ဂိုလ်သတ္တဝါတွေ ဟုတ်ကဲ့လားလို့ ခွါပေးပြီး မေးလိုက်တော့ ဒိဋ္ဌိကွာသွားပြီး ဝိပဿနာရှုတော့ ရဟန္တာမဖြစ်ဘူးလား-(ဖြစ်ပါတယ်)၊ အလျင် ဘာခံနေလို့တုံး- (ဒိဋ္ဌိခံနေ

လို့ပါ)၊ အဲ....အလျင်က အားမထုတ်လို့လား၊ အားထုတ်လို့လား—(အားထုတ်ပါတယ်)၊ အားထုတ်လျက်နဲ့ သူ ရဟန္တာ ဖြစ်ကဲ့လား—(မဖြစ်ပါဘူး)၊ အဲ....ဥစ္စာဒဗ္ဗိ အပင်းခံနေလို့ ဓကာ ဒကာစမတို့ ဘယ်ဝေဒနာမှ မပျောက်ဘူး ဒိဋ္ဌိကိလေသာ ဝေဒနာခံနေတဲ့အတွက် ဘယ်ကိလေသာဝေဒနာမှ မပျောက်တော့ဘူး—(မှန်ပါ)၊ ရှင်းပလား— (ရှင်းပါပြီ)၊ သဘောပါ ပလား-(ပါပါပြီ)။

ကဲ....နာရီစေ့ပြီ၊ ယနေ့ ဓိတွင် တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ဥပနိဿယမှ မဂ္ဂပစ္စည်း ဖြစ်လာအောင်

# ထောက်ပံ့ကျေးဇူးပြုပုံ

## အလုပ်ပေးတရားတော်

[၁၅-၁၂-၁၉၆၁]

ဒါနကို ပေးလှူဝယ်လို့ ဆင်ခြင်းသော်လဲ ဒါန၏ တရားကိုယ်ကို ကောက်ကြည့်လို့ရှိယင် ဘာတုံးလို့ မေးလိုက်လို့ရှိယင် ရွှေဦးစွာ ယုံကြည်မှုပြဋ္ဌာန်းတဲ့ စေတနာပဲ၊ စေတနာဆိုတာ ဘာတုံးလို့ဆိုလို့ရှိယင် ဆော့ ပြုလုပ်ကြတဲ့ ကံပဲ။ ကံဟာ ကမ္မဘာဝပဲ၊ ကမ္မဘာဝ ပစ္စယာ ဇာတိ...တဲ့-(မှန်ပါ)၊ ဒီကမ္မဘာဝ ပစ္စယာသည် ဇာတိတင် အကျိုးပေးသလား ဆိုတော့ ပဋိစ္စ-သမုပ္ပါဒ် နည်းအလိုတော့ ဇာတိကို အကျိုးပေးတယ်၊ ဇာတိ ဆလဲ နှစ်မျိုးရှိတယ်။ ဘယ်လို နှစ်မျိုး ရှိသတုံး ဆိုလို့ရှိယင်

http://www.dhammadownload.com



ပဋိသန္ဓေအကျိုးကိုပေးတာ တစ်မျိုး, ပဝတ္တိအကျိုးကိုပေးတာ တစ်မျိုးလို့ နှစ်မျိုး မှတ်ထားရမယ်-(မှန်ပါ)၊ ပဋိသန္ဓေအကျိုး ဆိုတာက ပဋိသန္ဓေဖြစ်အောင် ပေးတာ။ လူပဋိသန္ဓေ, နတ်ပဋိသန္ဓေဖြစ်အောင် ပေးတာ။ ပဝတ္တိအကျိုး ဆိုတာကတော့ ဒီဟာမျိုး မဟုတ်ပါဘူးတဲ့၊ ပဝတ္တိအခါမှာ ကောင်းကျိုးတွေ ပေးတာပါ။ ပဝတ္တိအခါမှာ အိုခြင်း, နာခြင်း, သေခြင်းတို့မှ လွတ်ရာကို ညွှန်ပြ ဟောကြား နိုင်တဲ့ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့မှု, သစ္စာဉာဏ်တွေ့ရမှုကိုလဲ ပဝတ္တိအကျိုးက ပေးပါသေးတယ်-(မှန်ပါ)။

ဒါကြောင့် အကျိုးသည် နှစ်မျိုး ရှိတယ်လို့ မောင်ကျော်သိန်းတို့ မတင်လှတို့ မှတ်ရမယ်နော်.... (မှန်ပါ)၊ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး နှစ်မျိုးရှိတယ်၊ ပဋိသန္ဓေအကျိုး ဟူသည် ပဋိသန္ဓေကို ပေးလိုက်တာပဲ၊ ပဝတ္တိအကျိုး ဟူသည် ပဝတ္တိအခါမှာ ကောင်းကျိုးတွေပေးတယ်။ သူတော်ကောင်းနဲ့ ပေါင်းသင်းနိုင်ဖို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟောနိုင်တဲ့ ဆရာသမားနဲ့ တွေ့ဖို့ ဒီလိုအကျိုးကိုလဲ ပေးစေနိုင်တယ်-(မှန်ပါ)။

ဒါကြောင့် သဒ္ဓါသည် တစ်နေ့က ပြောခဲ့တဲ့အတိုင်း မှတ်ကြပါ၊ ဥပနိဿယပစ္စယော- အားကြီးသောအကြောင်း ဖြစ်တယ်လို့ ယူကြပါ-(မှန်ပါ)၊ ဘာကို ကိုးကား ထားရမလဲလို့ ဆိုတော့ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဈာနံ ဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ။ လို့ ဘုရားက ဟောတော်မူတယ်၊ ဒါ ပဋ္ဌာန်းပါဠိတော်လို့ မှတ်ကြပါ။ ဈာန် မဂ်ဖိုလ်ကျအောင် အကျိုးပေးတယ်လို့ ဦးသံဒိုင် တို့ မှတ်ထားကြပါ-(မှန်ပါ)၊ နို့....ဘုရားက ဒီဥစ္စာ ပဋ္ဌာန်း

http://www.dhammadownload.com



ပါဠိတော်ဟာ အကြောင်း အကျိုး ဆက်ပြတာပဲ ဆိုတာ မှတ်ကြစမ်းပါ-(မှန်ပါ)၊

သဒ္ဓိ- သဒ္ဓါတရားကို၊ ဥပနိဿာယ- အမှီပြု၍၊ ဒါန်- ကျောင်းအလှူကို၊ ဒေတိ-ပေးလှူ၏-(မှန်ပါ)။ သီလံ သမာဒိယတိ-သီလပဲ ဆောက်တည်တယ်။ ဥပေါသထကမ္မံ ကရောတိ-ဒါလဲ ကျေးဇူးပြုတာပဲ။ ဈာနံ ဥပ္ပါဒေတိ-ဈာန်ကိုလဲ ရစေနိုင်တာပဲ။ မဂ္ဂံ ဥပ္ပါဒေတိတဲ့-မဂ်ကိုလဲဖြစ်စေနိုင်တာပဲတဲ့-(မှန်ပါ)၊ အဘိညံ ဥပ္ပါဒေတိတဲ့ - အဘိညာဏ်ကိုလဲ ဖြစ်စေနိုင်တယ်။ သမာပတ္တိံ ဥပ္ပါဒေတိတဲ့-သမာပတ်ကိုလဲ ဖြစ်စေနိုင်တယ် ဆိုတော့ ဒါက ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဘုရား ဖြစ်ပြီးမှ သိမြင်လို့ ဟောတော်မူတဲ့ အဓိပ္ပါယ်လို့ မေ့ာင်ကျော်သီန်းတို့ မတင်လှတို့ မှတ်ရမယ်နော်.... (မှန်ပါဘုရား)။

ဩော်....တို့လှူတဲ့ ကမ္မဋ္ဌာန်းကျောင်း- ကမ္မဋ္ဌာန်းဘိုက်အလှူကို ဆရာသမားကို အမှူးထားပြီး လှူတဲ့ အလှူ၊ ဘေးကပုဂ္ဂိုလ်တွေက အားထုတ်ချင်လဲ ထုတ်နိုင်အောင် လှူတဲ့အလှူ။ ဈာန်မဂ်ဖိုလ် ကျေးဇူးပြုနိုင်တယ်ဆိုတာကိုလဲ သေသေချာချာ မှတ်ပါ။

ဈာန်မဂ်ဖိုလ်ကို ကျေးဇူး ပြုနိုင်တယ်လို့ ဆိုတော့ သီလ သမာဓိ ပညာတွေကိုလဲ သူက ရအောင်ကျေးဇူးပြုတော့ ပညာ တစ်ခု ရတယ်ဆိုလို့ရှိယင်ဖြင့် ဒီဥစ္စာပညာသည် မဂ်ကိုဖြစ်စေနိုင်တယ်၊ ဖိုလ်ကို ဖြစ်စေနိုင်တယ်၊ သမာပတ်ကို ဖြစ်စေနိုင်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ကိုယ်တိုင် ဘုရားဖြစ်တော်မူပြီးမှ ကိုယ်တော် မြတ်ကြီး သိတော် မူတဲ့ ဉာဏ်တော်နဲ့

အကြောင်း အကျိုး ဆက်ပြီလိုက်တဲ့အတွက် ပြော်....ဒါဟာ ချွန်မင်ဖိုလ်ကို ကျေးဇူးပြုနိုင်တယ်ဆိုတာ သေသေချာချာ ယုံကြည်ရမယ်။ ငါတို့သည်ကားလို့ဆိုယင် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ယကာလ နေရာကျပြီ ချွန်မင်ဖိုလ် အကျိုးငှါ လှူတယ်....လို့ စိတ်ပြောင်းပေးလိုက်ရမယ်နော်-(မှန်ပါ)။

ဘယ်အကျိုးငှါ လှူကြသလဲ· (ချွန်မင်ဖိုလ်အကျိုးငှါပါ ဘုရား)၊ ချွန်မင်ဖိုလ်အကျိုးငှါနော်-(မှန်ပါ)၊ ကာမသုဂတိတွေ ဘဝတွေ လိုချင်လို့ မဟုတ်ဘူးဆိုတော့ ဒီမှာ မှတ်လိုက်ပါတဲ့၊ သူက ပေးတာတော့ဖြင့် ဥပေါသထကမ္မံ ကရောတိ ချွန်နံ ဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ အဘိညံ ဥပ္ပါဒေတိ သမာပတ္တိံ ဥပ္ပါဒေတိ။ ပဝတ္တိအကျိုးတွေ အကုန်ပေးချလိုက်မှာပဲ-(မှန်ပါ)။ဦးသံဒိုင် ဒါဟာ ပဝတ္တိအကျိုးလို့မှတ်လိုက်-(မှန်ပါ)။ မောင်သစ်လဲ့ မှတ်ထားနော်....(မှန်ပါ)၊

ဒီပဝတ္တိအကျိုးတွေ ဘာဖြစ်လို့ ပေးရလိမ့်မတုံး ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဥပနိဿယပစ္စည်းတဲ့။ ဥပနိဿယမှာလဲ ဘာ ဥပနိဿယတုံး ဆိုလို့ရှိယင် ပကတူပနိဿယပစ္စည်းလို့ မှတ်လိုက်မေ်းပါ-(မှန်ပါ)၊ ပကတူပနိဿယပစ္စည်းဆိုတာ တခြားလား မှတ်နေတယ် ဗလဝသတ္တိရှိတဲ့ ပစ္စည်း-(မှန်ပါ)။

မောင်ကျော်သိန်း ဘာသတ္တိတဲ့တုံး-(ဗလဝသတ္တိရှိပါတယ် ဘုရား)။ ဗလဝသတ္တိရှိတဲ့ ပစ္စည်းလို့ သေသေချာချာ မှတ်ကြပါ-(မှန်ပါ)၊ ဗလဝသတ္တိဆိုတဲ့ ဥစ္စာက ဘာတုံးလို့ မေးတဲ့ အခါကျတော့ အားကြီးသော အကြောင်း သတ္တိ ရှိတယ်.... (မှန်ပါ)။

http://www.dhammadownload.com



အားကြီးသော အကြောင်းသည် ဘာတုံးလို့ မေးလိုက်တဲ့အခါကျတော့ မဆုံးနိုင်တဲ့ သံသရာစခန်းသတ်တဲ့ တိကျအောင် သူကျေးဇူးပြုနိုင်တယ် ဆိုတဲ့ အဓိပ္ပါယ်ကို ယူကြပါ။ သဘောကျပလား–(ကျပါပြီဘုရား)။

ဘယ်ကျအောင် အကျိုးပေးနိုင်သတုံး - (သံသရာဆုံးသည်တိုင် ပေးပါတယ်)။

ဘာ့ကြောင့် ဒီဥစ္စာ သံသရာ အဆုံးသတ်နိုင်တယ်လို့ ဘုရားဟောပါလိမ့်မတုံးဆိုတော့ မဂ္ဂ ဥပ္ပါဒေတိ-တဲ့။ မဂ်ကိုလဲ ဖြစ်စေနိုင်တယ်တဲ့။ ဒီလိုလာထားတော့ မဂ်ရတယ်ဆိုတော့ ဒကာဒကာမတို့ နိဗ္ဗာန်ပါပြီးသားထား၊ မဂ်ရတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်လို့ မှတ်ထားကြပါ-(မှန်ပါ)။

အဲဒီမှာ မဂ္ဂံ ဥပ္ပါဒေတိလို့ ဟောကြစးပြန်တော့ ဩော်.... မဂ်ကိုလဲ ဖြစ်စေတယ်ဆိုတော့ သူက မဂ်ကို ဖြစ်စေတာလားလို့ မေးတဲ့အခါကျတော့ သူက မဂ်ကို ဥပနိဿယနဲ့ ပေးတော့ ပေးမှာပဲ၊ ကိုယ်က မဂ်အလုပ်ကို လုပ်ဖို့ အကြောင်းညီညွတ်ဖို့ကို သူ အားပေးတယ်.... (မှန်ပါ)၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သူက မဂ်အလုပ် လုပ်ဖို့ အကြောင်းညီညွတ်ဖို့ကို အားပေးလိုက်တယ်။ အားပေးလိုက်တော့ ကိုယ်က မဂ်အလုပ်ကို လုပ်လိုက်ပါတယ်။ ဖြစ်ပျက်ရှုလိုက်တယ်၊ မဂ်ဝင်လာတယ်။ ဖြစ်ပျက်မှန်းတယ်၊ ဖြစ်ပျက်ဆုံးတယ်ဆိုယင် နိဗ္ဗာန်မြင်လို့ မဂ်ဝင်လာတယ်။ အဲဒါ သူ့ရဲ့ အကြောင်းသတ္တိ ကောင်းပါသလားလို့ မေး

http://www.dhammadownload.com



လို့ရှိယင် မက်ရဖို့ အကြောင်းကိုလဲ သူက အားကြီးသော အကြောင်းနဲ့ ကျေးဇူးပြုလိုက်တဲ့အတွက် ကိုယ်က မဂ္ဂပစ္စယော ကိုလဲ အားထုတ်ဖြစ်တယ်လို့ မှတ်ပါ-(မှန်ပါဘုရား)။
ဘယ်လိုမှတ်ကြမယ်-(မဂ္ဂပစ္စယောကို အားထုတ်ဖြစ်ပါတယ် ဘုရား)။

အဲဒီတော့ မက်ရခြင်းအကျိုးကို အားထုတ်ဖြစ်ဘယ် ဆိုတဲ့ ဥစ္စာ ရှေးစာဟာကို မယူပါနဲ့....တဲ့၊ ယခုကိုပင်လျှင် ဒီကျောင်း ဒကာ၊ ကျောင်းအမမလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ မဂ္ဂပစ္စယော ဖြစ် အောင် လုပ်ဖြစ်တာ ရှေးက ဥပနိဿယ ပါဘယ်-(မှန်ပါ)။ ရှေးဘဥပနိဿယမပါယင်-(မလုပ်ဖြစ်ပါဘူးဘုရား)၊ လူ့ဘဝ လဲ မရဘူး၊ ဦးသံဒိုင်၊ ဆရာကောင်း၊ သမားကောင်းကော.... (မတွေ့ပါဘူးဘုရား)၊ မတွေ့နိုင်ဘူး၊ ကိုယ့်ခစတနာလဲ ဒီအထဲ က လုပ်ချင်တဲ့စိတ် ပေါ်ပါ့မလား၊— (မပေါ်ပါဘူးဘုရား)။ တစ်ခါ ဆရာသမားကောင်းနဲ့ကော ကြုံပါ့မလား- (မကြုံပါ ဘူးဘုရား)၊ အဲဒီ မကြုံ-ကြုံအောင် လုပ်တာက ဥပနိဿယ သတ္တိ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

မကြုံ—ကြုံအောင် လုပ်တာက-(ဥပနိဿယ သတ္တိပါ)၊ မကြုံ- ကြုံအောင်လုပ်ဘာက ဥပနိဿယသတ္တိ၊ မက်ကို အားထုဘ် ဖြစ် အောင်– မကြုံ–ကြုံအောင် လုပ်ဘာက ဥပနိဿယ သတ္တိ။ ကဲ...သူက ကြုံအောင်လုပ်ပေးလိုက်တော့ ကိုယ်က အားထုတ် လိုက်တယ်၊ ကိုယ်က ရုပ်နာမ်တွေကို ဖြစ်ပျက် ရှုလိုက်တယ်။ ရုပ်နာမ် ဖြစ်ပျက်တွေ ရှုလိုက်တော့ သူက ကျေးဇူး ပြုထား တော့ကို ကိုယ်ကလဲ လုပ်ဖြစ်တာပဲ-(မှန်ပါ)။

http://www.dhammadownload.com



ဥပမာ ပြောကြပါစို့ ဆိုလို့ရှိယင်ဖြင့် ကိုယ်က ဘုရားတည်ချင်နေရုံနဲ့လဲ မဖြစ်သေးပါဘူး၊ ဥပနိဿယက ပစ္စည်းရှိအောင် စုပေးမှ ကိုယ်က ဘုရားတည်လို့ ဖြစ်တာ--(မှန်ပါ)၊ ဥပနိဿယက ပစ္စည်းစုမပေးယင်-(ကိုယ်က ဘုရားတည်လို့ မဖြစ်ပါဘူး)၊ မဖြစ်နိုင်တော့ ဥပနိဿယသတ္တိ ကင်းတယ်လို့ ဆိုကြမလား-(မကင်းပါဘူးဘုရား)၊ ဒါက ပကတူပ နိဿယ ပစ္စယော-လို့ ယူလိုက်ပါတဲ့-(မှန်ပါ)၊ ပကတူပ နိဿယပစ္စည်းက အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူး ပြုသောကြောင့် သူသည် မဂ္ဂပစ္စယောကို ထောက်ပံ့ပေးတဲ့ပစ္စည်းလို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)။

ဒါဖြင့် အခု ကမ္မဋ္ဌာန်းကျောင်းတွေလူ၊ အမျိုးမျိုး အဖုံဖုံ ကျောင်းဆောက်ပြီး ကိုးကွယ်၊ ဆွမ်း ကွမ်း အစ ရှိသည်တို့ လှူဒါန်းတဲ့ဥစ္စာ သူတ ဥပနိဿယ ပစ္စည်း။ ကိုယ့်သန္တာန်မှာ အားထုတ်ဖြစ်တာက မဂ္ဂပစ္စည်း-(မှန်ပါ)၊ ဥပနိဿယမပါဘဲနဲ့ မဂ္ဂ ဖြစ်နိုင်ပါ့မလားလို့ မောင်သစ်ကို မေးယင် မဖြစ်နိုင်ဘူး ဘုရား-(မှန်ပါ)။ ဦးသံဒိုင် ဖြစ်နိုင်ပါ့မလား- (မဖြစ်နိုင်ပါဘူး ဘုရား)၊ လူ့ပြည်ရောက်အောင်တင် ပေးရမှာက ဥပနိဿယ-(မှန်ပါ)၊ လူ့ပြည်ရောက်ပြန်တော့ စီးပွားအကြောင်း ညီညွတ်ဖို့ရာကော- (ဥပနိဿယပါပဲ)၊ လူ့ပြည် ရောက်ပြန်တော့ တစ်ခါ သာသနာထွန်းကားတဲ့ နေရာဖြစ်ဖို့ကော-(ဥပနိဿယ ပါပဲ)၊ ဥပနိဿယပဲဆိုတော့ ဩော်....သာသနာ ထွန်းကားပြီး သကာလ သာသနာ့အနှစ်သာရကို ဟောပြော ညွှန်ကြား ပြသ ပေးနိုင်တဲ့ ဆရာသမားများနဲ့ ဖျတ်ခနဲ လာတွေ့ရတာကော-(ဥပနိဿယပါပဲ)၊ အဲ....ဥပနိဿယဖြစ်တယ်။

http://www.dhammadownload.com



ပြီးတော့ ကိုယ့်မှာ ထောင်နိုင်တဲ့ နားကလဲ တစ်ခါစဉ်းစားပါဦး၊ ဘာပါလိမ့်- (ဥပနိဿယပစ္စည်းပါဘုရား)၊ နို့.... မဟုတ်လို့ ရှိယင် နားပင်းနေမယ်၊နားချို့နေမယ်ဆိုလို့ ရှိယင်လဲ ဥပနိဿယ ကင်းသွားမယ်-(မှန်ပါ)၊ ဥပနိဿယ ကင်းပြန်တော့လဲ လိုရင်းကိစ္စ မပြီးဘူးဆိုတာ မှတ်ရမယ်- (မှန်ပါ)။

ဒါကြောင့် အိမ်တစ်လုံး ပြီးချင်လို့ ရှိယင် မောင်သစ်တို့ ဦးသံဒိုင်တို့တိုင်လဲပါဦးမှ, ထုပ်လဲပါဦးမှ, ယောက်လဲပါဦးမှ, ဆင်းလဲပါဦးမှ, လက်သမား လဲပါဦးမှ.... ဒါတွေ မလိုဘူးလား-(လိုပါတယ်ဘုရား)၊ အိမ်ပြီးချင်ပါတယ်ဆိုလို့ တစ်ခုတည်းနဲ့ ပြီးတာမျိုး ဟုတ်ကဲ့လား- (မဟုတ်ပါဘူးဘုရား)၊ ထို့အတူပဲတဲ့ ဈာန်မဂ်ဖိုလ်ကို ရအောင် အားထုတ်တဲ့ နေရာမှာ ဥပနိဿယကင်းယင် ရကို မရနိုင်ဘူး-(မှန်ပါဘုရား)၊ သဘောပါကြပလား-(ပါပါပြီဘုရား)။

ဈာန်မဂ်ဖိုလ်ရအောင် အားထုတ်တဲ့နေရာမှာ- (ဥပနိဿယ ကင်းယင် မရနိုင်ပါဘူးဘုရား)၊ ဥပနိဿယကင်းယင် ရကို-မရနိုင်ဘူး။ နေ့လုပ် နေ့စား၊ ညလုပ် ညစားနဲ့ နေရတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘုန်းကြီးတဗိကနေပြီး အသံချဲ့စက်နဲ့ အာပေါက်အောင် အော်ပြောသော်လဲ သူတို့ အနား မကပ်နိုင်ကြဘူး.... နားထောင်ဖို့ မလာနိုင်ကြဘူး-- (မှန်ပါ)၊ တာကြောင့်တုံးဆိုတော့ ဘယ့်နှယ်ပြောကြမလဲ.... (ဥပနိဿယ ကင်းနေလို့ပါ)၊ ဥပနိဿယ သတ္တိကင်းနေတယ်လို့ ဒကာ, ဒကာမတွေက သေသေ ချာချာ မှတ်ပါ-(မှန်ပါ)။

ဒါဖြင့် ဦးသံဒိုင် ဥပနိဿယကင်းလို့လဲ မဂ္ဂပစ္စယော မဖြစ်နိုင်ဘူး–(မှန်ပါ)၊ရှင်းကြပလား-(ရှင်းပါပြီဘုရား)၊ဥပနိဿယ

http://www.dhammadownload.com



ပစ္စည်းက ကျေးဇူးပြုမှ လူ့ဘဝ ရမှာကိုး။ လူ့ဘဝ ရပြန်တော့လဲ ပစ္စန္တရစ် ဇနပုဒ်မှာသွားပြီး ဖြစ်နေပြန်လို့ ရှိယင်လဲ ဒဘာ့ဒကာမတွေ ရမ်ပြစ်ရှစ်ပါးမှာ ဖြစ်နေပြန်လို့ ရှိယင်လဲ မဂ္ဂပစ္စယော ရနိုင်ပါ့မလား-(မရနိုင်ပါဘူး)။

ဒါဖြင့် သာသနာထွန်းကားတဲ့နေရာ, သာသနာကို လက်ညှိုးညွှန်ပြီး ပြနိုင်တဲ့နေရာ, သံသရာ လမ်းဆုံးကို ပြသနိုင်တဲ့ နေရာကို ရောက်လာတာလဲ ဘယ်သတ္တိတုံး မေးကြသင် ဘယ့်နှယ် ဖြေကြမလဲ-(ဉပနိဿယသတ္တိပါဘုရား)၊ ဒါကြောင့် ဉပနိဿယ သတ္တိရှိနေတဲ့ ပုဂ္ဂိုလ်တွေ ဆိုတော့ မဂ္ဂပစ္စယေဧကို ကိုယ်ကိုယ်တိုင် လုပ်မှုဖြစ်တာလဲ ဒါဟာ ဉပနိဿယ၏ စွမ်းရည်သတ္တိပဲ ဆိုတာ သဘောကျလား-(ကျပါပြီ)။

ဒါဖြင့် ဉပနိဿယပစ္စယော သည် မဂ္ဂပစ္စည်းကို ကူညီတယ်၊ ရှင်းပလား-(ရှင်းပါပြီ)၊ မဂ္ဂပစ္စည်းသည် နိဗ္ဗာန်ကို ကျေးဇူးပြုတယ်....(မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီ)။

ဉပနိဿယ ပစ္စည်းက ဘယ်ကို ကျေးဇူးပြုသတုံး-(မဂ္ဂပစ္စည်း ကျေးဇူးပြုပါတယ်)၊ မဂ္ဂပစ္စည်းကို ကျေးဇူး ပြုလိုက်တယ်၊ ဒါ ပါဠိတော်က ရှိပြီးသား ဖြစ်နေတယ်။ ဈာန် ဉပ္ပါဒေတိ မဂ္ဂံ ဉပ္ပါဒေတိ-ကိုး-(မှန်ပါ)၊ ဈာန်,မဂ်ဖိုလ်ကိုလဲ ဖြစ်စေနိုင်တယ်လို့ ဟောထားသောကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ နှစ်ခွန်းသော စကားကို မပြောဘူး၊ တစ်ခွန်းတည်းနဲ့ အမှန် ပြောတယ်ဆိုတာ ယုံကြည်ပြီး သကာလ ခြောင်....တို့မှာ ဉပနိဿယပစ္စည်းက ရလို့ အခု မဂ္ဂပစ္စယော အတွက် လုပ်ဖြစ်တာကိုး-(မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ ဘုရား)၊

http://www.dhammadownload.com



မဂ္ဂပစ္စယော လုပ်ဖြစ်တော့ကို အခု တစ်ခါ ကျောင်းဆောက်ပြီးသကာလ ကမ္မဋ္ဌာန်းထိုင်တဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာဖို့ ကျန်းမာဖို့ဆိုတော့ သူကနေပြီး အခုလုပ်တဲ့ ကုသိုလ်က တစ်ခါ ဘာကို ကျေးဇူးပြုပြန်သတုံး ဆိုတော့ အားလုံးသော ပုဂ္ဂိုလ်တို့၏ စိတ်ချမ်းသာမှု, ကျန်းမာမှု, အာယုဝဏ္ဏ သုခဗလ ပဋိဘာန ဆိုတဲ့ ကျောင်းအလှူဟာ ဘာလှူသတုံးလို့ မေးတဲ့ အခါကျတော့ အသက်လဲ လှူတာတဲ့။ ဘာ့ကြောင့် အသက် လှူသတုံးလို့ မေးတဲ့အခါကျတော့ နေ့ပူထဲမှာနေယင် မြန်မြန် သေမှာပဲ၊ ဒီကျောင်းထဲဝင်ပြီး သကာလ နေလိုက်တဲ့အခါကျ တော့ ရောဂါ ဥပဒ် အန္တရာယ်ကင်းပြီး အသက်ရှည်တယ်- (မှန်ပါ)၊ ဒါကြောင့် ကျောင်းအလှူသည် အသက်လှူတာလဲ ပါတယ်တဲ့ (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

နေ့ပူထဲနေယင် ကမ္မဋ္ဌာန်းအားထုတ်သူဖြစ်စေ, ဘုန်းကြီးတို့ ဖြစ်စေ မည်းကြုတ်သွားမှာ- (မှန်ပါ)၊ ဒီ မည်းမကြုတ်သွား ဘဲနဲ့ ပင်ကို အသားအရည်နဲ့ ပင်ကို နေနိုင်တာလဲ ကျောင်း လှူတဲ့ ပုဂ္ဂိုလ်က အဆင်းကိုလဲ လှူပြီးသားဖြစ်တယ်- (မှန်ပါ ဘုရား)၊ သဘောကျပလား- (ကျပါပြီ)။

သုခ....တဲ့။ ပြင်ဘက်မှာနေယင် ခြင်တို့, ယင်တို့, လေတို့, နေတို့ အအေးတို့ အမျိုးမျိုး အဖုံဖုံ မကိုက်ပေဘူးလား.... (ကိုက်ပါတယ်)၊ ခြင်ကိုက်မှု, လေတိုက်မှု အမျိုးမျိုးရှိတာတွေ ကိုလဲ မဖြစ်ပွားစေဘဲ ချမ်းသာ စေတယ်၊ အဲဒီ သုခကိုလဲ ကျောင်းလှူတဲ့ပုဂ္ဂိုလ်က သုခကို လှူရာရောက်တယ်-(မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



တစ်ခါ ကျောင်းထဲမှာ နေလိုက်ပြန်လို့ရှိယင်လဲ အားအင် ဗလ မဆုတ်ယုတ်ဘူး။ ဒီ့ပြင်နေရာမှာ အဆောက်အအုံ မရှိတဲ့ နေရာမှာ နေလိုက်တော့ ဥတုကြောင့် စိတ်ညစ်ညူးရတာမျိုး, ခြင်ကိုက်လို့ဆုတ်ယုတ်ရတာမျိုး, ဒီ့မျိုးမျိုးအဖုံဖုံ စိတ်ညစ်ညူး မှုတွေ ရှိတဲ့အခါကျတော့ အားအင်ဗလလဲ ဆုတ်ယုတ်သွား တာပဲ-(မှန်ပါ)၊ အဲဒါကြောင့် အားအင်ဗလကိုလဲ လှူတယ် လို့ မောင်ကျော်သိန်းတို့ မဘဝင်လှတို့က မှတ်ရမယ်နော်-(မှန်ပါ ဘုရား)။

ပဋိဘာနတဲ့....ပညာဉာဏ်ကိုလဲ ပေးလှူပါတယ်-(မှန်ပါ)၊ ခြင်ကကိုက်, နေကပူနဲ့ဆိုယင် ဥပမာဖြစ်ပျက်အားထုတ်ဦးတော့ မောင်သစ်တို့ ဦးသံဒိုင်တို့ ပညာထက်နိုင်ပါ့မလား-(မထက်နိုင် ပါဘူး)၊ မထက်နိုင်ဘူး သမာဓိနည်းသွားပြီ။ သမာဓိ နည်း သွားတော့ ပညာကလဲ ဘယ့်နှယ်နေမတုံး-(နည်းသွားပါတယ် ဘုရား)၊ အခု လှူထားတဲ့ အဆောက်အအုံထဲမှာ နေလိုက် တော့ အားထုတ်လိုက်ဘယ်ဆို ဖျတ်ဆို ဖြစ်ပျက် ကလေးကို မြင်လာတယ် (မှန်ပါ)။ ဖျတ်ဆို ဖြစ်ပျက်မှုန်းလာတယ်၊ဖျတ်ဆို ဖြစ်ပျက် ဆုံ၊ချင်လဲ ဆုံးသွားမယ်- (မှန်ပါ)။

ဒါ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သူတို့လှူတဲ့ အဆောက် အအုံပေါ်မှာနေရလို့ ဉာဏ်ထက်လာသောကြောင့် ဒီအဆောက် အအုံသည် ဉာဏ်ပညာကိုလဲ ကျေးဇူးပြုတယ်-(မှန်ပါ)၊ ရှင်းပ လား-(ရှင်းပါပြီ)။

အဲဒါကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်ကြီးက အဆောက်အအုံ လှူတဲ့ဥစ္စာ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန—ဆိုတဲ့ အကျိုး တွေကို လှူတာတဲ့- (မှန်ပါ)၊ ကျောင်းလှူတာဟာ အသက်

http://www.dhammadownload.com



ရှည်မှုကို လှူတာ၊ အဆင်းလှမှုကို- (လှူတာပါဘုရား)၊ သုခ ချမ်းသာကိုလဲ-(လှူတာပါဘုရား)၊ ဗလ–အားခွန်ဗလကို.... (လှူတာပါဘုရား)၊ ပဋိဘာန–ပညာကို-(လှူတာပါဘုရား)၊ ပညာကို လှူတာ ဖြစ်လေသောကြောင့် ပညာပါရမီ ပညာ၏ အလုပ်ကိုလဲ လှူပြီးသား ဖြစ်ခဲ့လေသောကြောင့် ကျောင်းလှူတယ်ဆိုယင် ငါးမျိုးပါတယ်-(မှန်ပါ)၊ ဒါ ဘုရားအမြင်တော်ကြီးနဲ့ ဟောဘာသနာ-(မှန်ပါ)။

ကျောင်းလှူယင်- (ငါးမျိုး ပါပါတယ်ဘုရား)၊ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန–ဆိုတဲ့ဥစ္စာတွေ အကုန် ပါပါတယ်-(မှန်ပါ)၊ ဒါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောတယ်လို့ မှတ်လိုက်စမ်းပါ–(မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ပညာဉာဏ်ညံ့နေတဲ့ ပုဂ္ဂိုလ်များ ပညာထက်ချင်လို့ရှိယင်လဲ ပညာပွားကြောင်းကိုသူလုပ်ရမှာပဲ–(မှန်ပါ)၊ ပညာကြီးခြင်း၏ အကြောင်း ပညာထက်မြက်ခြင်း၏ အကြောင်းကိုလဲ သူလုပ်ရမယ်ဆိုတော့ သူ့အလှူပွဲသည် ဘာ အလှူပွဲတုံး၊ ဆိုလို့ရှိယင် ငါးမျိုးအလှူပွဲလို့ မှတ်လိုက်ကြစမ်း ပါ–(မှန်ပါ)။ အသက်ရှည်မှုကိုလဲ လှူတယ်၊ အဆင်းလှမှုကို ကော- (လှူပါတယ်)၊ ချမ်းသာမှုကိုကော- (လှူပါတယ်)၊ အားအင်ဗလကော-(လှူပါတယ်ဘုရား)၊ ပဋိဘာန-ဉာဏ်ပညာ ကြီးမှုကိုကော-(လှူပါတယ်ဘုရား)။

ဒါဖြင့် အဆောက်အအုံကို လှူခြင်းသည် အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန–ငါးမျိုးကို လှူသည်မည်၏....လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဟောတော်မူသောကြောင့် ခြော်.... တို့အလှူဟာ ဘာ့အလှူပါလိမ့်တုံး ဆိုသို့ ရှိယင် ခုနက

http://www.dhammadownload.com



ပြောခဲ့တဲ့ အသက် ရှည်မှုကိုလဲ လှူတယ်၊ အဆင်းလှမှုကိုလဲ (လှူပါတယ်ဘုရား)၊ ချမ်းသာ, အားအင်, ပညာကိုကော.... (လှူပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူအစ်ပါးကို ဓိအလှူ-လှူရတဲ့အတွက် ဘယ်လိုတုံးဆိုတော့ သဒ္ဒိသံ ပါကံ ဇနေတိ....တဲ့ လာပြန်တယ် နော်-(မှန်ပါ)၊ သဒ္ဒိသံ-တူသော၊ ပါကံ-အကျိုးကို၊ ဇနေတိ-ဖြစ်စေ၏....ဆိုသောကြောင့် ကိုယ့်မှာလဲ တရား အားထုတ်ဘဲ့ အခါ အသက်ရှည်မှုလဲ ဖြစ်နိုင်တယ်၊ အဆင်း ပြည့်စုံမှုကော-(ဖြစ်နိုင်ပါတယ်)၊ ချမ်းသာပြည့်စုံမှုကော- (ဖြစ်နိုင်ပါတယ်)။ အားအင်ဗလ ပြည့်စုံမှုကော-(ဖြစ်နိုင်ပါတယ်)၊ ကိုယ့်မှာ ပညာ ဖြစ်ခပါမှု-(ဖြစ်နိုင်ပါတယ်)။

ဒါကခတော့ တမာပင်စိုက်လို့ တမာသီး သီးသလို့,ကြံပင် စိုက်လို့ ကြံအချိုရသလို လှူတဲ့ ဒကာ, ဒကာမတွေမှာလဲ ပြန် ပြီးတော့ တူသော အကျိုးတွေရနိုင်တယ်-(မှန်ပါ)၊ ဒါဘုရား သခင် ကိုယ်တော်မြတ်ကြီး ဉာဏ်အမြင်တော်နဲ့ မြွေစတာနော်-(မှန်ပါ)၊ ပြောသံ ကြားနဲ့ ပြောတာမျိုး မဟုတ်ဘူးနော်၊ သဗ္ဗညုတဉာဏ်တော်နဲ့ ကိုယ်တိုင်သိပြီး ကိုယ်တိုင် မြွေစတာ-(မှန်ပါ)၊ အားလုံးသော ပုဂ္ဂိုလ်တွေကို ခြုံပြီးကြည့်လိုက်တယ် ဆိုယင် ဒါမြင်လာတာပဲ-(မှန်ပါ)၊ ဒါမြင်လို့ မြတ်စွာဘုရား သည် ကိုယ်တော်တိုင် ဖွင့်ဟပြီး ဟောကြားတော်မူတယ်လို့ မှတ်လိုက်ကြစမ်းပါ- (မှန်ပါ)၊ ရှင်းသွားပြီနော်.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ကျောင်းအလှူလား-ငါးမျိုးအလှူလား-(ငါးမျိုး အလှူပါ)၊ ငါးမျိုးအလှူလို့ မောင်ကျော်သိန်းတို့ မတင်လှ

http://www.dhammadownload.com



တို့က မှတ်ရလိမ့်မယ်-(မှန်ပါ)။ သူများကို ငါးမျိုး လှူလိုက်တော့ ကိုယ့်မှာလဲ ငါးမျိုး ပြန်ရတယ် ဆိုတဲ့ အဓိပ္ပါယ်ကိုလဲ ယုံယုံကြည်ကြည်နဲ့ မှတ်လိုက်စမ်းပါ- (မှန်ပါ)။

သူများ ငါးမျိုးလှူတော့ကို-(ကိုယ့်မှာလဲ ငါးမျိုးပြန်ရပါတယ်ဘုရား)၊ ဗိုဟာခန့် တူစွာသော အကျိုးကို ပြန်ရရမယ်.... (မှန်ပါ)၊ဒီအတိုင်း တူစွာ ပြန်ရရမယ်ဆိုတာကိုလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတယ်-(မှန်ပါ)။

အဲဒီတော့ ဒီအလှူပွဲဟာ ဘာအလှူပွဲတုံး ဆိုလို့ရှိယင် အခြည် ပညတ်တာတော့ ကမ္မဋ္ဌာန်းကျောင်း ကမ္မဋ္ဌာန်းတိုက်လှူတဲ့ အလှူပဲ။ ဖြစ်ရိုး ဖြစ်စဉ် ဓမ္မတာတော့ ငါးမျိုးလှူလို့ ငါးမျိုး အကျိုးရတဲ့ပွဲပဲ- (မှန်ပါ)၊ ငါးမျိုး အကျိုးရတဲ့ ပွဲလို့ ကျောင်းဒကာ,ကျောင်းအမလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ သြော်....တို့ငါးမျိုး သူများကို လှူတဲ့အတွက် ကိုယ့်မှာ ငါးမျိုးတော့ ရပြီဆိုတော့ ဒီအထဲမှာ အဖိုးဘန်ဆုံးက- ပညာ ဟိ သေဋ္ဌော လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ။ လောကသ္မိံ- လောက၌၊ ပညာ ဟိ ပညာဝေ – ပညာသည်သာလျှင်။ သေဋ္ဌော အမြတ်ဆုံးပဲတဲ့။ သဘောကျပြီနော်....(ကျပါပြီ)။

ဒီအထဲမှာ ပညာလှူတဲ့ ဥစ္စာပါသွားပြီ- (ပါပါပြီ)၊ ကိုယ့်မှာလဲ ဘာရမတုံး-(ပညာရပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်မှာရတဲ့ ပညာဟာ လောကသ္မိံ- လောက၌၊ ပညာ ဟိ ပညာဝေ-ပညာသည်သာလျှင်၊ သေဋ္ဌော- ကိုယ်ရှာတာမှာ အမြတ်ဆုံးပဲ။ ယာယံ ပညာ-အကြင်ပညာသည်၊ နိဗ္ဗေဓဂါမိနီ-အဝိဇ္ဇာထု့ တဏှာထုကို ဖောက်ပြီး သကာလ

http://www.dhammadownload.com



အနိစ္စ, ဒုက္ခ, အနတ္တကို မြင်နိုင်၏။ ရှင်းပလား- (ရှင်းပါပြီ ဘုရား)။

အကြင် ပညာသည် ဘယ်သူ့ကို ထိုးဖောက်ပြီးတော့ မြင်နိုင်ပါသတုံး၊ ကိလေသာထုကြီးကို ထိုးဖောက်ပြီး သင်္ခါရပင်ကိုရှိဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တကိုမြင်နိုင်တယ်၊ နိဗ္ဗာန်ကို မြင်နိုင်တယ်။ ယသ္မာ- အကြင်ကြောင့်၊ ပဇာနာတိ- သိ၏။ တသ္မာ-ထို့ကြောင့်၊ ဇာတိဘဝပရိက္ခယံ-ဇာတိ, ဇရာ, ဗျာဓိ, မရဏကို ကုန်စေနိုင်တယ်-(မှန်ပါ)။

ဩော်....ဒါဖြင့် ဒီအထဲမှာ ပညာလျှုတဲ့အတွက် ကိုယ့်ပညာသည်ကားလို့ ဆိုယင်ဖြင့် အမြတ်ဆုံးလဲ ဖြစ်တဲ့ အပေါ်မှာ လျှုတဲ့ အလျှုထဲမှာ ပညာအလျှုဟာ အမြတ်ဆုံး-(မှန်ပါ)၊ရှင်းပြီနော်-(ရှင်းပါပြီ)။

ကိုယ့်ရတော့ ဘာပြန်ရနိုင်သတုံး- (ပညာရနိုင်ပါဘယ်)။ ဒီပညာက ဘာကျေးဇူး များနိုင်သတုံး၊ ဆိုတော့ ဘယ်သူမှ မချိုးဖောက်နိုင်တဲ့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ မြင်အောင် အဝိဇ္ဇာထု, တဏှာထုတို့ကို ဒီပညာက ထိုးဖောက်နိုင်သောကြောင့် ကိုယ့်မှာလဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို အသွယ်တကူနဲ့ ရနိုင်တယ်-(မှန်ပါ)၊ပညာမလျှုဘူးတဲ့ ပုဂ္ဂိုလ်ဟာ ရဖို့ မလွယ်ဘူး-(မှန်ပါ)၊ ရှင်းလား-(ရှင်းပါပြီဘုရား)။

ပညာ မလျှုဘူးတဲ့ ပုဂ္ဂိုလ် ရဖို့မလွယ်ဘူး ဆိုတော့ အခု 'အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန' ဆိုတာတွေထဲမှာ ပဋိဘာန ဆိုတာ ပညာပဲ။ အဲဒီပညာကို လျှုရတဲ့အတွက် လောကထဲမှာ အလျှုတကာ့ အလျှုထဲမှာ ပညာ အလျှုပဲ့သည်အမြတ်ဆုံးပဲ-(မှန်ပါ)၊ ပညာဟိ သေဋ္ဌော လောကသ္မိံ ကိုး- (မှန်ပါ)။

http://www.dhammadownload.com



ရှင်းပလား- (ရှင်းပါပြီ)၊ ထယ့်နှယ်ကြောင့်တုံး ဆိုတော့ ယာယံ ပညာ-အကြင်ပညာသည်၊ နိဗ္ဗေဓဂါမိနီ- သူများမထိုး ဖောက်နိုင်တာကို ထိုးဖောက်ပြီး ယထာလ မြင်နိုင်တယ်-(မှန်ပါ)၊ လက္ခဏာရေးသုံးပါးလဲ မြင်နိုင်တယ်၊ နိဗ္ဗာန်လဲမြင် နိုင်တယ်-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

သာစ-ထို ပညာသည်၊ယသ္မာ-အကြင်ကြောင့်၊ ပဇာနာတိ-အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ နိဗ္ဗာန်တို့ကို သိ၏-(မှန်ပါ)၊ အဲဒီလိုသိတော့ ဘာဖြစ်သတုံး၊ ဇာတိ ဘဝ ပရိက္ခယံ-ဇာတိဆိုတဲ့ လာလတ္တံ့ဘဝတွေ အကုန်-ကုန်သွား နိုင်တာကိုး။ ဒုက္ခသစ္စာ ကုန်တယ်လို့ ပြောလိုက်တာ-(မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒီနေ့ အလှူပွဲသည် ပညာအလှူပွဲ ဖြစ်လေ သောကြောင့် ကိုယ့်မှာလဲ ပညာရတယ်။ကိုယ့်မှာ ပညာရတဲ့ အတွက် မထိုးဖောက်နိုင်တဲ့ ကိလေသာထုကြီးကိုလဲ ထိုးဖောက် ပြီးသကာလ ဇာတိ, ဇရာ, မရဏတို့၏ ကုန်ရာကိုလဲ သူသည် ကျေးဇူးပြုနိုင်တယ် ဆိုတော့ အင်မတန် အဖိုးတန်တဲ့ ပညာ အလှူပွဲပဲဆိုလို့ရှိယင် ဒကာ, ဒကာမတွေ ငြင်းစရာမရှိအောင် မှန်ပါတယ်-(မှန်ပါဘုရား)။

ဒီနေ့ အလှူပွဲဟာ ဘာအလှူပွဲပါလိမ့်....(ပညာအလှူပွဲပါ ဘုရား)၊ပညာအလှူပွဲဖြင့် လှူတဲ့ပုဂ္ဂိုလ်မှာ ဘာရမတုံး-(ပညာ ရနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် အမြတ်ဆုံးရတယ်- (မှန်ပါ)၊ 'ပညာ ဟိ သေဋ္ဌာ လောကသ္မိံ'ကိုး- (မှန်ပါ)၊ဘုရားသခင် ကိုယ်တော် မြတ်ကြီး ကိုယ်တော်တိုင် ဟောသောကြောင့်

http://www.dhammadownload.com



ဩော်....ပညာလူလို့ ကိုယ့်မှာလဲ ဒီပညာ ရနိုင်ပါကလား— ဒီပညာဟာ ဘာတဲ့တုံး ဘဝကို သိမ်းစေနိုင်တယ်- (မှန်ပါ)။

ဘာကို သိမ်းစေနိုင်သတုံး-(ဘဝကိုသိမ်းစေနိုင်ပါတယ်)၊ အဲ....ကိုယ်လဲ ဘဝသိမ်းတော့မှာပဲ၊ ဘဝဆိုတာ ဇာတိ ဘဝ ပရိက္ခယံ-လို့ ဘုရားက ဟောသောကြောင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဆိုတဲ့ ဘဝတွေ ကုန်စေနိုင်တယ်ဆိုတဲ့ ဥစ္စာကိုလဲ အရှင် ဒဏ္ဍာ, ဒကာမတွေက သေသေချာချာ မှတ်ရမယ်- (မှန်ပါ)။ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒီလို မှတ်လိုက်တာပေါ့ စိတ်ပြောင်းလိုက်။ ယနေ့ တပည့်တော်တို့ ပညာလူရတဲ့အတွက် ကိုယ့်မှာလဲ ဒီပညာရတာကိုလဲ ကောင်းဆိုတာကိုလဲ ယုံကြည်သောကြောင့် ဒီပညာသည်ကားလို့ ဆိုယင်ဖြင့် ကိုယ့်အတွက် ကိုယ်ပင်လျှင် ဘဝသိမ်းလို့ရတာပဲလို့ ဆုံးဖြတ်ချက်ချ-(မှန်ပါ)။

ကိုယ့်အတွက် ရတာက ဘာလုပ်ဖို့ ရတာတုံး- (ဘဝသိမ်းဖို့ ရတာပါဘုရား)၊ ဘဝသိမ်းဖို့ ရတယ်ဆိုတော့ ဘဝနိရောဓော နိဗ္ဗာနံ။ သဘောကျပလား- (ကျပါပြီဘုရား)၊ ဘဝနိရောဓော-ဘဝချုပ်ခြင်းသည်၊နိဗ္ဗာနံ-နိဗ္ဗာန်မည်၏၊ ဩော်— ဒါဖြင့်သူတစ်ပါးလူလဲ နိဗ္ဗာန်ရကြောင်းလူတဲ့နေ့, ကိုယ့်မှာလဲ နိဗ္ဗာန်ရကြောင်း အထူးမြောက်တဲ့နေ့-(မှန်ပါ)၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဟာ သုတ္တနိပါတ် ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောသည် ဖြစ်လေ သောကြောင့် အင်္ဂုတ္တိုရ်နဲ့ သုတ္တန်နိပါတ်ကို တွဲပြီး ဟောနေတယ်လို့ ဦးသံဒိုင်တို့ မှတ်ရမယ်-(မှန်ပါ)။

အဲဒီတော့ ဒီလိုပညာရောက်အောင် မဟောလို့ ရှိယင်လဲ ဘုန်းကြီးဟာ အားလုံးပေါ့လေ တရားနာနေကြတဲ့ ဒကာ, ဒကာမတွေ လိုသေးတာပဲ-(မှန်ပါ)၊ သူ့ဟာ ပညာရောက်မှ-(မှန်ပါ)၊ အခုတော့ဖြင့် သေချာပြီမဟုတ်လား- (သေချာပါပြီဘုရား)၊ ကျောင်းလှူတာဟာ ကျောင်းတင် လှူတာလား၊ ငါးမျိုးလှူတာလား—(ငါးမျိုး လှူပါဘုရား)၊ ငါးမျိုးထဲမှာ ပညာမပါဘူးလား- (ပါပါတယ်ဘုရား)၊ ဗီပညာ သူများ လှူတဲ့အတွက်ကိုယ့်မှာလဲ သဒိသံ ပါက ဆိုတဲ့အတိုင်း ပညာပဲ မရနိုင်ဘူးလား.... (ရနိုင်ပါတယ်ဘုရား)၊ ကိုယ့်မှာ ရတဲ့ပညာ ထက်မြက်ပြီး သကာလ ဇာတိ ဇရာ မရဏတွေ၏ ကုန်ဆုံးရာကို ကိုယ်ကိုယ်တိုင် ရောက်နိုင်တယ်- (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူတစ်ပါးကိုလဲ ရောက်စေနိုင်တဲ့-နေ့။ ကိုယ်တိုင်လဲ ရောက်အောင် သွားနိုင်တဲ့ ပညာရတဲ့နေ့-(မှန်ပါ)၊ရှင်းပြီနော်-(ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့.... အင်မတန် အဖိုးတန်တဲ့နေ့ ဆိုတဲ့ဥစ္စာဖြင့် သေချာသွားပါပြီ။

ကဲ....တစ်ခါ အခု ဒီတိုက်နှစ်လုံး အသယ်မှာလဲ စကြံနဲ့ ဘာနဲ့ လှူခဲ့ဘာ ဘုန်းကြီးပဲ ဒီအထဲမှာ ဒကာ, ဒကာမတွေကို တရားအားထုတ်ခိုင်း- ကြိုးစားကြဟေ့- အထမြောက်ပြီ.... ကြိုးစားကြဆိုတဲ့အခါကျတော့ သူတို့မှာ ဥပမာ-ဒီဟာအတွက် စွည်းကုန်တယ်ပဲ ထားပါဦးတော့နော်-(မှန်ပါ)၊ ကုန်တာနဲ့ ရတာကို ပြန်တွက်ပါဦးနော်-ရတဲ့ဘက်က နေရမယ်-(မှန်ပါ)။

http://www.dhammadownload.com



ဘာ့ကြောင့်တုံးဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်။ လောကကြီးမှာ ပညာနဲ့ အပါထုပ်မှ သာလျှင် နေရာကျတယ်။ ပညာနဲ့ အပါ မထုပ်လို့ရှိယင် နေရာမကျဘူး-(မှန်ပါ)၊ ဘယ်လို အပါထုပ်တဲ့ နည်းကို ဘုရားက သင်ပါလိမ့်မတုံးဆိုလို့ရှိယင်ဖြင့် သေသေချာချာ မှတ်ကြ။ အခုပုံထားတဲ့ ပစ္စည်းဟာ ဦးသံဒိုင် တစ်နေ့တည်းနဲ့လဲ ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သော သူတို့ ယူသွားမယ်ဆိုလို့ရှိယင် ပျောက်နိုင်ပါသယ်-(မှန်ပါ)။

ရန်သူမျိုးငါးပါးယူသွားယင်-(ပျောက်နိုင်ပါတယ်ဘုရား)။ ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူတို့ လက်ထဲရောက်မည့် ပစ္စည်း။ တစ်နည်း သေလို့ရှိယင်လဲ့ ဆိုင်ရာ ယူသွားမှာပဲ-(မှန်ပါ)၊ မသေခင်တော့ ဖြစ်ချင်သလို ဖြစ်နိုင်တယ်-(မှန်ပါ)၊ သေသွားတဲ့ အခါကျလို့ရှိယင်ဖြင့် လင်ရော့မယားရော သေသွားကြမယ်၊ သူ့ဘို့ အခမ္ဗခံလဲ မရှိဘူး ဆိုယင်ဖြင့် နည်းနည်း နီးစပ်တာတွေက လာသိမ်းမှာပဲ-(မှန်ပါ)။

အဲဒီ နီးစပ်တဲ့ ပုဂ္ဂိုလ်က ကြည်ညိုတဲ့ ပုဂ္ဂိုလ်သား, မကြည်ညိုတဲ့ ပုဂ္ဂိုလ်လား မပြောတတ်ဘူး။ ဆိုင်တယ်ဆိုပြီး ယူကြမှာပဲ-(မှန်ပါ)၊ ဘယ်သူ့မှ မယူယင်လဲ ဆိုင်ရာက ဘဏ္ဍာတော်အဖြစ် သိမ်းမှာပဲ။ ဒီ့ပြင် ဘာရှိသေးသတုံး-(ဘာမှမရှိပါဘူး)။

ဘာမှမရှိဘူးဆိုတာ သိပြီး ထားပြီးတော့ ဩော်.... ရန်သူမျိုးငါးပါး မီးပုံထဲက ရန်သူမျိုး ငါးပါးတည်းဟူသော မီးပုံ။ တစ်နည်း ကြွားဝါ မူးယစ် သောက်စား ပစ်လိုက်မယ် ဆိုလဲ ဒီပစ္စည်းလောက်ဟာ ကုန်သွားမှာပဲ့-(ကုန်မှာပါဘုရား)၊ ဒါက

http://www.dhammadownload.com



ကိလေသာမီး လေစင်ပူစ်လိုက်တာ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ခုနင်က ပြောတာက ရန်သူမျိုးငါးပါး၊ ကိုယ်ဆာ မနေတတ်လို့ သောက်စား မူးယစ် အပျော် အပါး လိုက်လိုက်လို့ ရှိယင်လဲ ဒီငွေစည်းဟာ ဘာမှမဖြစ်လှောက်ဘူး၊ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးတွေတောင် ကုန်သေးတာပဲ-(မှန်ပါ)။

အဲဒီတော့ ဒါဟာ ဘာတုံးဆိုတော့ ဟိုမှာ ကုန်သွားတဲ့ သူဌေးလင်မယားမှာ ကုဋေရှစ်ဆယ်ကုန်သွားတော့ ကိလေသာ မီးလောင်တာ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရန်သူမျိုးငါးပါးမီးက ငါးမျိုး-(မှန်ပါ)၊ ကိလေသာမီးက ရန်သူမျိုးငါးပါးထက် ကြီးကျယ်တယ် မှတ်ပါ..... (မှန်ပါ)။

ဒါဖြင့် ဒီဥစ္စာ အခု လှူလိုက်ပြီ၊ ဆရာသမားကို လှူလိုက်ပါပြီ၊ မီးလောင်ခံရသေးသလား- မီးလောင်ခံရတဲ့ အထဲက ရလိုက်တာလားလို့ မေးလို့ရှိယင် ရန်သူမျိုးငါးပါးလဲ မဆိုင်လို့ အဲဒီ အထဲက ရလိုက်ပါတယ်-(မှန်ပါ)။ ကိုယ့်ကိလေသာ မီးကလဲ ဒါတွေ သုံးစွဲမပစ်လို့ ကိလေသာမီး လောင်တဲ့အထဲကလဲ ဆွဲထုတ်လိုက်ရပါတယ်- (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)၊ ဒါဖြင့် မီးထဲက ဆွဲထုတ်တဲ့ပစ္စည်း-(မှန်ပါ)။

ဒါက ဓမ္မပဒမှာလာတာ-(မှန်ပါ)၊ ဓမ္မပဒမှာ လာတော့ မရဏမီး လောင်သွားလဲ မောင်သစ် ပြောင်တာပဲ။ မပြောင်ဘူးလား- (ပြောင်ပါတယ်ဘုရား)၊ ဦးသံဒိုင် မရဏမီးလောင်ယင် ကိုယ်နဲ့ ဘာဆိုင်သေးသတုံး.... (မဆိုင်ပါဘူး ဘုရား)၊ ကိလေသာမီး လောင်တော့ကော.... (ပြောင်ပါတယ်ဘုရား)၊

http://www.dhammadownload.com



ရန်သူမျိုးငါးပါးမီးတွေ လေစင်ပြန်တော့ကော- (ပြောင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီဟာမျိုးကို အခုပြင်ဘက်ကိုထုတ်လိုက်တဲ့အခါ ကျတော့ မီးငါးမျိုးထဲကပဲ ဆွဲထုတ်နိုင်တဲ့ စွမ်းရည်သတ္တိရှိတော့ မီးလောင်တဲ့အထဲကမှပဲ ဆွဲထုတ်ထားတဲ့၊ အမြတ်ရတဲ့ ပစ္စည်း- (မှန်ပါ)၊ မရဏမီးလေစင်မှာ ဆိုလို့ရှိယင်လဲပဲ ထားပစ်ခဲ့ရမည့်ပစ္စည်း၊ အဲဒီ မီးထဲကမှလဲ ဆွဲထုတ်ရတဲ့ပစ္စည်း။ ဒီပစ္စည်း ဘယ်သူပိုင်သတုံးဆိုတာသာ အကဲခတ်ရမယ်....။ ဆွဲထုတ်တဲ့ လူပိုင်တယ်-(မှန်ပါ)၊

ဘယ့်နှယ် ဆုံးဖြတ်ချက်ချကြမတုံး- (ဆွဲထုတ်တဲ့ လူပိုင်ပါတယ်ဘုရား)၊ ဆွဲထုတ်တဲ့ လူပိုင်တယ်ဆိုတာ သေချာကြပလား-(သေချာပါပြီဘုရား)။

ဆွဲမထုတ်တဲ့ပုဂ္ဂိုလ်ကျတော့ဖြင့် ဥပမာမယ်....သူတို့သေတဲ့အခါ သူများက ယူသွားလို့ဖြစ်စေ၊ ရန်သူမျိုးငါးပါး မီးလောင်သွားတဲ့အခါကျလို့ဖြစ်စေ- ပစ္စည်း၊ ကုန်သွားလို့ရှိယင် ဦးသံဒိုင်ကျန်ပါ့မလား-(မကျန်ပါဘူးဘုရား)။

ဒီလို ကျောင်းကန်ဘုရားအတွက် အခုလိုလှူဒါန်း လုပ်ပစ်လိုက်တဲ့အတွက် ရန်သူမျိုးငါးပါးမီးကကော လောင်နိုင်သေးရဲ့လား- (မလောင်နိုင်ပါဘူး)၊ ကိလေသာ မီးကကော.... (မလောင်နိုင်ပါဘူး)၊

ဒါဖြင့် ရန်သူမျိုးငါးပါး မီးထဲကမှလဲ ဆွဲထုတ်ထားတာပဲ။ ကိလေသာမီးတွေလောင်မည့် အထဲကမှလဲ- (ဆွဲထုတ်ထား

ပါတယ်ဘုရား)၊ ဆွဲဘုတ်သွားတယ်ဆိုတော့ ဘယ်သူ ပိုင်သ တုံးလို့ မေးယင် ဘယ့်နှယ်ပြောပါမလဲ-(ဆွဲထုတ်တဲ့ လူပိုင်ပါ တယ်ဘုရား)၊ ဒါတွေ ကျောင်း၊ဒကာ ကျောင်း၊အစ်မပိုင်တယ် လို့ဆိုကြပါစို့-(မှန်ပါ)။

ဒါဖြင့် သူတို့သည် ဒီမီးတွေက မလောင်မှာလား-လောင် မှာလားလို့ ဦးသုံဒိုင်မေးယင် ဘယ့်နှယ်ဖြေမလဲ- (လောင်မှာ ပါဘုရား)၊ လောင်မှာပဲ။ မရဏမီးကလေကာ သေချာတယ်။ ရန်သူမျိုး ငါးပါးမီးကလေကာ- (လောင်မှာပါဘုရား)။ အဲဒီ တော့ အဲဒါတွေဟာ လောင်သွားတဲ့မီးထဲမှာ ပါသွားမှာပဲ- (မှန်ပါ)၊ မပါသေးဘူးလား-(ပါမှာပါဘုရား)။

အဲဒီတော့ အခုဆွဲဘုတ်သွားလိုက်တဲ့ ပစ္စည်းဟာ သူတို့ ရန် သူငါးပါး ဘေးထဲကမှပဲ ဆွဲဘုတ်သွားတာပဲ၊ ကိလေသမီး၊ မရဏမီးထဲကမှကော….(ဆွဲဘုတ်သွားပါတယ်)၊ ဆွဲဘုတ်သွား တော့ကို မီးလောင်တဲ့ပုဂ္ဂိုလ်မှာ ဆွဲမထုတ်ဘဲလို့ ရှိယင်လဲ မီးလာမှာသိလျက်သားနဲ့ လောင်လဲလောင်နေတာ သူများလဲ အမြင်သားပဲ ကိုယ့်မှာလဲလောင်တန်သလောက် လောင်နေကြ တာပဲ၊ မလောင်ဘူးလား…. (လောင်ပါတယ်ဘုရား)၊ အဲဒီလို လောင်ပြီးသကာလနေတဲ့အထဲမှ ဆွဲမထုတ်ဘဲဖြန်သို့ ရှိယင် လဲ ဒါဟာ မီးလောင်ခံရတဲ့ ပုဂ္ဂိုလ်၏ လူမိုက်, မိုက်မှုပဲ…. (မှန်ပါ)၊ ဆိုထိုက်ကြသလား- (ဆိုထိုက်ပါတယ်ဘုရား)၊ မီး လောင်လို့ခံရသေးတယ်။ ဆွဲလဲမထုတ်ဘဲတဲ့အတွက် မိုက်လုံး ပိုသေးတယ်ဆိုလို့ရှိယင်လဲ ဒါဟာ ငြင်းစရာမရှိပါဘူး- (မရှိ ပါဘူးဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီဥစ္စာဟာ မီးလောင်တဲ့အထဲမှ မောင်ကျော်သိန်းတို့ မတင်လှတို့က ဆွဲထုတ်ထားတာ- (မှန်ပါ)။ ဆွဲထုတ်ထားတော့ မီးလွတ်ရာရောက်တယ်-(မှန်ပါ)။

ဒါကျတော့ ဒီပစ္စည်းကို ဘုန်းကြီးလူပြီးသား ဖြစ်နေတော့ သူကို ကိလေသာမီးက လောင်ချနိုင်သေးရဲ့လား.... (မချနိုင်ပါဘူး)။ ကိလေသာမီးမှလွဲ လွတ်သွားပြီ- (မှန်ပါ လွတ်သွားပါပြီဘုရား)။ သဘောကျပလား-(ကျပါပြီ)။

မဲရဏမီးကလဲ သူတို့ အကြင်လင်မယားသေကြပြီ....။ သေလဲ ဒီ ဥစ္စာက သူတို့အဖို့ ကျန်ရစ်မှာပဲ- (မှန်ပါ)၊ မရဏမီးလောင်တဲ့ အထဲမှာလဲ- (မပါပါဘူး)၊ မပါဘူး ဆွဲတုတ်ထားတယ်-(မှန်ပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ မီးလောင်တတ်တဲ့ အထဲမှဆွဲမထုတ်ဘဲ လူ့သောက်လောကမှာ အရှုပ်ဆိုးအကျည်းတန်တာတော့ ငါမမြင်ဘူးတဲ့ ဘုရားကသေသေချာချာဟောတာပဲ- (မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီဘုရား)။

ကဲ.... ဒါဖြင့် မလူရက်, မဘန်းရက်, မဝေးရက်, မကမ်းရက်နဲ့ မီးကလဲလောင်နေတယ်။ ကိလေသာမီး, ဒုက္ခမီးတွေကလဲ လောင်နေတယ်။ ဒီလောင်တဲ့အထဲကမှလဲ ဆွဲမထုတ်တတ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ဖြင့် မီးလောင်နေရင်း အရှူးထနေတာ ထိုင်ကြည့်နေတာနဲ့တူနေတယ်- (မှန်ပါ)၊ မတူဘူးလား- (တူပါတယ်ဘုရား)၊ ထိုင်ကြည့်နေဘဲ ပုဂ္ဂိုလ်နဲ့ အတူတူဖြစ်ပါဘယ် .... (မှန်ပါ)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဘုရားသခင်ကိုယ်တော် မြတ်ကြီးဟောတာ မှန်ပါပေတယ်၊ မှန်ပါပေတယ်လို့ခစ်ဗျား တို့ တစ်ဖွဲ့လုံးတာဝန်ခံရမယ်-(မှန်ပါဘုရား)၊ မရဏမီးဆောင် လဲ ကိုယ့်မှာ ဘာမှမဆိုင်တော့ဘူး၊ သေမီး လောင်လိုက်တာ ကိုး-(မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)၊ ရန်သူမျိုး ငါးပါး မီးတွေလောင်ဖြစ်တော့ကော- (မဆိုင်တော့ပါဘူး)၊ ရ ခိုး၊ သူ့ဝှက်မီးလောင်တော့ ဘာမှမရတော့ပါဘူး၊ အကုန် ပါသွားတာပါပဲ-(မှန်ပါ)။

ဒီတော့ သူတယ် လှူတယ်ဆိုတဲ့ ဥစ္စာ ဒါနာ ဒါနစမရွေ့ ဆာ မှတ်လိုက်ပါတဲ့၊ မီးထဲက ဆွဲထုတ်ပြီး ကိုယ်ပိုင်ပစ္စည်းဖြစ် တယ်လို့မှတ်ပါတဲ့၊ သူများရသွားတယ်လို့ ဒီလိုမယူလိုက်ပုံနဲ့- (မှန်ပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

မီးထဲက ဆွဲထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူပိုင်သတုံးဆိုတော့ ဆွဲထုတ်တဲ့ ပုဂ္ဂိုလ်ပဲရတယ်- (မှန်ပါ)။ ဆွဲမထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဖြင့် ကိုယ်ပိုင်ပစ္စည်းဖြစ်နဲ့-(မရပါဘူး)။

ဒါဖြင့် ပစ္စည်းတွေ တောင်လိုပုံပြီးသတာလ ဦးသံဒိုင်သေ ကြေသွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ်ဆိုမတုံး- (ဆွဲမထုတ်တဲ့ ပုဂ္ဂိုလ်ပါ)၊ ဆွဲမထုတ်တတ်တဲ့ပုဂ္ဂိုလ်ပဲ-(မှန်ပါ)။

ဆွဲမထုတ်တတ်တော့ မီးကတော့ သုံးဆယ့်တစ်ဘုံဟာ မီး ဟုန်းဟုန်းတောက်နေတဲ့ ဘုံတွေပဲ- (မှန်ပါ)၊ ကိလေသာ မီး ဒုက္ခမီးတွေဟုန်းဟုန်း တောက်နေတယ်-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိလေသာမီး ဒုက္ခမီးတွေထဲကမှ ဒီဥစ္စာကို ဆွဲ မထုတ်ဘူး၊ ခုနင်က ပြောခဲ့တဲ့ ပညာတွေဖြစ်အောင် ဆွဲမထုတ်

http://www.dhammadownload.com



နိုင်ဘူး ဆိုလို့ရှိယင် ဒီလူဟာ လူမိုက်ပဲ-(မှန်ပါဘုရား)၊ မဆိုထိုက်ဘူးလား- (ဆိုထိုက်ပါတယ်)၊ ဘာ့ကြောင့်တုံး လောင်တာ သီလျက်သားနဲ့ ဆွဲမထုတ်လို့၊ လောင်နေတာ သီလျက်သားနဲ့-(ဆွဲမထုတ်လို့ပါဘုရား)။ ဆွဲမထုတ်တဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သည်ကားလို့ ဆိုလို့ ရှိယင် အလွန်အပြစ် တင်တယ် ဆိုတဲ့ အဓိပ္ပါယ်တော့ ရှင်းသွား ပလား-(ရှင်းပါပြီဘုရား)၊ သဘောပါပလား-(ပါပါပြီဘုရား)။

ဒါဖြင့် ဒါက ဆွဲထုတ်တဲ့ နည်းတဲ့ မောင်ကျော်သိန်းတို့ မောင်လှတို့မှာ ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားပြီ မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး- (ဆွဲထုတ်ထားလို့ပါဘုရား)၊ ဆွဲမထုတ်ယင် ဘာဖြစ်မယ်ထင်သတုံး- (လောင်မှာပါဘုရား)၊ လောင်မှာပဲဆိုတာကတော့ ပြောဖို့မလိုတော့ဘူး-(မှန်ပါ)၊ ရှင်းကြပြီ (ရှင်းပါပြီဘုရား)။

ဆွဲမထုတ်လို့ရှိယင်ဖြင့်-(လောင်မှာပဲ)၊ သူခိုးသော် လည်းကောင်း၊ သူဝှက်သော်လည်းကောင်း၊ ဓားပြကသော် လည်းကောင်း၊ ရန်သူကသော် လည်းကောင်း ဟုတ်လား၊ ကိုယ်နဲ့မိတ်ဆွေကသော်လည်းကောင်း၊ တစ်နေ့က ရန်ကုန်မှာ သတ်ပြီးယူသွားတယ် ဆိုတာတွေဟာ ကြားလိုက်ကြတယ် မဟုတ်လား-(မှန်ပါ)၊ ညီ့သည်က လူသတ်ပြီး ပစ္စည်း အကုန်ယူသွားတော့ဪ....ဒါဟာ စောရမီး လောင်သွားတာပဲ-(မှန်ပါ)၊ မဆိုနိုင်ဘူးလား- (ဆိုနိုင်ပါတယ် ဘုရား)၊ ခန္ဓာရော ပစ္စည်းရောလောင်သွားတာ-(မှန်ပါ)။

အဲဒါတွေဟာ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျလို့ရှိယင်

http://www.dhammadownload.com



ကိုယ်ပိုင် မဟုတ်လို့-(မှန်ပါ)၊ မီးလောင်လိမ့်မယ်ဆိုတဲ့ ဥစ္စာကတော့ ခန္ဓာ ကိုယ်က မီးလောင်စာကြီး-(မှန်ပါ)။

ခန္ဓာကိုယ်ကြီးဟာ ဘာတုံး-(မီးလောင်စာကြီးပါဘုရား)၊ ပစ္စည်းတွေကရော-(မီးလောင်စာကြီးပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါ့ကြောင့်မဟာကရုဏာရှင်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန် စံတော်မူခါနီးကျတော့ မလ္လာမင်းတို့၏ တိုင်း အင်ကြင်းပင်ပျိုတွေကြားမှာ 'ပရိနိဗ္ဗာန်စံမယ် အာနန္ဒာလို့' မိန့်တော်မူတယ်-(မှန်ပါ)၊ မလ္လတိုင်းဆိုတာ တိုင်းပြည်ကလေးက သိပ်သေးငယ်တာ-(မှန်ပါ)၊ ဇီ့ပြင် တိုင်းတွေနဲ့စာယင် သူက အလွန် ငယ်တယ်-(မှန်ပါ)၊ ဒါ့ကြောင့် အရှင်အာနန္ဒာက 'အရှင်ဘုရား၊ ဒီနေရာတော့ ပရိနိဗ္ဗာန် မစံပါနဲ့ဘုရား၊ ဒီနေရာက အရှင်ဘုရား ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေတော့ ရှိပါရဲ့၊ စည်ကားမှုမှာမဟုတ်ဘူး' ဒီနေရာဟာ သေးငယ်လွန်းတဲ့ မြို့သိမ် မြို့ငယ်၊ မြို့လက်ကလေး ဖြစ်လို့ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ-(မှန်ပါ)။

အာနန္ဒာ ဒီနေရာကို သေးတဲ့ တိုင်း နိုင်ငံကလေး ထင်သလား၊ တိုင်းနိုင်ငံ မသေးဘူး၊ ရှေးက ကုသဝတီပြည်ကြီး ဖြစ်ခဲ့တယ်၊ ငါဘုရားသည် မဟာသုဒဿန စကြာမင်းဖြစ်တုန်းက ဒီနေရာမှာ ဖြစ်ခဲ့တယ်။ ငါနေခဲ့ပုံကို ပြောပြမယ်ဆိုလို့ရှိယင် တစ်မြို့လုံးမှာ ရွှေတံတိုင်း၊ ငွေတံတိုင်း၊ ဖန်တံတိုင်းသုံးခု ခတ်ထားတယ်-(မှန်ပါ)၊ မြင်းပျံ၊ ဆင်ပျံ ဆိုတာတွေ၊ စကြာရတနာတွေဆိုတာကတော့ စကြာမင်းတို့ ထုံးစံအတိုင်း အကုန် အပြည့်ပါပဲ-(မှန်ပါ)။

http://www.dhammadownload.com



ငါ့မှာ သူဌေး ငါးယောက် ရှိတယ်တဲ့၊ အဲဒီ သူဌေးငါးယောက်ကလဲ အရှင်မင်းကြီး ဘာအလိုရှိသတုံးဆိုပြီး သကာလအမြဲမေးနေတယ်။ သူတို့ကလဲ မျက်စိအမြင်ရတဲ့ ပုဂ္ဂိုလ်တွေ.... (မှန်ပါ)၊ သူတို့ကို ငါစမ်းကြည့်တယ်တဲ့၊ ကဲ....အသင်တို့ အလိုရှိတာ ပေးမယ်ဆိုသို့ရှိယင် အသင်တို့ ဘာယ်ကရမတုံး၊ အရှင်မင်းကြီး ပင်လယ်ထဲမှာ သမုဒ္ဒရာထဲမှာ ရှိပါတယ်တဲ့။ သူတို့က သမုဒ္ဒရာထဲမှာ ရှိတာတွေ အကုန်မြင်တာကိုး၊ သမုဒ္ဒရာဆိုတာက ရတနာ့ခုနစ်ပါး ရှိတာကိုး၊ အဲဒါ အကုန် သယ်ပေးတာပဲ သူဌေးတွေက-(မှန်ပါ)၊ အဲဒါတွေနဲ့ မြို့တွေ ပြတွေ တည်လိုက်ပြီးသကာလ အမျိုးမျိုး အဖုံဖုံ ရှိတာပဲတဲ့၊ သို့သော်လဲ သင်္ခါရတရားတွေ အနိစ္စမီး လောင်သွားတယ်၊ အာမှ မကျန်တော့ဘူးတဲ့-(မှန်ပါ)၊ တိုင်းကြီး ပြည်ကြီးပဲ အကုန်မီးလောင်တာတဲ့-(မှန်ပါ)။

အဲဒါ ဘာယ်လိုဟာတုံးမေးတော့ ရှင်အာနန္ဒာက တိုင်းငယ်ပြည်ငယ်ကလေး မစည်ကားဘူးလို့ ပြောလို့ နောက်ကြောင်းပြန်ပြီးတော့ ပြောခြင်း ဖြစ်ပါတယ်တဲ့၊ အဲဒီ သင်္ခါရတွေဟာ အနိစ္စပဲတဲ့-(မှန်ပါ)၊

အခုဘာရှာတွေ့သေးသတုံးဟိုတုန်းက ရွှေအိုး ငွေအိုးတွေနဲ့ ရွှေတံတိုင်း ငွေတံတိုင်းတွေ ခတ်ပြီးသကာလ ရှစ်သောင်း လေးထောင်ချည်း အကုန် အပြည့် အစုံရှိတယ်၊ ဘာမဆို အကုန် ရှစ်သောင်းလေးထောင်ရှိတယ်-(မှန်ပါ)၊ အဲဒါတွေဟာ အခုအတို့အစ မင်းရှာလို့ တွေ့သေးသလားတဲ့-(မှန်ပါ)။

သင်္ခါရများ သိပ်ကြောက်စရာကောင်းတယ်- ဆဲ့မှထုတ်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်အတွက်မှာဖြင့် သိပ်ကြောက်စရာကောင်းတယ်-(မှန်ပါ)၊ ဒါကို ပြောတာ- (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

အဲဒီတော့ တိုင်းပြည်မှာ ဒါ့လောက်တောင် ဘုန်းကံပါရမီနဲ့ ရှိတဲ့ ပုဂ္ဂိုလ်တောင်မှ ခုနင်က ဇာတိမိန်း ဇရာမိန်း မရဏမိန်းတို့၏ စားပက် ဝါးပက် ဖြစ်ပြီး ရှေးက မန္တလေးမင်း၏ ကုသဝတီ ပြည်ကြီးဟာ အခုတော့ တိုင်းငယ် ပြည်ငယ်၊ တိုင်းမဲ့ ပြည်မဲ့ ကလေး လာဖြစ်နေတယ်-(မှန်ပါ)၊ သခေါ်ရဟာ အနိစ္စ ရောက်သွားတာ....(မှန်ပါ)၊ သဘောပေါက်ကြပလား.... (ပေါ်ပါတယ် ဘုရား)။

အဲဒါကြောင့် ဆွဲထုတ်တဲ့ ပုဂ္ဂိုလ်သာလျှင် တော်တာ၊ ဆွဲမထုတ်တဲ့ပုဂ္ဂိုလ်ဖြင့် တစ်နည်းနည်းနဲ့ ပျောက်ပျက်သွားဘာပဲ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဆွဲထုတ်တဲ့ပုဂ္ဂိုလ်ဖြင့် ကိုယ်ပိုင်ရလိုက်တာပဲ-(မှန်မှာ)၊ အခု ဒီနေ့ ပြောလိုက်တဲ့ တိုင်းအောင် ဆွဲထုတ် လိုက်ဘဲ့ အဘွားကြီး ပြင်ဟာ အရေး မကြီးပါဘူး၊ အာယု ဝဏ္ဏ သုခ ဗလက အရေးမကြီးပါဘူး၊ ပဋိဘာန်ဆိုဘာ ဆွဲထုတ်လိုက်လို့ ရဘာ ပညာက-(မှန်ပါ)၊ ဆွဲမထုတ်လို့ရှိယင်- (မရပါဘူး)၊ မရဘူး ဆိုတာ သေချာကြပလား-(သေချာပါပြီ)။

ကောင်းပြီ....ဒီဟာ ဒါနအသုပ် ဆိုငြားသော်လဲ ဝိပဿနာ ခြံရံတဲ့ ဒါနဟာ ဒါဘ ဒကာမတွေ မှတ်လိုက်စမ်းပါ အမြတ်ဆုံးပဲ၊ ပစ္စည်းလှူတဲ့ ဒါနထဲမှာဖြင့်- * (မှန်ပါ)၊ သြော်....

---

* စိတ္တာလင်္ကာရဒါန။ ဝိပဿနာခြံရံသော ဒါနသည် အာမိသ ဒါနတည်း၌ အမြတ်ဆုံး ဖြစ်သည်။

http://www.dhammadownload.com



အနိစ္စတွေပဲ၊ အနိစ္စတရားတွေ အခု ငင့်ဘယ်လောက် ကုန်သွား ပြီ၊ ဘယ်လောက် ကုန်သွားပြီ၊ ကုန်သွားတယ်လို့ ဆိုတဲ့ ဉစ္စာ ဟာ နဂိုကိုက အနိစ္စတွေမို့ ဖြစ်တိုင်းနေလဲ ကုန်မှာပဲ၊ မဟုတ် ဘူးလား-(မှန်ပါ)၊ အခုလို ကျောင်း၊ ကန့် ဘုရား တည်လိုက် လဲ-(ကုန်မှာပါပဲ)။

အဲ....ဟိုကုန်တာကတော့ဖြင့် နောက်ကဲနေ့ပြီး ရင်တီးလက် ခတ် ဖြစ်ရတယ်-(မှန်ပါဘုရား)၊ ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး ဆိုတော့ သောကာ ပရိဒေဝ လိုက်တယ်-(မှန်ပါ)၊ ဒီဟာတွေ ကတော့ အလောဘ, အဒေါသ, အမောဟ လိုက်တယ်.... (မှန်ပါ)။

ဟိုဟာက.... (သောကပရိဒေဝလိုက်ပါတယ်)၊ ဒီဟာက.... (အလောဘ, အဒေါသ, အမောဟ လိုက်ပါတယ်ဘုရား)။ အလောဘဆိုတာက မလိုချင်မှု၊ အဒေါသဆိုတာက မေတ္တာ ထားမှု-(မှန်ပါ)၊ အလောဘဆိုတာက ဒီ အတိုင်းထားလို့ရှိ ယင် မီးလောင်မှာပဲ၊ ဒါကြောင့် စွန့်လိုက်တယ် ဆိုသင် အလောဘ၊ အဒေါသဆိုတာက ဒီ အထဲ တရားအားထုတ်ကြ တာ အောင်မြင်ကြပါစေ၊ အဒေါသလဲ ပါတယ်- (မှန်ပါ ဘုရား)၊ အမောဟဆိုတာက ပညာ၊ ရှင်းပလား-(မှန်ပါ)။

မီးထဲကပညာနဲ့ ဆွဲထုတ်ထားတာမို့ သူတို့ကိုလဲ ပညာလှူ မယ်၊ ကိုယ်လဲပညာရစေဘော့ဆိုတော့....အလောဘ, အဒေါသ, အမောဟ လိုက်ပါတယ်- (မှန်ပါ)၊ မလှူမတန်း မပေး မကမ်းတဲ့ ပုဂ္ဂိုလ်ကျတော့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်ပါတယ်-(မှန်ပါ)၊ တစ်ခုတစ်ခု ဖြစ်သွားတယ်၊ ရှင်း ပလား-(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



လှူတန်း ပေးကမ်းပြီး သဘောလ ညာက်နဲ့ ဦးစီးတဲ့ပုဂ္ဂိုလ်များကျတော့ အလောဘ, အဒေါသ, အမောဟ လိုက်တယ်-(မှန်ပါ)၊ သောဏပရိဒေဝ ဒုက္ခ ဒေါမနဿ မလိုက်ဘူး ....(မှန်ပါ)။

ဒါဖြင့် အလောဘကျတော့ ဘယ်လိုမင်္ဂစ္စသမုပ္ပါဒ် တန်းမှုလဲဆိုတော့ အလောဘကျတော့ တန်းလို့မရဘူး။ ပြတ်ဖို့သာ ရှေးရှုတယ်-(မှန်ပါ)၊ အဒေါသကတော့- (တန်းလို့မရပါ)။ အမောဟကတော့-(တန်းလို့မရပါ)။ လောဘ, ဒေါသ, မောဟတွေကတော့- (တန်းလို့ ရပါတယ်ဘုရား)၊ လောဘကတော့ တဏှာပစ္စယာ ဥပါဒါန်- သွားပြန်တာပဲ- (မှန်ပါ)၊ ဒေါသကတော့ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ။ မတန်းဘူးလား-(တန်းပါတယ်)၊ မောဟကတော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ....။ သူတို့က ဟိုဘက်လည်းပဲ ဘက်ကိုတန်းတယ်.... (မှန်ပါ)။ အလောဘ, အဒေါသ, အမောဟကတော့- (မတန်းပါဘူး)။ မတန်းဘူး။ သူတို့ကပဋိစ္စသမုပ္ပါဒ်ပြတ်တယ်-(မှန်ပါ)။

ဒါကြောင့် ဒီ အကြောင်းတွေ သိပြီးသကာလ ဒြေ်....ငါတို့သည် အလောဘနဲ့ လှူတယ်၊ အဒေါသနဲ့ လှူတယ်၊ အမောဟဆိုတဲ့ ပညာဦးစီးပြီး လှူတဲ့အတွက် ဒီဥစ္စာသံသရာလည်ကြောင်း မဟုတ်ပါဘူးဆိုတဲ့ အမိပ္ပါယ် ရှင်းကြပလား-(ရှင်းပါပြီ)။

ဒီဟာက ဆရာက ရှေ့သွားကောင်းမှ၊ ဆရာက ရှေ့သွားမကောင်းယင် လည်ဦးမှာ....(မှန်ပါ)၊

ကဲ....ဒါဖြင့် မောင်ကျော်သိန်းတို့ မတင်လှတို့က လိုချင်လို့လှူတာလား- ဒီ ပစ္စည်းကို လိုချင်ယင် အိပ်ထဲတွင် ထားမှာ

http://www.dhammadownload.com



ပေါ့-(မှန်ပါ)၊ ဒါဖြင့် အလောဘ။ ကိုယ့်မှာဖြင့် ဒီဥစ္စာမလို ချင်ပါဘူး၊ လိုချင်တာဟာတော့ဖြင့် နိဗ္ဗာန်။ နိဗ္ဗာန်ဆိုတော့ လိုချင်တာမဟုတ်ဘူး။ နိဗ္ဗာန်ဆိုတာ ဆန္ဒဖြစ်တာ- (မှန်ပါ)။

ဒါဖြင့်- အလောဘ-အလုပ် လုပ်တယ်၊ ဒါဖြင့် ပဋိစ္စ သမုပ္ပါဒ်ပြတ်-မပြတ်- (ပြတ်ပါတယ်ဘုရား)၊ အဒေါသလို.... နေတဲ့ ပုဂ္ဂိုလ်များချမ်းသာပါစေ၊ မိမိအားထုတ်တဲ့ အခါလဲ ချမ်းသာပါစေ၊ ဒီအထဲက နေပြီး တရားထူးတရားမြတ် ရကြ ပါစေဆိုတော့ အဒေါသ ပါ-မပါ- (ပါပါတယ်ဘုရား)၊ အမောဟဆိုတဲ့ ပညာသည်ကားလို ဆိုယင်ဖြင့် မစွန့်ယင် ဒါ တွေဟာ ဒုက္ခသစ္စာတွေပဲ (မှန်ပါ)၊ ဒုက္ခသစ္စာပဲ။ ဒုက္ခသစ္စာ ဆက်သွားဖို့ပဲရှိဘယ်-(မှန်ပါ)၊ စွန့်လိုက်တဲ့အတွက် ကိုယ့်မှာ ဒုက္ခသိမ်းဘယ်-(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ- (ကိုယ့်မှာဒုက္ခသိမ်းပါတယ် ဘုရား)။ ဒုက္ခသိမ်းမှန်းသိလို့ရှိယင်ဖြင့် ခန္ဓာ့ဒုက္ခလဲသိမ်းချင်တယ်။ ဒီဒုက္ခ လဲ သိမ်းလိုက်တယ်- (မှန်ပါ)၊ ဒီဒုက္ခသိမ်းလိုက်တဲ့ အတွက် အမောဟ မပါဘူးလား – (ပါပါတယ်)၊ ဒါဖြင့် ဒါဟာ ဝိပဿနာ ခြံရံပါတယ်-(မှန်ပါ)၊ ရှင်းပသွား- (ရှင်းပါပြီ)။ အမောဟနဲ့ လှူလိုက်တာကိုး။ ဝိပဿနာခြံရံတယ်-(မှန်ပါ)။

ဘယ်လို လှူလိုက်ပါသတုံးလို့ မေးလို့ရှိယင်ဖြင့် ဒါ ဒုက္ခ သိမ်းချင်လို့ လုပ်လိုက်တယ်ဆိုတော့ အမောဟက ဒုက္ခသစ္စာ မြင်လိုက်တယ်– (မှန်ပါ)၊ ပစ္စည်း စောင့်ရှောက်ရတဲ့ ဒုက္ခ, ပစ္စည်းတွေ၏ ဖြစ်ပျက်နေတဲ့ ဒုက္ခဟုတ်လား-ခန္ဓာကလဲ ဒုက္ခ သစ္စာ-(မှန်ပါ)၊ အဲဒီတော့ ဒီ ဒုက္ခသစ္စာကြီးကို မြင်ပြီးသကာ လဲ လှူလိုက်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် ဆက်နိုင်သေးရဲ့လား....

http://www.dhammadownload.com



(မဆက်နိုင်ပါဘူး)၊ ပဋိစ္စသမုပ္ပါဒ်ဆက်ယင် သံသရာ ရှည်တယ်- (မှန်ပါ)၊ အခုလို ဆရာအောင်၊ သမားကောင်းက အလောဘ, အဒေါသ, အမောဟနဲ့ လျှုဖို့ညွှန်တဲ့ အတိုင်း စိတ်လိုက်လိုရှိယင် ဒကာ ဒကာမတွေမှတ်ကြပါ။ ပဋိစ္စသမုပ္ပါဒ် ဒီအထဲ တစ်ကွက်မှမပါဘူးလို- (မှန်ပါ)၊ ပါသေးရဲ့လား- (မပါပါဘူးဘုရား)၊ အလောဘနဲ့ လှူတယ်, အဒေါသနဲ့ လှူတယ်, အမောဟနဲ့လှူတယ်။ ရှင်းပလား-(ရှင်းပါပြီ)။

ဒါကြောင့် နေ့လယ်ကသောင် ပြောလိုက်သေးတယ်။ မလိုချင်တာ မက်ကွလို့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အလောဘဆိုတာ မလိုချင်တာ၊ မလိုချင်တာက ဘယ်သူ့အပေါ်မှာ မချင်တာတုံးဆိုတော့ ခန္ဓာအပေါ်၌လည်း ဒုက္ခသစ္စာ။ ပစ္စည်းအပေါ်၌-(ဒုက္ခသစ္စာပါ)၊ အဲဒီ ဒုက္ခသစ္စာမြင်လို့ မလိုချင်တာ- (မှန်ပါ)၊ ဝိရာဂေါတိ မဂ္ဂေါ၊ ဝိရာဂေါ- မလိုချင်တာသည်၊ မဂ္ဂေါ - မဂ်ပဲ- (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

မလိုချင်တာ ဘာခေါ်ကြမလဲ- (မဂ်ပါဘုရား)၊ အဲ.... လောကီမဂ်နဲ့ လှူတာဆိုတာ သဘောပါကြပလား- (ပါပါပြီ)။

ကောင်းပြီ၊ အဒေါသဆိုတာ မေတ္တာနဲ့ လှူတာနော်- (မှန်ပါ)၊ အမောဟက ဒုက္ခသစ္စာကို အမှန်အကန်မြင်ပြီး သင်္ခါရ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဒုက္ခကို တပည့်တော်မြင်သောကြောင့် ဒီ ဒုက္ခကြောက်လို့ ဒီ ဒုက္ခလွတ်ရာကို ယခုတပည့်တော်မြင်တဲ့ ဉာဏ်က ပို့စေသား ဆိုပြီး

http://www.dhammadownload.com



လှူဒါန်းကြပါ- (မှန်ပါ)၊ သဘောပါကြပလား- (ပါပါပြီ ဘုရား)။

ကောင်းပြီ။ ဒီလိုလှူလိုက်ခြင်းသည်ကားလို့ဆိုယင် ပဋိစ္စသမုပ္ပါဒ်မှာ အစကလဲ မပါပါဘူး။ အစက စတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ မဖြစ်တော့ဘူး၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာကော ဖြစ်သေးရဲ့လား-(မဖြစ်ပါဘူး)၊ အလယ်ကစတဲ့ တဏှာ ပစ္စယာဉပါဒါန်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကော— (မဖြစ်ပါဘူး)။ အဆုံးကနေ ပြန်ပတ်တဲ့ ဇေါသ သောကအ ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ အဝိဇ္ဇာဆိုတာတွေကော-(မဖြစ်ပါဘူး)၊ ဒါဖြင့် မဖြစ်ပါဘူး ဆိုသဖြင့် ဩော်....သံသရာပြတ်နိုင်တဲ့အလှူပဲ။ ဘယ့်နှယ်ကြောင့် ဒီအလှူသံသရာ ပြတ်နိုင်ပါလိမ့်မတုံး မေးတော့ ဉာဏ် ဦးစီးလို့....(မှန်ပါ)။

ဘယ်လိုကြောင့်ပါလိမ့်-(ဉာဏ်ဦးစီးလို့ပါဘုရား)။

ဒုက္ခသစ္စာတွေမို့ ဒုက္ခတွေမလိုချင်လို့။ ခန္ဓဒုက္ခလဲ မလိုချင်ဘူး၊ ပစ္စည်းလဲ ဒုက္ခလို့သိလိုက်ပြီ။ ခန္ဓာကြီးကိုလဲ ကျွတ်ချင်လွတ်ချင်လို့ဆိုပြီ၊ ဒီ ဒုက္ခသစ္စာကိုသိလိုက်ပါတယ်- (မှန်ပါ)၊ သိလိုက်သောကြောင့် ခန္ဓာ ကျွတ်ခြင်းကိုလဲ အလိုရှိတယ်။ သဘောကျပလား-(ကျပါပြီ)၊ ပစ္စည်းကိုလဲ ဒုက္ခပေးနေတာဟာ သူပဲဆိုတာသိသောကြောင့် ပစ္စည်းနဲ့ပတ်သက်တာက ဒုက္ခသစ္စာ-မြင်တာက မဂ္ဂသစ္စာ-(မှန်ပါ)၊ ခန္ဓာကြီး ကြည့်လိုက်ပြန်လဲ ခန္ဓာက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ- (မှန်ပါ)၊ ရှင်းလေလား-(ရှင်းပါပြီ)။

ဤကဲ့သို့ ခန္ဓဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာ....။ ခန္ဓာ ဒုက္ခသစ္စာကို မြင်တာလဲမဂ်ပဲ၊ သံသရာကြီးကို ကြည့်လိုက်ပြန်တော့လဲ အို

http://www.dhammadownload.com



ဘေး၊ နာဘေး၊ သေဘေးတွေ ကြည့်လိုက်ပြန်တော့လဲ ဘာ သစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)၊ အဲဒါတွေ မြင်ပြီးသကာလ ဒါတွေမြင်တဲ့ညာဏ်နဲ့ လှူသည်ဖြစ်လေသောကြောင့် ဝိပဿနာ ခြံရံတဲ့ ဒါနဖြစ်သွားသောကြောင့် ဝဋ္ဋ မဖြစ်ဘဲနဲ့ ဝိဝဋ္ဋဒါန ကောန်အစစ် ဖြစ်ဘယ်ဆိုတာ အခု နှလုံးသွင်းပစ်လိုက်ပါ.... (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

ခန္ဓာ ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါ)၊ ဒီ ဒုက္ခသစ္စာကြီး နောက်ထပ် လိုချင်သေးသလားး- (မလိုချင်ပါဘူး)၊ အခု ပစ္စည်းတွေကော- ပစ္စည်းတွေ ရှာရ, ဖွေရ, ထိန်းရ, သိမ်းရ တာကော-(ဒုက္ခသစ္စာပါ)၊ ဒါတွေကော- ဒုက္ခသစ္စာမှန်းသိ လာတဲ့ အခါကျတော့ ညာဏ်ပဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်)။

အဲဒီညာဏ်နဲ့ ဟောဒီပစ္စည်း ဒုက္ခကိုလဲ ရှုခြင်း မုန်းခြင်း ရှိလို့.... ခန္ဓာကြီးဖြစ်နေတဲ့ ဒုက္ခသစ္စာကိုလဲ ရှုခြင်း, မုန်း ခြင်းရှိသည်ဖြစ်ပါ၍ စန္ဓာဆုံးရာနိဗ္ဗာန်ကိုသာ ရောက်လိုခြင်း ဆန္ဒပြင်းပြသည်ဖြစ်၍ ဤ ကျောင်းနှစ်ခုကို ဆရာသမားအား လှူဒါန်းပါ၏လို့ ပြောင်းပစ်ပါ-(မှန်ပါဘုရား)၊ ရှင်းပလား - (ရှင်းပါပြီ)။

ပြီးတော့အခါ ဒီလိုတင်ပဲလားလို့ မေးတဲ့အခါကျတော့ ကိလေသာမီးနဲ့တကွ ဆယ့်တစ်မီး လောင်နေတာ။ လောဘ, ဒေါသ, မောဟ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ,ဇာတိ,ဇရာ,မရဏ—ပေါင်းဆယ့်တစ်မီး-(မှန်ပါ)၊ အဲဒီဆယ့်တစ်မီးက ဘယ်အချိန်မှ မလောင်တဲ့အချိန် မရှိဘူး—

http://www.dhammadownload.com



(မှန်ပါ)၊သဘောကျပလား- (ကျပါပြီ)၊ ဒါဖြင့် ခန္ဓာဖြစ်ရတာ မီးလောင်စာပေါ့-(မှန်ပါ)၊

ခန္ဓာဖြစ်ရတာ (မီးလောင်စာပါဘုရား)၊ မီးလောင်စာဖြစ်ပြီးနေတယ်ဆိုတာကြီး သိသားရမယ်-(မှန်ပါ)၊ ဩော်.... တို့ ခန္ဓာကြီးဟာ ဘာပါလိမ့်- (မီးလောင်စာပါ)၊ မီးက ဘယ်နှစ်မီးပါလိမ့်-(ဆယ့်တစ်မီးပါ)၊ဆယ့်တစ်မီးမီး၊ ခန္ဓာ ငါးပါးက လောင်စာ-(မှန်ပါ)၊ ဟာ.... လောင်စာနဲ့ မီးတွဲ လျက်ကြီးဖြစ်နေပါပေါ့သား- (မှန်ပါဘုရား)၊ လောင်စာနဲ့ မီးတွဲလျက်ကြီးအဖြစ်မှ တပည့်တော်တို့ ကိုယ်တိုင် မြင်ပြီး သကာလ ဒီ ဥစ္စာကို အဟုတ်လောင်နေတာ တကယ်ဉာဏ်နဲ့ ကြည့်လိုက်တော့ တကယ်မြင်ပြီး မီးငြိမ်းခြင်း, မီးသိမ်းခြင်း ကိုသာ အလိုရှိ၍ တပည့်တော်တို့ လျှုဒါန်းပါ၏-(မှန်ပါ)။

ဘာမှ ဘဝသမ္ပတ္တိတွေ လိုချင်တာ မဟုတ်ဘူး။ မီးငြိမ်းပြီး မီးသိမ်းတာ အလိုရှိတာပဲ-(မှန်ပါ)၊ လောင်စာသိမ်း၍မီးငြိမ်း ချင်တာပဲ-(မှန်ပါ)၊ ဒီပြင် ဘာများ မောင်ကျော်သိန်း အလို ရှိသေးသဘုံး- (မရှိပါဘူးဘုရား)၊ မတင်လှကော ရှိသေး သလား-(မရှိပါဘူး)၊ လောင်စာသိမ်း၍ မီးငြိမ်းတာကိုသာ အလိုရှိတယ်ဆိုပြီးသကာလ- လောင်စာသိမ်း၍ မီးငြိမ်းတာ က နိဗ္ဗာန်-ဟုတ်သား-(မှန်ပါ)၊ ဒီ မီးတွေ မြင်တာက မဂ် ဉာဏ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဒါဖြင့် အခု ဒီ ဉာဏ်သည် လောကီမဂ်ဉာဏ်လဲ ဆိုနိုင်ပါ တယ်၊ ဉာဏ်ဦးစီးပြီးသကာလ လောင်စာသိမ်း၍ မီးငြိမ်း ခြင်းကိုသာ အလိုရှိ၍ လှူသောကြောင့် ဦးသံဒိုင် ဝိဝဋ္ဋဒါန ပဲ....(မှန်ပါ)၊ ရှင်းပလား-(ရှင်ပါပြီဘုရား)။

http://www.dhammadownload.com



ဘာဒါနတုံး-(ဝိဝဋ္ဋဒါနပါဘုရား)၊ ဘယ်နှယ်ကြောင့်တုံး ဆိုတော့ ဝိပဿနာခြံရံတဲ့ ဒါနသွားပြီးဖြစ်တယ်၊ လော်ခင်စာ သိမ်း၍ မီးငြိမ်းချင်တာကို အလိုရှိတာကိုး-(မှန်ပါ)၊ ရှင်း ပလား-(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းခြင်းကိုသာ အလိုရှိတဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်သည် ဝိဋ္ဋဒါန အစစ် ဖြစ်လေသောကြောင့် မီးသာ ငြိမ်းချင်တယ်၊ ရှေ့ကို မီးမဆက် ချင်ဘူး-(မှန်ပါ)။

ဦးသံဒိုင် ဘာတဲ့တုံး-(မီးငြိမ်းချင်ပါတယ်ဘုရား)၊ မီးသာ ငြိမ်းချင်တယ်နော်၊ မီး ဆက်ချင်သေးရဲ့လား- (မဆက်ချင်ပါ ဘူး)၊ မီးဆက်ချင်လို့ရှိယင်တော့ ဋ္ဋဒါန-(မှန်ပါ)၊ ရှင်းပ လား-(ရှင်းပါပြီ)။

ဒါဖြင့် ဒီနေ့သည် သစ္စာမြင်တဲ့ ဉာဏ်နဲ့ တွဲတဲ့ စေတနာနဲ့ လှူတာ-(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်-(သစ္စာမြင်တဲ့ဉာဏ်နဲ့ တွဲတဲ့ စေတနာနဲ့ လှူပါတယ်)၊ ဇီတော့ ဉာဏ်နောက်ကို စေတနာက လိုက်ရမယ်- (မှန်ပါ)၊ ဉာဏ်နောက်ကို စေတနာက လိုက်ရတယ် ဆိုသဖြင့် ဒါကလေးကိုဇကာ့ဒကာမတွေပြော ပေးပါဦးမယ်-(မှန်ပါ)။

ဉာဏ်နောက်ကို စေတနာက လိုက်ရတယ် ဆိုတော့ ဥပမာ မယ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဝေဿန္တရာမင်း ဘဝ က လှူခဲ့တဲ့ဒါန၊ တိုင်းပြည်ကြီးနဲ့ တကွ ဆင်တော်ရတနာတွေ၊ တန်းဆာတွေ၊ ကျောက်သံ ပတ္တမြားတွေ အကုန် ဆင်ပြီး လှူလိုက်တဲ့ဥစ္စာ သူသည် သဗ္ဗညုတ ဉာဏ်ရပြီးသကာလ နိဗ္ဗာန် ကိုသာ အလိုရှိ၍ သူလှူပါတယ်လို့ ဆိုလိုက်တော့ ဒီဒါနတွေက

http://www.dhammadownload.com



ဘုရားအဖြစ် နိဗ္ဗာန်မြင်တဲ့ဉာဏ်ကို အကျိုးပေးချလိုက်သော ကြောင့် ဒကာ ဒကာမတွေ ဉာဏ်နောက်ကို စေတနာလိုက်ရ တယ်-(မှန်ပါ)၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် စေတနာက ခေါင်းဆောင်မယ်ဆိုယင် ဝေဿန္တရာ မင်းအဖြစ်က လှူလိုက်တာ ဝဋ္ဋကိုသာ ရည်မှန်းမယ် ဆိုယင် ဘုရားလဲ မဖြစ်သေးဘူး၊ နိဗ္ဗာန်လဲ မရောက်သေးဘူးပေါ့.... (မှန်ပါ)၊ သဘောကျပလား — (ကျပါပြီဘုရား)၊ ဉာဏ် နောက်ကို စေတနာက လိုက်နေရသဖြင့် ဘုရားလဲ ဖြစ်တယ်၊ နိဗ္ဗာန်လဲရောက်တယ်-(မှန်ပါဘုရား)။

ဒါဖြင့်- စေတနာနဲ့ ဉာဏ်သည် လုပ်တတ်တဲ့ ပုဂ္ဂိုလ်မှာ စေတနာက နောက်လိုက်၊ ဉာဏ်ကဦးစီး- (မှန်ပါဘုရား)၊ ဉာဏ်သွားရာကို စေတနာလိုက်ရတယ်ဆိုတာ သေချာပလား- (သေချာပါပြီ)။

ဒါ့ကြောင့် မြတ်စွာဘုရားက- သစ္စာမြင်တဲ့ဉာဏ်နဲ့ လှူလိုက် တာဟာ အကဏှ အသုက္ကကံ ဖြစ်တယ်တဲ့- (မှန်ပါ)၊ ရှင်း ပလား-(ရှင်းပါပြီဘုရား)။

ဘာတဲ့....(အကဏှ အသုက္ကကံပါဘုရား)၊ အကဏှ အသုက္က ကံဆိုတဲ့ ဥစ္စာ ကံလို့သာခေါ်တာ ကံက မကောင်းလို့သာ ပါ နေတာ စစ်စစ်တော့ မဂ္ဂင်ကိုဆိုနေတာ-(မှန်ပါ)၊ သဘောကျ ပလား-(ကျပါပြီ)။

ကံလို့သာ ဆိုတာတဲ့ စင်စစ်တော့-(မဂ္ဂင်ပါဘုရား)၊ မဂ္ဂင် ရှစ်ပါးကို ဆိုလိုက်ပါတယ်။ ဝိပဿနာဉာဏ်နဲ့ဖြင့် မဂ္ဂင်

http://www.dhammadownload.com



ငါးပါး....။ ဒါပဲဆိုပါတယ်ဆိုတော့ သူက ကဲ.... မင်းကံက မင်းထင်သလိုချယ်လှယ်မလား- ငါ့ဉာဏ်နောက်လိုက်မလားလို့ မမေးသော်လဲ မေးဘိုသကဲ့သို့ပဲကို ဉာဏ်ကနေပြီး သကာသ ဦးဆောင်သွားတယ်— (မှန်ပါ)၊ ရှင်းပလား- ( ရှင်းပါပြီ ဘုရား)။

ကံကို ဉာဏ်ကနေ ဦးဆောင်သွားတဲ့ အခါကျတော့ကို ဒီ ကံသည်ကားလို့ဆိုလို့ရှိယင် သူလုပ်ချင်သလို ချယ်လှယ်နိုင် သေးရဲ့လား- (မချယ်လှယ်နိုင်ပါဘူး)၊ အဲဒါက ဝိဝဋ္ဋ ဒါန လှူပြီးတော့ အခုလိုပြောတဲ့ ဉာဏ်ကလဲနှလုံးသွင်းတဲ့ ပုဂ္ဂိုလ် ကျတော့ ကံက ဦးမဆောင်ဘဲနဲ့ ဉာဏ်ကဦးဆောင်တယ်ဆိုတာ သေသေချာချာ မှတ်ပါ-(မှန်ပါ)၊

ဒါ့ကြောင့်လဲ ဆရာကောင်း သမားကောင်း ဦးသုံးဒိုင် သိပ်လို တယ်.... မလိုဘူးလား— (လိုပါတယ်ဘုရား)၊ ပေါ်ကြပြီ နော်-(မှန်ပါ)။

ကောင်းပြီ- ဒါဖြင့် ဤအလှူဒါနသည်ကားလို့ ဆိုယင်ဖြင့် ဉာဏ်ဦးဆောင်တဲ့ အလှူဖြစ်လေသောကြောင့်.... ဉာဏ်ကလဲ ဘာမြင်လို့ပါလိမ့်....ဉာဏ်က ဒုက္ခသစ္စာကိုမြင်တယ်- (မှန်ပါ)၊ ခန္ဓာဒုက္ခကို မြင်လိုက်-- ပစ္စည်းဒုက္ခကော-(မြင်ပါတယ်ဘုရား)၊ မြင်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒီဟာတွေ ဝိပဿနာခြံရံတဲ့ ဒါနမဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)၊ သစ္စာဝိပဿ နာခေါ်တယ်၊ သစ္စာရှိတဲ့ ဝိပဿနာ ရှင်းပလား-(ရှင်းပါပြီ)၊ သစ္စာရှိတဲ့ ဝိပဿနာ ဖြစ်လေသောကြောင့် ဒါနစေတနာက ခေါင်းဆောင် သလား.... ဉာဏ်က ခေါင်းဆောင်သလား- (ဉာဏ်က ခေါင်းဆောင်ပါတယ် ဘုရား)၊ ဉာဏ်က ခေါင်း

http://www.dhammadownload.com



ဆောင်တော့ စေတနာက နောက်လိုက် ဖြစ်သွားတယ် .... (မှန်ပါ)။

အဲဒီတော့ သူသွားချင်တဲ့လမ်းကို မသွားရတော့ဘူး။ဉာဏ် သွားချင်တဲ့လမ်းကို- (သွားရပါတယ်ဘုရား)။ စေတနာသွား ချင်တဲ့လမ်းကို....(မသွားရပါဘူး)၊ ဉာဏ်သွားချင်တဲ့ လမ်းကို- (သွားရပါတယ်ဘုရား)။

အဲဒါကြောင့် အချို့နေရာကျတော့ အကဏ် အသုတ္တကံကို ကံပြတ်လို့ ဆိုရတယ်-(မှန်ပါ)၊ရှင်းပလား- (ရှင်းပါပြီဘုရား)။

ကံပြတ်သွားလို့လား မေးတော့ မဟုတ်ပါဘူးတဲ့၊ ကံဟာ သဟဇာတအဖြစ်နဲ့ ပါတယ်။ ရှုနေတဲ့ အထဲမှာလဲ စေတနာ မပါဘဲနဲ့ ရှုလို့မှမဖြစ်ဘဲ· (မှန်ပါ)၊ ပါတော့ပါတယ်တဲ့....။ ဒါက အဘိဓမ္မာနိုင်မှုနေ့ဘ်-(မှန်ပါ)၊ ပါပင်ပါငြားသော်လဲ သူ့အကျိုးပေးကို သူထင်သလို မချယ်လှယ်ရ ဉာဏ်ခေါင်း ဆောင်တဲ့အတွက် ဉာဏ်ထင်သလို ချယ်လှယ်ရတဲ့အတွက် ဒီကံ ကို သူ့စွမ်းရည်သတ္တိတုံးအောင် လုပ်ထားတယ် .... (မှန်ပါ ဘုရား)၊ ရှင်းပလား-(ရှင်းပါပြီ)။

ကံ၏ စွမ်းရည်သတ္တိကို· (တုံးအောင် လုပ်ထားပါတယ်)၊ ဘယ်သူက လုပ်ထားသတုံး· (ဉာဏ်က လုပ်ပါတယ်ဘုရား)၊ ဉာဏ်ကတုံးအောင် လုပ်ထားတယ် ဆိုသောကြောင့် ကံပြတ် ဆိုတဲ့ဥစ္စာ သစ္စာမြင်တဲ့ ဥစ္စာမှတ်.... ရှင်းပလား—(ရှင်းပါပြီ ဘုရား)။

ကံမပါလို့လား .... ကံပါလျက်နဲ့လား- (ကံပါလျက်ပါ ဘုရား)၊ ကံက သဟဇာတအဖြစ်တော့ ပါတယ်· (မှန်ပါ)၊ တကယ့် ဖြစ်ဖော် ဖြစ်ဖက်အဖြစ်နဲ့တော့ ပါပါတယ်ဆိုတာ မှတ်

http://www.dhammadownload.com



ထားကြပါ-(မှန်ပါ)၊ ပါပင်ပါ ငြားသော်လဲ ဦးဆောင်နိုင် သေးရဲ့လား-(မဆောင်နိုင်ပါဘူးဘုရား)၊ ဘယ်သူက ဦးဆောင်စ သတုံး—(ဉာဏ်က ဦးဆောင်ပါတယ်ဘုရား)။

အဲ....မြတ်စွာဘုရားအလောင်းတော် ဝေဿန္တရာမင်းအဖြစ်၌ လုပ်ခဲ့တာဟာ ကံကတော့ ပါတာပေါ့။ သို့သော်လဲ ကံ အကျိုးပေးတွေက ဘုရားဖြစ်စေနိုင်သလား— သဗ္ဗညုတဉာဏ် တော်ရသလားလို့ မေးတဲ့အခါကျတော့ ကံအခေါင်းမဆောင် နိုင်တာနဲ့ပဲ လူ့ပြည် နတ်ပြည်ဆိုတာ အကြိမ်ကြိမ် မလာတော့ ဘူး-(မှန်ပါ)၊ နို့မဟုတ်ယင် ဝေဿန္တရာမင်းအဖြစ်က လုပ်ထား တဲ့အကျိုးပေးဟာ ဦးသံဒိုင် နည်းနည်းနောနော အကျိုးပေးမှု မဟုတ်ဘဲ-(မှန်ပါ)၊ သို့သော် ဒီကံတွေက ဦးဆောင်နိုင်သေး ရဲ့လား— (မဆောင်နိုင်ပါဘူး)၊ ပါတော့ပါတယ်။ ပါပေမဲ့ပါ ငြားသော်လဲ-(ဦးမဆောင်နိုင်ပါဘူး)၊ ဘယ်သူက ဦးဆောင် သတုံး-(ဉာဏ်က ဦးဆောင်ပါတယ်ဘုရား)၊ ဉာဏ်က ဦးဆောင် တဲ့အတွက် ဒီဉာဏ်သည် ဘာဖြစ်တဲ့ဉာဏ်- (မှန်ပါ)၊ ရိပ်မိကြ ပလား-(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဉာဏ်နဲ့လျှုတဲ့ အလှူပေါ့—(မှန်ပါ)၊ ဉာဏ်နဲ့လှူတဲ့ အလှူ ဆိုတာ မသေချာ သေးဘူးလား....(သေချာပါတယ်)၊ ဒါဖြင့်အကကျ အသုက္ကက နဲ့ လှူတာ ဒီအလှူ- (မှန်ပါ)၊ အဘောပပါလား- (ပါပါပြီ)။

ကဏှက ဆိုယင်၊ မည်းနက်တဲ့ အကုသိုလ် ဘာ ဆိုယင် အပါယ်သွားမယ်။ သုက္က-က ဖြူးဖြူးနဲ့ ဝဋ္ဋကုသိုလ် လှူလို့ရှိယင် သုဂတိ အကျိုးပေးမယ်-(မှန်ပါ)၊ ကဏှ- သုက္ကနှစ်မျိုးကို ရော လှူလို့ရှိယင်လဲ မင်္ဂလာဆောင်တော်တို့ ရွှေနဂါးကြီးတို့ စသည်လို

http://www.dhammadownload.com



သွားဖြစ်မယ် — (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)၊ အာကာသ အသုက္ကက ဆိုယင် နိဗ္ဗာန်အကျိုးပေးတယ်- (မှန်ပါ)။

ဒီခန္ဓ အာကာသ အသုက္ကကို အစိကထားပြီး ဟောနေဘယ်လို့ မှတ်ပါ။ သဘောပါကြပလား- (ပါပါပြီဘုရား)၊ ကဲ.... မင်းတို့ ရေစက်ချကိုင်ကြတော့....။ ရေစက်ချသာက မကြာပါဘူး၊ သိဖို့က ကြာဘာပါ-(မှန်ပါဘုရား)၊

## ရေစက်ချ

ဘန္တေ- အရှင်ဘုရား...။ မယံ- အကျွန်ုပ်တို့သည်။ ရာဂါဒီဟိ ရာ အစရှိကုန်သော။ ကောဒသဂ္ဂိဟိ- တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့်။ ပရိပိဠိတံ- အသွန်အကျဲ အဖန်ဖန် ညှဉ်းဆဲ၍ နေသော၊ သံသာရဘာယံ- ချား ရဟတ်ပမာ ချာချာပတ်၍ တစ်ဖြစ်တည်း -ဖြစ်၍ နေတဲ့ သံသရာဘေးကြီးကို။ ဘီတာ- အလွန်ဘာရာ ကြောက်ကြပါကုန်သည်ဖြစ်၍....။

ဒါဏ ဒုက္ခသစ္စာ မြင်လိုက်ပါတဲ့။ သံသရာဘေး ဆိုတာ ဒုက္ခပဲ-(မှန်ပါ)၊ သံသရာဆိုတာ ခန္ဓာ့သံသရာကို ဆိုပါတယ်။ ခန္ဓာ့သံသရာ ကြည့်လိုက်တော့ ခဏခဏ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာပဲ...။ အဲဒါကြီးကို ကြောက်ရမယ်- (မှန်ပါ)၊ ချားရဟတ်ပမာချာချာပတ်၍ တစ်ဖြစ်တည်းဖြစ်နေတဲ့ သံသရာဘေးကြီးကိုဆိုတာ၊ ပဋိသန္ဓေပြီး ပဝတ္တိ၊ ပဝတ္တိပြီး စုတိ၊ စုတိပြီးတော့ကော.... (ပဋိသန္ဓေပါဘုရား)၊ ပဋိသန္ဓေ ပြီးတော့....

http://www.dhammadownload.com



(ပဝတ္တိပါ)၊ ပဝတ္တိပြီးတော့- (စုတိပါဘုရား)၊ စုတိပြီးပြန်တော့....(ပဋိသန္ဓေပါဘုရား)။

ဘယ်မှာတုံးအကောင်း,...။ ပဋိသန္ဓေဇာ ဒုက္ခသစ္စာ၊ ပဝတ္တိကကော.... (ဒုက္ခသစ္စာပ ပဲ)၊ စုတိကကော-(ဒုက္ခသစ္စာပါပဲ)၊ စုတိပြီးတော့ ပဋိသန္ဓေနေတာကော-(ဒုက္ခသစ္စာပါပဲ)၊ ပဝတ္တိဖြစ်ပြန်တော့ကော - (ဒုက္ခသစ္စာပါပဲ)၊ သေပြန်ပြီ--(ဒုက္ခသစ္စာပါ)။

အဲဒီမှာ ဒုက္ခကြီး လယ်နေတဲ့ စက်ရဟတ်ကြီးပဲ-(မှန်ပါ)၊ ဒါကြီး တပည့်တော်တို့ မလယ်ချင်လို့ ဒီဒုက္ခကြီး လည်နေတာကိုလဲ တပည့်တော်တို့ ကိုယ်တိုင်ဉာဏ်နဲ့ သိပြီးသကာလ နေသောကြောင့် ဒုက္ခပြတ်ရာနိဗ္ဗာန်ကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏....(မှန်ပါ)၊ ဒုက္ခပြတ်ရာ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏။ ရှင်းကြပလား- (ရှင်းပါပြီဘုရား)၊ ဒါကြောင့်....

> သံသာရဘယံ – ချားရဟတ်ပမာ ချာချာပတ်၍ တစ်ဖြစ်တည်းဖြစ်၍ နေသော သံသရာ ဘေးကြီးကို။ ဘီတာ–အလွန်တရာ ကြောက်ကြပါကုန်သည် ဖြစ်၍။ တတော - ထိုသံသရာဘေးမှ။ မုတ္တာ- ကင်းလွတ်ကြရကုန်သည်။ ဟုတွာ- ဖြစ်ကုန်၍။ နိဗ္ဗာနံ - ဆယ့်တစ်မီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို....။

နိဗ္ဗာန်ဆိုတာ ကိလေသာမီး, ခန္ဓာမီးငြိမ်းတယ်လို့ မှတ်ကြပါ–(မှန်ပါ)၊ ကိလေသာမီးငြိမ်းတော့လဲ သမုဒယသစ္စာချုပ်တယ်။ ခန္ဓာမီးငြိမ်းတော့ ဒုက္ခသစ္စာချုပ်တယ်- (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် အေးချမ်းတဲ့ မဂ်ဉာဏ်နဲ့– ကိလေသာ အပူခေတ်ကို ငြိမ်းသတ်ထတ်တဲ့ မဂ်ဉာဏ်နဲ့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်သာ ကျန်တော့တယ်· (မှန်ပါ)၊ အဲဒီနှစ်ခုကိုသာ တပည့်တော်တို့သည် မဂ်ဉာဏ်ရမှု ကျေးဇူးပြုပြီးသကာလ နိဗ္ဗာန်အာရုံပြုနိုင်တဲ့ ဉာဏ်တစ်ခုကိုသာ ရလိုရောက်လိုခြင်း ပြင်းပြသည်ဖြစ်၍ ဒီကျောင်းကို လှူဒါန်းပါ၏....။ ကမ္မဋ္ဌာန်း ကျောင်းတွေကို နေ၁....(မှန်ပါ)။

တဘော·ထိုသံသရာဘေးမှ။ မုတ္တာ· ကင်းလွတ်ကြရကုန်သည်။ ဟုတွာ–ဖြင်ကုန်၍။ နိဗ္ဗာနံ - နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ– မကြာမတင်၊ ဆောလျင် ကူးမြောက်၊ မျက်မှောက် ပြုပါရခြင်းအကျိုးငှါ။ ဉာဏစက္ခုနာ– ဉာဏ်ပညာ စက္ခုဖြင့်။ ဂဝေသန္တာ·ရှားမှီကြသည် ရှိကုန်သော်....။ ဘိက္ခဝေ— သံသရာဘေးဘယကို တွေးဆမျှော်လေ့ ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ ပုညာ· မိမိတို့ လှူဒါန်းတဲ့ ကျောင်းကုသိုလ်ကြီး၊ သည်။ သုခံ– ဝိဝဋ္ဋဖြစ်တဲ့ ဉာဏ်နဲ့ လှူသည်ဖြစ်သောကြောင့် နိဗ္ဗာန်ချမ်းသာကို ဧခနတို· ဖြစ်စေနိုင်၏....၊

ဝိဝဋ္ဋဉာဏ်နဲ့ လှူသည် ဖြစ်လေသောကြောင့် နိဗ္ဗာန်သို့ ရောက်စေနိုင်တယ်-(မှန်ပါ)၊ သဘောကျပလား–(ကျပါပြီ)။

ဘယ်ဉာဏ်နဲ့ လှူကြသလဲ· (ဝိဝဋ္ဋဉာဏ်နဲ့ လှူပါတယ်ဘုရား)၊ ဝိဝဋ္ဋကိုသိတဲ့ ဉာဏ်နဲ့ လှူသောကြောင့် နိဗ္ဗာန်ကို အကျိုးပေးမယ်-(မှန်ပါ)၊

http://www.dhammadownload.com



ဣတိ-ဤသို့။ ဝုတ္တံ-သုံးလူ့ဆရာ စောသတ္တာသည် ကောင်းစွာ ဟောကြားတော်မူအပ်သော စကားရပ်ကို။ မနသိကတွာ- ကောင်းစွာ နှလုံးနှစ်ချိုက်, ကြိုက်နှစ်သက်ကြပါကုန်ဖြစ်၍။ တိသရဏေန- သရဏဂုံသုံးပါးနှင့်။ သဟ-တကွ။ အဋ္ဌင်္ဂသီလံ- အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကြီးကို။ သမာဒိယိတွာ, ဂဏှိတွာ-ကောင်းစွာခံယူ ဆောက်တည်ကြကုန်ပြီး၍၊ ဣမံဝိဟာရံ-ဤကျောင်းကို။ အာယသ္မတော- အရှင်ဘုရားအား။ ဒေမ-လိုရာ သုံးစွဲစေခြင်းငှာ လှူကြပါကုန်၏။

ဘန္တေ- အရှင်ဘုရား။ မယံ- တပည့်တော်တို့သည်။ ဣမိနာ ဒါနပုညေန-ဤကဲ့သို့ ပေးလှူရသော ဝိဟာရဒါနကုသိုလ်ကြောင့်လည်းကောင်း။ အညေဟိ- တစ်ပါးကုန်သော။ ပုညေဟိစ- ပြုလုပ်ဆည်းပူးခဲ့ကြသော ကုသိုလ်ကောင်းမှု ကုသိုလ်စေတနာတို့ကြောင့် လည်းကောင်း။ အဇာတိ - ပဋိသန္ဓေမနေရာ ဖြစ်သော။ အဇရံ-မအိုရာစင်စစ်ဖြစ်သော။ အမတံ-မသေရာ စင်စစ်ဖြစ်သော၊ သိဝံ- ဇာတိဇရာ မျာခိမရဏစသည်ထောင်သောင်း ဘေးအပေါင်းတို့၏ ကောင်းဘောင်းကြီးငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ချမ်းသာတော်မြတ်ကြီးကို။ ဣစ္ဆိတဝရေန- အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့်တကွ။ သစ္ဆိကရေယျာမ- မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား....။

http://www.dhammadownload.com



ဘန္တေ-အရှင်ဘုရား။ ဣမသ္မိံ-ဤခဏောင်းမှုကာလ၌၊ ဘာဂံ-အဖို့ကို၊ ဂုဏဝိသိဋ္ဌတရာန်-ဂုဏ်ကျေးဇူးအားဖြင့် အထူးကြီးမားလှပေကုန်သော၊ မာတာပိတူနဉ္စ-မိခင်ဖခင်တို့အားလည်းကောင်း၊ အာစရိယာနဉ္စ-ဆရာသမားတို့အားလည်းကောင်း၊ ဣမာသဉ္စပရိသာန်- ယခုတရားနာလာကြကုန်သော ပရိသတ်တို့အား လည်းကောင်း၊ အဝသေသာန် - ကြွင်းကျန်ကြကုန်သော၊ ကေတိ သဘဝေ - သုံးဆယ့်တစ်ဘုံ၌၊ စရန္တာနံ - ကျွတ်ခွေကို ကစ်းလျှောက်သည့်နှယ် ကျင်လည်ပြေးသွား၍ နေကြလေကုန်သော။ သဗ္ဗသတ္တာနဉ္စ—အလုံးစုံသော သတ္တဝါအပေါင်းတို့အား လည်းကောင်း၊ ဘာဇေယျာမ-ဝေစက်သွန်းချ အမျှပေးဝေပါကုန်၏။ တေသတ္တာ—ထိုသတ္တဝါအပေါင်းတို့သည်၊ အမှေဟိ - အကျွန်ုပ်တို့နှင့်။ သမံ- ထပ်တူထပ်မျှ။ ပုညဘာဂံ – ကုသိုလ်အစုကောင်းမှုအဖို့ကို။ လဘိတွာ- အမျှရကြကုန်သည်ဖြစ်၍၊ သုခိတာ— ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာရှိကြကုန်သည်။ မုဒိတာ - ပီတိဖြောက်လှမ်း၍ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု - ဖြစ်ကြပါစေကုန်သတည်း....။

အမျှ....အမျှ....အမျှ ယူတော်မူကြပါကုန်ခင်ဗျား....။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# နိဗ္ဗာန်ဆိုတာ ဘာတဲ့တုံး

# ဝေးသလား နီးသလား

# အလုပ်ပေးတရားတော်

[၁၅-၁၂-၁၉၆၁]

နိဗ္ဗာန်ကိုရောက်စေသော အကြောင်းကတော့ဖြင့် ခင်ဗျားတို့ နေ့တိုင်း ကြိုးစားနေတဲ့ ဖြစ်ပျက်ကို ရှုနေတဲ့ မဂ်ဟာ နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။ လို့ဆိုသောကြောင့် သူက နိဗ္ဗာန်တော့ ရောက်အောင် ပို့လိမ့်မယ်–(မှန်ပါ)၊ ပို့တတ်တာပဲ ရှိတယ်။ သူလုပ်ထားတာလား မေးတော့- (မဟုတ်ပါဘူး)။

လောကီ ဥပမာ ပြောကြစို့. ဆိုလို့ရှိယင်ဖြင့် ရှင်ဘုရင်ကနန်းတော်ကြီးလဲ ဆောက်ထားတာပဲ။ သို့သော် ရောက်လိုတဲ့ ပုဂ္ဂိုလ်မှာ ပို့ပေးတဲ့ ပုဂ္ဂိုလ်ရှိမှပဲ ရောက်မှာပဲ ဆိုသလိုပဲ နိဗ္ဗာန်ကတော့ဖြင့် ဘုရားမပွင့်လဲ ရှိတာပဲ၊ ဘုရားပွင့်လဲ ရှိတာပဲ-(မှန်ပါ)၊ ဘာဖြစ်လို့တုံး.... ဘုရားလုပ်ထားတာမှ မဟုတ်ဘဲ အချိန်မရွေးရှိတယ်။ သဘောကျပလွှား-(ကျပါပြီ)၊

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်သည် အချိန်မရွေးရှိတယ်ဆိုတော့ အတ္ထိ ဘိက္ခဝေနိဗ္ဗာနံ၊ ဘိက္ခဝေ-ရဟန်းတို့....။ နိဗ္ဗာနံ-နိဗ္ဗာန်သည်။ အတ္ထိ-ရှိ၏။ ကိုယ်တော်တိုင်ဟောခဲ့တာ-(မှန်ပါ)၊ နိဗ္ဗာန်ဟာ ရှိတယ်၊ ဘာတုံးမေးတော့ အဇာတံ- ဖြစ်ခြင်းသဘောမရှိနေတဲ့နိဗ္ဗာန် ရှိတယ်-(မှန်ပါ)၊ အဘူတံ-တဲ့ ဘယ်သူမှ မပြုလုပ်တဲ့ နိဗ္ဗာန် ရှိနေတယ်။ အသင်္ခတံ-တဲ့၊ ဘယ်သူမှမပြုပြင်ဘဲနဲ့ သဘာဝမွေ့ ရှိနေတဲ့ နိဗ္ဗာန်ရှိတယ်၊ ဒါဟာ ဥဒါန်းပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာ-(မှန်ပါ)။

ဥဒါန်းပါဠိတော်လာစကားကို နည်းနည်းကလေး ရှင်းပြီးပြချင်ပါတယ် ဒကာ ဒကာမတွေကို။ ဘယ်သူမှ မမေး မလျှောက်ဘဲနဲ့ သူဟာသူ ဟောတဲ့ တရားဒေသနာကို ဥဒါန်းပါဠိတော်- (မှန်ပါ)၊ အမေးပုဂ္ဂိုလ်မရှိဘူး။ မြတ်စွာဘုရား စိတ်ထဲမှာ သူများ သံသယရှိမှာစိုးလို့ ဟောတော်မူတာ.... (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ဟာရှိသလား- မရှိဘူးလား- (ရှိပါတယ်ဘုရား)၊ အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ အဇာတံ အဘူတံ အသင်္ခတံ-ဆိုတဲ့ ဥဒါန်းပါဠိတော်အရ- (မှန်ပါ)။ ဥဒါန်းပါဠိတော်ဆိုတာ ဒကာ ဒကာမတွေ သံသယ ရှိနေမှာစိုးလို့ ဘယ်သူမှ မတောင်းပန်ဘဲနဲ့ ကိုယ်တော်မြတ်ကြီး အလိုတော်အတိုင်း ရွတ်ဆိုတော်မူတာ-(မှန်ပါ)၊

ကောင်းပြီ.... ဒါဖြင့် နိဗ္ဗာန်ရှိတယ်ဆိုတာ သေချာပြီ-(မှန်ပါ)၊ ဘယ်သူပြုလုပ်ထားတာတုံးလို့ မေးတော့ ဦးသံဒိုင် ဘယ့်နှယ့်ဖြေမတုံး-(ဘယ်သူမှမပြုပါဘူးဘုရား)။

http://www.dhammadownload.com



အဲ....ဘယ်သူမှ မပြုလုပ်ဘူး၊ အပစ္စယာ ဓမ္မာ, အသင်္ခတာ ဓမ္မာပဲ—(မှန်ပါ)၊ ရှင်းပြီနော်-(ရှင်းပါပြီ)။

ဒါ- ခိုင်လုံတဲ့ပါဠိကိုပြတာ ဦးသန်းမောင်- (မှန်ပါ)၊ ဒါ ဓမ္မသင်္ဂဏီပါဠိတော်၊ ဓမ္မသင်္ဂဏီဆိုတာ အဘိဓမ္မာခုနစ်ကျမ်း ထဲက အစပဲ-(မှန်ပါ)၊ ဒါဖြင့်နိဗ္ဗာန်ဟာ ရှိသလား- မရှိဘူး လား မေးတော့- (ရှိပါတယ်ဘုရား)၊ ဘယ်သူက ရှိတယ်လို့ ပြောသတုံးဆိုတော့ ဘုရားကရှိတယ်လို့ ဟောတာ- (မှန်ပါ)၊ ဘယ်နေရာမှာ ဟောသတုံး- ဥဒါန်းပါဠိတော်မှာ ဟောခဲ့ တယ်၊

ဒါဖြင့် နိဗ္ဗာန်သွားချင်လို့ရှိသင်ဖြင့် ဘယ်ကနေ ထွက်ရမှာ တုံး....သင်္ခတကနေပြီး ထွက်ရလိမ့်မယ်- (မှန်ပါ)၊ ပြုပြင်တဲ့ နယ်ထဲက ထွက်မှ မပြုပြင်တဲ့ နယ်ရောက်မယ်-(မှန်ပါ)။

ပြုပြင်တဲ့ ခန္ဓာကိုယ်ထဲက ထွက်မှ - (မှန်ပါ)၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကတော့ အစားနဲ့ ပြုပြင်ရ, အဝတ်နဲ့ ပြုပြင်ရ ဆေးနဲ့ပြုပြင်ရ, ဝါးနဲ့ပြုပြင်ရနဲ့။ ပြုပြင်တဲ့နယ်ထဲက ထွက်ချင်တဲ့ ပုဂ္ဂိုလ်ဖြင့် ရောက်မယ်-(မှန်ပါ)၊ ပြုပြင်တဲ့နယ်ထဲက မထွက် ချင်တဲ့ပုဂ္ဂိုလ်ဖြင့်-(မရောက်ပါဘူးဘုရား)။

ဒါဖြင့် ဘုရားသခင်ဟောတော်မူတာ ကိုက်ပြီ။ သင်္ခတာ ဓမ္မာတဲ့။ သင်္ခတာဆိုတာ ပြုပြင်အပ်တဲ့တရား ခန္ဓာငါးပါးကို ဆိုလိုက်ပါတယ်၊ အသင်္ခတာဆိုတာ ခန္ဓာငါးပါးမှ လွတ်တာ၊ ပြုပြင်ခြင်းမရှိဘဲနဲ့ ဖြစ်နေတဲ့ နိဗ္ဗာန်လို့ ဆိုလိုက်ပါတယ် .... (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်သည်သဘာဝဓမ္မအားဖြင့် အမြဲရှိနေတယ်လို့ ဦးသန်းမောင်တို့က မှတ်ရမယ်- (မှန်ပါ)၊ နိဗ္ဗာန်အမြဲ ရှိပါ

http://www.dhammadownload.com



လျက်သားနဲ့ ဘယ့်နှယ်ကြောင့် ဘုရားဖွင့်မှ ရောက်ကြသလဲလို့ မေးလို့ရှိယင် ရောက်ကြောင်းကို ဘုရားကမှ ဟောတတ်တယ်၊ နိဗ္ဗာန်ဖြစ်နေအောင် ဘုရားလုပ်ဘာ မဟုတ်ဘူး နော် .... (မှန်ပါ)၊ နိဗ္ဗာန်ရောက်ကြောင်းကိုတော့ ဟောတော်မူတတ်တယ်-(မှန်ပါ)၊ သဘောပါပလား-(ပါပါပြီ)။

ဒါဖြင့် အဲဒါထောက်ဆသဖြင့်လဲ ပြော်.... နိဗ္ဗာန်ဆိုတဲ့ တရားသည်ကား၊လို့ ဆိုယင်ဖြင့် ပြုပြင်တဲ့ အကြောင်းတရားမရှိဘူး။ သဘာဝဓမ္မအားဖြင့် ရှိနေတယ်လို့ ဆုံးဖြတ်ချက် ချပါ-(မှန်ပါ)။

သဘာဝဓမ္မအားဖြင့် အမြဲတမ်း ရှိနေလို့ရှိယင်ဖြင့် တစ်ယောက်နဲ့ မတိုးမိယင် တစ်ယောက်နဲ့ တိုးမိရမယ်ဆိုတဲ့ ဆင်ခြေမျိုးလဲလာနိုင်တယ်- (မှန်ပါ)၊ မလာနိုင်ဘူးလား-(လာနိုင်ပါတယ်ဘုရား)။

မတိုးမိနိုင်ဘူးတဲ့၊ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် ရန်ကုန်ရထားစီးမိမှ ရန်ကုန်ရောက်မှာ။ မြင်းခြံရထားစီးမိယင် မြင်းခြံရောက်မှာပဲ။ ဟုတ်ဘူးလား- (မှန်ပါ)၊ အဲဒီတော့ ရထားစီးဖို့လဲ လိုသေးတယ်- (မှန်ပါ)၊ ရထားစီးက လိုသေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးပေါ်လာတဲ့အခါကျတော့မဂ္ဂင်ရထားစီးကြလို့ ဘုရားက ဒါကို ဟောတော်မူတယ်-(မှန်ပါ)။ မဂ္ဂင်ရထား စီးကြလို့ဟောတော့ ကျုပ်တို့က မဂ္ဂင် အလုပ်ကိုလုပ်တဲ့ ပုဂ္ဂိုလ်မှလဲ ရောက်တယ်၊ လူတိုင်း ဘာကြောင့် မရောက်သတုံး ဆိုတော့ ရထားစီးက လွဲနေလို့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

http://www.dhammadownload.com



ရထားက မဂ္ဂပစ္စယော—ပဲ၊ ဒုဂ္ဂတိမှ သုဂတိသွားတဲ့ ရထားလဲ ရှိတယ်၊ သဘောကျပလား-(ကျပါပြီ)၊ သုဂတိက ဒုဂ္ဂတိသွားတဲ့ရထားလဲ ရှိတယ်၊ နိဗ္ဗာန်သွားတဲ့ ရထားလဲ ရှိတယ်၊ ရထားသုံးစင်းရှိတယ်-(မှန်ပါ)။

ဒုဂ္ဂတိအပါယ်လေးဘုံက သုဂတိ တက်ပြီးပို့တဲ့ ရထားလဲ ရှိတယ်၊ ဦးသန်းမောင် မှတ်ထားပါနော်-(မှန်ပါ)။

အပါယ်လေးဘုံက လူ့ဘုံ၊ နတ်ဘုံပို့တဲ့ ရထားတော့…. (ရှိပါတယ်ဘုရား)၊ အဲဒီမဂ္ဂင်လဲ ရှိသေးတာပဲ-(မှန်ပါ)။

သုဂတိကနေပြီး ဒုဂ္ဂတိ အပါယ်လေးပါးကို ရောက်အောင်ပို့တဲ့ မဂ္ဂင်ကော-(ရှိပါတယ်ဘုရား)၊ ဒီရထားကလဲ ရှိတယ်။

နိဗ္ဗာန်သွား ရထားကကော-(ရှိပါတယ်ဘုရား)။

အဲ့…. ဘုရားမပွင့်တော့ ဟိုရထား နှစ်စင်းသာ ခင်ဗျားတို့လှည့်ပြီးပြေးနေတယ်။ ဒီနိဗ္ဗာန်ရထားကိုမစီးမိဘူး၊ မစီးမိတော့မရောက်ကြဘူး—(မှန်ပါ)။

အခုတော့ ဘုရားသာသနာ ရှိတဲ့အခါကျတော့ ဘုန်းကြီးတို့ကဲ့ ဘုရားတပည့်သား ဖြစ်တဲ့အတွက် ဦးသံဒိုင်ကြီး မဂ္ဂင်ရထား စီးနော်၊ ရထား မလွဲစေနဲ့၊ သတိမပေးရဘူးသား…. (ပေးရပါတယ်ဘုရား)။ ပေးရမယ် ဒါက ဘုရားပွင့်တုန်း ပေးနိုင်တာ-(မှန်ပါ)၊ ဘုရားမပွင့်ဘဲနဲ့ ရထားစီးမှန်တာ ပစ္စေကဗုဒ္ဓါပဲရှိတယ်၊ ကျန်တဲ့ပုဂ္ဂိုလ် မရှိဘူး--(မှန်ပါ)။

ဘုရားမပွင့်ဘဲ ရထားစီး မှန်တာကတော့- (ပစ္စေကဗုဒ္ဓါပဲရှိပါတယ်)၊ ပစ္စေကဗုဒ္ဓါ ဆိုတာလဲ ခင်ဗျားတို့ မှတ်သားစရာက ဘုရားငယ်ပဲ၊ ဘုရားငယ်မို့ ရောက်သွားတာ- (မှန်ပါ)။

http://www.dhammadownload.com



ဒီ ပြင်ပုဂ္ဂိုလ်တွေဖြင့် ရထားစီးလွဲတာချည်းပဲဆိုတာ သေသေချာချာ မှတ်ပါ-(မှန်ပါ)။

သားရေး သမီးရေး စီးပွားရေးကို လုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ လိမ်လိုက်၊ ကောက်လိုက်၊ ကျစ်လိုက် မလွဲသာတွေ ပြောလိုက် ဆိုလိုက်တဲ့ ပုဂ္ဂိုလ်ဟာ သုဂတိမှာ အရောင်း အဝယ် လုပ်ပြီး ဒုဂ္ဂတိရထား စီးနေတာ-(မှန်ပါ)၊

အရောင်း အဝယ် လုပ်နေတဲ့ ပုဂ္ဂိုလ်များ မှသား မပါ လက်ာမချော်တွေနဲ့ ပရိယာယ် မပါလို့ရှိယင် မကောင်းတာ တွေနဲ့၊ လိမ်သည် ကောက်ကျစ်တာတွေနဲ့ ဒါတွေဟာ သုဂတိ သမားက ဒုဂ္ဂတိရထား စီးနေတာ၊ ရထားစီးက လွဲသွားပြီ-(မှန်ပါ)၊ မလွဲဘူးလား-(လွဲပါတယ်) နိဗ္ဗာန်ရောက်ပါ့မလား-(မရောက်ပါဘူး)။

အ၂ါယ်ခလေးပါး ရောက်တဲ့ပုဂ္ဂိုလ်တွေကလဲ ဘယ်တော့များ သုဂတိ ရောက်ပါ့မလဲလို့ တောင့်တ ကြောင့်ကျပြီး သကာလ နေလို့ သူတို့မှာဖြင့် သုဂတိ ရောက်ဖို့မှ တပါး ဘယ်စိတ်မှ မခပါဘူး၊ ဆင်းရဲလွန်းလို့-(မှန်ပါ)၊ အဲဒီပုဂ္ဂိုလ်တွေကိုတော့ ကံဟောင်းတွေ ကုန်တဲ့အခါကျတော့ ကံသစ်က ဒါန သီလ မဂ္ဂင်တွေက ဆွဲဆောင် ပို့လိုက် ပြန်တော့လဲ ဖားနတ်သား စသည်တို့လို ဖြစ်သွားတာယ်-(မှန်ပါ)၊ ဖားနတ်သားလို့ မရှိဘူး လား-(ရှိပါတယ်ဘုရား)၊ ခွေးနတ်သား- ဒုဂ္ဂတိက သုဂတိ ဆောင် ပို့လိုက်တယ်၊ ပစ္စေကဗုဒ္ဓါ လိုက်ပို့တယ်၊ ပစ္စေက ဗုဒ္ဓါအတွက် ကာကွယ်ရေး လုပ်ပေးတဲ့ စေတနာနဲ့တကွ တရား တွေက နေပြီးသကာလ သုဂတိပို့လိုက်တယ်၊ အဲဒီရထားတွေ သာ စီးနေတာပဲ၊ ဒုဂ္ဂတိက သုဂတိသွားတဲ့ရထား၊ သုဂတိက

http://www.dhammadownload.com



ဒုဂ္ဂတိသွားတဲ့ ရထား ဒါပဲ အစီးများတယ်-(မှန်ပါ)၊ နိဗ္ဗာန် သွားမည့် ရထားကျတော့ စီးမည့်သူကို မရှိဘူး-(မှန်ပါ)။

ဘာဖြစ်လို့ စီးမည့်သူ မရှိသတုံး-လို့ မေးတဲ့အခါ ကျတော့ နိဗ္ဗာန် ရှိမှန်းမသိလို့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ စီးမည့်သူ မရှိသတုံး- (နိဗ္ဗာန်ရှိမှန်း မသိလို့ ပါဘုရား)၊ နိဗ္ဗာန်ကို ပန်းချီဆွဲလို့ မပြဘူး၊ နတ်ပြည်တွေ ကျ တော့ ပန်းချီတွေက ပြတယ်၊ ပန်းချီ ကြည့်ပြီးတော့လဲ သိနိုင် ကြသေးတယ်။ ဩော်....နတ်ပြည်ဆိုတာ ရှိဘယ်။ ဒီလို စားရ တယ်၊ ဒီလို ဝတ်ရတယ်ဆိုပြီး၊ သဏ္ဍာလ သူတို့ ဆုတောင်းကြ တယ်-(မှန်ပါ)။

နိဗ္ဗာန်ကို ဘာဖြစ်လို့ ပန်းချီမရေးနိုင်ပါလိမ့်မတုံး၊ ပန်းပုက မထုနိုင်ပါလိမ့်မတုံးဆိုတော့ နိဗ္ဗာန်ဟာ လုံးရပ်သဏ္ဌာန် ပုံဟန် နိမိတ်က မရှိဘူးတဲ့-(မှန်ပါ)၊ လုံးရပ်လဲ မရှိဘူး၊ သဏ္ဌာန်လဲ မရှိဘူး၊ ပုံဟန်နိမိတ်ကော- (မရှိပါဘူး)၊ မရှိတော့ ပန်းချီ ဘာသွားရေးမှာလဲ။

ဒါ.... မောင်ထွန်းရင် မင်းကို စောင်းပြောနေတယ်လို့ အောက်မေ့မနေနဲ့နော်-(မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ဟာ ဘယ်သူမှ မရေးနိုင်၊ ပုံသဏ္ဌာန်ဖြင့် မပြနိုင်ဘူးဆိုတော့ အတုကလေးတောင် ပြမည့်သူ မရှိဘူး.... (မှန်ပါ)၊ နိဗ္ဗာန်ဆိုတာ ဒီလိုပဲပော့လို့ အတုကလေးတောင် ပြမည့်သူ မရှိတော့ ဩော်....ဒီဟာ ထောက်ကြည့်လိုက်လို့ ရှိ ယင်ဖြင့် မဂ္ဂင်ရထားစီးတဲ့ ပုဂ္ဂိုလ်ဖြင့်ရောက်လိမ့်မယ်-(မှန်ပါ)၊ သူရောက်ပြန်တော့လဲတစ်ခါ ရောက်သွားတစ်ခေါက် မပြန်ဆိုတဲ့ အတိုင်း ဘယ်တော့မှ မပြန်တော့ဘူး....(မပြန်ပါဘူးဘုရား)။

http://www.dhammadownload.com



ဘယ်သူ့ကို လာပြီး သကာလ ငန်းချီရေးဖို့ သင်မတုံး ဆိုလို့ရှိယင် မောင်ထွန်းရင်က တယ်နှယ် ဖြေမလဲ- (မသင်ပါဘုရား)၊ ပြန်မှမလာတော့ဘဲ-(မှန်ပါ)၊နတ်ပြည်က ပြန်လာနေကြတော့ နတ်ရုပ်ကလေး သူရေးတတ် ပြောတတ် တာကိုး.... (မှန်ပါ)။

ကဲ....ဒါဖြင့် လုံးရပ်သဏ္ဌာန် ပုံဟန် နိမိတ် ကင်းဆိတ်ပြီး သကာလ နေသေးကြောင့်လဲ သဘော မှတ်လိုက်တော့ ပျက်စရာမရှိဘူးလို့ မှတ်-(မှန်ပါ)၊ ရှိသေးရဲ့လား- (မရှိပါဘူး)၊ ဪ.... ပျက်စရာမရှိလို့ရှိယင်ဖြင့် ဒီနေရာဟာ အကောင်းဆုံးနေရာပဲလို့ ခင်ဗျားတို့ အခုဆုံးဖြတ်ချက်ချ-(မှန်ပါ)။

အခု ရှိတာတွေက တိုက်တာတွေ၊နှစ်ပေါင်း တစ်ရာကြာမယ် ဆိုပေမယ့် လျောင်နဲ့ တွေ့ပြန် သွားပြန်တာပဲ-(မှန်ပါ)၊ ဒါဖြင့် လောကကြီးထဲမှာ သခ်ိတနယ်ထဲ ရှိတဲ့ ပစ္စည်းတွေ ကတော့ နတ်များမှာ ဘုံပါပျောက်တယ်-(မှန်ပါ)၊ ပြဟ္မာတွေ အထည် ပါပျောက်တယ်ဆိုတော့ သခ်ိတနယ်ထဲက နေတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ချ လက်ချ နေခွင့် ဘယ်အခါကာလမှ မရှိဘူး-(မှန်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ သခ်ိတနယ်က ထွက်မှ အသခ်ိတ ရောက်မယ်-(မှန်ပါဘုရား)၊ သဘောပါပလား-(ပါပါပြီ)။

နိဗ္ဗာန် ရောက်ချင်ယင် ဘယ်က ထွက်ရမလဲ-(သခ်ိတနယ်ထဲက ထွက်ရပါမယ်)၊ ဪ....သခ်ိတနယ်ထဲကထွက်မှ အသခ်ိတ နိဗ္ဗာန်ရောက်မယ်- (မှန်ပါ)၊ သခ်ိတ နယ်ထဲက မထွက်ချင်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်ဟူသမျှ နိဗ္ဗာန် ရောက်ရိုး ထုံးစံမရှိ... (မှန်ပါ)။ သဘောပါပလား-(ပါပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ကို ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်ကလေးတွေကို ရှုစမ်းပါ၊ အဲဒါ သင်္ခတတရားတွေ။ ဖြစ်ပျက်ကို ရှုစမ်းပါလို့ ဦးသန်းမောင်ကြီးတို့ကို ဘုန်းကြီး အမျှားကြီး တိုက်တွန်းဘယ်-(မှန်ပါ)၊ ဦးညွန့်တို့လဲ တိုက်တွန်းတယ်-(မှန်ပါ)၊ ဘာဖြစ်လို့တုံး သင်္ခတ တရားတွေကို မြင်စေချင်တယ်၊ သင်္ခတ တရားတွေကိုမုန်းစေချင်တယ်၊သင်္ခတတရားမှ ထွက်စေချင်တယ်၊ ဒီဉာဏ် ပေါ်အောင်လို့ ဝိပဿနာ လုပ်ရပါတယ်-(မှန်ပါ)။

သင်္ခတနယ်က ထွက်ချင်တဲ့ဉာဏ်တွေ ထွက်ထွက်လာအောင် လို့ ခင်ဗျားတို့ကို နေ့တိုင်း ရှုပါ- နေ့တိုင်းရှုပါ- ဒီခန္ဓာကိုယ်ကြီး ဟာ သင်္ခတ တရားပါ၊ သင်္ခတာ ဓမ္မာပါ၊ သင်္ခတနယ်က မထွက်သို့ရှိယင် အသင်္ခတကို ဘယ်နည်းနဲ့မှ မရောက်နိုင်လို့ပါ ဆိုဘာ ဦးသံဒိုင် ဟောသင့်တယ်- (မှန်ပါ)၊ မဟောသင့်ဘူး လား- (ဟောသင့်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ လုပ်တာသည် ဘာကို ရှုရတာတုံး ဆိုတာ ကော ယနေ့ ပေါ်ပါပြီ-(ပေါ်ပါပြီဘုရား)၊ ဘာရှုရတာတုံး- (ဖြစ်ပျက်ရှုရတာပါ)၊ ဖြစ်ပျက် ဆိုတာ သင်္ခတတရားပဲ၊ သင်္ခတ တရားကို ရှုရမယ် -(မှန်ပါ)။

သင်္ခတရှုလို့ နိဗ္ဗာန်ရောက်ဘာလားလို့ မေးတဲ့အခါ သင်္ခတ ရှုရုံနဲ့တော့ ဘယ်ဘုတ်ဦးမလဲ၊ သင်္ခတကို မုန်းဦးမှ-(မှန်ပါ)၊ သင်္ခတဆုံးအောင် လိုက်နိုင်မှ အသင်္ခတ ရောက်မယ်- (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် သင်္ခါရ ဆုံးအောင်လိုက်....(မှန်ပါ)၊ ဒါကြောင့် ဘုန်းကြီးက မေးခဲ့ရှိတယ်၊ ဦးသန်းမောင်ကြီး ဖြစ်ပျက်ဆုံးပလား....လို့ မေးတာ သင်္ခါရဆုံးပလားမေးတာ-(မှန်ပါ)၊ ဦးညွန့် ဖြစ်ပျက်ဆုံးပလား....လို့ မေးတာကော-(သင်္ခါရဆုံးပလားလို့ မေးတာပါ)၊ သင်္ခါရ ဆုံးယင်တွေ့ပြီ....(မှန်ပါ)၊ သင်္ခါရအဆုံးမှာ အသင်္ခါရ ကပ်နေတယ်-(မှန်ပါ)၊ ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

သင်္ခါရဆိုတာ ဖြစ်ပျက်ပဲ၊ ဖြစ်ပျက် အဆုံးမှာ- (အသင်္ခါရရှိပါတယ်)၊ အသင်္ခါရ ကပ်နေလို့။

ဘုရားက သံယုတ်ပါဠိတော်ကျတော့ ဘယ်လိုဟောသတုံးဆိုတော့ နိဗ္ဗာနဂါမိ သန္တိကေ။ နိဗ္ဗာနဂါမိ-နိဗ္ဗာန်၏သာလျှင်၊ သန္တိကေ- ခရီး မဝေး အနီးကလေး။ ခင်ဗျားတို့ သင်္ခါရ အဆုံးမှာ ရှိတယ် (မှန်ပါ)။

ဦးသန်းမောင် ဘယ်မှာရှိသတုံး- (သင်္ခါရအဆုံးမှာ ရှိပါတယ်)၊ ဒါဖြင့် တစ်ကိုယ်လုံးဟာ သင်္ခါရ။ ဒါချုပ်သွားယင်တွေ့ပြီ-(မှန်ပါ)။

ဩော်....ဒါဖြင့် နိဗ္ဗာန်ဟာ ဝေးသလား၊ နီးသလားဆိုတော့ တစ်လံမျှလောက်သော ခန္ဓာထဲမှာ ရှာပါဆိုပြီးတော့ ဒေသနာတော်-ကို ဟောတယ်-(မှန်ပါ)၊ မဟောဘူးလား- (ဟောပါတယ်ဘုရား)- ဒီအဆုံးမှာရှိတာကွဲ့၊ ပေါ်ပလား- (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့က နိဗ္ဗာန်ဆိုတာကြာ အဝေးကြီးဆိုတဲ့လူဟာ အတော်ကို ရှော်တဲ့လူ ဖြစ်နေလိမ့်မယ် — (မှန်ပါ)၊ သင်္ခါရ နယ်အဆုံးမှာ ရှိပါတယ် ဆိုတာတည်းက ကိုယ့်အလုံးနဲ့

http://www.dhammadownload.com



ကိုယ်တိုင်ကြည့်ယင် တစ်လံပဲ ရှိတယ်၊ လူတစ်ယောက်မှာ....(မှန်ပါ)၊ အဲဒါကလေးကို အမြီးပြန် ခေါင်းပြန် ဖြစ်ပျက်တွေ လျှောက်ပြီး ရှုတော့ ဒီသင်္ခါရတွေမြင်, ဒီသင်္ခါရတွေမုန်း, ဒီသင်္ခါရတွေ ဒုက္ခသစ္စာရယ်လို့ အမှန်သိလို့ ဖျက်ဆို ဒီသင်္ခါရတွေ ချုပ်သွားယင် နိဗ္ဗာန်တွေ့မှာပဲ- (မှန်ပါ)၊ အသင်္ခတ နိဗ္ဗာန် ရှိနေရာမှာ မြင်လိမ့်မယ်-(မှန်ပါ)။

ဦးသန်းမောင်တို့ ငယ်ငယ်တုန်းက ဘိုင်စကုပ် ကြည့်ဖူးတဲ့ နေ့ဘ်-(မှန်ပါ)၊ ဇာတ်သိမ်းတော့ ဘာပေါ်သတုံး မေးတော့ စာအဖြူ ပေါ်တယ်၊ ပိတ်ဖြူကြီး ပေါ်လာတယ်.... (မှန်ပါ ဘုရား)၊ ဇာတ်မသိမ်းခင်တုန်းကတော့ ပိတ်ဖြူ ပျောက်နေတယ်၊ အရုပ်တွေပဲ သွားလာ လှုပ်နေတယ်- (မှန်ပါ)၊ ဇာတ်သိမ်းလိုက်တော့ ဘာပေါ်လာသတုံး-(ကားအဖြူ ပေါ်လာပါတယ်)။

ဒါဖြင့် ကားအဖြူနဲ့ ဇာတ်နဲ့သည်တားလို့ ဆိုယင်ဖြင့် ဇာတ်သိမ်းမှ ပေါ်မယ်-(မှန်ပါ)၊ ဒီမှာလဲ သင်္ခါရဖြစ်တဲ့ ခန္ဓာတွေ ဇာတ်သိမ်းမှ နိဗ္ဗာန်ပေါ်လာမယ်-(မှန်ပါ)၊နေစက်နေမှု ကပ်နေတဲ့ ဆေးပွါယ်ပဲ-(မှန်ပါ)၊ ဒါကြောင့်....

ယာဿ တောဒိသာ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

မဂ္ဂင်နဲ့သွားယင် ရောက်လေးတဲ့- (မှန်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ကို ကြိုးစားပါဆိုတာ ဒီနေ့ည တိုက်တွန်းတယ်....(မှန်ပါ)၊ ဒီခန္ဓာ ချုပ်လို့ ပျောက်လို့ရှိယင် နိဗ္ဗာန် ဒီနေရာက်မယ်၊ ဝေးသလား နီးသလား (နီးပါတယ်ဘုရား)၊ နီးလျက်နဲ့

http://www.dhammadownload.com



ဘာဖြစ်သို့ ဝေးနေသတုံး ဆိုယင် သစ်ဘာ မကျော်နိုင်လို့.... (မှန်ပါ)၊ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

သစ်တကို မကျော်နိုင်တာ ဆိုတာ ဒုတိယစကား၊ သစ်ဘာ တွေ့ဖို့ရာ လူကိုက အတော်ရှားတယ်၊ ကျော်ဖို့ အသာ ထား စမ်းပါဦး-(မှန်ပါ)၊ ဒီဖြစ်ပျက်တွေ့ဖို့ရာ လူကိုက အတော်ရှား တယ်၊ ကျော်ဖို့ အသာထားစမ်းပါဦး-(မှန်ပါ)၊ ဒီဖြစ်ပျက် တွေ့ဖို့ရာ လူကိုက အတော်ရှားဘယ်။ ဖြစ်ပျက်ဆိုဘာ သစ်တ တရား-(မှန်ပါ)။

အဲဒီတွေ့ဖို့ရာလူကိုက အတော်ရှားတော့ သစ်တကျော်ဖို့ရာ အရေးဟာ သစ်ဘာတွေ့မှ ကျော်လို့ဖြစ်မှာကိုး-(မှန်ပါ)။ ဟာ- တုံးကျော်သွားလို့ ပြောပေမယ့် တုံးမှမတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ကျော်တယ်ဆိုတဲ့ အားစိုက်မှု အလုပ်ကြီး လုပ်ပါ့မလား၊ (မလုပ် ပါဘူးဘုရား)၊ ဘာ့ဖြစ်လို့တုံး။ တုံးမတွေ့လို့....(မှန်ပါ)။

အဲဒီတော့ ဘုန်းကြီးပြောလိုတဲ့ အဓိပ္ပာယ်က ခင်ဗျားတို့ အနိစ္စကို မတွေ့သောကြောင့် နိစ္စနိဗ္ဗာန်ကို မရောက်တာဘဲ၊ (မှန်ပါ)၊ ပေါ်ပလား-(ပေါ်ပါပြီ)။

အနိစ္စကို မတွေ့တာနဲ့- (နိစ္စနိဗ္ဗာန် မရောက်တာပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)၊ နိဗ္ဗာန်မရှိလို့လား.... (ရှိပါတယ် ဘုရား)။

ဒါကြောင့် ဒါဘာ ဒကာမတွေ့မှတ်ရာက မြတ်စွာဘုရား က ကောင်းစွာဟောထားတဲ့တရားကို အခုနိဗ္ဗာန်တစ်လုံးတည်း ကို ယနေ့ညပြောနေတော့ ဘယ်နှယ်ကြောင့် ပြောရပါလိမ့် တုံး ဆိုလို့ရှိယင် ဝေးတယ်ဆိုယင်လဲ ခင်ဗျားတို့က နောက် ဆုတ်မယ်-(မှန်ပါ)၊ နီးတယ်ဆိုယင်လဲ ခင်ဗျားတို့က မရှာ

http://www.dhammadownload.com



တတ်ဘူး-(မှန်ပါ)၊ ခင်ဗျားတို့မှာ ဒိစိတ်နှစ်ခုက သိပ်ကြောက်စရာကောင်းတာ-(မှန်ပါ)။

တစ်ချို့ကလဲ ပြောကြတာက နိဗ္ဗာန်ဆိုတာ အဝေးကြီးပါကွာ... တဲ့။ နှုတ်က တက်နေကြတယ်-(မှန်ပါ)။

နိဗ္ဗာန်ဆိုတာ ဘာတဲ့တုံး-(အဝေးကြီးပါတဲ့)။ အဝေးကြီးဆိုတော့ ခင်ဗျာ တို့ကလဲ နိဗ္ဗာန်မသိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေတော့ နဂိုထဲကမှ ဘယ်နေရာ ရှာရမှန်းမသိတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ ဝေးတယ်လို့လဲ ပြောပြန်၊ ရှာလဲ ရှာတတ်တဲ့ဉာဏ်က မရှိပြန်ဆိုတော့၊ ဟယ်....ဖြေးဖြေးပေါ့....ပါရမီ တစ်စ ဘစ်စလုပ်ရတာပေါ့ တဲ့။ ပါရမီဘက် လှည့်လာတယ်-(မှန်ပါ)။ သဘောကျပလား-(ကျပါပြီ)။

ပါရမီလှည့်ချတတ်တယ်။ ပါရမီလှည့်ဖို့ မလိုလှပါဘူး။ မဂ္ဂင်ရထားစီးဖို့သာ အရေးကြီးပါတယ်-(မှန်ပါ)၊

ပါရမီလှည့်ပြီး အပြစ်ချနေဖို့ လိုသလား၊ မဂ္ဂင်ကိုယ်ပိုင်ရဖို့ လိုသလား - (မဂ္ဂင်ကိုယ်ပိုင်ရဖို့ အရေးကြီးပါတယ်ဘုရား)။

ဒါကြောင့် မဂ္ဂင်အလုပ်ကို တိုက်ရိုက်ပေးလိုက်မယ်ဆိုတော့ ခင်ဗျားတို့ ပါရမီကို လှည့်ပြီးအပြစ်ချမနေကြပါနဲ့-(မှန်လှပါ)

ဒါကြောင့် ပေဋကောပဒေသ၌ သစ္စာတရားနာပြီး သစ္စာကို မှန်မှန်နှလုံးသွင်းလိုက်ယင် တွေ့ဘာပါပဲ-(မှန်ပါ)။ မဝေးပါဘူး—(မှန်ပါ)။

သစ္စာတရားနာ၍ သစ္စာကို ယောနိသောမနသိကာရနှင့် သစ္စာအစစ်ဖြစ်အောင် နှလုံးသွင်းလိုက်လို့ရှိယင်ဖြင့် ဒုက္ခသစ္စာချုပ်သွားယင် နိရောဓသစ္စာကို ဘွားစနဲ့ မြင်တာပေါ့ပဲ။

http://www.dhammadownload.com



(မှန်ပါ)။ ကဲ....ဝေးသလား၊ နီးသလား- (နီးပါတယ်ဘုရား)၊

သစ္စာတရားနာမှုက ၁-နံပါတ်တဲ့-(မှန်ပါ)၊ ဒီသစ္စာကို မှန်မှန်ကန်ကန် ယောနိသောမနသိကာရနဲ့၊ ဒါ....ဒုက္ခသစ္စာဆစေင်ပဲလို့၊ ကိုယ့်ဉာဏ်ထဲ ဆုံးဖြတ်ချက်ချလို့ နှလုံးသွင်း ထည့်သွားလို့ရှိယင်လဲ ဒုက္ခချုပ်တဲ့နေရာ နိဗ္ဗာန်ပဲ- (မှန်ပါ)၊ ကဲ....ပေါ်မလာဘူးလား- (ပေါ်လာပါတယ်)။

ဒါဖြင့်....ဦးသန်းမောင်ကတွေး၊ ဦးညွန့်ကဲတွေး၊ အရှင်ဘုရားဟာ ဖြစ်ပျက်တာ ဒုက္ခသစ္စာ၊ သူချုပ်သွားလို့ရှိယင်ဖြင့် တပည့်တော်တို့ ဘာသစ္စာတွေ ရမှာတုံးဆိုတော့၊ ဩော်....မေးဖို့မလိုပါဘူး၊ ဒုက္ခသစ္စာချုပ်ယင် သုခသစ္စာ လာရုံပဲရှိတယ်။ (မှန်ပါ)၊ သဘောပါ့လား- (မှန်ပါပြီ)။

ဒုက္ခသစ္စာချုပ်ယင်....(သုခသစ္စာ လာမှာပါဘုရား)။

သုခသစ္စာလာပါစေတော့လို့တောင်းတရသလစ။ ကိုယ့်ကကိုယ့်ဒုက္ခမလိုချင်တဲ့ စွမ်းရည်သတ္တိဟာပဓာန လား- (စွမ်းရည်သတ္တိဟာ ပဓာနပါဘုရား)။

ဒါဖြင့်....ခင်ဗျားတို့ကိုနိဗ္ဗာန်လာချင်လို့ရှိယင် ဒုက္ခရှေ့ကကွယ်နေတာချည်း၊ ဒုက္ခမှန်း မသိတာချည်းကို ဒုက္ခမှန်းသိအောင် ဟောသိုက်လို့ရှိယင် နိဗ္ဗာန်ဟာ ခဏကလေးနဲ့ တွေ့မယ်-(မှန်ပါ)၊ သဘောပါပလား.... (ပါပါပြီ ဘုရား)၊ မောင်ချစ်စိန် ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)၊

ကောင်းပြီ၊ ဒါဖြင့်....ဝေးလို့မရောက်တာလား၊ နီးလျက်နဲ့မရောက်တာလား၊နီးလျက်နဲ့မရှာတတ်တာလား- (နီးလျက်နဲ့မရှာတတ်တာပါဘုရား)၊ဟာ....ဒါဖြင့် ဒါဟာအသည်းနာစရာ

ကောင်းတာပေါ့.... (မှန်ပါ)၊ နီးလျက်နဲ့ မရှာတတ်တာ မောင်ထွန်းရင် အသည်းနာစရာကောင်းတယ်-(မှန်ပါ)၊ဝေးလို့ မရောက်ယင်လဲ အပြစ်ဆိုရါဦးတော့။ အခုတော့....နီးလျက်နဲ့ မရောက်တာတော့ ကိုယ့်အပြစ်ဆိုးပဲ၊ (မှန်ပါ)၊

အဲဒီကျတော့ နေ့တိုင်းပြောနေကျ ပြောရတော့မယ် ဦးသန်းမောင်ရေ.... (မှန်ပါ)၊ ကလျာဏမိတ္တ သိပ်လိုတယ်- (မှန်ပါ)၊ ကလျာဏက ကောင်းတာ၊ မိတ္တက အဆွေခင်ပွန်း ဆရာသမား- (မှန်ပါ)၊ သူ့မပါယင်တော့ မရောက်ပေဘူး- (မှန်ပါ)၊ ဒကာသစ်တို့ ပေါ်ပသလား- (ပေါ်ပါပြီဘုရား)။

ဒါဖြင့်....နိဗ္ဗာန်ဟာ အဝေးမှာ ရှိသလား၊ အနီးရှိသလား- (အနီးမှာ ရှိပါတယ်ဘုရား)၊ ဘာကြောင့် မရောက်ကြပါလိမ့်မတုံး....မရှာတတ်လို့- (မှန်ပါ)၊ ရထားစီး လွဲနေကြလို့- (မှန်ပါ)၊ ရထားတွေက အပါယ်ချတ်သွားလိုက်၊ သုဂတိပြန်မောင်းလာလိုက်၊ ဒီရထားတွေသာ နင်းပြီ စီးနေတာပဲ- (မှန်ပါ)၊ နိဗ္ဗာန် တိုက်ရိုက်ဝင်တဲ့ ရထားကို- (မစီးမိပါဘူးဘုရား)၊မစီးတော့ လောကုတ္တရာ မဂ္ဂင်ရထားကို ကျုပ်တို့က မစီးမိဘဲနဲ့ လောကီ မဂ္ဂင် ရထားတွေကိုသာ သွားသွားပြီး စီးတာကိုး၊ (မှန်ပါ)။

အဲဒီမှာ....ရထားစီးလွဲတာနဲ့ပဲ ဒုဂ္ဂတိက သုဂတိပို့တဲ့ရထား ကလဲ အပါယ်လေးပါးမှာ မင်းခံရော့ကွဆိုပြီး ပို့ချလိုက်တယ်၊ ဒုဂ္ဂတိကဲ သုဂတိပို့တဲ့ရထားကသဲ မင်းကို အိုပွဲ၊ နာပွဲ၊ သေပွဲဆီ ပို့ရဦးမယ်ဆိုပြီး အဲဒီကိုပို့လိုက်ပြန်တယ်-(မှန်ပါ)၊ မအို၊ မနာ၊ မသေတဲ့ဆီ ပို့တဲ့ရထားကို ခင်ဗျားတို့ကသဲ စီးကို မစီးမိဘူး- (မှန်ပါ)၊ သဘောကျမလား- (ကျပါပြီဘုရား)။

http://www.dhammadownload.com



ကဲ....ဒါဖြင့် ယနေ့ကစပြီး ဦးသန်းမောင်တို့ ဦးညွန့်တို့ စီးကြပါတော့- (မှန်ပါ)၊ ဒါ....ဝိပဿနာ အလုပ် လုပ်တာဟာ မဂ္ဂင်ရထားကို စီးနေတာပဲ- (မှန်ပါ)၊ ရောက်မှ ရောက်ပါ့မလားဆိုတော့ ရထားမှန် တက်မိသွားဖို့ အရေးကြီးတယ်။ (မှန်ပါ)၊ ဒီအတိုင်းသာ မလျှော့ဘဲနဲ့ ဒီရထားကို ကိုယ်ပိုင်ရအောင်လုပ်ပါ- (မှန်လှပါဘုရား)၊ သဘော ကျပလား.... (ကျပါပြီဘုရား)။

ဒီရထားကို-(ကိုယ်ပိုင်ရအောင်လုပ်ရမယ်)၊ကိုယ့်အထဲမှာကို မဂ်ရလာအောင် လုပ်ရမယ်၊ ဒါကိုယ်ပိုင်ရတာပဲ-(မှန်ပါ)၊ ရှင်းပလား–(ရှင်းပါပြီဘုရား)။

ဒီရထားကလဲ တစ်ခါမှတ်ကြပါဦး။ ကိုယ်ရယင် ကိုယ်ပဲ စီးရတယ်၊ သားမယား မတင်နိုင်ဘူး၊ ဒီရထားကလဲရထားဆန်း- (မှန်ပါ)၊ ကိုယ့်ရထားနဲ့ကိုယ်ပဲ၊ စပယ်ယာ လူပိုတင်လို့ မရဘူး–(မှန်ပါ)၊ ဒါလောက် ထူးခြားတယ်။ ရှင်းပလား– (ရှင်းပါပြီ)။

စပယ်ယာ လူပိုတင်လို့ မရဘူးဆိုတာက ဘာဖြစ်လို့တုံးလို့ မေးတော့...သူတို့စီးထားတဲ့ရထားက သူတို့လမ်းနဲ့ သူတို့သွားမှာကိုး- (မှန်ပါ)၊ သူများကို တင်လို့ရမယ် ထင်သလား- (မရပါဘူး) ဒါကြောင့်....မဂ်တို့ ဖိုလ်တို့ကို အမျှပေးလို့မရဘူးဆိုတာကို ပြောတာ- (မှန်လှပါ)၊ အမျှဆိုတာ အဖို့ဘာဂ၊ ဝေစုပေးလို့ မရဘူး- (မှန်ပါ)၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒါကို အဋ္ဌကထာဆရာများလဲ သေသေချာချာပြပါတယ်၊ တစ်ယောက်သောသူ၏ခေါင်းမှာ ပန်ထားတဲ့ပန်းဟာ

ဒီဘက်မှာ တစ်ယောက်သောပုဂ္ဂိုလ်မှာ လုပတယ်လို့ ထုံးစံမရှိဘူးတဲ့- (မှန်ပါ)၊ သူ့ခေါင်းပေါ် ပန်ထားယင် သူသာ လှတာပဲ၊ ဒီပြဒ် ဘေးကလူက- (မလှပါဘူး)၊ တို့အတူပဲ မဂ္ဂင်အလုပ်ဆိုတာ ခင်ဗျားတို့က တစ်ချို့များ ဆွမ်းတော်ပွဲ တစ်ပွဲတည်းကိုပင် ဟိုလက်ကူး ဒီလက်ကူးနဲ့ နှီးသေးတယ် ဦးသန်းမောင်- (မှန်ပါ)၊ နင်လဲ တင်လိုက်ဦး၊ နင်လဲ တင်လိုက်ဦး၊ တစ်ပွဲထဲကို နင်လဲ တင်လိုက်ဦး၊ နိဗ္ဗာန် အတူတူရောက်အောင်တဲ့။ ဒီလို လုပ်တာတောင် ရှိကြသေးတယ်- (မှန်လှပါ)။

မဂ္ဂင်အလုပ်ဆိုတာက ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ လို့ ဟောတယ်။ ပစ္စတ္တံ-အသီးသီး။ ဝိညူဟိ-မဂ္ဂင် ပညာရှိတဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင်။ ဝေဒိတဗ္ဗော-သိနိုင် ရနိုင်တယ်တဲ့။ (မှန်ပါ)၊ ဦးသန်းမောင်ကလုပ်လို့ ဒေါ်ကောက် မရနိုင်ဘူး စိတ်ထားချ၊ ဦးသန်းမောင်ပဲရမယ်- (မှန်ပါ)၊ သဘောပါ ပလား- (ပါပါပြီဘုရား)။

ဒါကို သေသေချာချာမှတ်ကြပါ။ ဒီအလုပ်က ခင်ဗျားတို့ ဒါနသီလတို့ကို အမျှဝေလို့မရဘူးဆိုတာ သေသေချာချာမှတ်ပါ- (မှန်လှပါ)၊ ပါဠိရွတ်ပါ။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ဝိညူဟိ-မဂ်ပညာကို အားထုတ်သော ပုဂ္ဂိုလ်တို့သည်သာလျှင်။ ပစ္စတ္တံ-အသီးအသီး၊ ဝေဒိတဗ္ဗော- သိအပ်ရအပ်၏၊ သူသာလျှင် ရတာတဲ့။မအေလုပ်လို့ သားမရနိုင်ဘူးမကောက်ရမယ်- (မှန်လှပါ)။

ဒါဖြင့် အမျှပေးဝေလို့ရတဲ့ တရားမျိုးလား....၊ အမျှဆိုတာ အဖို့ဘာဂကိုးဗျ။ ဒီလိုပေးဝေတာနဲ့ ဟိုမှာသွားပြီးရရဲ့လား- (မရပါဘူး)၊ ယခုဆော်ရော နိဗ္ဗာန်ဝင်တယ်၊ မောင်ကြီးဖြစ်

http://www.dhammadownload.com



သူ့ ဒေဝဒတ် အပါယ်သွားတယ်- (မှန်ပါ) အဲဒါ....ပစ္စုပ္ပန်အသီးသီးပေါ့ဗျာ- (မှန်ပါ)၊ ကျေနပ်ပလား၊ ကျေနပ်ပါပြီဘုရား၊ အသီးသီးပဲ ရသွားကြတာပဲ၊ သူလဲမဟုတ်တဲ့အသီးပဲ ရတယ်၊ ရသော်ရောကလဲ ဟုတ်တဲ့အသီးပဲ ရတယ်၊ (မှန်ပါ)။

တကယ်လိုချင်ယင် ညီရင်းအစ်ကို မောင်ရင်းနှမဆိုတာ ကြည့်ဖို့ရှုဖို့ ကောင်းပါသေးတယ် ဆိုတာမျိုးကို ဒါက ကြည့်ရှုနိုင်တဲ့ တရားမျိုးကို မဟုတ်ဘူး- (မှန်ပါ)၊ ပေါ်ပလား- (ပေါ်ပါပြီ)။

အဲဒီတော့ ဒီတရားဟာ ကိုယ်လုပ်မှ ကိုယ်ရတယ်ဆိုတဲ့ဥစ္စာ ဦးသန်းမောင် ပေါ်သွားပြီ- (ပေါ်သွားပါပြီဘုရား)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ရှိသလား....မရှိဘူးလား- (ရှိပါတယ်ဘုရား)၊ ဝေးသလား၊ နီးသလား- (နီးပါတယ်ဘုရား)။ နီးလျက်သားနဲ့ ဘယ့်နှယ်ကြောင့် မရောက်ကြသတုံး ရထားစီးလွဲလို့....အဖြေပါသွားပြီ- (ပါသွားပါပြီ ဘုရား)၊ နိဗ္ဗာန်ရထား မစီးမိဘဲနဲ့ ဒုဂ္ဂတိက သုဂတိသွားတဲ့ရထားကို စီးလိုစီး ဒုဂ္ဂတိက သုဂတိပြန်တဲ့ ရထားကို စီးလိုစီး၊ ရထားစီး လွဲနေကြတယ်- (မှန်ပါ)။

ဒါဖြင့်....ကျုပ်တို့ ခင်ဗျားတို့ အခု ရထားစီး မလွဲအောင် နေ့တိုင်း ချိန်းပေးနေတယ် ဆရာဘုန်းကြီးက....(မှန်ပါ)၊

ဦးသန်းမောင် ဘာလုပ်ပေးနေသလဲ- (နေ့တိုင်းချိန်းပေးနေပါတယ်)၊ ဒီအထဲကတောင် ခင်ဗျားတို့က ချော်ချော်ပြီး တက်ချင်သေးတာ- (မှန်ပါ)၊ ပြန်ဦးမှဲ ထင်ပါရဲ့၊ အင်း.... ရထားစီး လွဲချင်ပြန်ပြီ- (မှန်ပါ)၊ သုဂတိက ဒုဂ္ဂတိသွားနိုင်တဲ့ ရထားကို စီးတော့မလို့....(မှန်ပါ)၊ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ပြန်ဦးမယ့်ထင်ပါရဲ့ဆိုတဲ့ အသွားဟာ ခင်ဗျားတို့ သာမညနဲ့တော့၊ ဩော်....သူတို့ဝတ္ထုရားကလဲ ရှိသေးတယ်ဆိုပြီးတော့.... တစ်ခြားသော ပုဂ္ဂိုလ်များအတော့ လျှော့ပေးချင်လဲ လျှော့ပေးလိမ့်မပေါ့၊ ဘုန်းကြီးကတော့ မပေးဘူးတဲ့၊ ခင်ဗျားတို့ သဘောနဲ့ ခင်ဗျားတို့ ပြန်တာသေး၊ မဘတ်နိုင်ဘူး ရထားစီး လွဲသွားတယ်၊ (မှန်ပါ)။

ဦးညွန့် ဘာရထားစီးမလို့တုံး-(သုဂတိက ဒုဂ္ဂတိသွားတဲ့ ရထား စီးမလို့ပါဘုရား)၊ အဲ....နေတာက သုဂတိရောက်နေတယ်- (မှန်ပါ)၊ ပြန်ဦးမယ်ဆိုတော့ ဒုဂ္ဂတိ လှည့်ချင်သေးလို့ ကိုး-(မှန်ပါ)၊ -ကိစ္စရှိလို့ကိုး၊ မလွဲသာလို့-(မှန်ပါ)၊ မလွဲသာ ဆိုကတည်းက ဥပါဒါန်ကြီးတဲ့ ကိစ္စ- (မှန်ပါ)၊ တဏှာဥပါဒါန်ကြီးတဲ့ကိစ္စမဆိုနိုင်ဘူးလား- ဆိုနိုင်ပါတယ်)၊ အဲဒီတော့ ဘယ်ရထား စီးမိသလဲ- (ဒုဂ္ဂတိရထားစီးမိပါတယ်)၊ အဲ.... နေတာက သုဂတိ၊ စီးတာက (ဒုဂ္ဂတိ)။ သွားချင်လဲ သွားကြပေတော့ဗျာ-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ အတော်ဆိုးနေပြီ ဦးညွန့်- (မှန်ပါ)။

ကဲ....ခင်ဗျားတို့ မလွဲသာဆိုတာကစကားသုံးယဉ်သလောက် နစ်နာတာပေါ့-(မှန်ပါ)၊ စကားသုံးကတော့-(ယဉ်ပါတယ်)၊ ယဉ်ပင်ယဉ်ငြားသော်လဲတဲ့၊ နစ်နာမှုကတော့ကြီးသွားတယ်- (မှန်ပါ)။

ဦးသန်းမောင် စကားသုံးကူတော့ ဟည်ပါတယ်း ဆရာ ဘုန်းကြီးနဲ့လဲ မခွဲချင်ဘူး၊ နေ့တိုင်း ကျောင်းမှာများနေတာသိ တယ်။ ဒါပေမယ့်....မလွဲသာတဲ့ ကိစ္စကရှိနေတယ်-(မှန်ပါ)။

http://www.dhammadownload.com



ဘယ်မှာ မလှုပ်သောတာတုံး-(အပါယ်သွားဖို့ မလှုပ်သောတာ-(မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဘယ်သွားဖို့ မလှုပ်သောတာတုံး-(အပါယ်သွားဖို့ပါ)၊အပါယ်သွားဖို့ မလှုပ်သောတာ။ ရဲရဲကြီးပြောစမ်းပါ မောင်ထွန်းရင်ရ-(မှန်ပါ)၊ အပါယ်သွားဖို့မလှုပ်လာတာပါ)၊ အခုဓာဉစ္စာ ဘယ်ရထား စီးမိတာတုံး။ ရထားစီး လှုပ်မှာစိုးလို့ ဓိနေ့ည ဒါခင်းတာပဲကွ-(မှန်ပါ)၊ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စ, အလုပ်ကိစ္စမှတစ်ပါး၊ ဦးသံဒိုင် ဓိပြင် ဘာစမှ ပြောစရာမရှိဘူး-(မှန်ပါ)၊ မလှုပ်သောတာသည် ဘာတုံး၊ စွဲလမ်းတာ၊ စွဲလမ်းမှု ဘယ်ကလာသတုံး။ တဏှာက လာတယ်၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန်ကြောင့် မလှုပ်သာတဲ့ကံ ပေါ်လာတယ်၊ ကာယကံ, ဝစီကံ ပေါ်လာတယ်-(မှန်ပါ)။

ဒီကာယကံ, ဝစီကံက ဘယ်ရထားစီးမိတာတုံး မေးတော့သုဂတိက ဒုဂ္ဂတိရထား စီးမိတာ- (မှန်ပါ)၊ လက်မှတ်ခံသေသေချာချာလှုပ်တာပဲ-(မှန်ပါ)၊ မလှုပ်သေးဘူးလား- (လှုပ်ပါတယ်)၊ ပြန်မယ့်ကြံယင် ဒါကလေးတွေ စဉ်းစားရတယ်-(မှန်ပါ)၊ ငါရထားစီး မှားမှာလား၊ ရထားတက် မှန်မှာလားဆိုတဲ့ဉစ္စာလဲ ဝေဖန်ရလိမ့်ဦးမယ်-(မှန်ပါ)၊ မဝေဖန်ရပေဘူးလား- (ဝေဖန်ရပါတယ်)၊ ဟာ....ပေါက်သည့် နဖူးမထူးဘူးဆိုယင်လဲ သွားတော့ပေါ့ ဒါပဲရှိတာပဲ-(မှန်ပါ)။

ကိုင်း ဒါဖြင့်....ဒကာဒကာမတို့ ရထားသုံးစင်း ရှိတာတော့ ယနေ့ည ရှင်းပါပြီ- (မှန်ပါ)၊ အဲဒါ ဘယ်ကလာသတုံး မေးတော့ မဂ္ဂပစ္စယောကလာတယ်-(မှန်ပါ)၊ ပဋ္ဌာန်းပါဠိတော်မှာ မဂ္ဂပစ္စယောလို့ မပါကြဘူးလား-(ပါပါတယ်)၊ အဲဒါက-

http://www.dhammadownload.com



လာတာ။ သုဂတိမှ ဒုဂ္ဂတိသွားတာလဲ မဂ္ဂပစ္စယောပဲ ထွက်သွားတာ၊ ဒီနေရာကထွက်ယင် မဂ္ဂချည်းပဲ-(မှန်ပါ)၊ ဒုဂ္ဂတိက သုဂတိထွက်လာယင်လဲ မဂ္ဂပစ္စယော-ပဲ၊ သုဂတိကနေ နိဗ္ဗာန်ထွက်သွားယင်လဲ မဂ္ဂပစ္စယော-ပဲ။ သဘောကျမလား- (ကျပါပြီ)၊ မဂ္ဂပစ္စယောဟာ သုံးမျိုးရှိတယ်လို့ မှတ်လိုက်ပါ။ ဦးသံဒိုင် အတော်ခိုင်လုံသွားပြီ-(မှန်ပါ)၊ မခိုင်လုံသေးဘူးလား-(ခိုင်လုံပါတယ်ဘုရား)။

အဲဒါကြောင့် မောင်ထွန်းရင် မင်းကိုစောင်းပြောနေတာ မဟုတ်ပါဘူး၊ ဦးသံဒိုင်ပြောမှ ငါသိတာပါ-(မှန်ပါ)၊ရထားစီးလွဲမှာစတာ့ အင်မတန်စိုးရိမ်တယ်-(မှန်ပါ)၊ တစ်သံသရာလုံးဟာ ရထားစီး လွဲလို့ချည်း ဒုက္ခရောက်ခဲ့တာ-(မှန်ပါ)၊ ဘာမှလက်သည်ရှာမနေနဲ့-(မှန်ပါ)၊

ဦးသန်းမောင် တစ်သံသရာလုံး အောက် ရောက်လိုက်၊ အထက်ရောက်လိုက်နဲ့ ဘာဖြစ်နေတာတုံး—(ရထားစီး လွဲတာပါဘုရား)၊

အဲဒီတော့...ရထားသုံးစင်း ရှိသည့်အနက် အလယ်စင်းကို မစီးမိဘူး။ အောက်သွားတဲ့ရထားရယ်၊ အထက်ဆန်တဲ့ရထားရယ် ဒါပဲစီးမိတော့တယ်။ တစ်ခါဘည်း၊ ငြိမ်းအေးရာ သွားတဲ့ရထားကို စီးကိုမစီးမိတော့ဘူး-(မှန်ပါ)၊မစီးမိတော့ ခင်ဗျားတို့ သာသနာတွင်း မရောက်ခဲ့ကြဘူး၊ နောက်ဘဝတွေက - (မှန်ပါ)၊ သာသနာတွင်း ရောက်ယင် ဝိပဿနာ ရှမိမယ်၊ ဝိပဿနာရှုမိသို့ရှိယင် အလယ်ရထား စီးမိ ရမယ်—(မှန်ပါ)။ သဘောကျပလား-(ကျပါပြီ)။

http://www.dhammadownload.com



ဒီတစ်ခါ လွဲယင်ဖြင့် ပြင်ပေးမည့်သူ ခတ္တဖို့ တော်တော်နဲ့ မလွယ်ဘူး၊ ဆုံးဖြတ်ချက်ချပါ–(မှန်ပါ)။

ရထားပြင်ပေးမည့်သူ (မရှိပါဘူးဘုရား)။ မောင်ထွန်းရင် ဒီရထားသာစီး၊ ဒီရထားသာစီးလို့။ မင်းအသေ ရထားတွေ မစီးနဲ့၊ အပါယ်ရထားတွေ မစီးနဲ့၊ ငြိမ်းချမ်းတဲ့နေရာရောက်တဲ့ ရထားစီးကွ အစရှိသည်နဲ့ ပြောမည့်သူကို အင်မတန်ရှားတယ်-(မှန်ပါ)၊ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့တွေ့ဖို့က များနေသတုံးဆိုတော့ မင်းသားမယားစားဖို့ မင်းလုပ်ကွ၊ မင်းမလုပ်ယင် အကုန်ငတ်ကုန်မှာပေါ့ဆိုတော့ သူကပဲ သုဂတိက ဒုဂ္ဂတိဘုံကို ရထားတွေ အစီးခိုင်းနေတယ်-(မှန်ပါ)၊ တိုက်တွန်းကြတယ်၊ ခင်လို့ ပြောရှာကြတာပဲလို့တောင် အောက်မေ့သေးတယ် ခင်ဗျားတို့က–(မှန်ပါ)။

ဘယ်လိုများ အောက်မေ့သတုံး-(ခင်လို့ ပြောရှာတာပဲလို့ အောက်မေ့ပါတယ်)၊ တော်တော်ခင်တဲ့လူ အပါယ်ကို ထိုးချလိုက်တယ်....(မှန်ပါ)၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။ တော်တော် ခင်တဲ့လူက ဘယ်ထိုးချလိုက်ပါလိမ့်.... (အပါယ် ထိုးချပါတယ်)၊ မင်း သား မယားတွေကွာ မင်းမှမပြုစုယင် ဖြင့် မင်းဝတ္တရား အကုန်ပျက်ကုန်မှာပေါ့။ အဲဒီတော့ တို့က ကောင်းစေချင်လို့ ပြောတာလို့တောင် ပြောလိမ့်ဦးမယ်.... (မှန်ပါ)၊ ဖုံးတောင် ဖုံးလိုက် သေးတယ်၊ စီးရတဲ့ ရထားက ဘယ်ရထား သွားပြီး စီးမိတာပါလိမ့်....(ဒုဂ္ဂတိသွားတဲ့ ရထား စီးမိတာပါ)၊ သူ သုဂတိနေတာ ကြည့်ချင်ပုံ မရဘူး၊ ဦးညွန့် ရိပ်မိပလား- (မှန်ပါ)။ ခင်ဗျားတို့ကတော့ ဒီဥစ္စာကို ပြောဘ်....

http://www.dhammadownload.com



အကျိုး အကြောင်း အတော် အမြော် အမြင်ရှိတဲ့ ပုဂ္ဂိုလ်မို့ ပြောရှုးတာပဲတဲ့။ ကိုယ်စီးတဲ့ ရထား ဘာရထားလို့ သိသေးရဲ့လား-(မသိပါဘူး)၊ မသိတော့ သေသေချာချာ လွဲသွား၊ ပြီးမလွဲဘူးလား....(လွဲပါတယ်ဘုရား)။

တချို့ကျတော့လဲ မင်းကွာ တစ်ဘဝ တစ်နပ်စာကလေးနဲ့ မလုပ်နဲ့ကွ၊ နောက်ဘဝ ကောင်းစားရေးကလဲ ရှိသေးတယ်၊ အဲဒီ ရထားကို အစီးခိုင်းပြန်တယ်၊ အဲဒီရထားကလဲ ဟိုမှာသေမည့် ရထား-(မှန်ပါ)၊ မသေရပေဘူးလား- (သေရပါမယ်)၊ အဲဒီရထား အစီးခိုင်းတဲ့လူကလဲ မနည်းလှဘူး....(မှန်ပါ)။

ခုနင်က ပြောတဲ့ ငြိမ်းချမ်းရေး ရထား အသေ လွတ်တဲ့ ရထားကို အစီးခိုင်းဖို့ရာကျတော့ ငယ်ပါ သေးတယ် ကွာလို့ တောင် ပြောချင် ပြောနေသေးတာ....(မှန်ပါ)၊ ငယ်ပါသေးတယ်ကွာ၊ မင်း ဝိပဿနာ ဆလုပ်ကို မလုပ်ပါနဲ့ဦး၊ ဟိုရထား နှစ်ရထား လှည့်ပြီး စီးပါဦး....(မှန်ပါ)၊ ဒီလို ဖြစ်နေလို့ ခင်ဗျားတို့ ဒီအသက် ဒီအရွယ် ရောက်လာကြတာ-(မှန်ပါ)၊ ဒါ မိတ်ဆွေကောင်းတွေနဲ့ ပေါင်းမိလိုက်တာ တော်တော် နာတာ၊ မနာဘူးလား.... (နာပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒါတွေက နောင်ကို သတိထားဖို့ ဆုံးမတဲ့ အသွားလို့ မှတ်လိုက်ကြစမ်းပါ.... (မှန်ပါ)၊ နောင်ကို သတိထားဖို့ ဆုံးမတဲ့ အသွားလို့ သေသေ ချာချာ မှတ်ပါ။

မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တဲ့ ရထားသုံးစင်း-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

မြတ်စွာဘုရားက ကောင်းစွာ ဟောကြားတော် မူခဲ့တဲ့ ရထား ဘယ်နှစ်စင်းလဲ-(သုံးစင်းပါ)၊ သူကတော့ မကောင်း

http://www.dhammadownload.com



တာတော့ မကောင်းဘူးဟောတာလဲ တရားပဲ၊ အလတ်စား ကလေး သက်သာခွင့် ရတာကလဲ တရားပဲ အချွန်ဆုံး၊ အမွန်ဆုံး ကောင်းတာလဲ- (တရားပါပဲဘုရား)၊ ဘုရားကတော့ တရား သမားမို့ တရားသုံးမျိုးကို ပြောရမယ်-(မှန်ပါ)။ ဟောဒါ ငယ်ရမယ့် တရား, ဟောဒါက ခြေဆန်ရမည့်တရား, ဟော ဒါက ရှောင်ရမည့်တရား, ဟောဒါက ဆောင်ရမည့်တရား စသည်ကို တရားက ဟောရမှာပဲ-(မှန်ပါ)၊ ကျုပ်တို့က သုံး မျိုးမှ မဝေဖန်တတ်တော့ ဝေဖန်တတ်တဲ့ ပုဂ္ဂိုလ်က ဟောရ မယ်-(မှန်ပါ)၊ အကောင်းအဆိုး ရွေးတတ်အောင် မဟောရ ပေဘူးလား-(ဟောရပါတယ်ဘုရား)။

ကိုင်း ဒါဖြင့်... သွာက္ခာတော ဘဂဝတာ ဓမ္မော-ဆိုတာ အကုသိုလ်တွေလဲ ဘုရားက ထည့်ဟောတာပါပဲ၊ ဟောဒါက အကုသိုလ်တဲ့၊ ဒါ... ရှောင်ဖို့ ဟောတာ- (မှန်ပါ)။ ဒါက သုဂတိသွားတဲ့ ရထားတဲ့၊ ဒါလဲ အကောင်းစားကြီးမဟုတ်ဘူး ဆိုပြီး ဟောပြန်တာပဲ-(မှန်ပါ)၊ အကောင်းကြီး မဟုတ်ဘူး ဆိုပြီး ညကပြောသလိုပေါ့ဗျာ၊ သဂ္ဂကထာပြောပြီး သကာလ ကာမာနံ အာဒီနဝကထာကို ဟောပြန်တာပဲ-(မှန်ပါ)၊ မဟုတ် ဘူးလား-(မှန်ပါဘုရား)၊ နတ်ပြည်ရောက်တဲ့စကားကို ဘုရား ကိုယ်တော်တိုင်က ဖွင့်ထုတ်ဟောပြီးတော့မှ နတ်ပြည်အပြစ်ဟာ ကျီးတစ်ကောင် 'အမဲသားတစ်ရသလိုပဲကွ မဟောဘူးလား- (ဟောပါတယ်)၊ မြက်မီးရှူးကလေးကိုင်ပြီး လေလာတဲ့ဘက် တိုးသလိုဘဲကွ ဆိုပြီး အကုန်ဖျက်ချတာပဲ-(မှန်ပါ)။

http://www.dhammadownload.com



အဲဒီတော့.... ဘုရားဟာ အသတ်စားကိုလဲ အသတ်သား အလိုက် ဟောဘာပဲ။ အကုသိုလ်ကိုလဲ အကုသိုလ်လို့ ဟော တာပဲ၊ မဂ်ကိုလဲ မဂ်လို့ဟောတာပဲ။ ဒီတော့...ဘုရားမှာ တော့ဖြင့် ပယ်ရမည့်တရား ဟောရမယ်, အလတ်စား ဖြစ်တဲ့ တရား ဟောရမယ်, အကောင်းဆုံးဖြစ်တဲ့တရားကိုသူ့ ဝတ္တရား က ဟောရမှာပဲ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)၊ အဲဒီတော့ ကျုပ်တို့က မရွေးတတ်တာက ခက်တယ်-(မှန်ပါ)။

မောင်ချစ်စိန် ဘာခက်သတုံး-(မရွေးတတ်ဘာက ခက်ပါ တယ်ဘုရား)၊ မရွေးတတ်တာနဲ့ ခက်တာပဲ။ သရက်သီး ရွေး သလို ဖြစ်နေပြီ။ သရက်သီးအလုံးသေးသေးက ချိုမင် ချိုခြား သော်လဲ အလုံးကြီးဘာမှ ကြိုက်တယ်လို့ ချဉ်ချင်ချဉ်နေဘာ-(မှန်ပါ)၊ ကျုပ်တို့ဟာ အလုံးကြီးကြိုက် ဖြစ်ချင်ဖြစ်နေတာ-(မှန်ပါ)၊ရိပ်မိပလား-(ရိပ်မိပါပြီ)၊ မရွေးတတ်တော့လဲ အလုံး တော့ ကြီးပါရဲ့ အချိုမရဘဲနဲ့ ချဉ်နေတယ်၊ ဒီလို မနေဘူး လား-(နေပါဘယ်)၊

အဲဒီတော့ အခုရွေးဘတ်ရမယ်၊ အသယ်သမ်း လိုက်မှာပဲ လား, အလယ်လမ်းဟာ အကောင်းဆုံးပဲလား၊ မအို မသေ အမြဲနေတဲ့ နေရာပို့တဲ့ ရထားပဲလား-(မှန်ပါ)၊ သဘာပါ ကြပလား-(ပါပါပြီ)။

ဒါဖြင့်....ဘယ်သမ်း လိုက်မလဲ-(အသယ်သမ်း လိုက်ချပါ့ မယ်)။

http://www.dhammadownload.com



အဲဒါ....အလယ်လမ်း လိုက်ချင်တာက နိဗ္ဗာန် သဘောကျလို့ လိုက်ချင်တာ-(မှန်ပါ)၊ နိဗ္ဗာန်မှာ ဥစ္ဆေဒဒိဋ္ဌိပြုတ်သွားလို့ လိုက်ချင်တာ-(မှန်ပါ)၊ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်ဘဲပုဂ္ဂိုလ် အလယ်ရထားကို ဘယ်သူမှ မစီးချင်ဘူး-(မှန်လှပါ)။

ဒါကြောင့် တရားဟောတဲ့ပုဂ္ဂိုလ်များမှာ အတော်ချင့်ချိန်ရသေးတယ်၊ သူကိုယ်တိုင် ဥစ္ဆေဒဒိဋ္ဌိကြီးနဲ့ဟောနေတာရှိသေးတယ်-(မှန်ပါ)၊မရှိပေဘူးလား-(ရှိပါတယ်ဘုရား)။ နိဗ္ဗာန်ကိုသူမှ သဘောမကျဘဲ-(မှန်ပါ)၊ သူတို့ကရှိနေဘယ်၊ နိဗ္ဗာန်ရှိသလားဆိုတော့ ရှိတယ်တဲ့။ ရှိယင် ဘယ်သိုရှိသလဲဆိုပြန်တော့မသိပါဘူးလေ။ ဒါဟာ သူနိဗ္ဗာန်သဘောမကျဘူး-(မှန်ပါ) နိဗ္ဗာန် သဘောမကျဘဲနဲ့ ဟောနေလို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိနဲ့ ဟောနေတာ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)၊

နိဗ္ဗာန် သဘောမကျဘဲနဲ့ ဟောယင်—(ဥစ္ဆေဒဒိဋ္ဌိနဲ့ ဟောတာပါ)၊ နိဗ္ဗာန်ဆိုတာဟာ ခန္ဓာလဲမရှိဘူး၊ဆိုတော့ ဘာများရှိပါလိမ့်မတုံး၊ မခပြောတတ်ပါဘူးလေဆိုတော့ နိဗ္ဗာန်ကို သူသဘောကျသေးရဲ့လား-(မကျပါဘူး)၊ သဘော မကျယင်သူ့မှာ ဥစ္ဆေဒဒိဋ္ဌိရှိနေတယ်— (မှန်ပါ)၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ တရားဟောနေတယ်ဆိုတဲ့ အဓိပ္ပာယ် ရှင်းသွားပြီ-(မှန်ပါ)။

ကဲ....ဒါဖြင့် နိဗ္ဗာန်ကို သွားကြပါစို့ ဆိုတော့နိဗ္ဗာန်သွားချင်လို့ ရှိယင်ဖြင့် ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။ဆိုတဲ့ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုတာပဲ။ အသီးအသီး ကိုယ်ပိုင်မဂ်ရချင်လို့ရှိယင်ဖြင့် မနေ့ကဟာ ပြန်ဆက်လိုက်၊ ဧဟိပဿိကော ခေါ်

http://www.dhammadownload.com



ရာက သန္ဒိဋ္ဌိကောနဲ့လိုက်မှ အသီးအသီး ကိုယ်ပိုင်မဂ်ရမယ်—(မှန်ပါ)၊ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဟော ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်လို့ရှိယင် ဖြင့် သူကိုယ်တိုင်လိုက်လို့ သူရတဲ့မဂ်က သူများ မတင်နိုင်ဘူး-ဒီမဂ္ဂင်ရထားက-(မှန်ပါ)၊ သူများကိုတင်နိုင်ရဲ့လား-(မတင်နိုင် ပါ ဘုရား)။

ဒါဖြင့် လုပ်သောပုဂ္ဂိုလ်သာရတယ်၊ မလုပ်သော ပုဂ္ဂိုလ်....(မရပါဘူး)၊ ဒါဖြင့် ဆုတောင်းရုံ တောင်းရတဲ့ကိစ္စ မဟုတ်ဘူး၊ လုပ်ယူရမယ်-(မှန်ပါ)၊ သတော့ပါပလား- (ပါပါပြီ)။

အခု ဟော ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ တကာ သစ်ကပဲ လိုက်လိုက်ပါ၊ ဘာနဲ့လိုက်သတုံး မေးယင် ဘယ့်နှယ် ဖြေကြမလဲ—(မဂ္ဂင်နဲ့ပါဘုရား)၊ ဒါဖြင့် သန္ဒိဋ္ဌိကောက မဂ္ဂင် ဟောနေတာ-(မှန်ပါ)။

မဂ္ဂင်နဲ့ လိုက်လို့ ကျုပ်တို့သည် ဟော ပဿိကော ခေါ်ရာကို တဏှာနဲ့ မလိုက်နဲ့၊ ဒေါသနဲ့ မလိုက်နဲ့၊ မောဟနဲ့ မလိုက်နဲ့၊ သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ၊ သူကတော့ အမြဲ ခေါ်နေမှာပဲ....(မှန်ပါ)၊ မနေ့ကလဲ သင်ပြီးပြီ-(မှန်ပါ)၊ ဒါ မေ့ဖို့မကောင်း ဘူးနော်-(မှန်ပါ)။

ဦးသံဒိုင် ဒါ ဘယ့်နှယ် နေသတုံး-(မေ့ဖို့ မကောင်းပါဘူး ဘုရား)၊ လုံးဝ မေ့ဖို့ မကောင်းဘူး-(မှန်ပါ)၊အလိုက်မှားတွေ ရှိသေးတာကိုး-(မှန်ပါ)၊ တဏှာနဲ့ လိုက်တာလဲရှိတယ်၊ ဒေါသ နဲ့ လိုက်တာကော-(ရှိပါတယ်)၊ မောဟနဲ့ လိုက်တာကော....(ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါတွေ ရှိနေတော့ ဘုရားက ဒီလို လိုက်ဖို့ လာတာ မဟုတ်ဘူး၊ ဟေ့-လာခဲ့ပါ၊ ပဿ-ရှုပါလို့ ရုပ်နာမ်ကလဲ ခေါ်တယ်၊ နိဗ္ဗာန်ကလဲ ခေါ်တယ်- (မှန်ပါ)၊ ဒါကြောင့် သူတို့ကို အာရမ္မဏ ပစ္စည်းထဲမှာ ထည့်ထားတာ.... (မှန်ပါဘုရား)၊ သန္ဒိဋ္ဌိကောကတော့ ဘာတုံးဆိုတော့ အာရမ္မဏအတဲ့၊ သူက ဟိုဟာကို အာရုံပြုရမယ်-(မှန်ပါ)။

ဒါဖြင့် ဟေ့ ပဿိကောကအာရုံ, သန္ဒိဋ္ဌိကော-က-(အာရမ္မဏ ကပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဲဒီအာရုံ အာရမ္မဏက လိုက်ယင်တော့ဖြင့် ခင်ဗျားတို့ သည် ရထားစီး မလွဲတော့ပါဘူး—(မှန်ပါ)၊ လွဲသေးသလား- (မလွဲပါဘူး)။

ဒကာ ဒကာမတွေ သေသေချာချာ မှတ်ကြပါနော်၊ ဒီဥစ္စာ က သဘောချည်း ပြောနေတဲ့အတွက် တော်တော်ကလေး ခဲခဲ ယဉ်းယဉ်းပဲ-(မှန်ပါ)။

ဒါဖြင့် သန္ဒိဋ္ဌိကော ခေါ်ရာကို တပည့်တော် ယားယင် ယားတဲ့ နေရာ လိုက်ပါ့မယ်၊ ပျက်စီးယင် ပျက်စီးတဲ့ နေရာလဲ တပည့်တော် ကြည့်ပါမယ်၊ ပေါ်လာယင် ပေါ်လာတဲ့နေရာ ကြည့်ပါ့မယ်၊ ပျက်ယင် ပျက်တဲ့နေရာ ကြည့်ပါ့မယ် ဆိုလို့ရှိ ယင်ဖြင့် ဦးသန်းမောင် ဖြစ်ပျက်ကိုမြင်ပြီ-(မှန်ပါ)၊ မမြင်ပေ ဘူးလား.... (မြင်ပါတယ်ဘုရား)၊ အယ်သူက ခေါ်သတုံး.... (ပျက်စီးတဲ့သဘောက ခေါ်ပါတယ်)၊ ဟေ့ ပဿိကောဆိုတာ ဖြစ်ပျက်က ခေါ်တာ-(မှန်ပါ)၊ ဦးသန်းမောင်တို့က ဘာနဲ့

http://www.dhammadownload.com



လိုက်မတုံး- (သန္ဓိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)၊ ကိုယ်တိုင်မြင်အောင် လိုက်ပစ်လိုက်ပါ- (မှန်ပါ)၊ ကိုယ်တိုင်မြင်အောင် လိုက်ပစ်လိုက်တဲ့အခါကျတော့ သစ္စာကသွားပြီး တွေ့တယ်-(မှန်ပါ)၊ နဂိုက နိဗ္ဗာန်ကို သစ္စာ ဖုံးနေတာ-(မှန်ပါ)။

နိဗ္ဗာန်ကို ဘာဖုံးနေပါသလဲ- (သစ္စာ ဖုံးနေပါတယ်ဘုရား)၊ သစ္စာဖုံးနေတယ်ဆိုတော့ ဒါကြောင့် သစ္စာကိုမုန်း၊ အဖုံးဖြစ်တဲ့ သစ္စာကိုတော့ အခု တွေ့ပြီ။ နောက်ကျတော့ မင်းတို့ ရှုပ်နေတာပဲဆိုပြီး သစ္စာကို မုန်းရမယ်- (မှန်ပါ)၊ နောက်ကျတော့ မင်းတို့ သစ္စာတွေဆုံးယင် ကောင်းတယ်ဆိုတဲ့ သစ္စာကို ပိုင်ပိုင် နိုင်နိုင် သိတဲ့ သစ္စာအဆုံးကို- သစ္စာဟာ ဒုက္ခသစ္စာ-(မှန်ပါ)၊ အဲဒီ အဆုံး ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ အသစ္စာ တွေ့လိမ့်မယ်၊ အသစ္စာက ဒီဘက်မှာ ကပ်နေတယ်-(မှန်ပါ)၊ မကပ်ဘူးလား-(ကပ်ပါတယ်)။

ဒါဖြင့် အသစ္စာနိဗ္ဗာန်ကို အဖုံး မဖွင့်တတ်လို့ ကျုပ်တို့ ခင်ဗျားတို့ မရောက်ကြတာပဲ- (မှန်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီ)။

ဒါဖြင့် အဖုံးသုံးချက်ကို မောင်ထွန်းရင် ဖွင့်တတ်ပလား-(မှန်ပါ)၊ အခု ဟောရတာက ယဉ်ကျေးပြီးသားတွေ ဟောရလို့ တော်ခသေးတာယ်နော်.... (မှန်ပါ)၊ တချို့က သစ္စာကို မတွေ့ဘူး-(မှန်ပါ)၊ သစ္စာမှ မတွေ့တော့ သစ္စာ မုန်းဖို့ဆိုတာ ဒုတိယအချက်ဝေးသွားပြီ-(မှန်ပါ)၊ သစ္စာ ဆုံးဖို့ဆိုတာကော- (ပိုဝေးသွားပါတယ်ဘုရား)၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရဟတ္တဝတ် သုတ်မှာ 'ဒုက္ခဿအန္တံ ကရိဿတိ'တဲ့။ ဒုက္ခဿ-ဒုက္ခ၏၊ အန္တံ-အဆုံးဖြစ်တဲ့နိဗ္ဗာန်ကို၊ ကရိဿတိ– မျက်မှောက်ပြုနိုင်လတ္တံ့-တဲ့-(မှန်ပါ)၊ ဇီဒုက္ခဆုံးမှ နိဗ္ဗာန်တွေ့မယ်တဲ့– (မှန်ပါ)၊ သဘောပါလား- (ပါပါပြီ)၊ ဒုက္ခဿအန္တံ ကရိဿတိ–ဒုက္ခအဆုံးကို မျက်မှောက်ပြုနိုင်လတ္တံ့-ဆိုတော့ နိဗ္ဗာန်ဟာ ဒုက္ခဖုံးနေတယ်ဆိုတာပေါ်ပလား-(ပေါ်ပါပြီ)၊ ဒုက္ခကို ဘယ်သူဖုံးသတုံး မေးတော့ အဝိဇ္ဇာ တဏှာက ဖုံးတယ်–(မှန်ပါ)။

နိဗ္ဗာန်ကိုတော့ ဘယ်သူက ဖုံးသတုံး-(ဒုက္ခကဖုံးပါတယ်)၊ ဒီဒုက္ခမမြင်အောင် ဘယ်သူက ဖုံးသတုံး.... (အဝိဇ္ဇာတဏှာက ဖုံးပါတယ်)။

ဒါဖြင့် ဉာဏ်ပေါ်မှာ အဝိဇ္ဇာနဲ့ တဏှာက တစ်ချက် ဖုံးလိုက်တယ်၊ နိဗ္ဗာန်ကို ဒုက္ခက တစ်ချက်ဖုံးလိုက်တယ်၊ ဒါတွေမှ ဖွင့်ပေးတဲ့ ဆရာနဲ့ မတွေ့လို့ရှိယင် ဘယ်တော့မှ နိဗ္ဗာန်မရဘူး-(မှန်ပါ)၊ မြင်သေးရဲ့လား-(မမြင်ပါဘူး)၊

မမြင်တော့ဘူး၊ ဖုံးထားတာက ဉာဏ်ပေါ်မှာတော့ ကိလေသာက ဖုံးတယ်၊ နိဗ္ဗာန်ပေါ်မှာတော့ (ဒုက္ခကဖုံးပါတယ်)၊ အဖုံးကို ဘယ်နှစ်ချက် လှန်ရမှာတုံး.... (သုံးချက်လှန်ရမှာပါဘုရား)၊ သုံးချက် လှန်ရမှာ– ကိလေသာကို တစ်ချက်လှန်၊ ဒုက္ခကို တစ်ချက်လှန်မှ နိဗ္ဗာန်ကိုတွေ့မှာကိုး-(မှန်ပါ)၊

အဲဒီတော့ ဇီလှန်နည်းနိဿရည်းကိုမှ ပေးတတ်တဲ့ဆရာနဲ့မှ မတွေ့လို့ရှိယင်ဖြင့် ဦးသံဒိုင် ငိုချင်းချသေဖို့ပဲ ရှိတော့တယ်.... (မှန်ပါ)၊ ရမှာလဲ မဟုတ်တော့ဘူး။(မှန်ပါ)၊ ဇီအဖုံးဖွင့်နည်း

http://www.dhammadownload.com



က အင်မတန် အရေးကြီးနေတာ- (မှန်ပါ)၊ မကြီးဘူးလား-(ကြီးပါတယ်ဘုရား)၊

ဒါဖြင့် နိဗ္ဗာန်ကိုတွေ့ဖို့ ဉာဏ်အပေါ်မှာ ဘယ်သူ ဖုံးသတုံး-(အဝိဇ္ဇာတဏှာ ဖုံးတယ်)၊ကိလေသာဖုံးတယ်ဆိုလိုက်ပါတော့-စုံသွားအောင်- (မှန်ပါ)၊ နိဗ္ဗာန်ကို ဘယ်သူဖုံးသတုံး- (ဒုက္ခ ဖုံးပါတယ်ဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ကြားထဲမှာ နှစ်ချက် ကန့်လန့် ခံနေတာ၊ ဒီတည်းက လေးခုမြောက် နိဗ္ဗာန်ကို မြင်ဖို့ရာ ဦးသုံးဒိုင် အဘော် ဝေးပါတယ် (ဝေးပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ တရားနာတဲ့ ပုဂ္ဂိုလ်တွေ, တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးက ဟောတယ် ဖြစ်ပျက်တွေ့ပလား- (မတွေ့သေးဘူး)၊ မတွေ့သေးယင် ဉာဏ်ပေါ်မှာ ကိလေသာဖုံးတယ်-(မှန်ပါ)၊ ဖြစ်ပျက် တွေ့ပြန်တော့ ကိလေသာက ပွင့်ထွက်သွားတယ်၊ နိဗ္ဗာန်ဖုံးကျန်နေတယ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဒါ သေသေချာချာ နားထောင်ပါ၊ ဒီဥစ္စာ သဘောက အလွန် အရေးကြီးပါတယ်-(မှန်ပါ)၊

ဖြစ်ပျက်ကို မမြင်တာက ဘယ်သူ ဖုံးသတုံး- (ကိလေသာ ဖုံးပါတယ်)၊ ခန္ဓာကြီးကတော့ အနိစ္စာဝတ သင်္ခါရ-တွေပဲ၊ ဖြစ်လိုက် ပျက်လိုက်နဲ့ချည်းနေတာပဲ၊ ဘယ်သူကဖုံးလို့ မမြင်ပါ လိမ့်- (ကိလေသာဖုံးလို့ မမြင်တာပါ)၊ ကိလေသာက ဘယ် အပေါ်မှာ ဖုံးသတုံး.... (ဉာဏ်အပေါ်မှာ ဖုံးပါတယ်)၊

http://www.dhammadownload.com



ဉာဏ်အပေါ် မဂ္ဂင်ဖုံးမှေ့ါ့ဗျာ-(မှန်ပါ)၊ဉာဏ်နဲ့မဂ္ဂင် အတူတူပါပဲ-(မှန်ပါ)။

အဲဒီအဖုံး မဖွင့်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်ကို မတွေ့ဘူး....(မှန်ပါ)၊ တစ်ခါ ဖြစ်ပျက်တွေတဲ့ ပုဂ္ဂိုလ် ကလဲ တွေ့တော့ တွေ့ပြီ၊ နိဗ္ဗာန်တွေ့အောင် ဒီအဖုံးကြီး ဖွင့်ရဦးမှာ- (မှန်ပါ)၊ အဖုံးဖွင့်တော့ ဖြစ်ပျက်တွေ့လို့ရှိယင်ဖြင့် သူ့ကို မမုန်းသေးလဲ မတွေ့သေးဘူး-(မှန်ပါ)။

သူ့ကို ဒုက္ခသစ္စာလို့ မလိုချင်တဲ့ဉာဏ်နဲ့ ဆုံးအောင် မလုပ်နိုင်လို့ရှိယင်လဲနိဗ္ဗာန်မတွေ့သေးဘူးဆိုတော့ ဒီအဖုံးတွေ ဖွင့်ပြီး သကာလမှ နိဗ္ဗာန်တွေ့ရမှာ ဖြစ်ခနေတော့ ကြောင့်... နိဗ္ဗာန်ကို အလုပ်နဲ့ သွားရတာကိုး-(မှန်ပါ)၊ ပေါ်သွားပြီ- (ပေါ်ပါပြီ ဘုရား)။

နိဗ္ဗာန်ကို- (အလုပ်နဲ့ သွားရမှာပါဘုရား)၊ အလုပ်နဲ့ သွားရမယ်နော်၊ အချောင်လိုချင်လို့တော့ မရဘူး-(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ- (အချောင်လိုချင်လို့ မရပါဘူး)။

ကဲ....ဒါဖြင့် နိဗ္ဗာန်မှာ ဘယ်နှစ်ချက် ဖုံးသတုံးလို့မေးတော့ ကိလေသာကဖုံး၊ ဒုက္ခသစ္စာကဖုံး - (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)၊ ဒီအဖုံးနှစ်ခု မဖွင့်နိုင်တဲ့ပုဂ္ဂိုလ် ဦးသန်းမောင်က စဉ်းစား၊ ဦးညွန့်က စဉ်းစား ဘယ်နည်းနဲ့မှ နိဗ္ဗာန်ကို မမြင်ရပါဘူး-(မှန်ပါ)၊မြင်ရပါ့မလား-(မမြင်ရပါဘူး)၊ဒီအဖုံးနှစ်ချက် ဖွင့်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့်-(မြင်ရပါတယ်ဘုရား)။

မြင်တယ် ဆိုတာသည် ဒိဋ္ဌေဓမ္မာ မြင်တာပဲ- (မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)၊ ပတ္တဓမ္မော၊ ဝိဒိတဓမ္မော-တဲ့။

http://www.dhammadownload.com



ဆုံးဖြတ်ချက်ချတယ်၊ဒါနိဗ္ဗာန်အစစ်ပဲ-(မှန်ပါ)၊ပရိယောဂါဠ္ဍ မေမွာ-တဲ့။ ဉာဏ်ဖြင့် သက်ဝင်ပြီး သိတာပဲ-(မှန်ပါ)၊ တိဏ္ဏ-ဝိစိကိစ္ဆောပဲ—ဝိစိကိစ္ဆာ လွန်မြောက်ပြီး ဝိစိကိစ္ဆာ ကင်းပြီး သိတာပဲ-(မှန်ပါ)၊ ဝိဂတကထံကထောတဲ့ သံသယ ကင်းပြီး မြင်တာပဲ-(မှန်ပါ)၊ ဝေသာရဇ္ဇပ္ပတ္တော-တဲ့။ ဒါမြင်လိုက်ယင် ငါ အာပါယ်မကျဘူးဆိုတာ တစ်ခါတည်း ရဲရဲတင်းတင်း ထွက်လာတာပဲ၊ သဘောကျပလား- (ကျပါပြီ)၊ အပရပ္ပစ္စယော-သူပြော လူပြော မဟုတ်ဘူး၊ ကိုယ်တိုင်တွေ့ဆိုတာလဲ ဖြစ်လာပါတယ်-တဲ့။ ဒါကြောင့် ယနေ့ညမှာ နိဗ္ဗာန်တစ်လုံးတည်းကို ဒကာ, ဒကာမတွေကို ဟောနေတာသည် နိဗ္ဗာန် လိုချင်ယင် ကိလေသာကို အလျှင်ဖောက်ထွင်းရမယ်-(မှန်ပါ)၊ ကိလေသာ ဖောက်ထွင်းမှ ဖြစ်ပျက် ဒုက္ခသစ္စာတွေ့မယ်- (မှန်ပါ)၊ အဲဒီ ဒုက္ခသစ္စာကို ဖောက်ထွင်းပြီး မလိုချင်တဲ့ဉာဏ် လာတော့မှ ဒုက္ခကကွာပြီး၊ သုခတ ဓာတ်မှာ ထိုးပေါ်လာတယ်-(မှန်ပါ)၊ သဘောပါပလား.... (ပါပါပြီ)၊ ဒါအင်မတန် အရေးမကြီး ဘူးလား-(ကြီးပါတယ်ဘုရား)။

ဒါဖြင့် တရားလဲ နိဂုံးချုပ်ပါတော့မယ်၊ ဒကာ,ဒကာမတို့ နိဗ္ဗာန်မှာ ဘယ်နှစ်ချက် ဖုံးနေသတုံး– (နှစ်ချက်ဖုံးပါတယ်)၊ ကိလေသာက တစ်ချက်, ဒုက္ခကတစ်ချက်- (မှန်ပါ)၊ ဒုက္ခ ဖုံး နေတော့ ဒုက္ခဆုံးမှု တွေ့မှာကိုး–(မှန်ပါ)။

ဒါဖြင့် ဒကာ,ဒကာမတို့၊ ပထမ ရှေးဦးစွာ အကြီးဆုံး ရန်သူဟာ ကိလေသာ၊ ဒုတိယရန်သူက ဒုက္ခသစ္စာမှန်း မသိလို့ ဒုက္ခသစ္စာကို တစ်ခါတည်း မှဝေဖန်နိုင်တာနဲ့ ဒုတိယ ရန်သူက

လဲ လာဖုံးတယ်-(မှန်ပါ)။ ဘယ်သူ့ကို ဖုံးသလဲ-(နိဗ္ဗာန်ကို ဖုံးပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ရှေးဦးစွာ ကိလေသာရန်သူကို အောင်ပွဲ ယူလိုက်ပါဦး- (မှန်ပါ)၊ ပြီးတော့မှ ဒုက္ခသစ္စာကြီးကိုလဲ ခင်ဗျားတို့ ဖယ်နိုင် ရှားနိုင်တဲ့ဉာဏ်နဲ့ ဒုတိယအလုပ် လုပ်ပါဦး• (မှန်ပါ)၊ ဒါမှသာလျှင် ဒုက္ခ အဆုံး နိဗ္ဗာန်ကို တွေ့မယ်.... (မှန်ပါ)၊ နို့မဟုတ်ယင် မတွေ့သေးပါဘူး•(မှန်ပါ)။

ဒါဖြင့် ဒီနေ့ညတရားမှာ ဩော်....ဖြစ်ပျက်မမြင်သေးယင် ကိလေသာ ရန်သူကို မနိုင်သေး။ နိဗ္ဗာန်ကို မမြင်သေးယင် ဒုက္ခကို မပိုင်းခြားနိုင်သေး• (မှန်ပါ)၊ သဘောပါပလား.... (ပါပါပြီ)။

ဖြစ်ပျက်မမြင်သေးယင် ကိလေသာရန်သူကို မနိုင်သေးလို့- (မှန်ပါ)၊ ဖြစ်ပျက်တော့မြင်ပြီ၊ နိဗ္ဗာန်တော့ မမြင်သေးဘူး ဘုရား ဆိုတော့ ဘယ်နှယ်ဆိုမလဲ•(ဒုက္ခကို မပိုင်းခြားနိုင်သေး လို့ပါ)၊ ဒုက္ခကို ခင်ဗျားတို့ ပိုင်ပိုင် နိုင်နိုင် မသိသေးလို့.... (မှန်ပါ)၊ ရှင်းပလား—(ရှင်းပါပြီ)။

ဒါဖြင့် ကိလေသာရန်သူလဲနိုင်၊ ဒုက္ခကိုလဲ ပိုင်ပိုင် နိုင်နိုင် သိ မယ်ဆိုယင် နိဗ္ဗာန်ဟာအနီးကလေး၊ ဟိုဘက်မှာ ကပ်နေတယ် ဆိုတာ သဘောပါပလား•(ပါပါပြီ)။

ဒါဖြင့် အားထုတ်ကြ ကိလေသာ ရန်သူ နိုင်အောင်.... (မှန်ပါ)၊ သူ့နိုင်ပြီလို့ ရှိယင်ဖြင့် ဒုက္ခတွေ့ပြီ-(မှန်ပါ)၊ ဒုက္ခ တွေ့ပြီး သကာလ မင်း ဒုက္ခအစစ်ပဲဆိုတဲ့ ဉာဏ်ထက်အောင်

http://www.dhammadownload.com



လုပ်လိုက်လို့ရှိယင် ဒုက္ခချုပ်လိမ့်မယ်။ ဒုက္ခသာ-ဒုက္ခ၏၊ အဆုံး-အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ကရိယာတိ-သစ္ဆိကရိယာတို၊သေသေချာချာ မြင်ရပါလိမ့်မယ်၊ မျက်မှောက်ပြုနိုင်ပါလိမ့်မယ်-(မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီ)၊

ကဲ.... ဗိုနေ့ည ဗိုတွင် တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ခန္ဓာထဲ ရှိကောင်းသောတရားနှင့် မရှိကောင်းသော တရား

# အလုပ်ပေးတရားတော်

[၁၄-၁၂-၁၉၆၁]

တရားနာကြတယ်ဆိုတဲ့ ဥစ္စာက ဘာပါလိမ့်မတုံးလို့ မေးလို့ရှိယင်ဖြင့် ခန္ဓာထဲမှာ ရှိကောင်းတဲ့တရားနဲ့ မရှိကောင်းတဲ့ တရားကို သိဖို့ တရားနာကြတယ်လို့ မှတ်ရမယ်နော်-(မှန်ပါ)။

တရားနာကြတဲ့ ဒကာ၊ ဒကာမတွေသည် ဘယ့်နှယ်ကြောင့် တရားနာကြပါလိမ့်မလဲလို့ အမေးထုတ်လို့ ရှိယင် ခန္ဓာထဲမှာ ရှိကောင်းတဲ့တရား၊ ခန္ဓာထဲမှာ မရှိကောင်းတဲ့တရား ဒီနှစ်ခုကို သိဖို့ တရားနာကြပါတယ်-(မှန်ပါ)၊ ခန္ဓာထဲမှာ ရှိကောင်းတဲ့ တရားဆိုတာက မောင်ဘသော်တို့ ဒကာကြွယ်တို့ဇာ မှတ်ပါ၊ သမ္မာဒိဋ္ဌိ ရှိကောင်းတယ်- (မှန်ပါ)၊ ခန္ဓာထဲ မရှိကောင်းတဲ့ တရားက မိစ္ဆာဒိဋ္ဌိ မရှိကောင်းဘူး-(မှန်ပါ)။

ခန္ဓာထဲ ရှိကောင်းတာက- (သမ္မာဒိဋ္ဌိပါဘုရား)၊ ခန္ဓာထဲ မရှိကောင်းတာက-(မိစ္ဆာဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



ကြော်....တကာကြွယ် ဒီနှစ်ခုဟာ သိပ်အရေးကြီးပါတယ်-(မှန်ပါ)၊ ဒီနှစ်ခုကို ဒကာ,ဒကာမတွေ ဒီနေ့ ရှင်းလင်းပြောရမယ်-(မှန်ပါ)၊ တရားနာကြတယ်ဆိုတာ ခန္ဓာထဲမှာ ရှိကောင်းတဲ့ တရားနဲ့ မရှိကောင်းတဲ့ တရားကို ရွေးချယ်ပြီး သကာလ ရှိကောင်းတဲ့ တရားကို များများ ရှိအောင်, မရှိကောင်းတဲ့ တရားကို ပယ်နိုင်ရအောင် ဒါအရေးကြီးပါတယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ရလိမ့်မယ်နော်-(မှန်ပါ)။

ကိုင်း....ဒါဖြင့်ပြောကြပါစို့တဲ့။ ဒကာ,ဒကာမတွေ အခုလို သံသရာကြီးရှည်ပြီး သကာလ ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး အတိုင်း အိုလိုက်,နာလိုက်,သေလိုက် ထပ်ပြီးသကာလ နေတာဟာ မရှိကောင်းတဲ့ တရား ရှိနေလို့- (မှန်ပါ)၊ ရှိတောင်းတဲ့ တရား ရှိမယ်ဆိုလို့ရှိယင်လဲ အိုလိုက်, နာလိုက်,သေလိုက် ဆိုတဲ့ ခန္ဓာဇာတ်ဟာ ရပ်စဲပြီးသကာလ အအို,အသေ သိမ်းပါပြီ....(မှန်ပါ)။

ဒါဖြင့် တကာကြွယ်တို့ သံသရာ ရှည်တာဟာ ဘယ်နှယ် ကြောင့်ပါလိမ့်မတုံး မေးလို့ရှိယင်ဖြင့် တရားက မနာခဲ့ရတော့ ခန္ဓာထဲ ရှိကောင်းတဲ့ တရားကိုလဲ မသိဘူး-(မသိပါဘူးဘုရား)၊ မရှိကောင်းတဲ့ တရားကော- (မသိပါဘူးဘုရား)၊ အဲဒီ မသိမှုတော့ ထပ်နေလို့ ဤကဲ့သို့ အရှုပ်အထွေးတွေ ဖြစ်ပြီးသကာလ သံသရာထဲမှာ အိုဘေး,နာဘေး,သေဘေးတွေနဲ့ အဖော်လုပ်ပြီး နေရတယ်ဆိုတာဖြင့် ရိပ်မိကြပါပြီ-(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ဒကာဒကာမတွေ ရှိကောင်းတဲ့တရားဆိုတာသည် သမ္မာဒိဋ္ဌိ- (မှန်ပါ)၊ မရှိကောင်းတဲ့

http://www.dhammadownload.com



တဲ့ရားက - (မိစ္ဆာဒိဋ္ဌိပါ)၊ ဒါက အရေးအကြီးဆုံး အချက်ပဲ မှတ်ပါ- (မှန်ပါ)။

ဒကာ ဒကာမတို့၊ ခန္ဓာထဲမှာရှိတာက ဖြစ်မှုပျက်မှု အနိစ္စ ဒုက္ခ အနတ္တတွေ ရှိပါတယ် - (မှန်ပါ)၊ ခန္ဓာထဲမှာ နဂိုရှိနေတာက သဗ္ဗေ သင်္ခါရာ အနိစ္စ။ အနိစ္စာ ဝဘ သင်္ခါရာ ဆိုတဲ့ အတိုင်း အနိစ္စနဲ့ သင်္ခါရပဲ ရှိဘယ် - (မှန်ပါ) တစ်နည်း သဗ္ဗေ သင်္ခါရာ အနိစ္စ, သဗ္ဗေ သင်္ခါရာ ဒုက္ခ, သဗ္ဗေ ဓမ္မာ အနတ္တ, ဆိုတာ ဒါတွေပဲရှိတယ် - (မှန်ပါ)- အတိုချုံးလိုက်တဲ့အခါ ကျတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်မှုပျက်မှုပဲ ရှိတယ် - (မှန်ပါ)၊ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် ဒါပဲ ရှိပါတယ် - (မှန်ပါ)။

အဲဒါရှိဘာကို မိစ္ဆာဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်ကဘော့ ဖြစ်မှုပျက်မှု ချမ် နာမ် ဓမ္မကို ယောကျ်ားပဲ မိန်းမပဲ ငါပဲ သူပဲ လို့ ထင်တယ်။ မရှိကောင်းတဲ့ဘရား ရှိနေပြီဆိုယင် ဖြစ်မှုပျက်မှုတရားကို ငါ သူ တစ်ပါး ယောကျ်ားမိန်းမလုပ်ဘယ် - (မှန်ပါ)။

ဖြစ်မှုပျက်မှုခန္ဓာကြီးကို ဘာလုပ်ပါလိမ့်- (ငါ သူ တစ်ပါး ယောကျ်ား မိန်းမ လုပ်နေပါတယ်ဘုရာ)။

အဲဒါက မှတ်ကြစမ်းပါ- တရားဘစ်ပွဲလုံး မရှိကောင်းတဲ့ ဘရားဆိုတာ ဘာပါလိမ့် - (မိစ္ဆာဒိဋ္ဌိပါ)၊ မိစ္ဆာဒိဋ္ဌိ ဆိုဘာ ဖေါက်ပြန်ပြီး သိနေတဲ့အရှိ - (မှန်ပါဘုရား)၊ ဖေါက်ပြန်ပြီး သိနေတဲ့ဘရားရှိနေလို့ - (မှန်ပါ)၊ သဘောပါကြပလား - (ပါပါပြီဘုရား)။

ခန္ဓာထဲမှာ တကယ်ရှိတာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟောဘဲလဲ အနိစ္စ ဒုက္ခ အနတ္တပဲ ရှိတာပဲ - (မှန်ပါ)၊

http://www.dhammadownload.com



ဟောပြန်တော့လဲ - (အနိစ္စ ဒုက္ခ အနတ္တ ပဲ ရှိပါတယ်ဘုရား) အနိစ္စ ဒုက္ခ အနတ္တ ပဲ ရှိတယ် လို့ပဲ ဟောတဲ့ပဲ - (မှန်ပါ)၊ ဒကာ ဒကာမတွေ သန္တာန်မှာ မရှိကောင်းတဲ့ တရားက ရှိပြီး နေပြီဆိုမှဖြင့် ဒီအနိစ္စ ဒုက္ခ အနတ္တတွေကို ပင်လျှင် ငါပဲ သူပဲ ယောကျ်ားပဲ မိန်းမပဲ လို့ လုပ်နေကြတယ် - (မှန်ပါဘုရား)၊ ဘယ်တရားပါလိမ့်မလဲလို့ အကဲခတ်ကြည့်တော့ မရှိကောင်းတဲ့ တရား ရှိနေလို့ - (မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီ)။

အဲဒါ တရားမနာရလို့ရှိယင်ဖြင့် မရှိကောင်းတဲ့ တရားဟာ အမြဲရှိတာပဲ - (ရှိပါတယ်ဘုရား)၊ တရားနာရမှ ရှိကောင်းတဲ့ တရားရှိလာတာ - (မှန်ပါ)။

ဒါဖြင့် တရားမနာရတဲ့ပုဂ္ဂိုလ်များမှာဖြင့် မရှိကောင်းတဲ့ တရား ရှိနေမှာပဲ - (မှန်ပါ)၊ မရှိကောင်းတဲ့ တရား ရှိနေပြီ ဆိုမှဖြင့် မရှိကောင်းတဲ့တရားက မိစ္ဆာဒိဋ္ဌိ- (မှန်ပါ)၊ မိစ္ဆာဒိဋ္ဌိ ဆိုတော့ သူ့အပေါ်က လိုက်လာတယ်။ ဒိဋ္ဌိဉပါဒါန်လိုက်လာ တယ်* -(မှန်ပါ)၊ ဒိဋ္ဌိဉပါဒါန်ပြီးတော့ ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံ လိုက်လာတယ် - (မှန်ပါ) ကံလိုက်လာပြီ ဆိုမှဖြင့် ကမ္မ ဘဝ ပစ္စယာ ဇာတိ ဒုက္ခ သစ္စာလိုက်လာတယ် - (မှန်ပါ)၊ မလိုက် ဘူးလား – (လိုက်ပါတယ်ဘုရား)၊ အဲဒါ စဉ်းစားစမ်းပါ၊ ဒကာ ဒကာမတို့ တရားမနာတော့ မရှိကောင်းတဲ့တရား ရှိ နေတယ် – (မှန်ပါ)။

---

* ဒိဋ္ဌိ ဉပါဒါန်ဆိုသဖြင့် ဒိဋ္ဌိ တရားကိုယ် ဉပါဒါန် သုံးမျိုး စလုံး ဖြစ်နိုင်သည်။

http://www.dhammadownload.com



ဘာပါလိမ့်မလဲ — (တရားမနာတော့ မရှိကောင်းတဲ့တရား ရှိနေပါတယ်ဘုရား)၊ မရှိကောင်းတဲ့ တရား ရှိနေတယ်လို့ ဒကာ၊ ဒကာမတွေ မှတ်လိုက်တော့မှ ဪ.... တရားမနာတဲ့ သတ္တိဟာ တယ်ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား)၊ တရား မနာတဲ့သတ္တိဟာ အင်မတန် ဆိုးတယ်ဆိုတာ မှတ်ပါနော်.... (မှန်ပါ)။

ဒါကလဲ ဒီနေရာမှာ စကားပြောခွင့်ကြုံလို့၊ တရားဟော ခွင့်ကြုံလို့ ဒကာ ဒကာမတွေကို သတိပေးရဦးမယ်- (မှန်ပါ)၊ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ဆိုင်တဲ့ တရား ကို နာရမှ — ဒီ ဒိဋ္ဌိက ပြုတ်မှာ — (မှန်ပါ)၊ ဒါနတရား၊ သီလ တရားလောက်နဲ့ တင်းတိမ်ရောင့်ရဲနေကြမယ်ဆိုယင်လဲ ဒိဋ္ဌိက မပြုတ်ဘူး ဒကာကြယ် - (မှန်ပါ)၊ ငါလုပ်ယင် ငါရတာပဲ ငါဆောက်တည်ယင် ငါအသက်ရှည်တာပေါ့-(မှန်ပါ)၊ ခက် နေပြီကော ဒကာ ဒကာမတို့၊ ဒါန သီလ သက်သက်လောက် နဲ့ ဆိုတော့လဲ ဒီတရားမျိုးလောက်သာ နာထားရပြန်တော့လဲ သက္ကာယဒိဋ္ဌိဆိုတဲ့ မရှိကောင်းတဲ့တရားက ဝင်ပြီးရှိနေတယ် — (မှန်ပါ)။ သဘောပေါက်ကြပလား - (ပေါက်ပါပြီဘုရား)။

ဒါကြောင့် တရားပေမယ့်လဲ ခန္ဓာ အာယတန ဓာတ် သစ္စာနဲ့ စပ်တဲ့ သုညတ တရားကိုနာရမှ ဒကာ ဒကာမတို့ လမ်းမှန် တွေ့မယ် ဆိုတာ သေသေချာချာ မှတ်ကြစမ်းပါ —(မှန်ပါ ဘုရား)။

ပညာ့ဂုဏ်ရည်(၂၁)

ဘယ်တရားမျိုး နာရမှာပါလိမ့် - (ခန္ဓာ အာယတန ဓာတ် သစ္စာ ဆိုက်တဲ့ တရားမျိုးနာရမှာပါ)၊ သုညတ တရားနာရမှာ - (မှန်ပါ)။

သုညတ တရားဆိုတာကလဲ ခင်ဗျားတို့ စပ်မိအောင်လဲ ပြောရဦးမယ် ဦးတာအုန်းရေ - (မှန်ပါ)၊ ရုပ်ခန္ဓာတွေတယ်ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ပါသေးသလား - (မပါပါဘူး)၊ အဲဒါ ပုဂ္ဂိုလ် သတ္တဝါမှဆိတ်သုဉ်းသောကြောင့် သုညတ - (မှန်ပါ)၊ ဝေဒနာကို ပြောနေမယ် ဆိုယင် ပုဂ္ဂိုလ် သတ္တဝါ ပါသေးသလား - (မပါပါဘူး)၊ ဒါဖြင့် ခန္ဓာပြောနေယင် သုညတ - (မှန်ပါ)၊ အာယတနပြောနေယင် - (သုညတပါ)၊ ဓာတ်တွေပြောနေယင် - (သုညတပါ)၊ သစ္စာတွေပြောနေယင် - (သုညတပါ)၊ ပဋိစ္စသမုပ္ပါဒ်တွေ ပြောနေယင် - (သုညတပါ)၊ အဲဒီ တရားမျိုး နာရမှလဲတကာကြွယ် ဒိဋ္ဌိကပြုတ်တာ - (မှန်ပါ)၊ ခုနက ဒါနတရားသီလတရား သဘောနဲ့သာဆိုယင် ဦးတာအုန်း မပြုတ်ဘူးနော် - (မှန်ပါ)။

ကဲ... ဒါနတရားတွေ ဒကာ ဒကာမတွေ စဉ်းစားကြည့်စမ်း။ နဂိုယူထားတဲ့ ကိုယ့်အယူပဲ အကဲခတ်ကြည့်လိုက်ယင် ပေါ်ပါတယ်။ ဒို့တော့ဒါနဲ့ပြုရဦးမယ်...၊ ဒါမှနောက်ဘဝမှာ ကိုယ့်မှာ ပေါ်များမှာတဲ့ - (မှန်ပါ)၊ ဟော ကိုယ်လွတ်ကဲ့သလား - (မလွတ်ပါဘူး)၊ ကိုယ် ဆိုတော့ ငါပေါ့ဗျာ - (မှန်ပါ)၊ ငါပြုတ်ကြရဲ့လား - (မပြုတ်ပါဘူး)၊ အဲဒါဖြစ်လို့ မပြုတ်ပါလိမ့်မတုံး ဆိုတော့ သုညတ တရား မဟုတ်လို့ - (မှန်ပါ)။

http://www.dhammadownload.com



ဦးဘအုန်း သေချာသေချာမှတ်ပါ။ ဘာတရား မဟုတ်လို့တုံး – (သုညတ တရား မဟုတ်လို့ပါဘုရား)၊ သုညတ မဆိုက်လို့ – (မှန်ပါ) သီလဆောက်တည်ပါသားလို့ ဒါနကြွယ်က တိုက်တွန်းလို့ရှိယင် အို...ကိုယ့်ဟာကိုယ် ဆောက်တည် ကိုယ်အသက်ရှည်တာပဲ၊ အင်း.... ဒိဋ္ဌိပဲ ပြန်ပေါ်တယ် - (ပေါ်ပါတယ်ဘုရား)၊ ဒါဟာ ဘယ်တရားမနာရလို့ပါလိမ့် -(သုညတ တရား မနာရလို့ပါဘုရား)။

အဲ.... မှတ်ထားကြပါ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားကိုမှ မနာရလို့ရှိယင် ဒိဋ္ဌိက ပြုတ်ကိုမပြုတ်ဘူး- (မှန်ပါ)၊ ဒိဋ္ဌိက ပြုတ်ကို မပြုတ်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အပါယ်လေးပါးက လွတ်ကိုမလွတ်ဘူးလို့ မှတ်ပါ - (မှန်ပါ)။

ဒါဖြင့် တရားပေးမယ့် ဒကာကြွယ် ဘယ်တရားအရေးကြီး ပါလိမ့် – (သုညတ တရား အရေးကြီးပါတယ်)၊ ဒါဟာ ဒကာဒကာမတို့ သုညတ တရား အရေးကြီးတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ - (မှန်ပါ)၊ သုညတ တရား ဆိုတာ ဘာပါလိမ့်မတုံး ဆိုတော့ ငါ - ငါ့ဥစ္စာ သို့ မစွဲတဲ့ တရားကို နာရမှာ - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)၊ ငါ- ငါ့ဥစ္စာ ဆိတ်သုဉ်းတဲ့ တရားကို နာရမှ သုညတ ဆိုက်တယ် – (မှန်ပါ)။

ကဲ....ဒါဖြင့် ပြန်ပြောပါ့မယ် ဒကာဒကာမတို့၊ ရုပ်တရား ဟောတော့ကို ခန္ဓာကိုယ်ထဲမှာ ရုပ်တရားပဲရှိတယ် လို့ ဟောလိုက်လို့ရှိယင် ဒါ ဘာတရား ခေါ်ကြမတုံး - (သုညတ တရားပါ

http://www.dhammadownload.com



ဘုရား)၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာပဲ ရှိတယ်လို့ ဟောလိုက်ရင် - (သုညတ တရားပါဘုရား)၊ အဲ....ခန္ဓာတွေဟောယင် - သုညတ-(မှန်ပါ)၊ အာယတနတွေ ဟောယင်- (သုညတပါ)၊ အာယတနတွေဟောယင်- (သုညတပါ)၊ သစ္စာတွေဟောယင်-(သုညတပါဘုရား)၊ ငါ - ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား - (မဆိုနိုင်ပါဘူး)၊ ပဋိစ္စသမုပ္ပါဒ်တွေ ဟောလိုက်ယင်-(သုညတပါဘုရား)၊ ဒါကို သေသေချာချာမှတ်ပါ တကယ်ကြွဆိုရ၊ သုညတ တရားကို နာရမှ ဒိဋ္ဌိပြုတ်တယ် - (မှန်ပါ)။

ပြောကြစမ်းပါဦး၊ ဘာတုံး - (သုညတ တရားကို နာရမှ ဒိဋ္ဌိ ပြုတ်ပါတယ်)၊ ဪ .... ဒါဖြင့် ဒါတွေ မနာရသေးတဲ့ ပုဂ္ဂိုလ်တွေဖြင့် အပါယ်ကျစေတတ်တဲ့ ဒိဋ္ဌိ မပြုတ်ပါဘူး- (မှန်ပါ)၊ မပြုတ်လို့ရှိယင် ဦးဘအုန်းရေ၊ တက်လိုက် ဆင်းလိုက် နေဦးမှာပဲ – (မှန်ပါ)

ဘယ်လိုဆိုကြမယ် - (တက်လိုက်ဆင်းလိုက်နေဦးမှာပေါ့)၊ သုဂတိ တက်လိုက် ဒုဂ္ဂတိ ဆင်းလိုက်နဲ့ နိဗ္ဗာန်ဘက်တော့ လုံးဝ မသွား - (မှန်ပါ)၊ တကာကြွယ် ဒီလိုနေလိမ့်မယ် - (မှန်ပါဘုရား)၊ ဘယ်တရားနာရမှ ဒိဋ္ဌိပြုတ်မှာတုံးလို့ မေးလို့ရှိယင် သုညတ တရား နာရမှ - (မှန်ပါ)။

ဘယ်တရား နာရမှတုံး - (သုညတ တရားနာရမှပါဘုရား)။

သေသေချာချာမှတ်ပါ ဒကာ ဒကာမတို့၊ ဒီဟာ သာမည ပြောနေတယ်လို့ မယူပါနဲ့၊ အင်္ဂုတ္တိုရ် ပါဠိတော်မှာ သုညတ တရား မနာရလို့ရှိယင် ဒိဋ္ဌိဖြစ်မယ်တဲ့ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ နာထားရတာက ဘာလှူသို ဘယ်သူ ဘာဖြစ် သွားတယ်။ ဘယ်သူနိဗ္ဗာန်ဝင်သွားတယ် - (မှန်ပါ)၊ ဘယ် သူဟာ သီလကို တစ်ကြိမ်တည်းဆောက်တည်ယိုက်တာနဲ့ လူ့ ပြည် နတ်ပြည်ကို သူဟာအကြိမ်ကြိမ်ခံစားရတယ်၊ ၎င်းနောက် သူ နိဗ္ဗာန်ဝင်သွားတယ် ဆိုတော့ ဒီပုဂ္ဂိုလ်ပဲ လုပ်တာပဲ၊ ဒီ ပုဂ္ဂိုလ်ပဲ နတ်ပြည် အကြိမ်ကြိမ် ခံစားတာပဲ၊ ဒီယောကျ်ား ဒီမိန်းမပဲ နိဗ္ဗာန် ဝင်သွားတာပဲလို့ ဆိုတော့ ဒါဟာ သုတ္တန် ဒေသနာတော် သမ္မုတိသစ္စာနည်းနဲ့ ဟောထားတော့ နာ ကြားသူက မယူတတ်ယင် သုညတဆိုက်တဲ့ဆီကို မရောက်ဘဲ ဖြစ်နေတတ်တယ် - (မှန်ပါ)၊ ဒီတော့ သုညတဆိုက်ဖို့ ဖြည့် စွက်ပြောပေးယင် ပိုပြီးရှင်းသွားပါလိမ့်မယ် - (မှန်ပါ)။

ဒါကြောင့် ဦးဘာအုန်းတို့ မောင်ဘာသော်တို့ မသိကြလို့ - ဤကား သုတ္တန်ဒေသနာတော်ဖြစ်ချေသည်၊ အဘိဓမ္မာဒေသ နာတော်မြတ်သည်ကား .... ဆိုပြီးသကာလ တစ်ခါ ဆက်လက် ပြီး ရှေးဆရာတော်ကြီးများ ဟောပြောလေ့ ရှိကြတယ် - (မှန်ပါ)၊ ဆက်လာတော့ ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ၊ တစ်နည်းအားဖြင့်လဲ ဟေတုပစ္စယော၊ အာ ရမ္မဏပစ္စယော - စသည်ဖြင့် အဘိဓမ္မာရွတ်ပြီး ဟောပြောကြ တယ် - (မှန်ပါ)။ အဲဒါ သုညဘ ပရမတ္ထသစ္စာတွေရွတ်တာ- (မှန်ပါ)။

ဦးဘာအုန်း ဒါတွေဟာ ဘာရွတ်တာတုံး - (သုညတ ပရမတ္ထ သစ္စာတွေ ရွတ်တာပါ)။

သုညတ နားမလည်လို့ရှိယင် ဒီဌ မပြုတ်မှာစိုးတာနဲ့ အဘိ ဓမ္မာထည့်ဦး သုညတထည့်ဦးဆိုပြီး ဟောကြတာ - (မှန်ပါ)။

သဘောကျပလား - (ကျပါပြီဘုရား)၊ သုံ့ညတ နားမလည်ယင် သက္ကာယဒိဋ္ဌိက မပြုတ်ဘဲနေမှာစိုးလို့ - (မှန်ပါ)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ကလဲ တရား ဒေသနာတော် ဟောပြီးယင် နောက်ဆုံးပိတ်ကျတော့ သစ္စာ ဒေသနာတော်ကို ဟောပြရိုးအစဉ်ကို ဒေသနာတော်စဉ်မှာ ကြည့်ယင် ထင်ရှားနေပါတယ် - (မှန်ပါ)၊ သစ္စာနဲ့ပြုပြီး ဤကား သမုဒယ သစ္စာ၊ ဒုက္ခ သစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂ သစ္စာ စသည်နဲ့ သိမ်းတန်လဲ သိမ်းရမယ် - (မှန်ပါ)၊ ဘယ့် နှယ်ကြောင့် သိမ်းရပါလိမ့်မလဲမေးတဲ့အခါကျတော့မှ ရှေက ဟောခဲ့တဲ့ သမ္မုတိတွေဖြစ်ပြီး သုညတဆိုက်အောင် ဝိပဿနာ ထင်မြင်အောင် ဟောရတာ - (မှန်ပါ)၊ ရှင်းပလား - (ရှင်း ပါပြီဘုရား)။

အလျှင်ဟောလာတာတွေကို - (သုညတဆိုက်အောင် ဖြည့် စွက်ပြီး သစ္စာထည့်ရတာပါ)။

အလျှင် ဟောခဲ့တာတွေက ဇာတ် ဝတ္ထု အကြောင်းအရာ စသည်ဖြစ်နေတော့ ဒိဋ္ဌိမကွာယင် နိဗ္ဗာန်မရောက်နိုင်ဘူး - (မှန် ပါ)၊ ဒိဋ္ဌိတန်းလန်းနဲ့တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အားထုတ်လို့ မရနိုင်ဘူး - (မှန်ပါ)၊ အဲဒါကြောင့် ဤကားသုတ္တန်ဒေသနာ တော် ဖြစ်ချေသည်၊ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော အစရှိသည်နဲ့ ခန္ဓာကိုယ် ထဲမှာ ဟေတုသာ ရှိပါတယ်၊ အာရမ္မဏသာ ရှိပါတယ်၊ အ ကြောင်းအကျိုးသာ ရှိပါတယ် ဆိုတော့ သာကို ဖျက်ချလိုက် တနေတုံး၊ အလျှင်ရိုးရိုး ဟောတုန်းကတော့ မည်သူ မည်ဝါဟာ ဘာလူလို့ ဘာ့တန်းပြီ၊ နိဗ္ဗာန်ဝင်သွားတယ် ဆိုတော့ ပုဂ္ဂိုလ်

http://www.dhammadownload.com



သတ္တဝါတွေပေါ်နေတယ်။ အဲဒီပုဂ္ဂိုလ်သတ္တဝါသဏ္ဌာန်တွေနဲ့ဖြင့် မဖြစ်နိုင်သေးဘူးဆိုပြီးသကာလ ဟောဒီပစ္စုပ္ပန်အာရမ္မဏပစ္စယော – စသည်ဖြင့် အကြောင်းအကျိုးတွေပါ - (မှန်ပါ)၊ ထပ်ပြီး ဖျက်ပစ်ရတာ - (မှန်ပါ)၊ ရိပ်မိပလား – (ရိပ်မိပါပြီ)။ *

ခင်ဗျားတို့ တရားသာနာနေကြတာ ဘာရယ်လို့မသိဘူး။ ဒီဥစ္စာကို နောက်ဆက်တွဲ ဘယ်နှယ်ကြောင့် တွဲပါလိမ့်မလဲလို့ ရှေ့ပိုင်းက ဘာဖြစ်လို့မှန်းလဲ မသိပါဘူး၊ ခက်လိုက်တာဦးဘအုန်းတို့က - (မှန်ပါ မသိပါဘူးဘုရား)၊ အေးအခုပြောမှ ရိပ်မိတာပဲ - (မှန်ပါ အခုမှပဲ ရိပ်မိပါတယ်ဘုရား။

---

* မြတ်စွာဘုရားသည် ရှေ့ပိုင်း၌ သမ္မုတိ ဖြစ်ပေါ်မှုကို ပြပြီး တရားနိဂုံးသတ်၌ ထိုသမ္မုတိစည်းစိမ်တွေကို အနိစ္စာနုပဿနာဉာဏ် ထင်မြင်အောင်၊ သစ္စာဉာဏ်ဆိုက်အောင်၊ ပဿာနန္ဒ သင်္ခါရာ ဧဝံ အနိစ္စာ ဧဝံ အဓုဝါ - စသည်ဖြင့် ဖျက်ပစ်မြဲ ဓမ္မတာ ဖြစ်ပေသည်။

ထိုသို့ဖျက်ပစ်ခြင်းကို ဆင်ကိုတန်းဆာဆင်ပြီးနှာမောင်းဖြင့်ချသော ဟတ္ထိသောဏ္ဍနိဒ္ဒနနည်း၊ ကလေးသူငယ်များ မြေကြီး၌ အိမ်ဆောက်ကစားပြီး အဆုံး၌ ဖျက်ပစ်ကြသည့် ပံသွာဂါရကီဠန - နည်းဟု သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်နှင့် မဟာသုဒဿနသုတ်တော်များ၌ လာသည်။

အလျင်ဟာတွေက သက္ကာယဒိဋ္ဌိမပြုတ်ဘူး- (မှန်ပါ)၊ ရှင်းပြီနော် - (ရှင်းပါပြီ)။

ဦးဘအုန်းတို့၊ မောင်ဘသော်တို့က စဉ်းစားကြည့်ပါ၊ ဇာတ်ပေါ်သော - တစ်ခါတည်း ဥပုသ်စောင့်တာနဲ့ နတ်ရွာ သုဂတိ အကြိမ်ကြိမ် ခံစားတယ်၊ နောက်ဘဝ ရဟန္တာဖြစ်သွားတယ်ဆိုတော့ ပုဂ္ဂိုလ် တစ်ယောက်တည်းက ကူးဆက်သွားတယ်ဆိုသလိုဖြစ်နေတော့ သဿတဒိဋ္ဌိတွေကကော - (ဝင်နိုင်ပါတယ်)၊ လူ့ပြည်မှာ ဥပုသ်စောင့်တာလဲ သူပဲ၊ နတ်ပြည်ဖြစ်သွားတာလဲ - (သူပါပဲ)၊ နိဗ္ဗာန်ဝင်သွားတာလဲ - (သူပါပဲ)၊ ဟာ....သွားပြီပေါ့ဗျ ဒီဥစ္စာ သဿတဒိဋ္ဌိတွေက မကွာတော့ဘူး - (မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါကော ပျောက်သေးရဲ့လား - (မပျောက်ပါဘူး)။ ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ ဓမ္မ ဟုတ်သေးရဲ့လား - (မဟုတ်ပါဘူး)။

အဲဒီလို ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းမှု မဖြစ်နိုင်လို့ သုညတဆိုက်သွားအောင် ဤကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်သည်၊ အဘိဓမ္မာဒေသနာတော်မြတ် သည်ကား ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ — စသည်ဖြင့် အဘိဓမ္မာကို နိဂုံးသတ်ပြီး ဟောရိုး၊ ပြောရိုး ပြုကြတယ် - (မှန်ပါ)။ အဲဒါ နောက်ဆုံးပိတ် ဘာတွေဟောသိုက်တုံး - (သုညတဆိုက်အောင် ဟောလိုက်တာပါဘုရား)၊ အဲ .... ဟိုဟာတွေ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ ဓမ္မတွေပဲလို့သိအောင် ဖျက်ချလိုက်တာ၊ ရိပ်မိပလား - (မှန်ပါ)၊

နို့မဟုတ်လို့ရှိယင် တစ်ယောက်တည်းကပဲ လူ့ပြည်မှာ ဥပုသ်စောင့်တာလဲ သူပဲ၊ နတ်ပြည် အကြိမ်ကြိမ် စံစားတာသဲ

http://www.dhammadownload.com



ဥပုသ်တစ်ကြိမ်စောင့်တဲ့ ပုဂ္ဂိုလ်ပဲ၊ နောက်နိဗ္ဗာန်ဝင်သွားတာ လဲ ဥပုသ်တစ်ကြိမ် စောင့်တဲ့ ပုဂ္ဂိုလ်ပဲ ဆိုတဲ့ သဘာဝအယူ၊ ပုဂ္ဂိုလ်သတ္တဝါ ပါနေတယ် - (မှန်ပါ)၊ ဤကား သုတ္တန် ဒေသနာတော်မြတ် သည်ကားလို့ ဆိုတာက သူ့ ဖြစ်စဉ်ကို တန်းပြီးဟောတာ စင်စစ်တော့ဖြင့် ဟေဘုပစ္စယော၊ အာရမ္မဏ ပစ္စယော-တွေပါ၊ ရုပ်နာမ်တွေ ဖြစ်နေတာပါ - (မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါကို ဖျက်ချလိုက်ရတယ် ဦးဘအုန်း — (မှန်ပါ)၊ ဖျက်ချလိုက်တဲ့ အခါကျတော့ သုညတ ဆိုက်တယ်၊ သုညတ ဆိုက်သွားတော့မှ သက္ကာယဒိဋ္ဌိပြုတ်တယ် - (မှန်ပါ)။

သို့သော် ခင်ဗျားတို့က နားမလည်တော့ သုတ္တန်ပြီးလို့ အဘိဓမ္မာ ဆက်တာပဲ၊ ဒါလောက်ပဲ နားလည်တာပဲ။ အဘိဓမ္မာ ဆက်လို့ရှိယင်ဖြင့် တရားသိမ်းတော့မှာပဲ။ ဒါပဲနစ်းလည်တယ်၊ ဒီပြင် ဘာမှနားမလည်ဘူး - (မှန်ပါ)။

တကာကြွယ်တို့ အခုကြားရတာနော် - (မှန်ပါ)၊ စင်စစ် တော့ သုညတ မဆိုက်ဘဲနဲ့ သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား - (မပြုတ်ပါဘူး)- သက္ကာယဒိဋ္ဌိ တန်းလန်းနဲ့ ဆိုယင် နိဗ္ဗာန်ဝင် နိုင်ပါ့မလား - (မဝင်နိုင်ပါဘူး)၊ သက္ကာယဒိဋ္ဌိဆိုတာ မဂ်တား ဖိုလ်တား၊ တရားပဲ၊ သဘောကျပလား - (ကျပါပြီ)၊ အဲဒီ တော့မှ ခုနင်တုန်းက ပြောခဲ့တဲ့ တစ်ဝတ္ထုလုံးဟာ အာရမ္မဏ ပစ္စယော-တွေ့, ဟေတုပစ္စယောတွေ အကြောင်းနဲ့အကျိုးရှိတာ ပဲ၊ ပုဂ္ဂိုလ်သတ္တဝါမပါဘူးလို့ ဒါကသိအောင် ဟောနေတာ- (မှန်ပါ)၊ ဒီတော့ သုညတ ဆိုက်မသွားဘူးလား - (ဆိုက် သွားပါတယ်)၊ အဲဒီ သုညတ ဆိုက်အောင်လို့ ပြန်ပြီး ဟော ရတာ - (မှန်ပါ)၊ သုညတ ဆိုက်မှ ဒိဋ္ဌိကွာတယ်၊ ဒိဋ္ဌိကွာမှ

http://www.dhammadownload.com



နိဗ္ဗာန်ဝင်နိုင်မယ်၊ လက္ခဏာရေးသုံးပါးဆက်လက်ရှုလို့ရှိယင် – (မှန်ပါ)။

ဒါကို တကာကြွယ်တို့က ဒီထိအောင် မယူပါဘူး၊ ဦးဘာ အုန်းတို့ကလဲ မယူပါဘူး – (မှန်ပါ)၊ အဘိဓမ္မာဆက်ယင် တရားသိမ်းတော့မှာ ရှုံပြီး ဒါလှကျသကြတယ် - (မှန်ပါ)၊ စင်စစ်တော့ဖြင့် ဇာတ်ဝတ္ထုတွေ ဟောယင် ပုဂ္ဂိုလ်သတ္တဝါစွဲ သက္ကာယဒိဋ္ဌိဝင်နိုင်စရာရှိနေလို့ ဒိဋ္ဌိပြုတ်တဲ့တရားကို နောက် ဆက်တွဲ တွဲရတာ - (မှန်ပါ)။

ဥပမာ– နတ်သားတစ်ဦးဖြစ်စေ၊ ဖားနတ်သားပဲဖြစ်စေ ဒါတွေဟာ နောက်ဆုံးပိတ် ကျတော့ ဖါးလဲ မဟုတ်ပါဘူး၊ နတ်သားလဲမဟုတ်ပါဘူး၊ ဟေဟုပစ္စယော အာရမ္မဏပစ္စယော တွေပါ၊ အကြောင်းအကျိုး ရုပ်နာမ်ဓမ္မတွေပါလို့ ဆိုလိုရင်း – (မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)၊ တစ်နည်း ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ တွေပါ မဟော ဘူးလား – (ဟောပါတယ်ဘုရား ။

အဲဒါ ဘာလုပ်တာတုံး ဆိုတော့ အလျင်ဟာက ပုဂ္ဂိုလ် သတ္တဝါ မပျောက်ဘူး - (မှန်ပါ)၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါ ပျောက်စေတာ - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

ပုဂ္ဂိုလ် သတ္တဝါ ပျောက်တာကို တကာကြွယ်တို့ ဦးဘာ အုန်းတို့က ပုဂ္ဂိုလ်သတ္တဝါ ပျောက်တယ်လို့ ဒီလိုယူသလား၊ တရားသိမ်းတော့မယ်လို့ ယူသလား - (တရားသိမ်းတော့မယ်လို့ ယူပါတယ်ဘုရား)၊ သွားပါပြီကော ခင်ဗျာ့တို့လဲ - (မှန်ပါ)၊ ဘုန်းကြီးကလဲ အဘိဓမ္မာ တပ်ခဲလိုက်တာတောင် အောက်မေ့ နေသေးတယ် - (မှန်ပါ)။

ဒါကလဲ ဒီလိုရှိပါတယ်။ ဟောတော်မူကြတဲ့ ဆရာတော် သမားတော်တွေကလဲ ဒီအကြောင်းကို ခွဲပြောဦးမှ ခင်ဗျားတို့ နားလည်မှာကိုး - (မှန်ပါ)၊ မခွဲဘဲနဲ့ စာပါတဲ့အတိုင်းလျှောက် နေပြန်လဲ သိပ်မဟုတ်လှသေးဘူး - (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီဘုရား)။

ကဲ - ဒါဖြင့် ဒီနေ့ ဒီဟာ ရှင်းသွားပလား - (ရှင်းပါပြီဘုရား)၊ ဘယ်ဘုရားမှ ခင်ဗျားတို့ ဒီဣန္ဒြိယကွာမှာတုံး - (သညာတဆိုက်အောင် ဟောမှ ဒီဣန္ဒြိယကွာမှာပါ)၊ ဒါကြောင့် ဝတ္ထုဇာတ်ကြောင်းတွေ ဟောရာမှာ အများအားဖြင့် ဤကား သုတ္တန်ဒေသနာတော် ဖြစ်ချေသည် ဆိုတုန်းက သညာတ မဆိုက်ခဲ့ဘူး။ ပုဂ္ဂိုလ်သတ္တဝါနဲ့ချည်း ဟောလာတယ် - (မှန်ပါ)၊ ပုဂ္ဂိုလ်သတ္တဝါနဲ့ချည်းဟောတော့ သက္ကာယဒိဋ္ဌိက ဦးစီးနေတာကိုး - (မှန်ပါ)၊ ဘယ်လိုစီးသတုံး၊ ငါလဲ ဒီလို လှူရမယ်၊ ငါလဲဒီလို လုပ်ရမယ်၊ သက္ကာယဒိဋ္ဌိပဲ ကူးစက်လာတယ် - (မှန်ပါ)။

တကာကြွယ် မကူးစက်ဘူးလား - (ကူးစက်ပါတယ်ဘုရား)၊ အဲဒီတော့ ဦးဘအုန်းရေ၊ ဒီလို ကူးစက်ကုန်တော့ ငါပြုတ်အောင် မပြုတ်ရပေဘူးလား - (ပြုတ်ရပါမယ်)၊ အဲဒီဟာတွေဟာ အဘိဓမ္မာဒေသနာတော် ပရမတ္ထသစ္စာနဲ့ ကြည့်လိုက်တော့ ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော တွေပဲ၊ အကျိုးအကြောင်းဆက်နေတာတွေ၊ အကြောင်းအကျိုးချုပ်မှ နိဗ္ဗာန်ရောက်မှာ - (မှန်ပါ)၊ ဒီလိုမြင်အောင် သွားရမှာ - (မှန်ပါ)၊ ရှင်းကြပလား - (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဘိဓမ္မာသတ်တာလဲ ဒကာကြွယ်ရိပ်မိရောပေါ့ - (ရိပ်မိပါပြီ)၊ ဘယ်လိုရိပ်မိသတုံးဗျာ - (သညာတ ဆိုက်အောင်

http://www.dhammadownload.com



ပါဘုရား)၊ အလျှင်တရားက သုညတ မဆိုက်ယင် နောက်တရားက ဘာလုပ်ပေးရသတုံး - (သုညတဆိုက်အောင် ထည့်ပေးရပါတယ်)၊ သုညတ ဆိုက်တော့ ဘာကျွသွားသတုံး – (ဒိဋ္ဌိကျွသွားပါတယ်)။

အဲ....ဒိဋ္ဌိမကျွသယင် ဒကာဒကာမတွေ ဒိဋ္ဌိ တန်းလန်းကြီးဖြစ်ပြီးသကာလနေတော့ နိဗ္ဗာန်မရောက်နိုင်တော့ ဘာဖြည့်စွက်ရသတုံး - (သုညတဆိုက်ဘဲ့တရား ဖြည့်စွက်ရပါတယ်)။

အဲဒါကြောင့် ဤကား သုတ္တန်ဒေသနာတော်ဖြစ်သည် ဆိုတုန်းကတော့ သုညတမပါခဲ့သေးလို့ ဟောခဲ့တဲ့တရားထဲမှာ – (မှန်ပါ)၊ အဘိဓမ္မာဒေသနာတော်မြတ်သည်ကားဆိုမှ သုညတပါလာတာ- (မှန်ပါ)။

ဤဒီသုညတကလဲ ခင်ဗျားတို့က သုတ္တန်တခြား အဘိဓမ္မာတခြားလို့ အောက်မေ့နေပြန်တာပဲ- (မှန်ပါ)၊ဒီလို မအောက်မေ့ရဘူး တကာကြွယ်၊ ခုနင်က ဟောခဲ့တဲ့ ဝတ္ထုတစ်ခုလုံးမှာ အကြောင်း အကျိုး ချည်းပဲလို့ ခုနင်က ဝတ္ထုကို ထပ်ပြီး အဘိဓမ္မာနည်းနဲ့ပြောနေတာ၊ သမုတိသစ္စာကို ပရမတ္ထသစ္စာနဲ့ ထပ်ပြီး အုပ်ပြတာ-(မှန်ပါ)၊ အကြောင်းအကျိုးချည်းပဲ ခန္ဓာနာမ်ရုပ်ချည်းပဲ ဒီလိုပြောပြနေတာ - (မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မယူနဲ့၊ ခန္ဓာ ရုပ်နာမ်ချည်းပဲ, အကြောင်း အကျိုးချည်းပဲ ဆိုတော့မှ ဒိဋ္ဌိက ဘယ့်နှယ်နေသတုံး- (ကျွပါတယ်ဘုရား)၊ အဲ....ဒိဋ္ဌိကျွတဲ့ တရားကျမှ ခင်ဗျားတို့ကလဲ ထပြီး ပြောတဲ့လူတွေဗျ-(မှန်ပါ)၊ ရိပ်မိပလား—(ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဘယ်ကျမ်း ထပြေးလေ့ရှိကြသတုံး- (ဒိဋ္ဌိခွာတဲ့ တရားကျမှ ထပြေးပါတယ်)။ ဒိဋ္ဌိနဲ့ တန်းလန်းတုန်းကတော့ သဘောကျ လိုက်တာ သာခု-သာခုနဲ့၊ ဒိဋ္ဌိနဲ့ သဘောကျနေတာ အဲဒါကျ- (မှန်ပါ)၊ တကယ့်ကို ဒိဋ္ဌိပြုတ်မည့် တရားကျလို့ ရှိယင်ဖြင့် ဦးဘအုန်းတို့ ထဖို့ပြင်ကုန်ကြပြီ-(မှန်ပါ)၊ မပြင်သေးဘူးလား- (ပြင်ပါတယ်ဘုရား)၊ ဘာဖြစ်လို့ ပြင်တာတုံး- (ပြန်မလို့ ပြင် တာပါ)၊ ပြန်တော့မလို့ ဒိဋ္ဌိကွာသွားယင် ခက်ချည်ရဲ့၊ မဟုတ် ဘူးလား- နို့မဟုတ် အပါယ်နဲ့ အိုးစားကွဲသွားမှာ စိုးရတယ်၊ မြန်မြန် ပြန်တာ အေးတယ်၊ ဒီအဓိပ္ပါယ်ပဲ ရောက်နေတယ်.... (မှန်ပါ)၊ ဒီအဓိပ္ပါယ်ကို မသိကြဘူး- (မှန်ပါ)၊ အခုတော့ ရိပ်မိပလား-(ရိပ်မိပါပြီ)။

အလျှင်ဟောလာတဲ့ ဝတ္ထု ဇာတ်လမ်း ဇာတ်ကြောင်းတွေ ဟာ စင်စစ်တော့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါဘူး၊ ကုသလာ ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာ ဓမ္မာတွေပါ၊ ဟေတု- ပစ္စယော, အာရမ္မဏပစ္စယော-တွေပါ၊ ရုပ်နာမ်တွေ ဖြစ်ပျက် ချုပ်နေကြတာပါ-(မှန်ပါ)၊ သဘောကျပလား- (ကျပါပြီ)၊ အဲဒါတွေဆိုတော့ ဦးဘအုန်း ဘာဖြစ်သွားသတုံး- (သုညတ ဖြစ်သွားပါတယ်)၊ ပုဂ္ဂိုလ် သတ္တဝါ ပျောက်သွားတယ်.... (မှန်ပါ)၊ သုညတသို့ ရောက်သွားတယ်-(မှန်ပါ)၊ အဲဒီ ရောက် သွားတော့မှ ဟိုဝတ္ထု တစ်ခုလုံးဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ပါဘူး၊ သုညတ တရား အနတ္တ တရားတွေပါလို့ ဟောလိုက် တာ-(မှန်ပါ)၊ ဟောလိုက်တော့ ဟိုဟာတွေကို မင်းတို့ဒီအတိုင်း ယူမနေနဲ့၊ ဟိုဟာတွေ ဒိဋ္ဌိတန်းလန်း ရှိနေတယ်၊ ဒီတော့ ဒိဋ္ဌိ တန်းလန်းမရှိအောင် ဒိဋ္ဌိကို ခွာပေးတဲ့ သဘောနဲ့ ကုသလာ-

http://www.dhammadownload.com



ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာ ဓမ္မာတွေပါ။ ဥပမာ– ဖားနတ်သား ဆိုကြပါစို့လဲ သူ့မှာရှိတာက တရားနာတာက ကုသလာဓမ္မာ-ရယ်, နဂို တိရစ္ဆာန်စိတ်က အကုသလာ ဓမ္မာ၊ သူ့မှာ ကျန်တဲ့ ရုပ်ကြီးနဲ့ နာမ်ဟာ အဗျာကတာ ဓမ္မာ-ပဲရှိတယ်။ ဖားရယ်လို့ သတ္တဝါကို မဟုတ်ဘူးလို့ ဒီလိုသိစေလိုရင်း- (မှန်ပါ)။

ပြီးတော့မှ နောက်ဆုံးပိတ် အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေပဲ ဆိုတော့ ဖားပျောက်သွားတယ်၊ မပျောက်ဘူးလား – (ပျောက်ပါတယ်)။

နဂို ဖားမပျောက်လို့ရှိယင်ဖြင့် ဒီဖားသည် လူ့ပြည်ကဖား၊ နတ်ပြည်ကျတော့ ဖားနတ်သား၊ နိဗ္ဗာန်ဝင်တော့လဲ ဖားနတ်သား ဝင်သွားတာပဲ ဆိုတော့ ခက်ပကော၊ ခင်ဗျားတို့ဟာ - မခက်ဘူးလား - (ခက်ပါတယ်ဘုရား)။

ကဲ–ဒါဖြင့် တကာကြွယ်၊ ခင်ဗျားတို့ မသိတာ ရှင်းပေးရတာနဲ့ နာရီဝက်ကြာသွားပြီ။ ရှင်းရတာကို လွယ်တာ မဟုတ်ဘူး - (မှန်ပါ)၊ ကဲ....အခုတော့ ရှင်းပလား - (ရှင်းပါပြီ)။

နောက် အကြောင်းတို့ ဘာတို့ ညီညွတ်လို့ တရားနာကြလို့ရှိယင် ရှေ့ပိုင်း ဝတ္ထုဇာတ်လမ်း မနာချင်နေပါ။ နောက်ဆုံးပိတ် သုညတဆိုက်တွဲနေရာမှာတော့ ကြိုးစားနာရမယ် – (မှန်ပါ)၊ ဒီနေရာမှာ ထနည့်ပြင်တာတို့ ပြန်မည့်ပြင်တာတို့ လုပ်ရမှာမဟုတ်ဘူး – (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

ဒါကြောင့် အာတိဓမ္မာဒေသနာတော်မြတ်သည်ကား ဆိုလို့ရှိယင် သုညတ ဆိုက်အောင် ကူးစက်လာတဲ့တရား၊ ဒိဋ္ဌိခွါတဲ့

http://www.dhammadownload.com



ဘုရားမို့ ဒီနေ့ရာမျိုးမှာ အရေးတကြီးလိုတာ-(မှန်ပါဘုရား)၊ ရှင်းပလား - (ရှင်းပါပြီ)။

ကဲ - ဒါဖြင့် ခင်ဗျားတို့ စမ်းမိလို့ ဗဟုသုတရှိအောင် တရားဟောစဉ်ကလေး ပြောလိုက်ပါဦးမယ်၊ တရားဟောစဉ်က ရှေးဦးစွာ ဒါနကထာ ဟောလိုက်တယ်၊ ဒါနကထာဆိုတော့ ဒါန၏ အကျိုးပေးတွေကို တစ်ခါတည်း လူလိုက် တန်းလိုက် ပေးလိုက် ကမ်းလိုက်တဲ့ အတွက် လူ့ပြည် နတ်ပြည် သုဂတိ ရောက်ကြောင်းမှာ ဒါနဟာ အလွန် ကိုးစား အားထားရာ ကြီးပဲ၊ ဒါနလူမှ စားရ သောက်ရ ဝတ်ရ နေရ ထိုင်ရတာ တွေပဲလို့ ဟောလိုက်တယ် - (မှန်ပါ)။ ပြီးတော့မှ တစ်ခါ သီလကို ဆက်ဆက်ပြီးဟောလိုက်ပြန်တယ်။ ဒါနတွေလုပ်ထား သော်လည်း အသက်ကိုတော့ အလကားပဲ။ သူ့ခါမှ တာရှည်ခံစား ရတယ်၊ နတ်ပြည်ဘက်ရောက်မှုမှာ သီလမှာ စောင်းတန်းကြီး ပဲဆိုပြီး၊ သီလရဲ့အကျိုးတွေကို ဦးဘအုန်းဟောချလိုက်တယ် - (မှန်ပါ)၊ နှစ်မျိုးရှိသွားပြီနော် - (မှန်ပါ)။

ပြီးတော့မှ အဲဒီ ဒါန သီလ ရှိတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန် ရောက် နိုင်တာ စသည်ဖြင့် သဂ္ဂကထာကို ဟောလိုက်တယ်၊ ဒါဟာ ဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ အနုပုဗ္ဗီကထာ- တရား ဟောစဉ်နော် - (မှန်ပါ)၊ ဒါနကထာ, သီလကထာ, သဂ္ဂ ကထာဆိုတော့ နတ်ပြည်ရောက်ကြောင်းနှင့် နတ်ပြည်ဆိုင်ရာ ကိုလဲ ဟောကြားတော်မူတာပဲ - (မှန်ပါ)။

ပြီးတော့မှ အဲဒီ နတ်ပြည် အကျိုးပေးနေတဲ့ ဥစ္စာတွေ၊ မြက်မီးရှူးကိုင်မိတာကွ၊ လွှတ်ယင်လွှတ်၊ မလွှတ်ယင် လောင် တာပဲ - ဆိုတော့ ဦးဘအုန်း၊ ဖျက်ချပစ်လိုက်တယ်-(မှန်ပါ)၊

မဖျက်ချဘူးလား - (ဖျက်ချပါတယ် ဘုရား)၊ ဒါဟာ ဟိုအကျိုးပေးရဲ့ အဖြစ်တွေကို ပြနေတယ် - (မှန်ပါ)၊ ခုနင်တုန်းက ဒါနဇောတွေ၊ သီလဇောတွေ၊ မဂ္ဂဇောတွေကို ဘာလုပ်ချလိုက်သတုံး - (ဖျက်ချလိုက်ပါတယ်ဘုရား)၊ ဖျက်ချလိုက်တယ်၊ ငါးပါးအာရုံ ကာမဂုဏ်ဆိုတာ အဋ္ဌကင်းလှပမာကာမာ - ခွေး အမဲရိုးကိုက်သလိုပဲ၊ ဘယ်တော့မှ ဝတယ်ရယ်လို့မရှိဘူး၊ နောက်ဆုံးပိတ် ဒီအမဲရိုးနားပဲ သေခြင်းဆိုး သေတာပဲ - (မှန်ပါ)၊ မြင်းမိုးရှိုးကိုင်တဲ့လူလဲ လေလာတဲ့ဘက်မီးရှို့သွားလို့ရှိယင် လွှတ်ယင်လွှတ်၊ မလွှတ်ယင် သူ့ကိုလောင်တာပဲ ဆိုပြီး ဒါတွေကို အဖြစ်တွေ ပြလိုက်တယ် — (မှန်ပါ)။

ပြီးတော့မှ နေကွာမှုအာနိသံသကထာ ဆိုပြီးတော့ ကာမမှထွက်ဖို့ ဟောတယ် - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

အဲဒါတွေဟောလိုက်ပြီးတော့မှ တော်တော်ကလေး ကိလေသာဆ ပါးလာတော့ ခုနင်တုန်းကတော့ ငါရမယ်၊ ငါခံစားရမယ်ဆိုပြီး သာယာတဲ့ တဏှာတွေ များနေတော့ ခုနင်က အဖြစ်တွေ ပြလိုက်တော့ တဏှာက ပါးမသွားဘူးလား.... (ပါးသွားပါတယ်)။

အဲဒီတဏှာက ပါးသွားပြီးတဲ့အခါကျတော့မှ ကာမဂုဏ်၏ အဖြစ်တွေပြပြီး တော်တော်ကလေး တက်လာတော့မှ တရားနာသူ ဝမ်းထဲကို အဇ္ဈာသယကို ဘုရားက ကြည့်ရှုတော်မူတယ်၊ ခုငို ပါးသွားပလား၊ မပါးသေးဘူးလား၊ ကိလေသာ နည်းသွားပလား၊ မနည်းသေးဘူးလားလို့ ကြည့်တော် မူတယ်။ ကာမာနံ အာဒီနဝကထာ ဟောလိုက်ကတည်းက ကာမဂုဏ်၏

http://www.dhammadownload.com



အပြစ်တွေ ပြလိုက်တော့တည်းက သူ့မှာ လိုချင် ရချင် တွယ်တာ ချင်တဲ့စိတ်တွေ ဘယ်နှယ်နေသေးသတုံး- (ပါးသွားပါတယ်)။

အဲဒီပါးသွားတဲ့ အချိန်ကျတော့မှ သာမုက္ကံသိကာ ဒေသနာ ဆိုတာ ဘုရားပွင့်လာတော်မူမှ ဟောနိုင်တဲ့ ဤကား-ဒုက္ခသစ္စာ၊ သူ့ကို ဖြစ်စေတဲ့ လောဘက သမုဒယ သစ္စာ၊ လောဘချုပ်လို့ ခန္ဓာသိမ်းတာ နိဗ္ဗာန်- နိရောဓသစ္စာ- (မှန်ပါ)၊ နိဗ္ဗာန်ရ အောင် ကျင့်တဲ့ ဘာဝေတဗ္ဗကိစ္စနဲ့ ပွားများရမှာက မဂ္ဂသစ္စာလို့ သစ္စဒေသနာတော်ကို ဟောလိုက်တယ်- (မှန်ပါ)၊ အထဲမှာ ကိလေသာဖြူစင်နေတုန်းမှ ဟောတော်မူတာ-(မှန်ပါ)။

ဝမ်းထဲမှာ ကိလေသာတွေ ဖြူစင်နေတဲ့အချိန်ကျတော့ ဘာ ဟောလိုက်သတုံး....(သာမုက္ကံသိကဒေသနာ ဟောပါတယ်)၊ သစ္စာဟောလိုက်တယ် ဆိုလိုက်ပါတော့-(မှန်ပါ)။

ဝမ်းထဲမှာ ဖြူစင်နေတုန်း ဘာဟောလိုက်သတုံး....(သစ္စာ ဟောလိုက်ပါတယ်ဘုရား)၊ အဲဒီမှာ သောတာပန်တည်တာပဲ၊ ဥပါလိ စသည့်တို့လဲ ဒီမှာ တည်တာပဲ-(မှန်ပါ)၊ သဘောကျ ပလား-(ကျပါပြီ)။

အဲဒါ ဘုရား တရား ဟောစဉ်လို့မှတ်ပါ၊ အလျှင်ဟာတွေ ဖျက်ရပါတယ်- (မှန်ပါ)၊ရှင်းပလား-(ရှင်းပါပြီ)။

ကဲ...ဒါဖြင့် ခင်ဗျားတို့ အလျှင်ဟာတွေဖျက်ပြီးသစ္စာဟော လိုက်တော့ သုညတာ မဆိုက်သေးဘူးလား- (ဆိုက်ပါတယ်)၊ ဒုက္ခသစ္စာထဲမှာလဲ ပုဂ္ဂိုလ် သတ္တဝါ ပါသေးရဲ့လား-(မပါ

http://www.dhammadownload.com



ပါဘူး)၊ ဿမုဒယသစ္စာထဲမှာကော– (မပါပါဘူး)။ နိရောဓသစ္စာထဲမှာကော-(မပါပါဘူး)၊ မဂ္ဂသစ္စာထဲမှာကော-(မပါပါဘူး)၊ အဲဒီလို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တရားနာပုဂ္ဂိုလ် ကိုလေသာဖြူစင်တဲ့အချိန် ကောက်ဟောလိုက်တော့မှ တစ်ခါတည်း သောတာပန် သကဒါဂါမိ အနာဂါမိ တည်သွားတယ်- (မှန်ပါ)၊ တစ်ခါတည်း ခန္ဓာကို နှလုံးသွင်းလိုက်ပြီပေါ့ဗျာ-(မှန်ပါ)၊ နှလုံးသွင်းလိုက်တော့ မြင်ပြီကော-(မှန်ပါ)၊ မြင်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ခုနင်က ဖြစ်ပျက်မြင်, ဖြစ်ပျက်မုန်း,ဖြစ်ပျက်ဆုံး တွေ့လာတော့တာပဲ-(မှန်ပါ)။ ရှင်းပလား–(ရှင်းပါပြီဘုရား)၊ သဘောပေါက်ကြပလား– (ပါပါပြီ)။

အဲဒါ ကြည့်စမ်း ဒကာ ဒကာမတွေ၊ ဘုရားက ဒါနတွေဟော, သီလတွေဟောပြီးတော့မှ အပြစ်တွေ ပြတယ်-(မှန်ပါ)။ ဒါတွေ သာယာနေမှာစိုးလို့- (မှန်ပါ)၊ အကျိုးမပေးဘူးလို့ ဟောတာမဟုတ်ဘူး ပေးပါတယ်၊ ပေးတဲ့အတိုင်း ငြိပြီး သာယာနေပြန်လို့ရှိယင်လဲမောင်ဘခဲသည် တစ်ခါတကျာကငြို့,ဒီငြိကငြိပေါ့ကွာ–(မှန်ပါ)၊ ငြိနေမှာစိုးလို့ အဲဒါတွေ အပြစ်တွေကွ၊ မြက်မီးရှူးလိုပဲ ခန္ဓာကိုယ် လောင်တာပဲ၊ အင်္ဂုတ္တိုလုပမာ ကာမာ–အစရှိသည်နဲ့ ဟောဘယ်–(မှန်ပါ)၊ မံသပေသူပမာ-ကာမာ–ကျီးတစ်ကောင်ဟာ အမဲသားတစ်ရတယ်၊ ရတဲ့ကျီးကို ဝိုင်းပြီး ဆိတ်ကြတယ်၊ တစ်ကောင်သော ကျီးက ကောက်ယူသွားပြန်ရော၊ ကောက်ယူတဲ့ကျီး အဆိတ်ခံရပြန်တယ်-(မှန်ပါ)။ မင်းတို့ ငါးပါး အာရုံ ကာမဂုဏ်တွေဟာ အဲဒီ အမဲသားတစ်နဲ့ တူသကွ၊ မင်းတို့ အဆိတ် အဆွခံပြီး သေချင်းဆိုး သေရ

http://www.dhammadownload.com



တတ်တယ်။ အလကား ဟာတွေက္ခ.... စသည်နဲ့ ဖျက်ချလိုက်တယ်- (မှန်ပါ)။

ဒီတော့မှ ဒါကိုတော့ဖြင့် မလိုတော့ချင်ဘူးလို့ တရားနာတဲ့ ပုဂ္ဂိုလ်မှာ ကိလေသာ ဖြူစင်နေတော့မှ ဟကာကြွယ် ဘာကိုဝ် ဟောသတုံး-(သစ္စာတရား ဟောပါတယ်)၊ အဲ.... ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောစဉ်လို့ ရိပ်မိပလား- (ရိပ်မိပါပြီ)၊ နောက်ဆုံးပိတ် သစ္စာဒေသနာ အဘိုမှာ သတ်တာပဲ ဆိုကြပါစို့-(မှန်ပါ)၊ အဲဒါ ဘာဖြစ်လို့ သတ်ရသတုံးဆိုတော့ အလျှင်ဟာတွေဟာ ဘာမှမဟုတ်ဘူးဟော့- အလျှင်ဟာတွေသည်ကား လိုဆိုယင် သူညာတဆိုက်အောင် မသွားတတ်မှာစိုးလို့ သူညာဘဆိုက်တဲ့ တရားကို ဘုရား နောက်ဆုံးပိတ် ဟောတယ်-(မှန်ပါ)၊ အဲဒီမှာ ရဟန္တာ ဖြစ်တာချည်းပဲဆိုတာ သဘောကျပလား.... (ကျပါပြီ)၊ အဲဒါ တရားဟောစဉ်လို့ မှတ်ကြပါ- (မှန်ပါ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတွေ သူညာဘ တရားပဲ ဟောပါမယ်တဲ့ ပဋိစ္စသမုပ္ပါဒ် ပြပြီးတော့နော်—(မှန်ပါ)။

တစ်ခုနေ့က တရား မဆုံးခဲ့တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သက္ကတိုင်းမှာ သီတင်းသုံးနေတယ်၊ ရဟန်းငယ်တွေက "အရှင်ဘုရား တပည့်တော်တို့ ပစ္စာဘူမက ဆိုတဲ့ ရွာကို သွားပရစေ"လို့ လျှောက်ထားကြတယ်- (မှန်ပါ)၊ ဘာကိစ္စတုံးဆိုတော့ ဟိုရွာသွားပြီး သီတင်းသုံး တရား အားထုတ်ချင်လို့.... (မှန်ပါ)၊ ဒီတော့ ဘုရားက မသွားရဘူးလို့ မတားဘူး.... (မှန်ပါ)၊ မင်းတို့နောင်တော်ကြီး ရှင်သာရိပုတ္တရာကို တိုင်ပင်ပြီးပလား- လျှောက်ထားပြီးပလား- မေးတော့ 'မလျှောက်ရသေးပါဘူးဘုရား'လို့ ဖြေကြတယ်- (မှန်ပါ)၊ သူ့ဆီကို သွား

http://www.dhammadownload.com



လျှောက် ထားကြဉီး– သူက ဆိုဆုံးမတတ်တယ်, သွန်သင် ဆုံးမတတ်တယ်၊ ဟိုကျယင် ဘယ်လို ပြောကြ ဆိုကြ ဆိုတာလဲ သွန်သင်တတ်တယ်၊ မင်းတို့ အပေါ်မှာ အင်မတန် သဲနာ စောင့်ရှောက်တတ်တယ်၊အဲဒါကြောင့် သူ့ဆီကို တောင်းပန်လျှောက်ထားချေကြဉီး ဆိုပြီး လွှတ်လိုက်ပါတယ်-(မှန်ပါဘုရား)။

လွှတ်လိုက်တော့ ရှင်သာရိပုတ္တရာဆီကို ရဟန်းငယ်တွေက ရောက်သွားတော့ မင်းတို့ ဘာကိစ္စတုံးလို့ ဆီးမေးတော့ တပည့်တော်တို့ ပစ္စာဘူမက သွားချင်လို့ဘုရား ဒါကြောင့် အရှင်ဘုရားဆီ လာပြီး လျှောက်ပါတယ်–(မှန်ပါ)။

ဒါဖြင့် မင်းတို့ဘုရားကို လျှောက်ခဲ့ပလား-လို့ မေးတော့ ဘုရားကို လျှောက်ခဲ့ပါပြီဘုရား၊ ဘုရားက သာရိပုတ္တရာဆီ သွားလို့ ဆိုလို့ လာခဲ့ပါတယ်ဆိုတော့ ရှင်သာရိပုတ္တရာက ရိပ်မိတယ်၊ ဪ.... ငါ့ကို သင်ကြား ပြသလိုက်ဖို့ ဒီရဟန်းငယ်တွေ လွှတ်လိုက်တာပဲဆိုပြီးသကာလ ရှင်သာရိပုတ္တရာက စကားစလိုက်တယ်-(မှန်ပါ)။

ရဟန်းငယ်တို့ မင်းတို့ ပစ္စာဘူမက သွားမယ်ဆိုတော့ အဲဒီမှာ တာရက္ခပုဏ္ဏားတို့ စိတ္တသူကြွယ်တို့လဲ ရှိတယ်၊ လူပညာရှိ ရဟန်းပညာရှိတွေဟာ ကြည့်နေတာ၊ မင်းတို့က သက္ကတိုင်းဘုရားဆီက လာတယ်ဆိုတော့ မင်းတို့ကို မေးလိမ့်မယ်....တဲ့။ ဘုရားဝါဒဟာ ဘာဝါဒတုံး, ဘုရားဟာ ဘယ်လိုဟောလေ့ရှိသတုံး၊ ဒီဟာတွေ သေသေချာချာ မေးမှာပဲတဲ့-(မှန်ပါ)။

ဘုရားဝါဒ - (ဘာဝါဒတုံး....)၊ ဘုရားဟာ ဘယ်လိုဟောလေ့ရှိသတုံး - (မှန်ပါ)။

http://www.dhammadownload.com



အဲ....ခင်ဗျားတို့လဲ အခု ဝါဒတွေ ဝါဒီတွေ သိပ်ရှုပ်တယ်နော် - (မှန်ပါ)၊ ဒီတော့ ကျုပ်တို့က ဘုရားဝါဒတစ်ခုဘည်း၊ အလျင်မှတ်ပါဦး။ ဗုဒ္ဓဘာသာဆိုပြီး ဒီပြင်ဝါဒတွေ လိုက်မနေပါနဲ့ဦး။ ဘုရားဝါဒကို အရေးတကြီး၊ မှတ်ကြစမ်းပါဆိုတာကို ပြောချင်လို့ ဒီဝတ္ထုထုတ်လာပါတယ် - (မှန်ပါ)၊ ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်မှာ လာတယ်လို့ မှတ်ကြပါ (မှန်ပါ)။

မင်းတို့ ဘုရားဆီက လာခဲ့ဘယ်ဆိုတော့ မင်းတို့ကို မေးလိမ့်မယ်တဲ့၊ ဟိုမှာ ပညာရှိမျိုးစုံတွေရှိနေကြတယ် - (မှန်ပါ)၊ ဘုရားဟာ ဘယ်ဝါဒတုံးလို့ - ဘုရားဟာ ဘယ်လိုဟောလေ့ရှိသတုံးလို့ မေးလိမ့်မယ် - (မှန်ပါ)၊ မေးတော့ မဖြေတတ်လို့ရှိယင်၊ လွဲသွားလို့ရှိယင် ဘုရားတောင် စွပ်စွဲရာ ရောက်သိမ့်မယ် - (မှန်ပါ)။

''ဒါဖြင့် တပည့်တော်များ ဟောပြမှ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်ဘုရား။ အရှင်ဘုရားကပဲ တပည့်တော့်တို့ကို သနားသဖြင့် ဆုံးမသွန်သင်ပေးပါတဲ့''ရဟန်းတွေကတောင်းပန်လာတယ် - (မှန်ပါ)။

အဲဒီတော့ ဒီတရားပွဲမှာ ကျောဒကာမတွေ ပြောချင်တာက ဗုဒ္ဓဘာသာဆိုတဲ့ဥစ္စာ ဘုရားဝါဒကိုလိုက်ကြတယ်၊ ခြောက်တို့ဘုရား ဘယ်ဝါဒရှိသတုံး ဆိုတာ မသိကြဘူး - (မှန်ပါ)၊ မသိတော့ ဒီနေ့ရှင်းလင်းပြီးသကာလ ပြပါမယ် - (မှန်ပါ)။

ရဟန်းကလေးတွေက ''အရှင်ဘုရား - တပည့်တော်တို့ကို ဟောပြတော်မူပါ၊ သွန်သင်တော်မူပါ၊ ဆုံးမတော်မူပါ''ဆိုတော့ မင်းတို့ကို ဟိုကျတော့ စိတ္တသူကြွယ် စသည်တို့က မေးကြပြီကွာတဲ့ — အရှင်ဘုရားတို့ ဘုရားဟာ ဘယ်ဝါဒရှိသတုံး

http://www.dhammadownload.com



လို့ — (မှန်ပါ)၊ အရှင်ဘုရားတို့က ဘုရားဆိုကလာတာ၊ ဘုရားဝါဒ ပြောစမ်းပါ ဆိုတာတော့ လာမှာပဲတဲ့ - (မှန်ပါ)၊ ဘုရားဝါဒမေးလို့ရှိယင် -

ဆန္ဒရာဂ ဝိနယက္ခာယီခေါ အာဝုသော သတ္ထာ....။ ဒီလို ဖြေပါတဲ့- (မှန်ပါ)၊ အာဝုသော-ငါ့ရှင်တို့-၊ သတ္ထာ-မြတ်စွာဘုရားသည်၊ ဆန္ဒရာဂ ဝိနယက္ခာယီ - ဆန္ဒရာဂ ပယ်ခြင်းကို ဟောကြားတော်မူလေ့ရှိ၏ - (မှန်ပါ)၊ ငါတို့ဆရာ၏ ဝါဒပဲတဲ့ - (မှန်ပါ)။

ဘုရားဝါဒဟာ ဒကာဒကာမတွေ- လောဘပယ်တဲ့ဝါဒဟာ ဘုရားဝါဒပဲ -(မှန်ပါ)၊ သေသေချာချာမှတ်ကြပါ- (မှန်ပါ)။

တကာကြွယ် ဘာတဲ့တုံး - (လောဘပယ်တဲ့ဝါဒဟာ ဘုရားဝါဒပါဘုရား)၊ ဘုရားဝါဒက ဘယ်ရောက်ရောက် ဘယ်သွားသွား လောဘပယ်ဖို့ပဲ - (မှန်ပါ)၊ ကိုယ်တော်တိုင်လဲ လောဘပယ်တာပဲ၊ သူတစ်ပါးကိုလဲ လောဘပယ်ဖို့ ဟောဟော်မူတာပဲ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)၊

ဘုရားဟောတဲ့ အခါလဲ လောဘပယ်ဖို့ပဲ ဟောလေ့ရှိတယ်- အဲဒီလို ဖြေကြပါ ကွာတဲ့-(မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဘုရားဟောတဲ့အခါလဲဘာကိုဟောလေ့ရှိသတုံး -(လောဘပယ်ဖို့ပဲ ဟောလေ့ရှိပါတယ်)၊ လောဘပယ်ဖို့ပဲ ဟောတယ်၊ ဘယ်သူ့ကိုဟောဟော - (မှန်ပါ)၊ အရေးတကြီးပုဂ္ဂိုလ် အလိုမလိုက်ဘဲနဲ့ ဟောယင် ဒါပဲဟောတယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)၊

ကြည့်ပါ၊ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ကြည့်ယင် ခင်ဗျားတို့ ရှင်းပါတယ် - (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ် ဟောလို့ရှိယင်

ထားပြီး ပိုမို ရှင်းပါလိမ့်မယ် – (မှန်ပါ)၊ ဒါဟာ ခင်ဗျားတို့ ခန္ဓာငါးပါး၊ ဒီနောက်က ဟောဒီ တဏှာ လောဘ မလိုက်ဖို့ ဟောတယ် – (မှန်ပါ)၊ ၂–နံပါတ်နောက်က ၃-နံပါတ် မလိုက်ဖို့ ဟောတယ် - (မှန်ပါ)၊ ဘုရားဝါဒက ဒီဘက် တဏှာ ဥပါဒါန် ကံ မလိုက်ဖို့ - (မှန်ပါ)၊ လောဘတို့ တဏှာတို့ ဥပါဒါန်တို့ ကံတို့ မလိုက်ဖို့ပဲ၊ ဒါ ဘယ်သူ့ဝါဒတုံး–(ဘုရားဝါဒပါဘုရား)၊ ရှင်းပလား၊ - (ရှင်းပါပြီဘုရား)။

ဆန္ဒရာဂ ဝိနယက္ခာယီ ခေါ အာဝုသော သတ္ထာ။ ကိုင်း ဒါဟာ ဘုရားဝါဒပဲ – (မှန်ပါ)။

လောဘပယ်တဲ့ဝါဒဟာ · (ဘုရားဝါဒပါ)၊ သူတစ်ပါး ဟောပြန်လို့ရှိယင်လဲ ဘာကိုဟောလေ့ရှိသတုံး – (လောဘကို ပယ်ဖို့ ဟောပါတယ်)။

လောဘပယ်ဖို့ ဆိုတော့ ဟောဒီခန္ဓာထဲမှာ ဒကာဒကာမတို့ နောက်ထပ် ဒီခန္ဓာခင်တဲ့ တဏှာ ဥပါဒါန် ဘဝ မလာပါစေနဲ့ - (မှန်ပါ)

ဒါဖြင့် ဒကာ ဒကာမတွေကတော့ အခု နားရည်ဝနေတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းအရ ပြောရယင် ၂-နံပါတ်က ၃-နံပါတ်ကို မကူးဖို့ဝါဒပဲ - (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် -(၂-က ၃-ကို မကူးဖို့ဝါဒပါဘုရား)။ ဒါ ဘယ်သူ့ဝါဒပါလိမ့် – (ဘုရားဝါဒပါဘုရား)။

အဲဒီတော့ ဦးဘအုန်းတို့က စဉ်းစားတာပေါ့၊ တကာကြွယ်တို့က စဉ်းစားပါနော်- (မှန်ပါ)၊ ငါ တစ်နေ့မှာဆိုယင် ၂-က ၃-ကို ဘယ်နှစ်ခါကူးသတုံး–လို့ ကိုယ့်ဟာကိုယ် စဉ်းစားလိုက်တဲ့ အခါကျတော့ ငါ ဘုရားဝါဒ မဟုတ်သေးပါ

ဘူး - (မှန်ပါ)၊ ဘုရား၀ါဒလဲ မဟုတ်သေးပါဘူး၊ ဘုရားဟောတဲ့ တရားလဲ ငါ မလိုက်နာသေးပါဘူး၊ ဘုရားဟောတဲ့ တရားလဲ ငါမလိုက်နာသေးပါဘူး၊ ဘုရားနဲ့ငါနဲ့ ကန့်လန့်ပဲ ရှိပါသေးတယ်၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ - (မှန်ပါဘုရား)၊ သဘောကျပလား - (ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဘုရား၀ါဒ သိပါပြီတဲ့၊ ၂-က ၃-ကို မကူးဖို့-(မှန်ပါ)၊ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာက တဏှာ ဥပါဒါန် ကံကိုမကူးဖို့ - (မှန်ပါ)၊ ဦးဘအုန်း ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)၊ အဲဒါ ဘယ်သူ့ ၀ါဒပါလိမ့်- (ဘုရား၀ါဒပါဘုရား)၊ သူတစ်ပါးဟောပြန်တော့လဲ ၂-အကွက်ထဲက ၃-အကွက် မကူးစေနဲ့လို့ ဟောတာ၊ (မှန်ပါ)၊ ၂-က ၃-မကူးစေနဲ့ဆိုတော့ ၂-ကို ဝိပဿနာရှုမှ ၃-မကူးမှာ- (မှန်ပါ)၊ နို့မဟုတ်ယင်တော့ - (ကူးမှာပါဘုရား)။

ဒါနဲ့ မင်းတို့ ဒီအတိုင်းဖြေကြပေတော့ဆိုတော့ ကောင်းပါပြီဘုရား၊ ဘုရား၀ါဒကို တပည့်တော်များ ဖြေတတ်ပါပြီ၊ ဘုရားသည်ကား ဆိုယင်ဖြင့် လောဘပယ်တဲ့ ၀ါဒပါပဲ — (မှန်ပါ) သူတစ်ပါးဟောလို့ရှိယင်ဖြင့် လောဘဒိဋ္ဌိ ပယ်ကြ၊ လောဘနဲ့ ဒိဋ္ဌိကလဲ တူတူပါဘဲ - (မှန်ပါ)၊ လောဘနဲ့ ဒိဋ္ဌိကို ပယ်ကြကွာလို့ သူတစ်ပါးလဲ ဟောလေ့ရှိတယ် - (မှန်ပါ)၊

ကောင်းပြီ၊ ဟိုမှာလဲ ပဏ္ဍာဘူမကမှာ လူ့ပညာရှိ ရဟန်းပညာရှိတွေရှိတော့ မင်းတို့ ဒါလောက်ဖြေရုံနဲ့တော့ သူတို့က ကျေနပ်မယ် မဟုတ်ဘူးတဲ့။ တစ်ဆင့်တက်ပြီး မေးဦးမှာပဲတဲ့- (မှန်ပါ)။ အရှင်ဘုရားတို့ဘုရား၏ ဆန္ဒရာဂကို ပယ်တဲ့၀ါဒဟာ သူတစ်ပါးကို ဟောလဲ့ ဆန္ဒရာဂကို ပယ်ဖို့ပဲ ဟောလေ့

http://www.dhammadownload.com



ရှိတယ်ဆိုတာ တပည့်တော်တို့ကျေနပ်ပါပြီတဲ့။ ဘယ်အခေါင်္ဂ ရှိတဲ့ ဆန္ဒရာဂတုံး၊ ဘယ်အခေါင်္ဂရှိတဲ့ လောဘတုံး၊ ငါကို ရှင်းပြီး ဟောပါဦး - (မှန်ပါ) ဦးဘအုန်း မေးခွင့်ကောမကြုံ ဘူးလား - (ကြုံပါတယ်)။

အဲဒီတော့ မင်းတို့ ဒီလိုဖြေကြပါ-တဲ့၊ ခန္ဓာငါးပါး ခင် တွယ်တဲ့ ဆန္ဒရာဂကိုပယ်ဖို့ရာ ဟောလေ့ရှိတယ် - လို့ မင်းတို့ ဖြေကြပါ - တဲ့ - (မှန်ပါ)။

ဘာတဲ့တုံး - (ခန္ဓာငါးပါးခင်တွယ်တဲ့ ဆန္ဒရာဂ ကို ပယ် ရပါမယ်)။ ကဲ - ဒီမှာ အာရှိသတုံး ကြည့်....။ ၂-နံပါတ်မှာ (ခန္ဓာငါးပါးပါ)၊ အဲဒီခင်တွယ်တဲ့ ဆန္ဒရာဂကို ပယ်ရမယ် - (မှန်ပါ)။ဆန္ဒနဲ့ တဏှာကို ပယ်ရမယ်ဆိုတော့ ဒကာ ဒကာမ တွေ ဝိပဿနာ ထင်းလို့ ရပါ့မလား - (မရပါဘူး)၊ ကဲ.... ဒါကို ရိပ်မိပြီဆိုကြပါစို့ - (မှန်ပါ)။

ကဲ-ပုစ္ဆာ ဘယ်နှစ်ချက်ပြေသွားပြီလဲ-(နှစ်ချက်ပါဘုရား)။ အဲ....နှစ်ချက်ပြေသွားပြီနော်။ ပထမက ဝါဒကို သွားဖြေတယ်၊ နောက် ဘယ်အခေါင်္ဂရှိတဲ့ ဆန္ဒရာဂကို ပယ်ရမှာတုံး ဆိုတော့ ခန္ဓာငါးပါးမှာရှိတဲ့ လောဘကို-(ဝါ) ခန္ဓာငါးပါးကို ခင် တွယ်တဲ့ လောဘကို ပယ်ရမယ်လို့ ဖြေလိုက်တယ် - (မှန်ပါ)။

တစ်ခု သူနည်းပေးတဲ့ နှစ်ခုကို ဖြေတတ်ကြပလား မေး တော့ ဖြေတတ်ပါပြီလို့ဆိုတော့ သို့သော်လဲ ဟိုမှာ လူပညာရှိ ရဟန်းပညာရှိတွေကရှိတော့ သူတို့ ဒါလောက်နဲ့ ကျေနပ်မှာ မဟုတ်သေးဘူး၊ ဒါလောက် ဖြေရုံနဲ့တော့-(မှန်ပါ)၊ စီတော့

http://www.dhammadownload.com



တစ်ဆင့် တက်မေးလိမ့်မယ်-တဲ့၊ အရှင်ဘုရားတို့၊ ခန္ဓာငါးပါး အပေါ်၌ ရှိတဲ့ ဆန္ဒ ရာဂကို မပယ်ယင် ဘယ်အပြစ် သင့်မတုံး ဆိုတာ တက်လာလိမ့်ဦးမယ်-(မှန်ပါ)၊ မေးတော့ ဒီလိုဖြေကြ ပေတော့ဆိုပြီး အဖြေပေးလိုက်ပါတယ်၊ ဒကာ ဒကာမတွေက သေသေချာချာ မှတ်ကြရမယ်-(မှန်ပါ)။

ဒီခန္ဓာငါးပါးအပေါ်၌ လောဘနဲ့ ခင်နေမယ်, လောဘနဲ့ စွဲလမ်းနေမယ်, လောဘနဲ့ပဲ ချစ်ခင်နေမယ်ဆိုလို့ရှိယင် ခန္ဓာ ငါးပါးဆိုတာက ဖြစ်ပြီး ပျက်တတ်တဲ့ ဓမ္မ- (မှန်ပါ)၊ အဲ.... ဖြစ်ပြီး ပျက်သွားတဲ့ အခါကျတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်မယ်-(မှန်ပါ)၊

ခန္ဓာငါးပါးခင်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပြီး ပျက်သွားတော့- (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်ပါတယ်ဘုရား)။ ဥပမာမယ်.... အိုခန်း, နာခန်း, သေခန်းတွေ့မယ်၊ ဘာဖြစ်ကြ မယ် ထင်သတုံး-(သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဖြစ်ပါ မယ်)၊ အဲ....ဒါဟာ ခန္ဓာငါးပါးကို ခင်မှုကြောင့် ဦးဘအုန်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ ပဋိစ္စ သမုပ္ပါဒ် နောက်ပြန်လှည့်သွားတယ်-(မှန်ပါ)၊ အဝိဇ္ဇာ- ပစ္စယာ သင်္ခါရ-ကျအောင် ပြန်လှည့်တယ်-(မှန်ပါ)၊ ဒါဟာ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး- (ခန္ဓာငါးပါး ခင်တွယ်လို့ပါ ဘုရား)၊ ခန္ဓာခင်လို့ အပြစ်သင့်တာ- (မှန်ပါ)၊ သဘောကျ ပလား-(ကျပါပြီ)။

ခန္ဓာခင်လို့ အပြစ်သင့်တာလို့ မင်းတို့ ဖြေကြပါတဲ့.... (မှန်ပါ)၊ ခန္ဓာငါးပါးကတော့ ဖြစ်လိုက် ပျက်လိုက် အိုလိုက်

http://www.dhammadownload.com



နာလိုက်ဆိုတာ သူ့ရဲ့ ဓမ္မတာပဲ၊ ခန္ဓာ၏ ဓမ္မတာမဟုတ်လား– (မှန်ပါ)၊ အဲ-ဒါကို မင်းတို့က ဒီလို ဖြစ်ပျက်ရှုမထားတဲ့ပုဂ္ဂိုလ်ကျတော့ ဖြစ်မှု ဖြစ်ရလေခြင်း ဆိုတဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာ-မလာ.... (လာမှာပါဘုရား)၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဟာ သိလို့ လာတာလား, မသိလို့ လာတာလား- (မသိလို့လာတာပါ)၊ မသိလို့လာယင် အဝိဇ္ဇာ ပါလာပြီ-(မှန်ပါ)၊ အဝိဇ္ဇာလာယင် သင်္ခါရကကော-(လာမှာပါဘုရား)၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပေါ်မလာပေဘူးလား– (ပေါ်လာပါတယ်ဘုရား)၊ အဆုံးက ပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ် ပေါ်လာတယ်- (မှန်ပါ)၊ ဒါ....ဘယ့်နှယ်ကြောင့် ပါလိမ့်.... (ခန္ဓာငါးပါး ခင်တွယ်လို့ပါ)၊ ခန္ဓာငါးပါး ခင်ခြင်းကြောင့် အပြစ်သင့်တာ-(မှန်ပါ)။

ဦးဘအုန်း ဘာတဲ့တုံး– (ခန္ဓာငါးပါး ခင်ခြင်းကြောင့် အပြစ်သင့်တာပါ)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ မသာပို့ဖူးကြပါပြီ–တဲ့၊ သူတစ်ပါး မသာတွေကို ခင်ပျားတို့က အတော်များများ ပို့ဖူးကြပါပြီ-(မှန်ပါ)၊ အဲဒီမသာ့ရှင်တွေကိုသွားကြည့်စမ်းပါ ဒကာ ဒကာမတို့၊ သောက ပရိဒေဝများ ဖြစ်နေကြသလား- (ဖြစ်နေပါတယ်ဘုရား)၊ ဦးဘအုန်း ဘာ ဖြစ်လို့ပါလိမ့်- (ခန္ဓာငါးပါး ခင်လို့ပါဘုရား)၊ လင်ဖြစ်ယင် လင်၏ ခန္ဓာငါးပါးပေါ့-(မှန်ပါ)၊ သမီးဖြင့်- (သမီးခန္ဓာငါးပါးပါဘုရား)၊ သားဖြင့်- (သား ခန္ဓာငါးပါး ခင်ပါတယ်)။

http://www.dhammadownload.com



တကာကြွယ် သိပြီနော်- (သိပါပြီဘုရား)၊ မသာပို့ဖူးတာ များလှပြီ-(မှန်ပါဘုရား)၊များတော့ ဟိုမှာ သောက ပရိဒေဝ ဖြစ်တာတွေ့ဖော-(တွေ့ဖူးပါတယ်)၊တွေ့ဖူးတော့ တကာကြွယ် တို့က ဩော်....ခင်လို့ ဖြစ်ရှာတာပဲ၊ ဝိပဿနာဉာဏ်မလုပ်လို့ ဖြစ်တာပဲလို့ မတွေးမိပါဘူး-(မတွေးမိပါဘူး)၊ ဒီလို မတွေး မိတဲ့အပြင် ခင်လဲ ခင်စရာပေကိုး.... ဒီလိုတောင် ထင်လိုက်သေး တယ်-(မှန်ပါ)၊ ခွကျသွားပြီကော.... အဆင်းကို တွန်းလိုက်ပြီ- (မှန်ပါ)၊ မင့် သား သားသမီးကလေးက သူများ သား၊ သမီးနဲ့ တူတာမှ မဟုတ်တာပဲကွာ၊ ရုပ်ရည်ကလဲသန့်၊ ပညာ အရည်အချင်းကလေးက အခု အင်မတန် ပြည့်စုံနေတယ်၊ လိမ္မာ ရေးခြား ဆိုဘာလဲ ဆိုစရာမရှိဘူး၊ အဲဒီတော့ ငိုမယ်ဆိုလဲ ငိုထိုက်တယ်-(မှန်ပါ)၊ ဘယ့်နှယ်ဖြစ်တာတုံးဗျ-(အဆင်းတွန်း တာပါဘုရား)၊ ကိုယ်ပါရောပြီး ငိုချင်လို့ လုပ်ပြီ- (မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)၊ ဒီလို အသွားတွေကလဲ မသာ ညှိခံတွေကလဲ များသနော-(မှန်ပါ)။

ဦးဘအုန်း ဒီလိုများ ညှိခံဖူးရဲ့လား- (ခံဖူးပါတယ် ဘုရား)၊ နို့မဟုတ်ယဗ် လက်ဖက်မှု စားမကောင်း သလိုလို ခင်ဗျားတို့ကိစ္စတွေက အင်မတန် ဆိုးရွားနေတဲ့ အမိပ္ပါယ် တွေ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

မသာ ပို့ဖူးကြလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့ ဘယ့်နှယ် ကြောင့် ငိုပွဲဆင်နေသတုံး အကျဲခုတ်စမ်း- (ခန္ဓာငါးပါး ခင် တွယ်နေလို့ပါဘုရား)၊ ခင်တော့ ဘာ လိုက်လာသတုံး.... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်ပါတယ်)။

http://www.dhammadownload.com



အဲဒါ သေသေချာချာ မှတ်ပါတဲ့၊ ခန္ဓာငါးပါး ခွင်တဲ့ အဖြစ်ဟာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရနဲ့ ဟိုစာက် အပါယ်လေးပါး ကျအောင် ဘဝဆက် သွားတယ်- (မှန်ပါ)၊ သောကက ပရိဒေဝ ဒုက္ခ ဒေါမနဿ ပြီးတော့ အဝိဇ္ဇာ မလာဘူးလား- (လာပါတယ်)၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ-(လာပါတယ်)၊ သင်္ခါရပစ္စယာ- (ဝိညာဏ် ပါ)၊ဟော....ဝိညာဏ်ဆိုပြီး သေသည်၏ အခြားမဲ့၌ ပဋိသန္ဓေ လာပြန်ပြီ-(မှန်ပါ)၊ ဒါ ဘယ်က လာသတုံး- (ခန္ဓာငါး ပါး ခင်တာက လာတာပါ)၊ ခင်ခြင်းကြောင့် ဘာဖြစ်လာ သတုံး-(မဖြစ်သင့်တာပါ)၊ အပါယ် အဖြစ်တောင် သင့်နိုင် လိုက်သေးတယ်- (မှန်ပါ)၊ ပစ္စုပ္ပန်မှာ သောက ပရိဒေဝမီး သင့်လိုက်တယ်၊ အနာဂတ်မှာ ပဋိသန္ဓေနေရခြင်း အဖြစ်သင့် တယ်-(မှန်ပါ)၊ ဆဘောကျပလား- (ကျပါပြီ)။

ကဲ....ဒါဖြင့် မင်းတို့ ရဟန်းငယ်တွေ မှတ်မိပလား-တဲ့၊ ခန္ဓာငါးပါးကို ခင်လို့ရှိယင် ဘယ်လို အဖြစ် သင့်တယ်ဆိုတဲ့ တရားက ဘယ်လိုများ ဟောသတုံး- ဆိုတဲ့ဥစ္စာ မေးလို့ရှိယင် မင်းတို့ ဒီအတိုင်း ဖြေကြတဲ့-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

ခန္ဓာငါးပါး ခင်လို့ရှိယင် ဘာအဖြစ်သင့်သတုံး-(သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဖြစ်သင့်တယ်)၊ အဝိဇ္ဇာ သင်္ခါရ ပါ ထည့်ကြပါ-(မှန်ပါ)၊ အဝိဇ္ဇာ သင်္ခါရပါ အဖြစ်မသင့်ဘူး လား-(သင့်ပါတယ်)၊ အဲဒီတော့ နောက်ဘဝ ဇာတိ ပဋိသန္ဓေ ရ- မရ-(ရပါတယ်ဘုရား)၊ ဒါတွေကျအောင် ဘယ်က လာ တာပါလိမ့်-(ခန္ဓာငါးပါး ခင်ရက လာတာပါ)၊ အဲ.... ခန္ဓာ

http://www.dhammadownload.com



ငါးပါး ခင်ခြင်းကြောင့် အပြစ်သင့်တာလို့ မှတ်လိုက်ပါ.... (မှန်ပါ)၊ ဦးဘအုန်း ရှင်းပသလား-(ရှင်းပါပြီ)။

ဒါလောက်နဲ့ မင်းတို့ကိုလဲ အဲဒီ ပဋ္ဌာဘူမကမှာ နေတဲ့ ရဟန်းပညာရှိ လူပညာရှိတွေက 'အရှင်ဘုရားတို့ အပြစ်သင့် တာတော့ တပည့်တော်တို့ သိပါပြီ၊ ဘုရားဟောတော်မူလို့ ဒီလို အပြစ် သင့်တာကိုး ဆိုတာ တပည့်တော်တို့ သိပါပြီ၊ ယုံလဲ ယုံကြည် ပါတယ်၊ အပြစ်သာ သင့်တယ်၊ ပယ်ခြင်းကြောင့် အကျိုးကျေးဇူး ပြောစမ်းပါဦး' ဆိုတာ မေးဦးမှာပဲ-(မှန်ပါ)။

ရှင်သာရိပုတ္တရာက ဟောပြနေတာ ဒကာ ဒကာမတို့၊ သိပ် အဖိုးတန်တဲ့ တရားနော်- (မှန်ပါ)၊ ဘယ်လို သင့်တာတုံး ဆို တော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ကြည့်လိုက်တော့ ၂-နံပါတ်က ၃-နံပါတ်ကူးသွားတယ်-(မှန်ပါ)၊ ကူးသွားတော့ ၄-နံပါတ် မရောက်ဘူးလား- (ရောက်ပါတယ်)၊ သဘောကျပလား.... (ကျပါပြီ)၊ ၄-ရောက်သွားတော့ ဇာတိ ဇရာ မရဏ တွေ့ရ တယ်-(မှန်ပါ)၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ကြည့်နေတဲ့ ပုဂ္ဂိုလ်များ ရှင်းသွားပါလိမ့်မယ်-(ရှင်းပါတယ်ဘုရား)၊ မရှင်း သေးဘူးလား တကာကြွယ်-(ရှင်းပါတယ်ဘုရား)။

ခန္ဓာငါးပါး ခင်မှု အပြစ်သင့်တာသည် အမြင် ပြောစမ်း ပါဆိုတော့ ၂-နံပါတ်တည်းဟူသော ခန္ဓာငါးပါးက ၃-နံပါတ် တဏှာ ဥပါဒါန်ကံ ကူးသွားတယ်.... (မှန်ပါ)၊ ကူးသွား သောကြောင့် ဟိုဘက်ဘဝ အနာဂတ်ဘဝ ဇာတိ ဇရာ မရဏ ဆိုတဲ့ ၄-နံပါတ်ဟာ ပေါ်လာတယ်.... (မှန်ပါ)၊ ဦးဘအုန်း မပေါ်သေးဘူးလား- (ပေါ်ပါတယ်ဘုရား)၊ ဒါ ဘယ်နှယ်

http://www.dhammadownload.com



ကြောင့်ပါလိမ့် ဒကာ, ဒကာမတို့- (ခန္ဓာငါးပါး ခင်လို့ပါ ဘုရား)။

အဲဒါ ခင်များတို့ကိုလဲ ဟောနေတာနော်- (မှန်ပါ)။ ခန္ဓာငါးပါး ခင်နေလို့ရှိယင်ဖြင့် သား,သမီးခန္ဓာ, သူတစ်ပါး သား,သမီးခန္ဓာ ခင်လို့ရှိယင်ဖြင့် မျက်ရည်သာကျမယ် စိတ်ကူး ပေတော့-(မှန်ပါ)၊ မျက်ရည်ကျပြီး အပါယ်ပဲ သွားမယ်လို့ ရည်ရွယ်ချက် ထားလိုက်ပါဦး-(မှန်ပါ)။

ယခု ဘဝမှာ ဘာတုံး.... ယခု ဘဝမှာ တိုတို ပြောကြပါ စို့ မောင်ဘသော်ရာ- မျက်ရည်ကျရမယ်၊ သေသည်၏ အခြား မဲ့၌ အပါယ်ရောက်မယ်-(မှန်ပါ)။

ခန္ဓာငါးပါး ခင်တဲ့ ပုဂ္ဂိုလ်များ ကိုယ့်ခန္ဓာခင်ခင် သူတစ် ပါးသားသမီးခင်ခင်ဘာဖြစ်ရမတုံး-(မျက်ရည်ကြီးငယ် ကျရပါ မယ်)၊ ယခုဘဝမှာမျက်ရည် ကျရမယ်၊ နောင်ဘဝမှာ-(အပါယ် ကျရပါမယ်ဘုရား)၊ အဲဒါနှစ်ခု အမြတ်လိုချင်ယင် လိုပ်သာ လုပ် ခင်များတို့ - (မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ဦးဘအုန်း လုပ်ရဲပါ့မလား - (မလုပ်ရဲတော့ပါဘူးဘုရား)၊ ဟာ....မဟုတ်သေးပါဘူး၊ ခင်များတို့က လုပ်နေတဲ့လူတွေ - (မှန်ပါ)၊ ဒကာကြွယ်တို့ လူစုကဲ အဘောဘ်ဆိုးတဲ့ လူတွေ - (မှန်ပါ)၊ လူမြင်ယင် ခင်များတို့က ခင်တာဘဲတယ် ပြောနေ တာက အတော် ဆိုးနေတာ၊ မဆိုးဘူးလား - (ဆိုးပါတယ် ဘုရား)၊ အဲဒီတော့ ဒီဝါဒဟာ ဘုရားဝါဒ ဟုတ်ကဲ့လား....၊ လူမြင်ယင် ခင်တတ်တဲ့ဝါဒ ပြောစမ်းပါဦး - (မဟုတ်ပါဘူး ဘုရား)၊ ဒါက တပည့်တော်တို့ရဲ့ အပါယ်ဝါဒဘုရား.... ဒီလို

http://www.dhammadownload.com



လား – (မှန်ပါ)၊ ဒီလိုကလေးလဲ ပြောင်းဦးမှပေါ့- (မှန်ပါ ဘုရား)၊ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ဘုရားဝါဒကတော့ နိဗ္ဗာန်သွားတဲ့ဝါဒပါ၊ တပည့်တော်တို့ကတော့ အပါယ်သွားတဲ့ဝါဒပါ၊ ဒါကြောင့် တပည့်တော်တို့က မချစ်မခင် မကြင်နာရယင် နေကိုမနေနိုင်ဘူး - (မှန်ပါ)၊ တကာကြွယ်တို့ သဘောပါပလား – (ပါပါပြီ)၊ တကာကြွယ် ဝါဒကို ပြောစမ်းပါ - ဒါဖြင့် – (အခုတော့ ပြင်ပြီးပါပြီ ဘုရား)၊ ပြင်ပြီးကြပလား၊ မတော် လူကြီးတွေမို့ ရှက်နေကြဦးမယ် – (မှန်ပါ)၊ အပါယ်ဝါဒဆိုတာ နဂိုကရှိနေတယ် နော် ဒကာဒကာမတို့ - (မှန်ပါ)၊ တရားသာမနာရလို့ ရှိယင် ဦးဘအုန်းရှိနေတာပဲ - (မှန်ပါ ရှိပါတယ်ဘုရား)။

ကဲ–ဒါဖြင့် ဦးဘအုန်း ဝါဒကောပြင်ပြီးပလား – (ပြင်ပြီးပါပြီ)၊ ဟာ....ဒီတရားပွဲတင်ပြင်မှာလား၊ အိမ်ရောက်အောင် ပြင်မှာလား – (အိမ်ရောက်အောင်ပြင်မှာပါ)၊ အိမ်ထိအောင် ပါကြစမ်းပါစေ – (မှန်ပါ) တရားပွဲမှာတော့ ဘုန်းကြီးရှေ့မှာတော့ မုသား မပြောပါဘူး ခင်ဗျားတို့ - (မှန်ပါ)။

ကဲ–ဒကာ ဒကာမတို့ခင်တဲ့အပြစ်ကိုတော့ သိရပါပြီ၊ မခင်တဲ့အကျိုးကို ပြောစမ်းပါဦးဆိုတော့ ဒကာ ဒကာမတို့ မခင်တဲ့အကျိုးကတော့ ၂-နံပါတ်ရှိတဲ့တရားကို ဖြစ်ပျက်ရှုပေးပါ - (မှန်ပါ)၊ ခင်သေးရဲ့လား - (မခင်ပါဘူး) ကိုယ်ခန္ဓာထဲမှာပဲ ခန္ဓာငါးပါးရှိတယ်၊ တစ်ပါးပါးကို ဖြစ်ပျက်ရှုစမ်းပါ၊ ဖြစ်ပျက် – အင်း....ဆိုတော့ ခင်သေးရဲ့လား - (မခင်ပါဘူး)၊ မခင်တဲ့အပြင် ဗိမဂ်က ခင်တဲ့ တရားတွေကို သတ်ပစ်တယ် – (မှန်ပါ)။

ဒါဖြင့် ငါးထားနှ ရှုတရား နိုင်ကြပြီ - (မှန်ပါ)၊ ခင်တဲ့ တရားကို - (ဆတ်ပင်တာပါ)၊ ခင်တဲ့တရား မခင်မိအောင် ဆတ်ဖို့ — (မှန်ပါ) - ရှင်းပလား - (ရှင်းပါပြီ)။

ကဲ... ဗိန္နည ဇီတွင်တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

❁

http://www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့–ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ဝိသာခနှင့် ဓမ္မဒိန္နာ

# အမေး – အဖြေ (၁)

# အလုပ်ပေးတရားတော်

[၁၆-၁၂-၁၉၆၁]

န အာဂန္တွာတိ တိ အနာဂါမီ၊ အနာဂါမီ-အနာဂါမ် တည်ပြီးသော ပုဂ္ဂိုလ်သည်၊ န အာဂန္တွာတိ- ကာမဘုံသို့ မသာဘူး။ သူ ရထားတာကတော့ ကာမဘုံနှင့် ထိုက်တန်တဲ့ တရားကို မဟုတ်ဘူး၊ ကာမဘုံ ပယ်စွန့်ပြီးသား တရားကို ရထားတယ်-(မှန်ပါ)၊ ရွှေ ငွေ ကျော်ကသံပတ္တမြား သား မယား အာရုံ အလုံးစုံ အကုန်ချုပ်ငြိမ်းတဲ့ မဂ်ကို ရထားတယ်သို့ ဆုံးဖြတ်ချက်ချပါ-(မှန်ပါ)။

http://www.dhammadownload.com



ဒါနဲ့ ဒကာမကြီး နံနက်မိုးလင်းလဲ ပြောလိမ့်မယ် ထင်ပါရဲ့လို့ စောင့်နေတဲ့အခါ မိုးလင်းတော့လဲ မပြော၊ ဒီတော့ သူငိုကာ ရယ်ကာနဲ့သွားပြီး ကျုပ်မှာ ဘာအပြစ်ရှိသတုံးဆိုတဲ့ အခမ်းမျိုး သွားပြီး မေးလိုက်တယ်။ ဘာမှ အပြစ်မရှိပါဘူးဆိုတဲ့ စကား ပြောလိုက်တယ်။ ငါ့မှာက ကုဒင္ဒလေးဆယ်ရှိတယ်၊ သင်က ပါ လာတာလဲ ကုဋေလေးဆယ်ရှိတယ်၊ ဒီပစ္စည်းတွေကို အစ်မကြီး အဖြစ်နဲ့လည်းကောင်း၊ နှမအဖြစ်နဲ့လည်းကောင်း၊ အမေအဖြစ် နဲ့လည်းကောင်း ငါ့ကို ကျွေးချင်ရာနဲ့ ကျွေး စားနေပါမယ်၊ ဒီပစ္စည်းတွေကို သင် အလိုရှိသလို လုပ်ပါတော့၊ ကာမရာဂ ကုန်သွားတော့ ပုံထားလိုက်တဲ့ အခိပ္ပါယ်ပြောတာ- (မှန်ပါ)၊ နောက်တစ်ခါ ပြောပြန်တာက တကယ်လို့ ဒီလိုမှ မပြုစုဘူးဆို လို့ရှိယင်၊ နောက်အိမ်ထောင် တည်ထောင်ချင်လို့ရှိယင် ခွင့်ပြု ပါတယ်၊ ဒီပစ္စည်းတွေနဲ့ တကွပဲ ယူသွား ခွင့်ပြုတယ်ဆိုတော့ ကာမအာရုံ ကုန်တယ်ဆိုတာ ဦးသံဒိုင် မပေါ်သေးဘူးလား- (ပေါ်ပါတယ်ဘုရား)၊ မဂ်သတ္တိ ဘယ်လောက် ကြီးတယ်ဆိုတဲ့ ဥစ္စာ ပေါ်သွားပြီ-(မှန်ပါ)။

မဂ်သတ္တိ ဘယ်လောက်ကြီးတယ်ဆိုတဲ့ဥစ္စာ ပေါ်ပြီ၊ ကိလေ သာ ကုန်ပြီလားလို့မေးတော့ ကာမကိလေသာ ကုန်ပါတယ်၊ ရူပ အရူပကိလေသာ ကျန်သေးတယ်မှတ်ရမယ်နော်- (မှန်ပါ)။

ဒါကြောင့် ကြိုးစားကြပါ ကြိုးစားကြပါလို့ တိုက်တွန်း တာ၊ ဖြစ်ပျက်လုပ်နေတယ် ဖြစ်ပျက်လုပ်သလောက် ကိလေသာ ပါးတာပဲ၊ ဖြစ်ပျက်မုန်းတယ်၊ မုန်းတာက ပိုပြီးပါးသွားတာပဲ၊ ဖြစ်ပျက်ဆုံးလို့ရှိယင် ဆုံးသလောက် ပိုပြီးပါးတယ်၊ အချည်းနှီး တော့ ဘယ်တော့မှ မဖြစ်ဘူးဆိုတာ သေသေချာချာ မှတ်ပါ-

http://www.dhammadownload.com



(မှန်ပါ)၊ ဒီရန်သူတွေကိုတော့ဖြင့် ဝိပဿနာမဂ်ကလဲ နိုင်တာပဲ၊ လောကုတ္တရာမဂ်ကလဲ ပိုပြီးနိုင်တာပဲ-(မှန်ပါ)။

ဒါကြောင့် ဒီအလုပ်သည် ခင်ဗျားတို့ အိုဘေး နာဘေး သေဘေးတားတဲ့ အလုပ်ထဲမှာဖြင့် ဒီအလုပ်မှတစ်ပါး ရှင်းရှင်း ပျောက်တဲ့ဆေး မရှိဘူးဆိုတာကို တရားပွဲ တစ်ပွဲလုံးဟာ ဆုံးဖြတ် ချက် ချရမယ်-(မှန်ပါ)၊ ဒီအလုပ်မှတစ်ပါး ကိုးစားရာ အားထားရာမရှိဘူးဆိုတာလဲ ဆုံးဖြတ်ချက်ချ-(မှန်ပါ)၊ သောတာပန် တည်တယ်ဆိုတာ အပါယ် ပဋိသန္ဓေ ပြတ်တယ်၊ သကဒါဂါမိ တည်တယ်ဆို ရုန့်ရင်းတဲ့ ကာမဘုံမှာ ဖြစ်တဲ့ လောဘ ဒေါသ မောဟတွေ ပါးသွားတာပဲ၊ အနာဂါမိ တည်တယ်ဆို ကာမဘုံမှာ စွဲလမ်းတဲ့ လောဘ ဒေါသ မောဟ ကုန်သွား တာပဲ ဆိုတော့ မောင်ဆစ် မလုပ်ထိုက်ဘူးလား-(လုပ်ထိုက်ပါ တယ်ဘုရား)။

ဒါတွေကြောင့် ဆင်းရဲနေကြတာကိုး၊ ဒါတွေဟာ ဆင်းရဲ့ ကြောင်း သမုဒယသစ္စာရှိနေယင် ဒုက္ခသစ္စာက လာဦးမှာပဲ၊ အဲဒါတွေ သိပြီးသား ဖြစ်နေတော့ ဩော်....ဒီအလုပ်မှတစ်ပါး တို့ကို ကယ်မည့် ယူမည့်သူတော့ မရှိပါကလား ဆိုတာကို ဆုံး ဖြတ်ချက် ချပြီး မှတ်ရမယ်-(မှန်ပါ)၊ ယုတ်စွအဆုံး ဝိပဿနာ မဂ်တောင် အတော် ခရီးပေါက်တယ် ဆိုတာ မှတ်လိုက်စမ်း ပါ-(မှန်ပါ)။

ကိုင်း....ဒါနဲ့ပဲ အိမ်ထောင်ပြုချင်လဲ ပြုတော့ ခွင့်ကောင်း ကောင်း ပြုပါတယ်ဆိုပြီး ပြောလိုက်တော့ လောကုတ္တရာလို့ ဆိုတာ သိသွားတယ်-(မှန်ပါ)၊ ဒါပြု လောကုတ္တရာတရားကို

http://www.dhammadownload.com



ယောကျ်ားသာ ရနိုင်သလား၊ မိန်းမများလဲ မရနိုင်ဘူးလားလို့ မေးလိုက်တယ်၊ ဟာ....ဒါဏာတော့ အားထုတ်တဲ့လူ မှန်ကဲ့လို့ ရှိယင် ယောကျ်ား၊ မိန်းမ မရွေးပါဘူး မဂ်ဖိုလ်ဆိုတာ ရနိုင်တာ ချည်းပဲလို့ ပြောလိုက်တဲ့အခါကျတော့ သူလဲ ဒီအလုပ်ကို လုပ်ချင်တယ် ဖြစ်တာပဲ (မှန်ပါ)။

ဒီလို လုပ်ချင်တယ်ဆိုလို့ ရှိယင်ဖြင့် ဒီအကြောင်းကိုပဲ မျှော်လင့်နေတာ၊ ဒီအသံထွက်လာတယ်ဆိုတော့ သိပ်ဝမ်းသာတယ်ဆိုပြီး သကာသုဗိမ္ဗိသာရမင်းဆီသွားပြီး မနေ့က ခပြောသလို ရွှေထမ်းစင်သွားပြီး ငှားတယ်၊ ဘုရားကျောင်းကိုသွားဖို့ လမ်းရှင်းရန်ကိုလဲ ဘုရင့်ဆီမှာပဲ ခွင့်တောင်းပြီး သကာလ ရွှေထမ်းစင်နဲ့ ထမ်းပြီး ဘိက္ခုနီမကျောင်းကို သွားကြတယ်။

ဘိက္ခုနီမကျောင်းရောက်တော့ ဘိက္ခုနီမတွေက စစ်ဆေးသေးတာပေါ့လေ၊ အကြင်လင်မယား မမျှတကြလို့ ဒီလိုဖြစ်တာလား၊ သို့မဟုတ် မျှတပါရဲ့တားလို့ မေးတဲ့ အခါကျတော့ ဝိသာခ သေဌေးက 'ဒီဥစ္စာ သဒ္ဓါသက်သက်ပါ၊ ဒီဖြစ်ဘာမှ မပါပါဘူး'လို့ ပြောလိုက်တဲ့ အခါကျတော့ ဘိက္ခုနီမတွေက သုံးဆယ့်နှစ်ကောဋ္ဌာသသွန်သင်ပြသ နှလုံးသွင်းခိုင်းပြီး ခေါင်းရိတ်၊ ဘိက္ခုနီမ ပြုလုပ်ပေးကြတယ် - (မှန်ပါ)၊ ဘိက္ခုနီမ ပြုလုပ်ပေးလိုက်တော့ သူက အင်မတန်ချော အင်မတန်လှတဲ့ ပုဂ္ဂိုလ်လဲဖြစ်ပြန်၊ ပစ္စည်းကလဲရှိ မိတ်ဆွေသင်္ဂဟကလဲပေါပြန် ဆိုတော့ ဆွမ်းခံပြန်သွားလဲမအားရ၊ ကျောင်းနေပြန်လဲ ညီသည်က မပြတ်၊ အလှူအတန်း အပေးအကမ်းတွေကလဲ များလွန်းလို့ - (မှန်ပါ)၊ ငါသည် ဒါကြောင့် ဒီအလုပ်ကိုလုပ်လာတာ မဟုတ်ဘူး၊ ဒီဟာတွေဟာ အန္တရာယ်တွေပဲဆိုပြီးသကာလှ

http://www.dhammadownload.com



ဘိက္ခုနီမ ဆရာကြီးကို လျှောက်ထား ခွင့်တောင်းပြီး သကာလ တောထဲသွားနေတယ်။ တောထဲသွားပြီး ကမ္မဋ္ဌာန်းအားထုတ်တော့ ရက်မကြာခင်မှာပဲ ဓိဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေမုန်းဆိုတော့ လေးခါလောက် မဂ်အဆင့်ဆင့်တက်တော့ ရဟန္တာမ ဖြစ်လာတယ်။ ခုနစ်ရက်လောက်နဲ့ပဲ တောထဲက ပြန်လာခဲ့တယ် - (မှန်ပါ)။

ပြန်လာတော့ ဝိသာခသေဌေးက တွေးတယ်၊ အမျိုးသမီးမိန်းမများဆိုတာဖြစ်လွယ်ပျက်လွယ်ကိုး၊အိမ်ပဲလွမ်းလွန်းလို့ပြန်ပြန်လာတယ်ထင်ပါရဲ့၊ အဝေးလဲ သွားသေးတယ်၊ ခုနစ်ရက်လောက်နဲ့ ပြန်လာတယ်ဆိုတော့ - တွေးတယ်၊ဟိုမှာ တရားထူးရလာတာကိုသူကသိမှမသိဘဲ-(မှန်ပါ)၊မသိလို့ ပြန်လာတဲ့အခါကျတော့ သူ့စိတ်ထဲမှာ သူ ပြန်လာလို့ရှိယင် ခက်ချေရဲ့၊ ဘိက္ခုနီမလူထွက် ဖြစ်နေယင် ရှက်စရာကြီး၊ ရှင်ဘုရင်ကစပြီး သိပြီးသားကိစ္စလဲဖြစ်တယ်-စသည်တို့ကိုတွေးတောပြီး ကျောင်းတော့ သွားဦးမှ ဖြစ်မယ်ဆိုပြီး ဘိက္ခုနီမကျောင်းတော်ကိုသွားလိုက်တယ် - (မှန်ပါ)။

သွားပြီးတော့ မပျော်မွေ့လို့ ပြန်လာသလားလို့ မေးရမှာကလဲ ပညာရှိသဘော မရောက်ဘူး၊ ပစ္စည်းဥစ္စာတွေငဲ့လို့ ပြန်လာသလားလို့ မေးရမှာကလဲ ပညာရှိသဘော မရောက်ဘူး.... ဒါနဲ့ ပညာရှိသဘောနဲ့ မေးမှပဲ ဆိုပြီး ပုစ္ဆာပြဿနာကို စီစဉ်လိုက်ပါတယ်၊ သူကလဲ အနာဂါမ် ပုဂ္ဂိုလ်ကြီး ဆိုတော့ စီစဉ်ထားပြီးသား ဖြစ်နေတယ်၊

ဒါနဲ့မေးလိုက်တယ်၊သက္ကာယ်သက္ကာယဆိုတာအရှင်မမ္မဒိန္နာဘာကိုခေါ်ပါသတုံးလို့မေးလိုက်တယ်။သက္ကာယတင်မေးလိုက်

http://www.dhammadownload.com



တယ်၊ ဒိဋ္ဌိမပါသေးဘူး - (မှန်ပါ)။ အဲဒီတွင် ဟိုက ဖြေလိုက်ပါတယ်၊ သက္ကာယဆိုတာ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးကို ဆိုပါတယ်။ လောကီခန္ဓာငါးပါးကို ဆိုပါတယ်- (မှန်ပါ)။ လောကီ ခန္ဓာငါးပါး ပြောစမ်းပါဦး ဆိုတော့ - ရူပုပါဒါနက္ခန္ဓာ, ဝေဒနုပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာ ဆိုတဲ့ ယခုလက်ရှိ ခန္ဓာငါးပါးကို ဆိုပါတယ်-လို့ ဖြေလိုက်တယ် - (မှန်ပါ)။

မယုံသေးဘူး ဟိုက ဖြေတော့ဖြေနေတာပဲ၊ ဖြေပင် ဖြေငြားသော်လဲ စာသိနဲ့ ဖြေနေယင်လဲ ဖြစ်တာမျိုးကိုး၊ စာသိလောက်ကိုလဲ သူကမကြိုက်ဘူး၊ ဉာဏ်သိကိုကြိုက်တာ - (မှန်ပါ)၊ စာကကျက်ထားယင်ရတာကိုး။ ကိုရင်ကလေးကဖြစ်ဖြစ်ကျက်ထားယင်ရတယ် - (မှန်ပါ)။

ဒါနဲ့ သူစိတ်ထဲ မကျေနပ်တာနဲ့ သာဓု-သာဓု၊ သက္ကာယတော့ဖြင့် ဖြေတတ်ပြီ - (မှန်ပါ) သူဖြေတတ်တာအရေးမကြီးပါဘူး၊ ဘုန်းကြီးတို့ ဒကာဒကာမတွေက အရေးကြီးတယ်။ ဒကာဒကာမတွေ သိဖို့ရာက သက္ကာယ ဆိုတာ အခု ခန္ဓာငါးပါးလို့သာ မှတ်လိုက်ပါတော့ - (မှန်ပါ)။

အခုရှိနေတဲ့ခန္ဓာငါးပါးကို ဘာခေါ်ကြမလဲ - (ဥပါဒါနက္ခန္ဓာ-ပါဘုရား)၊ သက္ကာယလို့သာ ခေါ်လိုက်ပါတော့နော် - (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ယခု ခန္ဓာငါးပါးဟာ သက္ကာယဆိုတာ ဒကာ ဒကာမတွေလဲသိပြီ။ သန္တော ကာယော သက္ကာယော။ သန္တော- ပရမတ္ထအားဖြင့် ထင်ရှားရှိသော၊ ကာယော-

http://www.dhammadownload.com



ရုပ်နာမ် အစုအပေါင်းတည်း။ သက္ကာယော–ထင်ရှားရှိနေတဲ့ ရုပ်နာမ် အစုအပေါင်းကို သက္ကာယလို့ခေါ်ပါတယ်၊

သံ၊ဝိ - သဝိ - တဲ့၊ သက္ကာယသိလို့ ဝမ်းမြောက်တယ်၊ ခင်ပွန်းဟောင်းဖြစ်သည့် ဝိသာခ သေဋ္ဌေးကြီးက- (မှန်ပါ)၊ သက္ကာယတော့ သိပါပြီ၊ သက္ကာယဖြစ်ကြောင်းကလေး မေးပြောစမ်းပါဦး - တစ်ဆင့်တက်ပြီးမေးပြန်ပြီ - (မှန်ပါ)၊ သက္ကာယ တော့သိပါပြီတဲ့ သက္ကာယဖြစ်ကြောင်းကလေးပြောစမ်းပါဦး တဲ့ - (မှန်ပါ)၊ သက္ကာယဖြစ်ကြောင်း ဆိုတော့ တစ်ခြား မဟုတ်ပါဘူးတဲ့၊ သက္ကာယဆိုတာ ဆုတောင်း တဏှာက လာ တာ - (မှန်ပါ)၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ.... ဒါကို ဓမ္မဒိန္နာထေရီမက ဖြေလိုက် ပါတယ် - (မှန်ပါ)၊ သက္ကာယဖြစ်ကြောင်းဆိုတဲ့ ရုပ်နာမ် ဖြစ်ကြောင်းဟာ တဏှာကလာတာပါပဲ - (မှန်ပါ)။

ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကြီးဟာ သက္ကာယနော် -.... (မှန်ပါ)၊အဲဒါ ဘယ်ကလာတာတုံး- (တဏှာကလာတာပါ)၊ ဒီတဏှာသည် ကား၊ လို့ဆိုယင် သက္ကာယဖြစ်ကြောင်းဆိုတဲ့ဥစ္စာ ဖြေလိုက်ပါတယ်၊

ဟုတ်ပါတယ်တဲ့။ သူ ဖြေပမယ့်လဲ ကိုယ့်ဉာဏ်ထဲမှာသိ သဘောကျနေဖို့ ဒကာဒကာမတွေက လိုပါတယ် - (မှန်ပါ)၊ ဒီ လိုတဲ့အခါကျတော့ စဉ်းစားကြည့်တော့ပါ၊ဩော်....တဏှာ ဥပါဒါန်ကံမရှိဘဲနဲ့ ခန္ဓာမပေါ်ဘူး - (မပေါ်ပါဘူး)။

ဒါဖြင့် ဒီအထဲမှာ ကံဆိုတာလဲ ဥပါဒါန်သက်အောက်မှာ၊ ဥပါဒါန်ဆိုတာလဲ တဏှာ လက်အောက်မှာပဲ၊ဩော်....သူ့ ပက်

http://www.dhammadownload.com



သည်ပဲ၊ တဲကျာ ဥပါဒါန် ကံ တို့ကြောင့် ခန္ဓာပေါ်လာတယ် ဆိုတော့ အရင်းကျကျရှာတော့ - (တဏှာပဲ တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ဒီတဏှာ မသေသရွေ့ ခင်ဗျားတို့ သက္ကာယခန္ဓာကြီးဟာရှိနေပါပဲ- (ရှိနေမှာပါဘုရား)၊ ဒီတဏှာမသေသရွေ့ သက္ကာယ ခန္ဓာကြီးဟာ ရှိနေလိမ့်မယ် ဆိုတဲ့ဥစ္စာ မှတ်ထားပါနော် - (မှန်ပါ)၊ ဒီခန္ဓာကြီးရှိနေလို့ရှိယင်ဖြင့် အိုဘေး နာဘေး သေဘေးဟာဘော့ သူ့အထဲက ပါပြီးသားဖြစ်နေတယ်၊ မပါဘူးလား - (ပါပါတယ်)၊ အိုတတ်တဲ့ တရားတွေကလဲ သူ့အထဲမှာ ဇရာကပါတယ်၊ နာတတ်တဲ့တရားတွေကလဲအပြည့် ပါတယ်၊ သေတတ်တဲ့ တရားတွေကလဲ သူ့မှာပါတယ် - (မှန်ပါ)၊ မပါဘူးလား - (ပါပါတယ်ဘုရား)၊ ဒါ ဘယ်သူ တည်ထောင်လိုက်တာတုံး၊ ဘယ်သူက ဖြစ်စေတာတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ - (တဏှာက ဖြစ်စေတာပါ)။

တဏှာကဖြစ်စေတယ်၊ ဟုတ်သားပဲ ဒကာဒကာမတို့၏ ခန္ဓာကိုယ်ကြီးဟာ ဘယ်သူကဖြစ်စေတယ်ဆိုတာ ဘုံဘဝ တပ်နှစ်သက် တတ်တဲ့ တဏှာက ဖြစ်စေတယ်၊ ထဝကို တပ်မက်နှစ်သက်တတ်တဲ့တဏှာကဖြစ်စေတယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

တဏှာက ဖြစ်စေတော့ ခင်ဗျားတို့ အခုဘာရေးနာကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်ကိုသွားနေကြရသတုံး ဆိုတော့ မပြောပါနဲ့တော့ဘုရား၊ အိုဘေး နာဘေး သေဘေး မင်းဘေး စိုးဘေး သူခိုးဘေးတွေ အကုန်အဝိုင်းခံနေရတယ် - (မှန်ပါ)၊ သက္ကာယ

http://www.dhammadownload.com



ဝိုင်းကြတယ်၊ ဒီသက္ကာယထဲမှာ ဒါတွေ အပြည့်အစုံရှိတယ်လို့ ဆုံးဖြတ်ချက်ချပါ -(မှန်ပါ)။

သက္ကာယထဲမှာ - (ဒါတွေအပြည့်အစုံရှိပါတယ်ဘုရား)။ အိုဘေး နာဘေး သေဘေး မင်းဘေး စိုးဘေး သူခိုးဘေး တွေရှိတယ် - (မှန်ပါ)၊ အဲဒီတော့ မှတ်ထားလိုက်ကြပါ၊ အညီရှိလို့ ယင်အုံတယ် - (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (အညီရှိလို့ ယင်အုံပါတယ် ဘုရား)။ သက္ကာယရှိလို့ ခုနင်ကဘေးတွေ လာတာ- (မှန်ပါ)၊ သက္ကာယသာ မရှိဘူးဆိုယင် - (ဘေးတွေ မလာပါဘူးဘုရား)၊ ဘေးမလာဘူးဆိုတာ သေချာကြပလား - (သေချာပါပြီ)။

သက္ကာယရှိပြီးသကာလ နေတော့ ခင်ဗျားတို့ လေတိုက်ပြန်တော့ လေတိုက်ပြန်ပြီ၊ နေပူပြန်တော့ - (နေပူပါတယ်)။ အပူဘေး သင့်တာပဲ - (မှန်ပါ)၊ အေးပြန်တော့ကော- (အေးဘေးသင့်ပါတယ်)၊ အဲဒီ သက္ကာယ ရှိနေလို့ ဖြစ်ရတာ ရှင်းပလား - (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒီသက္ကာယကို သူ့ကိုဖြစ်စေတဲ့တရားက အယုတ်တမာတရားဖြစ်နေတော့ အယုတ်တမာအမည်ပဲ ပေါ်တာပဲ - (မှန်ပါ)။

ဘယ်လို မှတ်ကြမယ် - (အယုတ်တမာ အမည်ပဲ ပေါ်ပါတယ်)၊ ဒါပဲ ပေါ်ရမယ်၊ သူ့ကို ဖြစ်စေတဲ့ အကြောင်းကတဏှာကိုးဗျ - (မှန်ပါ)၊ တဏှာ ဖြစ်စေတယ် ဆိုတော့ သူက အယုတ်တမာတရား၊ အယုတ်တမာတရား ဖြစ်နေတော့ကို အယုတ်တမာ အကျိုးပေးပဲ သူက ပန်ဆင်းတွတ်တယ်၊ လုပ်

http://www.dhammadownload.com



တတ်တယ်၊ ကျေးဇူးပြုတတ်တယ်၊ သဘောပါကြပြီလား….(ပါပါပြီဘုရား)။

ဩော်…. ဒါဖြင့် သူမချုပ်သရွေ့ သက္ကာယ မချုပ်ဘူး —(မှန်ပါ)၊ တဏှာ မချုပ်သရွေ့….(သက္ကာယ မချုပ်ပါဘူးဘုရား)။

ဒါကြောင့် ခင်ဗျားတို့ကို အလုပ်လုပ်ကြပါ–အလုပ်လုပ်ကြပါ-ဆိုတာက သက္ကာယအပြစ် မြင်လို့ ရှိယင်ဖြင့် သက္ကာယ ဖြစ်ကြောင်းဟာ ခင်ဗျားတို့သန္တာန်မှာ ဝမ်းထဲမှာ နောက်ကဖြစ်ခဲ့ပြီးတဲ့ ဖြစ်ကြောင်းသတ္တိတော့ မချုပ်ဘူးထားပါဦး၊ အခုဝမ်းထဲပေါ်မည့် သမုဒယတော့ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဉာဏ်က ချုပ်စေတာပဲ - (မှန်ပါ)၊ တဒင်္ဂအားဖြင့် ချုပ်စေတာပဲ၊ ချုပ်စေတော့ ဩော်…. ဒါဖြင့် ဒီဟာ အားကိုးရပါလား၊ အားထားရပါကလား။ သက္ကာယဖြစ်တဲ့ ခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက်ဒုက္ခသစ္စာကို မြင်လို့ရှိယင်ဖြင့် တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သက္ကာယ နယ်က လွန်မြောက်မှာပဲ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

သက္ကာယနယ်က လွန်မြောက်ချင်လို့ရှိယင် သက္ကာယဆိုတာ နာမည်သက္ကာယ၊ သစ္စာဖွဲ့ယင် ဒုက္ခသစ္စာ။ ရှင်းပလား-….(ရှင်းပါပြီ)၊ ဒီဒုက္ခသစ္စာကို မြင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ သမုဒယ သစ္စာဟာ ပါးရမှာပဲ၊ မပါးပေဘူးလား - (ပါးပါတယ်ဘုရား)၊ အဲ….သမုဒယသစ္စာ ပါးတယ်ဆိုယင်ဖြင့် ခင်ဗျားတို့ဘာမှ မပူနဲ့၊ ဒုက္ခနည်းသွားတော့မှာပဲ - (မှန်ပါ)။

ခင်ဗျားတို့ ဒီပြင်ဟာကိုမကြည့်မါနဲ့ တစ်ယောက်နဲ့ တစ်ယောက် အလွန်ချစ်လို့ရှိယင် ဟိုတစ်ယောက်မှာ အကြောင်း

http://www.dhammadownload.com



တစ်ခု မလျော်တာတွေလို့ရှိယင် စိတ်ထိခိုက်တာပဲ၊ မထိခိုက်ဘူးလား - (ထိခိုက်ပါတယ်)၊ ဒါဟာ အလွန်ခင်လို့ရှိယင် အလွန်ထိခိုက်တာပဲ။ နည်းနည်းခင်ယင် - (နည်းနည်းထိခိုက်ထာပါပဲ)၊ အလတ်စားခင်ယင် - (အလတ်စား ထိခိုက်ပါတယ်)။

အဲဒီကတည်းက ဟြော်....သက္ကာယဖြစ်ကြောင်း၊ သမုဒယသစ္စာကြောင့် ဟိုမှာ သက္ကာယ ဖောက်ပြန်လို့ရှိယင် သမုဒယအလဲ တဏှာဥပါဒါန်က သောကပရိဒေဝ ဒုက္ခဒေါမနဿ မလာဘူးလား၊.... (လာပါတယ်)၊ အဲဒါ ဘယ်က လာတာတုံးလို့ မေးသို့ရှိယင်ဖြင့် သက္ကာယရှိလို့ သက္ကာယ ဖြစ်ကြောင်းကို ခင်ဗျားတို့ကလဲ မပယ်နိုင်တဲ့ အတွက် သက္ကာယမှာ ဖောက်ပြန်သွားတဲ့ အခါမှာ ခင်ဗျားတို့မှာ တဏှာတင်မက တော့ဘူး သောက ပရိဒေဝတွေပါလာတော့တာပဲ- (မှန်ပါ)၊ မလာဘူးလား - (လာပါတယ်)၊ သဘောကျပလား - (ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် သက္ကာယဖြစ်ကြောင်းတော့ သိပြီ။ ဒီတော့ ဝိသာခသေဋ္ဌေးက ကျေနပ်ပါတယ်၊ သူကလဲ သိပြီးသစးကိုး-(မှန်ပါ)၊ နောက်ဆင့်မေးပြန်တယ်။ အရှင်ဓမ္မဒိန္နာ- သက္ကာယချုပ်ရန် ပြောစမ်းပါတဲ့၊ သက္ကာယချုပ်ဆိုတာ တခြားမဟုတ်ပါဘူး၊ တဏှာချုပ်ယင် ချုပ်တာပါပဲ တဲ့-(မှန်ပါ)။

တဏှာချုပ်ယင် သက္ကာယ ဘယ့်နှယ်တုံး-(ချုပ်ပါတယ်)။ ဒါဖြင့် ဒုက္ခဒကာမတွေ သူမချုပ်သရွေ့ ခန္ဓာမချုပ်ဘူး-(မှန်ပါ)၊ သူချုပ်ယင် - (ခန္ဓာချုပ်ပါတယ်)၊ ခန္ဓာချုပ်

http://www.dhammadownload.com



တယ်ဆိုတော့ သူဟာ လက်သည်ပါကလား၊ အိုဘေး နာဘေး သေဘေး တည်ထောင်တဲ့ သမုဒယ ချုပ်လိုက်လို့ရှိယင် သက္ကာယပါ ပြုတ်သွားတဲ့ အတွက် အိုဘေး နာဘေး သေဘေး ပါပျောက်တယ်- (မှန်ပါ)။

ဒါဖြင့် တိုတိုမှတ်လိုက်တော့၊ သမုဒယချုပ်လို့ ဒုက္ခချုပ်တာပါ - (မှန်ပါဘုရား)။

ဘယ့်နှယ် ဆိုကြမလဲ - (သမုဒယ ချုပ်လို့ ဒုက္ခချုပ်တာပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဲဒီဟာကလေး မှတ်လိုက်တော့၊ တဏှာ နိရောဓေါ နိဗ္ဗာနံ ဆိုတာ ပေါ်လာတယ် - (မှန်ပါ)၊ တဏှာချုပ်ယင် - (သက္ကာယချုပ်ပါတယ်)၊ ခန္ဓာကချုပ်သွားတယ်၊ တစ်နည်း - ခန္ဓာ ရှိပေစေဦး.... ဘုရားမှာ ခန္ဓာကြီးနဲ့ တရားဟောနေတာပါပဲ၊ မဟောဘူးလား- (ဟောပါတယ်)။ သို့သော် တဏှာချုပ်တဲ့အတွက် သူသည် ကိလေသာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ ရောက်နေပြီ၊ ခန္ဓာချုပ်ငြိမ်းတဲ့နိဗ္ဗာန် မရောက်သေးဘူး၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကိလေသာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ - (ရောက်ပါပြီ ဘုရား)၊ ခန္ဓာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ - (မရောက်သေး ပါဘုရား)။

ဒါကို မှတ်ကြပါတဲ့-ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကိလေသာမာရ်ကိုသာ အောင်၍ ခန္ဓမာရ် မအောင်သေးဘူး၊ ပရိနိဗ္ဗာန် မစံရသေးဘူး-(မှန်ပါ)၊

ကိလေသမာရ်တော့.... (အောင်ပါပြီ ဘုရား)၊ အောင်ပြီ-မေးခိုပင်နဲ့ ရွှေပလ္လင်ကတည်းက အောင်တယ်၊ အဲဒီမှာ

http://www.dhammadownload.com



မဂ်လေးတန်နဲ့ ဖြတ်ချလိုက်တယ်-(မှန်ပါ)၊ ခန္ဓမာရ်တော့ သူ့မှာ ဆွမ်းကျွေးရတုန်း ကျောက်မောင်းဆင်ချမည့် လူနဲ့ အဆဲအရေး ခံရတာနဲ့ မရှိဘူးလား-(ရှိပါတယ်ဘုရား)၊ တော်ခတော်ကြာကျလို့ရှိယင် ဘုရားမှာ လေနာထလို့ ထန်းလျက်ရေအိုးတွေနဲ့ ပုဏ္ဏားတွေက လှူရတဲ့ကိစ္စတွေမရှိဘူးလား-(ရှိပါတယ်)၊ အဲဒါ ဘယ့်နှယ်ကြောင့်တုံးလို့မေးယင် ခေါင်သစ် ဘယ့်နှယ်ဖြေပါ့မလဲ- (ခန္ဓမာရ် မအောင်သေးလို့ပါဘုရား)။

အဲဒါကို ဘုရားမှာ မာရ်ငါးပါး အောင်တာကိုး ဆိုတော့ သိမ်းကြုံးပြီး ခေါ်ထားတာ၊ ပရိနိဗ္ဗာန် မစံခင် အောင်တဲ့မာရ်နဲ့ ပရိနိဗ္ဗာန်စံမှ အောင်တဲ့မာရ်ကို မကွဲဘဲ ဖြစ်နေတယ်-(မှန်ပါ)၊ ခန္ဓမာရ်နဲ့ မစ္စုမာရ်ကို ပရိနိဗ္ဗာန် စံပြီးမှ အောင်တယ်၊ ကျန်တဲ့ ကိလေသမာရ်, ဒေဝပုတ္တ မာရ်တို့ကိုတော့ အောင်ပါဘယ်၊ အဘိသင်္ခါရမာရ် ဆိုတော့ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် နေတာကို တားမရပါဘူး၊ အဲဒီမာရ်ကိုတော့ မနိုင်သေးဘူး-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာမာရ်ရယ် မစ္စုမာရ်၊ ပြုပြင်နေရဘဲ့ အဘိသင်္ခါရမာရ် အခုအောင်ပသား -(မအောင်သေးပါဘူး)၊ ဒါဖြင့် နှစ်ပွဲအောင်မြင်ပြီး သုံးပွဲကျန်တယ်-(မှန်ပါ)၊ ဒါဖြင့် မာရ်ငါးပါးအောင်မြင်တော်မူသော—လို့ဆိုတာ သက်တော်ထင်ရှား ရှိတုန်းစုံပလား—မရှိမှ စုံတာလားမေးယင် ဘယ့်နှယ်ဖြေမလဲ- (သက်တော်ထင်ရှား မရှိမှ ငါးပါးစလုံးပါဘုရား)။

http://www.dhammadownload.com



အဲဒါ ဘုန်းကြီးက မန္တလေးမှာဟောတယ်၊ မန္တလေးမှာ ဟောတော့ တချို့ပုဂ္ဂိုလ်များက ဟာ....မာရ်ငါးပါး အောင်တယ်လို့ စာအုပ်တွေက အကုန် ရေးနေတာ၊ ဘုန်းကြီးက အကုန် မအောင်မြင်သေးဘူး—ဟု ဟောနေပြန်ပြီ-ဟု ပြောကြတယ်၊ ကန့်လန့်ဖြစ်နေပြီကော-(မှန်ပါ)၊ အဲဒီတော့ သူ့ဟာက စာအုပ်သာစူးနေတာ၊ ဘုန်းကြီးပြောတာကို သူ သဘောမစူးဘူး ဖြစ်နေတယ်၊ အဲဒါနဲ့ကို သူ့မှာ ခက်နေတယ်- (မှန်ပါ)၊ မယူတတ်ဘဲ ဖြစ်နေတယ်-(မှန်ပါ)၊ ခန္ဓမာရ်က ပရိနိဗ္ဗာန် စံမှ အောင်မြင်မှာ၊ ခန္ဓမာရ် အောင်မြင်လို့ရှိယင်ဖြင့် သူ့ခန္ဓာတော်ကြီး သူဖြစ်ချင်သလို ဖြစ်ရမှာပေါ့၊ သေနာ ရင်နာ ထရပါ့မလား....(မထရပါဘူး)၊ ပရိနိဗ္ဗာန်ကော စံရပါ့မလား....(မစံရပါဘူး)၊ မစ္စုမာရ်ဆိုတာ နောက်ဆုံးဘဝတောင်မှ သေတတ်တဲ့ တရားတွေ သူမနိုင် ပရိနိဗ္ဗာန်စံတော်မူတာပဲ၊ အဘိသင်္ခါရဆိုတာသဲ ပြုပြင်နေရသေးတာပဲ၊ ခန္ဓာကိုယ်တော်ကြီး စကြံသွားပေးရတယ်။ ဆွမ်းအချိန်မှန်မှန် ဘုဉ်းပေးတော်မူရတယ်၊ ရေဘောင် ချိုးပေးတော်မူရသေးတယ်၊ ရေနွေးလိုတဲ့အခါ ရေနွေး၊ ရေအေးလိုတဲ့အခါကော-(ရေအေးပါဘုရား)၊ ဒါပြုပြင်နေရသေးတာပဲ- (မှန်ပါ)၊ အဲဒီမာန်တွေကို အနုပါဒိသေသ နိဗ္ဗာန်မစံခင် မအောင်သေးဘူး ဆိုတာကို မကျေနပ်ဘူး၊ ခက်လိုက်တာမှ - (မှန်ပါဘုရား)။

ပရိနိဗ္ဗာန်စံတော်မူယင်တော့ ငါးခုစလုံးပေါ့၊ မစံသေးခင် ဒီနှစ်ခုပဲ မုချအောင်သေးတယ်၊ ကျန်တဲ့သုံးခုက ကိုယ်တော်မြတ်ကြီးမှာ ဒီဝင့်ကမကျတ်သေးဘူး....ဆိုတာကို သူကျက်ထား

တဲ့ ဘုရားရှိခိုးစာနဲ့ဆိုတော့ မကျေနပ်ဘဲဖြစ်နေလို့ ဘုန်းကြီးကို လျှောက်သေးတယ်။ *

ကိုင်း ဒါဖြင့် သက္ကာယရှိနေသေးလို့ရှိယင်ဖြင့် ဒီ မာရ်သုံးခု ကျန်မှာပဲ၊ ဒီမာရ်သုံးခုက သက္ကာယသုံးမှ ချုပ်မှာကိုး -(မှန်ပါ)၊ မဂ်လေးတန်ကိုတော့ မြတ်စွာဘုရား ရတော် မူပြီးသား။ ကိလေသမာရ်ကို အောင်မြင်တော်မူတယ်၊ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခဲ့ပြီ၊ ဒါ ဘာမှ ငြင်းစရာမလိုပါဘူး။ ကဲ-ဒါဖြင့် သဘောကျပလား - (ကျပါပြီ)။

သက္ကာယချုပ်ကြောင်း၊ အကျင့်ပြောစမ်းပါလို့မေးပြန်တယ်။ ခုနင်က မေးတာလေ သက္ကာယချုပ်ကြောင်းဆိုတော့ တဏှာချုပ်ယင်ပြီးတာပဲ၊ တဏှာချုပ်လို့ရှိယင် ဒီသက္ကာယဟာ နောက် သက္ကာယ လာစရာလိုသေးသလား- (မလိုပါဘူး)၊ တဏှာချုပ်

---

* ဒေဝပုတ္တမာရ်ကား ဗဟိဒ္ဓမာရ်ဖြစ်၍ အောင်တော်မူပြီး လျှင်းပါးရန်မရှိ၊ ကိလေသမာရ်, ခန္ဓမာရ်, အဘိသင်္ခါရမာရ်, မစ္စုမာရ်တို့ကား အဇ္ဈတ္တနှင့် စပ်ယှဉ်လျက်ရှိ၏။ ထိုလေးပါးတွင် ကိလေသမာရ်ကား ကိလေသဝဋ်-သမုဒယသစ္စာဖြစ်၍ ဗောဓိပင်ကပင် အောင်မြင်ခဲ့ပြီ၊ ခန္ဓမာရ်, အဘိသင်္ခါရမာရ်, မစ္စုမာရ် သုံးပါးကား ဝိပါကဝဋ်-ဒုက္ခသစ္စာ ဖြစ်သည်၊ ထို မာရ်သုံးပါးကို အနုပါဒိသေသ နိဗ္ဗာန်ကျမှ မုချအောင်မြင်သည်၊ သညပါဒိသေသအခိုက်၌ ဝိပါကဝဋ်ကြီး ခံစားရဆဲရှိသေး၍ အနုပါဒိသေသကျမှ မုချအောင်မြင်တော့မည်ကို ရည်ရွယ်၍ မာရ် ါးပါးအောင် သည်ဟု ဆိုခြင်းဖြစ်၏။

http://www.dhammadownload.com



ယင် နောက်သက္ကာယ လာစရာမရှိတော့ဘူး။ ခန္ဓာရှိလျက်နဲ့ ကိုယ်တော်ကြီး နိဗ္ဗာန်ရောက်ပြီလို့ ပြောရတယ် - (မှန်ပါ)၊ ခန္ဓာရှိငြားသော်လဲ နိဗ္ဗာန်ရောက်ပြီ၊ အာရုံပြုသော အားဖြင့် ရောက်ပြီ - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

အာရုံပြုသောအားဖြင့်ရောက်ပုံကို ဒကာဒကာမတွေ ရှင်းပြပါဦးမယ်၊ အာရုံပြုသောအားဖြင့် ရောက်တယ်ဆိုတဲ့ အခုလို တရားနာတွေက ဘုရားဆီမှာ အများကြီး....။ မြတ်စွာဘုရားက သစ္စာလေးပါး ဟောနေလို့ရှိယင် ဒကာဒကာမတွေမှာ ရှုရှိုက် ရှုရှိုက်ဆိုတာ လှုတိုင်းရှိတယ်။ အဲဒီ ရှုနေတုန်းလဲ အားစိုက်နေတယ်တဲ့၊ ရှိုက်နေတုန်းလဲ အားစိုက်နေတယ်။ ဒီအချိန်မှာ တရားမနာနိုင် နှလုံးမသွင်းနိုင်ကြဘူး။ ဒီစိတ်တွေကြားထဲမှာ သူ နိဗ္ဗာန်ကို အာရုံပြုနေတယ်။ ဒါလောက် မြန်တယ်။

ဒီစိတ်တွေ ကြားထဲမှာ - (နိဗ္ဗာန် အာရုံပြုနေပါတယ်)၊ နိဗ္ဗာန် အာရုံပြုနိုင်တယ်ဆိုတော့ ဩော်....ဒါဖြင့် ခန္ဓာပင်ရှိသေးငြားသော်လဲ နိဗ္ဗာန်ကိုတော့ အာရုံပြုသောအားဖြင့် ရောက်နေပြီ - (မှန်ပါ)။

ခန္ဓာမရှိသော မအောင်သေးတာ၊ နိဗ္ဗာန်တွေက - (ရောက်နေပါပြီ)၊ ရောက်နေပြီ၊ အာရုံပြုသောအားဖြင့် ရောက်နေပြီ....၊

မြတ်စွာဘုရားက အချိန်ကို အလကား အဖြစ်မခံပါဘူး။ ဥပမာ-ဘုန်းကြီးတို့ တရားဟောနေတုန်း ခင်ဗျားတို့ ရှုရှိုက်

http://www.dhammadownload.com



နေလဲ တောက်လျှောက်ပြောပဲ။ ဘုရားထားတော့ အလထား အချိန်ကို အဖြစ်မခံပါဘူး၊ ရှုတဲ့ ရှိုက်တဲ့ကြားမှာ တရား အားမထုတ်နိုင်ဘူး၊ နှလုံးမသွင်းနိုင်ဘူး၊ ရှုတဲ့ရှိုက်တဲ့ကြား ထဲမှာ ငါဘာမယ်ဆိုပြီး ကြားထဲမှာ ကိုယ်တော်မြတ်ကြီးက ဟောလို့ရတယ်။ ဒီကြားထဲ ဘာလုပ်နေသတုံးလို့ မေးတော့ ဖြစ်ပျက်အာရုံပြုပြီး ဖြတ်ဆိုချုပ်သွားတော့ နိဗ္ဗာန်အာရုံပြုနေ တော်မူတယ်။ ဖလသမာပတ်နဲ့ နေတော်မူတယ် - (မှန်ပါ)။ ကိုယ်တော်မြတ်ကြီးလဲ ဖြစ်ပျက်ကစရတာပဲ။ မှတ်မိကြပလား- (မှတ်မိပါတယ်)။

နိဗ္ဗာန်တွေ့ချင်လို့ရှိယင် ဘယ်ကစရမလဲ - (ဖြစ်ပျက်က စရ ပါတယ်)၊ ဖြစ်ပျက်က စရမှာပဲ၊ ဖြစ်ပျက်မြင်ပြီးတော့မှ ပရိ ကံ ဥပစာ – အနုလုံ ဂေါတြဘူ၊ ဝေါဒါန်က ဖြစ်ပျက်။ ပြီး တော့မှ မဂ်ဖိုလ်က နိဗ္ဗာန် အာရုံပြုဘာကိုး - (မှန်ပါ)၊ ရှင်းပ လား - (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သဘောအားဖြင့်လဲ (ဘော်တော် နားလည်ပါပြီ။ သက္ကာယချုပ်ကြောင်း အကျင့်ကို ပြောစမ်း ပါဦး အရှင်ဓမ္မဒိန္နာလို့ ဝိသာခ သူဌေးက မေးတယ် - (မှန် ပါ)၊ မဂ္ဂင်ရှစ်ပါးဟာ သက္ကာယချုပ်ကြောင်းအကျင့်လို့ ဖြေ လိုက်တယ် - (မှန်ပါ)

အဲဒီတော့ မဂ္ဂင်ရှစ်ပါးဟာ သက္ကာယချုပ်ကြောင်းအကျင့် ဆိုတာကို ဒကာဒကာမတွေမှတ်ထားစရာက ခန္ဓာချုပ်ကြောင်း အကျင့်ကို ပြောဘာ - (မှန်ပါ)၊ သဘောကျပလား – (ကျပါပြီ)။

မဂ္ဂင်နဲ့ ဖြစ်ပျက်ရှုနေတဲ့ဥစ္စာ၊ ဖြစ်ပျက်ရှုယင် မဂ္ဂင်ငါးပါး

http://www.dhammadownload.com



က ပထမလာရမယ်၊ လောကုတ္တရာကျယင် ရှစ်ပါးလာရမယ်-(မှန်ပါ)၊ တစ်မဂ်ရပြီးသားပုဂ္ဂိုလ်ဆိုယင် ရှစ်ပါးနဲ့ ရှု၊ တစ်မဂ်မှ မရသေးတဲ့ပုဂ္ဂိုလ်ဆိုယင် ငါးပါးနဲ့ ရှုတယ်၊ သဘောကျပလား - (ကျပါပြီ)။

တစ်မဂ်ရပြီးသား ပုဂ္ဂိုလ် ရှုယင်- (ရှစ်ပါးနဲ့ရှု)၊ ရှစ်ပါးနဲ့ ဖြစ်ပျက်ကို ရှု၊ တစ်မဂ်မှ မရသေးတဲ့ ပုဂ္ဂိုလ်က ရှုယင် -(ငါးပါးနဲ့ ရှုရပါမယ်)၊ ငါးပါးနဲ့ ရှုတယ်ဆိုတာ မှတ်ထားလိုက်တော့၊ ဩော်....ငါးပါးလဲ မဂ်ဉာဏ်ပဲ၊ ရှစ်ပါးလဲ မဂ်ဉာဏ်ပဲ-(မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

အဲဒီတော့ ခင်ဗျားတို့လုပ်နေတဲ့ဥစ္စာလဲ မဂ္ဂင်ပါပဲ၊ မရသေးတဲ့ပုဂ္ဂိုလ်အတွက်မှာ၊ ရပြီးတဲ့ပုဂ္ဂိုလ်အတွက်မှာလဲ မဂ္ဂင်ပဲ....၊ ငါးပါးနဲ့ ရှစ်ပါးပဲ ကွာမယ် - (မှန်ပါ)၊ ရှစ်ပါးသမားအဖာတိုးလှာသတုံး ဆိုတော့ ခင်ဗျားတို့ သိပြီးသားအတိုင်း သီလမဂ္ဂင်သုံးပါးတိုးလာတယ် - (မှန်ပါ)၊ သီလမဂ္ဂင်သုံးပါးက လောကီ အခိုက်အတန့်မှာ သီလ၏ အစွမ်းဖြင့်သာ ဖြစ်တယ်၊ ဘာဝနာအခိုက်မှာ မပါလာသေးဘူးဖြစ်နေတယ်၊ လောကုတ္တရာကျမှ ပါလာတယ်၊ ဒါကြောင့် ခင်ဗျားတို့မှာတော့ ငါးပါးနဲ့ ရှုနေရတယ်၊ * သဘောကျပလား - (ကျပါပြီ)။

---

* ဝိရတီ မဂ္ဂင် သုံးပါးသည် လောကီ ကုသိုလ်၌ သုံးပါးလုံး တစ်ပြိုင်နက်မယှဉ်နိုင်၊ဝိတိက္ကမိတဗ္ဗဝတ္ထုတို့မှ ရှောင်ကြဉ်ခိုက် သီလ အစွမ်းဖြင့်သာ ဖြစ်ပေါ်၏၊ သို့ဖြစ်၍ ဘာဝနာဖြစ်သော ဝိပဿနာမဂ် အခိုက်၌ ဝိရတီသုံးပါး မပါဝင်ခြင်း ဖြစ်သည်။

http://www.dhammadownload.com



ငါးပါးနဲ့ ရှုပေမယ့်လဲ မဂ်တော့မဂ်ပဲ၊ ဘာကြောင့် မဂ္ဂင်ခေါ်ရသတုံး ဆိုတော့ ကိလေသာကို တဒင်္ဂသတ်နိုင်တယ် — (မှန်ပါ)၊ ကိလေသာကို တဒင်္ဂသတ်နိုင်တဲ့ အတွက် မဂ္ဂင်ပဲ၊ (မှန်ပါ)၊ မဂ္ဂင်ဆိုတာ ကိလေသာသတ်တာကို မဂ္ဂင်ခေါ်တယ်- (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

ဒါဖြင့်— ကိလေသာသတ်တယ် ဆိုယင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ဟုတ်သွားပြီ - (မှန်ပါ)၊ နိဗ္ဗာန်ရောက်ကြောင်း ဟုတ်သွားပြီဆိုတာ သေချာပလား — (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ငါတို့လုပ်နေတဲ့ အလုပ်ဟာ ဘာဆုမှ မတောင်းဘဲနဲ့ ဖြစ်-ပျက် ရှုနေတဲ့ အလုပ်ဟာ နိဗ္ဗာန်ရောက်ကြောင်းလို့ မှတ်လိုက်ကြစမ်းပါ — (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

ဖြစ်ပျက် မြင်နေတာနဲ့ ဒါဟာ ဘာအကြောင်း ဖြစ်သွားသလဲ - (နိဗ္ဗာန်ရောက်ကြောင်းဖြစ်ပါတယ်ဘုရား)။

ဝိသာခသေဌေးကြီးကမေးလို့ ဓမ္မဒိန္နာထေရီမက ဖြေကြားတာ သဘောကျပလား - (ကျပါပြီ)၊ နိဗ္ဗာန်ရောက်ကြောင်း အကျဉ်း ပြောစမ်းပါဆိုတော့ မဂ္ဂင်ရှစ်ပါးလို့ ဖြေကြားလိုက်တယ် — (မှန်ပါ)၊ ဒါကို နောက်တော့ ဘုရားက ထောက်ခံချက် ပေးလိမ့်မယ် — (မှန်ပါ)။

အဲဒါကြောင့် ဒီအလုပ်ကဲ့ဖြင့် လုပ်မိအောင် လုပ်ကြပါ။ နိဗ္ဗာန်ရောက် ချင်တဲ့ပုဂ္ဂိုလ်မှာဖြင့် ဒီအလုပ်မပါဘဲနဲ့ ရောက်လိမ့်မယ်လို့ ဒီလိုမယူကြပါနဲ့လို့ ဆရာသမားက အတိအလင်း ဆုံးမတယ် — (မှန်ပါဘုရား)၊ ဒါကတော့ ပါရမှာပဲ၊ ဒါကတော့ မပါယင် မဖြစ်ဘူး - (မှန်ပါ)၊ ဘယ်လိုပဲ ဒါန သီလ

http://www.dhammadownload.com



တော့က အကျိုးပေးပြီးတော့ နေစကာမှ နိဗ္ဗာန်ဝင်ခါနီး မဂ်ရခါနီးကျတော့ သူပါရဦးမှာပဲ - (မှန်ပါ)၊ မပါယင်တော့ - (မဖြစ်ပါဘူးဘုရား)၊ မဖြစ်ပါဘူးဆိုတာ သေသေချာချာမှတ်ပါ - (မှန်ပါ)။

အခုကြည့်ပါ၊ ဝိသာခသေဋ္ဌေးကြီးကလဲ အနာဂါမ်၊ ပုစ္ဆာအမေးခံရတဲ့ သူ့ရဲ့ ခင်ပွန်းမဟောင်းဖြစ်တဲ့ ဓမ္မဒိန္နာထေရီမကလဲ ရဟန္တာ၊ ဘယ်သူကဖြေတာတုံးမေးတော့ - (ရဟန္တာကဖြေတာပါဘုရား)၊ အနာဂါမ်ဖြစ်တဲ့ပုဂ္ဂိုလ်ကလဲ သာဓု သာဓုခေါ်တာပဲ၊ သူဘာလဲ အနာဂါမ်ဆိုတော့ ဒီသမ်းစဉ် သိပြီးသားကိုး၊ ဩော် - မဂ္ဂင်ရှစ်ပါးမှ တစ်ပါး နိဗ္ဗာန်ရောက်ကြောင်းတရား မရှိဘူးဆိုပြီး သာဓုခေါ်လိုက်တာ - (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဆရာတွေ မတွေ့ခင်တုန်းကတော့ ခင်ဗျားတို့အထင်မှာ အမျိုးမျိုးနဲ့ နိဗ္ဗာန်ဝင်သွားလိမ့်မယ် လို့ အောက်မေ့ကြလိမ့်မယ် - (မှန်ပါ)၊ မဂ္ဂင်ရှစ်ပါးသာ အစစ်ပဲဆိုတာ ဆုံးဖြတ်ချက်ချပါ - (မှန်ပါ)။

ဒီ့ပြင် ဟာတွေကော ဘုရား....၊ ဒါန သီလတွေ တပည့်တော်တို့ လုပ်နေတဲ့ ကုသိုလ်တွေကောလို့ မေးယင် အဲဒါတွေက မဂ္ဂင်၏ အထောက်အပံ့တွေ ဖြစ်ပါတယ်၊ ရှင်းပလား - (ရှင်းပါပြီဘုရား)၊

ဘယ်လိုဆိုကြမယ် - (မဂ္ဂင်၏အထောက်အပံ့တွေပါဘုရား)၊ အဲ....မဂ္ဂင်၏ အထောက်အပံ့ သူတို့က ပေးတော့ ကျုပ်တို့ခင်ဗျားတို့မှာ မဂ္ဂင်ဟောကြားတဲ့ ဆရာသမားများနဲ့ တွေ့ပြီး

http://www.dhammadownload.com



မဂ္ဂင်အလုပ်လုပ်တတ်တဲ့ ဉာဏ်တွေရတာပေါ့- (မှန်ပါဘုရား)။ ပေါ်ကြပလား - (ပေါ်ပါပြီဘုရား)။

ဒါကြောင့် မနေ့ကတုန်းက နှစ်ပစ္စည်းပြောခဲ့တယ်၊ သူတို့က ဥပနိဿယပစ္စည်း၊ မဂ္ဂင်က မဂ္ဂပစ္စည်းလို့ ပြောခဲ့တယ်၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

ဒါန သီလ သမထတွေက ဘာတုံး – (ဥပနိဿယပစ္စည်းပါ)၊ မဂ္ဂင်ရှင်ပါးက - (မဂ္ဂပစ္စည်းပါဘုရား)၊ အဲ....ဘုရားကိုယ်က နှစ်ပစ္စည်း ဟောထားတယ်၊ ဥပနိဿယပစ္စည်းလဲ ပါရမယ်၊ မဂ္ဂပစ္စည်း မပါယင်လဲ - (မပြီးပါဘူးဘုရား)၊ အဲဘုရားက ဒီလိုဟောထားတော့ ခင်ဗျားတို့က ဒီလိုရှိပါကလား ဆိုတာ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချကြပါ။ သူပြောလူပြောလမ်းဆုံးမနေကြနဲ့ - (မှန်ပါ)။

အခု ဒီမှာပဲ နိဗ္ဗာန်ရောက်ကြောင်းအကျင့် ပြောစမ်းပါဆိုတော့ ဝိသာခသေဋ္ဌေးက မေးလို့ ဓမ္မဒိန္နာထေရီမက သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးပဲတဲ့...။ ရှင်းကြပလား – (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရား ဘယ်နှစ်ပါး ရှိသတုံး- (ရှစ်ပါးရှိပါတယ်ဘုရား)၊ ရှစ်ပါးရှိတယ်လို့ ဆိုတာ သေသေချာချာမှတ်ပါ – (မှန်ပါ)။

ရှစ်ပါးဟာ ဘာတုံးဆိုတော့ သီလ-သမာဓိ-ပညာ ခွဲလိုက်ပါဦး - (မှန်ပါ)၊ သီလ-သမာဓိ-ပညာ ကို ဆိုပါတယ်။ ရှစ်ပါးကို သုံးပုံ-ပုံလိုက်ယင် သုံးပါးရတယ်၊ နောက်တော့ ပြပါမယ်၊ အခုတော့ သူ့အမေးနဲ့ သူ့အဖြေက နေစက်ဆုံးပိတ်

http://www.dhammadownload.com



လောက်မှ အဲဒါက မေးတာကိုး၊ အခုအချိန်မှာ သူ့ကို ရှင်းရှင်း လင်းလင်းမပြောသေးပါဘူး။ သို့သော် ဝိရှစ်ပါး သုံးပုံ ပုံလိုက်လို့ရှိယင် သီလ - သမာဓိ - ပညာပဲဖြစ်တယ် - (မှန်ပါ)။ ရှင်းပလား - (ရှင်းပါပြီဘုရား)၊ ဒါကြောင့် သီလလဲနိဗ္ဗာန် ရောက်ကြောင်းဆိုတာ ပေါ်လာတယ်-(မှန်ပါ)၊ သမာဓိလဲ-(နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)၊ ပညာလဲ - (နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)၊ သို့သော် ခေါင်းဆောင် အကြီးဆုံးကတော့ ပညာပဲ - (မှန်ပါ)၊ ရှင်းပြီနော် - (ရှင်းပါပြီဘုရား)။

ဒါနဲ့ — ယနေ့ည ဒကာ ဒကာမတွေ မှတ်စုမှတ်ရမှာက သက္ကာယလဲ သိပြီ၊ သက္ကာယ ဖြစ်ကြောင်းလဲ - (သိပါပြီ)၊ သက္ကာယချုပ်ရာလဲ - (သိပါပြီဘုရား)၊ ချုပ်ရာ အကျင့်ကော - (သိပါပြီ)၊ သိပြီတဲ့ ။ လေးခုသိသွားပြီ - (မှန်ပါ)၊ ဝိသာခ သေဌေးက မေးလို့ ဓမ္မဒိန္နာ ထေရီမက ဖြေတာ၊ ဒီဥစ္စာဖြင့် တရားမှန်လို့ ဆုံးဖြတ်ချက်ချပါ - (မှန်ပါ)၊ အမေးသမား အနာဂါမ်၊ အဖြေသမား ရဟန္တာ-ဆိုတော့ တိမ်းစရာ စောင်းစရာ ရှိသေးသလား - (မရှိပါဘူး)၊ သူဘို့ကိုယ်တွေကို မေးကြ ဖြေကြတာ၊ သာခု ခေါ်တဲ့ ပုဂ္ဂိုလ်ကလဲ သူ့ကိုယ်တွေကို ခေါ်တာ - (မှန်ပါ)၊ ဖြေတဲ့ပုဂ္ဂိုလ်ကလဲ ကိုယ်တွေကိုဖြေတာ-(မှန်ပါ)၊ ဒါကြောင့် ဒါဟာ တိမ်းစရာ စောင်းစရာ မရှိတဲ့ တရားလို့ သေသေချာချာမှတ်ပါ - (မှန်ပါ)၊ သဘောပါကြပြီနော် - (ပါပါပြီ)။

ဒါနဲ့ ဝိသာခ သေဌေးက မကျေနပ်သေးဘူး၊ သူ့စိတ်ထဲမှာ - (မှန်ပါ) ဒီ့ပြင် ပုစ္ဆာကို မေးဦးမှပဲဆိုပြီး ဥပါဒါနက္ခန္ဓာဆိုတာ ပြောစမ်းပါဦးလို့ ထပ်မေးတယ် - (မှန်ပါ)၊

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာဆိုတာ ယခုလက်ရှိဖြစ်တဲ့ ခန္ဓာ၊ ဥပါဒါန်တရား တို့၏ အာရုံဖြစ်တဲ့ ခန္ဓာပေါ့လို့ ဖြေလိုက်တယ် - (မှန်ပါ)။

ဒါဖြင့် အရှင်ဓမ္မဒိန္နာ-မေးပါရစေဦး....၊ဥပါဒါန်နဲ့ခန္ဓာနဲ့ တစ်ခြားစီလား....တဲ့၊ ဒီလိုလာပြန်တယ် - (မှန်ပါ)၊ ဆိုထား တာက ဥပါဒါနက္ခန္ဓာကိုး၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့ တွဲခေါ်နေတာ၊ ဥပါဒါန်နဲ့ခန္ဓာနဲ့ တစ်ခြားစီလား....၊ သို့မဟုတ်၊ အတူတူပဲလား၊ ဒါကလေး ဆင့်မေးပြန်တယ်၊

ဥပါဒါန်နဲ့ ခန္ဓာနဲ့ ဟာ တူတူပဲလား-တစ်ခြားစီလားတဲ့၊ တူတူလဲမဟုတ်ဘူး၊ တစ်ခြားစီလဲမဟုတ်ဘူး၊ ရိပ်မိကြပလား- (ရိပ်မိပါပြီ)၊ အတူတူဆိုယင်လဲ ရောနေမှာပဲ၊ တစ်ခြားစီလား ဆိုယင်လဲ မဟုတ်ဘူးဆိုတော့ ဒီအဖြေဟာ တော်တော် မခက် ဘူးလား - (ခက်ပါတယ်ဘုရား)။

တူတူပဲလား မေးပြန်တော့ တူတူလဲမဟုတ်ဘူးတဲ့၊ တစ်ခြား စီလားမေးပြန်တော့ - (မဟုတ်ပါဘူး)၊ တစ်ခြားစီလဲ မဟုတ် ဘူးဆိုတော့ ဒီဒကာဒကာမတွေ ရှင်းဖို့ရာ ဘုန်းကြီးများက ကြားဝင်ရတယ်၊ မဝင်ယင် မဖြစ်ပါဘူးတဲ့ - (မှန်ပါ)။

ဥပါဒါနက္ခန္ဓာ လို့ ဆိုထားတယ်၊ သက္ကာယ ဟာ ဥပါဒါ နက္ခန္ဓာပဲ - (မှန်ပါ) အဲဒီ ဥပါဒါနက္ခန္ဓာမှာ ခင်ဗျားတို့ သိဖို့ရာက ခန္ဓာက သူ့ဟာသူနေတာ သဘောကျပလား - (ကျပါပြီ)၊ ခန္ဓာဟာ ဥပမာ-သားမယားခန္ဓာက သူ့ဟာသူ နေတာ။ ဒီက ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်ဆိုယင် သူက သက္ကာယ သာဖြစ်တယ်။ ဥပါဒါနက္ခန္ဓာမဖြစ်ဘူး၊ ဒီကနေပြီး ဥပါဒါန် သွားပြီး ငြိမှ ဥပါဒါနက္ခန္ဓာ- (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဥပါဒါနိန်နဲ့ခန္ဓာဆိုဟာ အတူတူလားလို့ မေးလို့ရှိယင် နဂိုက ဓါတ်ကြီးက ကျန်တဲ့ နာမက္ခန္ဓာလေးပါး၊ ရူပက္ခန္ဓာနဲ့ မတူတော့ ခန္ဓာငါးပါးကိုး။ ဟိုဘက်က ခန္ဓာငါးပါး၊ ဒီဘက်က တဏှာ နှစ်ခုကြားထဲမှာဆက်မိမှ ဥပါဒါနက္ခန္ဓာ-(မှန်ပါ)၊ မဆက်မိလို့ရှိယင် ဒါကို ဥပါဒါနက္ခန္ဓာလို့သွားပြီး မဆိုနဲ့၊ သဘောကျပလား - (ကျပါပြီ)။

ဒါဖြင့် ဥပါဒါနိန်နဲ့ ခန္ဓာနဲ့ဟာ တစ်ခြားစီလားလို့မေးတဲ့ အခါကျလို့ရှိယင် တစ်ခြားစီလဲ မဟုတ်ဘူးတဲ့၊ စပ်နေတယ်၊ အာရုံနဲ့ အာရမ္မဏိကအားဖြင့် စပ်နေကြတယ် - (မှန်ပါ)၊ ရှင်းပလား—(ရှင်းပါပြီ)။ ဒီက အာရုံ-ခန္ဓာငါးပါးက၊ ဝမ်းထဲက ဥပါဒါနိန်က အာရမ္မဏိက - (မှန်ပါ)။

အာရုံ အာရမ္မဏိကအားဖြင့် ဆက်နေသလား တစ်ခြားစီလားလို့ မေးတဲ့အခါကျတော့ ဆက်နေတယ်၊

တူသလားလို့ မေးပြန်တော့ - (မတူပါဘူး)၊ ဒီကတဏှာကိုး။ ဒီက တဏှာမှ ကြွင်းတဲ့ရုပ်နာမ်ဆိုတော့ တစ်ခြားစီမနေဘူးလား - (နေပါတယ်)။

ကိုင်း....ဒါဖြင့် ဘယ်အချိန်မှ ဥပါဒါနက္ခန္ဓာ ဖြစ်သတုံးလို့ မေးဖို့ မလိုဘူးလား - (လိုပါတယ်ဘုရား)၊ ဥပါဒါနိ မပြတ်တဲ့ပုဂ္ဂိုလ်မှာ (ဝါ) တဏှာမပြတ်တဲ့ ပုဂ္ဂိုလ်မှာ မိမိခန္ဓာ ခြင်ကောင်ယင်ကောင် ကိုက်စားတာတောင် မကြိုက်ဘူး၊ ဆက်နေတယ် - (မှန်ပါ)၊ မဆက်ဘူးလား - (ဆက်ပါတယ်)။

ဘာဖြစ်လို့ ဒီခြင်ကောင်ယင်ကောင်တွေက သွေးတွေ စုတ်တာကို ခင်ဗျားတို့က မောင်းရသတုံး ရှင်းရသတုံးလို့ မေးလို့

http://www.dhammadownload.com



ရှိယင်ဖြင့် ဒီတဏှာက ဒီခန္ဓာနဲ့ ဆက်သွယ်နေတယ်-(မှန်ပါ)။ ခင်တဲ့ခန္ဓာနဲ့ ဆက်သွယ်ပြီးသကာလနေတော့ ခင်တဲ့ခန္ဓာထိလို့ ရှိယင် မခံနိုင်ဘူး ဆိုကတည်းက ခင်တာက ဒီအထဲ သွားနေတယ် .... (မှန်ပါ၊ သွားပါတယ်ဘုရား)၊ ခန္ဓာထဲကို မသွားဘူးလား- (သွားပါတယ် ဘုရား)၊ ဒါကြောင့် ဒီခန္ဓာကို ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်တို့၏ မှီရာ ခန္ဓာနော် - (မှန်ပါ)၊ သဘောပါပလား - (ပါပါပြီဘုရား)၊

ဘာတုံး - (ဥပါဒါန်တို့၏မှီရာ ခန္ဓာပါဘုရား)၊ ဥပါဒါန်တို့၏ မှီရာခန္ဓာဆိုတာ သချင်ပလား - (သချာပါပြီဘုရား)။

ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာသည် ရောတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ မရောတဲ့ပုဂ္ဂိုလ်လဲ - (ရှိပါတယ်ဘုရား)၊ ဘုရား-ရဟန္တာတို့ ကျတော့ - (မရောပါဘူးဘုရား)၊ ဥပါဒါနက္ခန္ဓာလို့ သွားမဆိုနဲ့၊ ခန္ဓာပဲ - (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ကျတော့ အထိမခံ ရှေပန်းကန်ဖြစ်နေတော့ ဥပါဒါန်နဲ့ သွားပြီး ငြိနေတယ် - (မှန်ပါ)၊ ဒီအထဲမှာရှိတဲ့ တဏှာဥပါဒါန်နဲ့ သွားပြီး မငြိဘူးလား - (ငြိပါတယ်ဘုရား)၊ ငြိတယ်၊မငြိတယ် ဘာမှ သွားကြည့်မနေနဲ့၊ သူမမာလို့ရှိယင် စိတ်ပျက်ပြီး၊ မာမာကျန်းကျန်း ရှိလို့ရှိယင် နှစ်သက်တယ်၊ -(မှန်ပါ) ဒါ ဘာဖြစ်လို့တုံးဆိုတော့ ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ ငြိနေတယ် - (မှန်ပါ)၊ သဘောပါပသား - (ပါပါတယ်)၊

ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ တစ်ခြားစီလားလို့ မေးတော့ အာရုံပြုတဲ့ပုဂ္ဂိုလ်ကစတော့ ဆက်နေတယ်၊ မပယ်သေးတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်က ဆက်နေတယ် - (မှန်ပါ)၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ စပ်နေတယ် ဆိုတဲ့ အဓိပ္ပါယ်ကော မရဘူးလား -(ရပါတယ်)၊ အာရုံအာရမ္မဏိကအားဖြင့် စပ်ပါတယ်၊ အတူကောနေသလား လို့မေးပြန်တော့ အတူမနေဘူး - (မှန်ပါ)၊ အတူမနေတာက တခြားမဟုတ်ပါဘူး၊ စွဲလမ်းတဲ့ခန္ဓာကတစ်မျိုး၊ ခန္ဓာက တစ်မျိုး - (မှန်ပါ)၊ သဘောထာ တူကြရဲ့လား - (မတူပါဘူး)၊ သဘောထာတော့ မတူဘူး အကြောင်းအကျိုးထာတော့ ဆက်နေတယ် - (မှန်ပါ)။

ဒါကြောင့် သဘောမတူတာ ထောက်လိုက်လို့ရှိယင် အတူတူလားလို့ မေးတော့လဲ သဘောမတူလို့ မတူဘူး - (မှန်ပါ)၊ တခြားစီလား မေးပြန်တော့ တခြားစီလို့ မဟုတ်ဘူး-တဲ့၊ ငြိနေတဲ့ပုဂ္ဂိုလ်မှာ တခြားစီလဲ မဟုတ်ဘူး - (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

ငြိနေတဲ့ပုဂ္ဂိုလ်မှာ- (တခြားစီ မဟုတ်ပါဘူး)၊ အတူတူလားလို့ မေးပြန်တော့လဲ မတူဘဲ၊ ဒီက တဏှာ၊ ဒီက ကျန်တဲ့ ရုပ်နာမ်ဆိုတော့ ဒီလို ဖြေလိုက်တဲ့ အခါကျတော့ ဩော်.... ဥပါဒါန်နဲ့ ခန္ဓာဟာ တခြားစီလားလို့ မေးပြန်တော့ တခြားစီလို့လဲ မဆိုနဲ့ အတူတူလို့လဲ-(မဆိုရပါဘူး)၊ ငြိနေတဲ့ ပုဂ္ဂိုလ်ကျတော့ တခြားစီမဟုတ်ပြန်ဘူး၊ အာရုံ အာရမ္မဏိက စပ်နေတယ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)၊ အတူတူလားလို့ မေးပြန်တော့လဲ ဒီကတဏှာ, ဟိုက တဏှာမပါတဲ့ရုပ်နာမ် ဖြစ်နေတယ်-(မှန်ပါ)၊ရှင်းပလား-(ရှင်းပါပြီ)။

ကောင်းပြီ.... ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ တခြားစီလဲ

http://www.dhammadownload.com



မဟုတ်ဘူးနော် အတူတူလဲ မဟုတ်ဘူး၊ ဒီပုစ္ဆာ ပြေပလား-(ပြေပါပြီဘုရား)၊ သဘောကျသွားပြီနော်-(မှန်ပါ)။

ကဲ....သဘောကျသွားတော့ကို ရှေ့ကို ဆက်မေးတယ်၊ အရှင်ဓမ္မဒိန္နာ- သက္ကာယဒိဋ္ဌိဆိုတာ ပြောစမ်းပါဦး-တဲ့၊ မေးပြန်တယ်၊ သက္ကာယဒိဋ္ဌိကို ပြောစမ်းပါဦး တဲ့။

သက္ကာယဒိဋ္ဌိ ဆိုတာက ဒီလိုပါတဲ့။ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ အရိယာတို့၏ စကားကို မနာဘူးတဲ့ ပုဂ္ဂိုလ်များမှာ မနေ့ကပြောသလို ရုပ်ကို ငါထင်ပါတယ်၊ ဝေဒနာကို ငါထင်ပါတယ်၊ သညာကို-(ငါထင်ပါတယ်)၊ သင်္ခါရကို-(ငါထင်ပါတယ်)၊ ဝိညာဏ်ကို-(ငါထင်ပါတယ်)၊ အဲဒါသက္ကာယဒိဋ္ဌိပါပဲတဲ့။ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာ ဖြစ်ပါတယ်-(မှန်ပါ)၊ အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်တွေကတော့ သက္ကာယသာ ဖြစ်ပါတယ်။ ဒိဋ္ဌိမဖြစ်ပါဘူး၊ ရှင်းပလား-(ရှင်းပါပြီ)။

အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်ဖြစ်ယင် - (သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်)၊အဲ....သက္ကာယနဲ့ ဒိဋ္ဌိ ရောနေတယ်။ ဒါကသက္ကာယ၊ ဒီက ဒိဋ္ဌိက ဒီထဲသွားရှုပ်နေတယ်-(မှန်ပါ)၊ မရှုပ်ဘူးသလား-(ရှုပ်ပါတယ်)။

ကောင်းပြီ၊ ဒါဖြင့် အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ရုပ်ကို ငါ၊ ဝေဒနာကို ငါ၊ သညာကို ငါ၊ သင်္ခါရကို ငါ၊ ဝိညာဏ်ကို ငါ လို့ ယူလိုက်တဲ့ အတွက် သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ် - (မှန်ပါ)၊ သဘောပါပလား -(ပါပါပြီ)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ ဆိုတဲ့ ဥစ္စာသည် သက္ကာယထဲမှာ ဒိဋ္ဌိ စင်ရှုပ်တဲ့ပုဂ္ဂိုလ်ကို ဆိုတာပါ-(မှန်ပါ)၊ အကြားအမြင်မရှိတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်များမှာ သက္ကာယဆိုတဲ့ခန္ဓာထဲမှာ ဒိဋ္ဌိကဝင်ပြီးသကာလ အုပ်ချုပ်တယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

သက္ကာယဆိုတဲ့ လောကီခန္ဓာထဲမှာ- (ဒိဋ္ဌိကဝင်ပြီး အုပ်ချုပ်နေပါတယ်)၊ ဒိဋ္ဌိက ဝင်ရှုပ်နေတယ်၊ ဒါက ဘယ်လိုပုဂ္ဂိုလ်တုံးမေးတော့ ဘယ့်နှယ်ဖြေကြမှတုံး - (အကြားအမြင် မရှိတဲ့ပုဂ္ဂိုလ်ပါဘုရား)။

အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မို့ ဒါဟာ ဝင်ပြီးရှုပ်နိုင်တာပဲ- (မှန်ပါ)၊ ဒါဖြင့်တရားမနာရတဲ့ ပုဂ္ဂိုလ်အတွက်မှာ သက္ကာယဒိဋ္ဌိပြုတ်ဖို့ အတော်ခဲယဉ်းပါတယ် — (ခဲယဉ်းပါတယ်ဘုရား)၊ အကြား အမြင်မှ မရှိတော့ဘဲ - (မှန်ပါ)၊ ရှင်းပလား — (ရှင်းပါပြီဘုရား)။

ဒါကြောင့် သောတာပန် တည်ခြင်း၏ အကြောင်းမှာ သူတော်ကောင်းနဲ့ပေါင်းရမယ်, တရားနာရမယ် ဆိုတာ တစ်ခါတည်း ပါလာတယ် - (မှန်ပါ)၊ သပ္ပုရိသူပသံသေဝေါ သောတာပတ္တိ အင်္ဂ၊ သဒ္ဓမ္မဿဝနံ သောတာပတ္တိ အင်္ဂ၊ ယောနိသောမနသိကာရော သောတာပတ္တိအင်္ဂ၊ ဓမ္မာနုဓမ္မပ္ပဋိပတ္တိသောတာပတ္တိအင်္ဂ၊ သောတာပန်ဖြစ်ချင်ယင် ဒီလေးချက်တော့ ပြည့်စုံရမယ် - (မှန်ပါ)၊ ရှေးဦးစွာ သူတော်ကောင်းကလျာဏမိတ္တပုဂ္ဂိုလ်များနဲ့ပေါင်းရမယ် - (မှန်ပါ)၊ ပြီးတော့ ဘာလုပ်ရမလဲ - (တရားနာရပါမယ်)၊ ပြီးတော့မှ နှလုံးသွင်းမှန်အောင် လုပ်ရမယ် - (မှန်ပါ)၊ တရားနာတော့ နှလုံးသွင်းက မှန်လာတယ် — (မှန်ပါ)၊ နှလုံးသွင်းမှန်ပြီးတော့မှ မှန်တဲ့အတိုင်း ကျင့်ရမယ် - (မှန်ပါ)၊ ဒီလေးချက် မညီလို့ရှိယင်

http://www.dhammadownload.com



သောတာပန် တည်လိမ့်မယ်လို့မဟောပါဘူး- (မှန်ပါ)၊ ဟော နိုင်ပါ့မလား - (မဟောနိုင်ပါဘူး)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိဆိုတာ ဘာတုံးလို့ ခုနင်က ဝိသာခသေဋ္ဌေးကမေးတော့ ဓမ္မဒိန္နာက အကြားအမြင် မရှိတဲ့ ပုဂ္ဂိုလ်မှာ ရုပ်ကို ရုပ်အတ္တဘော သမနုပဿတိ၊ ဝေဒနာ အတ္တဘောသမနုပဿတိ - ရုပ်ကို ငါထင်ပါတယ်၊ ဝေဒနာ ငါထင်ပါတယ်၊သညာငါထင်ပါတယ်၊သင်္ခါရငါထင်ပါတယ်၊ ဝိညာဏ်ကိုငါထင်ပါတယ်၊ ဒါဟာ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ် မှာ သက္ကာယဒိဋ္ဌိဖြစ်တယ်၊ သက္ကာယထဲမှာ ဒိဋ္ဌိဝင်နေတယ် - (မှန်ပါ)၊ ဘယ်ပုဂ္ဂိုလ်တုံး - (အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်ပါ)၊

အကြားအမြင်မရှိတဲ့ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်မှာဖြင့် သက္ကာယ ဒိဋ္ဌိဖြစ်ပါတယ်၊ ဒါဖြင့် အကြားအမြင်က ဘယ်ကလာသတုံး မေးတော့ တရားနာလို့ လာတယ် - (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီ)၊

ဒီ တရားနာမှုကလဲ ဘယ်သူ့ကို ဆည်းကပ်မှတုံး ဆိုတော့ သူတော်ကောင်း ဆည်းကပ်မှ - (မှန်ပါ)၊ ပေါ်ပလား - (ပေါ်ပါပြီဘုရား)။

ကဲ.... ဝီရနေ့ည ဝီတွင်တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားတော်မူသော

# ဝိသာခနှင့် ဓမ္မဒိန္နာ

# အမေး–အဖြေ (၂)

# အလုပ်ပေးတရားတော်

[၁၇-၁၂-၁၉၆၁]

မနေ့က ဝေဒနာတွေက ဝိသာခ သေဌေးက မေးလို့ ဓမ္မဒိန္နာထေရီမက ဖြေလိုက်တယ် - (မှန်ပါ)၊ ဘယ်လိုမေးလိုက်သတုံးဆိုတော့ သုခဝေဒနာ မရှုသို့ရှိယင် အဘယ်ဘဲဆုး ကိန်းပါသတုံး– ဒုက္ခဝေဒနာ မရှုသို့ရှိယင် အဘယ်ဘရား ကိန်းပါသတုံး– ဥပေက္ခာဝေဒနာ မရှုလို့ရှိယင် အဘယ်တရား ကိန်းပါသတုံး – လို့ မေးလိုက်တယ်၊ ဓမ္မဒိန္နာထေရီမက သုခဝေဒနာဟာ မရှုဘဲထားလို့ရှိယင် တဏှာနုသယလိုက်ပါတယ်ဘဲ၊ ရှင်းပြီ နေ့ဦး - (မှန်ပါ)။

http://www.dhammadownload.com



သုခဝေဒနာ မရှုကြယင် - (တဏှာလိုက်ပါတယ်ဘုရား)။ တဏှာလိုက်တယ် ဆိုတာ သူကတော့ တိုတိုဖြေထားတာ — (မှန်ပါ)၊ ဒီက ဒကာဒကာမတွေ မှတ်ဖို့ရာကတော့ တဏှာ ဥပါဒါန်ကံ ကျအောင် လိုက်တယ်လို့ ယူလိုက် - (မှန်ပါ)၊ တဏှာ ဥပါဒါန်ကံကျအောင် လိုက်လို့ရှိယင်ဖြင့် ဘဝလဲ ဆက်တော့မှာပဲဆိုပြီး ဇာတိကျအောင်လိုက်လိုက်- (မှန်ပါ)၊ ဇာတိကျအောင် လိုက်လိုက်တော့ သုခဝေဒနာ မရှုတဲ့ ပုဂ္ဂိုလ်ဟာ တဏှာ လိုက်တယ်၊ တဏှာ လိုက်တော့ ဥပါဒါန်က နိယာမသဘောနဲ့ လိုက်တယ်၊ ကံကလဲ နိယာမသဘောနဲ့ လိုက်တယ်၊ ဇာတိကလဲလိုက်တယ်၊ အဲဒီဇာတိဟာ ဘယ်ဇာတိလဲ ဆိုတဲ့အခါ ကျလို့ရှိယင် သာယာပြီး သေသောကြောင့် များသောအားဖြင့် ပြိတ္တာဇာတိ - (မှန်ပါ)။

သုခဝေဒနာ မရှုကြယင် ဘာဖြစ်ကြမယ် ထင်သတုံး — (ပြိတ္တာဇာတိပါသူရား)။

ဒါဖြင့် သုခဝေဒနာကို ပြုံးရွှင်ပြီးသကာလ သဘောကျနေတဲ့ ပုဂ္ဂိုလ်ဟာ တိုတိုပြောတော့ အာသဝလို ပြောတော့ ကာမာသဝလိုက်တယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ကာမာသဝ ဆိုတဲ့ဥစ္စာဟာ လောဘကို ဆိုပါတယ်၊ ကာမာသဝ လိုက်လို့ရှိယင် ခင်ဗျားတို့ မှတ်စရာက ဘဝါသဝလဲ လိုက်တာပဲ-(မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)၊ ဘုံဘဝမှာလဲ ဒီလိုပဲ ပျော်ပျော်နေချင်သေးတယ် ဆိုတဲ့ ဘဝါသဝကော - (လိုက်ပါတယ်ဘုရား)၊ အဲ....ကာမာသဝ, ဘဝါသဝတာ လိုက်တော့တာပဲ - (မှန်ပါ)။

အဲဒါကြောင့် မရှုမှတ်တဲ့ ပုဂ္ဂိုလ်မှာ ပြိတ္တာလမ်းကိုသွား

http://www.dhammadownload.com



ပါတယ်လို့ဆိုတော့ရှုမှတ်တဲ့ပုဂ္ဂိုလ်ကတော့ မောင်သစ်တို့၊ဦးသုံ ဒိုင် တို့ ရှားမှရှား - (မှန်ပါ- ရှားပါတယ်ဘုရား)၊ မရှားဘူး လား - (ရှားပါတယ်ဘုရား)၊ သူကလေး ပေါ်တယ်ဆိုပြီး မြုံးနေတာပဲ၊ မြုံးပြီး ထကာလ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ စားနေ တာပဲ၊ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ဒီဟာမျိုး နောက်ငယ်ဦးမယ် ဆို တာ ပါလာတာပဲ - (မှန်ပါ)၊ နောက်ဝယ်ဦးမယ် ဆိုတာက ဉပါဒါန် - (မှန်ပါ)၊ ငယ်မှုယ်ဆို အခုသွားဝယ်မှပဲ ရုံပြီး ကာယကံနဲ့သွား၊ ဝစီကံနဲ့ ဈေးဆစ်-မလာကြဘူးလား - (လာ ပါတယ်)၊ ဒါတွေက ဘာတွေတုံး — ကမ္မဘဝ - (မှန်ပါ)၊ ကာယကံနဲ့သွားတာလဲ ကမ္မဘဝ၊ ဝစီကံနဲ့ ဆစ်တာကော — (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝတွေပဲ၊ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ - ဆိုတာ ဒါတွေ စေတနာကံ ပေါ်လာတယ်— (မှန်ပါ)။

အဲဒီ ကမ္မဘဝက နောင် သေသည့်၏အခြားမဲ့၌ သူစာ ဇာတိကို ကျေးဇူးပြုတယ် - (မှန်ပါ)၊ ဇာတိ ဆိုတော့ များ သောအားဖြင့် လောဘတဏှာက လာတော့ ပြိတ္တာဇာတိပဲ ကျေးဇူးပြုမယ် - (မှန်ပါ)၊ များသောအားဖြင့် ဆိုပါတယ်— (မှန်ပါ)။

ဒါဖြင့် ဒုက္ခဝေဒနာမရှုတဲ့ ဒကာ ဒကာမတွေကျတော့ကို ဒေါသ လိုက်တယ်လို့ မှတ်ရမယ် နော် - (မှန်ပါ)၊ ဒေါသ လိုက်လို့ရှိယင် ဒေါသ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဉပါယာသ အဝိဇ္ဇာ သခ်ါရ၊ သခ်ါရ ပြီးတော့ ဝိညာဏ် ဆို

http://www.dhammadownload.com



တာလဲ ဖဋ္ဌသန္တဝိညာဏ် လို့ မှတ်ထားလိုက်ကြစမ်းပါ၊ ဇာတိ မဲ့ မှတ်ပါ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

အဲဒီ ဇာတိကလဲ ဘာဇာတိတုံး၊ မေးပြန်တော့ အဝိဇ္ဇာက လာသော ကြောင့် များသော အားဖြင့် တိရစ္ဆာန်ဇာတိ — (မှန်ပါ)- သူကလဲ မသေးလှဘူး- (မသေးပါဘူး)၊ သဘော ပါကြပလား - (ပါပါပြီဘုရား)။

ဒါက ဘာအာသဝ လိုက်လာသဘုံး ဆိုယင် အဝိဇ္ဇာသဝ လိုက်လာဘယ် - (မှန်ပါ)။

ဒါကြောင့် ခင်ဗျားတို့ အာသဝဆိုတဲ့ ဥစ္စာသည် ဘုံအား ဖြင့် ဘဝဂ်တိုင်အောင်လိုက်ပါတယ်၊ ဓမ္မအားဖြင့် သောတာ ပတ္တိမဂ်ရဲ့ ရှေးဂေါတြဘု တိုင်အောင် လိုက်ဘယ် - (မှန်ပါ)၊ ဒီတော့ အတော် ကန့်ကွက်နိုင်တဲ့တရားပဲ ဆိုတာ ထူးထူး ခြား ခြားမှတ်ပါ - (မှန်ပါ)၊ မပယ်ယင်တော့ဖြင့် လိုက်မှာပဲ၊ ပယ်သင်တော့ဖြင့် မလိုက်ကြဘူးလို့ ဒကာဒကာမတွေ ဆုံးဖြတ် ချက်ချပါ- (မှန်ပါ)။

အဲဒါကြောင့် ဒုက္ခပေါ်လဲ ခင်ဗျားတို့သည် ဖြစ်ပျက်ကို ရှုမိအောင်ရှုပါ၊ သဘောပါပလား - (ပါပါပြီ)။ သုခပေါ် လဲ - (ရှုမိအောင် ရှုရပါမယ်)၊ ရှုမိအောင် ရှုရမှာပဲ၊ မရှုလို့ ရှိယင် တိရစ္ဆာန်လမ်း - ပြိတ္တာလမ်း - အပါယ်လမ်းပဲ ဆိုဘာ ဖြောင့်နေစရာ မလိုပါဘူး - (မှန်ပါ)၊ သဘောပါကြပလား— (ပါပါပြီ)။

ဥပေက္ခာဝေဒနာကို မရှုမိပြန်ဘူး။ အဝိဇ္ဇာသဝပဲ ပြန်လိုက် တာယ် - (မှန်ပါ)၊ ဥပေက္ခာဆိုတာ အင်မတန်နူးညံ့သိမ်မွေ့

http://www.dhammadownload.com



တယ်၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ သိနိုင်တာ၊ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ် မသိဘူး - (မှန်ပါ)။

ဥပေက္ခာဝေဒနာခေါ်တာကို ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ သိတယ်။ ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ် မသိပါဘူး။ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ အခု ဆရာသမားကပြောထားတယ်၊ မျက်စိ နှာခေါင်း လျှာ ဝမ်းထဲမှာပေါ်တဲ့ဥပေက္ခာဝေဒနာတွေ၊ ဒါတွေဟာ ဥပေက္ခာချည်းပဲလို့ မှတ်ကြပါ - (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဥပေက္ခာဝေဒနာ မရှုမိလို့ ရှိယင်လဲ အဝိဇ္ဇာသဝလိုက်တယ် - (မှန်ပါ)၊ အဝိဇ္ဇာသဝလိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတာက တိရစ္ဆာန်ဘုံမှာ ဖြစ်တတ်ပါတယ် - (မှန်ပါ)၊ ကြောက်စရာမကောင်းဘူးလား - (ကောင်းပါတယ်ဘုရား)။

လူတဲ့တန်းတဲ့နေရာတောင်မှ ကြည့် ဒါဟာ ကိုယ်ခန္ဓာဖြစ်စေ၊ လူဖွယ်ဝတ္ထုဖြစ်စေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မခြံလို့ရှိယင် ဘုန်းကြီးတို့ ဒကာဒကာမတွေ တဲ့ အဝိဇ္ဇာသဝလိုက်သေးတာပဲ - (မှန်ပါ)၊ လူတာ တန်းဘာတောင်မှ ဘုံဘဝတွေလိုချင်တာများကျတော့ အဝိဇ္ဇာသဝပါတယ်- (ပါပါတယ်ဘုရား)။

ဒါကြောင့် မနေ့ကပြောခဲ့ဘယ်၊ အဝိဇ္ဇာသဝက ဆုတောင်းခိုင်းတာ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရောက်ရပါလို၏ - ဆိုတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဟာ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်း မသိဘာက အဝိဇ္ဇာ၊ အဝိဇ္ဇာက ဆုတောင်းခိုင်းဘာ - (မှန်ပါ)၊ ဒါကြောင့် အဝိဇ္ဇာသည် တဏှာကိုလဲ ဖြစ်စေနိုင်တယ်၊ ရှင်းပလား- (ရှင်းပါပြီ)၊ မသိတော့ ဆုတောင်းတယ်။

http://www.dhammadownload.com



မသိတာဓက ဘဲစတုံး - (အဝိဇ္ဇာပါ)၊ ဆိုတော်ဘင်းတာက - (တဏှာပါ)၊ တဏှာဆိုတော့ ကာမာသဝရော, ဘဝါသဝရော လိုက်တယ်၊ အဝိဇ္ဇာသဝလဲ လိုက်တယ် - (မှန်ပါ)၊ ရှင်းကြပလား - (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို အလူတစ်လူမှာ ဝင့်ကျွတ်အောင်လူတဲ့အလူဟာ ဒကာဒကာမတွေ ရှားမှရှားတယ် - (မှန်ပါ)၊ ဝင့်လည်တဲ့အလူ များတယ် - (မှန်ပါ)၊ ဝင့်လည်တာက ဒါနကလည်တာလား၊ ဒါနနောက်ကို အသိမရှိလို့လည်တာလေး ဆိုတာကိုလဲ ဦးသံဒိုင်တို့က ဧကဲခတ်ရမယ် - (ဒါနနောက် အသိမရှိလို့ လည်တာပါ ဘုရား)၊ အသိမရှိလို့ လည်တာ၊ ဒါနကတော့ မလည်စေချင်လူယင် မလည်ပါဘူး၊ ဒါနကတော့ ဒါနံ ဥပနိဿယ ဈာနံ ဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ အဘိညံ ဥပ္ပါဒေတိ မဂ်, အဘိညာဏ်တောင် ကျေးဇူးပြုနိုင်တယ်လို့ ဘုရားက ဟောတော်မူတာပဲ - (မှန်ပါ)၊ ဟောပင်ဟောငြားသော်လဲ ဒကာဒကာမတွေက အဲဒီကျအောင် မလုပ်ကြဘူးတဲ့၊ ဈာန်ကို ဖြစ်စေတယ်ဆိုလို့ရှိယင် ဈာန်ရစေတဲ့ တရားကို ရှုပေးရမယ်၊ မဂ္ဂံ ဥပ္ပါဒေတိ-ဆိုလို့ရှိယင် မဂ်လိုက်ပွေးရမယ်- (မှန်ပါ)၊ ခင်ဗျားတို့က ဈာန်လဲမလိုက်၊ မဂ်လဲမလိုက်တော့ကို နောက်ဆုံးပိတ်မှာ ဝိပဿနံ ဥပ္ပါဒေတိ.... ဝိပဿနာလေးလဲ လုပ်ပါဦး... မပါဘူးလား - (ပါပါတယ်)၊ မဂ္ဂံ ဥပ္ပါဒေတိ....သည်နဲ့ဟောတော်မူတော့ သူက လည်စေနိုင်တာ မဟုတ်ပါဘူး၊ သူက ဒီလိုထိအောင် အကြောင်းအကျိုး ဆက်နိုင်ပါတယ်လို့ ဟောတာကို ဒကာဒကာမတွေက သူဆက်တဲ့ဆီကို မသွားဘဲနဲ့ ကိုယ်ဆက်ချင်တဲ့ဆီကို ဆက်နေလိုက်ကြတယ် - (မှန်ပါ)၊ ရှင်း

http://www.dhammadownload.com



ပလား၊ (ရှင်းပါပြီ)၊ ကိုယ်ဆက်ချင်တာဆက်ပစ်လိုက်တော့ အဝိဇ္ဇာတို့ တဏှာတို့ရောက်လာတယ် - (မှန်ပါ)၊ သဘော ပါပလား- (ပါပါပြီ)၊ ဘာလိုက်လာသတုံး- (အဝိဇ္ဇာ၊ တဏှာ လိုက်လာပါတယ်၊

အဝိဇ္ဇာတို့ တဏှာတို့ လိုက်လာတော့ အဝိဇ္ဇာက အဝိဇ္ဇာ သဝ၊ တဏှာက ကာမာသဝ၊ ဘဝါသဝ။ အဲဒါတွေ လိုက် လာတဲ့အခါ ဟိုပဋိစ္စ သမုပ္ပါဒ် အဝိုင်းကြီး ဒီကနေပြီး မျက် စောင်းထိုးကြည့်လိုက်တဲ့အခါ ကာမာသဝဟာ ပုညာဘိသင်္ခါရ သွားဖြစ်တာပဲ -(မှန်ပါ) သဘောကျပလား - (ကျပါပြီ)။

ကာမာသဝဟာ ဘာဖြစ်သတုံး - (ပုညာဘိသင်္ခါရ သွား ပြီးဖြစ်ပါတယ်)။ ပုညာဘိသင်္ခါရ ဆိုတော့ သွားရောပေါ့....၊ သင်္ခါရပစ္စယာ ဝိညာဏံ-။ ဝိညာဏံ ဆိုတော့ ပဋိသန္ဓေ သက် သွားပြီ။ ပဋိသန္ဓေက ဇာတိ ဒုက္ခသစ္စာ - (မှန်ပါ)။

အဲဒီဒုက္ခသစ္စာ သွားလိုက်တော့ကို ဒါနက ဇာတိ လုပ်တာ လား....၊ ဒကာဒကာမတွေသန္တာန်မှာရှိတဲ့ ပုညာဘိသင်္ခါရက လုပ်တာလား မေးလိုက် - (ပုညာဘိသင်္ခါရကလုပ်တာပါ)။

အဲ့ဒီမှာ မယူတတ် မစပ်တတ်လို့ မြတ်စွာဘုရားအလိုတော် မကျတဲ့တစ်ဇွတ်ထိုးဟောလို့ရှိယင်ဖြင့် ဒါကို ဒါနဟာ သံသရာ ရှည်တယ်ကွ....ပြောလေ့ရှိကြတယ် -(မှန်ပါ)၊ ဒါက ကျမ်းဂန် ကို မညှိတတ် လို့ ဖြစ်ရတာ လို့ ဦးသံဒိုင်တို့ မှတ်ကြပါ — (မှန်ပါ)။

ကျမ်းဂန်ကတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ် သူ့မှမငဲ့ဘဲနဲ့ ဟောကြားတော်မူတဲ့ နိတတ္ထဒေသနာတော်မှာ ဒါန် ဥပနိဿယ ဈာန် ဥပ္ပါဒေတိ မဂ္ဂံ ဥပ္ပါဒေတိ အဘိညာ

http://www.dhammadownload.com



ဥပ္ပါဒေတိ သမာပတ္တိံ ဥပ္ပါဒေတိ စသည်ဖြင့် ဟောကြား ထားတယ်....(မှန်ပါ)၊ ဒါဟာ မမြင်ဘဲနဲ့ ဟောပါ့မလား.... (မဟောပါဘူးဘုရား)၊ အဲဒါတွေကို သတိထားကြလို့ ရှိယင် ဒါနလုပ်ကြတဲ့အခါ ဈာန်ကလေးလဲရှုပေးပါ၊ မဂ်ကလေးလဲ ရှုပေးပါ၊ ဝိပဿနာကလေးလဲ လုပ်ပေးပါ-ဆိုတဲ့ အဓိပ္ပါယ် ပါသွားပဲ မဟုတ်လား-(မှန်ပါ)၊ မပါဘူးလား- (ပါပါတယ် ဘုရား)၊ ပါပင်ပါငြားသော်လဲ ဒကာ ဒကာမတွေဟာ ဒါနနဲ့ပဲ ကျေနပ်နေကြတယ်၊ စာဂါနုဿတိနဲ့ပဲဝမ်းမြောက်မှုနဲ့ ခရီးဆုံး နေကြတော့ သမထလောကနဲ့ပဲ ခရီးဆုံးနေကြတယ်၊ ဝိပဿနာ ထိအောင်- (မပါပါဘူး)၊ ဝိပဿနာထိအောင် မပါတော့ ဒါနကနေပြီးတော့ ဗြဟ္မာဖြစ်အောင် ကျေးဇူး ပြုလိုက်တယ်၊ သမထ က သဘောကျပလား- (ကျပါပြီ)။

အဲဒီတော့ ဒါနကလုပ်တာလား၊ တရားဟော လိုလို့ ဖြစ်ရ တာလား - (တရားဟော လိုလို့ဖြစ်ရတာပါ)။

အဲဒါကြောင့် တရားနာ၊ တရားဟောပေမယ့်လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး အလိုရှိတဲ့ဆီကို ရောက်အောင် ဟောနိုင် တဲ့ ဆရာသမားကလဲ ရှားတယ်၊ နာနိုင်တဲ့ ပရိသတ်ကလဲ ရှား တယ်၊ သဘောကျပလား- (ကျပါပြီ)၊ ဘုရားသခင် ကိုယ် တော်မြတ်ကြီး အလိုရှိတဲ့ဆီ ရောက်အောင်သွားတဲ့ပုဂ္ဂိုလ် ရှား နေတော့ လမ်းခုလပ်လောက်တွင် ခရီးဆုံး သောင်တင်နေတတ် တယ်-(မှန်ပါ)၊ ကိုယ်သန်ရာကို ဆွဲငင် ရေးသား၊ထားကြတဲ့ စာအုပ်ကလေးတွေ ဆောက်သာကြည့်ပြီး ဘုရားဟော ဆစ် လိုရင်းထိအောင် မသွားနိုင်ကြလို့ ရှိယင်လဲ ခင်ဗျားတို့မှာ

http://www.dhammadownload.com



တိမ်းတတ် စောင်းတတ်မယ် ဆိုတာ မှတ်ကြ ရလိမ့်မယ်…(မှန်ပါ)၊ မမှတ်ထိုက်ဘူးလား- (မှတ်ထိုက်ပါတယ်ဘုရား)။ ဒါလဲ အခုခေတ်မှာ အရေးကြီးနေပါတယ်-(မှန်ပါ)။

ကိုင်း….ဒါနဲ့ ဝိသာခသေဋ္ဌေးက မေးလို့ ဓမ္မဒိန္နာထေရီမက ဖြေတဲ့အခါမှာ အနုသယသုံးပါး လိုက်တယ်တဲ့…. (မှန်ပါ)။ သုခဝေဒနာနောက်က တဏှာ, ဒုက္ခဝေဒနာနောက်က ဒေါသ, ဥပေက္ခာဝေဒနာနောက်က အဝိဇ္ဇာ နေရာတိုင်းပဲ လိုက်ပါသလားလို့ မေးတော့ နေရာတိုင်းတော့ မလိုက်ပါဘူးတဲ့၊ ရှင်းပလား-(ရှင်းပါပြီ)။

နေရာတိုင်း မလိုက်ဘူးဆိုတဲ့ ဥစ္စာက ခုနင်က ဝိပဿနာ အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ့်နှယ်တုံး- (မလိုက်ပါဘူး)။ သုခဝေဒနာလာလဲ ဖြစ်ပျက်ရှုမယ် ကျုပ်တို့က…. (မှန်ပါ)။ ဒုက္ခဝေဒနာလာလဲ…. (ဖြစ်ပျက်ရှုပါမယ်)၊ ဥပေက္ခာလာလဲ…. (ဖြစ်ပျက် ရှုပါမယ်)၊ ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ နေရာတိုင်း လိုက်တယ်လို့ ဆိုလို့ရသေးရဲ့လား-(မရပါဘူး)။

အဲဒါကိုလဲ ခွဲခြားပြီး သကာလ သိစေချင်လို့ ဓမ္မဒိန္နာနဲ့ ဝိသာခတို့ အမေးအဖြေကို ဆရာသမားက ထုတ်ဆောင်ပြပြီး ဟောကြားနေပါတယ်-(မှန်ပါဘုရား)။

ဒါဖြင့် ဝိပဿနာ မပါလို့ရှိယင်တော့ ခင်ဗျားတို့အတွက် လည်ရတယ်ဆိုရမှာပဲ၊ ဒါနက လည်ရတယ်လို့- (မဆိုရပါဘူး ဘုရား)၊ ဒါက တစ်နည်း ဆုံးမ ဟောကြားတာ- (မှန်ပါ)။

ဒုတိယ နည်းကို ဟောကြားပါဦးမယ်၊ ဒီအထဲ သွင်းပြီး တော့-(မှန်ပါ)၊ ဒုတိယနည်းက သဒ္ဓါ ဥပနိဿယ ဒါန

http://www.dhammadownload.com



ဒေတိ ဈာန် ဥပ္ပါဒေတိ- မဂ္ဂံ- အာတိညံ- ဥပ္ပါဒေတိ၊ မဂ္ဂ် အာတိညာ်တွေတောင် ပါပြီးသကာလနေတာကို သူက အဲဒါ မလို ချင်ဘဲနဲ့ ခုနင်ကပြောတဲ့ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာ လိုချင်ပြန်တော့ သူလိုချင်တာကို ဒါနက ကျေးဇူးပြု လိုက်ရတယ်-(မှန်ပါ)၊ သဘောကျပသား-(ကျပါပြီ)။

ဒါဖြင့် ဘုရားကတော့ နိဗ္ဗာန် ကျအောင်အကျိုးပေးတယ်၊ ဈာန်မဂ်ဖိုလ်ကျအောင် အကျိုးပေးနိုင်ပါတယ်လို့ ဟောကြား ပါလျက်သားနဲ့ ဈာန်မဂ်ဖိုလ်ကို သူ မလိုချင်ဘဲနဲ့ သူ အရွေး လွဲတာနဲ့ သံသရာလည်ကြောင်းဖြစ်ပါတယ်- (မှန်ပါဘုရား)၊ ဒီတော့ ဒါနအဘက်ကြောင့်သား-၊ အလှူ့ရှင်မိုက်တာသား- (အလှူ့ရှင်မိုက်တာပါဘုရား)၊ ဒါကိုလဲ အကဲခတ်ရသိမ့်မယ် - (မှန်ပါ)။

ဒါနက ဆိုးဝါးတာသား....၊ အလှူ့ရှင်က အရွေးမဘတ် လို့ ဖြစ်ရတာလား--(အလှူ့ရှင်က အရွေးမတတ်လို့ ဖြစ်ရတာ ပါဘုရား)။

ဒါကို ကိုယ့်အပေါ်တော့အပြစ်မချဘဲနဲ့ တစ်ဘွတ်ဆိုးပြော ပြီးတော့ ဒါနဟာ သံသရာရှည်တယ်လို့ပြောကြတော့ ဩဘ်- ခက်ပါသေးတော့တယ်လို့ မဆိုထိုက်ဘူးလား-ဆိုထိုက်သလား- (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အလှူ့ရှင်က အရွေးလွဲတတ်လို့လဲ ဒါနသည် လောကကြီးထဲလောက်ကိုသာ အကျိုးပေးနေတာပဲ- (မှန်ပါ)၊ အလှူ့ရှင်က အရွေးမလွဲလို့ ရှိယင်လဲ လောက အပြင်ဘက်ကို အကျိုးပေးတယ် - (မှန်ပါ)၊ သဘောပါကြပလား- (ပါပါပြီ ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒကာဒကာမတွေ အရွေးလွဲမှုမှာလဲ အပြစ်ရှိတယ်၊ ဝိပဿနာရှုဆိုတဲ့နေရာမှာလဲ မရှုမိတဲ့ အပြစ်လဲသင့်တယ် - (မှန်ပါဘုရား)၊ သဘောကျပလား - (ကျပါပြီဘုရား)။

ဒီလို ယူမှသာလျှင် သူ့ဟာက ဘုရားသခင်ကိုယ်တော်မြတ်ကြီး အလိုကျဖြစ်မယ် - (မှန်ပါဘုရား)။

ဒါဖြင့် ပြောဟောနေကြ ငြားသော်လဲ မှောင်သစ်တို့ ဦးသံဒိုင်တို့ ပြော်....သူက ဒီတွင်လမ်းဆုံးနေတာကိုး လို့ သူ့ကိုပဲ ချိန်ရမယ်၊ ကိုယ်က - (မှန်ပါ)။

ဒါကြောင့် ခင်ဗျားတို့ တရားနာတဲ့ပုဂ္ဂိုလ်များကလဲ ကိုယ်က ဘာမှ အသိဉာဏ် အခံကလေး မပါဘဲနဲ့ နာသို့ရှိယင်လဲ တရားက သူများပါးစပ် လမ်းဆုံးတာပဲ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

သူများပါးစပ် လမ်းဆုံးဆိုတာက ပညာရှိတဲ့ပုဂ္ဂိုလ်များက ဘုရားဟောခမွက်ခွန်ကျအောင် လမ်းမှန်ကျအောင် နေရာဌာနအလိုက် ဆိုဆုံးမယင်လဲ ကိစ္စမရှိဘူးပေါ့ဗျာ - (မှန်ပါ)၊ သို့သော် ဒါကလဲ ရှားမှုရှားပဲ - (မှန်ပါ)၊ မရှားဘူးလား - (ရှားပါတယ်)။

အဲဒီတော့ သူများပါးစပ် လမ်းဆုံးနေတော့ ခင်ဗျားတို့ သည်ကားသို့ဆိုယင် ဒါနက သံသရာရှည်တယ်သို့ ဟောလိုက်တဲ့ဆရာနဲ့ တွေ့ပြန်တော့လဲ သူ သံသရာရှည်တဲ့ဘက်ကို လမ်းဆုံးနေတာပဲ- (မှန်ပါ)၊ ဒါနသည် ဈာန်မဂ်ဖိုလ်ကို ကျေးဇူးပြုတယ်၊ ဒါနနဲ့ပတ်သက်ပြီး သမထဝိပဿနာခြံရံပြန်လို့ ရှိယင်လဲ အမြတ်ဆုံးဒါနပဲ၊ နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြု အကျိုး

http://www.dhammadownload.com



ပေးတယ်လို့ ကျမ်းဂန်တွေ မတွေ့ဘူး ပြန်တော့လဲ သူမျှား ပါးစပ် လမ်းဆုံတဲ့ ပုဂ္ဂိုလ်က သူဟာ ဒါနကို ပယ်ပစ်လိုက်တယ် - (မှန်ပါ)၊ ပယ်ပစ်လိုက်တဲ့ အခါကျလို့ရှိယင် လမ်းဆုံးတဲ့ ပုဂ္ဂိုလ်က သူဟာ ဒါနကိုပယ်ပစ်လိုက်တယ်- (မှန်ပါ) ပယ်ပစ်လိုက်တဲ့အခါကျလို့ရှိယင် လမ်းဆုံးတဲ့ပုဂ္ဂိုလ်၏ စကားကို သူ ပယ်လိုက်တာလား၊ သူမျှားပါးစပ်လမ်းဆုံးလို့ ပယ်လိုက်တာလား၊.... အကုန်သိတဲ့ သဗ္ဗညုမြတ်စွာဘုရားရှင်၏ ဉာဏ်ကို လမ်းဆုံးတာလားလို့ မေးဖို့ လိုလာတယ် - (မှန်ပါ)။

ဒါနဟာ စာဂပဲ....၊ ဒါကလေးလဲ မှတ်ပါဦး - (မှန်ပါ)။ စာဂဆိုတာ စွန့်လိုက်တာ။ စွန့်လိုက်တယ်ဆိုယင် တဏှာသတ်တာပဲ၊ ကိုယ့်ဉာဏ်သွင်း - (မှန်ပါ)၊ ကိုယ်က ဉာဏ်သွင်းပါ။ ဘယ့်နှယ်တုံး - (တဏှာသတ်တာပါဘုရား)။

ကဲ - ငါ့ဟာ အဖြစ်မှစွန့်လိုက်တဲ့ စာဂဖြစ်သွားတော့ ငါ့ဟာ - ဟူသောအဖြစ်မှ ဖြုတ်လိုက်တဲ့ ဒိဋ္ဌိဆက်ကော မဖြစ်နိုင်ဘူးလား - (ဖြစ်နိုင်ပါတယ်)၊ လုပ်တတ်လို့ရှိယင် တဏှာသတ် ဒိဋ္ဌိသတ်ကြီး ဖြစ်နိုင်ပါတယ် - (မှန်ပါ)၊ ကိုယ်မလုပ်တတ်ပြန်တော့လဲ ငါ့ရှိလို့ ငါလှူတာပဲဆိုတော့လဲ ဒိဋ္ဌိက လာပြန်တာပဲ - (မှန်ပါ)၊ ငါလှူလို့ ငါခံစားရမှာပဲဆိုယင်လဲ သာယာတဲ့ တဏှာရော လာမှာပဲ၊ မလာပေဘူးလား - (လာပါတယ်)။

အဲဒီတော့ ဘာအပေါ်မှာ မှီနေသတုံးဆိုတော့ ခင်ဗျားတို့ ပညာရှိ လမ်းညွှန်ကောင်းပေါ်မှာ မှီနေတယ်လို့ မှတ်လိုက်စမ်းပါ - (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် - (ပညာရှိ လမ်းညွှန်ကောင်းပေါ်မှာ မှီနေပါတယ်ဘုရား)၊ ပညာရှိ လမ်းညွှန်ကောင်း ပေါ်မှာ မှီ

http://www.dhammadownload.com



နေတယ်ဆိုတော့ တရားနာတာလဲ ရွေးရမယ် - (မှန်ပါဘုရား)။ ဒါ သေသေချာချာ မှာပြီနော် - (မှန်ပါ)။

ဘာဖြစ်လို့ ရွေးရမှာတုံးလို့ မေးတဲ့အခါ သူဘယ်အခြေအနေတွင် လမ်းဆုံးနေသတုံး—သူ သစ္စာဆိုက်သလား—မဆိုက်ဘူးလား အစရှိသည်နဲ့ ဒါကိုလဲ အမြဲတမ်းစဉ်းစားရမယ် — (မှန်ပါ)၊ ဒါကို စဉ်းစားလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် သစ္စာဆိုက်လို့ရှိယင်ဖြင့် ဒါအဖိုးတန်တယ်လို့ ဆုံးဖြတ်ချက်ချပါ — (မှန်ပါ)၊ သစ္စာမသိသေးယင်တော့ အဖိုးမတန်လှသေးပါဘူး ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာမသိတော့ ငါလဲ သံသရာရှည်ခဲ့ရတယ်၊ မင်းတို့လဲ သံသရာရှည်ခဲ့ရတယ်ဟု ဟောကြားတော်မူတာ - (မှန်ပါ)၊ ဒါကြောင့် သစ္စာ သိပြီးမှ လုပ်ယင် အင်မတန် ကောင်းပါတယ်၊ သီလ ဆောက်တည်တယ်၊ သီလရှိပြီးမှ ဝိပဿနာ ကြိုးစားလို့ရတယ် - (မှန်ပါ)၊ သီလမရှိလို့ရှိယင် (ကြိုးစားလို့ မရပါဘူး)။

သီလရှိတဲ့ ပုဂ္ဂိုလ် ဘာကို နှလုံးသွင်းရမှာတုံး—၊ ဒီနေ့ပဲ ဟောခဲ့ပါသေးတယ်။ ဘာနှလုံးသွင်းရမှာတုံး....၊ အနိစ္စတော ဒုက္ခတော အနတ္တတော ရောဂတော သလ္လတော အဃတော ပရတော ပရလောကတော သုညတော၊ အဲဒါတွေ နှလုံးသွင်းပေါ့-တဲ့၊ ရှင်မဟာကောဋ္ဌိက - က မေးလို့ ရှင်သာရိပုတ္တရာ ဖြေလိုက်တယ် – (မှန်ပါ)၊

ဒီလို ဒေသနာတွေရှိတော့ သီလရှိပြီးတော့ ဝိပဿနာ လုပ်ပါ၊ ဒါ ဓာတာပတ္တိမဂ်ရနိုင်တယ်ဆိုတာ သေချာပလား —

http://www.dhammadownload.com



(သေချာပါပြီ)၊ ဒါကိုလဲဖြည့်စွက်ပြီး သကာလ ဒုက္ခဒုက္ခာမ တွေ့ မှတ်ကြပေါ့ - (မှန်ပါ)။

ဒါဖြင့် ဒုက္ခဒုက္ခာမတို့ သုခကို ရှုတဲ့အခါကျလို့ရှိယင် ရှုပုံကလေးလဲ ဓမ္မဒိန္နာထေရီမက ဖြေကြားပါတယ်၊ သုခ ဝေဒနာဟာ ဖြစ်ပေါ်တုန်း သုခပါ။ ပျက်စီးသွားတော့ ဒုက္ခ ပါ - (မှန်ပါ)၊

ဖြစ်ပေါ်တုန်းတော့ - (သုခပါ)၊ ပျက်စီးသွားတော့ - (ဒုက္ခပါဘုရား)။

ဒါဖြင့် သူ့ကို ဒုက္ခသစ္စာလို့ ရှုလိုက်ယင် ပြီးသွားတာပဲ- (မှန်ပါ)၊ သုခဝေဒနာက ဖြစ်ပေါ်တုန်းတော့ဖြင့် သုခ။ ပျက်စီးသွားတော့ - (ဒုက္ခပါဘုရား)၊ ဒါကြောင့် ဘုရားက ဒုက္ခသစ္စာလို့ ဟောတော်မူတာပေါ့ - (မှန်ပါ)၊ ရှင်းပလား- (ရှင်းပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာကို ကျုပ်တို့က ဒုက္ခသစ္စာလို့ ဖြစ် ပျက်ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ကာမာသဝ-ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ်နေသတုံး - (ပြတ်သွားပါတယ်)၊ ဦးသံဒိုင် ကာမာ သဝ ပဋိစ္စသမုပ္ပါဒ် မပြတ်ပါနဲ့ဆိုလို့ - (မရပါဘူး)၊ မရပါ ဘူး။

အဲဒီလိုရှုပါ၊ ဒီလို ရှုရပါတယ်လို့ ဓမ္မဒိန္နာက သင်ပေး တယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာတော့ ဘယ်လိုတုန်းဆိုတော့ ဒုက္ခဝေဒနာဟာ ခပါနေတုန်းတော့ ဆင်းရဲတယ်၊ ပျောက်သွားတဲ့အခါ ချမ်း သာတယ်၊ သဘောကျပလား - (ကျပါပြီ)၊ အဲဒီတော့ သူ့

http://www.dhammadownload.com



ကိုလဲ ဒုက္ခဝေဒနာလို့ ရှုပေမယ့်လဲ ခေါ်ဆဲသာရှုပါ၊ ပျက်သွားတဲ့အခါကျလို့ ရှိယင် ဖြစ်ပျက်ပဲဆိုယင် ဒါဟာတည့်သွားတာပဲ - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

နို့ - ဥပေက္ခာဝေဒနာတော့ ဘယ်လိုရှုရမှာတုံး ဆိုတော့ ဥပေက္ခာဝေဒနာကိုတော့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှာ အနိစ္စ ဖြစ်တာပါပဲတဲ့၊ ဥပေက္ခာရယ်လို့ တွေ့မှာ မဟုတ်ပါဘူး - (မှန်ပါ)၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှာ အနိစ္စ တွေ့တာပါပဲ ဆိုတာ သေသေချာချာ ဟောတယ် - (မှန်ပါ)။

သုခဝေဒနံ ဒုက္ခတော ဒုက္ခမနုဿနော ဒဋ္ဌဗ္ဗံ။ ဒုက္ခဝေဒနံ သလ္လတော ဒဋ္ဌဗ္ဗံ-လို့ ဟောတယ်၊ သလ္လတောဆိုကတည်းက မြားငြောင့်ဆူး လို့ ရှုပြီး ဩော်... ဒါဟာ ဒုက္ခသစ္စာပါကလားလို့ရှုရတယ် - (မှန်ပါ)၊ ဥပေက္ခာဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗံ-တဲ့။ ဥပေက္ခာဝေဒနာကိုတော့ အနိစ္စလို့ ရှုရမယ်တဲ့။ ဒါဟာ ရှုနည်းကို ဘုရားက ဝေဒနာသံယုတ်ပါဠိတော်မှာ ဟောကြားတော်မူတယ် - (မှန်ပါ)၊ သဘောကျပလား၊ (ကျပါပြီ)၊

ကောင်းပြီ၊ ဒီလိုနားလည်ထားတော့ ရှင်းသွားပြီဆိုတော့ ဝိသာခ သေဌေးကလဲ ဓမ္မဒိန္နာ ထေရီမှာ ရဟန္တာဖြစ်တယ်၊ မဖြစ်တယ်လဲ သိချင်သေးတာကိုး၊ ဒီတော့ ဆက်မေးတယ်၊ သုခဝေဒနာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံး... ဒုက္ခဝေဒနာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံးလို့ မေးပြန်တော့ ဒါယကာ သေဌေးကြီး၊ တဲ့ သုခနဲ့ ဒုက္ခဟာ တစ်ယောက်ဆန့်ကျင်ဘက် - တဲ့ - (မှန်ပါ)။

http://www.dhammadownload.com



ဒကာ ဒကာမတွေလဲ ဒါလောက်တော့ သိကြပါပြီ....။ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာဟာ ဘယ်တော့မှ မတည့်ဘူး — (မှန်ပါ)၊ တည့်ကြရဲ့လား - (မတည့်ပါဘူး)၊ မတည့်ပေမယ့်လဲ ဆန့်ကျင်ဘက်မှန်း သိပြီ၊ ထားတော့ ကျုပ်တို့က ဉာဏ်သွင်းရမယ် ဒီခနရာမှာ - (မှန်ပါ)၊ ဩော်.... ခန္ဓာကိုယ်ထဲမှာ သုခ ဖြစ်နေယင် ဘယ်တော့မှ ဒုက္ခ မဖြစ်ပါကလား....၊ ဒုက္ခဖြစ်နေယင်လဲ - (သုခမဖြစ်ပါဘူး)။ ဘာကြောင့်တုံး — ဆန့်ကျင်ဘက်၊ တွဲလို့ကို မဖြစ်ကောင်းဘူး - (မှန်ပါ)၊ အဲဒီတော့ ကျုပ်တို့ တစ်ခုပဲရှိဆိုတဲ့အမိပ္ပါယ် ပါသွားပြီ - (ပါသွားပါပြီဘုရား)။

ဘာ ပါသွားသတုံး -(တစ်ခုပဲရှိ ဆိုတဲ့အမိပ္ပါယ် ပါသွားပါတယ်ဘုရား)။ အဲဒါက တစ်ခုပဲရှိဆိုတာ ပေါ်နေပါတယ်၊ ဟိုကလဲ ဘယ်သူနဲ့ဘယ်သူ ဆန့်ကျင်ဘက်တုံးဆိုတာ မေးတယ် (မှန်ပါ)၊ မေးတဲ့အတွက် သုခနဲ့ ဒုက္ခ ဆန့်ကျင်ဘက်၊ ဒုက္ခနဲ့ သုခ ဆန့်ကျင်ဘက်၊ အနုလောမ-ပဋိလောမ ဆန့်ကျင်ဘက်ပဲ- (မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတွေ ဒုက္ခ ရှိယင် သုခမရှိဘူး သုခရှိယင်- (ဒုက္ခမရှိပါဘူး)၊ အဲဒီလို ဉာဏ်ကလေး လုပ်ပြီး သကာလ သုခ ဝေဒနာ ရှိနေခိုက် သုခကို မိအောင်ဖမ်း.... (မှန်ပါ)၊ ဒုက္ခဝေဒနာရှိယင်-(ဒုက္ခဝေဒနာကို မိအောင် ဖမ်းရပါမယ်)၊ ဒုက္ခကို မိအောင် ဖမ်းပြီးသကာလ ခင်ဗျားတို့က သုခရှိနေလို့ရှိယင်လဲ ဒုက္ခသစ္စာပဲ ရှု၊ ဒုက္ခရှိနေယင်လဲ- (ဒုက္ခသစ္စာပဲ ရှုရပါမယ်)။

http://www.dhammadownload.com



ဒါဖြင့် သုခ ဒုက္ခနဲ့တော့ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါ သတုံးလို့ မေးဘိအခါကျတော့ ထို့အတူပဲ ဥပေက္ခာနဲ့ ဆန့် ကျင်ဘက် ဖြစ်ပါတယ်၊ သဘောကျပလား.... (ကျပါပြီ)၊ ဥပေက္ခာနဲ့လဲ ဆန့်ကျင်ဘက် ဖြစ်ပါသေးတယ် ဆိုတော့ ဥပေက္ခာပေါ်နေယင် သုခနဲ့ ဒုက္ခ မပေါ်ဘူး.... (မှန်ပါ)၊ ရှင်းကြပလား-(ရှင်းပါပြီ)။

ဒါဖြင့် မျက်စိ နား နှာခေါင်း လျှာနဲ့ ဝမ်းထဲမှာ ဥပေက္ခာဝေဒနာ တစ်ခုခု ပေါ်နေယင်လဲ ခင်ဗျားတို့ ဘာလုပ် ကြမယ်-(ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ရှုရမှာပဲ၊ နို့မဟုတ်ယင် ရှုစရာမရှိဘူး ဖြစ်နေဦးမယ်၊ မဟုတ်ဘူး- ဆန့်ကျင်ဘက် တစ်ခုခု ကတော့ ပေါ်လျက်ချည်းပဲ- (မှန်ပါ)၊

ခန္ဓာထဲမှာ ဆန့်ကျင်ဘက် ဝေဒနာ တစ်ခုခုကတော့.... (ပေါ်လျက်ချည်းပါဘုရား)၊ ပေါ်လျက်ချည်းပဲဆိုတာ သေ ချာကြပလား-(သေချာပါပြီ)၊

အေး....ဒါကြောင့် တပည့်တော်တို့ ရှုစရာကို ရှာမတွေ့ဘူး လို့များ ခင်ဗျားတို့ မပြောကြနဲ့- (မှန်ပါဘုရား)၊ သဘောကျ ပလား-(ကျပါပြီ)၊ မရှိဘူးဘုရား တပည့်တော်တို့ ရှုစရာ ဝေဒနာကို ဘာမှ မရှိဘူး ဒီလိုဘော့ မလုပ်နဲ့၊ ဒီလိုလုပ်လို့ ရှိယင် အနိစ္စမရှိဘူး ပြောတာနဲ့ အတူတူပဲ-(မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်-(အနိစ္စမရှိဘူးဆိုတာနဲ့ အတူတူပါပဲ)၊ ဒီလိုဆိုလို့ရှိယင်လဲ ဝေဒနာတွေ အကုန်ချုပ်လို့ ဝေဒနာနံ ခယာ ဘိက္ခု နိစ္ဆာတော ပရိနိဗ္ဗုတော–ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက် သွားတာ ဖြစ်နေမှာပေါ့ - (မှန်ပါ)၊ ဒီလို မဟုတ်ပါဘူးတဲ့-

http://www.dhammadownload.com



ခင်ဗျားတို့ဟာက နိဗ္ဗာန်ရောက်တဲ့ အသွားမဟုတ်ဘူး၊ နိဗ္ဗာန်မရောက်ခင်က ခင်ဗျားတို့ ရှုစရာမရှိဘူးဆိုတဲ့ အဓိပ္ပါယ်မျိုးဟာ မဟုတ်ပါဘူး၊ ဝေဒနာသုံးပါးအနက် တစ်ခုခုတော့ ရှိရမယ်-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဝေဒနာ မရှိတာက ဒီလိုပါတဲ့၊ အိုးသည် အိုးဖုတ်တယ်၊ အိုးသည် အိုးဖုတ်တဲ့အခါကျတော့ အိုးတွေဟာ ပူနေတာပဲ၊ မပူစေချင်တဲ့အခါ အိုးဖိုထဲကနေပြီးသတ္တာလ သံညှပ်နဲ့ညှပ်တဲ့ ညှပ်တဲ့ပြီး လည်ပင်းကလေးတွေ ညှပ်ပြီးတော့ ပြင်ဘက် ထုတ်လိုက်တဲ့အခါ အဲဒီအချိန်ကျမှပဲ ဘာမှမရှိဘူး၊ အိုးဖုတ်တဲ့အခါ မှာရှိတဲ့ အပူလဲ မရှိတော့ဘူး၊ နဂိုက အအေးဓာတ်တွေလဲ မရှိတော့ဘူး၊ နဂိုက အအေးဖုတ်တာကို- (မှန်ပါ)၊ အဲဒီတော့ အပြင်ဘက် ထုတ်လိုက်တဲ့ အခါကျတော့မှ အကုန် အေးပြီး သက်ာလနေတယ်၊ အဲဒီ အေးလို့ ရှိယင်တော့ ဝေဒနာ ဘာမှ မရှိဘူးဆိုတာ၊ အဲဒီလို အပြင်ဘက်ထုတ်လို့ အကုန် အေးသွားပြန်တော့ အဲဒါ နိဗ္ဗာန်လို့ခေါ်တယ်တဲ့-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

အတွင်းမှာ နေတုန်းကတော့ သူ့ရဲ့ ပင်ကိုအေး ရှိတယ်၊ မီးနဲ့တော်သက်လို့ အပူရှယ်-(ရှိပါတယ်)၊ ပြင်ဘက်ကို အိုးတွေထုတ်ပြီးသတ္တာလ ချလိုက်တဲ့ အခါကျတော့ အလုံးစုံ အကုန် အေးသွားတာပဲ- (မှန်ပါ)၊ အဲဒီ အအေးကတော့ သန္တိလက္ခဏာရှိတဲ့ နိဗ္ဗာန်တဲ့-(မှန်ပါ)၊ ဒါဖြင့် ဝေဒနာ အကုန်ချုပ်ယင် နိဗ္ဗာန်ပဲ၊ ရှင်းပလား - (ရှင်းပါပြီဘုရား)၊ဒါဖြင့် ဝေဒနာကို ဆုံးအောင်လိုက်ကြနော်-(မှန်ပါ)။

ဝေဒနာဆုံးအောင်လိုက်ယင် ဘာတွေ့မလဲ-(နိဗ္ဗာန်တွေ့ပါမယ်)၊ ဒါကြောင့် ဝေဒနာနံ-ဝေဒနာတို့၏ ခယာ-ကုန်အောင် ရှုနိုင်ခြင်းကြောင့်၊ ဘိက္ခု-ရဟန်းသည်၊ နိစ္ဆာတော-နိတ္တဏှော-တဏှာစ မရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော-ကိလေသ ပရိနိဗ္ဗာန်စံ၏-(မှန်ပါ)၊ တဏှာနိရောဓေ နိဗ္ဗာနံဘက်ကို ဘုရား ဟောချလိုက်တယ်-(မှန်ပါ)၊ သဘောပေါ်ပလား-(ပေါ်ပါပြီ)။

အဲဒီလို ရှုကြံစမ်းပါဆိုတာလဲ သိရပြီ၊ ဆန့်ကျင်ဘက်ကို ပြောလို့ရှိယင်လဲ တစ်ခု တစ်ခုတော့ ဖြစ်ရမယ်၊ သုံးခုတော့ ပြိုင်ပြီး မဖြစ်နိုင်ဘူး-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

အဲဒီတော့ ကိုယ်က သန္တတိ-ကိုဉာဏ်က မထိုးဖောက်နိုင်လို့ ခင်ဗျားတို့ သုခနဲ့ ဒုက္ခ ရောချင်ရောမယ်၊ ဥပေက္ခာနဲ့ကော.... (ရောချင်ရောပါမယ်)၊ ဒါက ကိုယ့်ဉာဏ်က နောက်ကျနေမယ်-(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် - (ကိုယ့်ဉာဏ်က နောက်ကျနေပါမယ်ဘုရား)၊ ကိုယ့်ဉာဏ်က နောက်ကျလို့ ဒကာ ဒကာမတွေမှာ သူတို့ကအမြန် ကိုယ်ကအနှေးဖြစ်တယ် - (မှန်ပါ)။

ခန္ဓာက - (မြန်ပါတယ်ဘုရား)၊ ဉာဏ်က - (နှေးပါတယ်ဘုရား)၊ အဲဒါကျတော့ ဒီလိုမှတ်လိုက်၊ ကိလေသာ ကြား ခိုလို့ပေါ့ - (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်၊ - (ကိလေသာ ကြားခိုလို့ပါဘုရား)၊ ကိလေသာ ကြားခိုယင်တော့ပြင့် မဂ်ဉာဏ် အရနှေးလိမ့်မယ်—(မှန်ပါ)။

http://www.dhammadownload.com



အဲဒါ ကြားမခိုချင်လို့ရှိယင်ဖြင့် တစ်ခါတစ်လေ ဥပေက္ခာချည်း ထပ်ချင်ထပ်နေပါလိမ့်မယ်၊ တစ်ခါတစ်လေ သုခချည်းကော - (ထပ်ချင်ထပ်ပါမယ်)၊ တစ်ခါတစ်လေ ဒုက္ခချည်းကော - (ထပ်ချင်ထပ်ပါတယ်)၊ ထပ်နေပေမယ့်လဲ ဒုက္ခတစ်ချက်, ဉာဏ်တစ်ချက်၊ ဒုက္ခတစ်ချက်, ဉာဏ်တစ်ချက်၊ ဥပေက္ခာတစ်ချက်, ဉာဏ်တစ်ချက် - (မှန်ပါ)၊ ဒီလိုဝေဒနာနဲ့ဉာဏ်နဲ့ တစ်ချက်စီ သွားနိုင်လို့ရှိယင် ကိလေသာကြားမခိုဘူး-(မှန်ပါ)။ သဘောကျပလား - (ကျပါပြီဘုရား)။

ဒါ တစ်ချက်မသွားနိုင်ဘူး၊ တပည့်တော်တို့က နာတာစဉ်တိုက် နာနေတယ်ဆိုယင် ဒေါသကိလေသာ ကြားခိုလိမ့်မယ် - (မှန်ပါ)၊ ဉာဏ်က မထိုးထွင်းနိုင်တဲ့အတွက် ဒေါသကိလေသာ ကြားခိုလိမ့်မယ် - (မှန်ပါ)။

သုခဝေဒနာကို တစ်ချက်စီ ကိုယ်က၊ သူ့က ဖြစ်ပျက်ကိုယ်ကမင်, သူကဖြစ်ပျက် ကိုယ်ကမင် လို့ ရှုနေလို့ရှိယင်တော့ဖြင့် ဒကာဒကာမတွေမှတ်ပါ၊ ကိလေသာ ကြာမခိုဘူး-(မှန်ပါ)၊ ဟာ....ချမ်းသာချက်ရှည်နေတယ်ဆိုလို့ရှိယင် တဏှာကြားခိုပြီလို့ မှတ်ပါ - (မှန်ပါ)၊ သဘောကျပသား-(ကျပါပြီဘုရား)။

ချမ်းသာ တာရှည်နေယင် - (တဏှာကြားခိုလို့ပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက်နဲ့ မင်နဲ့ မကိုက်တော့ဘူး - (မကိုက်ပါဘူးဘုရား)၊ အဲဒါလဲ သိပ်အရေးကြီးပါတယ်၊ အလုပ်သမားမှာ နေ၁် -(မှန်ပါ) ဒါကြောင့် အလုပ်သင် တရားလို့ ခင်ဗျားတို့ကို ပြောနေတယ် - (မှန်ပါ)။

ကဲ.... တစ်ခါ သွားပါဦး ဥပေက္ခာတွေဟာလဲ ဆက်ပြီး

http://www.dhammadownload.com



သကာလ ဥပေက္ခာချည်းဆက်တိုက်ဖြစ်နေလို့ရှိယင်လဲ ဥပေက္ခာကြားထဲမှာ ခင်များတို့ ဉာဏ်က မဝင်နိုင်တော့ ခင်များတို့ ဖြစ်ပျက်ကို မတွေ့ဘူး - (မှန်ပါ)၊ တွေ့သေးရဲ့လား - (မတွေ့ပါဘူး)၊ မတွေ့လို့ရှိယင်ဖြင့် ဥပေက္ခာ နောက်ကနေပြီး အဝိဇ္ဇာ ကြားခိုတယ် - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)၊ အဲ ဒီကဲ့သို့ အဝိဇ္ဇာ ကြားခိုနေလို့ရှိယင်လဲ့ မှက်ဉာဏ် ဖိုလ်ဉာဏ် အရနှေးမယ် - (မှန်ပါ)၊ သဲဘောပေါ်ပလား - (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သုခနောက်က တဏှာ ကြားခိုနိုင်တယ်၊ ဒုက္ခ နောက်က ဒေါသ ကြားခိုနိုင်တယ်၊ ဥပေက္ခာ နောက်က အဝိဇ္ဇာ ကြားခိုနိုင်တယ် ဆိုတာကို သေသေချာချာမှတ်ပါ - (မှန်ပါဘုရား)။

ဒါ့ကလေးတွေဟာက ဦးသံဒိုင် လွယ်လွယ် မှတ်မနေနဲ့၊ အလုပ်နဲ့တွေ့ကြည့်တော့မှ ကြားခိုတယ် မခိုတယ်ဟာ သေချာတယ် - (မှန်ပါဘုရား)။

ဒီအတိုင်း တရားပြောတာကို မှတ်ရုံကလေး မှတ်ထားပြီး တော့ အလုပ်နဲ့ တွေ့ပြီးတော့ ငါဟာ ဟိုတစ်ချက် ဒီကတစ် ချက် မိရဲ့လားဆိုတာ ကိုယ့်ကိုယ်ကို အကဲခတ်ပါ - (မှန်ပါ)။ ဖြစ်ပျက်တစ်ချက်နဲ့ မင်္ဂတစ်ချက်နဲ့ မိရဲ့လားဆိုတာ.... သဘော ကျပလား-(ကျပါပြီ)၊ အကဲခတ်လို့ မမိဘူးဆိုလို့ရှိယင် ဝီရိယ သော်လည်းကောင်း တိုးပေးပါ (မှန်ပါ)၊ ဒီနေရာမှာ ဝီရိယ လိုနေပါလိမ့်မယ်-(မှန်ပါ)၊ မမိယင် ဝီရိယလိုပါတယ်၊ ဝီရိယ ကလေး တိုးပေးလိုက်ကြပါတဲ့။ နိဗ္ဗာန်မရောက်နိုင်တဲ့ ဝိပဿနာ တရားရယ်လို့ မရှိဘူး .... လမ်းမှန်ယင်ပေါ့လေ - (မှန်ပါ)။

http://www.dhammadownload.com



ကိလေသာစကြေသောခိုနေလို့ မရောက်ကြတာ-(မှန်ပါ)၊ ဝိပဿနာ ဆိုတာဟာ ပုဗ္ဗဘာဂမဂ်ပဲ။ ပုဗ္ဗ-က ရှေး၊ ဘာဂ-က အဖို့၊ ရှေးဦးစွာ လုပ်ရမည့် အလုပ်ကို ခင်ဗျားတို့ လုပ်တာပဲ....၊ သဘောစကျပလွား - (ကျပါပြီ)။

ဒါကြောင့် သမ္မာဒိဋ္ဌိ ပုရေစာရံ....လို့၊ ဝိပဿနာ သမ္မာဒိဋ္ဌိ သည် ရှေးဦးစွာ ဖြစ်ရမယ်တဲ့ - (မှန်ပါ)။

ဝိပဿနာ သမ္မာဒိဋ္ဌိဟာ ဘာတုံး - (ရှေးဦးစွာ ဖြစ်ရပါ မယ်)၊ အဲဒီသူက ရှေ့ဦးစွာဖြစ်မှ နိဗ္ဗာန်ကို တကယ်မြင်တဲ့ မဂ် သမ္မာဒိဋ္ဌိလိုက်မှာ၊ သူ့ကို ရှေ့သွားမထားလို့ရှိယင် မဂ် သမ္မာဒိဋ္ဌိ မလိုက်နိုင်ဘူး - (မလိုက်နိုင်ပါဘူး)၊ သဘောပါကြ ပလား - (ပါပါပြီ)။

ဒါဖြင့် ဝိပဿနာဉာဏ်ရှေ့သွားနှို့မှ နိဗ္ဗာန်မြင်တဲ့မဂ်ဉာဏ် လိုက်နိုင်မယ် - (မှန်ပါ)၊ ဝိပဿနာ ရှေ့သွားမရှိယင် - (မဂ် ဉာဏ် မလိုက်နိုင်ပါဘူး)၊ ဘယ်လိုဟောလိုက်သတုံး ဆိုတော့ ဓမ္မာဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေစာရံ....။ သမ္မာဒိဋ္ဌိ ပုရေစာရံ-ဝိပဿနာမဂ်ဟုဆိုအပ်သော ရှေ့သွားရှိရမယ်တဲ့ - (မှန်ပါ)၊ အဲ...သူရှေ့သွားရှိလို့ သူ ရင့်ကျက်လာတဲ့အခါကျ တော့ ဓမ္မာဟံ သာရထိ ဗြူမိ - မဂ်ဉာဏ်ဓမ္မကို ရထားထိန်း ရထားခေါင်းဆောင်ဟူ၍ ငါဘုရားဟော၏....တဲ့ -(မှန်ပါ)၊ ဝိပဿနာ သမ္မာဒိဋ္ဌိ လာမှ မဂ်သမ္မာဒိဋ္ဌိ ဟာ နိဗ္ဗာန်မြင်ဖို့ ခေါင်းဆောင်လာတာပဲ၊ နို့မဟုတ်ယင် မလာနိုင်ဘူး တဲ့ - (မှန်ပါ)၊ သဘောပါကြပလား - (ပါပါပြီ)။

ဒါဖြင့် သမ္မာဒိဋ္ဌိနှစ်ခုမှာ ဝိပဿနာသမ္မာဒိဋ္ဌိထက်လေလေ မဂ်သမ္မာဒိဋ္ဌိ နီးကပ်လေလေပဲ - (မှန်ပါ)။

http://www.dhammadownload.com



ဝိပဿနာ သမ္မာဒိဋ္ဌိ ထက်လေလေ - (မဂ်သမ္မာဒိဋ္ဌိ နီးကပ်လေလေပါဘုရား)၊ မဂ်သမ္မာဒိဋ္ဌိ နီးကပ်လေလေဆိုတော့ ခင်ဗျားတို့ ဘယ်အခါမှ မပျင်းပါနဲ့၊ လမ်းမှန်အားထုတ်ယင် အမှန် ကျေးဇူးများနိုင်ပါတယ် - (မှန်ပါ)၊ ဝိပဿနာ သမ္မာဒိဋ္ဌိမရှိတဲ့ပုဂ္ဂိုလ်ဖြင့် လောကုတ္တရာ သမ္မာဒိဋ္ဌိ ဆိုတဲ့ သမ္မာဒိဋ္ဌိ ရှိတဲ့ ပုရေစာရ ဆိုတဲ့ ဥစ္စာတော့ မရနိုင်ဘူး - (မှန်ပါ)၊ ဓမ္မသာရထိ ဗြဟ္မီ ဆိုတဲ့အတိုင်း မဂ္ဂင်ရထား၏ ခေါင်းဆောင်ကြီးဟာ ပေါ်မလာနိုင်ဘူး - (မှန်ပါ)၊ ရှင်းပလား -(ရှင်းပါပြီဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိမရှိတဲ့ ပုဂ္ဂိုလ်ဟာ မဂ်သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ရထား၏ခေါင်းဆောင်ကြီး မပေါ်နိုင်ဘူးဆိုတာ သဂါထာဝဂ္ဂ သံယုတ်မှာ ဟောတယ် - (မှန်ပါ)၊ သဘောပါကြပလား- (ပါပါပြီ)၊ [သဂါထာဝဂ္ဂသံယုတ် အစ္ဆရာသုတ်]။

ဒါဖြင့် ခင်ဗျားတို့ ရှေးဦးစွာ ဘာအရေးကြီးပါလိမ့် - (ဝိပဿနာ သမ္မာဒိဋ္ဌိ အရေးကြီးပါတယ်)၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ကိလေသာကြား မခြားအောင် လုပ်လိုက်လို့ရှိယင် မဂ်သမ္မာဒိဋ္ဌိ ပေါ်လိမ့်မယ် - (မှန်ပါ)၊ ရှင်းပလား :- (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ပဋ္ဌာန်းပါဠိတော်ကြီးမှာ - အနုလောမံ ဂေါတြဘုဿ-လို့ ဟောတော်မူတယ် — (မှန်ပါ)၊ အနုလောမံ - ဖြစ်ပျက်ကိုမြင်တဲ့ အနုလောမဉာဏ်သည်၊ ဂေါတြဘုဿ — နိဗ္ဗာန်ကို မြင်တဲ့ ဂေါတြဘူအား၊ အနန္တရပစ္စယေန - အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော- ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏....တဲ့။ ဝိပဿနာ သမ္မာဒိဋ္ဌိရှိပြီးတော့ နိဗ္ဗာန်ကိုမြင်တဲ့ ဂေါတြဘူ လာပါတယ် - (မှန်ပါ)၊ သဘောပါကြပလား - (ပါပါပြီ)။

http://www.dhammadownload.com



အနုလောမံ ဂေါတြဘုဿ၊ ဂေါတြဘူ မဂ္ဂဿ မလာဘူးလား - (လာပါတယ်)၊ အဲဒါတွေလာတဲ့ ဥစ္စာဟာ ပဋ္ဌာန်းပါဠိတော်လို့ မှတ်ကြပါ - (မှန်ပါ)၊ ပဋ္ဌာန်း ပါဠိတော်ကို ဘာဖြစ်လို့ ဆရာဘုန်းကြီး ဒီနေ့ည ထည့်ပြောရသတုံး - လို့ ခင်ဗျားတို့ကမေးလို့ရှိယင် ပုဂ္ဂိုလ်မှင့်ဘဲနဲ့ ဓမ္မကိုင့်ပြီး ဟောတဲ့ ဓမ္မဋ္ဌိတိဋ္ဌာန် ဒေသနာတော်ကြီးမို့ ဒီအစဉ်အတိုင်း လုပ်ယင် ဒီအစဉ်အတိုင်း ဖြစ်ရမယ် ဆိုတာကို မှတ်ကြပါ။ ဓမ္မအစဉ်က ဒီအတိုင်းပေါ်ရမယ် - (မှန်ပါဘုရား)၊ ပေါ်ကြပလား - (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဓမ္မဋ္ဌိတိဋ္ဌာန်အားဖြင့် သိရမယ်၊ ပြီးတော့ နေယျတ္ထဒေသနာတော် သိရမှာမဟုတ်ဘူး၊ နီတတ္ထဒေသနာတိုက်ဆိုင်ဟောပြန်တယ် - (မှန်ပါ)။

ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိပြီးမှ မဂ္ဂသမ္မာဒိဋ္ဌိဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ဉာဏ် လာမယ် (မှန်ပါ)၊ ဂေါတြဘူက နိဗ္ဗာန်မြင်ပြီးတော့မှမဂ်ဉာဏ် လာတယ်ဆိုတာလဲ သေချာလား....(သေချာပါပြီဘုရား)။

ဒါဖြင့် အလုပ် လုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဝိပဿနာ သမ္မာဒိဋ္ဌိမရှိဘဲနဲ့ ဂေါတြဘူ ဆိုတဲ့ နိဗ္ဗာန်ပထမဦးဆုံးမြင်တဲ့ဉာဏ်တောင် မလာနိုင်တော့ မဂ်သမ္မာဒိဋ္ဌိက ဂေါတြဘူတောင် ခြားနေသေးတာ လာနိုင်ပါ့မလား-(မလာနိုင်ပါဘူး)၊

အဲဒီတော့ ဝိပဿနာသမ္မာဒိဋ္ဌိကိုသာ တွင်တွင် ကျယ်ကျယ် လုပ်နိုင်ပါစေ၊ ဒါဟာ ငါသည် မဂ်ရထိုက်တယ်- မရထိုက်ဘူးလို့ ဘာမှ အကဲခတ်မနေနဲ့၊ လုပ်ယင် ရနိုင်တယ်သာ ဆုံးဖြတ်ချက်ချ-(မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

http://www.dhammadownload.com



အဲဒီမှာ ခင်ဗျားတို့က ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ဆုတ်နစ်တဲ့စိတ် မလာနဲ့ဆိုတာ သတိ ပေးလိုက်တယ်.... (မှန်ပါ)၊ ဆုတ်နစ်တဲ့စိတ် ဆိုတာက ငါက ဒွိဟိတ်မို့ ထင်ခဲ့တာထင်ပါရဲ့၊ ငါ့မှာ ဘယ်သူ့များ ဖြစ်မှားဖူးလို့ ဒါလောက်တောင် လုပ်နေလျက်နဲ့ နိဗ္ဗာန်မမြင်သေးဘာ ထင်ပါရဲ့၊ ဟာ.... ဒီဟာတွေ မလာစေနဲ့၊ ဒီဟာတွေဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကဟောတယ်၊ သစ္စာတရားကိုဟောလို့ သစ္စာတရား နာတတ်လို့ရှိယင် ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ အလုပ် ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ယင် ရနိုင်တယ်လို့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဒီလို လာပါတယ် (မှန်ပါ)၊

သစ္စာတရားလဲ နာရမယ်၊ ထောင်တတ်တဲ့နားလဲ- (ပါရပါမယ်)၊ ပါရမယ်ဆိုလို့ရှိယင် နှလုံးသွင်းသာ- ဓမ္မာနု ဓမ္မပ္ပဋိပတ္တိနဲ့ နှလုံးသွင်းလိုက်လို့ရှိယင် ရနိုင်ပါတယ်ဆိုတော့ ခင်ဗျားတို့မှာ သစ္စာဟောတတ်တဲ့ ဆရာနဲ့ တွေ့ပြီး ကိုယ်ကိုယ်တိုင်လဲ ဖြစ်ပျက် ဒုက္ခသစ္စာလို့သိနေပြီ၊မသိသေးဘူးလား-(သိပါပြီ)၊ အဲ....ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ အလုပ်ဆိုတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်တဲ့ဥစ္စာ ဓမ္မာနု ဓမ္မပ္ပဋိပတ္တိအလုပ်ပဲ- (မှန်ပါ)၊ အဲဒါ လိုက်သွားလို့ ကိလေသာကြား မခြားလို့ရှိယင် ရမှာပဲ-(မှန်ပါ)၊ ဘာတွေ ညာတွေ လျှောက်တွေး မနေကြနဲ့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ အချို့ ကိုယ့်သံသယ ကိုယ့်ကုက္ကုစ္စက ကိုယ့်ကိုယ် အပါယ်ချတာ ရှိတယ် - (မှန်ပါ)၊ ကိုယ့်သံသယ ကိုယ့်ကုက္ကုစ္စက ကိုယ့်ကိုယ်ကို မဂ်တားမြစ်တာလဲ ရှိတယ်-(မှန်ပါဘုရား)၊ သဘောကျပလား-(ကျပါပြီ)။

http://www.dhammadownload.com



အဲဒါတွေကတော့ မတတ်နိုင်ဘူးတဲ့၊ ဆရာသမားများက လမ်းစဉ် အမှန် ရှိတာကိုတော့ဖြင့် ပြောတာပဲ အနုလောမပြီး ဂေါတြဘူလာမယ်၊ဂေါတြဘူလာပြီး မဂ်လာမယ်၊ အနုလောမ ဆိုတာ ဝိပဿနာဉာဏ် ဂေါတြဘူဆိုတာ မဂ်ပေါ်ဖို့ ရှေ့က လမ်းခင်းတာ၊ ပြီးတော့ သူပြီးတယ်ဆိုလို့ရှိယင် မဂ်ပေါ်တာပဲ၊ အဲဒါလဲ ဝီထိနိယာမ၊ ဝီထိနိယာမဆိုတာ ဘယ်လိုမှ တားလို့ မရဘူး၊ ဝိပဿနာဉာဏ်ပြီးယင် မဂ်ဉာဏ်လာတာပဲ၊ ဂေါတြဘူ ဉာဏ်ပြီးယင်ဖြင့် မဂ်စစ်ဉာဏ် လာတာပဲ၊ ဒါ ဝီထိနိယာမ ဆို တော့ အဲဒီမှာ သေချာနေတော့ ခင်ဗျားတို့ ဝိပဿနာ လုပ် နေတဲ့ဥစ္စာ၊ ဩော်.... ဝီထိနိယာမအတိုင်း သွားမှာပဲ ဆိုတာ ကိုယ်က ဆုံးဖြတ်ချက်ချ-(မှန်ပါ)။

ဝီထိနိယာမဆိုတာ စိတ်တွေဖြစ်ပေါ်တဲ့ အစဉ်ပဲ၊ နိဗ္ဗာန် မြင်တဲ့ ဂေါတြဘူလိုက်မယ်၊ နိဗ္ဗာန်မြင်တဲ့ မဂ်လိုက်မယ်၊ နိဗ္ဗာန် မြင်တဲ့ဖိုလ် လိုက်မယ်လို့ ခင်ဗျားတို့က ဒီအဘိုင်း ဆရာသမား ပြောတဲ့အတိုင်း ဝီထိနိယာမကို ဖြစ်အောင်လုပ်ပါ။ ဝီထိ-ဆိုတာ အစဉ်၊ နိယာမ-ဆိုတာ အမြဲ၊ စိတ်အစဉ်တွေ တစ်ခုပြီး တစ်ခု ဆက်ပြီးတော့ ဖြစ်လာတာ မြဲတာကို ဆိုတယ်- (မှန်ပါ)၊ ဒီအစဉ်ကို ဘယ်သူမှ တားလို့မရဘူး၊ ဝိပဿနာ ဉာဏ်ကြီးယင် ဂေါတြဘူဉာဏ် မဂ်ဉာဏ်ပေါ်တာ ဆိုတာကို ဘယ်သူမှ တား လို့မရပါဘူး- (မှန်ပါ)၊ ဂေါတြဘူ ဉာဏ်ပြီးတော့ မဂ်ဉာဏ် ပေါ်တာ ဆိုတာကော-(တားလို့မရပါဘူး)၊ ဝီထိနိယာမတဲ့- (မှန်ပါ)၊ ဆောင်းဥတုပြီးတော့ နွေဥတုလာတာကို ဒကာ ဒကာမတို့ ဘယ်သူတားလို့မှတောင် မရဘူး-(မှန်ပါ)၊ နွေပြီး မိုးဥတုလာတာကော- (တားလို့မရပါဘူး)၊ တားလို့မရဘူး

http://www.dhammadownload.com



နိယာမတွေခနဲ-(မှန်ပါဘုရား)၊ သစ်ပင်တွေ သူ့ရာသီနဲ့ သူ ပွင့်တာ ဘယ်သူတားလို့ရသတုံး-(မရပါဘူး)။

အဲဒီ နိယာမတွေက ရှိပြီးသားဖြစ်နေတော့ ဒကာ ဒကာမ တွေက ဘာမှ မတွေးကြနဲ့၊ ငါ့မှာ ပါရမီမရှိလို့ ထင်ပါရဲ့-ဒွိဟိတ်လို့ ထင်ပါရဲ့၊ ဘယ်သူ့များ ရဟန္တာများ ဖြစ်မှားမိလို့ ထင်ပါရဲ့....စသည်နဲ့ တွေးတတ်တဲ့ အတွေးတွေ မလာစေနဲ့-(မှန်ပါ)၊ ဒါတွေဟာ သံသယ ကုက္ကုစ္စတွေ (မှန်ပါ)။

သံသယ ကုက္ကုစ္စဆိုတာသည် ဒကာ ဒကာမတို့ အင်မတန် ဆိုးရွားတဲ့ တရားလို့ ဆုံးဖြတ်ချက်ချ- (မှန်ပါ)၊ ဘယ်လို ဆိုးရွားပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ မဂ္ဂန္တရာယ် ဖြစ်အောင် လုပ်တတ်တယ်-(မှန်ပါ)။

ဘာတဲ့တုံး- (မဂ်၏အန္တရာယ်ဖြစ်အောင် လုပ်တတ်ပါတယ် ဘုရား)၊ ဒါ ဘယ်သူက ထည့်တာတုံးလို့ မေးပြန်တော့ ဒီ ယောဂီက ထည့်တာ-(မှန်ပါ)၊ ယောဂီက ထည့်တာဆိုတော့ သူ အားထုတ်နေတဲ့အထဲမှာ သူ့ဟာသူ အားမရအောင် ထည့် လိုက်တဲ့တရား-(မှန်ပါ)။

ဒါဖြင့် သူအားထုတ်နေတဲ့ ဥစ္စာကို သူ့ဟာသူ ထည့်တာ-(မှန်ပါ)၊ လက်နဲ့ရေး ခြေနဲ့ဖျက် ဆိုသလို ဖြစ်နေတာ.... (မှန်ပါ)၊ လက်နဲ့ရေးတယ် ဆိုတာက ဝိပဿနာဉာဏ် အား ထုတ်နေတာ၊ ငါဟာ ဒီလိုပုဂ္ဂိုလ် ထင်ပါရဲ့ ဆိုတော့ ခြေနဲ့ ဖျက်ချလိုက်တာ-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

အဲဒီတော့ အချည်းနှီး မဖြစ်နိုင်ပါဘူးဆိုတာ ဘုန်းကြီးက အားပေးနေတယ်လို့ ခင်ဗျားတို့က မယူနဲ့၊ ဘုရားကု သေသေ

http://www.dhammadownload.com



ချွာချွာဟောခဲ့တာ-(မှန်ပါ)၊ ဒီဘဝ ဝိပဿနာ အားထုတ်ယင် ဝိပဿနာ သမားဟာ သေခါနီးကျတော့ ကဲ...ငါတော့ဖြင့် တဏှာယ်သေရတော့မှာပဲဆိုပြီး သင်္ကာလ စိတ္တာနုပဿနာ ရှုခန့်ကျ ပုဂ္ဂိုလ်က စိတ်ကြည့်၊ဝေဒနာ နုပဿနာသမားက ဝေဒနာ ကြည့်လိုက်လို့ရှိယင် ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး ရှုလိုက်လို့ရှိယင် အဲဒီအချိန်ကျယင် သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်သေးတယ်လို့ ဟောတော်မူသေးတယ်- (မှန်ပါ)၊ ဒီလိုမှ မဖြစ်ပါဘူးဆိုယင် ဒုတိယဘဝ၌ နတ်ပြည် ရောက်ပါတယ်၊ ဒီဇောနဲ့သေသွားယင်-(မှန်ပါ)၊ နတ်သားသွားဖြစ်ယင် နတ်ပြည်ဖြစ်တဲ့ဥစ္စာ မသိသေးခင် နတ်ပြည်မှာ ဝိပဿနာ အရှိန်အစော် အာသေဝန သတ္တိကပါသွားတော့ ဟိုမှာ သူ့ခန္ဓာကို သူ ဖြစ်ပျက်ရှုလိုက်တာနဲ့ နတ်ပြည်ရောက်တာ မသိခင် သောတာပန်တည်တာက စောနေတယ်-(မှန်ပါ)၊ ဒါ ဘုရား သေသေချာချာ ဟောပါတယ်၊ ဝိပဿနာဇောနဲ့သာ သေပါစေ-(မှန်ပါ)။

သေခါနီးမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မဖြစ်ခဲ့သော်ဆိုတော့ နောက်ဘဝဖြစ်နိုင်တယ်ဆိုတော့ အချည်းနှီးပါသေးသလား - (မပါပါဘူး)၊ ဒါဖြင့် ဒါဟာ လုပ်ထိုက်တဲ့တရားပဲ - (မှန်ပါ)။

သေခါနီးမှာပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်တယ်၊ ကိုယ့်ဟာကိုယ် ဆင်ခြင်ရှုနေယင် - (မှန်ပါ)၊ ဟာ...ဒီအချိန်မှာ မဖြစ်ထိုက်သေးဘူးဆိုယင် ဟိုဘဝ နတ်ပြည် ရောက်တဲ့အချိန်မှာ ဖြစ်နိုင်တယ်ဆိုတာ သေသေချာချာဟော

http://www.dhammadownload.com



တယ် - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)၊ အဲဒီ တော့ အဟောသိကံ ပါသေးရဲ့လား - (မပါပါဘူး)။

အဲ...အချည်းနှီးဖြစ်မှာက ဘုန်းကြီးက ဒကာဒကာမတွေ ကို ဘာစိုးရိမ်သတုံး မေးတဲ့အခါကျတော့ ကိုယ့်လူကကိုယ့်ကို စူးသလို ကိုယ့်သံသယ ကုက္ကုစ္စက ကိုယ့်သမ်းကို ဖျက်ပစ်မှာ စိုးရိမ်ရတယ် - (မှန်ပါ)။ ငါက ဒီဘဝ ရထိုက်တဲ့ ပုဂ္ဂိုလ် ဟုတ်မထင်ပါဘူး၊ သမာဓိတောင်မှ ငါကမတည်ဘူး၊ တည်မှ မတည်သေးခင်က ကိုယ်က မတည်ဘူးထင်နေတတ်တယ်။ ရှုမှ မရှုခင်ကတည်းက မမြင်သေးဘူးဆိုတော့ ဦးသံဒိုင် ဒါဟာ မခက်ဘူးလား - (ခက်ပါတယ်ဘုရား)၊ ဒါမျိုးက ပါရမီက ဖျက်တာလား.... ကိုယ့်ကုက္ကုစ္စသံသယက ဝင်ပြီး ချောက်တွန်း တာလား - (သံသယကုက္ကုစ္စက ဝင်ပြီး ချောက်တွန်းတာပါ ဘုရား)။ အဲ...သူ့ချောက်တွန်းမှုကို ခင်ဗျားတို့ ခံနိုင်ရည်ရှိရန် ဘုန်းကြီးက သတိပေးတယ် ဦးသံဒိုင်တို့ကို လွန်ခဲ့တဲ့ တရား ဟောစက....၊ ကုက္ကုစ္စလာယင် ကုက္ကုစ္စကို ဖြစ်ပျက်ရှု-(မှန်ပါ)၊ ကုက္ကုစ္စဖြစ်ပျက်ရှုလို့ သူချုပ်သွားတော့မှ ကိုယ့်မူလရှုမြဲဝေဒနာ ဖြင့် ဝေဒနာရှု၊ စိတ်ဖြင့် စိတ်ကိုရှုပါ - (မှန်ပါ) ဒေါသ, ဣဿာ, မစ္ဆရိယ ကုက္ကုစ္စ ဆိုတာ ဒေါမနဿဝေဒနာ-(မှန်ပါ)၊ ဒီတော့ အဲဒီကုက္ကုစ္စလာယင် ဝေဒနာသမားက ဝေဒနာထဲ သွင်း ရှုလိုက်၊ စိတ်သမားက စိတ်ထဲသွင်းလိုက် - (မှန်ပါ)၊ စိတ်သမားက ဒေါသစိတ်ထဲသွင်းပြီးရှုလိုက်-(မှန်ပါ)၊ ကုက္ကုစ္စ ဟာ ဒေါသစိတ်နဲ့ ယှဉ်ဖေါ်ယှဉ်ဖက် ဖြစ်လို့ ဒေါသစိတ်ထဲ သွင်းလိုက်၊ ဝေဒနာသမားကတော့ ဒေါမနဿ ဝေဒနာထဲ သွင်းရှုလိုက်၊ ဒေါမနဿ ဝေဒနာကို ဖြစ်ပျက် ရှုချလိုက် -

http://www.dhammadownload.com



(မှန်ပါ)၊ ကုက္ကုစ္စ နေနိုင်သေးရဲ့လား - (မနေနိုင်ပါဘူး)၊ အဲကုက္ကုစ္စ ချုပ်သွားပြီးတော့မှ ခင်ဗျားတို့ ဒီပြင် ဝေဒနာ ပေါ်ယင် ဒီပြင်ဝေဒနာကိုလိုက်တာပေါ့ - (မှန်ပါ)၊ နို့မဟုတ် ယင် ရှာမနေနဲ့ သူက အရှုံခံ သဘာကို၊ သူ့ကိုအလျင် ရှုပစ် ပါ - (မှန်ပါ)၊ ပေါ်ကြပလား၊ - (ပေါ်ပါပြီဘုရား) ဒါ အင်မတန် အရေးကြီးတဲ့ စကားဆိုတာကော သုံးတတ်ပလား - (သုံးတတ်ပါပြီဘုရား)၊

ဒကာဒကာမတို့ သန္တာန်မှာ သံသယဝိစိကိစ္ဆာ လာယင်လဲ သံသယဝိစိကိစ္ဆာကို ရှုပစ်ပါ၊ (မှန်ပါ) သဘောကျပလား - (ကျပါပြီဘုရား)၊ ဒါကြောင့် အလျင်တုန်းက ဟောခဲ့တယ် မဟုတ်လားဦးသံဒိုင်၊ ရန်သူကို မိတ်ဆွေလုပ်ပစ်ပါလို့ - (မှန်ပါ ဟောခဲ့ပါတယ်ဘုရား)၊ နဂိုက သူဟာ အနှောင့်အယှက် လာ တာ - (မှန်ပါ)၊ အနှောင့်အယှက်တရားကို ဘာလုပ်ပစ်ရမလဲ - (ဖြစ်ပျက်ရှုပစ်ရပါမယ်)၊ ဖြစ်ပျက်ရှုပစ်တော့သူ့ကြောင့် မဂ် ရသေးတယ် - (မှန်ပါဘုရား)၊ သဘောကျပလား - (ကျပါပြီ ဘုရား)။

ဘုရားက ဘယ်လိုဟောသတုံး မေးတော့မှ သဒ္ဒါသစိတ္တံ သဒ္ဒါသစိတ္တန္တိ ပဇာနာတိ။ သဒ္ဒါသစိတ်ဆိုတာက မောင်သစ် ဒေါ်သတစ်ခုတည်း ဖြစ်နိုင်ဘာမှ မဟုတ်ဘဲ၊ ဣဿာ မစ္ဆရိယ- ကုက္ကုစ္စရောပြီး ဝင်တယ်-(မှန်ပါ)၊ မဝင်လာဘူးလား - (ဝင် လာပါတယ်ဘုရား)၊ ဝင်လာတော့ ဒေါသကို ရှုလိုက်လို့ရှိ ယင် ပင်ရင်းရှုလိုက်လို့ရှိယင်ဖြင့် ဒကာဒကာမတို့ တွဲဖက်တွေ ပါ ဘာဖြစ်သွားသတုံး - (ပျက်သွားပါတယ်ဘုရား)၊ တွဲဖက်

http://www.dhammadownload.com



တွေ့ပါ ဖြစ်ပျက်ဖြစ်ရမယ် - (မှန်ပါ)၊ အတူတူ ဖြစ်ကြတာ၊ ကေ့ပ္ပါဒ ကေနိရောဓကိုး - (မှန်ပါ)၊ ကေ့ပ္ပါဒ-ဂ်တက္က ဖြစ်တယ်၊ ကေနိရောဓ-ဆိုတာကော -(တက္ကချုပ်ပါတယ်)၊ တက္က ချုပ်တယ်ဆိုတာ မသေချာဘူးလား-(သေချာပါတယ်ဘုရား)။

အဲ့ဒီလို ခင်ဗျားတို့ အသုံးချစ်လိုက်လို့ရှိယင် ဆရာသမား အကူအညီနဲ့ ဒြေ်.... ဒီလိုလဲ အသုံးချလို့ ဖြစ်သားဘဲဆိုတော့ ကုက္ကုစ္စရှိနေလို့ ကျုပ်တော့မလုပ်တော့ဘူးမလုပ်နဲ့။ ကုက္ကုစ္စ ကို ရှုပစ်ပါ - (မှန်ပါဘုရား)၊ ပေါ်ကြပလား - (ပေါ်ပါပြီ ဘုရား)။

ဘာလုပ်ကြမယ် - (ကုက္ကုစ္စကို ရှုပစ်ရပါမယ်ဘုရား)၊ ကုက္ကုစ္စရှုတော့ စေတနာသမားက ဒွေါမနဿဝေဒနာကိုရှုတာ၊ စိတ်သမားက ဒေါသကိုရှုတာဆိုတော့ ပြီးနေတာပဲ-(မှန်ပါ)၊ မပြီးသေးဘူးလား - (ပြီးပါတယ်ဘုရား)။

အဲဒီတော့ အသုံးမချတတ်လို့ရှိယင်လဲ ခင်ဗျားတို့ ဘေးဖြစ်မှာပဲ-(မှန်ပါ)၊ အသုံးချတတ်လို့ရှိယင် နိဗ္ဗာန်ရောက်တဲ့ဆေး ဖြစ်မှာပဲ- ကဲ-ဒါနှစ်ခု ရှင်းပလား - ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နေရာကျပါပြီ၊ ခုနင်က ဓမ္မဒိန္နာဖြေတာကို ပြန်ဆက်လိုက်၊ သုခနဲ့ ဒုက္ခနဲ့ ဆန့်ကျင်ဘက်၊ ဒုက္ခနဲ့ သုခနဲ့လဲ ဆန့်ကျင်ဘက်လို့ ဖြေခဲ့တယ်မဟုတ်လား - (မှန်ပါ)။ နို့ ဥပေက္ခာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံးလို့ မေးပြန်တော့ အဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်ပဲ - (မှန်ပါ)၊ သဘောကျပလား — (ကျပါပြီ)။

ဥပေက္ခာနဲ့ - (အဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်ပါဘုရား)၊ သုခနဲ့ ဒုက္ခနဲ့ ဆန့်ကျင်ဘက်သိပြီ။ ဒုက္ခနဲ့ သုခနဲ့လဲ ဆန့်ကျင်ဘက်

http://www.dhammadownload.com



သိပြီးသား - (မှန်ပါ)၊ ဥပေက္ခာနဲ့ကော ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံးလို့ မေးတဲ့အခါ ဘယ့်နှယ်ဖြေသတုံး -- (အဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်ပါဘုရား)၊ ဟုတ်သားပဲ.... ဥပေက္ခာပေါ်တိုင်း ပေါ်တိုင်း မသိတာဟာ သူ့ကြောင့် မသိတာ -- (မှန်ပါ)၊ ဒါကြောင့် သူ့ ဆန့်ကျင်ဘက်လို့ ပြောလိုက်တာ - (မှန်ပါ)။

ဒါနဲ့ အဲဒီ အဝိဇ္ဇာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပြန်သေးသတုံးတဲ့ ဝိသာခသေဌေးက မေးလိုက်တယ် - (မှန်ပါ)၊ ဒါကတော့ ဇီလိုပါတဲ့ ဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်တဲ့၊ – (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီဘုရား)။

ဒါဖြင့် ဆန့်ကျင်ဘက်ဆိုတာသည် ဒကာဒကာမတို့ သန္တာန်မှာ မတည့်တာဘဲ - (မှန်ပါ)၊ အဝိဇ္ဇာရှိယင် ဝိဇ္ဇာမရှိနိုင်ဘူး၊ ဝိဇ္ဇာရှိယင်လဲ - (အဝိဇ္ဇာမရှိနိုင်ပါဘုရား)၊ အဝိဇ္ဇာမရှိနိုင်ဘူးဆိုတော့ ခင်ဗျားတို့ရှုမှတ်နေတာက ဝိဇ္ဇာလမ်း-(မှန်ပါ) သဘောကျပလား - (ကျပါပြီ)၊ ရှုမှတ်နေယင် အဝိဇ္ဇာ အနားသီနိုင်ရဲ့လား - (မသီနိုင်ပါဘူး)၊ အဝိဇ္ဇာ အနားမသီနိုင်လို့ရှိယင်ဖြင့်ခြော်....ဒို့အလုပ်သည် ဝိဇ္ဇာဥဒပါဒီ-အလုပ်ပဲ (မှန်ပါ)၊ စက္ခုံဥဒပါဒိအလုပ်ပဲ - (မှန်ပါ)၊ ဉာဏံ ဥဒပါဒိ အလုပ်ပဲ - (မှန်ပါ)၊ သဘောပါကြပလား - (ပါပါပြီဘုရား)။

ဒါဖြင့်အဝိဇ္ဇာနဲ့ ဘယ်သူတုန်း ဆန့်ကျင်ဘက်က - (ဝိဇ္ဇာပါဘုရား)၊ တစ်ခါ ဝိဇ္ဇာတော့ ရှင်းပြီတဲ့၊ ဝိဇ္ဇာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါသေးသတုံးတဲ့ .... မေးပြန်ဘယ်နော် – (မှန်ပါ)၊ ဝိဇ္ဇာနဲ့ဆိုတော့ ဝိမုတ္တိဆိုတဲ့ဖိုလ်နဲ့ ဆန့်ကျင်ဘက်

http://www.dhammadownload.com



ဖြစ်တယ် - (မှန်ပါ)၊ ဖြစ်ပေမှာပဲ....ဖြစ်ထိုက်တာမဲ၊ ဝိမုတ္တိက ဖိုလ်စိတ်ကိုးဗျ။ ဝိဇ္ဇာက ဉာဏ်ကိုးဗျ - (မှန်ပါ)၊ ဝိဇ္ဇာက ဉာဏ်ဆိုတော့ ဆန့်ကျင်ဘက်ဖြစ်ရမယ်တဲ့၊ ဝိမုတ္တိနဲ့ ဘယ်နှယ် ကြောင့် ဆန့်ကျင်ဘက်ဖြစ်ပါသတုံးဆိုတော့ ဖိုလ်က ကိလေသာ မှ လွတ်ပြီးသား၊ ဝိဇ္ဇာက မလွတ်သေးဘူး၊ ရှင်းပလား — (ရှင်းပါပြီ)၊ ဝိဇ္ဇာက လွတ်မလို လွတ်ဆဲ ရှိသေးတယ်၊ ဟိုက လွတ်ပြီးသား ဆိုတော့ ဘယ်နှယ် နေကြသတုံး – (ဆန့်ကျင် ဘက်ပါဘုရား)။

ဒါဖြင့် ဝိမုတ္တိဆိုတဲ့ ဖိုလ်နဲ့တော့ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်သတုံးတဲ့- ဒါယကာ ဝိသာခသေဌေး...နိဗ္ဗာန်နဲ့ ဆန့်ကျင် ဘက်ဖြစ်တယ်တဲ့ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

နိဗ္ဗာန်နဲ့ ဘယ်နှယ် ဆန့်ကျင်ဘက်ဖြစ်သတုံး.... ဖိုလ်ဆိုတာ က သင်္ခတတရား၊ ဖိုလ်ပေါ်အောင် အခေါ် အားထုတ်ရ တယ်-(မှန်ပါ)၊ နိဗ္ဗာန်က ဘယ်သူမှမလုပ်ဘဲနဲ့ ပေါ်တဲ့ အသင်္ခတ တရား၊ ဒါကြောင့် ဆန့်ကျင်ဘက်တဲ့ - (မှန်ပါ)၊ ဒီတော့ ဘော်ခတော်ကျေနပ်သွားပြီ၊ ဝိသာခသေဌေးကြီး - (မှန်ပါ)။

ဒါကော အခုဒကာဒကာမတွေ ရှင်းရဲ့လား- (ရှင်းပါတယ် ဘုရား)။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖလံ ပေစ္စဝေက္ခတိ-လို့ ဟောပြန်တယ်။ ဒါက ဒီသုတ်မှာမပါဘူး၊ ပဋ္ဌာန်းပါဠိဘော်မှာ ဟောဘော်မူတာ - (မှန်ပါ)၊ ဖလံ - ဖိုလ်ကို ပေစ္စဝေက္ခတိ-ဆင်ခြင်ဦးတဲ့ – (မှန်ပါ)။

ဖိုလ်ကလဲ သင်္ခါရတရားပဲ၊ သင်္ခါရ တရားဆိုတာ အနိစ္စ လမ်းဆုံးတာပဲ။ အဲဒါကြောင့် ဖလံ ပစ္စဝေက္ခတိ လုပ်ရမှာပဲ၊ မဂ္ဂံ ပေစ္စဝေက္ခတိ-လဲလုပ် သင်္ခါရ တရားတွေပဲ - (မှန်ပါ)၊

http://www.dhammadownload.com



လုပ်ရမှာပဲ၊ ဝိပဿနာ ရှုဦးဒပါ၊ နိဗ္ဗာန်ကျတော့ ဝိပဿနာ မရှုနဲ့ သင်္ခါရတရား မဟုတ်ဘူး၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ နေရုံပဲ။

နိဗ္ဗာန်ကျတော့ - (အာရုံပြုနေရုံပါ ဘုရား)၊ အာရုံပြုပြီး သကာလ နေရုံပဲဆိုတော့ ဩော်...ပျက်စီးတာတွေတော့ ပျက် စီးတယ်လို့ ရှု။ မပျက်စီးတာကျတော့ အဲဒီလို အာရုံစိုက်ထား၊ (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)။

ပျက်စီးတာတွေတော့ဖြင့် - (ဝိပဿနာရှုရပါမယ်)၊ ပျက်စီး တာတော့ဖြင့် ဝိပဿနာ ရှုရမယ် - (မှန်ပါ)၊ မပျက်စီးတဲ့ တရားကျတော့ - (အာရုံစိုက်ထားရပါမယ်)၊ အာရုံစိုက်ပြီး ခင်ဗျားတို့ သူ့ကို အာရုံပြုပြီး ချမ်းသာတဲ့စိတ်နဲ့ နေလိုက်လို့ ပြောလိုရင်း - (မှန်ပါ)၊ ပစ္စဝေက္ခဏာ မဆင်ခြင်နဲ့တော့- (မှန်ပါ)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေကို ပြောတယ်၊ ဒုက္ခချုပ်လို့ရှိယင်ဖြင့် ဗီဇပြင်ဟာကို လုပ်မနေနဲ့။ ချုပ်တဲ့နေရာ ကို ချုပ်ပြီ - ချုပ်ပြီ လို့သာ အာရုံပြုနေပါ -(မှန်ပါ)၊ သဘော ပေါ်ပလား - (ပေါ်ပါပြီ)။

ချုပ်တဲ့နေရာကို - (ချုပ်ပြီ - ချုပ်ပြီလို့သာအာရုံပြုနေပါ)၊ ချုပ်ပြီ-ချုပ်ပြီလို့သာ အာရုံပြုနေဆိုတဲ့ဥစ္စာ၊ ဒါကို ခင်ဗျားတို့ နိဗ္ဗာန်ကို ဝိပဿနာမရှုနဲ့ ပြောတာ - (မှန်ပါ)၊ သဘောကျ သလား - (ကျပါပြီ)။

နိဗ္ဗာန်ကို ဝိပဿနာ မရှုနဲ့၊ ရှုကောင်းတဲ့ တရားမဟုတ် ဘူး၊ ဆင်ခြင်ကောင်းတဲ့ တရားသာဟုတ်တယ် - (မှန်ပါ)၊ သုံးသပ်ကောင်းတဲ့ တရား - (မှန်ပါ)၊ သဘောကျပလား -

http://www.dhammadownload.com



(ကျပါပြီ)၊ သူ့မှာ ဘယ်လက္ခဏာရှိပါတယ်၊ ဘယ်သတ္တိ ရှိပါတယ်၊ ဒီလိုတော့ သုံးသပ်ကောင်းပါတယ်၊ ခုနင်က ပြောသလို ဝိပဿနာတော့ မရှုနဲ့.... (မှန်ပါ)၊ ဝိပဿနာရှု ဆိုလို့ရှိယင် ဒီတရားဟာ ဘယ်လိုသတ္တိရှိတယ်၊ ဒီတရားဟာ ဖြစ်ပျက်ပဲ၊ ဒီလို ရှိတဲ့ သင်္ခါရတရားကိုသာ ရှုရမှာ- (မှန်ပါ)၊ နိဗ္ဗာန်တရားက တော့ ဖြစ်မှု ပျက်မှုမှမရှိတဲ့ အသင်္ခတ တရားပဲ- (မှန်ပါ)၊ သင်္ခတ တရားကျတော့ ခင်ဗျားတို့ သင်္ခတလို့ပဲ ရှုပါတဲ့၊ အသင်္ခတ တရားကျတော့ ဩော်....ဒုက္ခဆုံးတဲ့ နိဗ္ဗာန်ဆိုတာ ဒါပဲ ဒါပဲလို့ ဆိုတာ ဆင်ခြင်ရုံ ဆင်ခြင် နေရမယ်....(မှန်ပါ)၊ သဘောပါပလား - (ပါပါပြီဘုရား)။

ဒါဖြင့် ဖိုလ်နဲ့ နိဗ္ဗာန်နဲ့လဲ ဆန့်ကျင်ဘက်-(မှန်ပါ)၊ ဘယ်လို ဆန့်ကျင်ဘက် ဖြစ်ပါသတုံး- သင်္ခတနဲ့ အသင်္ခတ ကွာတယ်.... ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တရားနိဂုံးချုပ်လိုက်တော့ ဒဏာ ဒကာမတွေ နိဗ္ဗာန်ရောက်ချင်ယင် သင်္ခတထဲက.... (မှန်ပါ)၊ သင်္ခတက ထွက်တဲ့ဉာဏ် ရအောင်လုပ်ပါ-(မှန်ပါ)၊ သင်္ခတထဲမှာ ရှိတဲ့ ဉာဏ်သည် ဒကာ ဒကာမတို့ သင်္ခတကို အာရုံပြုနေတဲ့ဉာဏ်သည် မဂ်ဉာဏ် မဟုတ်သေး၊ ဝိပဿနာဉာဏ်သာဖြစ်သည်-(မှန်ပါ)၊ သင်္ခတက ထွက်သွားတဲ့ ဉာဏ်ကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုပါ (မှန်ပါ)။

သင်္ခတထဲတွင် အာရုံပြုနေတဲ့ ဉာဏ်ကတော့... ဝိပဿနာ ဉာဏ်-(မှန်ပါ)၊သင်္ခတမှထွက်သွားတဲ့ဉာဏ်ကတော့-(မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ်ပါ)၊ နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်ကို ဆိုလိုသည်-(မှန်ပါ)။ ဒါဖြင့် ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘာထူးသတုံး ဆိုတာ ကလေးကိုသဲ ယနေ့ ရှင်းပြီး ပြောပေးမယ်- (မှန်ပါ)၊ ဝိပဿနာဉာဏ်သည် သင်္ခတကိုသာ အာရုံပြုဘယ်၊ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက်နဲ့ သင်္ခတ အနိစ္စပါလား.... သင်္ခါရအနိစ္စပါလားလို့ အာရုံပြုဘယ်၊ သင်္ခတနဲ့ သင်္ခါရဆိုဘာ အတူဘူပဲ- (မှန်ပါ)၊ သင်္ခါရအနိစ္စပါကလားလို့ ရှုနေတာ ဝိပဿနာဉာဏ်လို့ မှတ်ပါ-(မှန်ပါ)၊ ဝိပဿနာဉာဏ်လဲ ဆုံးပါ ပြီဆိုလို့ရှိယင် အသင်္ခတကို တွေ့ရမယ်၊ အသင်္ခတဆိုတာ နိဗ္ဗာန်-(မှန်ပါ)၊ သဘောကျပသား - (ကျပါပြီ)။

အသင်္ခတဆိုတာ-(နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ကို တွေ့ရမယ်၊ ဘာကြောင့် တွေ့ရမတုံး ဆိုတော့ သင်္ခတနယ်က လွတ်သွား ပကော-(မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာအဆုံးသည် ဘယ်ကျမှ ဆုံးပါ သတုံးဆိုတော့ သင်္ခဘ ရှုစရာကုန်တဲ့ ဉာဏ်ပေါ်လာလို့ ရှိယင် ဆုံးပြီလို့ အောက်မေ့ပါ-(မှန်ပါ)။

သင်္ခတရှုစရာဉာဏ် ကုန်သွားမယ် ဆိုလို့ရှိယင် အသင်္ခတကို အာရုံပြုတဲ့ ဉာဏ်ပဲ လာတော့မယ်ဆိုတာ သေချာပါတယ်- (မှန်ပါဘုရား)၊ သဘောကျပသား-(ကျပါပြီ)၊

ဒါဖြင့် ဘုရားတပည့်တော်တို့ ဝိပဿနာ ရှုနေတာကြာပါပြီ ဘယ်တော့များ ဆုံးပါမတုံး-ဆိုတော့ ကိလေသာ မခြားလို့ ရှိယင် ဒကာ ဒကာမတို့ သင်္ခတနယ်က ထွက်သွားတဲ့ ဉာဏ် သာ လို့ရှိယင် ဆုံးပေါ့-(မှန်ပါ)၊ သင်္ခတနယ်က ထွက်တဲ့ဉာဏ် လာ မှသဲ ဆုံးဘာကိုး-(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်သည်ကား လို့ဆိုယင် ဘယ်မှာ နေသတုံးဆို တော့ အသင်္ခတမှာရှိတယ် - (မှန်ပါ)၊ ကျုပ်တို့က ဘယ်အထဲ နေသတုံးဆိုတော့ သင်္ခတနယ်ထဲမှာ နေတယ်ဆိုတော့ သြော်— နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ သင်္ခတထဲမှာ နိဗ္ဗာန်ရှာလို့ မတွေ့သေးဘူး – (မှန်ပါ)။

သင်္ခတထဲမှာ - (နိဗ္ဗာန်ရှာလို့ မတွေ့သေးပါဘူး)၊ ဆဲဒီ အထဲမှာ တွေ့ရမည့် နိဗ္ဗာန်ထိုလို့ရှိယင် ဒိဋ္ဌိနိဗ္ဗာန်သာ မှတ် — (မှန်ပါ)။

သင်္ခတထဲမှာ စားလို့ကောင်း, နေလို့ကောင်း, ထိုင်လို့ ကောင်း, သွားလို့ကောင်း၊ တဒင်္ဂချမ်းသာတဲ့ ကာမသုခလ္လိ ကာယောဂကို နိဗ္ဗာန် ယူလို့ရှိယင် ဒါဟာ ဒိဋ္ဌိနဲ့ယူတဲ့ နိဗ္ဗာန်— (မှန်ပါ)၊ သဘောပါပလား - (ပါပါပြီ)၊ စင်စစ် နိဗ္ဗာန် ဆစစ်ကတော့ဖြင့် သင်္ခတအဆုံးမှာသာရှိတယ်၊ သင်္ခတနယ်အ ထွက်တဲ့ဉာဏ်လာမှ နိဗ္ဗာန်ကိုတွေ့မယ် – (မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ကိုသွားချင်ယင် ဘယ်လမ်းကထွက်ရမှာတုံး မေးလို့ရှိယင် သင်္ခတနယ်က ထွက် - (မှန်ပါ)။

နိဗ္ဗာန်ထွက်လမ်းကို ဘယ်ကထွက်ရမှာတုံး- (သင်္ခတနယ်က ထွက်ရမှာပါ)။

ဒါဖြင့် သင်္ခတကိုမှ မသိသေးတဲ့ ပုဂ္ဂိုလ်များ ဦးသံဒိုင် ဘယ့်နှယ်လုပ်မလဲ.... ထွက်ပေါက်ကိုရှာမတွေ့ဘူး – (မှန်ပါ)၊ သင်္ခတတောင် သူ မသိသေးဘဲကိုး - (မှန်ပါ)။

သင်္ခတမှ မသိသေးဘူးဆိုတော့ ဖြစ်ပေါ်လာတာ သင်္ခတ၊ ပျက်တာက အနိစ္စ၊ ဒါမှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ကျတော့ သူ နိဗ္ဗာန် ရောက်လိမ့်မယ်လို ဘယ်လိုဆိုကြမလဲ - (မရှိပါဘူး)။

http://www.dhammadownload.com



ဟောစရာ အကြောင်းမရှိဘူးဆိုတာ သေချာပလား - (သေချာပါပြီဘုရား)။

ဒါဖြင့် - ခင်ဗျားတို့ ရှေးဦးစွာ အကန်းပုထုဇဉ်မှ အမြင်ပုထုဇဉ်ဖြစ်အောင် လုပ်ပါဦး - (မှန်ပါ)၊ အမြင်ပုထုဇဉ်လုပ်ပြီးသည်၏ အခြားမဲ့မှာ ဧကာဒသကာမှတို့ အလွန်ထင်ရှားတဲ့ အရိယာတို့၏ အမြင်ဖြစ်အောင်လုပ်မှု မဂ်ဉာဏ်ရမှာ၊ နိဗ္ဗာန်ကို မြင်ရမှာ သဘောကျပလား - (ကျပါပြီဘုရား)။

ဒါဖြင့် အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်လို့ရှိရာ အန္ဓပုထုဇဉ်ကတော့ သန္တတိကို မမြင်ဘူး၊ ကလျာဏပုထုဇဉ်က သန္တတိကို မြင်တယ် - (မှန်ပါ)။

အဲဒီတော့ ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်သို့ ပြောင်းချင်တဲ့အခါကျတော့ အသန္တတိကိုမြင်လို့ရှိယင် အရိယာ-(မှန်ပါ)၊ သန္တတိ မြင်လို့ရှိယင် ကလျာဏပုထုဇဉ် - (မှန်ပါ)၊ သန္တတိတောင်မှ မတွေ့သေးယင်တော့ အန္ဓပုထုဇဉ် - (မှန်ပါ)။

ရွေးထုတ်ပလား - (ရွေးထုတ်ပါပြီဘုရား)။ သန္တတိမှ မမြင်သေးယင် - (အန္ဓ ပုထုဇဉ်ပါ)၊ သန္တတိမြင်ယင် - (ကလျာဏပုထုဇဉ်ပါ)၊ သန္တတိနယ်က ထွက်တဲ့ အမြင်ကိုမြင်လို့ရှိယင်ဖြင့်- (အရိယာအမြင်ပါဘုရား)၊ သဘောပါပလား - (ပါပါပြီ)။

အဲဒီလို ခင်ဗျားတို့ ဇီအတိုင်း ဆက်ရမယ် ဆိုတဲ့ဥစ္စာ မှတ်ထားပါ - (မှန်ပါ)။ အန္ဓလို့ဆိုတာက ဘယ်နှယ်ကြောင့် အန္ဓလို့ ကန်းနေပါလိမ့်မတုံးဆိုတော့ ကလျာဏမိတ္တ ဆိုတဲ့ ဆရာသမား အမှီသဟဲ ဟောပြော ပြသမည့်သူကို မတွေ့သေးယင် ဘယ်သူဖြစ်ဖြစ် ကန်းတာပဲ- (မှန်ပါ)၊ ရှင်းကြပလား- (ရှင်းပါပြီဘုရား)၊ အဲ....ကန်းနေလို့ရှိယင်ဖြင့် ကလျာဏ မိတ္တ+ဖြစ်

http://www.dhammadownload.com



မျက်ကို ပြတတ်တဲ့ ဆရာကို ရှာပါ။ ရှာလိုက်တော့ အန္ဓက ကလျာဏသွားပြီးဖြစ်တယ် - (မှန်ပါ)၊ ဖြစ်လား - (ဖြစ်ပါပြီ ဘုရား)။

ဒါက အန္ဓကလျာဏသွားဖြစ်တယ်ဆိုတော့ စဉ်းစားကြည့် ပါ ခင်ဗျားတို့၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ဟာ သူတို့သိဥ္စည်းဆရာကြီးဆီမှာ ရှိတုန်းက အန္ဓပဲ၊ အဲဒီတုန်းက - (မှန်ပါ)၊ နောက်ကျတော့ ရှင်အဿဇိနဲ့ တွေ့တော့ကို ဒီဘာ ဒကာမတို့ ကလျာဏပဲ သွားဖြစ်တယ် - (မှန်ပါ)၊ မကွာဘူး လား - (ကွာပါတယ်ဘုရား)၊ ကလျာဏ ပုထုဇဉ်ကို အန္ဓက ပြောင်းယူတာ၊ ကလျာဏမှ အရိယာဖြစ်လာတယ်-(မှန်ပါ)။

အန္ဓကပြောင်းလာတော့ ရှင်အဿဇိနဲ့တွေ့တဲ့အခါကျတော့ ပထမ ကလျာဏပုထုဇဉ်ဖြစ်၊ နောက်ကျတော့ သောတာပန် တည်တော့ ကလျာဏ ပုထုဇဉ်မှ အရိယာအဖြစ်သို့ မရောက် ဘူးလား - (ရောက်ပါတယ်ဘုရား)။

အန္ဓပုထုဇဉ်ကို ကလျာဏမိတ္တ ကင်းနေလို့သာ ဆိုပါ - (မှန်ပါ)၊ ရှင်းကြပလား - (ရှင်းပါပြီ)၊ ဒါဖြင့် တိတိတ်မရှား ပါဘူး၊ ကလျာဏမိတ္တ မတွေ့လို့သာ အန္ဓဖြစ်နေရတာ - (မှန်ပါ)၊ ကလျာဏမိတ္တနဲ့တွေ့လို့ရှိယင်ဖြင့် ကလျာဏပုထုဇဉ် ဖြစ်မှာပဲ - (မှန်ပါ)၊ မဖြစ်နေဘူးလား - (ဖြစ်ပါတယ်)။

အဲဒါ ဘုရားလက်ထက် ချတ်ရတဲ့ ပုဂ္ဂိုလ်တွေထောင်မှ မေစင်သစ်တိုကတွေးတွေး ဦးသံဒိုင်တို့က ဘွေးတွေး အစက တော့ အကာန်းချည်းမဲ အကန်းထဲမှာ ပထမဆုံး လူ့ပြည်မှာ ဖြင့် ဘုရားတစ်ပါးတည်း အမြင်စပေါ်လာတာပဲ - (မှန်ပါ)၊ အကန်းတောထဲမှာသွားပြီး ငါသည် တရားစည်ကြီး မြည်

http://www.dhammadownload.com



ဟည်းအောင် တီးရလိမ့်ဦးမယ် ဆိုတဲ့ အဓိပ္ပါယ်ကို ကိုယ်တော်တိုင် သေသေချာချာ ဟောထားတာပဲ - (မှန်ပါ)။

ဒါဖြင့်.... အန္ဓပုထုဇဉ် ဆိုတဲ့အတိုင်း အန္ဓပုထုဇဉ်ဆိုယင် အဟိတ် ပုဂ္ဂိုလ်တွေ, ဒွိဟိတ် ပုဂ္ဂိုလ်တွေလို့ ဒီလိုချည်း မယူလိုက်နဲ့ — (မှန်ပါ)၊ ကလျာဏမိတ္တမတွေ့ခင်သား၊ တွေ့သည်နှင့် တစ်ပြိုင်နက်တည်း တိဟိတ်ဆိုယင် ဘာဖြစ်သွားသတုံး — (ကလျာဏ ဖြစ်ပါတယ်)၊ အန္ဓမှ ကလျာဏ ဖြစ်လာတယ် — (မှန်ပါ)၊ ကလျာဏက ကလျာဏအတိုင်း ကြိုးစားသွားလို့ရှိယင်ဖြင့် ဒကာ ဒကာမတို့ အရိယာအမြင့် ဖြစ်မယ်-(မှန်ပါ)၊

ဒါဖြင့် ကိုယ့်ဘဝကိုလဲကိုယ် ဝိစိကိစ္ဆာမလာပါနဲ့၊ မတွေ့ခင်ဖြစ်တဲ့ အဖြစ် ဆိုတာ မှတ်ပါ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ကဲ.... ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့ ဓမ္မာရုံ၌ ဟောကြားတော်မူသော

# နှလုံးသွင်းမှန်ယင် နိဗ္ဗာန်ရောက်တယ် အလုပ်ပေးတရားတော်

[၁၇-၁၂-၁၉၆၁]

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒကာဒကာမတွေ နှလုံးသွင်းမလွဲစေနဲ့လို့ သေသေချာချာဟောတယ်နော် - (မှန်ပါ)။ ယောနိသော ဘိက္ခဝေ မနသိကာရာတော မဟာတော အတ္ထာယ သံဝတ္တတိ–ဒီလိုဟောလိုက်တယ် - (မှန်ပါ)၊ ဘိက္ခဝေ-ရဟန်းတို့၊ ယောနိသော - အသင့်အားဖြင့် (ဝါ) မှန်ကန်သောအားဖြင့်၊ မနသိကာရာတော - နှလုံးသွင်းသော ပုဂ္ဂိုလ်အား၊ မဟာတော – ကြီးစွာသော၊ အတ္ထာယ—အကျိုးငှာ (ဝါ) နိဗ္ဗာန်ရောက်ခြင်း အကျိုးငှာ၊ သံဝတ္တတိ - ဖြစ်၏၊ နှလုံးသွင်းမှန်ယင် နိဗ္ဗာန်ရောက်တယ် - (မှန်ပါ)။ သေသေချာချာ မှတ်ကြပါ၊ နှလုံးသွင်းမှန်ယင် နိဗ္ဗာန်ရောက်တယ်။

http://www.dhammadownload.com



ဪ.... ဒါဖြင့် နိဗ္ဗာန်ရောက်ဖို့ရာ အလုပ်တစ်ခုကို ယနေ့ ထူးထူးခြားခြား ဘုရားဟောကို ထုတ်၍ ဟောပြန်တော့ နှလုံးသွင်းမှန်လို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်တာပါပဲ- (မှန်ပါ)၊ နှလုံးသွင်းမှန်လို့ရှိယင် နိဗ္ဗာန်ရောက်တယ်လို့ ဆိုသောကြောင့် တကာကြွယ် ဒီလိုမှတ်ကြပေတော့၊ ဖြန်းကနဲဆိုတော့ နှလုံးသွင်းမှန်ဆိုတာ ဘာမှန်းမသိဘဲနေမှာစိုးရတယ် - (မှန်ပါ)၊ ဒီခန္ဓာကိုယ်ကြီးက ပင်ကိုကသဲ့ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဆိုသောကြောင့် ဖြစ်ပြီး ပျက်တဲ့ အနိစ္စ - (မှန်ပါ)၊ ဝေဒနာ ကြည့်လိုက်သဲ့ အနိစ္စ - (မှန်ပါ)၊ ရုပ်ကြည့်လိုက်လဲ - (အနိစ္စပါပဲ)၊ ဒီလိုတွေ့လို့ရှိယင် ခန္ဓာထဲမှာ ဉာဏ်နဲ့ မျက်လုံးမှိတ်ပြီး ကြည့်လိုက်တဲ့အခါ ကျလို့ရှိယင် ဝေဒနာကလေးတွေ ကြည့်လိုက်လဲ ဒီနေရာပေါ် ဒီနေရာပျောက်၊ အနိစ္စတခေလးတွေပဲ- (မှန်ပါ) စိတ်ကလေးတွေလဲ့ စားချင်တဲ့စိတ် ပေါ်လာတယ်၊ ပေါ်တဲ့နေရာမှာ ပျောက်သွားတာပဲ၊ စားတဲ့အချိန်မှာ မရှိပါဘူး - (မှန်ပါ)၊ ဒေါသကလေးပေါ်လာတယ်ဆိုယင် ပေါ်တဲ့နေရာမှာ ပျောက်သွားတယ် - (မှန်ပါ)၊ အနိစ္စကလေးတွေပဲ ပြောသွားတယ် - (မှန်ပါ)။

အဲဒီတော့ ဒါဟာ နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ကတော့ ငါလဲ မတွေ့ဘူး၊ သူလဲမတွေ့ဘူး၊ ပျောက်ပျက်တာချည်းတွေ့တယ် - (မှန်ပါ)။

နှလုံးသွင်းမှန်တဲ့ပုဂ္ဂိုလ်မှာ- (ပျောက်ပျက်တာချည်း တွေ့ပါတယ်ဘုရား)၊ ငါ၊ သူ မတွေ့ဘဲနဲ့ ပျောက်ပျက်တာချည်း တွေ့တယ်လို့ မှတ်လိုက်စမ်းပါ - (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ငါ သူ့ဘစ်ပါးမတွေ့၊ ပျောက်ပျက်တာ တွေ့လို့ ရှိယင်ဖြင့် တဏှာကြွယ်ရေ ဒါဟာ အနိစ္စတွေ့တာပဲ- (မှန်ပါ)၊ ဘယ့်နှယ်ကြောင့် အနိစ္စတွေ့ပါလိမ့်မတုံးလို့ ဒကာ ဒကာမတွေ့က မေးတဲ့အခါကျတော့ အလျှင်တုန်းကတော့ နှလုံးသွင်းမှားနေတုန်းကတော့ ငါ့စိတ်ဘဲ့၊ စိတ်ကို ငါလုပ်ထားတယ် နှလုံးသွင်း မှားတုန်းကလေ- (မှန်ပါ)၊ ငါ ကောင်းစားတာ-တဲ့၊ ဝေဒနာကို ငါလုပ်ထားတယ်-(မှန်ပါ)၊ ငါ-နာတာ ဝေဒနာကို ငါလုပ်ထားဘာ-(မှန်ပါ)၊ ငါတွေ့တာ ဖဿ၊ ငါလုပ်ထားတာ-(မှန်ပါ)၊ ငါသိတာ စိတ်ကို ငါလုပ်ထားတယ်-(မှန်ပါ)၊ မလုပ်ဘူးလား-(လုပ်ပါတယ်ဘုရား)၊

အဲဒါကို ဦးဘအုန်းတို့နဲ့တကွ အားလုံး ဒကာ ဒကာမတွေ့ မှတ်ဖို့ရာက နှလုံးသွင်းမှားနေတယ်-(မှန်ပါ)၊ နှလုံးသွင်း မှား တော့ကို ခန္ဓာငါးပါးထဲက တစ်ခု ပေါ်လာလဲ ငါလုပ်ထားတယ်-(မှန်ပါ)၊ဝေဒနာပေါ်လာလဲ ငါနာတယ်၊ ဒုက္ခ ဝေဒနာကို ငါလုပ်ပြီ-(မှန်ပါ)၊ ငါ ကောင်းစားတယ်- (သုခ ဝေဒနာကို ငါလုပ်ပါတယ်ဘုရား)၊ ငါမြင်တယ်ဆိုတော့ ဥပေက္ခာဝေဒနာက မြင်တာကို ငါလုပ်ထားတယ်ဆိုတော့ နှလုံးသွင်း မှားနေကြတယ်-(မှန်ပါ)။

ဘယ်လိုဆိုကြမလဲ-(နှလုံးသွင်းမှားပါတယ်ဘုရား)၊ နှလုံးသွင်းမှားသွားတဲ့အခါကျတော့ ငါဆိုတာက ဒိဋ္ဌိ၊ ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန် လိုက်လာလိုက်မယ်- (မှန်ပါ)၊ မလိုက်ပေဘူးလား- (လိုက်ပါတယ်ဘုရား)၊ ဥပါဒါန်ပစ္စယာ ကမ္မဘဝေါကော မလိုက်ပေဘူးလား- (လိုက်ပါတယ်ဘုရား)၊ နှလုံးသွင်း

http://www.dhammadownload.com



မှားလိုက်တာ ဒကာ ဒကာမတို့ ဒိဋ္ဌိ,ဒိဋ္ဌုပါဒါန်,ဒိဋ္ဌိအုပ်ချုပ်တာကို ဆိုပြီးသကာလ လိုက်လာတော့ ကမ္ဘာဝပစ္စယာ အပါယ်ဇာတိ မရောက်နိုင်ဘူးလား .... (ရောက်ပါတယ်ဘုရား)၊ အဲဒါ ဒကာ ဒကာမတွေက စဉ်းစားပါလား - ဘာဖြစ်လို့ပါလိမ့်မတုံး- (နှလုံးသွင်းမှားလို့ပါဘုရား)၊ နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ တကာကြွယ်ရေ အပါယ်တောင် ရောက်ပါကလား.... (ရောက်ပါတယ်ဘုရား)၊ ဒါဖြင့် နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ အဖြစ်ဆိုးကြီးလို့ မောင်ဘသော်တို့ မှတ်ရတော့မယ်-(မှန်ပါ)။

နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ- (ဒ.ဖြစ်ဆိုးကြီးပါဘုရား)။ ဘယ်သူမှလဲ သတ်တာ မဟုတ်ဘူး၊ ဘယ်သူ့ပစ္စည်းမှ ခိုးတာ မဟုတ်ဘူး၊ ဒကာ ဒကာမတို့ အလကားနေရင်း နှလုံးသွင်းမှားတာနဲ့ ခန္ဓာငါးပါး ငါလုပ်မိတာနဲ့ တကာကြွယ်တို့ မောင်ဘသော်တို့ အပါယ်ရောက်သွားတယ်-(မှန်ပါ)၊ ဒါ ဘာဖြစ်လို့ ရောက်ပါလိမ့်မလဲ-(နှလုံးသွင်းမှားလို့ပါဘုရား)။

ဩော်....ဒကာ ဒကာမတို့ နှလုံးသွင်းမှားတဲ့ အဖြစ်ဟာ သေးသေးလား အောက်မေ့ပါတယ် အလွန်ကြီးကျယ်ပါလား- (ကြီးကျယ်ပါတယ်ဘုရား)။

ညာဏ်နဲ့ နားထောင်ကြည့်ပါ၊ ဉာဏ်နဲ့ နားထောင်ကြည့်ပါ၊ နှလုံးသွင်းမှားတဲ့အဖြစ်ဟာ အတော်ကြီးတယ်- (ကြီးပါတယ်ဘုရား)၊ တကာကြွယ် ကိုယ်တိုင် တွေ့ပြီးပြီ မဟုတ်လားဗျာ- (တွေ့ပြီးပါပြီဘုရား)၊ သမီးကလေးလို့ဆိုပြီး သကာလ ခန္ဓာငါးပါးကို သမီးရယ်လို့ နှလုံးသွင်းလိုက်လို့ရှိယင် တစ်ခါတည်း စိတ်မချတဲ့ ဒေါသ သောကတွေ လိုက်လာတယ်....

http://www.dhammadownload.com



(မှန်ပါ)၊ သောကက စိုးရိမ်တယ်၊ သူ့အတွက် ဘယ့်နှယ်လုပ်ရ ပါ့မတုံး- ပရိဒေဝက တစ်ယောက်တည်းမျှား မျက်ရည်ကျ တယ်– (မှန်ပါ)၊ ဒုက္ခက- ကိုယ်၏ဆင်းရဲခြင်း၊ ဒေါမနဿက- စိတ်၏ ဆင်းရဲခြင်း၊ ဥပါယာသက-အိပ်မပျော်အောင် ပူခြင်း- (မှန်ပါ)၊ ဘာဖြစ်လို့ တစ်ယောက်တည်း သူ့ဟာသူ ဖြစ်နေ ပါလိမ့်မတုံး—(နှလုံးသွင်းမှားလို့ပါဘုရား)၊

ဩော် ... အနိစ္စ, ဒုက္ခ, အနတ္တကို သမီးကလေး လုပ်လိုက်လို့- (မှန်ပါ)၊ သမီးရယ်လို့ နှလုံးသွင်း မှားလိုက်တာ၊ ဒကာဒကာမ တို့ ဒုက္ခ လိုက်မလာဘူးလား – (လိုက်လာပါတယ်ဘုရား)၊ သောကကော - လိုက်လာပါတယ်ဘုရား၊ တစ်ယောက်တည်း မျက်ရည်ကျတာကော - (လိုက်လာပါတယ်ဘုရား)၊ ကိုယ်၏ ဆင်းရဲခြင်းဒုက္ခကော - (လိုက်လာပါတယ်ဘုရား)၊ စိတ်၏ ဆင်းရဲခြင်း ဒေါမနဿကော – (လိုက်လာပါတယ်ဘုရား)၊ ပြင်းစွာပူပန်တဲ့ ဥပါယာသကော -(လိုက်လာပါတယ်ဘုရား) ဒီလိုလိုက်လာတော့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါ ယာသ ဆိုတော့ မသိတဲ့ပုဂ္ဂိုလ်မို့ ဖြစ်သောကြောင့် အဝိဇ္ဇာ ကလဲ တွဲပါလာတယ် - (မှန်ပါ)၊ တွဲပါလာတဲ့အတွက် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ....၊ သင်္ခါရပစ္စယာ.... (ဝိညာဏ်ပါဘုရား)၊ ဝိညာဏ် ဆိုလို့ရှိယင် ဒကာဒကာမတွေမှာ သင်္ခါရသည် ပဋိ သန္ဓေဝိညာဏ်ထိကို ဖြစ်စေတယ်- (မှန်ပါ)၊ အပါယ်လေးပါး ကျသွားနိုင်တယ် - (မှန်ပါ)။

တကာကြွယ် ဘာဖြစ်လို့ ဒီအခမှာ အပေဟာ အိပ်ရာထဲဆ ဆပါယ်သွားပါလိမ့် – (နှလုံးသွင်းမှားလို့ပါဘုရား)။ ဒကာ

http://www.dhammadownload.com



ဖကာမတွေ ဒီနေ့ဟောမည့် တရားက ခင်ဗျားတို့ သူ့အသက် မသတ်၊ သူ့ပစ္စည်းမခိုး၊ မုသားမပြောဘဲနဲ့ အပါယ် သွားနိုင်တဲ့ တရားပဲ - (မှန်ပါ)၊ ဘယ့်နှယ်ကြောင့် ဒီတရားတွေ ဒီလို ပေါ်ပေါက်လာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ခြောက်ဒါကာ သူတော်ကောင်းတရား မနာရလို့ နှလုံးသွင်းမှားတယ်- (မှန်ပါ)၊ ခန္ဓာငါးပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို သမီး လုပ်ပစ်လိုက်တယ်၊ သားလုပ်ပစ်လိုက်တဲ့အတွက် ကျုပ်တို့မှာ သားပေမယ့်လဲ သမီးလို ပွေနေရတာပဲ - တဲ့၊ ဒကာဒကာမတွေ ဖြစ်နေလိုက်ကြတာ – (မှန်ပါ)။

သူများမှာတော့ သမီးကိုး၊ သူတို့ကတော့ သမီးဆိုတော့ သမီးပူ-ပူတာပဲ – (မှန်ပါ)၊ ကျုပ်တို့မှာလဲ သားဆိုတော့လဲ ဘယ်သွားသွား စိတ်ချရတယ်မရှိပါဘူး – (မှန်ပါ) အိမ်ပြန် လာကြမှပဲ၊ သူတို့ပြန်လာမှပဲ ဘဝင်အေးပြီးတော့ အိပ်မိတော့ တယ် - (မှန်ပါ)၊ မပြန်လာသေးယင် ဘယ့်နှယ်နေကြသတုံး- (မအိပ်မိသေးပါဘူး)၊ ဘာဖြစ်လို့ မအိပ်တာတုံး တကာကြွယ် ပြောပါဦး - (နှလုံးသွင်းမှားလို့ပါဘုရား)၊ ဘယ်တုန်းက မှား လိုက်တာတုံး၊ တကာကြွယ် ပြောပါဦး....၊ ခန္ဓာငါးပါးကို သားသမီးလုပ်တယ် - (မှန်ပါ)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကို – (သားသမီး လုပ်ပါတယ်ဘုရား)၊ သားသမီး လုပ်ပစ်လိုက်တဲ့ အတွက် ကိုယ့်အရုပ်ကလေးနဲ့ကိုယ် လွမ်းဆွေးနေတာနဲ့ တယ် တူတယ် - (မှန်ပါ)၊ ကိုယ့် သစ်သားရုပ်ကလေးနဲ့ ကြဲဖန်ပြီး သကာလ ကိုယ့် ခေါတ်ပုံကလေးနဲ့ကိုယ် လွမ်းဆွေးနေတာနဲ့ တယ်တူတယ် - (မှန်ပါဘုရား)၊ မတူဘူးလား - (တူပါတယ် ဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါးကို ယောကျ်ားလုပ်ပြီး မိန်းမလုပ်ပြီးသဏ္ဍာလ လွှမ်းဆွတ် ဆွေးနေတယ်ဆိုတော့ ဧကာဒကာမတွေ စဉ်းစား ကြည့်စမ်းပါလား သွားပြီးကိုင်ကြည့်တော့လဲ ခေါင်းပုံ၊ စက္ကူ ကြီး - (မှန်ပါ)၊ ဒါကြီးကို ကြည့်တဲ့ပြီးသကာလ ဦးဘအုန်း လွမ်းတယ်, ဆွေးတယ်, သတိရတယ်နဲ့ နှစ်ပတ်လည်တွေများ လုပ်နေလိုက်တာ - (မှန်ပါ)၊ ဘာလုပ်တာတုံးဆိုတော့ အို- ခေါင်းပုံကိုလူလုပ်ပြီး နှလုံးသွင်းပြီး လွမ်းဆွတ်နေတာ-(မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီဘုရား)၊ ဘာဖြစ်ကြတာတုံး - (နှလုံး သွင်းမှားတာပါ)။

သေသေချာချာ ပြောပါ တကာကြွယ်....၊ တကာကြွယ်တို့ ဇာတ်ထုပ်က အတော်ဆိုးတယ် -(မှန်ပါ)၊ သွားကြည့်တော့ လဲ စက္ကူခေါင်းပုံကြီး -(မှန်ပါ)၊ ဒါကို နှစ်ပတ်လည် သတိရ လွမ်းဆွတ်ပြန်သေးတဲ့ - (မှန်ပါ)၊ သတိရလို့ရှိယင် သွားပြီး ကိုင်ပါလား၊ ဒါဟာ ခင်ပွန်းသည်လား - စက္ကူလားလို့ - (စက္ကူပါဘုရား)၊ စက္ကူဆိုတော့ ရုပ်ပဲ မဟုတ်ဘူးလား - (မှန်ပါ)၊ အဲဒီ စက္ကူရုပ်ကို အကြောင်းရင်းခံပြီး သကာလ တစ်နှစ်ပြည့်သွားပြီ၊ ဘယ်နှစ်ရက်စွန်းသွားပြီနဲ့ တစ်ခါဘည်း အိပ်မပျော် စားမဝင်နဲ့-(မှန်ပါ)၊ တကာကြွယ် ဘာဖြစ်နေတာ တုံး-(နှလုံးသွင်းမှားလို့ပါဘုရား)။

ဧကာ ဒကာမတို့ သမီးမဟုတ်ဘာကို သမီးလို့ နှလုံးသွင်း လိုက်လို့ရှိယင် ငယ်ငယ်တုန်းက ကျုပ် ဒီလို နေခဲ့တာပဲ၊ အခု တော့ အချိန်အရွယ်ကလေးက ရောက်လာတော့ ကျုပ်စိတ်ထဲ တစ်မျိုးဖြစ်တယ်- (မှန်ပါ)၊ ဘာတစ်မျိုး ဖြစ်တာတုံး ဆိုတော့

http://www.dhammadownload.com



ခန္ဓာငါးပါးကို သမီးမျှ လုပ်ပစ်လိုက်တယ်- (မှန်ပါ)၊ ဒါဖြင့် ကိုယ်လုပ်ပြီး ကိုယ်ပူတာကိုး-(မှန်ပါ)။

တကာကြွယ် သူများက ပေးတဲ့အပူလား၊ ကိုယ့်စိတ်ကနေ ပြီး သမီးပျိုလုပ်၊ လုပ်ပြီးသကာလမှ ကိုယ့်ဘာကိုယ်ပူ-(မှန်ပါ)၊ ဦးဘအုန်း ဘာလုပ်တာတုံး ပြောပဲ ပြောစမ်းပါဦး ခင်ဗျား ဟာ-(နှလုံးသွင်းမှားတာပါဘုရား)၊ ဝိပလ္လာသ ရှုးတာပါလို့ သာ ဖြေပါ၊ ဒီ့ပြင် ဘာမှမရှိဘူး မောင်ဘသော်- (မှန်ပါ)၊ ဒီ့ပြင် ဘာရှိသေးသတုံး-(ဘာမှ မရှိပါဘူးဘုရား)။

ဒကာ ဒကာမတို့ သမီးလုပ်တာလဲ့ ဘယ်သူက လုပ်ဘာတုံး- (ကိုယ်ကလုပ်တာပါ)၊ ကိုယ့်နှလုံးသွင်းမှားက လုပ်တာပါ.... (မှန်ပါ)၊ ကဲ....သမီးမဟုတ်ဘာ သမီးလုပ်တာက နှလုံးသွင်း မှားက လုပ်တယ်၊ လုပ်ပြီးသကာလ ကိုယ်လုပ်ထားတာ နှလုံး သွင်းမှားက လုပ်ထားတာပဲဆိုပြီး ဒီတွင်မရပ်ဘူး၊ ရပ်သေးရဲ့ လား-(မရပ်ပါဘူး)၊ နှလုံးသွင်းမှားတော့ သမီးလုပ်ဖြစ်ရော- (မှန်ပါ)၊ သမီးလုပ်ဖြစ်တဲ့အခါကျတော့ အပျိုကလေး အရွယ် ကလေးလဲ ဖြစ်နေပြန်၊ မသိမလိမ္မာတဲ့ အရွယ်ကလေးလဲ ဖြစ် နေပြန်တော့ သွားလဲ နောက်က တန်းလန်း၊ထားခဲ့ပြန်လဲ စိတ် မချ-(မှန်ပါ)၊ ဘာဖြစ်နေတာတုံး- သမီး လုပ်ပစ်လို့ပေါ့ ဘုရား.... သမီးလုပ်ဖြစ်သွားတာ-(မှန်ပါ)။

အနိစ္စ ဒုက္ခ အနတ္တကလေးကို ဘာလုပ်သတုံး- (သမီးလုပ် ပါတယ်ဘုရား)၊ သမီးလုပ်လိုက်တဲ့ အခါကျတော့ ဘယ်သူက လုပ်ဘာတုံး-(ကိုယ့်နှလုံးသွင်းမှားက လုပ်ပြီးသကာလ တစ်ခါ တည်း ဦးဘအုန်းရေ နှလုံးသွင်းမှားကလဲ လုပ်ပြီးပါရော- စိတ်မချ လက်မချ ဆိုတာတွေ လာကုန်တယ်.... (လာပါတယ်

http://www.dhammadownload.com



ဘုရား)၊ ဘောင်တော်ကြာကျတော့ သူက ပြောသေးတယ်၊ အမေ အဖေလုပ်တဲ့ပုဂ္ဂိုလ်က တကာကြွယ် နင်တို့အတွက်နဲ့ မျက်စိမှိတ် ဘောင် မလွယ်ဘူးတဲ့-(မှန်ပါ)၊ မျက်စိမှိတ်တောင် မလွယ်ဘူး တဲ့။ သူ့ကို ဘယ်သူကများ မလွယ်အောင် လုပ်ထားပါလိမ့်-(မှန်ပါ)၊

နင်တို့အတွက်နဲ့ မျက်စိမှိတ်တောင် မလွယ်ဘူးတဲ့ တကာ ကြွယ်-(မှန်ပါ)၊ သူ့မျက်စိဖွင့်ထားလို့ ရသလိုလို၊ ရတာလဲ မဟုတ်ဘူး အာလကားပြောနေတာ-(မှန်ပါ)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီဘုရား)၊

ဘယ်သူက လုပ်တာတုံး ဒီသမီးကို-(နှလုံးသွင်းမှားက လုပ်တာပါ)၊ နှလုံးသွင်းမှားက အိပ်မပျော်အောင် လုပ်တာပါ၊ ကိုယ်လုပ်ထားတဲ့ နှလုံးသွင်းမှားက လုပ်တာ-(မှန်ပါ)၊ ဟိုက အထည်ရှိတာလား မရှိတာလား-(မရှိတာပါဘုရား)၊ ဪ…. ခက်နေပြီကော အရုပ်ငိုချင်းချတာ ဘေးက ပွဲကြည့်တဲ့လူက ငိုချင်းချသလို ဖြစ်နေပြီကော-(မှန်ပါ)၊ သဘောကျပလား…. (ကျပါပြီဘုရား)။

အရုပ်က ငိုချင်းချတာကို ခင်ဗျားတို့က ဖြစ်မှုဖြစ်ရလေနဲ့-ဒေါသထွက်လို့ ရိုက်တဲ့လူ နှက်တဲ့လူကို တကာကြွယ်ဘို့က-(မှန်ပါ)၊ ဘာဖြစ်ဘာတုံး-(နှလုံးသွင်းမှားတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ မျက်ရည်ကျတာ ဟှသခရှ့ဟာ မောင်ဘသော် အရှိကို တကာယ်ဖြစ်၍ မျက်ရည်ကျတာလား-မှားပြီး ကျတာလား….(မှားပြီး ကျတာပါဘုရား)၊ ဒါဖြင့် အကောင်းကျ ဆိုမလား- အရူးကျ ဆိုမလား…. (အရူးကျပါ ဘုရား)၊ ဪ…. ရူးတဲ့ပုဂ္ဂိုလ်က ငိုချင်းချနေတာ သနားစရာ

http://www.dhammadownload.com



ရှိသေးသလား-(မရှိပါဘူးဘုရား)၊ သနားမိတယ် ထင်ပါတယ်၊ ကိုယ်တောင်မှ ရောင့်ရဲချင်သေးတယ် ထင်ပါရဲ့ တကာကြွယ့် အသွားက ကြည့်ရတာက အတော် ဆိုးနေတာ-(မှန်ပါ)။

ဟိုက နှလုံးသွင်းမှားလို့ အရှုံးထပြီး သူ့ဟာသူ ဖြစ်နေတာ၊ မင်းဘာဖြစ်နေသတုံး၊ မင်းလိုဖြင့် ငါလဲ စိတ်မကောင်းဘူးလို့ သွားပြီးမျှား ဖြစ်ခဲ့သေးသလား-(မဖြစ်ပါဘူးဘုရား)။

အဲဒါ နှလုံးသွင်းမှားလို့ အကုန်ပြင်ကြမှပဲ - (မှန်ပါ)၊ နှလုံးသွင်းမှားဟာ ဦးဘအုန်း မဂ်ဖိုလ်ကို ကန့်ကွက်တယ်နော်-(မှန်ပါ)။

နှလုံးသွင်းမှားဟာ ဘာတုံး-(မဂ်ဖိုလ်ကိုကန့်ကွက်ပါတယ်)၊ တကယ့် ဆုကြီး လာဘ်ကြီးကို ပိတ်ပါတယ်လို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)။

ဒကာ ဒကာမတို့ နှလုံးသွင်းမှားဟာ ကြောက်စရာမကောင်းဘူးလား-(ကောင်းပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ရွာထဲမှာ ဟိုအိမ်မှာလဲ မျက်စိ မျက်နှာမသာ၊ ဟိုအိမ်ကြည့်ပြန်လဲ မျက်နှာရှစ်ခေါက်ချိုးနဲ့ ဟိုအိမ်ကြည့်ပြန်လဲ လင်နဲ့ မယား အဆင်မပြေ၊ ဟိုအိမ်ကြည့်ပြန်လဲ သမီးက ဒုက္ခရောက်အောင် လုပ်သွားလို့၊ ဟိုအိမ်ကြည့်ပြန်တော့လဲ သားက တေလေဖြစ်နေလို့ အိပ်မပျော်ဘူး— (မှန်လှပါ)၊ ဘယ့်နှယ်တုံး ဘာဖြစ်နေကြတာတုံး ပြောကြစမ်းပါဦး- အိမ်တိုင်းစေ့ ဒီဥစ္စာ ဘာဖြစ်နေကြတာတုံး ပြောစမ်းပါဦး- (နှလုံးသွင်းမှားလို့ပါဘုရား)၊ ရော....ခက်ကုန်ပြီကော အိမ်တိုင်းစေ့ အပါယ်သွားမည့်ပုံချည်း ပါကလား-(မှန်ပါ)။

http://www.dhammadownload.com



ဦးဘအုန်း ဘယ့်နှယ်တုံး စဉ်းစားမိပါသလား၊ အိမ်တိုင်းစေ့ ဘယ်သွားမည့်ပုံတုံး-(အပါယ်သွားမည့်ပုံပါ)။

ကဲ....တကာကြွယ် ခင်ဗျားတို့လုပ်ထားတဲ့ကုသိုလ်ကလေးနဲ့ ဥပမာ-ကိုက်တာလေးတစ်ခု ဇာည်ထားတယ်ဆိုပါတော့ တကာကြွယ်။ နှလုံးသွင်းမှားတဲ့အချိန်နဲ့ တိုက်တည်တဲ့အချိန်နဲ့ ဘယ်ဟာက များသတုံး - (နှလုံးသွင်းမှားတဲ့အချိန်က များနေပါတယ်)။

နှလုံးသွင်းမှားလို့ပေါ့၊ တစ်ခါတစ်လေ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်မှာလဲ မျက်နှာတွေ မကောင်း၊ မိန်းလုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ- (မျက်နှာတွေမကောင်းပါ)၊ သားသမီးလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာလဲ မျက်နှာတွေမကောင်းပါ၊ ဟ–ဘာဖြစ်နေကြတာတုံး ဒီတစ်အိမ်လုံးမှာဆိုတော့-(နှလုံးသွင်းမှားတာပါဘုရား)၊ သားကလဲ အမေမဟုတ်တာကို အမေလုပ်ပြီး စိတ်ဆိုးလိုက်တာနဲ့ အမေကို စိတ်ဆိုးတယ် - (မှန်ပါ)၊ အမေကလဲ မျက်စိမျက်နှာ မသာတာလဲ သမီးမဟုတ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သမီးလုပ်ပြီးသတာလ သူ့ပုံ့အနေအထိုင်မတတ်တာ၊ သူပဲ ဆိုးဝါးတာ၊ သူ့အတွက် အရှက်ကွဲရတာ၊ ဒကာဒကာမတွေ တစ်ခါဝည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပျောက်၊ နှလုံးသွင်းမှားကြီးနဲ့ အတည်လုပ်ပစ်လိုက်တယ် - (မှန်ပါ)၊ အတည်လုပ်ပစ်လိုက်တော့ အမေမိဘလုပ်တဲ့ ပုဂ္ဂိုလ်များမှာ သမီးဆိုးလို့ ရှည်းပဲလား - (ကိုယ်နှလုံးသွင်းမှားလို့ မျက်ရည်ကျ ရင်ထုရတာ

http://www.dhammadownload.com



ချည်းပဲလေစး၊ ကိုယ်နှလုံးသွင်းမှုသားလို့ မျက်ရည်ကျ ရင်ထုခဲ့ဘာ ပါဘုရား)။

ဦးဘအုန်း - သနားစရာလားဗျာ — မသနားစရာလားဗျာ ပြောပါဦး - (မသနားစရာပါဘုရား)၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

သေသေချာချာ စဉ်းစားကြပါ ဒကာ ဒကာမတို့ မူရင်းက ဘုရား ဟောတော်မူတာနော - (မှန်ပါ)၊ ဘုန်းကြီးက ဘုရားဟောကို ခင်ဗျားတို့နားလည်အောင် စကားသိုင်းဝိုင်းပြီး တစ်ဆင့်ခံပြောနေရတာ - (မှန်ပါ)။

ရွာထဲမှာ ဟိုအိမ် ဒီအိမ်ကြည့် မောင်ဘသာ၊ မျက်စိမျက်နှာမသာတဲ့အိမ်တွေ၊ ဘယ်အိမ်မှ တယ်သာလှဘယ် မရှိပါဘူး - (မှန်ပါ)၊ အဲဒါ ဘာဖြစ်နေကြတာတုံး - (နှလုံးသွင်းမှားလို့ပါ)၊ ယောကျ်ားက မိန်းမအပေါ်မှာ မိန်းမလုပ်လုပ်ပြီး နှလုံးသွင်းမှားလိုက် - (မှန်ပါ)၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ကိုယ့်ကိုယ်ကို မိန်းမထင်ပြီး ယောကျ်ားအပေါ် နှလုံးသွင်းမှားလိုက်၊ ဒါနဲ့ ဘာဖြစ်နေကြသတုံး - (မျက်နှာမသာမယာ ဖြစ်နေကြပါတယ်)၊ ရိုက်ကြဟယ်.... နှက်ကြဟယ်.... အပြော အဆို ပြောကြဟယ်— တစ်ခါတည်း နင်ဘဲ သေဖြစ်ကြဟယ်.... နဲ့ - (မှန်ပါ)၊ ဘာဖြစ်ကြတာတုံး — (နှလုံးသွင်း မှားတာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ဟာ ကြက်ညီနောင် အိုးမဲသုတ်တိုက်သလိုဖြစ်နေပြီ - (မှန်ပါ)။

ဦးဘအုန်း ဘယ့်နှယ် ဖြစ်နေသတုံး - (ကြက်ကို အိုးမည်းသုတ်ပြီးတိုက်တာပါ)၊ ကြက်ညီနောင်ထည့်ပါဦး —(မှန်ပါ)။

http://www.dhammadownload.com



ကြက်ကညီနေခင်....နဂိုက ဒီအမေက မွေးဖွားပေါက်ဖွားလာတာ၊ တစ်မေတည်းက ဥတဲ့ ဉနှစ်လုံးက ပေါက်ဖွားလာတာ၊ တစ်မိဝမ်းတွင်း ဆိုကြပါစို့ - (မှန်ပါ)၊ အဲဒါ အိုးမည်းသုတ်ပြီး တိုက်လိုက်တော့ ခွပ်ကရော - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

ဒီမှာလဲ ခင်ဗျားတို့သည်ကား လို့ဆိုယင် ယောကျ်ားကလဲ မိန်းမမဟုတ်ဘာကို မိန်းမလုပ်နေလို့၊ အို....ဒီမိန်းမက အသုံးအဖြုန်းကြီးတယ်၊ သူကကြွားတယ်၊ ဒါကြောင့်အသုံးအဖြုန်းများတယ်၊ အဖတ်ကို မတင်ဘူး - (မှန်ပါ)၊ အင်း.... အနီစွဲရှမ်နာမ်ကို မိန်းမလုပ်ပြီးသဏ္ဍာလ ယောကျ်ားကလဲ မျက်နှာမကြည်၊ မသာမယာဖြစ်လာတာပဲ - (မှန်ပါ)၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ယောကျ်ားကို တယ်ဖြုန်းတာ သူ့ဘာ ရသမျှ ဖြုန်းနေတာတဲ့၊ လာပြီကော ဒုက္ခဒုက္ခမဘို - (မှန်ပါ)၊ တိုက်လဲ နှလုံးသွင်းလွဲပြန်တယ် - (မှန်ပါ)၊ နဂိုက ချစ်ပါတယ်, ခင်ပါတယ်, ရိုးမြေကျ ပေါင်းပါမယ်ဆိုတဲ့ ညီနေခင်စိတ် ပျောက်ပြီ - (မှန်ပါ)၊ မပျောက်သေးဘူးလား - (ပျောက်ပါပြီဘုရား)၊ ဟ....ဘယ့်နှယ်ကြောင့် ပျောက်သွားတာတုံးဆိုတော့ အယောနိသော မနသိကာရက အိုးမည်းသုတ်လိုက်တာ - (မှန်ပါ)၊ ရိပ်မိပလား (- ရိပ်မိပါပြီဘုရား)။

ဘာဖြစ်တာတုံး - (အယောနိသောမနသိကာရက အိုးမည်းသုတ် တိုက်တာပါ)၊ အဲ .... အယောနိသောမနသိကာရက အိုးမည်းသုတ် တိုက်လိုက်တာ ဦးဘအုန်း လင်နဲ့မယားဟာ အလျင်တုန်းက ယုယုယယ သွားတူလာဖက် ဘုရားသွား ကျောင်းတက် တရားမမှအားထုတ်အတူတူ့ကို မဖြစ်လာတော့

http://www.dhammadownload.com



ဘူး - (မှန်ပါ)၊ ဘယ်သူကနေပြီး အိုးမည်းသုတ်လိုက်သတုံး မေးတဲ့အခါကျတော့ အယောနိသောမနသိကာရက အိုးမည်းသုတ်လိုက်တယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။ အိုးမည်းသုတ်လိုက်တော့ ကြက်ညီနောင် ဘာဖြစ်ကြသတုံး - (ခွပ်ကြပါတယ်ဘုရား)။

ဒီမှာလဲ ဒကာနဲ့ဒကာမ မတည့်တာ ခင်ဗျားတို့ယုံပလား- (ယုံပါပြီ)၊ ဘယ်သူက အိုးမည်းသုတ်လိုက်သတုံး - (အယောနိသောမနသိကာရကအိုးမည်းသုတ်ပါတယ်)၊ ယောကျ်ားကလဲ မိန်းမလို့ဆိုလိုက်တော့ တစ်ခါတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပျောက်သွားပြီး မိန်းမဆိုပြီး အိုးမည်းသုတ်ပစ်လိုက်တယ် - (မှန်ပါ)၊ မိန်းမကလဲ ဒါဟာ သူ့ခင်ပွန်းသည်လို့ ဆိုပြီး အိုးမည်းသုတ်ပစ်လိုက်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရယ်လို့ မထင်မြင်တော့ပါဘူး - (မှန်ပါ)၊ အိုးမည်းသုတ်ပစ်လိုက်တဲ့အခါကျတော့ သူလုပ်သရွေ့ဟာက အမှား-(မှန်ပါ)၊ မိန်းမ လုပ်သရွေ့လည်း အမှား - (မှန်ပါ)၊ ဒါနဲ့ပဲ တစ်ခါတည်း ခွဲကြစို့တော့၊ ပြုကြစို့တော့၊ ကွာကြစို့တော့၊ သဘောတူ ပြတ်ကြစို့တော့ သည်နဲ့ ဒီလိုနေလို့တော့ ဖြစ်မှာမဟုတ်ဘူး .... အစရှိသည်နဲ့ ရန်ဖြစ်ကုန်ကြတယ် - (မှန်ပါ)၊ ဘယ်သူကနေပြီး အိုးမည်းသုတ်လိုက်တာပါလိမ့် - (အယောနိသောမနသိကာရတပါ)။

ဒကာဒကာမတို့ အယောနိသောမနသိကာရလောက် ရန်တိုက်ကောင်းတာ မရှိပါကလား - (မရှိပါဘူးဘုရား)၊ ဦးဘအုန်း တွေ့ဘူးရဲ့လား ခင်ဗျားတို့ - (မတွေ့ဘူးပါဘူးဘုရား)၊ အယောနိသောမနသိကာရလောက် လင်မယား ကွဲ

http://www.dhammadownload.com



ပြားအောင် နှစ်ယောက်စလုံးအပါယ်သွားအောင် လုပ်နိုင်တာ ရှိသေးရဲ့လား – (မရှိပါဘူး)။

ကြက်နှစ်ကောင် ခွပ်ကြလို့ရှိယင်ဖြင့် ဒကာဒကာမတို့ တစ်ကောင်နဲ့တစ်ကောင် ဒေါသကြီးနေတော့ ရန်သူနဲ့တွေ့တော့ နှစ်ကောင်စလုံးဟာ ဟင်းအိုးထဲရောက်ကြရတယ်၊ အချက် အပြုတ် ခံကြရတယ် - (မှန်ပါ)၊ ဒီမှာလဲ ခင်ဗျားတို့ ဒီအယောနိသောမနသိကာရကြောင့် ဒိဋ္ဌိဖြစ်ပြီးသကာလ ငါ့ကြောင့် သူ့ကြောင့်ဆိုတာ ဖြစ်လာတယ် - (မှန်ပါ)၊ ဖြစ်ပြီးတော့ ဒိဋ္ဌိဥပါဒါန်တွေနဲ့ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကနေပြီးသကာလ ကမ္မဘဝပစ္စယာ ဇာတိ ဆိုပြီးတော့ အပါယ်ချောက်နိုင်ရော – (မှန်ပါ)၊ ဘယ်သူကနေပြီး ရန်တိုက်လိုက်တာပါလိမ့် – (အယောနိသောမနသိကာရကပါဘုရား)၊ ရှင်းကြပလား – (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတို့ အယောနိသောမနသိကာရကြောင့် ဒါက ရှင်တဲ့ပုံရှိသေးတယ် - (မှန်ပါ)၊ စောဲတော် ကြာကျတော့ အသက်အတိုင်းနေတော့ သေပွဲဆိုတာက လာပြန်တယ် – (မှန်ပါ)၊ မလာဘူးလား - (လာပါတယ်)၊ သေပွဲကျတော့လဲ ဘာဖြစ်လို့ မဖြိုး မလိမ်း ရေမချိုး အဝတ်အစား ပြောင်ပြောင်လက်လက်မဝတ်ဘဲ ဘာဖြစ်နေသတုံး၊ခင်ပွန်းသည် ပျက်စီးသွားလို့ - (မှန်ပါ)၊ ခင်ပွန်းသည် တဲ့.... (မှန်ပါ)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သွားလို့ လို့ ပြောရဲ့လား - (မပြောပါဘူး)၊ ဘယ့်နှယ်ပြောသတုံး - (ခင်ပွန်းသည်လို့ ပြောပါတယ်)၊ ခင်ပွန်းသည် အနိစ္စရောက်သွားလို့- ခင်ပွန်းသည် တစ်ပြည်တစ်ရွာ စွန့်သွားလို့ – ယဉ်အောင် သုံး

http://www.dhammadownload.com



ယင်ပေါ့ဗျာ....(မှန်ပါ)၊ ယဉ်အောင်သုံးယင် ဒါပဲသုံးတာပဲ-(မှန်ပါ) အဲဒီတွင်မှ တစ်ခါတည်း နောက်ဇာတ်ကြောင်းတွေ ကိုင်သာနေယင် နောက်ဇာတ်ကြောင်းလှန်တော့မလို အောက်မေ့ပေတော့၊ နှလုံးသွင်းမှုသော်ချည်း လာတော့မှာပဲ - (မှန်ပါ)၊ မလာသေးဘူးလား - (လာပါတယ်ဘုရား)။

ဒါဖြင့် ငိုချင်းအချိုင်းတာလဲဘယ်သူဘုံး-(အယောနိသောမနသိကာရ-ပါ)၊ ဟာ....တကာကြွယ် ခက်ကုန်ပြီ- ခင်ဗျားတို့ ငြိုဟ်တွေ့ပြီ - (မှန်ပါ)၊ ဦးဘအုန်း ငြိုဟ်တွေ့ပြီ-(မှန်လှပါ)။ ဘာကိုတွေ့သလဲ (အယောနိသောမနသိကာရ တွေ့ပါတယ်)၊ ယောနိသောမနသိကာရ ပျောက်ပြီကော - (ပျောက်ပါပြီဘုရား)။

ယောနိသောမနသိကာရ ဆိုလို့ရှိယင် ဒကာဒကာမတို့ အင်မတန်တည့်မှာပေါ့ - (မှန်ပါ)၊ အခုတော့ အယောနိသောမနသိကာရကြောင့် ရှင်ကွဲဆိုတာလဲ ခင်ဗျားတို့က ကံမကောင်းလို့ချည်း မအောက်မေ့နဲ့ တကာကြွယ် လက်သည်ရှာပါဦး....(အယောနိသောမနသိကာရ-ပါဘုရား)၊ သေလို့ တစ်ယောက်နဲ့တစ်ယောက် တစ်ခါထည်း ချုံးပိုန်ခြောက် သွားတာတွေ ကြည့်လိုက်ပြန်တော့လဲ - (အယောနိသောမနသိကာရ - ပါဘုရား)၊ သုံးနှစ် သုံးသီး မမေ့တာ ကြည့်လိုက်ပြန်တော့လဲ—(အယောနိသောမနသိကာရ - ပါဘုရား)။ သူသာန် သူများ မသာသွားပို့လို့ မြေပုံမှားပြီးငိုတာတွေကို ကြည့်လိုက်ပါဦး - (အယောနိသောမနသိကာရ-ပါဘုရား)၊ မြေပုံမှားငိုတာလဲ ရှိသေးတယ် - (မှန်ပါ)၊ ဒီအကြောင်းတွေ အယောနိသော

http://www.dhammadownload.com



မနသိကာရ-ကြောင့် ဖြစ်တာတွေကို ဒကာဒကာမတစ်ယောက်က စကားရှည်ရှည်နဲ့ပြောနေမယ်ဆိုယင် အေးကနားထောင်တဲ့ လူနားကို ညည်းတာပဲ မပြီးဘူး – (မှန်ပါ)၊ ဘာတွေချည်း ပြောနေမယ် ထင်သတုံး - (အယောနိသောမနသိကာရ - ပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့မှာ နိဗ္ဗာန်မရောက်နိုင်တဲ့ လက်သည်တစ်ယောက်တော့ မိပြန်ပြီ - (မှန်ပါ)၊ ဘာမိသလဲ – (အယောနိသောမနသိကာရ မိပါတယ်ဘုရား)၊ အင်း .... တော်ပဲ တော်သေးတယ်နော် - (မှန်ပါ)၊ နဂိုကတော့ ဒို့အိမ်မှာ သူမျှားပယောဂမျှား တိုက်ထားသလားမသိဘူး၊ လင်နဲ့မယား အဆင်ကိုမပြေပါဘူး – (မှန်ပါ)၊ ဘယ်ဟုတ်ရမတုံး ပယောဂ - (မှန်ပါ)၊ ရိပ်မိလား -(ရိပ်မိပါပြီဘုရား)၊ ဘယ်သူကမျှား အဆင်မပြေအောင် လုပ်ထားပါလိမ့် – (အယောနိသောမနသိကာရ-ပါဘုရား)၊ အယောနိသောမနသိကာရ - က မိန်းမလုပ်ထားပြီ၊ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ယောကျ်ားလုပ်ထားပြီ – (မှန်ပါ)၊ အနိစ္စ ဒုက္ခ အနတ္တ တွေကို ယောကျ်ားလုပ်ထားတယ် - (မှန်ပါ)၊ ယောကျ်ားကလဲ အနိစ္စ, ဒုက္ခ, အနတ္တကို (မိန်းမလုပ်ထားပါတယ်ဘုရား)၊ ဒီတော့... အနိစ္စ, ဒုက္ခ, အနတ္တ-က ကွယ်ပြီးသကာလ ယောကျ်ား,မိန်းမ ဖြစ်နေတယ် – (မှန်ပါ)၊ ယောကျ်ား,မိန်းမဖြစ်လာတဲ့အခါကျတော့ တစ်ယောက်က အသုံးအဖြုန်း ကြီးသလေး– တစ်ယောက်က အနေအထိုင်မကောင်းဘူးလေးနဲ့ ရှုပ်လာကုန်ပြီ – (မှန်ပါ)၊ မရှုပ်သေးဘူးလား - (ရှုပ်ပါတယ်ဘုရား)၊ ဒါ ဘာကြောင့်ပလိမ့်- (အယောနိသောမနသိကာရကြောင့် ပါဘုရား)။

http://www.dhammadownload.com



ယောကျ်ားမိန်းမရယ်လို့ နှလုံးသွင်းမှားက စတယ်- (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ဒါဖြင့် တကာကြွယ်၊ ဒီလို နှလုံးသွင်းမမှားတဲ့အိမ် ရွာထဲမှာ ဘယ်နှစ်အိမ်ရှိသတုံး - (မရှိပါဘူးဘုရား)၊ ဒါကြောင့် အာပါယ်စာခတွေ အဖြစ်များကြတာပေါ့ - (မှန်ပါ)၊ သဘောပါကြပလား - (ပါပါပြီ)။

အဲဒါ-ဆရာသမားများက ခင်ဗျားတို့ကို ကျကျနန သဘောပါအောင် ပြင်ပေးနိုင်ယှင် ပေးပါ၊ မပေးယင်တော့ ဒီ့ပြင် ကယ်မည့်လူရယ်သို့ ရှိမှာမဟုတ်ဘူး - (မှန်ပါ)၊ ဟိုအိမ်ကြည့်လိုက်လဲ နှလုံးသွင်းမှားနဲ့ပဲ၊ ဟိုမှာ အကြင်လင်မယား သိပ်ပြီး ယုယတာပဲ .... ဆိုပြီး ခေါ်ကြများ အားကျကြတယ် - (မှန်ပါ)၊ သူတို့အကြင်လင်မယားဟာ မောင်လို နှမလိုပဲ ကြင်ကြင်နာနာ ရှိလိုက်တာ၊ ညှာညှာတာတာ ရှိလိုက်ဘာတဲ့၊ ဒါလဲ နှလုံးသွင်းမှားနေတာ - (မှန်ပါ)၊ ဒါကသဲ ခြောက်.... အင်မတန်လိမ္မာတဲ့ ဒကာမပဲ....ကိုယ်ကဂရုမစိုက်သို့ရှိယင် ဘယ်မှာဖြစ်မတုံး- အင်မတန်လိမ္မာတဲ့ ယောကျ်ား.... ကိုယ်ကနေပြီး အနာမခံသို့ရှိယင် ဘယ်ဖြစ်မတုံး - (မှန်ပါ)၊ သူကသဲ နှလုံးသွင်းမှားနဲ့ တဏှာပွားနေတာ - (မှန်ပါ)၊ တဏှာဥပါဒါန် ကံပြီးတော့ အပါယ်ဘာတိပဲ များနေတာပဲ - (မှန်ပါ)၊ နှလုံးသွင်းမှားတာပဲ သူကလဲ - (မှန်ပါ)။

နှလုံးသွင်း အချိုးမကျတဲ့အိမ်ကျပြန်တော့လဲ နှလုံးမှားသို့ပဲ အချိုးမကျတာပဲ - (မှန်ပါ)၊ ဒါကျတော့လဲ များသောအားဖြင့် ဒေါသသောကတာ ရိဒေဝ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ်... ဆိုပြီးတော့ နှလုံးသွင်းမှား—အချိုးမကျ အဆင်မပြေတဲ့ အိမ်မှ

http://www.dhammadownload.com



ကျတော့လဲ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဘက် လှည့်ပြန်တယ် .. (မှန်ပါ)။

နှလုံးသွင်းတ မှားတော့ မှားတာပဲ၊မှားပေမယ့် ယုယုယယ နေတဲ့အိမ် ကြည့်ပြန်တော့ တဏှာဥပါဒါန်ကံ ဇာတိ-(မှန်ပါ)၊ ဇာတိဆိုပေမယ့် အများအားဖြင့်တော့ အပါယ် ဇာတိက များပါလိမ့်မယ် - (မှန်ပါ)၊ ရိပ်မိကြပလား - (ရိပ်မိပါပြီ)။ တစ်ချို့ဟာ ဒကာ့ဒကာမတွေမှာ သေချိန်မရောက်ဘဲနဲ့သေ သွားတာတွေ မမောင်ဘသော် မင်းကြားဘူးရဲ့လား-(ကြားဘူး ပါတယ်ဘုရား)၊ အဲဒါ ဘာထင်သတုံး - (နှလုံးသွင်း မှား လွန်းလို့ပါဘုရား၊ အသက်အဘိုး နေကြရလိမ့်မယ် ထင်ပြီး တည်ထောင်ကြတာ၊ အခုတော့ သူကအလျင်စွန့်သွားတော့ ကျုပ်လဲ လိုက်မှတော်မယ် (မှန်ပါ)၊ အင်းဘာဖြစ်ပြန်ပလဲ့- (မှန်ပါ)၊ အင်း.... ဘာဖြစ်ပြန်ပလဲ - (နှလုံးသွင်းမှားတာပါ ဘုရား)၊ ဒါ ကံမကောင်းလို့သေတာလား၊ သူ့ဟာသူ လိုက် ချင်လို့လိုက်တာလား - (သူ့ဟာသူ လိုက်ချင်လို့လိုက်တာပါ)၊ ဒါဖြင့် ဒါဟာ ဘာက သတ်တာတုံး၊ ကံက သတ်တာလား- နှလုံးသွင်းမှားက သတ်တာလား - (နှလုံ သွင်းမှားက သတ် တာလို့ ဆိုရပါမယ်ဘုရား)၊ ရိပ်မိပလား - (မှန်ပါ)။

တကာကြွယ် နှလုံးသွင်းမှား ဘယ်လောက် အရာကျယ် တယ်ဆိုတာ မကျယ်ဘူးလား - (ကျယ်ပါတယ်ဘုရား)။

ဒါဖြင့် ယနေ့ နှလုံးသွင်းမှားကိုမှ ဦးဘအုန်း ထည့်မပေး လို့ရှိယင်ဖြင့် အမှားတွေ သွားရာလမ်းကိုဖြင့် မလွတ်ထမ်းဘဲ ရောက်ရတော့မယ် - (မှန်ပါဘုရား)၊ မရောက်ရပေဘူးလား- (ရောက်ရပါတယ်ဘုရား)၊ ဒါဖြင့် အင်မတန်အရေးကြီးတဲ့

http://www.dhammadownload.com



တရားဆိုတာ တကာကြွယ် ပေါ်တော့တာပဲ – (ပေါ်ပါတယ် ဘုရား)။

တစ်မြို့လုံး ရန်တိုက်တာလဲ ဘယ်သူတုံး - (နှလုံးသွင်းမှားပါ)၊ တစ်မြို့လုံး ပြုံးစရာ မဟုတ်ဘဲနဲ့ ပြုံးနေတာတွေကြည့်ပြန်တော့ကော – (နှလုံးသွင်းမှားပါဘုရား)၊ မဲ့စရာမရှိဘဲနဲ့ မဲ့နေတာတွေ ကြည့်လိုက်ပြန်တော့ - (နှလုံးသွင်းမှားပါဘုရား)။

တကာကြွယ်၊ မြို့ထဲမှာတော့ အပြုံးနဲ့အမဲ့ပဲ ရှိမှာပါပဲ။ ဒီ့ပြင် ဘာရှိသေးသတုံး - (ဘာမှမရှိပါဘူးဘုရား)၊ အပြုံးကလဲ ဘာပါလိမ့် - (နှလုံးသွင်းမှားပါဘုရား)၊ အမဲ့တွေကြည့်ပြန်တော့ကော-(နှလုံးသွင်းမှားပါဘုရား)၊ ခက်ကုန်ပြီကော၊ ဦးဘအုန်း လက်သည်တော့ ဓိနေ့ ကောင်းကောင်းမိပြီ – (မှန်ပါ)။

ဒကာဒကာမတွေ ခွေးနဲ့ကြောင်နဲ့ တည့်အောင်လဲ နှလုံးသွင်းမှားပဲ၊ အစားကလေး ပြပြီ၊ ခဏခဏ ကျွေးနေတော့ ခွေးနဲ့ကြောင်လဲ တည့်ချင်တည့်နေတာ – (မှန်ပါ)၊ ဒါလဲ နှလုံးသွင်းမှားပဲ – (မှန်ပါ)၊ သဘောကျပလား– (ကျပါပြီ)၊ ခုနင်ကပြောခဲ့တဲ့ ကြက်ညီနောင် ခွပ်ကြတာလဲ၊ (နှလုံးသွင်းမှားပါဘုရား)၊ ဒါဖြင့် နှလုံးသွင်းမှားဟာ ဒကာဒကာမတို့ ချီပြီး အပယ်ချတာလဲ ရှိတယ်၊ ကြမ်းတမ်းပြီး အပါယ်ချတာကော - (ရှိပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်ဟာ ကြိုက်ကြသတုံး - (ဘယ်ဟာမှ မကြိုက်ပါဘူးဘုရား)၊ ဟာ....တစ်ခုခုတော့ ခင်ဗျားတို့ ကြိုက်ကြဦးမှာပါ - (မှန်ပါ)။

http://www.dhammadownload.com



တကာကြွယ်—ခင်ဗျားတို့ကြိုက်တာကိုဘုန်းကြီးသိပါဘယ်၊ ယောကျ်ားကလဲ မိန်းမကို ယုယုယယနဲ့၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ယောကျ်ားကို လေးလေးစားစားနဲ့ အဲဒီလို အိမ်ထောင်သည်ဆိုတာတော့ ရှာမှရှား - (မှန်ပါ)၊ ဦးဘအုန်း အိမ်နီးချင်းတွေက ချီးမွမ်းကုန်ပြီ -- (မှန်ပါ)၊ သည်းခံနိုင်ကြတယ်၊ ဒီလို ကြိုးဖို့ ကျဖို့ ဆိုတာ မလွယ်ဘူးဆိုတော့ ဟိုမှာ နှလုံးသွင်းမှားနေတာတော့ သိတာမဟုတ်ဘူး - (မှန်ပါ)၊ သိရဲ့သား — (မသိပါဘူး)၊ မသိပေမယ့် ဟိုအိမ်ကိုတော့ အကြိုက်ပဲ၊ ဒို့အိမ်ကလူနဲ့တော့ ကွာပါ့ကွာ - (မှန်ပါ)၊ မလာဘူးလား — (လာပါတယ်)၊ လာတယ်-လာတယ် ဒို့အိမ်ကဟာတွေနဲ့တော့ မယှဉ်ပါနဲ့တော့ကွာ၊ ဒီကတော့ ဆော်လော်ကန်လန် ဇောက်တီးဇောက်ချ အစရှိသည်နဲ့ မလာဘူးလား-လာမလား -(လာပါတယ်ဘုရား)၊ ဒါ ဘယ်ကလာတာတုံး - နှလုံးသွင်းမှားက လာတာပါဘုရား)။

ဟိုကလဲ နှလုံးသွင်းမှားလို့ ပြုံးနေတာကိုပဲ ဒို့လဲဒီလိုဖြစ်ချင်သေးတယ်၊ ဒီလိုမှားချင်သေးတယ်၊ ဟိုကလဲ သဘောကျလျက်ပဲ — (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ အပြုံးကြိုက်သလား - အမဲ့ကြိုက်သလား - (ဘယ်ဟာမှ မကြိုက်ပါဘူး)၊ အခုတော့ပါးသွားပြီ တော်သေးတယ် - (မှန်ပါ)၊ တော်သေးတယ် — တော်သေးတယ်၊ နို့မဟုတ်ယင် အပြုံးကြိုက်တွေပဲ - (မှန်ပါ)။

တကာကြွယ်တို့ ဘာကြိုက်သတုံး - (အပြုံးကြိုက်တွေပါဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ ဆုံးမနေထာ ကြည့်ပါလား၊ ဥပမာ — ဟိုမှာ လင်နဲ့မယား ရန်ဖြစ်လို့ရှိယင် "လင်နဲ့မယား–လျှာနဲ့သွား"တွေ အာတွေနဲ့ ရှုပ်လာကုန်ပြီမဟုတ်လား - (မှန်ပါ)၊ အဲဒါတွေ ရှုပ်ပြီး သကာလ လာတာ - လူကြီးတွေကိုက တစ်ခါတည်း နှလုံးသွင်းမှားလာဘာ-(မှန်ပါ)၊ တစ်ခါတည်း တကာကြွယ် ကိုယ်တတ်တဲ့ပညာနဲ့ နှလုံးသွင်းမှားအောင် လုပ်တော့တာပဲ – (မှန်ပါ)၊ ရိုပ်မိပလား - (မှန်ပါ)။

ဦးဘအုန်း လူကြီးလုပ်ချင်သေးသလား ခင်ဗျားတို့-(မလုပ် ချင်ပါဘူး ဘုရား)၊ လုပ်ယင် ကိုယ်ပါရောပြီး မှားမှာပဲ — (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ လောဘတဏှာဖြစ်ရတော့ ပြုံး တယ် - (မှန်ပါ)၊ ဒေါသ သောက စသည် ဖြစ်ရတော့ မဲ့ တယ် — (မှန်ပါ)၊ ဒီတော့ ပြိတ္တာဘုံသွားတဲ့သက်သည်လဲ့ အပြုံးသမားတွေက ပြိတ္တာဘုံသွားတယ်- (မှန်ပါ)၊ ငရဲသွား တဲ့ ပုဂ္ဂိုလ်က အမဲ့သမားတွေကသွားတယ်- (မှန်ပါ)၊ ဒါဖြင့် ပြိတ္တာဘုံ၏လက်သည်လဲ နှလုံးသွင်းမှားပဲ- (မှန်ပါ)။ ငရဲ၏ လက်သည်လဲ - (နှလုံးသွင်းမှားပါဘုရား)၊ ပေါ်ပလား – (ပေါ်ပါပြီ)။

တကာကြွယ် ပြိတ္တာနဲ့ ငရဲ ဘယ်ဟာကကောင်းသတုံး — (ဘယ်ဟာကမှ မကောင်းပါဘူး)၊ ဒါဖြင့် နှလုံးသွင်းမှားကို ဖြတ်သိမ်းမှရမယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

နှလုံးသွင်းမှားလိုက်တဲ့ ဖြစ်ခြင်း ဒကာ ဒကာမတို့ ယနေ့ ရှင်းပြပါမယ်တဲ့၊ ဒီမှာကြည့်ပါ ဒကာဒကာမတို့၊ ဥပဒါမယ် ကာမဘုံလို့ဆိုပြီး အထက်နားမှာ ပြထားတယ်နေဒ်-(မှန်ပါ)၊

http://www.dhammadownload.com



ဒါတွေက ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ—အလယ်ကဟာက အာသဝေါတရား လေးပါး ပေါ့နော် - (မှန်ပါ)၊ အာသဝဝင်ရိုးကြီးပေါ့ဗျာ - (မှန်ပါ)၊ ဝင်ရိုးကြီးက သူလှည့်တာပေါ့ဗျာ — (မှန်ပါ)။

ဒကာ ဒကာမတွေ လူ့ပြည်က မနေ့ သေလွန်ရလို့ ရှိယင် ကာမဆယ့်တစ်ဘုံထဲမှာ လူ့ပြည်ရယ်, နတ်ပြည်ခြောက်ထပ်ရယ် မကြိုက်ပေဘူးလား - (ကြိုက်ပါတယ်)၊ ကြည့် အာသဝ လှည့်ပုံ - (မှန်ပါ)၊ ဒီအာသဝက လှည့်လိုက်လို့ ကာမဘုံပေါ် လာတယ်၊ ဒီဝင်ရိုးသာ မလည်မယ်ဆိုယင် ဒီပုဂ္ဂိုလ်အတွက် ကာမဘုံဟာ ပေါ်ပါ့မလား - (မပေါ်ပါဘူး)။

အပါယ်ပို့လိုက်တာလဲ ဒီအာသဝ ဝင်ရိုးကနေပြီး ပို့လိုက်တာပဲ - (မှန်ပါ)၊ အရူပဘုံပို့လိုက်တာကော - (အာသဝ ဝင်ရိုးက ပို့ပါတယ်ဘုရား)၊ ရူပဘုံတွေ ဗြဟ္မာ ဖြစ်အောင် ပို့လိုက်တာကော — (အာသဝကနေပြီး ပို့လိုက်တာပါပဲ)၊ သူလှည့်ပြီးပို့နေတာ - (မှန်ပါ)၊ ကာမဘုံ နတ်ပြည်ခြောက်ထပ် ပို့လိုက်တာကော - (အာသဝက ပို့တာပါပဲ)။

ဒါဖြင့် သူပို့တဲ့နေရာမှာ ဒကာဒကာမတွေကြည့်ပါ၊ သူက ဒေါက်ကြီးပါပဲ၊ ဝင်ရိုးပေါ်ထောက်နေတဲ့ ဒေါက်ပဲ၊ တွေ့ပြီနော် - (တွေ့ပါပြီ)။

ဒေါက်တွေက ဒကာဒကာမတို့ ဒီအာသဝကြီး လည်သလို မလိုက်ရဘူးလား - (လိုက်ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကာမဘုံကြိုက်တဲ့ပုဂ္ဂိုလ်လဲ အို၊ သေ အကပ်ကြီးနဲ့ သွားတွေ့ရတယ် - (မှန်ပါ)၊ အပါယ်

http://www.dhammadownload.com



ကြိုက်တဲ့ပုဂ္ဂိုလ်လဲ အို့သေတွေ့တယ် - (မှန်ပါ) ရူပဘုံကြိုက်တဲ့ ပုဂ္ဂိုလ်ကော - (အို့သေနဲ့ တွေ့ပါတယ်)၊ အရူပဘုံကြိုက်တဲ့ ပုဂ္ဂိုလ်ကော - (အို့သေနဲ့ သွားတွေ့ပါတယ်)၊ ဒါဖြင့် သူလှည့်ပို့နေတဲ့ဥစ္စာ အို့သေ လမ်းချည်းပို့တယ် - (မှန်ပါ)။

အာသဝဝင်ရိုးကြီးလှည့်လိုက်တာဘယ်ကိုပို့သလဲ-(အို့သေလမ်းချည်းပို့ပါတယ်)၊ ကာမပို့လိုက်တော့လဲ-(အို့သေလမ်းပါပဲ)၊ ရူပပို့လိုက်တော့လဲ - (အို့သေလမ်းပါပဲ)၊ အပါယ်ပို့လိုက်တော့ကော - (အို့သေလမ်းပါဘုရား)၊ အရူပ ပို့လိုက်တော့ကော – (အို့သေ လမ်းပါဘုရား)။

ဒါဖြင့် အာသဝကို ခင်ဗျားတို့လွတ်မှ ဒီဝင်ရိုးကျိုးမှသာလျှင် ဒီဘုံတွေမရောက်မယ်-(မှန်ပါ)၊ မရောက်မှ ဒီ အို့သေ အကွပ်ကြီးနဲ့ ခင်ဗျားတို့နဲ့ အိုးစားကွဲမယ် – (မှန်ပါ)၊ နို့ မဟုတ်ယင် ကွဲပါ့မလား – (မကွဲပါဘူး)၊ ဒါက ပဋိစ္စသမုပ္ပါဒ်ကို ချုံးပြတာ၊ ရိပ်မိကြပလား - (ရိပ်မိပါပြီ)။

ခင်ဗျားတို့က ကာမာသဝဆိုတဲ့ဥစ္စာက ခုနင်က နှလုံးသွင်းမှားတော့ တစ်ခါတည်း ကာမဘုံ ရောက်လို့ရှိယင် နတ်ပြည် ခြောက်ထပ်မှာ ကျင်လည်ရမယ် ဆိုလို့ရှိယင် တကာကြွယ်ဘို့က နဂိုက မကြိုက်ဘူးလား၊ သစ္စာ နားမလည်တုန်းက - (ကြိုက်ပါတယ်ဘုရား)၊ သစ္စာ သဘောမကျခင်တုန်းက ကာမဘုံ ရောက်ကြောင်း ဖြစ်တဲ့ ဆွမ်းတွေ ကွမ်းတွေ ကျောင်းတွေ မလုပ်ပေဘူးလား - (လုပ်ပါတယ်)၊ လုပ်တဲ့အခါကျတော့ ကာမာသဝက နေပြီး ပို့ပါတဲ့ယ် - (မှန်ပါ)၊ ကာမာသဝ ကနေပို့တော့ ကာမဘုံ မရောက်ဘူးလား - (ရောက်ပါတယ်)။

http://www.dhammadownload.com



ဒီကျတော့ ဘာနဲ့ တွေ့သလဲ - (အို့သေနဲ့ တွေ့ပါတယ်)၊ အို့သေ သံပတ်ခွေကြီးနဲ့ တွေ့ပါတယ် - (မှန်ပါ)၊ မလွယ်ဘူးဗျ၊ ဘာဖြစ်လို့တုံး၊ ပို့တဲ့ လူက ဝင်ရိုးကိုးဗျ - (မှန်ပါ)၊ အာသဝ ဝင်ရိုးကိုး - (မှန်ပါ)၊ သူပို့လိုက်လို့ရောက်တဲ့ဥစ္စာကျတော့ အို့သေပဲ သူပို့တတ်တယ် - (မှန်ပါ)၊ အပါယ်ပို့တာလဲ အို့သေပဲတွေ့မှာပဲ-(မှန်ပါ)၊ ရူပဘုံပို့လိုက်ပြန်လဲ-(အို့သေပဲ တွေ့မှာပါပဲ)၊အရူပဘုံပို့လိုက်ပြန်လဲ-(အို့သေပဲ တွေ့မှာပါပဲ)။

ဒါကြောင့် သုံးဆယ့်တစ်ဘုံမှာဖြင့် အို့သေ အုပ်ချုပ်နေတယ်ဆိုပြီး သံပတ်ခွေကြီးပြတာ၊ အို့သေဟာ သံပတ်ခွေကြီးဆိုတာ ရိပ်မိပြီလား - (ရိပ်မိပါပြီဘုရား) ဒါတွေက အကန့်တွေ - (မှန်ပါ)၊ ဒါတွေက - (အကန့်တွေပါဘုရား)၊ ဘုံတွေဟူသရွေ့ အကန့်တွေချည်းပဲလို့ သေသေချာချာ မှတ်ပါ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ဒါဖြင့်ဒါတွေ နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်း- (မှန်ပါ)၊ ကြည့်စမ်း နှလုံးသွင်းတော့ကို ခင်ကြမ်းကြီးတာ နှလုံးသွင်းမှားလို့ - (မှန်ပါ)၊ ကာမဘုံခင်တာလဲ ဘာပါလိမ့်ဗျာ - (နှလုံးသွင်းမှားလို့ပါဘုရား)၊ ကာမဘုံမှာ ဒုက္ခသစ္စာရယ်လို့ မသိတော့ဘူး၊ ချမ်းသာဘယ်ရယ်လို့ နှလုံးသွင်းမှားသိုက်တယ် - (မှန်ပါ)၊ အဲဒီတော့ ကာမဘုံကို ဘယ်သူက ပို့လိုက်သလဲ - (အာသဝက ပို့လိုက်ပါတယ်)၊ အာသဝက ပို့လိုက်တော့ ကာမဘုံရောက်တော့ ဒါနဲ့သွားတွေ့တယ် - (မှန်ပါ)၊ ဒါက ဘာပါလိမ့် - (အိုသေပါဘုရား)၊ အိုသေ သံပတ်ခွေကြီး - (မှန်ပါ)၊ အို့သေ အကွပ်ကြီးပေါ့

http://www.dhammadownload.com



ဗျာ - (မှန်ပါ)၊ ဒါက ဝင်ရိုး ဒါက ဒေါက်, ဒါက သံပတ်ခွေ အထိန်းတွေ.... - (မှန်ပါ)၊ ရိုပ်မိပလား - (ရိပ်မိပါပြီ)၊ ဘယ်ရောက်ရောက် အို့သေက ထိန်းသွားတယ်၊ ရိပ်မိပလား- (ရိပ်မိပါပြီ)။

ဒါဖြင့် ဦးဘအုန်း.... ဒီနေ့ ပဋိစ္စသမုပ္ပါဒ်ပြတာကတစ်မျိုး- (မှန်ပါ)၊ နှလုံးသွင်း မှားတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်းခရီး - (မှန်ပါ)။

တကာကြွယ် ဘာတဲ့တုံး - (နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်၏ သွားရာလမ်းခရီးပါ)၊ ဘယ်သွားသတုံးဆိုတော့ ဒီလေးမျိုးပဲ သွားတယ် - (မှန်ပါ)၊ ဒီလေးမျိုးသွားတော့ ဒီဘုံတွေပဲ မရောက်ဘူးလားစ၊ - (ရောက်ပါတယ်)၊ ဒီဘုံရောက်တော့ ဘာတွေတွေ့သတုံး - (အိုသေတွေ့ပါတယ်)။

ဩော်....ခင်ဗျားတို့ နတ်ပြည်ရောက်ရပါလို၏ ဆိုတာလဲ နှလုံးသွင်း မှားပြီး တောင်းတာပဲ - (မှန်ပါ)၊ ဗြဟ္မာ့ပြည်ရောက်ရပါလို၏ ဆိုတာလဲ နှလုံးသွင်းမှားပြီး တောင်းတာပဲ၊ နှလုံးသွင်းမှားတဲ့ အာသဝ၊ ရှင်းပလား-(ရှင်းပါပြီ)။

သာမယား စားဖို့ပဲ၊ အပါယ်လေးပါးနဲ့ အကုသိုလ် မကြောက်နိုင်ပါဘူး၊ မှုသားမပါ လှက်ာမချော၊ ခေတ်ကလဲ ဒီလိုမှလုပ်မစားလို့ရှိယင် ဖြစ်ကိုမဖြစ်ဘူး၊ သားတွေ သမီးတွေ တစ်ပြုံကြီးနဲ့ ကုန်စရာ ကျစရာ အကြောင်းကိစ္စတွေက သေးတာမဟုတ်ဘူး၊ လုပ်မှပဲဆိုပြီး လုပ်လိုက်တဲ့ အခါကျတော့ ကာမာသဝကြောင့် အပါယ်ကျတယ် - (မှန်ပါ)၊ ဘာတွေ့သတုံး - (အို့သေတွေ့ပါတယ်ဘုရား)၊ အပါယ်ကျတော့လဲ

http://www.dhammadownload.com



အို့သေပဲ ပြန်ပြီး အုပ်ချုပ်တယ် – (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယခု ဘုံလေးမျိုး ပြမြီးသကာလ နိဂုံးချုပ်လိုက်တော့ အို့သေ က အုပ်ချုပ်တယ် - (မှန်ပါ)၊ အဲဒါ ဘယ်ပုဂ္ဂိုလ်တို့၏သွားရာလမ်းလဲ လို့ မေးတဲ့အခါကျတော့မှ နှလုံးသွင်းမှားလို့ အာသဝပေါ်တယ်-(မှန်ပါ)၊ အာသဝပေါ်လို့ ဝီဘုံတွေရောက်ရတယ် - (မှန်ပါ)၊ ဒီဘုံတွေရောက်ရလို့ အို့သေ ဒုက္ခသစ္စာနဲ့ တွေ့ရတယ် - (မှန်ပါ)၊ ရှင်းပလား – (ရှင်းပါပြီဘုရား)။

ဦးဘအုန်း လွန်ကုန်ပြီ - (မှန်ပါဘုရား)၊ မနေ့က ပဋိစ္စသမုပ္ပါဒ်ကို ချုံးပြလိုက်တော့ ဒါရတယ် ဒကာဒကာမတို့ – (မှန်ပါ)၊ အာသဝဟာ ဝင်ရိုး၊ ဝီဘုံတွေက ပဒေါင်းပေါ့ဗျာ – (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)၊ အို့သေက အကွပ်ကြီး - (မှန်ပါ)။

ဒါဖြင့် ဒီအထဲမှာ ကာမဘုံ ဆိုတဲ့ နတ်ဘုံကြိုက်သလားတကားကြွယ်....(မကြိုက်ပါဘူး)၊ ကြိုက်ယင် ခင်ဗျား အို့သေကျတော့ ငြင်းနဲ့နော် - (မှန်ပါ)၊ ရူပဘုံကြိုက်သလား – (မကြိုက်ပါဘူး)၊ ကြိုက်ယင် အို့သေ ငြင်းနဲ့၊ အို့သေ တွေ့ရမယ် - (မှန်ပါ)၊ အရူပဘုံဆိုတာ ဗြဟ္မာတွေ သိပ်အသက်ရှည်ဝ ပဲလို့ သွားကြိုက်လိုက်နဲ့ ဘာတွေ့ရမယ် ထင်သတုံး– (အို့သေ တွေ့ရပါမယ်)။

http://www.dhammadownload.com



ဒါဖြင့် ဘယ်နှယ်ကြောင့် အို့သေတွေ တွေ့ရပါလိမ့်မတုံး ဆိုတော့ အို....ဒီဝင်ရိုးပို့ရာသွားနေရလို့–(မှန်ပါ)၊ အာသဝ ပို့ရာကို - (သွားနေရပါတယ်ဘုရား)။

ဒကာဒကာမတို့ မြင်ကြလား – (မြင်ကြပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းယူသရွေ့ နိဗ္ဗာန်မှတစ်ပါး ကျန်တဲ့ ဘုံဘဝတွေကဖြင့် မသိလို့ တောင်းတာ – (မှန်ပါ)၊ မသိတာ က ဒကာဒကာမတို့ရဲ့ အဝိဇ္ဇာသဝ၊ တောင်းတာက ကာမာ သဝ - (မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)၊ ကာမဘုံ တောင်းယင် ကာမာသဝ၊ ရူပဘုံတောင်းယင် - (ဘဝါသဝ ပါဘုရား)၊

အဲဒီတော့ အာသဝသည်ကားလို့ ဆိုလိုရှိယင်ဖြင့် ကာမာ သဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ရယ်သို့ လေးမျိုးရှိ တယ် ဆိုတာ ပေါ်ပလား - (ပေါ်ပါပြီ)၊ ငါဖြစ်ချင်တာ သူများဖြစ်ချင်တာ မဟုတ်ဘူး–ဆိုတော့ ဒိဋ္ဌာသဝကသဲ ပါပြီး သား - (မှန်ပါ)၊ ဒါဖြင့် ဒီဝင်ရိုးကြီးလည့်ရာကို ခင်ဗျားတို့ သွားရမယ် - (မှန်ပါ)၊ ဒီတော့ အောက်ရောက်လဲ အို့သေပါ၊ အထက်ရောက်လဲ - (အို့သေပါဘုရား)၊ ဘေးရောက်လဲ – (အို့သေပါဘုရား)၊ ဘယ်နေရာ ကြိုက်သတုံး တကာကြွယ်- (ဘယ်နေရာမှ မကြိုက်ပါဘူးဘုရား)-

ဒါဖြင့် ဒီအာသဝ ဘယ်ကကာသတုံး-မေးတော့မှ ယခု တရားမှာမှတ်လိုက်ပါ၊ နှလုံးသွင်းမှားကလာတာ - (မှန်ပါ)၊ လက်သည်ပေါ်ပြီ - (ပေါ်ပါပြီဘုရား)။

နှလုံးသွင်းမှားတော့ နတ်ပြည်သိုချင်တဲ့ ကာမာသဝ ပေါ် လာခဲ့ရယ် - (မှန်ပါ)၊ နတ်ပြည်မှာ ချမ်းသာတယ်ဆိုတော့

http://www.dhammadownload.com



နိုက်ပြည်မှာ အနိစ္စ, ဒုက္ခ ရယ်လို့ နှလုံးသွင်းက မှန်သေးရဲ့လား- (မမှန်ပါဘူးဘုရား)၊ မမှန်တော့ လိုချင်တဲ့ ကာမာသဝ မလာဘူးလား- (လာပါတယ်)၊ ဒါဖြင့် ကာမာသဝ က တစ်ခါ လှည့်လိုက်တော့ကို ကာမဘုံ ရောက်သွားတယ်- (မှန်ပါ)၊ ရောက်သွားတော့ ဘာတွေနဲ့တွေ့သလဲ- အို့၊ သေတွေနဲ့ တွေ့ပါတယ်)။

ကဲ နှလုံးသွင်းမှားတော့ကာမာသဝပေါ်တယ်- (မှန်ပါ)၊ ကာမာသဝပေါ်လို့ လုပ်လိုက်တဲ့အခါကျတော့ အို့၊ သေ သွားတွေ့တယ်- (မှန်ပါ)၊ ကာမဘုံ တော့ရောက်ပါတယ်၊ ရောက်ပင်ရောက်ငြားသော်လဲ အို့ သေ ပဲ သွားတွေ့တယ်၊ သဘောကျပလား- (ကျပါပြီ)၊ နှလုံးသွင်းမှားတော့ ငါ့သား, ငါ့မယားဆိုတော့ ဒိဋ္ဌာသဝ မလာဘူးလား- (လာပါတယ်)၊ ဒိဋ္ဌာသဝဆိုကတည်းက ဝဝ်ရှိပဲ၊ မလှည့်ဘူးလား-(လှည့်ပါတယ်)၊ လှည့်တဲ့အခါကျတော့ အပါယ်မသွားဘူးလား- သွားသလား၊- (သွားပါတယ်)၊ ဒါဖြင့် ဒိဋ္ဌာသဝကြောင့်လဲ အပါယ်သွားရတယ်ဆိုတာ ရိပ်မိပြီ- (မှန်ပါ)၊

ဟောဒီ အဝိဇ္ဇာသဝကလဲ ရူပဘုံ, အရူပဘုံဟာ အနိစ္စ, ဒုက္ခ, အနတ္တ ရယ်လို့ သိသေးရဲ့လား- (မသိပါဘူး)၊ နှလုံးသွင်းမှားတော့ အဝိဇ္ဇာသဝကလဲ လာတာပဲ — (မှန်ပါ)၊ လာတဲ့အခါကျတော့ အဝိဇ္ဇာသဝနဲ့ ခင်ဗျားဘို အားထုတ်လိုက်တဲ့အခါကျတော့ ရူပဘုံ၊ အရူပဘုံ မရောက်ဘူးလား — (ရောက်ပါတယ်ဘုရား)၊ ရောက်တော့ နောက်ဆုံးပိုက် ဘာနဲ့

http://www.dhammadownload.com



လက်စသတ်သတုံး - (အို့သေ နဲ့ လက်စသတ်ရပါတယ်)။ ဒါ ဘယ်ကလာတာတုံး - (နှလုံးသွင်းမှားကလာပါတယ်)။

ကဲ-ဒါဖြင့် ဒီလိုဆက်ကြစို့၊ နှလုံးသွင်းမှားကြောင့် အာသဝပေါ်တယ်၊ အာသဝပေါ်သောကြောင့် ဘုံလေးမျိုးကို ကြိုက်တယ်၊ ကြိုက်ခြင်းကြောင့် အို့သေလေးမျိုးနဲ့ တွေ့ရပါတယ် - (မှန်ပါ)၊ ကဲ....ပေါ်ကြပလား - (ပေါ်ပါပြီ)။

ဦးဘအုန်း ထေသေချာချာမှတ်စမ်းပါ ဒီဥစ္စာ၊ နှလုံးသွင်းမှားတော့ ဘာပေါ်သတုံး- (အာသဝ ပေါ်ပါတယ်)၊ အာသဝပေါ်တော့ ဘုံလေးမျိုးရောက်တယ်၊ မရောက်ဘူးလား - (ရောက်ရပါတယ်)။ ကာမရူပ အရူပ အပါယ်တို့သို့ မရောက်ရပေဘူးလား - (ရောက်ရပါတယ်)၊ အဲဒါ ဘယ့်နှယ်ကြောင့် ရောက်သွားသတုံးလို့မေးတဲ့အခါကျတော့ နှလုံးသွင်းမှားလို့- (မှန်ပါဘုရား)၊ နှလုံးသွင်းမှားတော့ အာသဝပေါ်တယ် - (မှန်ပါ)၊ အာသဝနောက်လိုက်တဲ့အခါကျတော့ဒကာဒကာမတို့ ကာမရူပ အပါယ်လေးပါးဆိုတာ မပေါ်လာဘူးလား - (ပေါ်လာပါတယ်)၊ ပေါ်လာတဲ့ အခါကျတော့ ဟိုမှာ ကောင်းကောင်းနေရမလား၊ အို့သေနဲ့ တွေ့ရမလား - (အို့သေနဲ့ တွေ့ရပါမယ်)၊ ပေါ်ကြပြီ - (မှန်ပါ)။

ဒါဖြင့် ယနေ့တရားမှာ တရားကြွယ် သိမ်အဖိုးတန်တယ်- (တန်ပါတယ်)၊ နှလုံးသွင်းမှားကြောင့် ဘာပေါ်သတုံး - (အာသဝပေါ်ပါတယ်)၊ ဒီအာသဝတွေနဲ့ ဆုတောင်းသောကြောင့် ဒီဘုံတွေ မရဘူးလား - (ရပါတယ်)၊ ဒီဘုံတွေ

http://www.dhammadownload.com



ရတော့ နိဂုံးချုပ်တော့ ဒီဘုံတွေဟာ ဘယ်မှာ ဇာတ်သိမ်း ရသတုံး - (အို့သေမှာ ဇာတ်သိမ်းရပါတယ်)၊ ဟော - ဒုက္ခ သစ္စာမှာသွားပြီး ဇာတ်သိမ်းတယ် - (မှန်ပါ)။

ဒါဖြင့် တကာကြွယ် ဒီပုံလဲသေသေချာချာ မှတ်ထားဦး — (မှန်ပါ)၊ ဟိုဘက်ကတစ်မျိုးပေါ့ဗျာ၊ ဒီဘက်အလဲ့တစ်မျိုးပဲ၊ မကုန်သို့ ဒီဘက်ဆက်ပြီး ရေးရတာ - (မှန်ပါ)၊ သဘောပါ ကြပလား - (ပါပါပြီ)။

အဲဒါ စက္ကူပုံထဲမှာဘော့ မပါသေးဘူး၊ ကိုယ့်ဟာကိုယ် နောက်ထပ်ထည့်ချင်ယင် ထည့်လို့ရပါတယ်၊ ရေးပြီးတော့ — (မှန်ပါ)။

ကိုင်း — ဒါဖြင့် တကာကြွယ် နှလုံးသွင်းမှားခြင်းကြောင့် အာသဝပေါ်တယ်၊ အာသဝပေါ်သောကြောင့် ဒီဘုံတွေ ရောက်ရတယ်၊ ဘုံတွေရောက်ရလို့ အိုပွဲသေပွဲ ဆင်ရမယ် — (မှန်ပါ)၊ ဟော....နှလုံးသွင်းမှား၏ စွမ်းရည်သတ္တိ ဦးဘဆွန်း သေးသလားဗျာ - (မသေးပါဘူး)၊ ဒကာဒကာမတို့ သိပ် ဆိုးရွားပါကလား - (ဆိုးရွားပါတယ်ဘုရား)။

အခု ဒကာကြွယ်တို့ နှလုံးသွင်းမှားဘော့ အိုသေတွေ နီးနေ ပြီဗျ - (နီးပါပြီဘုရား)၊ နဂိုက ကာမဘုံ ကြိုက်တာကိုးဗျ၊ ကာမဘုံကြိုက်တော့ ရောက်မလာဘူးလား - (ရောက်လာပါ တယ်)၊ ဘယ့်နှယ်ကြောင့် ကာမဘုံကို နင်က ကြိုက်မိပါလိမ့် မတုံး - (နှလုံးသွင်းမှားလို့ပါဘုရား)၊ နှလုံးသွင်းမှားတော့ ကာမဘုံ ကြိုက်တဲ့ တဏှာ ပေါ်လာတယ်၊ အဲဒီတဏှာဟာ ကာမာသဝ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

http://www.dhammadownload.com



အဲဒီ ကာမာသဝက လှည့်ပို့လိုက်တော့ တကာကြွယ် ဝီကာမဘုံ ရောက်လာတယ်၊ ဒီရောက်မည့်တည်းတည်းရှိတော့ တယ်၊ အို့သေနဲ့ကပ်နေပြီ -(မှန်ပါ ကပ်နေပါပြီ)၊ တကာကြွယ် ဒါဟာ ဘယ်သူက ပို့လိုက်တာပါလိမ့် - (နှလုံးသွင်းမှားက ပို့လိုက်တာပါ)၊ နှလုံးသွင်းမှားကြောင့် ကာမာသဝ၊ ကာမာသဝကြောင့် ကာမဘုံမှာဖြစ်၊ ကာမဘုံမှာ တကာကြွယ် ဆိုတဲ့ ပုဂ္ဂိုလ် တစ်ယောက် လာဖြစ်တယ် - (မှန်ပါ)၊ ပုဂ္ဂိုလ်တစ်ယောက်လာဖြစ်တော့ ဒီ အို့သေစက်ကွင်းက မလွတ်နိုင်ဘူး - (မှန်ပါ)၊ လွတ်နိုင်မှ မလား - မလွတ်နိုင်ပါဘူး။

ဒါဖြင့် တကာကြွယ်၊ နှလုံးသွင်းမှားတာ သေးသေး မအောက်မေ့နဲ့ - (မှန်လှပါဘုရား)၊ ရှင်းကြပလား - (ရှင်းပါပြီဘုရား)။

အဲ.... မှတ်မိအောင် တစ်ခေါက်ပြန်ပြောပါဦးမယ် ဒကာ ဒကာမတို့၊ နှလုံးသွင်းမှားမှုသည် အာသဝလေးပါးကို ပေါ်စေတယ် - (မှန်ပါ)၊ အာသဝ လေးပါးကို ပေါ်စေသောကြောင့် ဘုံလေးမျိုး ရောက်ချင်သလို ရောက်ရတယ်-(မှန်ပါ)၊ ကာမရူပ အပါယ် တွေပေါ့ဗျာ - (မှန်ပါ)၊ ရောက်ချင်သလို ရောက်ရသောကြောင့် သေချင်သလို သေခြင်းဆိုးသေရတယ်- (မှန်ပါ)၊ ပေါ်ကြပလား - (ပေါ်ပါပြီဘုရား)။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ ဒါကိုသေသေချာချာ မှတ်ပါနော် -(မှန်ပါ)၊ နှလုံးသွင်းမှားတော့ ဘာတွေပေါ်သတုံး- (အာသဝတွေပေါ်ပါတယ်)၊ ဟော့ဒီ အာသဝတွေပေါ်တယ်၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတွေ ပေါ်တယ်။

http://www.dhammadownload.com



အတိုကောက် ရေးထားကြနော် - (မှန်ပါ)၊ ဒါတွေ ပေါ်ပြီး သူကနေ လှည့်ပို့လိုက်တဲ့အခါကျတော့ ဒကာဒကာမတို့သိတဲ့ အတိုင်း ဘုံလေးမျိုး ရောက်ရာမှာ မပေါ်ပေဘူးလား-(ပေါ် ပါတယ်)။

ဘုံလေးမျိုးရောက်တော့ အကောင်းနေရသလား- အဆိုး နေရသလား ဆိုတာ ဇောဒီ အို့သေဆိုတဲ့ အကွက်ကြီးထဲက မထွက်နိုင်ဘူး-(မှန်ပါ)၊ သဘောပါကြပလား-(ပါပါပြီ)၊

ကိုင်း....ဒကာ ဒကာမတို့ အာသဝနယ်က မလွတ်လို့ရှိယင် အို့သေ လမ်းဆုံး-(မှန်ပါ)၊

ဒါဖြင့် အာသဝကို ဒကာ ဒကာမတို့ ပြောင်းပြန်-ပြန်ပြီး မေးကြဦးစို့- ပဋိလောမနည်းနော်-(မှန်ပါ)၊ အို့သေ ဘယ် ကလာပါလိမ့်မတုံး- (ဘုံလေးမျိုးကလာပါတယ်)၊ ဘုံလေး မျိုး ဘယ်သူ လှည့်လို့ ပို့လို့ ရောက်ရသတုံး - (အာသဝက ပို့လို့ပါ)၊ အာသဝ ဝင်ရိုးက လှည့်ပို့လိုက်တယ်- (မှန်ပါ)၊ အာသဝ ဝင်ရိုးဖြစ်အောင် ဘယ်သူက လုပ်ပါလိမ့်မတုံး- (နှလုံး သွင်းမှားက လုပ်ပါတယ်ဘုရား)၊ အဲ....နှလုံးသွင်းမှားက သာ ပြီးဆိုးတယ်၊ တောကြွယ် ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)၊

အားလုံး တရားပွဲအစ်ပဲလုံး ဒကာ ဒကာမတို့ နှလုံးသွင်း မှားက ဘာကိုလုပ်သတုံး-(အာသဝကို လုပ်ပါတယ်)၊ အဲ.... ကျုပ်တို့ကို လှည့်ပေးမေ်းပါဗျာ၊ ဘုံလေးမျိုး လှည့်ပေးစမ်း ပါ-(မှန်ပါ)၊ ဒါမှ ကျုပ်တို့ လေးဘုံမှာ လေးသေ သေရ အောင်-(မှန်ပါ)၊ ဒါကြောင့် မရောက် ရောက်အောင် ပို့ပေး စမ်းပါဆိုတော့ အာသဝက လှည့်ပို့တယ်-(မှန်ပါ)၊ လှည့်ပို့

http://www.dhammadownload.com



တော့ အပါယ်မှာ သေခဲ့ရ, ကာမဘုံမှာ သေခဲ့ရ၊ ရူပဘုံနှင့် အရူပဘုံကော-(သေခဲ့ကြရပါတယ်)၊

ဒါဟာ ခင်ဗျားတို့ သေချင်လို့ သေရတာလား- အာသာ ပို့လို့ သေရတာလား—(အာသာဝပို့လို့သေရတာပါ)၊အာသာဝ ကိုလဲ ဘယ်သူက ပေါ်စေတာပါလိမ့်• (နှလုံးသွင်းမှားအ ပေါ်စေတာပါ)။

ဒါဖြင့် ဒီလိုသွားကြဦးစို့၊ နှလုံးသွင်းမှားကို တကာကြွယ် တို့က နှလုံးသွင်းမှန် ပြောင်းလိုက်လို့ ရှိယှင်ဖြင့် ဝဋ်ရိုးကျိုးပြီ-(မှန်ပါ)၊ ဝဋ်ရိုးကျိုးယင် ဘုံတွေ မလာဘူး.... (မှန်ပါ)၊ ဘုံတွေမလာယင် အို့သေ အကွပ်ကြီးနဲ့ - (မတွေ့ရပါဘူး)၊ ဒါဖြင့် ကျုပ်တို့နိဗ္ဗာန်ရောက်ဖို့ရာ နှလုံးသွင်းမှန်ဖို့ အခရကြီး တယ်-(မှန်ပါ)၊ ရှင်းပလား • (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊နှလုံးသွင်းမှန်ယင် ကိစ္စပြီးပါဘယ်-(ပြီးပါတဲယ်ဘုရား)၊ နှလုံးသွင်းမှန်ယင် ကိစ္စပြီးပါတယ်ဆိုတာ တကာကြွယ် လေးခလေး စားစား မှတ်ပါခဘာ့ –(မှန်ပါ)၊ အင်မှဘန် အရေးကြီးတဲ့ တရားဆိုတာ ယခနေ ပေါ်ပသား.... (ပေါ်ပါပြီဘုရား)။

ခုနင်က စောစောက အပြစ်တွေလဲ အများကြီး ပြခဲ့ပါ တယ်-(မှန်ပါ)၊ မျက်နှာ မကြံ့သို့မသာ ရှိဘာသဲနှလုံ သွင်း မှားပဲ- (မှန်ပါ)။ ပြုံးနေကြဘာလဲ - (နှလုံးသွင်းမှားပါ)၊ အဲဒီဘော့ အပြုံးလဲ မလိုက်ကြပါနဲ့၊ အမဲ့လဲ မကြိုက်ကြပါနဲ့-(မှန်ပါ)၊ အဲဒါ နှလုံးသွင်းမှားကချည်း လာဘာဖြစ်ပါဘယ်-(မှန်ပါ)၊ အရိယာပုဂ္ဂိုလ်တို့၏ ပြုံးဘာကို မဆိုပါဘူး၊ အရိ ယာတို့၏ ပြုံးတာကတော့ အို့သေသွတ်ဖို့ သူတို့ပြုံးတာ....

http://www.dhammadownload.com



(မှန်ပါ)၊ ခင်ဗျားတို့ကတော့ အို့သေ သွားမလို့ ပြုံးတာ.... (မှန်ပါ)၊ မကွာခြားဘူးလား-(ကွာပါတယ်)။

ရဟန္တာများမှာတော့ မဲ့ခြင်းမရှိဘူး၊ သံဝေဂပဲရှိတယ်၊ ခင်ဗျားတို့ကတော့ မဲ့စရာရှိယင် အရုပ်ကို ဆိုးသွားတာပဲ.... (မှန်ပါ)၊ မဆိုးဘူးလား- (ဆိုးပါတယ် ဘုရား)၊ ဘယ့်နှယ် ကြောင့် မဲ့တာတုံးဆိုတော့ နှလုံးသွင်းမှားလို့-(မှန်ပါ)၊ နှလုံး သွင်းမှားတော့ အဝိဇ္ဇာသဝက လာပါရော .... (မှန်ပါ)၊ အဝိဇ္ဇာသဝကို ခင်ဗျားတို့ ဝင်ရိုးလုပ်ပြီး လှည့်စမ်းပါဆိုတော့ အဝိဇ္ဇာသဝကနေပြီး ဒကာ ဒကာမတို့ အပါယ် ပို့လိုက်လိမ့် မယ်-(မှန်ပါ)၊ မပို့ဘူးလား-(ပို့ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ နှလုံးသွင်းမှားသည် ဝင်ရိုး ကို ဖြစ်စေတယ်-(မှန်ပါ)၊ ဝင်ရိုးဖြစ်စေသောကြောင့် ဝင်ရိုးက လှည့်လိုက်တာ ဘုံလေးမျိုး ပေါ်လာတယ်-(မှန်ပါ)၊ ဘဝ လေးမျိုးပေါ်လာတယ် - (မှန်ပါ)၊ ဘဝလေးမျိုး ပေါ်လာ သောကြောင့် သေခြင်းဆိုးသေရတယ်-(မှန်ပါ)၊ အို့သေလမ်း ဆုံးရတယ် -(မှန်ပါ)၊ မဆုံးရဘူးလား-(ဆုံးရပါတယ်ဘုရား)၊ ကဲ....ပေါ်ကြပလား - (ပေါ်ပါပြီဘုရား)၊ ဒါဖြင့် နှလုံးသွင်း မှားလို့ သံသရာလည်တယ်-(မှန်ပါ)။

ဦးဘအုန်း ဘယ်လိုမှတ်ကြမယ်-(နှလုံးသွင်းမှားလို့ သံသရာ လည်ပါတယ်ဘုရား)။

ဒါကြောင့် သံယုတ်ပါဠိတော်ကြီးမှာ လာတယ်၊ ရှင်မဟာ ကောဋ္ဌိက က ရှင်သာရိပုတ္တရာကို မေးတယ်၊ ရဟန္တာကြီး နှစ်ပါး မေး -ဖြေကြတာပါ-(မှန်ပါ)၊ အရှင်ဘုရား၊ သီလ

http://www.dhammadownload.com



ရှိတဲ့ပုဂ္ဂိုလ်ဘယ်ဟာကို နှလုံးသွင်းမှန်နဲ့လုပ်ရမှာတုံး-(မှန်ပါ)။ သီလရှိတဲ့ ပုဂ္ဂိုလ်မှာ နှလုံးသွင်းမှန်ကို လုပ်လိုက်စမ်းပါ.... (မှန်ပါ)၊ သီလဆောက်တည်ပြီး နှလုံးသွင်းမှန်ကို လုပ်စမ်းပါ တဲ့-(မှန်ပါ)၊ ခန္ဓာကိုယ်မှာ ဝေဒနာကြိုက်ယင် တကာကြွယ် ဝေဒနာကို ဖြစ်ပျက်ရှုစမ်းပါ- (မှန်ပါ)၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ် က-(စိတ်ကိုဖြစ်ပျက်ရှုရပါမယ်)၊ ရုပ်ကိုကြိုက်တဲ့ ပုဂ္ဂိုလ်က- (ရုပ်ကိုဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီလို ဖြစ်ပျက် ရှုလိုက်တဲ့အခါကျတော့ ယောဂကျဲ- မိုန်းမှ ပျောက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေပဲ ရောက်လာတယ်- (မှန်ပါ)၊ ဒါကျတော့ ဘာဖြစ်လို့ပါလိမ့် - (နှလုံးသွင်း မှန် လို့ပါဘုရား)၊ နှလုံးသွင်းမှန်တော့ အာသဝလာသေးရဲ့လား- (မလာပါဘူး)၊ အာသဝမှုလာတဲ့ လှည့်ပို့ရော ဘုံ ရှိသေးရဲ့ လား - (မရှိပါဘူး)၊ ဘုံမှမရှိဘဲနဲ့ သေစရာကော - (မရှိပါ ဘူး)၊ ဒါဖြင့် ဒကာဒကာမတွေ သံသရာစခန်း သတ်ချင်ယင် နှလုံးသွင်းမှန်ဖို့ - (မှန်ပါ)။

ဒါကြောင့် ရှင်မဟာကောဋ္ဌိက - က သီလရှိတဲ့ ပုဂ္ဂိုလ်ကို ဘယ်ဟာကို နှလုံးသွင်း မှန်ရမှာတုံးဆိုတော့ ခန္ဓာငါးပါးကို အနိစ္စတော့၊ ဒုက္ခတော့၊ အနတ္တတော့၊ ရောဂတော့၊ သလ္လတော့၊ အဃတော့၊ ပရတော့၊ ပရလောကတော့၊ သုညတော ဆိုပြီး သကာစလ ခန္ဓာငါးပါးကို ဖြစ်ပျက်နှလုံးသွင်းလိုက်ပြီဆိုလို့ရှိယင် နှလုံးသွင်းမှန်သွားတာပဲ - (မှန်ပါ)။

အဲဒီတော့ ဖြစ်ပျက်ဆိုတော့ အနိစ္စ ဟုတ်လား-(မှန်ပါ)။ မြင်တာက မဂ္ဂ ဆိုတော့ အဝိဇ္ဇာ ရှိသေးရဲ့လား-(မရှိပါဘူး)။

http://www.dhammadownload.com



တဏှာကော - (မရှိပါဘူး)၊ ဒိဋ္ဌိကော - (မရှိပါဘူး)၊ ဘဝတဏှာကော — (မရှိပါဘူး)၊ အာသဝ လေးပါးစလုံးဟာ ဖြစ်ပျက် မြင်လိုက်တာနဲ့ တကာကြွယ် ကာမာသဝလဲမမြင်၊ ကာမဘုံလဲ မလိုချင်တော့ဘူး - (မှန်ပါ)၊ ရူပဘုံကော — (မလိုချင်ပါဘူး)၊ အရူပဘုံကော-(မလိုချင်ပါဘူး)၊အပါယ်ဘုံကော — (မလိုချင်ပါဘူး)။ ဒိဋ္ဌာသဝလဲ မဖြစ်တော့ဘူး - (မှန်ပါ)၊ မဖြစ်တော့ အပါယ်လဲမရောက်တော့ဘူး-(မှန်ပါ)။

အဲဒီ ဖြစ်ပျက်မြင်လိုက်တော့ နှလုံးသွင်းက မှန်သွားတယ်။ နှလုံးသွင်း မှန်သွားတော့ ဝင်ရိုးကျိုးပြီ - (မှန်ပါ)၊ ဝင်ရိုးကျိုးတော့ ဒေါက်တွေ တပ်လို့ဖြစ်သေးရဲ့သား- (မဖြစ်ပါဘူး)၊ ဒေါက်တွေမှ တပ်လို့ မဖြစ်လို့ရှိယင် အကွပ်နဲ့တူတဲ့ ဇရာ မရဏသည် ဒကာဒကာမတွေ အိုအောင် သေအောင် လုပ်နိုင်သေးရဲ့လား - (မလုပ်နိုင်ပါဘူး)။

ဒါဖြင့် ဒီနေ့တရားဟာ ဒကာဒကာမတို့ သတ္တုချလိုက်တော့ ဘာအရေကြီးသတုံး - (နှလုံးသွင်းမှန်ဖို့ အရေးကြီးပါတယ်)။

ဒါဖြင့် နှလုံးသွင်းမှန်ယင် အာသဝဝင်ရိုး ကျိုးတယ် — (မှန်ပါ)၊ အာသဝဝင်ရိုးကျိုးသောကြောင့် ဘုံဒေါက်တွေကော - (ပြုတ်ပါတယ်)၊ ဒေါက်တွေ ပြုတ်သောကြောင့် အကွပ်ကြီးကော ရှိသေးရဲ့လား - (မရှိပါဘူး)၊ အဲ....သံသရာလည်မှုစနေ်းကြီး အဝိုင်းကြီး အကုန်သိမ်းတာပဲ - (မှန်ပါ)၊ ဝင်ရိုးရော ဒေါက်ရော အကွပ်ကြီးရော အကုန်မသိမ်းဘူးလားဗျ- (သိမ်းပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီလို သိမ်းတာ သိရတော့မှ ဘုန်းကြီးတို့ ဒကာဒကာမ တွေက ခြော်....ဒို့နှလုံးသွင်းမှန်ဖို့ သိမ်အရေးကြီးပါကလား-(ကြီးပါတယ်)။

နှလုံးသွင်းမှန်ဆိုတာက ဘာကြည့်လိုက်လိုက် ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ် ထိုင်တော့မယ် ဆိုတော့ ဖြစ်ပျက်ကလေးတွေ တွေ့ယင် ငါနှလုံးသွင်းမှန်ပြီဟေ့ — (မှန်ပါ)။

ဖြစ်ပျက်တွေ့ယင်—(နှလုံးသွင်းမှန်ပါပြီဘုရား)၊ နှလုံးသွင်း မှန်ကတည်းက ဝင်ရိုး ဘယ်နှယ်နေသလဲ - (ကျိုးပါတယ် ဘုရား)၊ ဒေါက်တွေကော - (ပြုတ်ပါတယ်)၊ သံပတ်ခွေ ကြီးကော (ပြုတ်ပါတယ်)၊ ဒါဖြင့် ဒကာဒကာမတို့ သံသရာ ထဲမှာဖြင့် အခြေကနေပြီး ဖျက်ချလိုက်ပြီ - (မှန်ပါ)၊ ဒကာ ဒကာမတို့ ရိပ်မိပလား - (ရိပ်မိပါပြီ)။

ကိုင်း - ဒါဖြင့် အရှင်ဘုရား၊ သိသရှိတဲ့ပုဂ္ဂိုလ် နှလုံးသွင်း မှန်ပြီး ဘယ်ဟာလုပ်ရမှာတုံးဆိုတော့ ခန္ဓာကိုယ်ကို အနိစ္စ တော၊ ဒုက္ခတော၊ ရောဂတော စသည် ရှုလိုက်ယင် ပြီးတာပဲ-(မှန်ပါ)၊ စာတွေက များနေတော့ ဒါတွေကို ရအောင်လဲ မကျက်နိုင်တော့ ကိုယ့်ဟာကိုယ်ကြည့်တော့ ဖြစ်ပျက်မြင်ယင် ဒါတွေအကုန်ပါသွားတာပဲ - (မှန်ပါ)၊ ဖြစ်ပျက်မြင်တော့ ဒကာဒကာမတို့ နှလုံးသွင်းက ဘယ့်နှယ်နေသတုံး - (မှန်ပါ တယ်)၊ နှလုံးသွင်းမှန်တော့ ယောနိသောမနသိကာရ ဖြစ် သွားတယ် - (မှန်ပါ)။

http://www.dhammadownload.com



အဲဒီကျတော့မှ ယောနိသော ဘိက္ခဝေ မနသိကရောတော မဟတော အတ္ထာယ သံဝတ္တိ-(မှန်ပါ)၊ ဘိက္ခဝေ- ရဟန်းတို့၊ ယောနိသော မနသိကရောတော-ဖြစ်ပျက်ဟူ၍ သင့်တင့်သော အားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား၊ မဟတော-ကြီးစွာသော၊ အတ္ထာယ-နိဗ္ဗာန်ဟူသော အကျိုးငှာ၊ သံဝတ္တတိ-ဖြစ်၏၊ နိဗ္ဗာန်ရောက်နိုင်တယ်လို့ ဟောတာ - (မှန်ပါ)။

ဒကာ ဒကာမတို့ နှလုံးသွင်းမှန်ယင် — (နိဗ္ဗာန်ရောက်ပါတယ်)။

ဘုရားက ကျဉ်းကျဉ်းဟောတာပါ၊ ဘုန်းကြီးတို့က ဒကာ ဒကာမတို့ နားလည်အောင် ပဋိစ္စသမုပ္ပါဒ်နဲ့ ပြပါတယ်၊ ပြတဲ့ အခါကျတော့ ယောနိသောမနသိကာရဖြစ်တော့ ဝင်ရိုးကျိုး၊ ဝင်ရိုးကျိုးတော့ ဒေါက်ပြုတ်တယ် - (မှန်ပါ)၊ ဒေါက်ပြုတ်တော့ အချုပ်ဆိုတဲ့ သံပတ်ခွေကြီးက - (ပြုတ်ပါတယ်ဘုရား)၊ ပြုတ်သွားတဲ့အတွက် ဒကာဒကာမတို့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အကုန်ရပ်ပြီ - (ရပ်ပါတယ်ဘုရား)၊ မရပ်သေးဘူးလား - (ရပ်ပါတယ်)၊ ပေါ်ကြပလား - (ပေါ်ပါပြီ)။

ဒါဖြင့် ကျုပ်တို့ ဘာအရေးကြီးသတုံး - (နှလုံးသွင်းမှန်ဖို့ အရေးကြီးပါတယ်)။

အဲဒီဘော့ အိမ်ကျတော့ နှလုံးသွင်းတာပေါ့ဗျာ-(မှန်ပါ)၊ ခန္ဓာကိုယ်ကို မျက်လုံးမှိတ်ပြီး နှလုံးသွင်း - (မှန်ပါ)၊ ဟိုနေရာ ကလေးမှာ ယားတယ်၊ ဖြစ်ပြီးပျက်တာပဲ-(မှန်ပါ)၊ နာတယ် ဖြစ်ပြီးပျက်တာပဲ - (မှန်ပါ)၊ လှုပ်တယ် ဖြစ်ပြီး ပျက်တာပဲ - (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် စိတ်ကလေး ပေါ်လာလဲ - (ဖြစ်ပြီးပျက်တာပဲ)၊ ဘယ်စိတ်ပေါ်ပေါ် - (ဖြစ်ပြီးပျက်တာပဲ)၊ အဲဒါ နှလုံးသွင်း ပေတာ့ - (မှန်ပါ)၊ ငါတစ်ကိုယ်လုံးဟာလဲ ယောကျ်ားလဲ မရှိ မိန်းမလဲမရှိ၊ ဖြစ်ပျက်သာ ရှိနေတယ် - (မှန်ပါ)၊

ဒါဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့် - နှလုံးသွင်း မှန်လို့ပါ ဘုရား)၊ ဒါဖြင့် ဖြစ်ပျက်မြင်ပြီ - (မှန်ပါ)၊ ဒါဖြင့် ဖြစ်ပျက် မုန်းစရာပါကလား - (မှန်ပါ)၊ မလာပေဘူးလား - (လာပါ တယ်)၊ ဖြစ်ပျက်ဟာသစ္စာတုံး - (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာ ဆိုတော့ လိုချင်သေးရဲ့လား - (မလိုချင်ပါဘူး)၊ မလိုချင်တော့ မဂ်ဉာဏ်ပေါ်လာတယ်-(မှန်ပါ)၊ အရဟတ္တမဂ် ဓါးသန်လျက် ဆိုတဲ့အတိုင်း၊ မဂ်ဆိုတာ သန်လျက် - (မှန်ပါ)၊ ဒီသန်လျက် သည် ဒကာဒကာမတို့ ဝင်ရိုးကို ခုတ်ဖြတ်ပစ်လိုက် - (မှန်ပါ)၊ ဒေါက်တွေ ဖျက်ဆီးပစ်လိုက်၊ အကွပ်တွေ ဖြိုတ်ချလိုက် - (မှန်ပါ)၊ မဂ်ပေါ်လာတော့ ဒါတွေအကုန်ပျက်တယ် - ပြုတ် တယ်ဆိုတာ ရိပ်မိပလား - (ရိပ်မိပါပြီ)

ဒါဖြင့် ဒကာဒကာမတို့၊ ဝိပဿနာမှ တစ်ပါး ခင်ဗျားတို့ သံသရာစခန်းကို ရပ်ပေးမည့်သူ မရှိဘူး-(မှန်ပါ)၊ နှလုံးသွင်း မှားကဖြင့် ခုနင်ကပြောခဲ့တဲ့အတိုင်း နှလုံးသွင်းမှားလို့ ဝင်ရိုး ပေါ်၊ ဝင်ရိုးပေါ်လို့ ဒေါက်တွေပေါ်၊ ဒေါက်တွေပေါ်လို့ အကွပ်နဲ့ကြုံရ - (မှန်ပါ)၊ နှလုံးသွင်းမှန်တော့ ဝင်ရိုးပြုတ် - (မှန်ပါ)၊ ဝင်ရိုးပြုတ်တော့ ဒေါက်တွေကကော - (ပြုတ်ပါ တယ်)၊ ဒေါက်တွေပြုတ်တော့ အကွပ်ကကော - (ပြုတ်ပါ

တယ်)၊ သံသရာစခန်းဆက်ပြီဆိုတာ သေချာပလား—(သေချာပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုတာမှတစ်ပါး ကယ်မည့်သူ ယူမည့်သူ မရှိဘူး - (မှန်ပါ)၊ ပေါ်ကြပလား - (ပေါ်ပါပြီ)။

ကဲ.... ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်—အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့—ဓမ္မာရုံ၌ ဟောကြားတော်မူသော

# မဂ္ဂသစ္စာမှ အရိယသစ္စာသို့ ကူးပြောင်းရေး

## အလုပ်ပေးတရားတော်

[၂၀-၁၂-၁၉၆၁]

မနေ့က ဟောခဲ့တာက သုတဝါ အရိယ သာဝကော—အကြားအမြင်ရှိမှ အရိယသာဝက ဖြစ်မယ်၊ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်သည် အရိယာ၏ သာဝက မဖြစ်ပါဘူး — ဒီလို ဟောခဲ့တယ်။

ဒီနေ့တော့ သုတဝါ အရိယ သာဝကော-ဆိုတာလဲ အင်မတန် မှန်တာပဲ၊ အရိယ သာဝကော-ဖြစ်တော့ မဂ္ဂင်ငါးပါး ရတယ်လို့ မနေ့က ဟောခဲ့တယ်၊ အဲဒါက မဂ္ဂသစ္စာ၊ မှတ်ထားကြပါ – (မှန်ပါ)။

http://www.dhammadownload.com



မဂ္ဂင်ငါးပါးကို ဘာမှတ်ကြမယ် - (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာ မှတ်ထားကြပါ။ အားရုံတင်ခုရှုတယ်ဆိုယင်ဖြင့် မဂ္ဂင်ငါးပါး မဂ္ဂသစ္စာ - (မှန်ပါ)၊ အဲဒီတော့ ဒီနေ့တော့ မဂ္ဂသစ္စာကနေပြီး မဂ္ဂအရိယသစ္စာဖြစ်အောင် ဟောလိမ့်မယ် - (မှန်ပါ)။

မဂ္ဂသစ္စာကနေပြီး ဘယ်ရောက်အောင် ဟောမှာပါလိမ့် - (မဂ္ဂအရိယသစ္စာရောက်အောင် ဟောမှာပါ)။

ဒါဖြင့် ဒီနေ့ အရိယတိုးဟောမယ် - (မှန်ပါ)၊ မဂ္ဂသစ္စာတစ်မျိုး၊ မဂ္ဂအရိယသစ္စာတစ်မျိုး၊ မှတ်မိကြပလား - (မှတ်မိပါပြီ)၊ မဂ္ဂသစ္စာက မဂ္ဂင် ဘယ်နှစ်ပါးတုံး - (ငါးပါးပါဘုရား)၊ မဂ္ဂ အရိယသစ္စာကျတော့ မဂ္ဂင်ကရှစ်ပါး—(မှန်ပါ)၊

ဩော်....ဒါဖြင့် ဒီနေ့ ဟောမှာ ဒကာဒကာမတွေ အရိယသာဝကကနေပြီးသကာလ အလျင်ကတော့ အရိယာ၏တပည့်၊ ဒီနေ့တော့ ကိုယ်ကိုယ်တိုင် အရိယာဖြစ်အောင်လုပ်နည်း၊ ဒါကို ငါနာကြရလိမ့်မယ်တဲ့ - (မှန်ပါ)၊ သေသေချာချာမှတ်ပါ - (မှန်ပါ)၊

မနေ့ကတော့ သုတဝ အရိယသာဝကောဖြစ်တယ်၊ အကြားအမြင်နဲ့သောကြောင့် ဒီဝေဒနာသုံးပါး တစ်ပါးပါးကို ဖြစ်ပျက် ရှုနိုင်သောကြောင့် အရိယ သာဝကမို့ ရှုနိုင်တာ - (မှန်ပါ)၊

http://www.dhammadownload.com



အဲဒါက ဒီအတိုင်းနဲ့သေယင် ဒုတိယဘဝမှာ သောတာပန် တည်နိုင်တယ် - (မှန်ပါ)၊ အရိယာတို့၏ သုဂတိဒေပါ့ဗျာ.... သုဂတိဖြစ်ပြီးတော့ အိပ်သောယောကျ်ား နိုးသောလားကဲ့သို့ ဒုတိယဘဝမှာ သေသေချာချာ သောတာပန်တည်မယ် - (မှန်ပါ)။

ဒီနေ့ ဒကာ ဒကာမတွေ ဟောရမှာက အရိယသာဝကား အလျင်တုန်းကတော့ သာဝက ဆိုတဲ့ တပည့်၊ ယနေ့တော့ ကိုယ်ကိုယ်တိုင် ဆရာဖြစ်တဲ့ လမ်းကို ဟောမယ်လို့ မှတ်ပါ - (မှန်ပါ)၊ ရှစ်ပါးပြည့်သွားတော့ ဘာတုံး - (ကိုယ်ကိုယ်တိုင် အရိယာ ဖြစ်သွားပါတယ်)၊ ကိုယ်ကိုယ်တိုင် အရိယာ ဖြစ်သွားပြီ။

ဒီကျတော့ ဘယ်သူမှ မသင်နဲ့ဦးတော့ အရိယာက ဖြစ်နေတော့ သူ့ဟာသူလဲ ကယ်နိုင်တယ် ဆရာမပါတောင်မှ - (မှန်ပါ)၊ သောတာပတ္တိမဂ်ရပြီးတယ် ဆိုယင် ဆရာမပါဘဲလဲ တက်နိုင်တယ် - (မှန်ပါ)၊ ဒါကြောင့် မနေ့ကဟာလိုက်တာက အရိယသာဝက ဟောလိုက်တယ်၊ ဒီနေ့တော့ ကိုယ်တိုင် အရိယာ အဖြစ်ကို ဒကာ ဒကာမတွေ နားလည်ရလိမ့်မယ်လို့ မှတ်ထားပါ - (မှန်ပါ)။

ဒါဖြင့် သူက မဂ္ဂသစ္စာ၊ သူက မဂ္ဂ အရိယသစ္စာ၊ အရိယာ တိုးလာတယ် - (မှန်ပါ)။

ငါးခုက ဘာပါလိမ့် .... (မဂ္ဂသစ္စာပါ)၊ ရှစ်ခုပြည့်သွားယင် - (မဂ္ဂအရိယသစ္စာပါ)။

http://www.dhammadownload.com



ဪ.... ဒို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ယနေ့ပွားများမှု အစဉ်ကိုလဲ ဆရာဘုန်းကြီးပြတော့မှာပဲ၊ ငါးပါးက ရှစ်ပါး ပြည့်ဖို့ဆိုတာလဲ သိပ်မဝေးလှပါဘူး။

အဲဒီတော့ သာဝကအဖြစ်မှ အရိယာအဖြစ်သို့ ပြောင်းလဲ နိုင်တယ်လို့ ဒကာဒကာမတွေကလဲ ယုံကြည်ကြပါ - (မှန်ပါ)၊ ဒီတရားမျိုးဟောယင် ဘယ်သူမှ မနာချင်ဘူး၊ နာမည့်သူလဲ မရှိဘူး - (မှန်ပါ)။

ကဲ....ဒါတွေက တကယ့် အထက်တန်း တရားတွေပါကွ၊ ဒို့လိုချင်တာနဲ့ ဒါနဲ့ တစ်ခြားစီပါကွ၊ ဒို့က အမျိုးမျိုးသော လောကီအာရုံ ကာမဂုဏ်တွေကို ကြိုက်နှစ်သက် နေတာတွေ ကြောင့် လူ့ပြည်နတ်ပြည်ဆိုတာလဲ ငါးပါးအာရုံ ကာမဂုဏ် ပါပဲ - (မှန်ပါ)။

အဲဒီတော့ ဒါဟောမယ်ကြံတော့ကို ဒကာဒကာမတို့အခြေ ကလေးတည်ပေးပါဦးတဲ့၊ ယခုနှစ်မှ နာရတဲ့ ဒကာဒကာမတွေ ကလဲ ပါနေတော့ အခြေမပါဘဲနဲ့ နာလို့ရှိယင်လဲ ဖြစ်စဉ်တော့ သဘောကျသွားမှာပဲ၊ ဖြစ်ရအာရုံကို သဘောမကျဘဲနေလို့ ရှိယင်လဲ ခက်ကြမှာ စိုးတဲ့အတွက် အခြေကလေးက စပြီး ဒကာဒကာမတွေမှတ်ကြ။ အခြေကလေးတည်ပေးမယ်နော် - (မှန်ပါ)။

အခြေမတည်ယင် မဖြစ်သေးဘူးလို့ မှတ်ကြ၊ ဟောမှာက တော့ ဒီခေါင်းစဉ်တော့ ပြလိုက်ပြီ၊ မဂ္ဂ သစ္စာက မဂ္ဂ အရိယာ သစ္စာရောက်အောင် ယနေ့ ဟောလိမ့်မယ်- (မှန်ပါ)၊ မနေ့က

http://www.dhammadownload.com



သူများ၏တပည့်၊ ယနေ့ ကိုယ်ကိုယ်တိုင်ဆရာဖြစ်အောင် ဟောလိမ့်မယ် - (မှန်ပါ)။

အဲဒီတော့ တရားကဖြင့် ဒုက္ခဒုက္ခမတွေ့ ဘာမှ လိုလေသေးမရှိအောင်ဘဲ ဆရာဘုန်းကြီးတော သင်လဲသင်မှာပဲ၊ ပြလဲပြမှာပဲ၊ သို့သော် လုပ်ယူမှုရမယ်ဆိုတာ မနေ့က ဆုံးဖြတ်ချက်ချထားတဲ့အတွက် ငါးပါးက ရှစ်ပါးဖြစ်ချင်လို့ရှိယင် သုံးပါးမထည့်ယင် မဖြစ်ဘူးဘဲ၊ ဖြစ်ကြပါ့မလား -(မဖြစ်ပါဘူး)။

ဒါဖြင့် သုံးပါးထည့်မှုဖြစ်မှာ ဖြစ်နေသောကြောင့် သုံးပါးထည့်တာသည် ထိုင်နေလို့တော့ အလိုလိုဝင်မှာမဟုတ်ပါဘူး-(မှန်လှပါ)၊ ဝင်ပါ့မလား - (မဝင်ပါဘူး)၊ အားထုတ်လိုက်ယင်တော့ဖြင့် - (ဝင်မှာပါဘုရား)၊ ဝင်လာလိမ့်မယ်ဆိုတာမှတ်ထားလိုက်တော့ ဘုန်းကြီးတို့ ဒုက္ခဒုက္ခမတွေ့ ရှင်းလို့လင်းလို့သွားပါတယ် - (မှန်ပါ)။

သို့သော် အားလုံး ဒုက္ခ ဒုက္ခမတွေ့ဟာ လောကီမှာကျတော့ ခင်ဗျားတို့ အရောင်းအဝယ်တွေမှာတော့ ဆရာတွေပဲ၊ ကိုယ့်အတတ် ကိုယ့်ပညာနဲ့ကိုယ် ကိုယ့်ဆရာတွေမဲ၊ လောကုတ္တရာကျတော့ ခင်ဗျားတို့ ဘယ်က စသင်ရမလဲ မေးတော့ က-ကြီး ခ-ခွေး က စသင်ရမယ် — (မှန်ပါ)၊ သူ့နေရာနဲ့သူကိုဗျ — (မှန်ပါ)။

လောကုတ္တရာ ကျတော့ ခင်ဗျားတို့ ဘယ်အခြေအနေက စ-သင်ရမယ်ထင်သတုံး-(က-ကြီး ခ-ခွေးက စ-သင်ရပါမယ်)၊ အဲ... ဝိပဿနာ၏ က-ကြီး ခ-ခွေးက စ-သင်ရမယ်- (မှန်ပါ)။

http://www.dhammadownload.com



ဒီ့ပြင်ဟာ မဆိုပါဘူး၊ ဝိပဿနာမှာလဲ သူ့ ကကြီး ခကွေး ရှိပါသေးတယ်-(မှန်ပါ)၊

အဲဒီတော့ သူ့ ကကြီး ခကွေးက စ-သင်မှသာလျှင် ဒကာ ဒကာမတွေ ငါးပါးက ရှစ်ပါး ဖြစ်လိမ့်မယ်လို့ မှတ်တော့၊ အခု နာရတဲ့ ဒကာ ဒကာမတွေ ဪ...အခြေနဲ့ တကွ ပါပြီးတော့ တို့သည်ကား ကျင့်ရ,ကြံရတော့မှာပဲလို့ စိတ်ထဲမှာ အောက်မေ့ကြပါ-(မှန်ပါ)။

အခြေဆိုတာ ဘာတုံးဆိုတော့ ဝေဒနာနုပဿနာက နေ တတ်တယ်၊ ဝေဒနာနုပဿနာကနေ တက်တော့ကို ဝေဒနာ နိရောဓ တဏှာနိရောဓော ဆိုသောကြောင့် တဏှာချုပ်ယင် နိဗ္ဗာန်ပဲ ဆိုသောကြောင့် ဝေဒနာဟာ နိဗ္ဗာန်ရဖို့ အနီးဆုံး တရားတစ်ခုပဲ-(မှန်ပါ)။

ဝေဒနာပစ္စယာလဲ တဏှာ၊ တဏှာ ချုပ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာပစ္စယာ ဘယ့်နှယ်ဆိုကြမလဲ- (တဏှာ နိရောဓောပါဘုရား)၊ တဏှာ နိရောဓော နိဗ္ဗာန်-လို့ တစ်ခါ ဘုရားက ဟောလိုက်ပြန်တယ်-(မှန်ပါ)။

တဏှာ နိရောဓော နိဗ္ဗာန်ဆိုတော့ တဏှာ ချုပ်အောင် လုပ်နိုင်လို့ရှိယင် နိဗ္ဗာန်ပဲလို့ဆိုတော့ ခင်ဗျားတို့ နိဗ္ဗာန်ဆိုတာက အကြောင်း အကျိုး ဆက်လိုက်တဲ့အခါ ဒီနေရာမှာ အကျိုး ဖြစ်ပြီးသကာလနေတော့ ဝေဒနာ နိရောဓော မဖြစ်ယင် တဏှာ နိရောဓော ဖြစ်ပါမလား-(မဖြစ်ပါဘူး)။

တဏှာ နိရောဓော မဖြစ်ယင် တဏှာ နိရောဓော နိဗ္ဗာန် ဆိုတာကော-(မဖြစ်ပါဘူး)၊ မဖြစ်နိုင်ဘူး။

http://www.dhammadownload.com



ဤကဲ့သို့ သံယုတ် ပါဠိတော်တွေမှာ အကြောင်း အကျိုးဟောချက်တွေရှိတော့ ဒကာ ဒကာမတို့ ဝေဒနာသိမှ ဝေဒနာနိရောဓကို သိမယ်၊ ဝေဒနာမသိယင် - (ဝေဒနာ နိရောဓ မသိနိုင်ပါဘူး)၊

ကောင်းပြီ.... ဒါဖြင့် ဒီနှစ်မှစပြီး နာရတဲ့ ပုဂ္ဂိုလ်များ ဝေဒနာဖြစ်တာကိုသိမှ ဝေဒနာနိရောဓ- ဝေဒနာချုပ်တာ သိမယ်၊ ဝေဒနာဖြစ်တာ မသိယင်-(ဝေဒနာချုပ်တာမသိပါဘူး)။

အဲဒီတော့ လောကီ-ဥပမာပြောကြပါစို့ ဆိုလို့ရှိယင် ချုပ်တာ သိဖို့ဆိုတော့ ချုပ်တာဟာ သေတာပဲ-(မှန်ပါ)။

မသာပို့ ကြွတော်မူပါလို့ ကိုထွန်းကို ဖိတ်လိုက်တယ်၊ အရပ်လဲ မပါဘူး၊ နေရပ်လဲ မပါဘူးဆိုယင် ခင်ဗျား ဘယ်သွားမတုံး- (သွားလို့မရပါဘူး)၊ ဒါဖြင့် မသာနဲ့ မတွေ့ပေဘူး.... (မတွေ့ပါဘူး)၊ ဒီမှာလဲ သုခဝေဒနာဟာ ဘယ်နေရာမှာ သူမသာပေါ်တယ်ဆိုတာ ခင်ဗျားတို့ သူပျက်တာ သိမှ-(မှန်ပါ)။

ဒုက္ခဝေဒနာ မသာသိချင်ယင် မသာဖြစ်နေတဲ့ နေရာဟာ ဘယ်နေရာဆိုတာ သိမှ- ဥပေက္ခာဝေဒနာဟာ ဘယ်နေရာမှာ မသာဖြစ်နေတယ်ဆိုတာ သိမှသာလျှင် ဒီနေရာမှာ ဒီနေရာ သေတယ်ဆိုတဲ့ ဖြစ်ပျက်ကိုသိမယ်-(မှန်ပါ)၊ နို့မဟုတ် သိကြပါ့မလား-(မသိပါဘူး)။

ဒါကြောင့် နေရာကလေးကို ယနေ့ ရှေးဦးစွာ ကျကျနန မြဲရမယ်၊ နေရာကလေး မြဲပြီးတော့မှ ငါးပါးက ရှစ်ပါးဖြစ်တာ သွားကြစို့တော့-(မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဒကာ ဒကာမတွေ ရှင်းပြမယ်၊ ခင်ဗျားတို့ ကိုယ်ပေါ်မှာ ကိုယ်ဆိုတာ တစ်ကိုယ်လုံးပေါ့ဗျာ— ခြေဖျား ဆံဖျားစတဲ့ ကာယ ပသာဒ မဖြစ်နိုင်တဲ့ နေရာတွေချန်၊ ကျန်တဲ့ နေရာတွေမှာဖြင့် ကိုယ်ပေါ်မှာ တစ်ခါ တစ်လေ သုခဝေဒနာ ပေါ်တယ်၊ တစ်ခါတစ်လေ ဒုက္ခဝေဒနာ ပေါ်တယ်-(မှန်ပါ)။

ကိုယ်ပေါ်မှာ ဒကာ ဒကာမတို့ ဝေဒနာ ဘယ်နှစ်မျိုး ပေါ်နိုင်သတုံး-(နှစ်မျိုးပေါ်နိုင်ပါတယ်)၊ ဘာပါလိမ့်-(သုခနဲ့ ဒုက္ခပါဘုရား)၊ ဒါကလေး မှတ်ထားပါ၊

ကိုယ်ပေါ်မှာ ပေါ်တယ် ဆိုပေမယ့်လဲ တစ်ကိုယ်လုံးမှာ ပေါ်နိုင်တာ ပြောတာနော်....၊ သို့သော် ပေါ်ချင်တဲ့ နေရာကွက်ပေါ်မှာပဲ၊ သူ ပေါ်နိုင်တဲ့ နေရာဌာနကတော့ တစ်ကိုယ်လုံးပဲ-(မှန်ပါ)၊ သို့သော် ပေါ်တဲ့နေရာကတော့လဲ တစ်နေရာမှာပဲ ထူးထူး ခြားခြား ပေါ်ရမယ်-(မှန်ပါ)။

ဒါကြောင့် ကိုယ်ပေါ်မှာ ပေါ်နိုင်တာ သုခနဲ့ ဒုက္ခ၊ သုခဝေဒနာ ရှုပါဆိုလို့ရှိယင် ခင်ဗျားတို့ မျက်လုံးအမြင် ရှုမယ်၊ နားက အကြား ရှုမယ်ဆိုယင် မရဘူး-(မှန်ပါ)၊ မရနိုင်တော့ သချိုင်းမမှန်သေးယင် အသုဘဉာဏ် မပေါ်နိုင်ဘူး- (မှန်ပါ)၊ ပေါ်နိုင်ကြပါ့မလား—(မပေါ်နိုင်ပါဘူး)။

ဒါဖြင့် အရမ်း အနိစ္စပေါ့ဗျာ- (မှန်ပါ)၊ အရမ်း အနိစ္စ ဖြစ်နေယင် ကိုထွန်းကြီး ရှုချင်တိုင်းရှု အလကားပဲ ခရီးမရောက်ဘူး-(မှန်ပါ)၊ အာရုံလွတ်နေပါတယ်။

http://www.dhammadownload.com



အဲဒီတော့ အာရုံလွတ်နေတော့ အာရမ္မဏိက တရားကသော ပေါ်ခွင့်ကို ရရဲ့လား - (မရပါဘူး)၊ ဒါဖြင့် အာရုံမှ မရှိဘဲနဲ့-အာရမ္မဏိကလဲမရှိဘဲနဲ့ ဆိုယင်ဖြင့် အိမ်ရာထဲ ချောင်ရမ်းနေတာနဲ့ အတူတူပဲ-(မှန်ပါ)၊ သဘောကျပလား - (ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ဘာပေါ်ကြသတုံး တစ်ပြိုင်နက်တည်းပြောပါ-(သုခနဲ့ ဒုက္ခ ပေါ်ပါတယ်ဘုရား)၊ အိုက်နေတဲ့အခါမှာ ဘာဝေဒနာ ပေါ်သတုံး - (ဒုက္ခဝေဒနာ ပေါ်ပါတယ်)။

လေပြေလေညှင်းကလေး တိုက်လိုက်တဲ့ အခါ- (သုခဝေဒနာပေါ်ပါတယ်)၊ အေးနေတဲ့အခါမျိုး အအေးလွန်နေယင် ဘာဝေဒနာတုံး-(ဒုက္ခဝေဒနာပါ)၊ ခြုံထည် ရုံသည်ကလေးနဲ့ ပေါင်းစပ်မိတဲ့အခါကျတော့-(သုခဝေဒနာပါ)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာ ကင်းကြရဲ့လား.... (မကင်းပါဘူး)၊ အဲ....ဒီကျမှ ပေါ်လာတယ်၊ ဩော်....ဘယ်အခါမှ ဝေဒနာမကင်းပါလား.... (မှန်ပါ)၊ ကင်းကြသေးရဲ့လား.... (မကင်းပါဘူး)၊ ဝေဒနာကင်းတယ်လို့ ယူဆတဲ့ ပုဂ္ဂိုလ်ကတော့ မသိတာမှတစ်ပါး ဘာမှ အဓိပ္ပါယ် မရှိပါဘူး-(မှန်ပါ)။

ဒီ ဒကာ ဒကာမတွေ ကိုယ်နဲ့သင့်မြတ်တဲ့ ခြုံထည်ရုံသည် တွေကို ဝတ်ရုံပြီး မလာကြရဘူးလား - (လာကြရပါတယ်)၊ ဘယ့်နှယ်ကြောင့် ဒါတွေ ကြပ်စည်းလာရသတုံး မေးယင် ဘယ့်နှယ် ဖြေကြမတုံး - (ဝေဒနာရှိလို့ပါဘုရား)။

အနာရှိလို့....၊ အနာ ဆေးကုပြီး သကာလ ကြပ်စည်ပြီး လာခဲ့ကြရတယ် - (မှန်ပါ)၊ ဒီအတိုင်းလာသို့ရရဲ့လား - (မရ

http://www.dhammadownload.com



ပါဘူး)၊ ကောင်းကောင်းလာလို့ ဖြစ်ပါ့မလား - (မဖြစ်ပါဘူး)။

ဘာ့ကြောင့် ခင်ဗျားတို့ အထပ်ထပ်တွေ အလီလီတွေနဲ့ အပေ့ပေ့တွေနဲ့ ဒကာဒကာမတွေ လာခဲ့ကြပါလိမ့်မတုံးဆိုတော့ ဝေဒနာပပေါ်လို့ပါဘုရား၊ ကြပ်စည်းလာခဲ့ကြတယ်-(မှန်ပါ)၊ ဒီကျတော့ ပြုတ်ကြည့်ပါ၊ ဝေဒနာပြင်းလာလိမ့်မယ်-(မှန်ပါ ပြင်းပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဝမ်းထဲမှာ ဒီဝေဒနာကို သဘော မကျသေးလို့ရှိယင်ဖြင့် ငါက ဘယ်လို သဏ္ဌာလပ်ဝတ်နိုင်တယ်၊ ငါက်ဘယ်လို ဆွယ်တာကို ဝတ်နိုင်တယ်ဆိုတာ ခင်ဗျားတို့ အပြောပါပဲ၊ ရိပ်မိကြပသား - (ရိပ်မိပါပြီ)။

စင်စစ်တော့ ကြမ်စည်းတာထက်ပ ပတ်တီး စည်းတာထက် ပိုပြီးသကာသ သူ့သတ္တိရှိသေးသလား-(မရှိပါဘူး)၊ ရောဂါ သည်တွေ ဝေဒနာမှ မကင်းဘဲကိုးဗျ၊ ဝေဒနာ မကင်းတော့ ဒကာဒကာမတွေ ဘာဆိုကြမယ် - (ရောဂါသည်ပါဘုရား)။

ရောဂါသည်....၊ ဟုတ်တယ် မဟုတ်ဘယ်လဲ ကိုယ့်ကိုယ်ကို ပြန်ကြည့်တဲ့ပေါ့၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တဲ့ အချိန်မှာ ဒို့သည် အကူအညီ ယူထားရသလား - မယူရဘူးလား .... ဒါကိုသာမေးလိုက်ပါ - (ယူရပါတယ်ဘုရား)။

အထည်အလိပ်နဲ့ အကူအညီ ယူရတယ် မရှိဘူးလားဗျ - (ရှိပါတယ်ဘုရား)၊တစ်ခါတစ်လေကျတော့အစားအသောက် နဲ့ အကူအညီ ယူရတာကော - (ရှိပါတယ်ဘုရား)၊ ဒူါဖြင့်

http://www.dhammadownload.com



အတွင်းဆေး၊ အပြင်ဆေးပေါ့ - (မှန်ပါ)၊ ရိပ်မိကြပလား - (ရိပ်မိပါပြီ)။

ဘာတဲ့တုံး - (အတွင်းဆေး၊ အပြင်ဆေးပါဘုရား)။ ဒါလောက် မမာနေတာတောင်မှ မမာမှန်း မသိဘူး ဆိုယင်တော့ ခက်သေးသဗျာ - (မှန်ပါ)၊ အတွင်းဆေးအပြင်ဆေးနဲ့ နေရတာတောင်မှ ကျန်းမာပါတယ်လို့ ပြောယင်တော့ ဦးဘာ အုန်း ခက်ပြီ....(မှန်ပါ)၊ မခက်သေးဘူးလား - (ခက်ပါတယ်ဘုရား)။

ဘယ်ဆေးနဲ့ နေကြရသလဲ - (အတွင်းဆေး အပြင်ဆေးနဲ့ နေကြရပါတယ်)၊ အတွင်းကို ခင်ဗျားတို့အိမ်မှာ ၃-နာရီ ၄-နာရီ သို့မဟုတ်လဲ အခုလာခါနီး၊ အတွင်းဆေးကုပြီးမှ လာနိုင်တယ် - (မှန်ပါ) သဘောကျပလား - (မှန်လှပါ)။

အပြင်ဆေးက ဒီခရီးနဲ့ ဒီခရီး နည်းနည်း ဝေးတယ်ကွာ၊ လေတွေတိုက်ဘာလဲ များလိမ့်မယ်၊ လုံလို့ရှိယင်လဲ လုံသလို ဝတ်တာပေါ့၊ မလုံသို့ရှိယင်လဲ စောင်ထူထူခြုံတာပေါ့ ဆိုတော့ ခုနင်က အတွင်းဆေးလဲ ကုပြီးလို့ အပြင်ဆေးကို တစ်ခါတည်း ခြုံရတော့တာပဲ - (မှန်ပါ)၊ မခြုံရဘူးလား - (ခြုံရပါတယ်ဘုရား)။

ဒါဖြင့် ဒီကိုလာတဲ့ ဒကာဒကာမတွေဟာ ကျန်းမာ ချမ်းသာလို့ လာနိုင်ကြသလားမေးယင် ဘယ့်နှယ်ပြောမလဲ- (မဟုတ်ပါဘူးဘုရား)၊ အတွင်းဆေးအပြင်ဆေးကိုခပ်ကုပြီး လာခဲ့တာပဲ....၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

http://www.dhammadownload.com



အတွင်းဆေး အပြင်ဆေးနဲ့ လာခဲ့ရတယ်၊ ဒီကြားထဲမှာ လမ်းမှာ မူးမှာစိုးလို့ အိတ်ကလေးနဲ့များ ထည့်ခဲ့ရသေးတယ်၊ ရှူဆေး ရှိုက်ဆေးကလေး - (မှန်ပါ)၊ ဒါလောက်တောင် မကျန်းမာတာဖြင့် ပေါလောက်ပါပြီ- (မှန်ပါ)၊ ဒါကြောင့် တစ်နေ့က ပြောခဲ့တာ၊ နကုလပိတာ ကို ဟောလိုက်တဲ့နေရာမှာ ဒကာ ဒကာမတို့ ခန္ဓာကိုယ် ဆောင်ထားပြီး ကိုယ့်ကိုယ်ကို ကျန်းမာတယ် ထင်နေတဲ့ လူဟာ မိုက်မဲတာမှတစ်ပါး ဘာမှ အဓိပ္ပါယ် မရှိပါဘူးတဲ့- (မှန်ပါ)၊ ဆိုတော့ ခင်ဗျားတို့ ဒီနေ့ ကျန်းမာကြရဲ့လား - (မကျန်းမာပါဘူး)။

အတွင်းဆေး အပြင်ဆေး လွှဲကိုလွှတ်ရပြီလား- (မလွှတ်ရ ပါဘူးဘုရား)၊ ဘယ်တော့လွှတ်ရမှာတုံး - ခန္ဓာရှိယင် ဘယ် တော့မှ မလွှတ်ရဘူး - (မှန်ပါ)။

ဘယ်တော့ လက်လွှတ်ရမတုံး ဆိုတော့ ခင်ဗျားတို့ ခန္ဓာ ဇာတ်သိမ်း ငြိမ်းမှပဲ ဆေးလက်လွှတ်ရမယ်-(မှန်ပါ)၊ ဒီကြား မှာဖြင့် မလွှတ်ရဘူးဆိုတာ သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် အတွင်းဆေး အပြင်ဆေးအပြင် ရှူဆေး ရှိုက် ဆေး ဆိုတာတွေကလဲ ကိုထွန်း ဘယ့်နှယ်နေသတုံး – (မနည်း ပါဘူး)၊ အမြဲ ဆောင်ထားရတယ်၊ ရောက်တဲ့ နေရာမှာလဲ တစ်ခါ ဆေးရုံများ ရှိပါရဲ့လားဆိုတာ မေးရသေးတယ်.... (မှန်ပါ)။

ခန္ဓာကိုယ်အသွားက ရောက်တဲ့နေရာလဲ ကျယ်ကျယ် ဝန်း ဝန်း နေရာ ထိုင်ရာနဲ့ သန့်သန့်ရှင်းရှင်းနဲ့ အနံ့ဆော် ကင်းကင်းနဲ့ ရှိပါရဲ့လား၊ ကျောင်းကြီး ကျောင်းငယ်များကော သွားစရာ ရှိပါရဲ့

http://www.dhammadownload.com



လား၊ ဒီကျတော့လဲ အနာထပြီး အနာကြွဦးမှာလဲ ခင်ဗျားတို့က သိထယ်-(မှန်ပါ)၊ မသိရဘူးလား-(သိရပါတယ်)။

သိရတော့ ဒီရောက်တဲ့နေရာမှာလဲ ဆေးရုံမေးပြီး သကာလ ဆေးရုံ၏အကြောင်း ကောင်းကောင်းသိမှ လာရဲတယ်ခင်ဗျား တို့-(မှန်ပါ)၊ နို့မဟုတ် လာရဲလား-(မလာရဲပါဘူး)၊ ဒီတော့ အနာကင်းလို့ မေးတာလား၊ အနာရှိလို့ မေးတာလား- (အနာ ရှိလို့ မေးတာပါ)။

ဒါဖြင့် ခင်ဗျားတို့ဥစ္စာ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ် အနာ ရှိတာ ချည်းပဲလို့ ဘုရားဟောတော်မူတာများ ခင်ဗျားတို့ အင်မတန် ယုံကြည်စရာ ကောင်းပါတယ်၊ ဦးဘကြည် ဘယ့်နှယ်တုံး.... (တပည့်တော်ယုံပါတယ်ဘုရား)။

လာခဲ့ရတာ လွတ်လွတ်လပ်လပ်ပဲလား၊ အတွင်းဆေး၊ အပြင် ဆေးနဲ့ပဲလား–လို့ မေးလိုက်တယ်-(အတွင်းဆေး၊ အပြင်ဆေး နဲ့ပါဘုရား)၊ အံမယ်လေး ကြောက်စရာပါလားဗျ၊ စိတ်ချရတဲ့ အကွက်ကို ပါရဲ့လား-(မပါပါဘူး)။

စိတ်ချရတဲ့အကွက်ကို ဒကာ ဒကာမတို့ လုံးလုံး မပါဘူး၊ ဘာ့ကြောင့်တုံးဆိုတော့ သုခဝေဒနာ မရှိယင် ဒုက္ခဝေဒနာရှိ မယ်–(မှန်ပါ)၊ မရှိပေဘူးလား-(ရှိပါတယ်)၊

ကောင်းပြီ– ဒကာ ဒကာမတို့ ဒါ ဝိပဿနာ၏ ဇကြီး၊ ဇကွေးပဲ-(မှန်ပါ)၊ ကိုယ်ပေါ်မှာ ဒကာ ဒကာမတို့ ဘာ ဝေဒနာ ပေါ်နိုင်သတုံး-(သုခ ဝေဒနာနဲ့ ဒုက္ခဝေဒနာ ပေါ်နိုင် ပါတယ်)၊ ပြိုင်ပေါ်သလားမေးယင်- (မဟုတ်ပါဘူး)။

http://www.dhammadownload.com



တစ်ခုချုပ်ပြီးမှ တစ်ခု ပေါ်နိုင်တယ် - (မှန်ပါ)၊ တစ်ခု ချုပ်ပြီးမှ တစ်ခုပေါ်တယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းရှင်း လင်းလင်း မှတ်ပါ၊ ဒါကို နေ့တိုင်း ဟောမှနေနိုင်ဘူးနော်- (မှန်ပါ)၊ သူကနေ စခန်းတက်တဲ့ သောတာပန် တည်နိုင်မှုကို အရေးတကြီး ဟောရမှာ.... (မှန်ပါ)၊ ဒါတာ သချုပ် သဘော ပြောနေရတာ-(မှန်ပါ)။

နောက်ဆာ ဒကာ ဒကာမတွေ ကိုယ်ပေါ်မှာ ဘာဝေဒနာ ပေါ်နိုင်သတုံး-(သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ပေါ်နိုင်ပါတယ် ဘုရား)၊ သုခ ဘယ်အချိန် ပေါ်သတုံး- အိုက်နေလို့ လေပြေ လေညှင်းတိုက်ယင် ဘာပေါ်သတုံး- (သုခဝေဒနာ ပေါ်ပါ တယ်)၊ နဂိုက ဘာရှိနေသတုံး- (ဒုက္ခဝေဒနာ ရှိနေပါတယ်)။

ဪ....ဒါဖြင့် ဒုက္ခ တစ်လှည့် သုခ တစ်လှည့် နေရတာ ပေါ့-(မှန်ပါ)၊ အဲဒါ ခင်ဗျားတို့က ပြိတ္တာဘုံကျတော့ ပြော လိုက်ကြတာ နေ့စံ-ညခံ၊ ဒီ ပြိတ္တာတော့ မဖြစ်ချင်ပါဘူးတဲ့၊ ခင်ဗျားတို့ကတော့ ဘာဖြစ်နေသတုံး မေးယင် ဘယ့်နှယ် ပြော မလဲ-(ပြိတ္တာလိုပါပဲ ဘုရား)၊ သုခနဲ့ ဒုက္ခ လှည့်ခံနေရတာပဲ- (မှန်ပါ)။

ကောင်းပြီ.... ဒါဖြင့် ကိုယ်ပေါ်မှာ သုခ ဒုက္ခ ဝေဒနာပေါ် တယ် ဆိုသဖြင့် တစ်ကိုယ်လုံးလို့ မှတ်လိုက်ပါ၊ ရှင်းပလား.... (ရှင်းပါပြီ)၊ စာနဲ့ ပေနဲ့ ကြည့်ချင်တော့ သုခ သဟဂတံ ကာယဝိညာဏံ၊ ဒုက္ခသဟဂတံ ကာယဝိညာဏံ ဆိုတော့ ပါဠိ တော်နဲ့လဲ ကိုက်သွားပြီမဟုတ်လား-(မှန်ပါ)။

http://www.dhammadownload.com



ကောင်းပြီ.... ဒါဖြင့် ကိုယ်ပေါ်မှာ ဒကာ ဒကာမတို့ သုခ ဝေဒနာနဲ့ ဒုက္ခဝေဒနာမှ တစ်ပါး တစ်ခြားဝေဒနာ မပေါ် နိုင်ဘူး-(မှန်ပါ)၊ ရှင်းပြီနော်-(မှန်ပါ)။

ဝမ်းထဲကျတော့ ဟဒယဝတ္ထု၊ နှလုံးသွေးထဲကျတော့ ဝမ်း သာတယ်ဆိုတာ နဂိုအတည်းက စကားထဲမှာ ပါတယ်၊ ဝမ်း ထဲက သာယာတာ-(မှန်ပါ)၊ ဝမ်းသာတာဆိုတာ ဝမ်းထဲက သာယာတာ ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ ဟဒယ ဝတ္ထု နှလုံးသွေးထဲမှာ အာရုံကောင်းနဲ့ တွေ့လို့ရှိယင်ဖြင့် ဝမ်း သာတယ် ဆိုတဲ့ သုခဝေဒနာ(သောမနဿ) မပေါ်ဘူးလား- (ပေါ်ပါတယ်)။

ဒါဖြင့် ဝမ်းထဲမှာ သုခဝေဒနာ (သောမနဿ) ပေါ်နိုင် တယ်-(မှန်ပါ)၊ ပေါ်တာသိမှ ပျက်တာသိမှာကိုးဗျ-(မှန်ပါ)။ ပေါ်တာမသိယင်-(ပျက်တာမသိပါဘူး)။

အဲဒါကြောင့် ဒကာ ဒကာမတို့ သူ့နေရာဌာန သချိုင်းမှန် ကလေးကိုလဲ မပြလို့ရှိယင် ဦးလှထွေး ရ-မရ- (မရပါဘူး)၊ ရမ်းအနိစ္စဖြစ်မယ်၊ ဦးသံဒိုင် မဖြစ်ပေဘူးလား-(ဖြစ်ပါတယ်)။

ဒါဖြင့် ဒီဟာ သေသေချာချာ မှတ်ရမယ်၊ ဒါ သေသေ ချာချာ မှတ်ရမယ်-(မှန်ပါ)။

ဒါဖြင့် အာရုံတစ်ခု အကြောင်းညီညွတ်လို့ ကျေးဇူးရှိတဲ့ ကုန်တစ်ခု၊ မုန်းခြေပေါက် ကျေးဇူးရှိတယ်ဆိုတဲ့ဥစ္စာကြားရပြီး လက်ထဲတော့ မရောက်သေးဘူး၊ ဝမ်းသာမလာဘူး-မသာဘူး လား-(သာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ ဘာဝေဒနာတုံး - (သုခဝေဒနာပါဘုရား)။ ဘယ်မှာ ပေါ်ပါလိမ့်-(ဟဒယဝတ္ထုမှာပါ)၊ နားထဲက ကြားရရုံတင် ကြားရတာ ဝမ်းသာတာက ဝမ်းထဲက သာပါတယ်-(မှန်ပါ)။ ဒါဖြင့် ဝမ်းထဲမှာ သုခဝေဒနာလဲ ပေါ်နိုင်တယ်၊ ဟုတ်လား-(မှန်ပါ)။

မှန်းခြေမှပေါက် ဖြစ်တဲ့အခါကျတော့ အထင်ကြီးနဲ့ လွှတ်လိုက်တာ မှန်းခြေကမပေါက်ဘူးဆိုတော့ ကြားရပြီဗျာ၊ ဝမ်းထဲမှာ ဘာဝေဒနာပေါ်မတုံး- (ဒုက္ခဝေဒနာ ပေါ်ပါတယ်)။ ဘယ်ထဲ ဒုက္ခရောက်သတုံး မေးယင်ကော- (ဟဒယဝတ္ထုပေါ်မှာပါ)၊ ဝမ်းထဲမှာ ဒုက္ခရောက်တယ်၊ သဘောကျပလား-(မှန်ပါ)။

ဝမ်းထဲမှာ ဒုက္ခဝေဒနာရောက်သွားပေါ့ဗျ၊ ခင်ဗျားတို့ တစ်ချို့များ မကောင်းတာ ကြားလိုက်ရလို့ နှလုံးသွေးများ ပျက်သွားလိုက်သေးတယ် - (မှန်ပါ)၊ နှလုံးသွေးဆိုတာ ဝမ်းထဲမှာ ပျက်တာမဟုတ်လား - (မှန်ပါ)၊ အဲဒီနှလုံးသွေးထဲမှာ ပေါ်ရတာ မဟုတ်သား ဒီဝေဒနာကလေး-(မှန်ပါ)။

ဒါဖြင့် ဝမ်းထဲမှာ သုခဝေဒနာလဲ ပေါ်နိုင်တယ်၊ ဒုက္ခဝေဒနာကော-(ပေါ်နိုင်ပါတယ်ဘုရား)။

ဘာမှမတိုက်ဆိုင်တဲ့ ကုန်ပစ္စည်းမျိုးကျတော့ အရှုံး အမြတ် အလိုမရှိဘဲနဲ့ ကိုယ့်အိမ်မှာနေလဲ ကုန်ဆေးပြီး ရှုံးနေတာပဲ၊ ဒီ့ထက်လဲ ရှုံးပြီး ရောင်းလိုက်ရတယ်ဆိုဦးတော့ အို....ကမ္မဿကာပေါ့ဗျာ၊ ကမ္မဿကာထားနိုင်တဲ့ နေရာတွေကော မရှိကြဘူးလား-(ရှိပါတယ်)၊ အဲဒီ ကမ္မဿကာဆိုတာ ဥပေက္ခာ-

http://www.dhammadownload.com



(မှန်ပါ)၊ ဘယ်မှာပေါ်သတုံး– (ဟဒယဝတ္ထုပေါ်မှာ ပေါ်ပါတယ်)။

ဒါဖြင့် ဟဒယ ဝတ္ထုမှာ ဘယ်နှစ်မျိုး ပေါ်နိုင်သတုံး– (သုံးမျိုး ပေါ်နိုင်ပါတယ်)၊ သုခ ဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပေက္ခာဝေဒနာ-(မှန်ပါ)။

ဒါလဲ မှတ်မထားလို့ရှိယင် ဘယ်လို ပဋိစ္စသမုပ္ပါဒ် ဆက်ဆက် မရဘူး-(မှန်ပါ)၊ ရပါ့မလား – (မရပါဘူး)၊ ပဋိစ္စ-သမုပ္ပါဒ် ဖြတ်ပြကော-(မရပါဘူး)၊ မသိနိုင်ဘူးတဲ့၊ သူ့နေရာနေ ဖြတ်ပြီး သူ့နေရာကနေ ချုပ်ရမှာကိုးဗျ– (မှန်ပါ)။

ကိုင်း....ဒကာ ဒကာမတို့ နှလုံးသွေးထဲမှာ ဝမ်းထဲမှာတော့ ဝေဒနာ ဘယ်နှစ်မျိုး ပေါ်နိုင်သတုံး– (သုံးမျိုးပါဘုရား)၊ ပြိုင်ပေါ်နိုင်သလား-(မပေါ်နိုင်ပါဘူးဘုရား)၊ တစ်ခုချုပ်ပြီးမှ တစ်ခုပေါ်ရမှာပဲ-(မှန်ပါ)။

နို့....ဘယ်သူက အလျင်ပေါ်၍ ဘယ်သူက၊ နောက်ပေါ်မှာတုံးဆိုတော့ အဲဒါတော့ မမေးနဲ့၊ ခင်ဗျားတို့ အာရုံအတိုင်း ဖြစ်လိမ့်မယ်–(မှန်ပါ)၊ ရှင်းပလား-(မှန်လှပါ)။

ဘယ်လို ဖြစ်ကြမယ်-(အာရုံအတိုင်း ဖြစ်မှာပါ)၊ခင်ဗျားတို့ အာရုံက ချမ်းသာတဲ့အာရုံ, ဣဋ္ဌာရုံနဲ့တွေ့ယင် သုခပေါ်မှာပဲ၊ ဆင်းရဲတဲ့အာရုံ, အနိဋ္ဌာရုံနဲ့တွေ့ယင် .... (ဒုက္ခပေါ်ပါမယ်)၊ အလယ် အလတ် အာရုံနဲ့တွေ့ယင်-(ဥပေက္ခာ ပေါ်ပါမယ်)။

ဒါကတော့ အာရုံအတိုင်း ပေါ်ရမယ်ဆိုတော့ ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ဘာပေါ်လဲ – (သုခနဲ့ ဒုက္ခပါ)၊ ဝမ်းထဲကတော့ - (သုခ ဒုက္ခ ဥပေက္ခာပါဘုရား)၊ အဲဒီတော့

http://www.dhammadownload.com



ဒြေပ်....တို့သန္တာန်မှာ ဒီလို ဝေဒနာတွေက ရှိနေသကိုး-လို့ မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်)။

ဒီဝေဒနာမရှိယင် ဒီဝေဒနာရှိမှာပဲ၊ ဝမ်းထဲမှာလဲ ဒီဝေဒနာ သုံးခုအနက်က တစ်ခုခုက ရှိမှာပဲ .... (မှန်ပါ)၊ ဒီတော့ ဒကာ ဒကာမတွေမှာ ဘယ်အချိန်မှ ဝေဒနာမကင်းဘူးဆိုတာ ကျေနပ်ကြပလား-(ကျေနပ်ပါပြီ)

ကိုင်း... ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ကိုယ့်ကိုယ်ကို ဝေဒနာကင်းတယ်များ ရှိကြရဲ့လား-(မရှိပါဘူး)၊ ဝေဒနာ ဘယ်တော့မှ မကင်းဘူးနော်-(မကင်းပါဘူး)။

ကောင်းပြီ.... ထမင်းဆာတော့ ဒကာ ဒကာမတို့ ဒုက္ခ ဝေဒနာ ပေါ်တယ်၊ သဘောကျပလား-(ကျပါပြီ)၊ ထမင်း ဆာလို့စားလိုက်တဲ့အခါကျတော့ ဝမ်းထဲမှာ ဘာပေါ်သတုံး-(သုခဝေဒနာ ပေါ်ပါတယ်)။

ဒါဖြင့် ထမင်းဆာတော့ ဒုက္ခဝေဒနာ-ဆာလောင် မွတ် သိပ်တဲ့ ဝေဒနာဖြစ်ပါတယ်၊ ထမင်းစားတော့ကော-(သုခ-ဝေဒနာဖြစ်ပါတယ်)၊ ထမင်း စားလွန်သွားပြန်တော့-(ဒုက္ခ-ဝေဒနာ ဖြစ်ပါတယ်)။

ဒါဖြင့် ဧဝမျိုးတို့မှာ အနာက ကူလိုက် ပြန်ပေါက်၊ ကူလိုက် ပြန်ပေါက်လိုက်ပဲ-(မှန်ပါ)၊ ကူလိုက်၊ ပြန်ပေါက်လိုက် မနေဘူး လား-(နေပါတယ်ဘုရား)၊ ကူလိုက်၊ ပေါက်လိုက် နေတော့

http://www.dhammadownload.com



သြော်....ဝေဒနာ မကောင်းတော့ဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ မရှင်းသေးဘူးလား-(ရှင်းပါဘယ်)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ခင်ဗျားတို့မှာ ကုစရာ အနာကလဲ ဒွါရခြောက်ပေါက်ရှိတယ်၊ မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ် ဟဒယဝတ္ထုဆိုတဲ့ မနော ဟုတ်သား - (မှန်ပါ)၊ မျက်လုံးပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက် ဟဒယဆိုတဲ့ ငမ်းထဲက အပေါက်၊ အပေါက် ဘယ်နှစ်ပေါက်ရှိသလဲ- (ခြောက်ပေါက်ပါဘုရား)။

အဲဒီခြောက်ပေါက်ကို ခင်ဗျားတို့ မျက်လုံးကြိုက်ကို ဝယ်ပေးရဘဲ့ငွေပေါင်း မရေတွက်နိုင်ဘူး၊ နားပေါက်ကို ဆက်သရတဲ့ငွေပေါင်း-(မရေတွက်နိုင်ပါဘူး)။

နှာခေါင်းပေါက် ဆက်သရတဲ့ ငွေပေါင်း- (မရေတွက်နိုင်ပါဘူး)၊ လျှာပေါက် ဆက်သရတဲ့ငွေပေါင်း- (မရေတွက်နိုင်ပါဘူး)၊ ကိုယ်ပေါက်ကို တန်းဆာဆင်ပြီးသကာလ ကုသရတဲ့ဆေးဖိုးပေါင်း-(မရေတွက်နိုင်ပါဘူး)၊ မနောပေါက် အကြိုက်ကိုလိုက်ပြီးကုသ နေရတာနဲ့ကော-(မရေတွက်နိုင်ပါဘူး)၊ ဒါဖြင့် ခင်ဗျားတို့ ဒွါရခြောက်ပေါက်ဟာ သမုဒ္ဒရာကြီး ခြောက်စင်းလို့ မှတ်လိုက်စမ်းပါ-(မှန်ပါ)။

သမုဒ္ဒရာကြီး ခြောက်စင်းကို ခြောက်စင်းစလုံး ကျောကျေနပ်နပ်ဖြစ်အောင် ခင်ဗျားတို့ ပြေးလွှားပြီး ထည့်ပေးနေဘာပဲ-(မှန်ပါ)၊ ပြည့်မလားလို့ပေါ့ဗျာ-(မှန်ပါ)၊ပြောတဲ့လူကသာလဲပြီး သေတယ်၊ မပြည့်ဘူး-(မှန်ပါ)။

http://www.dhammadownload.com



မျက်လုံးပေါက်ကနေပြီး မျက်လုံးအလိုရှိတာတွေ ပေးနေလိုက်တာ အားလုံး ဒကာ ဒကာမတို့ တော်ပြီ တန်ပြီများတယ်တော့ ပြောဖူးသတုံး- (မပြောပါဘူး)၊ ဒါကြောင့် မျက်လုံးဟာ သမုဒ္ဒရာလို့ပြောထားတယ်-(မှန်ပါ)၊နားဟာကော-(သမုဒ္ဒရာပါ)၊ဒွါရခြောက်ပေါက်စလုံး- (သမုဒ္ဒရာပါဘုရား)။

အဲဒီသမုဒ္ဒရာတွေကို၊ အင်မတန် ကြီးကျယ်တာကြီးကို ခင်ဗျားတို့က အခွန်ထမ်းပြီး သဏ္ဍာလ ဒီအပေါက် အလိုရှိလို့ရှိယင် ဒီအပေါက်က နေပြီးသွင်း၊ နားပေါက်က အလိုရှိယင် နားပေါက်က သွင်းပေးလိုက်၊ နှာခေါင်းပေါက်က အလိုရှိယင် နှာခေါင်းပေါက်က၊ ကိုယ်ပေါက်က အလိုရှိယင် ကိုယ်ပေါက်က သွင်းပေးလိုက်ဆိုတော့...

ဒီအပေါက်တွေ ကျေနပ် လောက်အောင် လုပ်နေရတာ သေတဲ့အခါများ ကျေနပ်ပြီး သေရသလား၊ မပြည့်ဘဲနဲ့ သေသွားရသလား–(မပြည့်ဘဲနဲ့ သေသွားရပါတယ်)၊ ရိုပ်မိကြပလား-(မှန်ပါ)။

ဒါဘာဖြစ်လို့ ခြောက်ပေါက် ပြည့်အောင် အခွန်ဆက်ရပါသတုံး ဆိုတော့ အနာချည်း အတွင်းက ပေါက်နေလို့... (မှန်ပါ)၊ ရိပ်မိပလား-(ရိပ်မိပါပြီ)၊ ပျောက်ကဲ့သလားလို့ မေးတော့- (မပျောက်ပါဘူး)၊ အဲဒါ ခင်ဗျားတို့၏ နေ့မအား ညမအား အခွန်ဆက်ရတာ ဒါပါပဲ-(မှန်ပါ)၊ သဘောကျပလား-(မှန်လှပါ)၊

http://www.dhammadownload.com



ဒွါရခြောက်ပေါက်က နားပေါက်က ပြီးလဲ ဟိုဘက်က လိုလာတာပဲ-(မှန်ပါ)၊ နှာခေါင်းပေါက်ကပြီး လျှာပေါက်ကကော-(လိုလာပါတယ်)၊ လျှာပေါက်ကပြီး ကိုယ်ပေါက်ကကော—(လိုလာပါတယ်)၊ ကိုယ်ပေါက်ကပြီး စိတ်ချမ်းသာ လက်ချမ်းသာနေဖို့ဆိုပြီး မနေပေါက်ကကော- (လိုလာပါတယ်)၊ လိုလာတော့ အဲဒီသမုဒ္ဒရာတွေကို ခင်ဗျားတို့ သမုဒ္ဒရာဆိုတာ မပြည့်နိုင်တာမျိုးဆိုတယ်-(မှန်ပါ)။

ခင်ဗျားတို့ကလဲ ဝန်ထမ်းသမား ကျွန်သမား ဆိုတော့ ဒီအပေါက်တွေကိုတစ်ခါတည်း ဖြည့်စွက်ပြီး ဒါက ဒီအပေါက်ဖို့ ဒါက ဒီအပေါက်ဖို့ လုပ်နေရတာနဲ့ သူတို့ကိုလဲ အခွန်ထမ်းပြီး သကာလ ရှက်ဆေးင်နေရတာနဲ့ ဒကာ ဒကာမတို့ အိုလဲ မအား မျိုလဲမအား ငယ်လဲမအားရတော့ဘူး။ အားကြသေးရဲ့လား-(မအားပါဘူး)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီသမုဒ္ဒရာ ခြောက်စင်း ဖြည့်စွက်နေရလို့--(မှန်ပါ)၊ သဘော ကျပလား-(ကျပါပြီ)။

ဒါဖြင့် ဒီသမုဒ္ဒရာခြောက်စင်း ဖြည့်စွက်နေရတာက ဘယ်လိုကြောင့် ဖြည့်စွက်ရပါလိမ့်မတုံးဆိုတော့ ငမ်းထဲမှာပေါ်တဲ့ သုခ ဒုက္ခ ဝေဒနာတွေကို ငမ်းထဲမှာ ဒီသုံးခု ပေါ်ဖို့ကို ဒီခြောက်ခုက နေ သွင်းနေရတယ်— ရိပ်မိပလား-(မှန်ပါ)။

အဲဒီတော့ အနာကုနေတာ မဟုတ်လား-(မှန်ပါ)၊ ကုသာကုတယ် ပျောက်သလား- မပျောက်ဘဲနဲ့ သေရသလား— (မပျောက်ဘဲနဲ့ သေရပါတယ်)။

http://www.dhammadownload.com



ဒါဖြင့် ဒီဝေဒနာချုပ်မှ ခင်ဗျားတို့ အကုသက်သာမယ်၊ အကုသက်သာမှ အနာလုံးလုံး ပျောက်မယ်-(မှန်ပါ)၊ ရှင်းကြပလား-(ရှင်းပါပြီ)၊ ဝေဒနာ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ ပေါ်ပလား-(ပေါ်ပါပြီ)။

ဒွါရခြောက်ပေါက်ကနေပြီး နေ့စဉ် အခွန် ဆက်နေတာ မျက်လုံးကလဲ ကြိုက်ဦးမှ၊ ကိုယ်ကလဲ ကြိုက်ဦးမှ၊ ဥပမာ.... အသည်းအလိပ် ဆိုလို့ရှိယင် မျက်လုံးက အဆင်ကလေးကလဲ လှဦးမှ၊ ကိုယ်ကလဲ ဆောင်းတွင်းဆိုဘော့ နွေးဦးမှ၊ အံမယ်လေး ဆက်လိုက်တဲ့ အခွန် .... (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ))၊ ခင်ဗျားတို့ မကြိုက်တဲ့အဆင်မျိုး ဝယ်ပေးလို့ရှိယင် ဝတ်မိရဲ့လား-(မဝတ်မိပါဘူး)၊မျက်လုံးက မကြိုက်ဘူး-(မှန်ပါ)၊

ကိုယ်ကတော့လဲ ဆောင်းတွင်းမှာ ဒီအသည်းတော်သားပဲ ဆိုဦးတော့လဲ မျက်လုံးက မကြိုက်တော့ ကိုယ်ကလဲ့ မကြိုက်ဘဲ နေရသေးတယ် ဆိုတဲ့ အမိပ္ပါယ်က အတော် ရှုပ်မနေဘူးလား— (ရှုပ်နေပါတယ်)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ ဒီသမုဒ္ဒရာလောက် ကြီးကျယ်ခမ်းနားတာ ရှိသေးရဲ့လား-(မရှိပါဘူး)၊

ဒါဖြင့် ဒကာ ဒကာမတွေ ကိုယ့်အိမ်မှာလဲ အလုပ်နဲ့ လက်နဲ့ပြတ်တာ ဦးဗထွေး တွေ့ဖူးရဲ့လား—(မတွေ့ဖူးပါဘူး)၊ ဟိုဘက်အိမ်ကြည့်စမ်း·(မတွေ့ဖူးပါဘူး)၊ ဘာလုပ်နေကြသတုံး အခွန်ဆက်နေကြတယ်၊ ဒီသမုဒ္ဒရာကြီး ပြည့်အောင်ဆိုပြီးတော့ (မှန်ပါ)။

http://www.dhammadownload.com



ဟာ... ဒါဖြင့် ဟိုအိမ်က စုတေစိတ်ကျသွားတယ် ဆိုပြန်တော့လဲ သူ့သမုဒ္ဒရာပြည့်လို့ သေတာလား- မပြည့်စုံဘဲနဲ့ လက်မှိုင်ချလိုက်ရတာလား-(မပြည့်စုံဘဲနဲ့လက်မှိုင်ချလိုက်ရတာပေါ)။

မပြည့်စုံဘဲနဲ့ လက်မှိုင်ချပြီး သေပွဲသာ ဝင်လိုက်ရတယ်၊ နေ့ခက်ဘဝ ဆက်ပြီးသကာလ အခွန်ဆက်ဦး၊ သေပွဲ၊ ဟိုဘက်ဘဝ ဆက်ပြီး ဒီအပေါက်က အခွန်ဆက်-(မှန်ပါ သေပွဲပါပဲဘုရား)၊ သေပွဲလမ်းဆုံးသော်လဲ ပြည့်တယ်လို့ ရှိရဲ့လား- (မရှိပါဘူး)။

အဲဒါ ခင်ဗျားတို့ ဒီအနာလောက် ကြီးကျယ်တာ မရှိတော့ဘူးတဲ့ ဘုရားက.... ကဲ... ဝေဒနာကို မဟောသင့်ဘူးလား-ဟောသင့်သလား - (ဟောသင့်ပါတယ်ဘုရား)၊ သဘောကျပလား-(ကျပါပြီ)။

ဒီဝေဒနာတွေ ဒါလောက်ကြီးကျယ်လို့ ဒါလောက်ကုရတာပေါ့ဗျ၊ ဒွါရခြောက်ပေါက်ကနေပြီးတော့ သူက အချိုမှ ခံစားချင်တယ်၊ အကြမ်းမှ ခံစားချင်တယ်၊ အနူမှ ခံစားချင်တယ်၊ ခိုင်မှ ခံစားချင်တယ် အစရှိသည်နဲ့ ခေတ်နဲ့လျော်မှ ခံစားချင်တယ်၊ဟာ....ရွေးထုံးမဲကြိုက်တယ်၊ သူစာ အမျိုးမျိုး ဖြစ်နေတာ- (မှန်ပါ)၊ ဒီအတိုင်း မနေပေဘူးလား - (နေပါတယ်ဘုရား)၊

အဲဒီတော့ ဒါတွေကို ခင်ဗျားတို့က ဒွါရ ခြောက်ပေါက်ရောက်အောင် မပို့ရဘူးလား- အဝေးက ရှာရှာပြီးတော့.... (ပို့ရပါတယ်)၊ပို့တော့ ပြည့်ရဲ့လား-(မပြည့်ပါဘူး)၊မပြည့်

http://www.dhammadownload.com



ဘဲနဲ့ သေပွဲဝင်ရတယ်၊ ရိပ်မိကြပလား- (မှန်ပါ)၊ ဦးမောင်က လေး ဘယ်လောက် ဆိုးသလဲ - (ဆိုးပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ ဆိုးပုံ ပေါ်ပလား - (ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဒါကို ဘယ်သူ နှိပ်စက်တယ်လို့ ဆိုမလဲ-(ဝေဒနာ နှိပ်စက် တာပါ)။

ဒါဖြင့် ဒီဝေဒနာကို ကျုပ်တို့က နှိပ်စက်မှ၊ သူက နှိပ်စက် တာကတော့ တစ်သံသရာလုံး၊ ကျွန်သပေါက်လုပ်ပြီး သူခိုင်း တယ်-(မှန်လှပါ)၊ သဘောကျပလား-(ကျပါပြီ)၊

ဝေဒနာက နှိပ်စက်တာကတော့ ဘာတဲ့- (တစ်သံသရာလုံး ပါဘုရား)၊ ဘယ်အဖြစ်နဲ့ သူက နှိပ်စက်ပါလိမ့်၊ ငါ့ကို အခွန် ဆက်ကြဆိုပြီး ကျွန်သပေါက်အဖြစ်နဲ့ ထားပြီး နှိပ်စက်တာဗျ- (မှန်ပါ)၊ ရှင်းပလား-(ရှင်းပါပြီ)။

သူက အချိုစားချင်တယ်၊ ရှာပေးပါမယ်ခင်ဗျာ၊ အချဉ် စားချင်ကော-(ရှာပေးပါမယ်)၊ အဖန်စားချင်ကော-(ရှာပေး ပါမယ်)၊ ဗိုဇာကြောင်တယ်လို့ ခင်ဗျားတို့က ငြင်းရဲရဲ့လား.... (မငြင်းရဲပါဘူး)၊ တယ်လဲ ကြောက်ပါလား-(မှန်ပါဘုရား)။

ဒါကြောင့် ဝေဒနိန္ဒြေကွ—တဲ့၊ ငါ သာမည မဟုတ်ဘူး၊ မင်းတို့ကို အစိုးရတယ်-(မှန်ပါ)၊ ပေါ်ပလား- (ပေါ်ပါပြီ)၊ ဘာတဲ့တုံး-(ဝေဒနိန္ဒြေပါ)၊ ဝေဒနာက ဝေဒနာ၊ ဣန္ဒြေက အစိုးရတယ်၊ သဘောကျပလား-(ကျပါပြီဘုရား)။

ဝေဒနာခမ်းနားပုံ ယနေ့ သဘောပေါ်အောင် ပြောနေ တယ်-(မှန်ပါ)၊ ဝေဒနာဟာ အလွန်ကြီးကျယ်လို့ ပြောနေ

http://www.dhammadownload.com



တာ၊ တစ်သက်လုံးလဲ ဆပ်လို့မပြေတာဟာလဲ သူ နှိပ်စက်တာ၊ သူ နှိပ်စက်တော့ ယူက သခင်အဖြစ်နဲ့ နှိပ်စက်သလား- ကျွန်အဖြစ်နဲ့ နှိပ်စက်သလား ကျုပ်တို့ကို-(သခင်အဖြစ်နဲ့ နှိပ်စက်ပါတယ်)၊ ဣန္ဒြေကိုးဗျ – အစိုးရတယ်ကွ -တဲ့၊ ငါက မင်းတို့အပေါ်မှာ အစိုးရတယ်-(မှန်ပါ)။

ငါက အချိုစားချင်ယင် မင်းတို့ အချိုကိုမရ–ရအောင်ရှာ၊ မရယင် ငါ ဗိုင်းဗိုင်းလဲလိုက်မှာကိုး၊ ဒီတော့ မလဲတော် မူပါနဲ့ ကျုပ်ရှာပါ့မယ်၊ ဒီအဓိပ္ပါယ်ကော မလာဘူးလား, လာသလား-(လာပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ သေတဲ့ ပုဂ္ဂိုလ်ဘော် ဒီဆေးကလေး မသွင်းလိုက်ရလို့ ပြောသေးတာ၊ မဟုတ်ဘူးလား....(ပြောပါတယ်ဘုရား)၊ ဒီဆေးကလေး မသွင်းလိုက်ရလို့ အဲဒီ တစ်ချက် လိုသွားတယ်ဆိုဘာ ပြောချင်ရာ ပြောသေးတာယ်....(မှန်ပါ)၊ ပြောပေမယ့်လဲ သေမှာပဲ-(မှန်ပါ)။

ဘာ့ကြောင့်တုံးဆိုတော့ အခွန်ဆက်တဲ့လူက အိုပြီဗျ- နာပြီဗျ- မဆက်နိုင်တော့ဘူးဗျ၊ သဘောကျရဲ့လား–(ကျပါတယ်)၊ မဆက်နိုင်တော့ ကဲ...မင်း မဆက်နိုင်တဲ့အတူဘူ ငါ ဗိုင်းဗိုင်းလဲလိုက်တော့မယ်ဆိုပြီး ဝေဒနာ ချုပ်သွားတာပဲ၊ ဝေဒနာ သတ်လိုက်လို့ သေသွားတာပဲ-(မှန်ပါ)။

သတ္တဝါမှာ ဘယ်သူသတ်လို့ သေတာတုံး-(ဝေဒနာသတ်လို့ သေတာပါ)၊ ကျွေးနိုင်ယင် ကျွေး မကျွေးနိုင်ယင် မင်းကို သတ်မယ် ပြောတာပဲ-(မှန်ပါ)၊ ပေါ်ကြပလား-(ပေါ်ပါပြီ)။

http://www.dhammadownload.com



ကျွေးနိုင်လို့ရှိယင် ကျွေးကြပါတဲ့၊ ကျွေးနိုင်လို့ရှိယင် ကျွေးပါ ဆိုတာတောင် မအားအောင် လုပ်ကျွေးတာတောင် ဝတယ်လို့ ထုံးစံ ရှိရဲ့လား- (မရှိပါဘူး)၊ နောက်ကျတော့ မကျွေးနိုင်တော့ပါဘူး၊ ကျုပ် ခေါင်းကိုင်းနားထိုင်း သွားကျိုးဆံဖြူနဲ့ ကျုပ်ဖြင့် ဗိုင်းဗိုင်းလဲပါပြီ၊ ဘယ်လိုမှ စိတ်ကလဲ မကြံ့တတ်တော့ပါဘူး၊ ကိုယ်ကလဲ မသန်ပါဘူးဆိုတော့ လဲလိုက်တော့မယ်၊ မင်းက မဆပ်နိုင်လို့ရှိယင် ငါလဲလိုက်တော့မယ် ဆိုပြီး လဲလိုက်တယ်-(မှန်ပါ)။

ဝေဒနာသတ်ချလိုက်တာလူပေါင်းဘယ်လောက်သေသတုံး (မရေတွက်နိုင်ပါဘူး)၊ ဇရာခြွေဗျ သာမညများမှတ်မနေနဲ့၊ အစိုးရတယ် (မှန်ပါ)၊ ရိပ်မိကြပလား- (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ကြီးကြီးငယ်ငယ် လိုက်ပို့လိုက်ရတာတွေ၊ သူတို့လက်ချက်ချည်းမှတ်- (မှန်ပါ)၊ ဘယ်လူ့လက်ချက်တုံး- (ဝေဒနာ့လက်ချက်ပါဘုရား)၊ သုခ ဝေဒနာ့လက်ချက်၊ ဒုက္ခဝေဒနာ့လက်ချက်ပဲ၊ သုခဝေဒနာ လိုက်စားပါများလဲ သေမှာပဲ -(မှန်ပါ)။

ဒုက္ခဝေဒနာက သိပ်နှိပ်စက်ပါ များကော- (သေမှာပါဘုရား)၊ ဥပေက္ခာဝေဒနာက နှိပ်စက်လို့ တစ်ချို့ မူးမိုက်ပြီး သွားတာတွေကော - (ရှိပါတယ်)၊ သေတာကော မရှိဘူးလား - (ရှိပါတယ်)။

တစ်ချို့က မေ့တယ်ဟုတ်လား၊ တစ်ချို့က စားချင်လျက်သောက်ချင်လျက်နဲ့သေတယ်၊ တစ်ချို့ကလဲ မစားရမသောက်ရ

http://www.dhammadownload.com



လို့ သေတယ်ဆိုတော့ အသုဘ ပို့ကြရတာ ဘာဝေဒနာတွေ မေးမနေနဲ့ ဒီဝေဒနာသုံးမျိုး တစ်ခုခုပဲသာ ဆုံးဖြတ်ချက်ချ-(မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ကမ္ဘာမှာ သန်းပေါင်း ငါးရာပဲရှိရှိ တစ်ထောင်ပဲ ရှိရှိ ရှိချင်သလောက်ရှိ အုပ်ချုပ်ရေးဆရာက ဒီသုံးယောက်ပဲ ရှိတယ်၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

အုပ်ချုပ်ရေးက ဘယ်နှစ်ယောက်ရှိသတုံး - (သုံးယောက် ပါဘုရား)၊ သုခ, ဒုက္ခနဲ့ ဥပေက္ခာပဲ - (မှန်ပါ)၊

ဒါဖြင့် အခုရှင်နေတဲ့ပုဂ္ဂိုလ်က ဘယ်သူ့ကျွန်ခံရသတုံး – (ဝေဒနာ့ကျွန် ခံရပါတယ်)၊ သေနေတဲ့ပုဂ္ဂိုလ်ကို ဘယ်သူ သတ်လိုက်တာတုံး-(ဝေဒနာသတ်ပါတယ်ဘုရား)၊ အံမာလေး ကျွန်ခိုင်းခိုင်းပြီး သတ်တာပါလားဗျ - (မှန်ပါ)၊ပေါ်ပလား-(ပေါ်ပါပြီ)

ဘာတဲ့တုံး ဒကာဒကာမတို့-(ကျွန်ခိုင်းခိုင်းပြီး သတ်တာပါ ဘုရား)၊ ဖြစ်မှဖြစ်ရလေဗျာ။ ဖြစ်မှဖြစ်ရလေတယ်ဦးဘခင် — (မှန်ပါ)၊ ကျွန်ခိုင်းခိုင်းပြီး သကာလ သူ့ကို အခွန်ဆက်လိုက် ရတာက လဲ မနက်မအား နေ့မအား ညမအား၊ အားကြရဲ့ လား - (မအားပါဘူး)၊ နောက်ဆုံးပိတ်ကျတော့လဲ မဆက်နိုင် တော့ပါဘူးဆိုတော့ သတ်လိုက်တာပဲ၊ မသတ်လိုက်ဘူးလား-(သတ်လိုက်ပါတယ်)။

ဒါကြောင့် ဝေဒနာ မာရော-လို့ ဘုရားဟောတော်မူတာ၊ ဝေဒနာ ၊ ဝေဒနာသည်၊ မာရော - သေမင်းကွ....၊ သေအောင်

http://www.dhammadownload.com



သတ်တတ်တဲ့ စက်ရှင်တရား၊သူကြီးပဲ - (မှန်ပါ)၊ မဆိုထိုက်ဘူးလား - ဆိုထိုက်သလား၊ အခု အမြင်နဲ့ပြောယင်လေ - (မှန်ပါ၊ ဆိုထိုက်ပါတယ်)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

အဲဒါလောက်တောင် ဆိုးရွားနေတော့ ဒီဝေဒနာဟာ သူကနိုင်သရွေ့ ကာလပတ်လုံးဖြင့် ကျုပ်တို့က သေပွဲချည်း နွှဲရမယ် သဘောကျပလား - (ကျပါပြီ)၊ ကျုပ်တို့က နိုင်လို့ရှိယင်၊ သေပွဲရှိပါ့မလား - (မရှိပါဘူး)၊ ဒါဖြင့် မခသရာ နိဗ္ဗာန်ပဲ - (မှန်ပါ)။

ဒါကြောင့် ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။ ဘိက္ခု - ရဟန်းသည်၊ ဝေဒနစနံ-ဝေဒနာတို့၏၊ ခယာ-ကုန်ခြင်းကြောင့်၊ (ဝါ)) ကုန်အောင်ရှုနိုင်လို့ရှိယင်၊ နိစ္ဆာတော - နိတ္တဏှော - တဏှာမရှိသည် ဖြစ်၍၊ ပရိနိဗ္ဗုတော - ပရိနိဗ္ဗာန်ပြုတာပဲ၊ ကိလေသ ပရိနိဗ္ဗာန်စံတယ်တဲ့- (မှန်ပါ)။

ရှုရင်း မတ္တနဲ့ သဥပ္ပါဒိသေသ နိဗ္ဗာန်ရတယ် - (မှန်ပါ)၊ ကဲ...ဘယ်လောက်အဖိုးတန်သတုံး၊ ဒါ သံယုတ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာ - (မှန်ပါ)၊ အဋ္ဌကထာဆိုတဲ့စကားတောင် မဟုတ်ပါဘူး ဒကာဒကာမတို့ - (မှန်ပါ)။

ဝေဒနာ ကုန်အောင်ရှုနိုင်ယင် ဦးမောင်လေး တဏှာ ဘယ့်နှယ်နေသတုံး - (ကုန်ပါတယ်ဘုရား)၊ တဏှာကုန်ယင် ဘာခေါ်ကြမလဲ - (နိဗ္ဗာန်ပါဘုရား)။

ဒီနားထွင်ကပ်နေတယ် နိဗ္ဗာန်ဟာ - (မှန်ပါ)၊ ဝေဒနာ ကုန်အောင် ရှုနိုင်တော့ တဏှာက လာခွင့်ရသေးသလား -

http://www.dhammadownload.com



(မရပါဘူး)၊ မရတော့ တဏှာကုန်တော့ ဘာခေါ်သတုံး - (နိဗ္ဗာန်ပါ)၊တဏှာနိရောဓော နိဗ္ဗာနံ-လို့ ဘုရားကဟောတော်မူတယ် - (မှန်ပါ)၊ သတောကျပလား - (မှန်ပါ)။

အဲဒီတော့ ဝေဒနာ အစားမထိုးအောင် ရှုနိုင်ကြလို့ရှိယင် တဏှာသေမှာပဲ - (မှန်ပါ)၊ အစားထိုးယုင်တော့ ကျွန်ဖြစ်ဦးမှာပဲ၊ ရိပ်မိကြပလား - (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့က နတ်ပြည်ဆုတောင်းတော့ နတ်ဝေဒနာနဲ့ နေရပါလို၏၊ နတ်ပြည်မှာ ဝေဒနာ့ကျွန်ဖြစ်ပြီး သကာလ ဝေဒနာသတ်၍ သေရပါလို၏....၊ ဒါဆုတောင်းလိုက်တာပဲ-(မှန်ပါ)၊ ဦးဘကြီး....ဒီ့ပြင် ဘာပါသေးသတုံး-(ဘာမှမပါပါဘူး)။

နတ်ပြည်မှာကျွန်ခံ၍ ဒွါရခြောက်ပေါက် အခွန်ဆက်ပြီးတော့ပေါ့ဗျာ၊ နတ်ပြည်မှာ ဒီဝေဒနာသတ်၍ သေရပါလို၏-၊ ဒီလိုသိယင် ဘယ်သူမှ မတောင်းဘူး ဟုတ်သား -(မှန်ပါ)။

ဒီလို အခွန်ဆက်ရမယ် ဆိုတဲ့ အာဟာရ ပရိယေသန ဒုက္ခကို သိမယ်တစ်ချက်၊ သူသတ်လိမ့်မယ်လို့သိတဲ့ မရဏမွိဒုက္ခကိုသိယင် ဘယ်သူတောင်းမလဲ - (မှန်ပါ မတောင်းပါဘူး)၊ ဒါဖြင့် သစ္စာမသိလို့ တောင်းနေကြတာ-(မှန်ပါ)၊ ရိပ်မိကြပလား-(ရိပ်မိပါပြီ)။

ဒီနေ့ ဒါဖြင့် ဝေဒနာကိုဆြော်....သူ့မသတ်ယင် မဖြစ်ဘူးဘူးဆိုတာ ဆုံးဖြတ်ချက်ချပစ်ပါ - (မှန်ပါ)။

http://www.dhammadownload.com



ဘုရားက ဘယ်လိုဟောသတုံး....၊ ဝေဒနာနံ့ ခယာဘိက္ခါ၊ နိစ္စာတော ပရိနိဗ္ဗုတော၊ ဝေဒနာ ကုန်လို့ရှိယင် တဏှာ ကုန်ပါတယ်၊ တဏှာကုန်လို့ရှိယင် နိဗ္ဗာန်ပါပဲကွာ–တဲ့၊ ရှင်းပလား - (ရှင်းပါပြီ)။

ဒီတော့ နိဗ္ဗာန်ဟာ ဝေးသလား နီးသလား-(နီးပါတယ်)။

နီးလျက်နဲ့ မရောက်တာ ဘာတုံးလို့ မေးခွန်းထုတ်လို့ရှိယင်ဖြင့် ဦးခင်မောင်တို့ လုပ်နည်းမမှန်လို့၊ ရှုနည်း မမှန်လို့ – (မှန်ပါ)၊ သတ်ရမည့်လူကို မသတ်လို့ - (မှန်ပါ)၊ မဆိုထိုက်ဘူးလား - (ဆိုထိုက်ပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ဒကာဒကာမတွေ အခုကံကောင်း အကြောင်းသင့်ပြီးသဏ္ဍာလ ဆရာနဲ့ဒကာ ဆုံကြတယ်၊ ဒီဆုံတဲ့ အချိန်မှာ ဩြော်....ဒါဟာ တရားစစ်တရားမှန်ပါလား၊ များများသတ်စရာမလိုဘူး၊ ဝေဒနာကိုလှည့်သတ်လိုက်ယင် ပြီးတာပါပဲ – (မှန်ပါ)၊ ဝေဒနာသတ်ယင် တဏှာသေတာပဲ – (မှန်ပါ)၊

ဘာဖြစ်လို့တုံး - ဝေဒနာ နိရောဓာ ဝေဒနာ သေသည် ရှိသော်၊ တဏှာနိရောဓော - တဏှာသေသည်၊ ဟောတိ-ဖြစ်၏၊ တဏှာနိရောဓော - တဏှာ သေသည် ရှိသော်၊ နိဗ္ဗာနံ - ငြိမ်းအေးသည်မည်သည်၊ ဟောတိ - ဖြစ်၏ – ဆိုတော့ တန်းမနေဘူးလား - (တန်းပါတယ်)၊ သိပ်ဝေးသလား – (မဝေးပါဘူး)။

http://www.dhammadownload.com



အဲဒါ ပြောသံကြားတိုင်းကိုလဲ မယုံနဲ့၊ နိဗ္ဗာန်ဆိုတာ တစ်စ တစ်စ သွားရတာကွ၊ ဘယ်သူမှ ဂုန်းခနဲ ရောက်တာ မဟုတ်ဘူး - အောက်မေ့မနေနဲ့၊ အခုဟာလုပ်ပါ သေသေ ချာချာ ရောက်နိုင်ပါတယ် - (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိ ပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဝမ်းထဲမှာ ဝေဒနာ ဘယ်နှစ်မျိုးတဲ့ ဒကာဒကာမတို့ - (သုံးမျိုးပါဘုရား)။

ဒါ သချိုင်း ပြနေတာ၊ သူဘို့မွေးရာဌာနနဲ့ သူတို့သေရာ ဌာနဟာ ဒီနေရာတွေသာ မှတ်ပေတော့၊ တစ်ခြားမရှေ့နဲ့၊ ဝိပဿနာ ရှုတော့ ဒီနေရာ စိုက်ခနဲ စိုက်ခနဲ သွားအောင်လုပ် ရမယ်၊ ရှင်းပလား - (မှန်ပါ)။

သူပေါ်တဲ့နေရာမှာ -စိုက်ရမှာနော် (မှန်ပါ)၊ သူပေါ် တဲ့နေရာမှာ ပထမစောင့်နေ၊ တော်တော်ကြာ မိအောင် ဖမ်း လိုက်၊ သူပေါ်တဲ့နေရာကို - (မှန်ပါ)။

ဒါဖြင့် ဝမ်းထဲမှာ ဘယ်ဝေဒနာနဲ့ ဘယ်ဝေဒနာ — (သုခဝေဒနာ, ဒုက္ခဝေဒနာနဲ့ ဥပေက္ခာဝေဒနာ-ပါဘုရား)၊ ကိုယ်ပေါ်မှာ - (သုခနဲ့ ဒုက္ခဝေဒနာပါ)။

ကောင်းပြီ၊ ဒကာ ဒကာမတို့ ဒီလို သိထားတော့ ဒီ့ပြင် ဟာ နည်းနည်းကလေးပဲ ပြောစရာရှိတော့တယ် ဒကာဒကာမ တို့၊ မျက်လုံးဟာမြင်တယ်၊ မျက်လုံးဟာ မြင်တတ်တာပဲရှိတယ်၊ လိုချင်တာက ဝမ်းထဲက သုခက- (သောမနဿ)၊ လိုချင်တာ - (မှန်ပါ)၊ စိတ်ဆိုးတာကလဲ ဝမ်းထဲက စိတ်ဆိုးတာ မဟုတ်

http://www.dhammadownload.com



ဘူးလား - (မှန်ပါ)၊ လျစ်လျူရှုနိုင်တာကကော - (ဝမ်းထဲက ပါပဲဘုရား)။

ဒါဖြင့် မျက်လုံးထဲမှာပေါ်နေတဲ့ ဓမ္မကလေး အစစ် သက်သက်ရှုလို့ရှိယင် မျက်လုံးမှာ ဥပေက္ခာဝေဒနာ-လို့သာမှတ် - (မှန်ပါ)၊ မြင်စိတ်ကလေးကို ဥပေက္ခာ ဝေဒနာ-လို့သာမှတ်- (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

မျက်လုံး မြင်စိတ်ကလေး ဘာဆိုကြမယ် - (ဥပေက္ခာ-ပါဘုရား)၊ နားက ကြားစိတ်ကလေးကော - (ဥပေက္ခာ-ပါ)၊ နှာခေါင်းက နံတဲ့စိတ်ကလေးကကော-(ဥပေက္ခာပါ)၊ လျှာမှာပေါ်တဲ့ စားတဲ့စိတ်, လျက်တဲ့စိတ်ကဘော- (ဥပေက္ခာ-ပါဘုရား)၊ အဲ.... ဒီ လေးခုကိုတော့ ဥပေက္ခာ ဝေဒနာချည်းမှတ်ပါ၊ သဘောကျပလား - (မှန်ပါ)။

အဲဒီတော့ ဥပေက္ခာသာ ပေါ်နိုင်တဲ့ နေရာက ဒီလေးခုပါလားဆိုတာလဲမှတ်ထားပြီး ဪ....ဒီနေရာမှာမေ့းတဲ့ဥပေက္ခာဟာ ဒီမှာသေလိမ့်မယ်၊ ဘယ်မှ မရွေ့ဘူး - (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

အခု မျက်လုံးမှာမွေးတဲ့ ဥပေက္ခာဟာ ဘယ်မှာရွေ့သေမတုံး - (ဘယ်မှမရွေ့ပါဘူး၊ မျက်လုံးမှာပဲ သေမယ်)၊ နားထဲပေါ်တဲ့ ဥပေက္ခာကော - (နားထဲ သေပါမယ်)၊ နှာခေါင်းထဲပေါ်တဲ့ဥပေက္ခာကော - (နှာခေါင်းထဲသေပါမယ်)၊ လျှာထဲပေါ်တဲ့ဥပေက္ခာ - (လျှာထဲသေပါမယ်)။

ဪ....ဒါဖြင့် ဒီနေရာဖြစ် ဒီနေရာပျက်ဆိုတော့ ဘုရားက စက္ခုဝိညာဏံ အနိစ္စံ-လို့လဲဟောတဲ့အခါဟောတယ်-(မှန်ပါ)၊

စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ-လို့လဲ ဟောနိုင်တယ်၊ ဘယ်လိုဟောဟော ဝေဒနာတွေဟာ သူ့နေရာနဲ့သူ ဖြစ်ပြီး၊ သူ့နေရာနဲ့သူ သေတာကို ကျုပ်တို့က အကျဉ်းချုပ်သာ မှတ်ထားလိုက် - (မှန်ပါ)။

ကိုယ်ပေါ်မှာ ဘာတဲ့ ဒကာဒကာမတို့ - (သုခဝေဒနာနဲ့ ဒုက္ခဝေဒနာပါဘုရား)။ ဝမ်းထဲကျတော့ - (သုခဝေဒနာ၊ ဒုက္ခဝေဒနာနဲ့ ဥပေက္ခာဝေဒနာ-ပါဘုရား)။

ဩော်.... ဒါဖြင့် ၄-ရယ် ၂-ရယ် ၃-ရယ် ပေါင်းယင် ဘယ်လောက် ရှိသတုံး- (၅-ပါဘုရား)၊ ဝေဒနာ ၅-ပါး၊ ဖြစ်ရာဌာနနဲ့ ဝေဖန်လိုက်တော့ ဝေဒနာ ဘယ်နှစ်ပါး ရှိသတုံး- (၅-ပါးပါဘုရား)။

ဝေဒနာသုံးပါးလို့ ဘုရားစာဟောပါတယ်ဘုရား၊ အဲဒါက ဓာတ်ပဋ္ဌာန်မှာ ဝေဒနာသုံးပါး ဟောတာ ဟုတ်လား၊ အခြား နေရာတွေ ကျတော့ ၅-ပါး စသည် ဟောတယ်- (မှန်ပါ)၊ ရိပ်မိကြလား-(ရိပ်မိပါပြီ)၊ ၅-ပါး ဘယ့်နှယ်ကြောင့် ဟောရသတုံးဆိုတော့ မွေးရာ ဌာနနဲ့ သေရာဌာန သိဖို့-(မှန်ပါ)၊ ရှင်းပလား-(မှန်လှပါ)။

မွေးရာဌာနနဲ့ သေရာဌာနမှ မသိဘဲနဲ့ နေတဲ့ ဒကာ ဒကာမ တွေဆိုလို့ရှိယင် သုတဝါ အရိယသာဝကော-ကို မဖြစ်ဘူး.... (မှန်ပါ)၊ ဖြစ်ပါ့မလား-(မဖြစ်ပါဘူး)၊ ဦးဘကြီး ဘယ့်နှယ် လုပ်မလဲ၊ ရှယင် တည့်ပါ့မလား.... (မတည့်ပါဘူး)။ မွေးတဲ့ နေရာနဲ့လဲ မတည့်ဘူး၊ သေတဲ့နေရာနဲ့တော- (မတည့်ပါဘူး)။

http://www.dhammadownload.com



ကဲ....ဒါဖြင့် အခု ဒါရှင်းပြီမဟုတ်လား၊ ဒကာ ဒကာမတို့-(မှန်ပါ)၊ ရှင်းတော့ ဒါကို ထဲစ်သက်လုံး မှတ်ထားပါ၊ ဘုရားက ဇီလိုဆိုလို့ ရှိယင် အင်မတန် ကျယ်ဝန်းပြီးသဏ္ဍာလ နေမှာစိုးလို့ ဘုရားက ဝေဒနာကို သုံးပါး ထည့်ထားပြီး ဟောမယ်ဆိုတော့ ပေါင်းပစ်တာ- (မှန်ပါ)၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဝမ်းထဲမှာ-ဘာတဲ့ ဒကာ ဒကာမတို့-(သုခ ဒုက္ခ ဝေဒနာပါဘုရား)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ကျတော့-(ဥပေက္ခာဝေဒနာပါ)၊ ဒါဖြင့် ဥပေက္ခာ-ဥပေက္ခာချင်း ပေါင်းလိုက်ငါးခုဖြစ်မသွားဘူးလား-(ဖြစ်ပါတယ်)။

ကောင်းပြီ.... ဝမ်းထဲမှာလဲ ဒကာ ဒကာမတို့၊ သုခ ဒုက္ခကော မပေါ်ဘူးလား-(ပေါ်ပါတယ်)၊ အဲဒီဒုက္ခကို ခုနင်ကကိုယ်ပေါ်မှာပေါ်တဲ့ ဒုက္ခနဲ့ ပေါင်းလိုက်၊ နှစ်ခုဟာ တစ်ခုပေါ့ဗျာ- (မှန်ပါ)။

ဝမ်းထဲမှာပေါ်တဲ့ သုခနဲ့ ပေါင်းလိုက် သုခ တစ်ခုတည်းဖြစ်သွားတော့ ဝေဒနာ သုံးမျိုးပဲ သွားပြီးဖြစ်တယ်- (မှန်ပါ)၊ ဥပေက္ခာဝေဒနာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ သုံးမျိုးပဲ ဖြစ်တယ်၊ သဘောကျပလား-(ကျပါပြီ)။

ဒါကိုထားမှ ကြည့်....ဇီနေရာကလေး ဇီနေရာကလေးဟာ အနိစ္စရှုရမည့် အချက်ကလေးပါလား၊ သချိုင်းရှိတဲ့ နေရာကလေးပါလား ရုတ်ဥစ္စာ မွေးရင်းဌာတဲ့နေရာ၊ မွေးတာလဲ

http://www.dhammadownload.com



ဒီနေရာ၊ သေတာလဲ ဒီနေရာပဲဆိုတော့မှ ဖြစ်ပျက်သွားပြီး တွေ့မှာကိုးဗျ၊ နို့မဟုတ်ယင် တွေ့ပါ့မလား- (မတွေ့ပါဘူး)၊ မွေးတာလဲသိတော့ သေတာလဲသိတော့ ဦးမောင်လေး ဖြစ်ပျက်မတွေ့ဘူးလား-(တွေ့ပါတယ်)။

ဒါဖြင့် သူမွေးတဲ့နေရာမှ ကျုပ်တို့က မသိဘဲနဲ့ အလိုလိုဖြစ်တယ်၊ အလိုလို ပျက်တယ်လို့ တစ်ချို့ ဒကာ ဒကာမတွေ သုံးစွဲလိမ့်မယ်နော်-(မှန်ပါ)၊ အလိုလိုဖြစ်၍ အလိုလိုပျက်တယ်ဆိုသို့ ရှိယင်ဖြင့် အကြောင်းကင်းမဲ့တဲ့ ဒိဋ္ဌိမဖြစ်ပေဘူးလား- (ဖြစ်ပါတယ်)။

ကောင်းပြီ....ဒါဖြင့် ဒကာ ဒကာမတို့၊ ဝေဒနာသည်ကား လို့ဆိုယင် ဘယ်နှစ်မျိုး ရှိသတုံး-(သုံးမျိုးရှိပါတယ်)၊ ပေါင်းလိုက်တော့ သုံးမျိုး၊ ဖြန့်လိုက်ယင်-(ကိုးမျိုးပါ)။

နာမည်ကတော့ သုခ, ဒုက္ခ, ဥပေက္ခာ၊ အဲဒါကလေးကို တော့ဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးကလဲ မေတ္တာရပ်တယ်၊ အနိစ္စ, ဒုက္ခ, အနတ္တဉာဏ် မပါဘဲနဲ့ မဂ်ဖိုလ် နိဗ္ဗာန် ကူးသွားတော်မူကြတဲ့ ဘုရား, ရဟန္တာရယ်လို့ တစ်ပါးမျှ မရှိဘူး၊ ရှိပါ့မလား-(မရှိပါဘူး)၊ မရှိတော့ ဒီနေရာတွေ သူ့နေရာနဲ့သူ ရှုတတ်လို့ ကိစ္စပြီးသွားတယ်ဆိုတဲ့လဲ ခင်ဗျားတို့ အသိသား ဆိုတော့....

ဩော်....ဒါနဲ့ နိဗ္ဗာန်ကူးတော့မယ်ဆိုယင်ဖြင့် ဒါ မူရင်း မပျောက်စေနဲ့ မတိုက်တွန်းသင့်ဘူးလား- (တိုက်တွန်းသင့်ပါ

http://www.dhammadownload.com



တယ်)၊ ဒါကလေးပျောက်သွားယင် ဘယ့်နှယ်လုပ်မလဲ၊ ရှုစရာ ဌာန် ရှိပါဦးမလား–(မရှိပါဘူး)၊ ရှုစရာဌာနမရှိယင် ရမ်းပြီး အောင်နေသလို ဖြစ်မှာပေါ့-(မှန်ပါ)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာကို သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့ သုံးမျိုးပဲ မှတ်လိုက်တော့၊ သူ့ပေါ်ရာတွေ ဌာန် ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဝမ်းထဲမှာပဲ ထားလိုက်တော့-(မှန်ပါ)၊ ရှုရမှာက ဘယ်နှစ်မျိုးတုံး-(သုံးမျိုး ပါဘုရား)၊ ရှုရမည့်နေရာဌာနနဲ့ ပြားလိုက်တော့ ၅-ခုနေရာ ပေါ့ဗျာ....(မှန်ပါ)၊ ရှုရမည့် တရား သဘော နဲ့ကော– (သုံးမျိုးပါ)။

ကောင်းပြီ....ဒါဖြင့် ဒကာ ဒကာမတို့ သုံးမျိုးရှုလို့ ဟော ပြောသော်လဲ ခင်ဗျားတို့ သေသေချာချာ ကိုယ်တိုင် လုပ်ကြည့်တဲ့အခါကျတော့ ဝေဒနာကို ခရီးပေါက်လာတဲ့ ပုဂ္ဂိုလ်ကျတော့ တပည့်တော် တစ်မျိုးတည်းတွေ့တယ်၊ ခင်ဗျားတို့က လျှောက်ချင် လျှောက်မယ်၊ တစ်မျိုးတည်း တွေ့တယ်လို့ လျှောက်ချင် လျှောက်မယ်-(မှန်ပါ)။

တစ်မျိုးတည်းတွေ့တယ်ဆိုတော့ သုခလဲ မတွေ့ဘူး၊ ဒုက္ခလဲ မတွေ့ဘူး၊ ဥပေက္ခာလဲ မတွေ့ဘူး၊ ဖြစ်ပျက်ကလေးပဲ တွေ့တယ်၊ ဒီကျတော့ တစ်မျိုးတည်းဖြစ်သွားတယ်-(မှန်ပါ)၊ သဘောကျ ပလား–(ကျပါပြီ)၊ နဂိုက ဘာရှိသတုံး – (ဖြစ်ပျက်ပဲ ရှိပါ တယ်)။

http://www.dhammadownload.com



ဖြစ်ပြီး ပျက်တာသစ္စရှိလို့ ဖြစ်ပြီး ပျက်တာတင်တွေ့ပါတော့တယ်ဆိုတော့ ဓာတ်ဓာတ်မတို့ အဲဒါ တော်တော်ရင့်ပြီလို့ အောက်မေ့ပါ - (မှန်ပါ)။

ဒါဖြင့် ဇီဝကားနှစ်ခွန်းကို ဘုန်းကြီးသုံးလိုက်တဲ့အဓိပ္ပါယ် ခင်ဗျားတို့ လေးလေးနက်နက်မှတ်ကြစမ်းပါ။ ဝေဒနာတွေ့တာနဲ့ ဖြစ်ပျက်တွေ့တာ အတော်ခြားနားတယ် - (မှန်ပါ)။

ကိုထွန်းဦး ဝေဒနာတွေ့တာနဲ့ဖြစ်ပျက်တွေ့တာ – (အတော်ခြားနားပါတယ်ဘုရား)။

ဘယ်လိုခြားနားသတုံးလို့ မေးလိုက်တော့မှ ဝေဒနာ တွေ့တာဟာ ဝေဒနာဟာ နာမ်ဓမ္မဖြစ်သောကြောင့် နာမပရိစ္ဆေဒ ဉာဏ် ဖြစ်တယ်။ ဖြစ်ပျက်တွေ့တာက ဥဒယဗ္ဗယဉာဏ်ကိုရောက် လာတယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ဦးဘကြီး အားတဲ့တုံး ဝေဒနာတွေ့တော့ - (နာမပရိစ္ဆေဒ ဉာဏ်ပါ)၊ ဖြစ်ပျက်တွေ့တော့ - (ဥဒယဗ္ဗယဉာဏ်ပါ)၊ အတော် တက်သွားပြီ၊ ဒါ ဉာဏ်တက်သွားတာ မသိလိုက်ဘူး-(မှန်ပါ)၊

ဝေဒနာ တွေ့တော့ ဘာတဲ့ ဒုက ဒကာမတို့ – (နာမ ပရိစ္ဆေဒဉာဏ်ပါ)၊ နာမပရိစ္ဆေဒဉာဏ်ပဲ ရှိသေးတယ်၊ ကျုပ် တော့ ဝေဒနာတွေ့တွေ့ပါတယ်လို့ ခင်ဗျားတို့က အသားယူ ပြီးမျှား ပြောလို့ရှိယင် ကိုယ်တွေ့တာလဲ အမှန်ဖြစ်နေလို့ရှိယင် ဒီပုဂ္ဂိုလ် ဝိပဿနာ မဆိုက်သေးဘူး-(မှန်ပါ)၊ ရှင်းပလား– (မှန်ပါ)။

http://www.dhammadownload.com



ဝေဒနာတွေပြီ တပည့်တော်....၊ သုခလဲတွေ့လိုက်တယ်၊ ဒုက္ခလဲ တွေ့လိုက်တယ်၊ ဥပေက္ခာလဲ တွေ့လိုက်တယ်၊ အေး.... မှင်းသည်အားလို့ ဆိုယင်ဖြင့် နာမပရိစ္ဆေဒဉာဏ် ရပြီဆိုတော့ ဉာဏ်ဆယ်ပါးမှာ အောက်ဆုံးဉာဏ်ရတယ်ဆိုတာ - (မှန်ပါ)၊ ဝေဒနာ မတွေ့ဘူးဘုရား၊ တပည့်တော် ဘယ်ဟာ ရှုလိုက်ရှုလိုက် သုခရယ်လို့ ရှုလိုက်ပြန်လဲ ဖြစ်ပြီးပျက်သွားတာပဲ၊ ဉာဏ်ထဲမှာ တက်နေပြီ - (မှန်ပါ)။

ဒုက္ခရယ်လို့ ရှုလိုက်ပြန်တော့ကော · (ဖြစ်ပြီး ပျက်သွားတာပါပဲ)၊ ဥပေက္ခာရယ်လို့ ရှုလိုက်ပြန်တော့ကော - (ဖြစ်ပြီးပျက်သွားတာပါပဲ)၊ အဲဒါတွေလို့ရှိယင် ဥဒယဗ္ဗယတက်သွားပြီ - (မှန်ပါ)၊ မကွာဘူးလား - (ကွာပါတယ်)။

အဲဒါကြောင့် ဒကာဒကာမတွေ ဝေဒနာတွေမှလဲ ဖြစ်ပျက်က တွေ့နိုင်တော့ ဝေဒနာကိုရှေးဦးစွာသင်ရတယ်၊သူ့ တွေ့ပြီးမှ ဖြစ်ပျက်ကတွေ့မှာ-(မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ခန္ဓာကိုယ်ထဲမှာ ၁-၂-၃ ရှိထိုက်တာက ဝေဒနာသုံးမျိုး၊ ရှိဆဲကတော့ တစ်မျိုးချည်းမှတ် - (မှန်ပါ)။

ရှိထိုက်တာက - (သုံးမျိုးပါ)၊ ရှိဆဲကတော့ - (တစ်မျိုးပါဘုရား)၊ ရှိဆဲကတော့ သုခရှိလို့ရှိယင် ကျန်တဲ့နှစ်ခုမရှိဘူး၊ ဒုက္ခရှိယင် ကျန်တဲ့နှစ်ခု - (မရှိပါဘူး)၊ ဥပေက္ခာရှိယင် ကျန်တဲ့နှစ်ခု - (မရှိပါဘူး)၊ ဒါဖြင့် ရှိထိုက်တာက - (သုံးမျိုးပါ)၊ ရှိဆဲက (တစ်မျိုးပါဘုရား)။

http://www.dhammadownload.com



အဲဒါ သေသေချာချာမှတ်ပါတဲ့၊ ဝိပဿနာကို ဒါ စ-ပြီး ချီးနေတာပဲ၊ တစ်ခါတည်းဉာဏ်တည့်လိုက်လို့ရှိယင် ချက်ချင်း ဓဂ္ဂင်ငါးပါးက မဂ္ဂင်ရှစ်ပါး ဖြစ်စေချင်လို့ ဒါလောက် ရှေ့က ရှင်းပေးနေတာ - (မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဆရာဘုန်းကြီး ခုနင်က တရားချီးခဲ့ တာ ခင်ဗျားတို့ မှတ်မိပါလိမ့်ဦးမယ်၊ မဂ္ဂသစ္စာနဲ့ မဂ္ဂအရိယ သစ္စာဟောမယ်လို့ ဒီနေ့တရားစပြီးချီးထားပါတယ်-(မှန်ပါ)။

ဘာပါလိမ့် - (မဂ္ဂသစ္စာနဲ့ မဂ္ဂအရိယသစ္စာကို ဟောပါ မယ်ဘုရား)၊

မဂ္ဂသစ္စာက အရိယသာဝက ဆိုတဲ့ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာ ရတယ်။ မဂ္ဂအရိယသစ္စာက အရိယာပုဂ္ဂိုလ်မှရ တယ်၊ အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်း သေသေချာချာ တာဝန်ခံ တယ် - (မှန်ပါ)၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်)။

ဒါဖြင့် မဂ္ဂသစ္စာနဲ့ ဘာကိုဟောမှာတုံး-( မဂ္ဂအရိယသစ္စာ ကို ဟောမှာပါ)၊ ဒါဖြင့် ရှေ့ပိုင်းက ဘာဟောရမှာတုံး-(မဂ္ဂ သစ္စာ ဟောရပါမယ်)၊ နောက်ပိုင်းက ဘာဟောရမတုံး - (မဂ္ဂအရိယသစ္စာ ဟောရပါမယ်)၊ ဒါဖြင့် ဒုတာဒကာမတို့ ဒါကို ရရှိုက်တော့၊ ဒါဖြင့် ဒီဟာ သေချာပြီ၊ သုခ, ဒုက္ခ, ဥပေက္ခာလို့ပဲ မှတ်ထားလိုက်စာပေါ့ - (မှန်ပါ)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပရိပဏ္ဏာသ ပါဠိတော် ဆဠာယတနသံယုတ်မှာ ဟောတယ်၊ ပါဠိတော် ဆိုတော့ ဘုရားကိုယ်တော်တိုင်ဟောတာလို့ မှတ်ကြပါ-(မှန်ပါ)၊ အဲဒီ

http://www.dhammadownload.com



ဆဆက္ကသုတ်မှာလာတဲ့ အဓိပ္ပါယ်ကို ပေါ်လွင်အောင် တစ်ခြား သုတ်မှာဟောတဲ့ အဓိပ္ပါယ်နဲ့ ပေါင်းစပ်ပြီးတော့ပြောပါမယ်။

ဒကာဒကာမတွေက ဩော်.... ဒါဟာ ဘုန်းကြီးပြောနေ တာမဟုတ်ဘူး၊ ဘုရားဟောပါကလားလို့ အောက်မေ့ရမယ်၊ ဘုရားက ဘယ်လို ဟောလိုက်သတုံး ဆိုတော့ အားလုံး ဒကာ ဒကာမတွေ နည်းနည်း မှတ်စေချင်တယ်၊ ဒါက သုခဝေဒနာ ထားပါ- (မှန်ပါ)၊ သုခဝေဒနာပစ္စယာ တဏှာလို့ မဟောက ဟောခဲ့တယ်၊ ဒုက္ခဝေဒနာ ပစ္စယာ ဒေါသလို့ ဟောခဲ့တယ်၊ ဒုက္ခရှိလို့ရှိယင် ဒေါသလိုက်ရမယ်၊ ဥပေက္ခာရှိယင် မောဟ - (မှန်ပါ)။

ကွာ - တဲ့ - ငါ ဘုရား ဖြစ်လာတယ်၊ ရှေးကလဲ ငါ၏ နောင်တော်ကြီးတွေ ဘုရားဖြစ်တော်မူကြတယ်၊ အဲဒီ မြတ်စွာ ဘုရားသခင်တွေ မဟောတဲ့ တရားကို ငါလဲ မဟောဘူး တဲ့၊ အဲဒီ မြတ်စွာဘုရားသခင်တွေ ဟောတဲ့ တရားကို ငါလဲ ဟော တာပဲ၊ ဒီလို ဟောထားတဲ့ သုတ်တော်များကိုလဲ မှတ်ထား ကြပါဦး - (မှန်ပါ)။

ဦးဘကြီး ရှေးနောင်တော်ကြီးတွေဟောတဲ့တရားကို ယခု မြတ်စွာဘုရားက ဟောတာပဲ - (မှန်ပါ)၊ ရှေးနောင်တော် ကြီးတွေက မဟောတဲ့တရားဆိုယင် - (မဟောပါဘူး)။

အဲဒီတော့ အားလုံး သဘောတူတာ ဟောကြတာချည်းပဲ၊ ဘုရားဆိုတာ အတူတူဟောတာချည်းပဲ၊ ဉာဏ်ခတော် အတူတူ ဆိုတာ သိနေတဲ့အတွက် ဟောဒီ သုခဝေဒနာ နောက်က

http://www.dhammadownload.com



လောဘ လာနေတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရလိမ့်မယ်လို့ ရှေးဘုရားတွေလဲ မဟောဘူး၊ ယခု မြတ်စွာဘုရားလဲ မဟောဘူး၊ - (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

သုခဝေဒနာ ပစ္စယာ တဏှာ ဆိုတော့ သုခဝေဒနာနောက်က တဏှာလာလိုက်နေလို့ရှိယင် နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရားလဲ မဟောဘူး-တဲ့၊ ရှေးဘုရားတွေလဲ - (မဟောပါဘူး)၊ ရှင်းပလား - (ရှင်းပါပြီ)။

အံ့မာလေး .... ဘုရားအဆူဆူ စွန့်တာပါလား ဒီဥစ္စာ၊ ခင်ဗျားတို့ဟာ သုခဝေဒနာနောက်က တဏှာလိုက်ဖို့ ကြိုးစားနေကြတာ — (မှန်ပါ)၊ ရိပ်မိပသား - (ရိပ်မိပါပြီ)။

ဘုရားအဆူဆူကတော့ စွန့်နေတယ်၊ ဒီနောက်က တဏှာလိုက်လို့ရှိယင် နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ငါဘုရားလဲ မဟောဘူး-တဲ့၊ ရှေးဘုရားတွေကော - (မဟောပါဘူး)။

ကဲ....ဒါဖြင့် ဒါ ထားလိုက်ပြီး ပြောင်းပြန် လှည့်ကြည့်၊ ဩော်....သူ့နောက်က ဒါစွန့်လို့ရှိယင် ငါဘုရားလဲ နိဗ္ဗာန်ရောက်ပြီလို့ ဟောတယ်၊ ရှေးဘုရားတွေလဲ ရောက်တယ်လို့ ဟောတော်မူကြတယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)။

ဒါဖြင့် ဒီနောက်က တဏှာ မလာဖို့ဟာ အုန်းကြီးဘာဝန် အဘောင်ကျသာတယ် - (မှန်ပါ)။

http://www.dhammadownload.com



ကောင်းပြီ.... ဒါဖြင့် ဒီအချက်ကလေးလဲ ခုနင်ကအတိုင်း ယူပါဦး၊ ဒုက္ခနောက်က ဒေါသ၊ ဒုက္ခရောက်လို့ ဒေါသဖြစ်တယ်ဆိုတာ အဖြစ်များကြပါတယ်၊ ဦးမောင်ခလေး မဆိုထိုက်ဘူးလား - (ဆိုထိုက်ပါတယ်)၊ ဒုက္ခရောက်ယင် ဒေါသဖြစ်တယ်၊ ဒေါမနဿဝေဒနာ ဖြစ်တာပေါ့ခလေ - (မှန်ပါ)။

အဲဒီ ဒုက္ခနောက်က ဒေါမနဿ လိုက်တဲ့ ပုဂ္ဂိုလ်ယူသခရွေ. နိဗ္ဗာန်ရောက်လိမ့်မယ်လို့ မဟောဘူးတဲ့ ဟုတ်သား- (မှန်ပါ)၊ ရှေးဘုရားတွေလဲမဟောဘူး၊ အခုမြတ်စွာဘုရားလဲမဟောဘူး၊ ဘုရားအဆူဆူမဟောတဲ့သဘောပဲ - (မှန်ပါ)၊ရိပ်မိကြပလား— (ရိပ်မိပါပြီ)၊

အာလုံး ဒကာဒကာမတွေ ဘုရားအဆူဆူက စွန့်ဖို့ ဟော ကြားတဲ့အလုပ်ကြီး၊ ခင်ဗျားတို့က ကြွေးစားနေလို့ ခက်နေတာ ပါ – (မှန်ပါ)၊ ရိပ်မိပလား - (ရိပ်မိပါပြီ)။

ဘုရားအဆူဆူကတော့ ဘာတုံး – (စွန့်ပါတယ်ဘုရား)၊ ခင်ဗျားတို့ ပုဂ္ဂိုလ်အထွေထွေကတော့ ဘာတုံး–(သိမ်းပိုက်နေ ပါတယ်)၊ အဲဘော်ဆိုးနေတယ်ဗျ–(မှန်ပါ)။

ကဲ....ဒါဖြင့် ဒကာဒကာမတို့၊ ဒါကလေး တစ်ခုလဲ ခုနင်က အတိုင်း မှတ်ပါဦး၊ ဥပေက္ခာဝေဒနာနောက်က မောဟလိုက် တဲ့ပုဂ္ဂိုလ်ကို ရှေးမြတ်စွာဘုရားတွေလဲ နိဗ္ဗာန် ရောက်လိမ့်မယ် လို့ ဟောတော်မမူကြဘူး၊ အခု မြတ်စွာဘုရားလဲ မဟောဘူး– (မှန်ပါ)။

ဥပေက္ခာဝေဒနာနောက်က မေ့သာ မလိုက်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရမယ်လို့ ဟောခဲ့တော်မူတယ် - (မှန်ပါ)၊ မြတ်စွာဘုရား ကိုယ်တိုင် ဆဠာယတနသုတ်မှာ ဒီအဓိပ္ပါယ်အတိုင်း နှုတ်မြွက်တော်မူပြီး တာဝန်ခံတော်မူတာ - (မှန်ပါ)။

ဦးဘကြည် ကဲ...ဘယ်လောက်အဖိုးတန်သတုံး - (မှန်ပါ တန်ပါတယ်)၊ ဒါ ဝေဒနာ အသားယူပြီး ဟောနေတယ်လို့ ဆိုစရာ လိုသေးသလား - (မလိုပါဘူး)၊ သေသေချာချာ သူ့အဓိပ္ပါယ်ကိုက ဟုတ်နေတယ် - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)၊ ဒါ ဝေဒနာနဲ့ပတ်သက်ပြီးတော့ ဟောတော်မူတာ - (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတွေ သုခဝေဒနာနောက်က တဏှာ လိုက်လို့ရှိယင်ဖြင့် ရှေးမြတ်စွာဘုရားသခင်တို့သည်လည်း ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူးလို့ ဟောတော်မူကြသည်၊ အခု ဂေါတမ မြတ်စွာဘုရားကော - (ဒီအတိုင်း ဟောပါတယ် ဘုရား)၊

တကယ်လို့များ ကျုပ်တို့ ဝေဒနာဖြစ်ပျက်မြင်လို့ ဒီကနေပြီး ဖြစ်ပျက်ရှုတဲ့ဉာဏ် ဒီနေရာများ အစားထိုးနိုင်မယ်ဆိုယင်ဖြင့် ဒီဘဝတွင် နိဗ္ဗာန်ရနိုင်လိမ့်မယ်လို့ ဘုရားက ဟောတော်မူတယ် - (မှန်ပါ)။

သူ့နောက်က တဏှာမလိုက်လို့ မဂ် လိုက်လာလို့ ရှိယင် ဘာဆိုကြမလဲ .... (နိဗ္ဗာန် ရနိုင်ပါတယ်ဘုရား)၊ ဒီဘဝတွင် ရောက်နိုင်တယ် - (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတာဝန်က ခင်ဗျားတို့ နောက်ကလိုက်နေကျ ထုံးစံကို ဖျက်ပေးရမယ် – (မှန်ပါ)။

ဩော်....ထုံးစံတော့ မဖျက်ပရစေနဲ့ဘုရား....ခင်ဗျားတို့က ဆိုများဆိုချင်သေးသလား – (မဆိုပါဘူးဘုရား)။

ထုံးစံ မဖျက်လို့ ရှိယင်ဖြင့် ထုံးစံဖျက်တဲ့တရားလဲရှိတယ်၊ ဒီဝေဒနာသုံးပါး၏ ဖြစ်ပျက်ကို မကြည့်တော့ ဒါမေ့မူးနေတဲ့ ပုဂ္ဂိုလ်လို့ မဆိုထိုက်ဘူးလားဗျာ - (ဆိုထိုက်ပါတယ်ဘုရား)၊ အဲဒီလို မေ့လျော့ပေါ့ဆနေတဲ့ ပုဂ္ဂိုလ်များသည်ကားလို့ဆိုယင် သူတို့ထုံးကို ပြောရလို့ရှိယင်ဖြင့် ....

ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ။ ပမတ္တဿ နာမ - ဒါတွေဖြစ်တိုင်းဖြစ်တိုင်း မသိတဲ့ မေ့လျော့နေသော ပုဂ္ဂိုလ်အား၊ စတ္တာရော – လေးပါးကုန်သော၊ အပါယာ - အပါယ်ဘုံတို့သည်၊ သကဂေဟသဒိသာ - မိမိအမြဲနေရာ အိမ်ဂေဟာကြီးနဲ့ တူပါပေကုန်၏....တဲ့၊ ဓမ္မပဒအဋ္ဌကထာမှာ ဆိုပါတယ် - (မှန်ပါ)။

ထုံးစံမပျက် ပရစေနဲ့ဆိုယင် အပါယ်လေးဘုံဟာ ဒို့အမြဲနေတဲ့အိမ်လို့မှတ်လို့ အဋ္ဌကထာက ဖော်ပြတယ် - (မှန်ပါ)၊ ရှင်းပလား – (ရှင်းပါပြီ)။

ဒါဖြင့် ထုံးစံ ဘယ့်နှယ် လုပ်ကြမလဲ - (ဖျက်ရပါမယ်ဘုရား)၊ ဖျက်ရမှာပဲ၊ ရှေးလူကြီး ပြောပြော၊ နောက်လူက ဆော်ဩ - ဆော်ဩ၊ ဟုတ်လား ဒီထုံးစံတော့ ဖျက်ပါစေအောင်ကျိုးမလျှော်၊ - (ကျပါပြီ)။

http://www.dhammadownload.com



ရှေးလူက ပြောလဲ ဖျက်၊ နောက်လူက ဆော်ဩလဲ - (ဖျက်ရမှာပါ)၊ မဖျက်လို့ရှိယင် အပါယ်သေးဘုံဟာ ကိုယ့်အိမ်လို့ မှတ်ထားလို့ ကျမ်းဂန်မှာဖေါ်ပြတယ် - (မှန်ပါ)၊ ကောင်းသေးရဲ့လား - (မကောင်းပါဘူး)။

အဲဒါကြောင့် ယောင်တေစင်စောင် ပေတေတေ - ဒို့ ဒီလိုနေလာတာပဲ၊ အခုမှ ဒီဘုန်းကြီးနဲ့ တွေ့မှ ထူးထူးဆန်းဆန်းလို့များ အောက်မေ့မနေနဲ့ဦး၊ ဖျက်သာဖျက်၊ ရိုပ်မိပလား - (ရိပ်မိပါပြီဘုရား)၊ မဖျက်ယင် ဖြစ်ကိုမဖြစ်ဘူး - (မဖြစ်ပါဘူးဘုရား)။

ဦးဗထွေး ငြင်းချင်သေးသလား - (မငြင်းပါဘူးဘုရား)၊ ဦးခင်မောင်ကြီးကော - (မငြင်းပါဘူးဘုရား)၊ မငြင်းပါနဲ့တဲ့၊ ဒီဥစ္စာက သေသေချာချာ ကြည့်တော့လဲ ခင်ဗျားတို့က ဘာမှ တွေးမနေနဲ့တော့ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ အပါယ်ဘဝသွားလိမ့်မယ်၊ ဒီပြင် ဘယ်သွားဦးမလဲ - (ဘယ်မှမသွားပါဘူး)။

ဒီကလဲ ဒုက္ခဝေဒနာပစ္စယာ ဒေါသ ဟုတ်လား၊ ဒေါသ ဆိုတာက မသိလို့ဖြစ်တာမဟုတ်လား - (မှန်ပါ)၊ မသိတော့ အဝိဇ္ဇာမပါဘူးလား- (ပါပါတယ်)၊ အဝိဇ္ဇာပစ္စယာသင်္ခါရာနဲ့ သွားပြီ၊ ဝိညာဏ်ကျတော့ ပဋိသန္ဓေဝိညာဏ်ရောက် အပါယ် ပဋိသန္ဓေဝိညာဏ် ဖြစ်မှာပဲ - (မှန်ပါ)၊ ရှင်းပလား - (ရှင်းပါပြီ)၊

http://www.dhammadownload.com



ကဲ...ဥပေက္ခာမရှုတော့ ဘာတုံး - (မောဟပါ)၊ မောဟ တိုက်ရိုက်လာတယ်၊ ဒီမှာတော့ တွဲလာတယ်၊ ရှင်းရဲလား - (မှန်ပါ)၊ မောဟဆိုတာ အဝိဇ္ဇာပဲ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ အပါယ် ဝိညာဏံ၊ သူက ဆက်တာကိုးဗျ - (မှန်ပါ)။

အဲဒီတော့ အပါယ်ဝိညာဏ်ဆိုတော့ ဒီသုံးခု မဖြတ်နိုင်လို့ရှိ ယင် ဒယ်အိုးချည်း မျက်စောင်းထိုးနေတာကိုး ဆိုတာတော့ - (ပေါ်လာပါတယ်)၊ သေချာပလား - (မှန်ပါ)၊ ဒီသုံးခု မရှု ယင်လေ- (မှန်ပါ)၊ ဒီသုံးခုမပေါ်အောင် မတတ်နိုင်တဲ့ပုဂ္ဂိုလ် များဖြင့် ဒယ်အိုးဟာ ဒို့မိတ်ဆွေပဲလို့ မှတ်ထား - (မှန်ပါ)၊ ရိုင်မိပြီမဟုတ်လား - (မှန်ပါ)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ဟောမည့်တရားကို မရောက်သေးပါဘူး၊ ခင်ဗျားတို့ ရှေ့က လမ်းခင်းနေရတာနဲ့၊ ဒီနေ့ဟောမည့်တရားက ဘာပါလိမ့်ဗျာ - (မဂ္ဂသစ္စာနဲ့ မဂ္ဂ အရိယ သစ္စာ-ပါဘုရား)၊ ရှေ့ပိုင်းက - (မဂ္ဂသစ္စာ - ပါ)၊ နောက်ပိုင်းက - (မဂ္ဂအရိယသစ္စာ ပါ)။

ဩော် .... ဒါဖြင့် အရိယသာဝက ပထမက အရိယာ၏ တပည့်၊ တပည့်ဆိုတော့ အောက်တန်းကျသေးတယ်-(မှန်ပါ)၊ နောက်ကျတော့ ကိုယ်တိုင် အရိယာဖြစ်တာ၊ သဘောကျပ လား - (ကျပါပြီ)။

ဒါဖြင့် အရိယာ၏တပည့်နဲ့ အရိယာကိုယ်တိုင်နဲ့ဆိုတော့ ထူးခြားလိမ့်မယ် - (မှန်ပါ)၊ ထူးခြားလိမ့်မယ် ဒကာဒကာမ

http://www.dhammadownload.com



တို့ အရိယာတပည့်နဲ့ ကိုယ်တိုင် အရိယာ၊ ဒါလဲ နကုလပိတာ သုတ်မှာ လာပါတယ် - (မှန်ပါ)။

မနေ့က ဘာဖြစ်ကြသတုံး ခင်ဗျားတို့ ဖြစ်ပျက်ရှုနိုင်ကြတော့ အရိယာတပည့်ဖြစ်တယ်၊ သဘောကျပလား-(မှန်ပါ)၊ ကောင်းပြီ အရိယာတပည့် ဖြစ်ခဲ့တယ်၊ ဒီနေ့ အရိယာဖြစ်အောင်လုပ်။ အရိယာဖြစ်အောင်လုပ်တဲ့နည်း ဒီနေ့အပြည့်အစုံပေးရမယ် — (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့....၊ အရိယာဖြစ်တဲ့နည်း ပေးရတော့မယ် ဆိုတော့ မဂ္ဂင် ငါးပါးဟာ မဂ္ဂသစ္စာ၊ သဘောကျပလား-(မှန်ပါ)၊ ငါးပါးဆိုတော့ ရှုတဲ့အခါမှာ ငါးပါးဖြစ်ယင် - (မဂ္ဂသစ္စာပါ)။

ရှုတဲ့အခါမှာ ရှစ်ပါးဖြစ်ယင် - (မဂ္ဂအရိယသစ္စာပါ)၊ ဒါကလေးကိုရှေးဦးစွာ နုတ်(စ်)လုပ်ပြီး မှတ်ထားလိုက်ကြပါ၊ ပြီးတော့မှ ရှုနည်းကိုပြမယ် - (မှန်ပါ)။

ရှေးဦးစွာ ဖြစ်ပျက်မြင်နေလို့ရှိယင် ဒကာဒကာမတို့ မဂ္ဂင် ငါးပါးဟာ - (မဂ္ဂသစ္စာပါ)၊ ဖြစ်ပျက် မမြင်တော့ဘူး၊ အဖြစ်နဲ့အပျက်ကို ရှာမတွေ့ဘူး၊ ဖြစ်ပျက်ဒုက္ခ ဆုံးသွားတာ မြင်လိုက်သို့ရှိယင် မဂ္ဂင်ရှစ်ပါးဖြစ်တယ်၊ မဂ္ဂအရိယသစ္စာ ဖြစ်တယ်၊ သဘောကျပလား - (ကျပါပြီ)။

ဖြစ်ပျက်မြင်တုန်း - မဂ္ဂသစ္စာပါ၊ ဖြစ်ပျက်အဆုံးကိုမြင်လို့ရှိယင် - (မဂ္ဂအရိယသစ္စာပါ)၊ ဖြစ်ပျက် အဆုံးဆိုတာ ဒုက္ခ

http://www.dhammadownload.com



အဆုံးကို- (မှန်ပါ)။ ဒုက္ခသာ—ဖြစ်ပျက်ဒုက္ခ၏၊ အန္တ—အဆုံး။ သဘောကျပလား - (ကျပါပြီ)။ ဒုက္ခ၏အဆုံးကို ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါ)။

ဒါဖြင့် ဒုက္ခအဆုံးကို လိုက်နိုင်တဲ့ ဒကာ ဒကာမတွေက မဂ္ဂင် ဘယ်နှစ်ပါးတုံး- (ရှစ်ပါးပါဘုရား)၊ ဒုက္ခအဆုံးမလိုက်နိုင်တဲ့ပုဂ္ဂိုလ်က - (ငါးပါးပါဘုရား)၊ ကြောင်းပြီ ဒါကလေး ရှေးဦးစွာမှတ်ထား၊ ရှပုံသင်ပါမယ်၊

ဒီငါးပါးက သတ္တိညံ့တယ်၊ ရှစ်ပါးက သတ္တိထက်တယ်- (မှန်ပါ)၊ ငါးပါးသည် ဒုတိယဘဝမှာ သောတာပန် တည်နိုင်တယ်၊ ရှစ်ပါးပြည့်သွားယင် ယခုဘဝမှာပဲ သောတာပန် တည်နိုင်တယ်ဆိုတော့ ခင်ဗျားတို့ပြောတော့ဖြင့် ရှစ်ပါးကြိုက်တာပဲ၊ ပြောတော့ပြောမှာပဲ - (မှန်ပါ)။

အဲဒီတော့ ကြိုက်တော့ ရှစ်ပါး ကြိုက်ရမှာ သေချာတယ်၊ မဂ္ဂင်ရှစ်ပါး မပြည့်ဘဲနဲ့တော့ဖြင့် အရိယာက မဖြစ်နိုင်ဘူး - (မှန်ပါ)၊ မဂ္ဂင်ငါးပါးနဲ့တော့ အရိယ သာဝကပဲ ဖြစ်တယ်၊ သဘောကျပလား - (ကျပါပြီ)။

အရိယသာဝကနဲ့ အရိယာ ကိုယ်တိုင် ဖြစ်တာ ခင်ဗျားတို့ ဘယ်ဟာကို ကြိုက်ပါသတုံးလို့ မေးလို့ရှိယင် ကိုယ်တိုင်အရိယာ ဖြစ်တာ ကျေနပ်မှာပဲ - (မှန်ပါဘုရား)၊ ကျေနပ်လို့ရှိယင် ဘုန်းကြီးပြောတဲ့ ဉာဏ်သုံးဆင့်နဲ့လိုက်၊ သေသေချာချာရောက်ရမယ် - (မှန်ပါ)။

http://www.dhammadownload.com



ဒကာဒကာမတို့ ဉာဏ်ဘယ်နှစ်ဆင့်နဲ့ လိုက်ရမတုံး - (သုံးဆင့်နဲ့ လိုက်ရပါမယ်)။ ဉာဏ်သုံးဆင့်နဲ့လိုက်ယင် ပြီးတာပါပဲ-(မှန်ပါ)။

ဒီဉာဏ်သုံးဆင့်ကလဲ ကိုယ့်ဟာကိုယ် ဆင့်ရမှာလား၊ သူ့ဟာသူ ရင့်မှာလား ဆိုတာလဲ အစောကြီးက မှတ်ထား ....(မှန်ပါ)။

ကိုယ်တိုင်ဆင့်ရမှာလား၊ သူ့ဟာသူ အားထုတ်ရင်း မတ္တနဲ့ ရင့်သွားမှာလား-(သူ့ဟာသူ အားထုတ်ရင်း မတ္တနဲ့ ရင့်သွားမှာပါဘုရား)၊ သူ့ဟာသူကို ဆင့်တက်သွားမယ်- (မှန်ပါ)၊ သဘောကျပလှား-(ကျပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့၊ သူ့ဟာသူ ဆင့်ဆင့် ဆင့်ဆင့်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဘယ်အဓိပ္ပါယ် ပါလိမ့်မတုံး ဆိုတော့ ခင်ဗျားတို့ မဂ္ဂ ဘာဝနာ ဘိသမယေန အဘိသမေတိ-ဆိုတဲ့ ပွားများလို့ ဖြစ်သွားတာကိုး- (မှန်ပါ)၊ မဆိုနိုင်ဘူးလား - (ဆိုနိုင်ပါတယ်)။

မဂ္ဂသစ္စာဆိုတာ ပွားများလို့ ဖြစ်တာ၊ ပွားများ ခြင်းကြောင့် ငါးပါးက တိမ်တိမ်မြင်တဲ့ ငါးပါး၊ နက်နက်မြင်တဲ့ ငါးပါး၊ အဆုံးမြင်လို့ ရှစ်ပါး.... ဒီလိုမလာပေဘူးလား....(လာပါတယ်)။

ကောင်းပြီ....ဒါဖြင့် ဝေဒနာ သုံးမျိုးရှိတယ်၊ ဝေဒနာ သုံးမျိုးကိုပေါင်းလိုက်-(မှန်ပါ)၊ သုံးမျိုးကို ပေါင်းလိုက် ဆို

http://www.dhammadownload.com



တာ ဝ ခြင်းမဟုတ်ဘူး၊ ယံ ကိဉ္စိ ဝေဒယိတံ့မျှ၊ သဗ္ဗန္တံ ဒုက္ခံ၊ အလုံးစုံသော ဝေဒနာဟာ ဒုက္ခသစ္စာ-တဲ့....(မှန်ပါ)။

ဝေဒနာသုံးပါးလုံး ဘာသစ္စာတုံး- (ဒုက္ခသစ္စာပါဘုရား)၊ ပင်ကိုသဘော မစွန့်တဲ့ဝေဒနာ တွေ့ဖူးကြရဲ့လား-(မတွေ့ဖူးပါဘူး)။

ဒုက္ခဝေဒနာဟာလဲ ပျောက်ပျက် သွားတော့ နာကျင်တဲ့သဘော, ကိုက်ခဲတဲ့သဘော ရှိသေးသလား- (မရှိပါဘူး)။

ဒါဖြင့် ပင်ကိုယ်သဘော စွန့်သွားတာတည်းကိုက ဖောက်ပြန်သွားတာလို့ မဆိုနိုင်ဘူးလား-(ဆိုနိုင်ပါတယ်)၊

ဒါဖြင့် ဖောက်ပြန်တာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါ)။ ဩော်....ဒါဖြင့် ဒုက္ခသစ္စာတစ်လုံးတည်း ရှုခိုင်းမှ ခင်ဗျားတို့ ရှင်းပလား-(မှန်လှပါဘုရား)။

တစ်လုံးတည်း အရှုခိုင်းမယ်၊ သုခလဲ့ မရှုနဲ့တော့, ဒုက္ခလဲ မရှုနဲ့တော့၊ ဝိပရိဏာမ—ဖောက်ပြန်တာလေး၊ ဩော်...မရှိဘူး မရှိဘူးဆိုတာ တစ်လုံးတည်း ရှုတော့၊ ကြိုက်မလား.... (ကြိုက်ပါပြီ)။ တရားများ များနေဦးမှာလားဗျာ-(မများပါဘူးဘုရား)။

ဦးဘာအုန်း တုန်းကြီးက လျှော့ရှည်လို့ပြောပေမယ့် တော်တော်များနေတယ်၊ တပည့်တော်တို့ ဉာဏ်မှာ မမှတ်မိဘူးဆို့, များ ဆိုချင် သေးသလား၊ ရှုရမှာက တစ်လုံးတည်းဗျ.... (မှန်ပါ)။

http://www.dhammadownload.com



ရှုရမှာက ဒဲ့ ဒအာမတို့ သူကြည့်နေသလို မနေ့ကပြောသလို စောင့်ကြည့်နေတဲ့ အခါကျတော့ ပင်ကိုသဘော စွန့်–မစွန့်သာ ခင်ဗျားတို့က ဖြေပေတော့၊ ဦးဘကြည် ဘယ်လိုပြောမယ် ထင်သတုံး- (ပင်ကိုသဘောစွန့်ပါဘယ်ဘုရား)၊ သူ့ပင်ကိုသဘောလုံးလုံး စွန့်သွားမဲ့ယ်-(မှန်ပါ)။

နာတတ်တဲ့သဘောဟာ ကြည့်ရင်၊ မတ္တနဲ့ပဲ ပျောက်ပျက်သွားတော့ကို ဩော်.... အနာ စွန့်သွားတော့ ဒါ ဝေဒနာအဖြစ် ရှိ–မရှိ....(မရှိပါဘူး)၊ ဝေဒနာအဖြစ်မရှိဘူးတဲ့၊ အနိစ္စအဖြစ်ယင်လဲ ခင်ဗျားတို့တွေ့မယ်၊ ဝိပရိဏာမ ဒုက္ခအဖြစ်ကော-(တွေ့မှာပါဘုရား)။

အနတ္တအဖြစ်နဲ့လဲ ဩော်....ဒေနာဟာ နာပါဦးဟဲ့–ဆိုပြီး တားထား ပြောသော်လဲ– (မရပါဘူး)၊ မရသောကြောင့် အနတ္တအဖြစ်နဲ့လဲ မတွေ့ပေဘူးလား–(တွေ့ပါတယ်)၊ အဲဒါတွေ စကားရှည်နေမှာစိုးလို့ သူ့ ဝိပရိဏာမ သဘောကလေး သာ ရှုပေတော့၊ ကိုက်ပလား–(မှန်ပါ)။

ဘာသဘောကလေးတုံး– (ဝိပရိဏာမ သဘောကလေးပါဘုရား)၊ဒကာ ဒကာမတွေ ဘာသဘော ရှုရမလဲ-(ဝိပရိဏာမ သဘော ရှုရပါမယ်)။

ဝိပရိဏာမ သဘောဆိုတာကတော့ ခင်ဗျားတို့ မြို့ထဲရွာထဲ သုံးနေတာလဲရှိပါတယ်၊ ဟိုအိမ်က ခလေးမလေးဟာ ဝိပရိဏာမ ဖြစ်နေရှာတယ်၊ ရှုးတာပြောတာ- (မှန်ပါ)၊ မဟုတ်ဘူးလား-(မှန်ပါ)၊ရှုးတာပြောတာ ဘာမှမဟုတ်ဘူး ဒီဥစ္စာ

http://www.dhammadownload.com



ပင်ကိုစိတ် မရှိတော့ဘူး၊ ဒါပြေစတာပဲ မဟုတ်ဘူးလား.... (မှန်ပါ)။

သို့သော်.... ခင်ဗျားတို့က သမုတိသစ္စာမှာ သွားသုံးနေလို့၊ ပရမတ္ထ သစ္စာမှာသာသုံးယင် မြင်အောင် ကြည့်မယ်ဆိုယင် မဂ်ဆိုက်လောက်တယ်- (မှန်ပါဘုရား)၊ ချက်ချင်း မဂ်ဆိုက် လောက်ပါတယ်။

ဒါဖြင့် ဝိပရိဏာမဲဆိုတာ ဒုက္ခဝေဒနာဟာ ဒုက္ခသဘော စွန့်သွားယင် ဒုက္ခကို ရှာမတွေ့တော့ဘူး.... (မှန်ပါ)၊ ဒုက္ခ ဝေဒနာဟာ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ် ထားကြ စမ်း ဒကာဒကာမတို့.... အဲဒါကို စိုက်ရှုပါ။

စိုက်ရှုတဲ့အခါတော့အရိယာသာဝက ဘာကိုမြင်သတုံးလို့ မေးတော့ ဒုက္ခဝေဒနာကို မတွေ့တော့ဘူး၊ သူ့သဘောက အလေးစွန့်သွားတာပဲ တွေ့တယ်-(မှန်ပါ)၊ ဒီနေရာမှာ ဒုက္ခ-ဝေဒနာဟာ ရှုရင်း မတ္တန့် မရှိတော့ဘူးဘုရား၊မရှိတာကို မသိ ပေဘူးလား-(သိပါတယ်)။

ဒါဖြင့် မရှိတာကို ဒကာ ဒကာမတို့ အနိစ္စလို့ ဆိုလိုက်ပါ-(မှန်ပါ)၊ ဝိပရိဏာမကော-(ဆိုနိုင်ပါတယ်)။

ဒါဖြင့် မရှိတာလဲ အနိစ္စ၊ ဝိပရိဏာမ ဖြစ်သွားတာကော.... (ဒုက္ခပါဘုရား)၊ ဓိဋ္ဌာနနဲ့ ခင်ဗျားတို့ တားမရ, ဆီးမရလို့ ဖောက်ပြန်သွားတာကော- (အနတ္တပါဘုရား)၊ အနတ္တပဲ ဆို သဖြင့် ခင်ဗျားတို့ဟာ အင်မတန် ဓိဋ္ဌာနသည် ပင်ကို သဘော

http://www.dhammadownload.com



စွန့်တာကလေး ဆီ လိုက်တဲ့အတွက် ဉာဏ်အင်မတန်ထည့်ထားလို့ ပင်ကိုသဘော စွန့်တာသိတာ၊ သဘောကျပြလား-(မှန်ပါ)။

ဒါဖြင့် ဒီနေရာမှာတင် ဝေဒနာကလေး ပေါ်ရာကိုသာ ခင်ဗျားတို့ဉာဏ် ဦးတည်ဖို့ လိုသနေ၏၊ ဘာ့ကြောင့်တုံး သူ ဒီနေရာမှာမေ့တော့, ဒီနေရာမှာ သေတာကို ကြည့်ဖြစ်အောင် ကြည့်ရမယ်၊ သဘောကျပလား-(မှန်လှပါ)။

ဒီနေရာမှာမေ့တာ, ဒီနေရာမှာ သေတာ တစ်ခါတည်း ရှင်းနေအောင် မြင်ရမယ်- (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)၊ ရှင်းနေအောင် မြင်အောင်ကြည့်၊ မြင်အောင် ကြည့်ပြီ ရိုမှဖြင့် သူမြဲသလား, မမြဲဘူးလားဆိုတာ ဘယ်သူက ပြောမတုံး-(သူကပြောပါတယ်)၊ ခမ္မက ပြောမယ်-(မှန်ပါ)

ဒီခမ္မက မပြောပေဘူးလား-(ပြောပါတယ်)၊ ခမ္မကပြောမှ ခင်ဗျားတို့ ဉာဏ်သဘောက အယုံအကြည်ရှိပါ - (မှန်ပါ)၊ ခမ္မက မပြောဘဲနဲ့ ပုတီး ရမ်းစိပ်နေတာကတော့ ကျေးဇူး ဆိပ်ရှိလှမည်မဟုတ်ဘူး-(မှန်ပါ)၊ ကျေနပ်ပလား - (ကျေနပ် ပါပြီ)၊

မေ့က မပြောဘဲနဲ့ အနိစ္စ, အနိစ္စ-တဲ့၊ ခမ္မာ ပြောတာ လား, ကိုယ့်ပါးစပ်က လုပ်နေတာလား - (ကိုယ့်ပါးစပ်က လုပ်နေတာပါ)၊ ဒါဖြင့် ဒါဟာ ဆလကားမဲ့၊ သိပ်ခရီးမရောက် ဘူး၊ ဘာဖြစ်လို့တုံး- ခမ္မာမှ မပြောဘဲကိုး-(မှန်ပါ)။

ခင်ဗျားတို့က အနိစ္စဆိုတာက ဟိုကအနိစ္စရှေ့ကမှ ခင်ဗျား တို့ အနိစ္စဉာဏ်က ဩော်....အနိစ္စဆိုတာ ဒါကိုးလို့ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချရမှာ-(မှန်ပါ)၊ သဘောကျပလား-(မှန်ပါ)။

http://www.dhammadownload.com



တစ်နေ့တည်းမှာ တစ်ချက်တည်း ဖြစ်ပေစေတဲ့ အသက်တစ်ရာ အနိစ္စဆိုရုံ ဆိုပြီး ပုတီးရစ်နေတာထက် သာတယ်၊ တစ်နေ့ တစ်ကြိမ်တည်း ဖြစ်သွားပစေ၊ သဘောကျပလား.... (ကျပါပြီ)။

ဒါကြောင့်ကြည့်ပေါ့၊ ဒီနေရာပေါ်ပြီး ဒီနေရာ ပျောက်တာဟာ အင်မတန် ထင်ရှားတယ်၊ သဘောကျပလား.... (မှန်လှပါ) သုခဝေဒနာလဲ သူမွေးတဲ့နေရာမှာ သူသေမှာပဲ၊ ဒုက္ခဝေဒနာကော–(သူမွေးတဲ့နေရာ သူသေမှာပါ)၊ ဥပေက္ခာဝေဒနာကော·(သူမွေးတဲ့နေရာ သူသေမှာပါပဲ)။

အဲ....သူမွေးတဲ့နေရာ သူသေတော့ သူက တစ်နေ့ ဘယ်နှစ်ခါမွေးလို့ ဘယ်နှစ်ခါ သေတယ်ဆိုတာတော့ ဘုန်းကြီးတို့က မပြောနိုင်ပါဘူး အများကြီး၊ ခင်ဗျားတို့က မွေးတာလဲမသိ၊ သေတာလဲ မသိဘဲနဲ့ အဝိဇ္ဇာနဲ့ချည်း နေတယ်.... (မှန်ပါ)၊ ဒါကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာလမ်းချည်း သွားနေတယ်-(မှန်ပါ)။

မွေးတာလဲ မသိ, သေတာလဲမသိဆိုတော့ မသိတာ ဘာပါလိမ့် .... (အဝိဇ္ဇာပါဘုရား)၊ ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါဘုရား)၊ သင်္ခါရ ပစ္စယာ.... (ဝိညာဏ်ပါ)။

ဝိညာဏ်ဆိုတော့ ဒီဝိညာဏ်က သာမည ဝိညာဏ်လား–အပါယ်ဝိညာဏ် ဖြစ်နိုင်သလား–(အပါယ်ဝိညာဏ် ဖြစ်နိုင်ပါတယ်ဘုရား)၊ အဲ....ခင်ဗျားတို့ ဒီလမ်းချည်း လျှောက်နေတယ်၊ ရှင်းပလား-(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒီလမ်းကို မလျှောက်ကြပါနဲ့လို့ ပြောလိုက်တယ်၊ အောက်လမ်းဖြစ်နေလို့- (မှန်ပါ)၊ ဦးဘကြည် မဟောထိုက်ဘူးလား- (ဟောထိုက်ပါတယ်)။

ကဲ....ဒါဖြင့် ဒကာ ဒကာမတို့ ပြင်လိုက်လို့ ရှိယင် မပြီးဘူးလား-(ပြီးပါတယ်)၊ ခင်ဗျားတို့ဟာ ဘာမှ ကြောက်စရာမရှိဘူး၊ ဒီဘဝမှာပင် ကိစ္စ ပြီးချင် ပြီးနိုင်တာပဲ- (မှန်ပါ)၊ ဘာ့ကြောင့်တုံးဆိုတော့ အင်္ဂုလိမာလလောက် လူပေါင်း တစ်ထောင်ကျော် ခင်ဗျားတို့ သတ်ဖူးရဲ့လားမေးယင် ဘယ့်နှယ်ပြောမလဲ-(မသတ်ဖူးပါဘူး)။

ဒီလောက် အပြစ်ကြီးခဲ့တဲ့ လူတစ်ယောက်မှ ပါမယ်မဟုတ်ပါဘူး)၊ အဲဒီ အင်္ဂုလိမာလဟာ ရဟန္တာဖြစ်တယ်၊ ဉာဏ်စာည့်သွားလို့-(မှန်လှပါ)၊ ဒီက ဖြစ်ပျက်နဲ့ ဒီက မဂ်နဲ့ဟာ လိုက်သွားတယ်-(မှန်ပါ)၊ သဘောကျပလား-(မှန်ပါ)။

ရှေ့က ဘာတုံး.... (ဖြစ်ပျက်ပါ)၊ နောက်က ဘာ့တုံး.... (မဂ်ပါ)၊ အဲ....ရှေ့ကဖြစ်ပျက်နဲ့ နောက်ကမဂ် ကိုက်အောင်သာလုပ်ပါ။ ရှေ့က ဖြစ်မျက်ပြီးတာနဲ့ ဦးဘထွေး ဩဘ်-ဒီဥစ္စာဏလေးဟာ မဂ်ဆိုတာ တခြားမှမဟုတ်ဘဲ မနေ့က ပြောခဲ့တဲ့ ငါးပါးကိုဆိုတာမဲ-(မှန်ပါ)၊ရှေ့က ဖြစ်ပျက် နောက်ကမဂ် ဆိုတော့ ငါးပါးမနေဘူးလားဗျာ- (နေပါတယ်ဘုရား)။

ကဲ-ဒီဥစ္စာ ဝေဒနာလား၊ဖြစ်ပျက်လား မေးပြီ-(ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ဖြင့် နေစက်သိတာဏ- (မဂ်ပါဘုရား)။

http://www.dhammadownload.com



ဒီလိုမရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဝေဒနာပစ္စယာ တဏှာက ဘာပေါလိမ့်– တဏှာဥပါဒါန်–ကံ ဇာတိ ဇရာ မရဏ၊ မလာပေဘူးလား-(လာပါတယ်)။

အခုပြောတာက လည်တဲ့လမ်း၊ ခုနင်ကပြောတာက ဖြတ်တဲ့လမ်း-(မှန်ပါ)။

ဒါဖြင့် လည်လမ်းနဲ့ ဖြတ်လမ်း၊ ဒကာ ဒကာမတို့ အင်မတန် မရှင်းသေးဘူးလား-(ရှင်းပါပြီ)။

ကျုပ်တို့တော့ ခပ်အေးအေး နေတာပဲလို့ ခင်ဗျားတို့က ညည်းလုံး မထုတ်နဲ့ - (မှန်ပါ)၊ ခပ်အေးအေး နေတာ လည်လမ်းချည်း သွားနေတာ-(မှန်ပါ)၊ ရိပ်မိပလား- (ရိပ်မိပါပြီ)၊

ကျုပ် ဘာမှ မဟုတ်တာလဲ မပြောဘူး၊ ကောင်းသော ရောင်းခြင်း, ကောင်းသောဝယ်ခြမ်းခြင်းနဲ့ ခပ်မှန်မှန်ပဲ လုပ်စားနေတာပဲ၊ ထမင်းစားချိန်ကျတော့ လူ့ချိန်ကုလူ့တာပဲ၊ တန်းချိန်ကျ တန်းတာပဲ၊ အိပ်ချိန်ကျ အိပ်တာပဲ၊ အကုသိုလ်တော့ နည်းပါးတယ်လို့ အောက်မေ့မနေနဲ့၊ ဘာဘောကျပလား– (ကျပါပြီ)။

ဒါတွေ ဖြစ်ပျက်မသိတော့ ဘာခေါ်ကြမလဲ– (အဝိဇ္ဇာပါ)၊ အဝိဇ္ဇာလာတော့ သင်္ခါရက ကျုပ်လိုက်ခဲ့ဦးမယ်ပေါ့– (မှန်ပါ)၊ မလိုက်ပေဘူးလား-(လိုက်ပါတယ်)။

သင်္ခါရ လိုက်လာတဲ့ အခါကျတော့ ဝိညာဏ်ကသဲ ကျုပ်ပဋိသန္ဓေ နေဦးမယ်ဆိုတာ ပြောမှာပဲ၊ ဝိညာဏ်လာလို့ရှိယင် အို,နာ,သေနဲ့ ကျုပ်ဇာတ်သိမ်းမယ် ဆိုတာကော မပါသေး

http://www.dhammadownload.com



ဘူးလား–(ပါပါတယ်)၊ အဲဒါ အေးအေးနေယင် ဒါဖြစ်နိုင်တယ်၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

ဒကာ ဒကာမတွေမှာ ပြောလေ့ ဆိုလေ့ ရှိကြတယ် ဦးခင်မောင်ရဲ့–နော်–(မှန်ပါ)၊ တို့တော့ ရိုးရိုးပဲကွ-တဲ့၊ ဘာရိုးတာတုံးမေးတော့ ဘယ်နှယ်ဖြေကြမလဲ၊ ဒီလမ်းကို ရိုးရိုးလိုက်နေတာ-(မှန်ပါ)၊ အဝိဇ္ဇာမစွယာ သင်္ခါရာ-လမ်းကို ဆိုနေတာ သေသေ ချာချာ စဉ်းစားတော့ ပြောပါတယ်-(မှန်ပါ)။

ဘာဖြစ်လို့တုံး၊ သူတင်းတိမ်တာက ဒါနနဲ့ တင်းတိမ်တယ်၊ သီလနဲ့တင်းတိမ်တယ်ဆိုတော့ ဒကာ ဒကာမတွေ သီလဆိုတာက ဘာနဲ့တူသတုံးဆိုတော့ အပြင်ဘက်က ခြံရံထားတာနဲ့ တူတယ်၊ အပြင်ဘက်သာ ကာတဲ့၊ အတွင်းက မနောဒွါရကို သူလုံအောင် လုပ်နိုင်ရဲ့လား-(မလုပ်နိုင်ပါဘူး)။

ဒါကြောင့် သီလဆောက်တည်တဲ့အခါမှာ ကာယကံရယ် ဝစီကံရယ် ဆောက်တည်တယ်၊ မနောကံ ပါရဲ့လား- (မပါပါဘူး)၊ မနောကံကို ကာယကံ ဝစီကံနဲ့ စောင့်ရှောက်နေတယ်၊ သဘောကျပလား-(ကျပါပြီ)။

ကိုင်း....ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာဟူသရွေ့ ဘယ်မှာ လမ်းဆုံးသတုံး- (ဖြစ်ပျက်လမ်းဆုံးပါတယ်)၊ ကောင်းပြီ ဖြစ်ပျက်လမ်းဆုံးတော့ ရှေ့က ဖြစ်ပျက်ပေါ်တိုင်း နောက်က ဘာလိုက်ပေးရမလဲ - (ဉာဏ်လိုက်ပေးရပါမယ်)၊ ဘယ်နှစ်ပါးလိုက်ရမလဲ-(မဂ္ဂင်ငါးပါးနဲ့ လိုက်ရပါမယ်)။

ဒါဖြင့် ရှေ့က ဖြစ်ပျက် ဆိုတာသည် ဒကာ ဒကာမတွေ ရှေ့က ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်၊ နောက်က ဖြစ်ပျက်ကို သိတာက ဘာပါလိမ့်-(မဂ်ပါဘုရား)၊ ဘယ်နှစ်ပါးနဲ့ သိသလဲ-(ငါးပါးနဲ့ သိပါတယ်)။

ငါးပါးနဲ့ သိတယ်ဆိုတော့ မနေ့က ပြောခဲ့သလို စောင့်တဲ့ သုံးပါး၊ ဖမ်းတဲ့နှစ်ပါး အားလုံး ဘယ်နှစ်ပါးပါလိမ့် - (ငါးပါးပါဘုရား)။

စောင့်တာက ဘယ်နှစ်ပါးပါလိမ့်-(သုံးပါးပါ)၊ ဖမ်းတာက- (နှစ်ပါးပါ)၊ ဘယ်နှစ်ပါး ရှိသွားပလဲ-(ငါးပါးပါ)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ဆိုတာ ငြိမ်းဖို့လိုသေးသလား-(မလိုပါဘူး)၊ ပဋိစ္စသမုပ္ပါဒ် ပြတ်-မပြတ်-(ပြတ်ပါတယ်)၊ ဒီနေရာမှာ မဂ်မလာယင် ဘယ်သူလာမတုံး-(တဏှာလာပါမယ်)၊ မဂ်လာလို့ ဘာဖြစ်သွားသတုံး - (ပြတ်သွားပါတယ်)။

ဒါဖြင့် ဒီလိုရှုတဲ့ပုဂ္ဂိုလ်သည် မဂ်တော့ ဖြစ်ပါရဲ့၊ အရိယာ မဖြစ်သေးဘူး-(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

ဘာဖြစ်သွားသတုံး .... (မဂ်တော့ ဖြစ်ပါတယ် ဘုရား)၊ မဂ္ဂသစ္စာဖြစ်တယ်၊ သစ္စာတော့ ထည့်ပေးလိုက်ဦး- (မှန်ပါ)၊ မဂ္ဂအရိယသစ္စာ - (မဖြစ်ပါဘူး)၊ ဒါဖြင့် အရိယာ ဖြစ်ဖို့ တက်ဦးမှပေါ့၊ မတက်လို့ရှိယင် ဒကာ ဒကာမတွေ တော်ပါ့မလား-(မတော်ပါဘူး)၊ မတော်တော့ ဒါကို တက်ဖြစ်အောင် တက်ပါလို့ ဦးမောင်လေးတို့ တိုက်တွန်းရတယ်- (မှန်ပါ)။

http://www.dhammadownload.com



မတိုက်တွန်းသင့်ဘူးလား-(တိုက်တွန်းသင့်ပါတယ်)၊ ဘယ်နှယ်ကြောင့် တိုက်တွန်းသင့်သတုံး၊သူက ဒုတိယဘဝမှာ မဂ်စေ်လာနိုင်တယ် မဟုတ်ဘူးလား– (မှန်ပါ)။

အခုခါနီးမှာ အာသန္နကံ နှောင့်ယှက်သွားယင် ကိုထွန်းရှက အာစိန္နကံ့-က ညွှံ့လို အာသန္နကံ့ နှောင့်ယှက်သွားယင် ဘယ့်နှယ်ဆိုကြမလဲ၊ တိမ်းချင်တိမ်းသွားမယ်-(မှန်ပါ)၊ မတိမ်းနိုင်ဘူးလား-(တိမ်းနိုင်ပါတယ်)၊တိမ်းနိုင်တော့ ဒကာ ဒကာမတွေက စဉ်းစားရမယ်၊ ဩော်.... သေချာတာ ကောင်းတယ်-(မှန်ပါ)။

ဘယ်လို ကောင်းပါလိမ့်- (သေချာတာ ကောင်းပါတယ်ဘုရား)၊ သေချာတာ ကောင်းတယ်ဆိုတော့ ဘာဖြစ်မှ သေချာမတုံး-(မဂ်စေ်ဖြစ်မှ သေချာပါမယ်)၊ ရှစ်ပါးဖြစ်မှ သေချာမယ်-(မှန်ပါ)၊ ငါးပါးနဲ့တော့ ဘယ့်နှယ်နေသတုံး– (မသေချာပါဘူး)။

ဒါဖြင့် ဒီ ဖြစ်ပျက်ကို ဒကာ ဒကာမတွေ ဖြစ်ပျက်မြင်ရုံနဲ့ မပြီးသေးဘူး၊ ဘာဖြစ်လို့တုံး ငါးပါးဖြစ်နေတယ်- (မှန်ပါ)၊ ဒီဖြစ်ပျက်ကို ဒကာ ဒကာမတို့ မုန်းအောင် ရှုပါဦး၊ ရှင်းပလား-(ရှင်းပါပြီ)၊

ဖြစ်ပျက်ကို ဘာလုပ်ရမတုံး– (မုန်းအောင် ရှုရပါမယ်)၊ မုန်းအောင်ရှုတော့လဲ ငါးပါးပဲရှိသေးတယ်၊ ဖြစ်ပျက်မြင်တုန်းကကော-(ငါးပါးပါပဲ)။

http://www.dhammadownload.com



ဖြစ်ပျက်မြင်တာကော- (ငါးပါးပါပဲ)၊ ဖြစ်ပျက်မုန်းတာကော-(ငါးပါးပါပဲ)။

ကောင်းပြီ၊ ဒီနေ့တော့ ခပ်တိုတိုပဲ ဟောရမယ်၊ နက်ဖြန်အကျယ်ဟောမယ်နော်-(မှန်ပါ)။

ဖြစ်ပျက်ကဲ့ ဒကာ ဒကာမတွေ ဖြစ်တာလဲ ဒုက္ခပဲ၊ ပျက်တာကော-(ဒုက္ခပါပဲ)။

မွေးကတည်းက ဒကာ ဒကာမတွေ သူ့ငယ်နာ ကုတ်ကျိုးကလေး မွေးလာတယ်၊ အနာမျိုးစုံနဲ့ မွေးလာတယ်၊ဒီကောင်ကလေး သက်ဇိုးရှည်ပါ့မလား မေးယင် ဘယ်နှယ် ပြောကြမလဲ-(မရှည်ပါဘူး)၊ ဘာဖြစ်လို့တုံး.... မွေးကတည်းက သေဖို့ရာ ပါလာတယ်-(မှန်ပါ)။

ဒါဖြင့် မွေးတာ ဝမ်းသာမလား၊ မသာဘူးလား-(မသာပါဘူး)၊မွေးကတည်းက သေနာလေးနဲ့ မွေးလာတဲ့ကလေး ဖြစ်လေ့သောကြောင့် ဒကာ ဒကာမတွေက သေလိမ့်မယ်လို့ပဲ ဆုံးဖြတ်ချက်ချမယ်-(မှန်ပါ)။

ဒါဖြင့် ဖြစ်တာသည် ပျက်ဖို့ဖြစ်တာ-(မှန်ပါ)၊ ဖြစ်တာလဲ ဒုက္ခ, ပျက်တာကော-(ဒုက္ခပါပဲ)။

အဲဒီ ဒုက္ခ နှစ်ခုကို ခင်ဗျားတို့ ပိုင်းခြားရမယ်၊ အဖြစ်လဲ မကြိုက်တော့ဘူး၊ အပျက်တော — (မကြိုက်တော့ ပါဘူး)၊ မကြိုက်တော့ ဒကာ ဒကာမတွေ နဂိုတုန်းကတော့ ငါးပါးကတော့ ငါးပါးအောက်က အနုသယကလေးက အောက်ခံဖြစ်နေတယ်၊ ငါးပါးအောက်မှာ အနုသယခံနေတယ်- (မှန်ပါ)။ ရှင်းပလား-(ရှင်းပါပြီ)။

http://www.dhammadownload.com



ငါးပါးအောက်မှာ ဘာကလေးခံနေသတုံး - (အနုသယကလေး ခံနေပါတယ်)၊ ငါးပါးအောက်မှာ အနုသယကလေး ရှိမနေဘူးလား- (ရှိနေပါတယ်)၊ ကောင်းပြီ.... ငါးပါးတော့ ငါးပါးပဲ— အနုသယကလေး ရှိနေတယ်၊ ဒီဖြစ်တာလဲ ဒုက္ခပဲ၊ ပျက်တာလဲ-(ဒုက္ခပါပဲ)။

ဖြစ်တာ ဘယ်နှယ်ကြောင့် ဒုက္ခတုံး-(ပျက်ဖို့ရာ သေချာလို့ပါ)၊ ဆဘောကျပလား-(ကျပါပြီ)။ ပျက်တာလဲ ပျက်ခြင်းဆုံးသွားလို့ ဒုက္ခပဲ - (မှန်ပါ)၊ ဒါဖြင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခ- (မှန်ပါ)၊ ဘယ်ဟာကြိုက်သတုံး- (ဘယ်ဟာမှမကြိုက်ပါဘူး)။

သုံးဆယ့်တစ်ဘုံမှာတော့ ဧကာ ဒက်ာမတို့ ခန္ဓာကိုယ်မှာ ဖြစ်ဒုက္ခ, ပျက်ဒုက္ခမှတစ်ပါး ဘာများ ရှိသေးသတုံး- (ဘာမှ မရှိပါဘူး)၊ ဒါဖြင့် သုံးဆယ့်တစ်ဘုံမှာ ဒုက္ခချည်းပဲလို့ ခင်ဗျားတို့ ဆုံးဖြတ်ချက် မချနိုင်ဘူးလား- (ချနိုင်ပါတယ်)၊ တစ်ကိုယ်လုံးမှာကော- (ဒုက္ခချည်းပါပဲ)၊ တစ်ကိုယ်လုံးမှာလဲ ဖြစ်တာနဲ့ ပျက်တာပဲ ရှိတယ်-(မှန်ပါ)၊ အဲဒီတော့ ဘာတွေပါလိမ့်— ဒီဟာတွေက-(ဒုက္ခတွေပါ)။

ဩော်....ဒါဖြင့် ဒုက္ခအစုကြီးနဲ့ တိုးနေတာပါလားလို့ မဆိုနိုင်ဘူးလား- (ဆိုနိုင်ပါတယ်)၊ ဤဒုက္ခဖြင့် မလိုချင်တော့ပါဘူးဆိုတာ လာပါမလား— (လာပါတယ်ဘုရား)။ အဲ....ရှုရင်း မတ္တနဲ့ မလိုချင်တော့ဘူး- (မှန်ပါ)။ မလိုချင်လို့ရှိယင် သုံးပါးတိုးတယ်-(မှန်ပါ)၊ သုံးပါးတိုးပြီးခုနင်က အောက်ခံကလေးက ပြုတ်ထွက်သွားတယ်၊ ခြေကုတ်ပြုတ်ထွက်သွားတယ်—(မှန်ပါ)၊ သဘောကျပလား-(ကျပါပြီ)။

အနုသယကလေး ပြုတ်ထွက်သွားတယ်၊ အနုသယကလေး ပြုတ်ထွက်သွားတော့ သုံးပါးလဲ တိုးလိုက်ပါရော အနုသယလဲ ပြုတ်ထွက်သွားတယ် - (မှန်ပါ)၊ အနုသယ ပြုတ်လာတယ်ဆို တော့ ဇာတ ဘယ်နှစ်ပါးပြည့်သွားသတုံး-(ရှစ်ပါးပြည့်သွားပါ တယ်)၊ ဒါဖြင့်သူ့ကို ဘာသစ္စာဖွဲ့မလဲ - (မဂ္ဂအရိယသစ္စာပ့ါ)၊ ငါးပါးတုန်းကတော့- (မဂ္ဂသစ္စာပါ)၊ ဒါကလေးကျန်နေသို့၊ ရိပ်မိပလား-(ရိပ်မိပါပြီ)။

သုံးပါး တိုးလိုက်တာ ဒါကလေး ပြုတ်ထွက် သွားတယ်၊ ပြုတ်ထွက်သွားတော့ ဇကာ ဒကာမတို့ ဒါကို ဘာသစ္စာခေါ် ကြမလဲ-(မဂ္ဂအရိယသစ္စာပါ)။

မဂ္ဂအရိယသစ္စာ ဖြစ်ခြင်းကြောင့် ခင်ဗျားတို့ အပါယ် လေးပါး တံခါးပိတ်တယ်၊ ခင်ဗျားတို့ ပြုထားတဲ့ အပါယ် ရောက်ကြောင်း အကုသိုလ်ကံတွေ အကုန်သွားကုန်ပြီ။ အကုန် အဟောသိကံ ဖြစ်တယ်၊ ဘာမှ မပူနဲ့တော့.... ဇာတိ ဖြစ်ဒုက္ခ.... ပျက်ဒုက္ခကို ပိုင်းခြားနိုင်လို့ရှိယင် ပြီးတာပဲ-(မှန်ပါ)၊ ရှင်းပ လား-(ရှင်းပါပြီ)၊

ကဲ.... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု ...သာဓု....သာဓု။

# ဤတွင် အမှတ်စဉ်(၃၆)ပြီးပြီ

http://www.dhammadownload.com

# မှတ်ချက်